နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# ဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ်



# လယ်တီဝိပဿနာအမှတ်(၈)

သာသနာ-၂၅၅၁ ကောဇာ-၁၃၆၉ ခရစ်-၂၀၀၇

# ပုံနှိပ်မှတ်တမ်း

❀❀❀❀❀❀

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၃၂၀၂၅၉၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၃၂၀၅၁၂၀၈၀၇ |
| ထုတ်ဝေသည့်အကြိမ် | - ပထမအကြိမ် |
| ထုတ်ဝေသည့်ရက်စွဲ | - ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ဓမ္မဒါန |
| စီစဉ်သူ | - ဒေါ်ရွှေဝါစိုး<br>**မိခင်ဧရာဝတီစာအုပ်တိုက်** |
| ထုတ်ဝေသူ | - ဒေါ်ချယ်ရီသိန်း (မြဲ-၀၃၉၈၁) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ရွှေခြင်္သေ့ပုံနှိပ်တိုက် (မြဲ-၀၅၄၁၇) |
| မျက်နှာဖုံးဒီဇိုင်း | - **EAGLE** |
| အတွင်းဖလင် | - ကိုဦး |
| စာအုပ်ချုပ် | - ကိုမောင်မောင်အုန်းအဖွဲ့ |

❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀❀



Printed for free distribution by
**The Corporate Body of the Buddha Educational Foundation**
11F., 55 Hang Chow South Road Sec 1, Taipei, Taiwan, R.O.C.
Tel: 886-2-23951198 , Fax: 886-2-23913415
Email: overseas@budaedu.org
Website:http://www.budaedu.org



**This book is strictly for free distribution, it is not for sale.**

ဓမ္မစာအုပ်များကိုအခမဲ့ ပေးလှူသည်ဖြစ်၍ရောင်း ဝယ်ခြင်းမပြုရ။

# ကျမ်းဦးမှတ်ဖွယ် အမှာစကား

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် သက်တော်(၅၀)၊ သိက္ခာတော် (၃၀)ခန့်အရတွင် ပရိယတ္တိသာသနာ စခန်းမှ ပဋိပတ္တိသာသနာစခန်းသို့ ကြွလှမ်းတော်မူခဲ့သည်။ ပဋိပတ္တိ ကျင့်စဉ် ပါဠိတော်အရပ်ရပ်ကို သုံးသပ်၍ အာနာပါနကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာသို့ တက်သောလမ်းကို တွေ့ရှိရွေးချယ်တော်မူပြီး နောက် ထိုပါဠိတော်ကျင့်စဉ်ကြီးကို လက်တွေ့အမြဲ ကျင့်သုံးတော်မူခဲ့ သည်။

ထို့ကြောင့် လယ်တီဆရာတော် ကျင့်သုံးသော ဝိပဿနာကျင့်စဉ် ဖြစ်၍ လယ်တီဝိပဿနာဟူ၍ အမည်သတ်မှတ် ခေါ်ဆိုကြပါသည်။

လယ်တီဆရာတော် အသစ်တီထွင်သော ဝိပဿနာဟူ၍ကား အဓိပ္ပါယ်မယူဆသင့်ပါ။ သတိပဋ္ဌာန်ပါဠိတော်ကြီးမှလည်းကောင်း၊ အလားတူ ပါဠိတော်ကြီးများမှလည်းကောင်း၊ ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာကြီးများမှလည်းကောင်း နည်းယူထားအပ်သော ခိုင်မာ မှန်ကန် သော ဝိပဿနာကျင့်စဉ်များသာ ဖြစ်ပါသည်။

ဤသာသနာ၌ ဘုရားမှအပ မည်သည့်ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရကြောင်း ကမ္မဋ္ဌာန်းတရား အသစ်တစ်ပါးတစ်ခုမျှ မဖော်ထုတ်နိုင်ပါ။ ပါဠိတော် အဋ္ဌကထာလာ ကမ္မဋ္ဌာန်းလေးဆယ်မှ အလွတ်သီးသန့် ကမ္မဋ္ဌာန်းကို မဖော်ထုတ်နိုင်ပါ။ ကမ္မဋ္ဌာန်းလေးဆယ့်တစ်ဟု အသစ်တစ်ခု ရှာဖွေနိုင် ပါက ပါဠိ အဋ္ဌကထာထက် လက်တစ်လုံးကျော် ကမ္မဋ္ဌာန်းသာ ဖြစ်ပါ လိမ့်မည်။ ကမ္မဋ္ဌာန်းအမှန်လည်း မဟုတ်နိုင်ပါ။ လယ်တီဝိပဿနာ ကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်။

ထိုစကားကို လေးနက်အောင်ထပ်၍ ဆိုပါဦးမည်။ "လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်"။

ဉာဏ်ထက်မြက်စူးရှသော ပုဂ္ဂိုလ်တို့အား ဉာဏ်ခန်းဆိုင်ရာကိစ္စသို့ရောက်သောအခါ နည်းပေါင်းအရာအထောင်ကို ဖြန့်ကျက်ဝေဖန်၍ ဉာဏ်ကွန့်မြူးလှုပ်ရှား ဉာဏ်ကစားမှုတို့သည် အသင်္ချေအနန္တ ဖြစ်သွားစမြဲတည်း။

အရှင်သာရိပုတ္တရာသည် -

ယေဓမ္မာဟေတုပ္ပဘဝါ၊

တေသံ ဟေတုံ တထာဂတော အာဟ။

ဟူသော စကားနှစ်ခွန်း (၂)ပါဒကို ကြားရုံမျှဖြင့် လောကကြီးကို ဗြဟ္မာဖန်ဆင်းသည်၊ သို့မဟုတ် အကြောင်းမဲ့အလိုလို ဖြစ်သည်ဟူသော အယူအဆတို့ကို ပယ်ဖျောက်၍ ဝိပဿနာအစီအရင်ကိုပါ ရှင်းလင်းသိမှတ် အကျင့်မြတ်ဖြင့် သောတာပတ္တိမဂ်ဖြင့် ဆိုက်ရောက်ခဲ့သည် မဟုတ်ပါလော။

ထို့ပြင် ပါဠိတော်ပုဒ်ဝါကျ တစ်ခုတစ်ခုကိုရှု၍ ဉာဏ်ကွန့်မြူးသောအခါ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီးများ ဖြစ်ပေါ်လာရပြန်သည် မဟုတ်ပါလား။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ နောက်တော်ပါးမှ ဉာဏ်ကွန့်မြူးလေ့ရှိသော ပုဂ္ဂိုလ်ထူးပေတည်း။ ပါဠိတော်ပုဒ်တို့ကို မူတည်၍ အာနာပါနဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ စသော ဒီပနီကျမ်းပေါင်းတစ်ရာကျော် ဖြစ်ပေါ်စေခြင်းကား ဆရာတော်၏ ဉာဏ်ကွန့်မြူးချက်တို့ပေတည်း။

ထို့ကြောင့် အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနကျင့်စဉ်ကို ဆရာတော်ဘုရားကြီးသည် အစ-အလယ်-အဆုံး သုံးသပ်ဆင်ခြင်၍ ဉာဏ်ကျက်စားကွန့်မြူးပြီးမှ အမြဲလက်သုံးကျင့်စဉ်အဖြစ် သတ်မှတ်ကျင့်သုံးတော်မူပါသည်။

ဤ၌ ပဋိပတ္တိတရားတော်ကို စက်ရထားကြီးဥပမာဖြင့် ပြဆိုရာ၏။ ဤပဋိပတ္တိစက်ရထားကြီးကို မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်ပို့နိုင်သော အရှိန်ကြီးမား အားကောင်းလှစွာ၏ဟု တထစ်ချ ယုံကြည်ချက်ကျခြင်းကား သဒ္ဓါ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးကို စက်ရှိန်ဖွင့်နှိုးလိုက်ခြင်းကား သတိပဋ္ဌာန် သတိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးနှိုးသောအချိန်ကစ၍ စက်ရှိန်စက်အားဝင့်ကြွားစွာ ခုတ်မောင်းခြင်းသည် သမ္မပ္ပဓာန်-ဝီရိယ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားစနက်ပေတည်း။

ထိုစက်ရှိန်အားဖြင့် ခုတ်မောင်းပြေးသွားခြင်း ဒီဂရီမီတာ အရှိန်မကျခိုင်မြဲစွာ တည်ရှိခြင်းကား သမာဓိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်စနက်ပေတည်း။

ထိုသို့ အစဉ်ပြေးသွားသော စက်ရှိန်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လိုရာစခန်းသို့ ဆိုက်ရောက်အောင် ဦးတည်ပေးခြင်း ဆိုက်ရောက်စေခြင်းကား ပညာ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်အချာ ပဓာနစနက်ပေတည်း။

ထိုဥပမာအတိုင်းပင် လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါန အခြေခံဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ကျွမ်းကျင်လှစွာ မောင်းနှင်နိုင်စွမ်း ရှိတော်မူခဲ့လေသတည်း။

ထို့ကြောင့် တိပိဋကဝိဒူ ဘာသန္တရဝိဒူ အရှင်အာဒိစ္စဝံသ အရှင်မြတ်က- "ဤမြန်မာပြည် သာသနာ့သမိုင်း၌ ပိဋကတ်ထဲမှ

နိဗ္ဗာန်သွားသောနည်းကို လယ်တီဆရာတော်သာ ထူးခြားစွာ တွေ့မြင်တော်မူပြီး လက်တွေ့ကျင့်သုံးတော်မူပါပေ၏”ဟူ၍ အာသဘိဝါစာ ထောမနာကို ဆိုတော်မူခဲ့သောဟူ၏။

ထိုသို့ အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ခုတ်မောင်းသောနည်းကို အနာဂါမ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော ဆရာသက်ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရရှိလေ၏။ ထိုမှ တစ်ဆင့် တပည့်စဉ်ဆက် ရရှိကျင့်သုံးလာခဲ့ရာ ဆရာကြီးဦးဘခင်၊ ဆရာကြီး ဦးဂိုအင်ဂါ၏လက်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

ယခုအခါ၌ ဆရာကြီးဦးဂိုအင်ဂါသည် လယ်တီကမ္ဘာ့ဝိပဿနာ နည်းပြဆရာကြီးဖြစ်လျှက် ထိုဆရာကြီးကို အမှီပြု၍ ကမ္ဘာသူ ကမ္ဘာသား များသည် လယ်တီဝိပဿနာကျင့်စဉ်တရားကို ကျင့်သုံးခွင့်ရရှိလာရပေ သတည်း။

ယခုအခါ၌ မုံရွာမြို့ ပဌမလယ်တီဆရာတော်ဘုရားကြီး၊ ဒုတိယ လယ်တီဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော် ဘဒ္ဒန္တဝါယမာဘိသိရီ၊ မုံရွာမြို့ သပြေပင်တောရ ဆရာတော် ဘဒ္ဒန္တကေဝလာဘိဝံသ အရှင်မြတ်ကြီးများ၏ နည်းနာနိဿယကို မှီးငြမ်းပြု၍ လယ်တီဝိပဿနာ ပဋိပတ္တိလမ်းစဉ်ကို ရန်ကုန်မြို့ ကလေးဝ တောရစာသင်တိုက်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၃၃၇/က)၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ရဟန်းသာမဏေ သီလရှင် ပရဟိတ သာသနာပြုဆရာတော်ဖြစ်ပေသော ဒွိပိဋကဓရ မူလအာဘိဓမ္မိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသည် ကောင်းစွာသိရှိ ကျွမ်းကျင်ပါရဂူတတ်မြောက် ရောက်ရှိ ရရှိတော်မူလေသည်။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် ဒွိပိဋကဓရ အရည်အသွေး ကထာဝတ္ထုကျမ်းနှင့်တကွ အဘိဓမ္မာရှေ့ငါးကျမ်းကို အာဂုံပြန်ဆိုနိုင်ခြင်း၊ ဝီရိယ သမာဓိဉာဏ် စသည်၏အစွမ်းသတ္တိ အရည်အသွေးကို ထောက်ပါက လယ်တီဝိပဿနာနည်းကို သိသူအပေါင်းတို့တွင် "သူမတူ" တစ်မူထူးခြားသော ပုဂ္ဂိုလ်ဟု ခန့်မှန်းနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်(၇)ရက် တရားစခန်း (၁၀၀)ကြိမ်တိုင်အောင် ဖွင့်လှစ်၍ ဝိပဿနာယောဂီသူတော်စင်တို့ကို နေ့စဉ်တရားဒေသနာများကို ပါဠိအဋ္ဌကထာနည်းပေါင်းများစွာဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူရာ ထိုတရားဒေသနာစဉ်များကို ထောက်ဆ၍ "သူမတူ" တစ်မူထူးခြား ပြောင်မြောက်ကြောင်း သိမှတ်ရပါသည်။

ဝိပဿနာတရားစခန်း၌ ဟောကြားအပ်သောတရားသည် သာမညတရားမျိုး မဟုတ်ပါ။ ယောဂီသူတော်စင်အတွက် အထူးအရေးပါသော တရားဖြစ်သောကြောင့် ယောဂီသူတော်စင်တို့ အလုပ်စခန်း ဖြောင့်တန်းအောင် အထူးရွေးချယ်စိစစ်၍ ဟောကြားရသော ဝိသေသ တရားထူးဖြစ်ပေသည်။

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၁၃၇/က) လယ်တီကမ္မဋ္ဌာန်း ကျောင်းတိုက်၌ လယ်တီဝိပဿနာ (၇)ရက်တရားခန်းများ ကျင်းပရာတွင် ပဋ္ဌမအကြိမ်မှ (၁၅)ကြိမ်အထိ နေ့စဉ်တရားဟောကြားအပ်သော တရားများကို စုပေါင်း၍ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူ ဝိပဿနာတရားတော် ပထမစာအုပ် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

(၁၆)ကြိမ်မှ (၂၂)ကြိမ်အထိ လယ်တီမူဝိပဿနာ (၇)ရက်တရား စခန်း၌ နေ့စဉ်တရားတော်များကို စုပေါင်း၍ လယ်တီဝိပဿနာ ဒုတိယတွဲကျမ်းစာအုပ်ကို ထုတ်ဝေမွေဒါနပြုခဲ့ပြီး ဖြစ်ပါသည်။

(၂၃)ကြိမ်၊ (၂၄)ကြိမ်၊ (၂၅)ကြိမ် စသည်တို့မှာ ဟောကြားအပ်သော တရားတော်တို့ကို စုပေါင်းတတိယတွဲကို ထုတ်ဝေပြီးဖြစ်သည်။ တစ်ဖန် စတုတ္ထတွဲ၊ ပဉ္စမတွဲကို ဓမ္မဒါနထုတ်ဝေပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် လယ်တီဝိပဿနာ အမှတ်(၆)ကို ဓမ္မဒါန ထုတ်ဝေမည်ဖြစ်သည်။

ထိုနေ့စဉ်တရားတို့ကို သုံးသပ်ရသည်ရှိသော် ယောဂီသူတော်စင်အတွက် လိုအပ်သော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို မြှင့်တင်ပေးသည်ကို တွေ့ရှိရသည်။ ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ရင်း တရားအားထုတ်ရန် ဆန္ဒအားနည်းလာတတ်၏။ စိတ်ဓာတ်ကျလာတတ်၏။ ဝီရိယလျော့လာတတ်၏။ ဝိပဿနာပညာအရှိန်ပျက်လာတတ်၏။ ထိုအခါ၌ ဆန္ဒစိတ်ဓာတ်၊ ဝီရိယဓာတ် ပညာအရှိန်အားကောင်းအောင် တရားဟောကြားပေးရလေသည်။

ထိုအခါ ယောဂီ၏သန္တန်၌ ဆန္ဒစသော ဣဒ္ဓိပါဒ်တရားအားကောင်းလာ၍ ဝိပဿနာဉာဏ်အားလဲ မြင့်တက်လာလေသည်။ ထို့အတူ သတိပဋ္ဌာန် သတိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရား၊ သမ္မပ္ပဓာန် ဝီရိယ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရားစသော ဗောဓိပက္ခိယတရားများကိုလည်း အားကောင်းအောင် မြှင့်တင်ပေးရသည်။

ဗောဓိပက္ခိတရား အရှိန်အဟုန် ဟန်ချက်ညီခဲ့သည်ရှိသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော ပဉ္စင်္ဂိကမဂ္ဂင်ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် မြင့်တက်လာရလေသည်။

ဤအချက်ကို အထူးသတိပြု၍ တရားစခန်းတွင် တရားကို အထူးဂရုစိုက်၍ ဟောကြားဖို့လိုအပ်ကြောင်း ထင်ရှားလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် -

(၁) သံသရာဘေးရန်၊ ဘဝ၏အန္တရာယ် ကမ္ဘာကပ်ဆိုးကြီးများ၏ အမြစ်ရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသော

ကိလေသာဒုစရိုက် အကုသိုလ်နှင့်အပြစ်ကို ဖော်ပြ၍ ထိုတရားဆိုး အပြစ်ဆိုးမှ လွတ်လိုသောဆန္ဒ စသည်ဖြစ်ပွားအောင် နှိုးဆွပေးသည်ကို တွေ့ရှိရလေသည်။

(၂) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ကောင်းမြတ်သော အကျိုးတရားကို ဖော်ပြ၍ ထိုတရားကောင်း တရားမြတ် အကျိုးထူး အကျိုးမြတ်တို့ကို ရလိုသောဆန္ဒ စသည်ဖြစ်ပွားအောင် အားပေးချီးမြှောက်သည်ကို တွေ့ရှိရသည်။

(၃) တစ်ရံတစ်ခါ အကုသိုလ်နှင့် အကုသိုလ်အပြစ်၊ ကုသိုလ်နှင့် ကုသိုလ်၏အကျိုး၊ ကုသိုလ်နှင့်ကုသိုလ်အကျိုး ရရှိရန် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ စသော ဗောဓိပက္ခိယတရား အရှိန်အဟုန်ဖြင့် တက်အောင်လှုံ့ဆော်ပေးသည်ကို တွေ့ရသည်။

ပထမနည်းကား အကုသိုလ်အပြစ်ပြ အကြမ်းနည်းတည်း။ ဒုတိယနည်းကား ကုသိုလ်အကျိုးပြ အနုနည်းတည်း။ တတိယနည်းကား အကြမ်းအနု နှစ်မျိုးယှဉ်တွဲပြသော နည်းပေတည်း။

ဤဒေသနာနည်းသည် ဗုဒ္ဓမြတ်စွာ မြင်းတို့ကို ဆုံးမသင်ကြားသော မြင်းမှူးဆရာကြီးကေသိကို မိန့်ကြားသောနည်း ဖြစ်သည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် -

ဤဒေသနာသုံးမျိုးဖြင့် ယောဂီကို ဆန္ဒဓာတ်၊ စိတ်ဓာတ်၊ ဝီရိယဓာတ် စသော ဗောဓိပက္ခိယဓာတ်အားကို အားရှိသလောက် အရှိန်အဟုန်မြင့်တက်လာရန် ခမ်းနားဆန်းကြယ်သော တရားများစွာကို ဟောကြားထားသည်ကို အံ့သြစွာ တွေ့ရှိရပါသည်။

- စက္ခုငါးပါး
- အစွမ်း (၃)ပါး
- ဇနီးမောင်နှံ ရာသက်ပန်
- တူလေးတူ

- အရှယ်ကစကားပြောပြီ
- ကတိပေးစကား
- ဘဝငြိမ်းချမ်းရေး
- ဝိပဿနာစခန်း

စသည် စသည်ဖြင့် အလွန်လေးနက် နူးညံ့သိမ်မွေ့ ဆန်းကြယ်သော နည်းတို့ဖြင့် ခြယ်လှယ်၍ မွမ်းမံထားသော တရားခွန်းများကို တွေ့ရှိရသည်။

မဟာကာရုဏိကံနာထံ
ဉေယျသာဂရ ပါရဂုံ
ဝန္ဒေနိပုဏ ဂမ္ဘီရံ
ဝိစိတြနယ ဒေသနံ။

ဟူ၍ ဥဒါန်းအဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို -

(၁) နိပုဏနယ သိမ်မွေ့သောနည်း၊
(၂) ဂမ္ဘီရနယ နက်နဲသောနည်း၊
(၃) ဝိစိတြနယ ဆန်းကြယ်သောနည်း၊

နှင့် ပြည့်စုံကြောင်း ချီးကျူးတော်မူခဲ့သည် မဟုတ်ပါလော။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည်လည်း ထိုနည်းသုံးမျိုးကို ဦးထိပ်ရွက်ပန်ဆင် နည်းမှီးယူ၍ ဟောကြားထားကြောင်း ထင်ဟပ်ပေါ်လွင်နေပါသည်။

ထို့ပြင် လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏ တရားဒေသနာ၌ -

(၁) သတ္တ- အနက်အဓိပ္ပါယ်ကောင်းပါရှိခြင်း၊
(၂) သဗျဥ္ဇန- ချောမောပြေပြစ် ကျစ်လျစ်ကောင်းမွန်သော စကားဝါကျပါရှိခြင်း၊

(၃) ကေဝလပရိပုဏ္ဏ- ပယ်နှုတ်စရာမရှိအောင် ဘက်စုံပြည့်ဝခြင်း၊

(၄) ပရိသုဒ္ဓ ဗြဟ္မစရိယပ္ပကာသက- စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မြတ်သောပဋိပတ်ကျင့်စဉ်ကိုသာ ဦးတည်၍ ပြထားခြင်း၊

ဤတရားကောင်းလက္ခဏာ (၄)တန်နှင့် ပြည့်စုံအောင် အထူးဂရုပြု ဟောကြားထားသည်ကိုလည်း တွေ့ရှိရသည်။ ထို့ပြင် -

(၁) အာဒိကလျာဏ- ပထမပိုင်း နိဒါန်းစကားဖြင့် တရားဥဒ္ဒေသကို ပြသဖြင့် ကောင်းမြတ်လှပါသည်။

(၂) မဇ္ဈေကလျာဏ- အလယ်ပိုင်းတရားကား နိဒ္ဒေသကို ပြသဖြင့် တစ်ဆင့်တက် ကောင်းမြတ်လှပါသည်။

(၃) ပရိယောသာနကလျာဏ- နိဂုံးတရားဒေသနာအဆုံးတွင် ယောဂီတို့အား ဤလယ်တီဝိပဿနာကျင့်စဉ်တရားကို အားရှိအားကုန် ဦးလည်မသုန် တရားစခန်းရက်အတွင်း ဉာဏ်အလင်းဓာတ်ကြီး ပေါက်ရောက်၍ မျက်မှောက်ပြုနိုင်အောင် အားထုတ်ကြရန် တိုက်တွန်းချက်ကို ပြသဖြင့် ထပ်ဆင့်ကောင်းမြတ်လှပါသည်။

ဤသို့လည်း ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ကို တွေ့ရှိရပါသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် ဝါကျတ္ထဒီပနီကျမ်းပြု မုံရွာမြို့၊ သပြေပင်တောရဆရာတော်ဘုရားကြီး၏ သဒ္ဒိဝိဟာရိက တပည့်ဖြစ်၍ လည်း ကျဉ်းကျယ်၊ ကြောင်းကျိုး သာမညဝိသေသ၊ သာဓက စသော စကားဝါကျ အသွားအလာ၌ အလွန်နားလည်ထားသူဖြစ်၍ တရားဒေသနာ အစဉ်အဆက် ချောပြေစေ့စပ်အောင် ဟောစွမ်းနိုင်ပါသည်။ "ပုဒ်နေ၊ ပုဒ်ထား၊ ပုဒ်သွား၊ ပုဒ်လာ၊ ပုဒ်မှာ၊ ပုဒ် ထပ်၊ ပုဒ်ဟောစပ်" ဟူသော ပဒဝါကျ သမ္ဗန္ဓယောဇနာ နည်းစနစ် (၆)မျိုးကို

ကျမ်းရိုးကျန တတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း စကားလုံးများကို ပုလဲကုံး၊ ပတ္တမြားကုံးများကဲ့သို့ အနေအထား ခွဲခြားစေ့စပ် သပ်ရပ်မှန်ကန်စွာ ဝါကျသွယ်ကုံး၍ ဟောကြားနိုင်စွမ်း ရှိပါပေသည်။

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးများကို နိုင်နင်းသော ဂဏဝါစက စာချသူမြတ်ဖြစ်၍လည်း ဝိတဏ္ဍီဝါဒ သမာနဝါဒ ယုတ္တ-အယုတ္တ စကားအဆစ်အပိုင်း ဝေဖန်ချက်တို့ဖြင့် ရှင်းလင်းဖော်ပြကာ ဟောကြားနိုင်ပါပေသည်။

ဉာတ်ကောက်၊ အလင်္ကာကောက်၊ နေတ္တိကောက်၊ အဘိဓမ္မာကောက် စသော အရကောက် အဓိပ္ပါယ်ကောက်ကျမ်းတို့ကို သင်ကြားပြသပေးနေသော ပုဂ္ဂိုလ်ဖြစ်၍လည်း ယောဂီသူတော်စင်၏ စိတ်နှလုံးကို ယူကြုံးပိုင်ပိုင် ဆွဲဆောင်နိုင်သော လိုရင်းအကျဉ်းအကျယ် မှတ်သားဖွယ်ကောက်ချက်ကို ဖော်လှစ်ချပြ၍ ဟောနိုင်ပါပေသည်။

ပဒဘာဇနီ၊ ဝိဘင်း၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ ပါဠိတော်ကြီးများ၏ အသွားအလာ နည်းနာနိဿယကို ကောင်းစွာ အာဂုမ်ရမိ သိရှိထားသော ပုဂ္ဂိုလ်ဖြစ်၍လည်း နိဒါန်းချီထားသော စကားအကျဉ်းကို အကျယ်တဝင့် ဖော်ပြချဲ့ထွင် ဟောကြားနိုင်ပါသည်။

စာချ၊ စာသင်၊ စာပြင်၊ စာရှု၊ စာမှတ်၊ စာဆုံးဖြတ်ဟူသော ဂဏဝါစကစာချ အင်္ဂါ(၇)ဖြာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍လည်း ကျက်၊ ကြည့်၊ ပြန်အံ သာမန်အစွမ်းဖြင့်မဟုတ်ပဲ၊ ပါဠိ အဋ္ဌကထာ အာစရိယဝါဒနည်းပေါင်း ခြံရံ၍ ဒွိပိဋကစရ ခွန်အားအပြည့်ဖြင့် ဟောကြားထားသည်ကို တွေ့ရသည်။

(၁) ဗုဒ္ဓမြတ်စွာသည် လယ်သမားကြီး ဘာရဒွါဇအား လယ်သမားလယ်ထွန်တရားဖြင့် ချေချွတ်ဟောကြားသည်။

(၂) ဂွမ်းမင်းသား ဥဂ္ဂသေနအား တစ်ပတ်ဂွမ်းထိုးဂါထာဖြင့် အရဟတ္တဖိုလ်ပေါက် တရားဟောကြားတော်မူ၏။

(၃) ဆွမ်းသုံးကြိမ်ထပ်၍ ခံယူသဖြင့် ငြီးတွားသော ဥဒယပုဏ္ဏားအား ထပ်ကာထပ်ကာ ပြုကျင့်ရာ တရား(၁၆)ပါးကို ဟောကြားဆုံးမ တော်မူသည်။

(၄) မာနကြီးသော ဥရုဝေလကဿပရသေ့အား တန်ခိုးပေါင်း သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်မျိုးပြ၍ မာနချိုးပြီးမှ တရားကို ဟောကြားတော်မူသည်။ မီးပူဇော်သော ရသေ့များအား မီးလောင် ပြင်တရားကို ဟောကြား၍ အရဟတ္တဖိုလ်ပေါက်စေသည်။

(၅) အဆဲပေါင်းတစ်ရာဖြင့် ဆဲသော ဘာရဒွါဇဗုဏ္ဏားအား လက်ဆောင်ပေးဥပမာပြ၍ သင်ပုဏ္ဏားဆဲသမျှလက်ဆောင်ကို ငါဘုရားမယူလို၊ သင့်ဘာသာ သင့်အဆဲတွေကို ပြန်ယူသွားပေ ရော့ဟု ပြောဆိုပြီး တရားကို ဟောကြားသဖြင့် အဆဲသမားကြီး ရဟန္တာဖြစ်ပွားရပေသည်။

(၆) အချောအလှကြိုက် မယ်ခေမာ ဇနပဒကလျာဏီအား သူတို့ထက် အလှကို ဖန်ဆင်းပြ၍ အိုနာသေ အကောင်ပုပ်တိုင်အောင် နောက်ဆက်တွဲအပြစ်ကိုပါ ပြတော်မူကာ ရဟန္တာမအဖြစ်သို့ ရောက်အောင် ဟောကြားတော်မူသည်။

(၇) ဉာဏ်ထိုင်းလှသော စူဠပန်ရဟန်းငယ်ကို ပုဝါဖြူလေးကို ဖန်ဆင်း ပေးပြီး လက်ဖြင့်ချေစေ၍ ဖြူအညစ်အကြေးကို (ဆောင်တယ်၊ သုတ်တယ်)လို့ နှုလုံးသွင်းလေဟု ဟောကြားလိုက်သဖြင့် ပုဝါဖြူ လေး ပေညစ်သွားခြင်းကို သံဝေဂယူ၍ စူဠပန်ရဟန်းသည် -

- ရာဂဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- ဒေါသဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- မောဟဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- လေ၏အဟုန် မြေမှုန်ခုန် မြူမှုန်မဟုတ်ပြီ။
- ကိလေသာမြူကင်းအောင်မူ ကျင့်သူကင်းလိမ့်မည်။

ကိလေသာမြူကင်း တရားမင်း သားရင်းဖြစ်ပေမည်။

ဤတရားဒေသနာ၏အဆုံး၌ ရဟန္တာကြီး ဖြစ်သွားလေသည်။

(၉) အင်္ဂုလိမာလသည် ဗုဒ္ဓကိုလိုက်၍ သတ်၏။ ဗုဒ္ဓကိုမှီအောင် မလိုက်နိုင်သဖြင့် "ရဟန်းရပ်လော့"ဟု ဆို၏။ ဗုဒ္ဓသည် ရပ်လော့ ဟူသော စကားကိုအခြေခံ၍ "ဟဲ့- အင်္ဂုလိမာလ သင်သာမရပ်၊ ပြေးသွားနေပါတကား၊ ငါကား ရှေ့သို့ မပြေးသွားပြီ၊ ထာဝရ ရပ်တန့်နေပြီ"ဟု စကားအကျဉ်း မိန့်ကြား၍ ပုဂ္ဂိုလ်တစ်ဦး၏ သံသရာ၌ ပြေးသွားနေပုံ၊ ရပ်ပုံကို ဟောကြားသဖြင့် အင်္ဂုလိမာလ သည် ရဟန္တာကြီးဖြစ်ရလေသည်။

(၁၀) ဗုဒ္ဓမြတ်စွာသည် တရားပွဲတိုင်းပင် ဒါန၊ သီလ၊ ဘာဝနာကို ဟောကြားစမြဲ လက်စွဲတရားကို ဟောတော်မူ၏။

(က) ဒါနဆိုတာ ဘာတဲ့လဲ၊ စည်းစိမ်ချမ်းသာ ရှာတာပဲ။

( ခ) သီလဆိုတာ ဘာတဲ့လဲ၊ ဘဝကောင်းကို ရှာတာပဲ။

( ဂ) ဘာဝနာဆိုတာ ဘာတဲ့လဲ၊ ဝိပဿနာဆိုတာ ဘာတဲ့လဲ၊ နိဗ္ဗာန်ချမ်းသာ ရှာတာပဲ။

ဤတရားကြီးသုံးပါး ထာဝရဟောတော်မူ၍ ဒါနရှင်၊ သီလရှင်၊ ဝိပဿနာယောဂီ သူတော်စင်ဖြစ်အောင် ဟောကြားတော်မူ သည်။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တန်ဆာဆင် ပုံကို ခြုံငုံမှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲတို့၌ သိမ်မွေ့နက်နဲ ဆန်းကြယ်ကြည်ညို မှတ်သားဖွယ်တို့ကို တခမ်းတနား ဟောကြားထားပုံကို ဤစာအုပ်၌ တွေ့မြင်ရှုမှတ်သားနိုင်မည် ဖြစ်ပါ သည်။

**တိုက်တွန်းချက်**

လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသ၏ လယ်တီဝိပဿနာတရားစခန်း၌ ဟောကြားအပ်သော တရားတော်များကို စုပေါင်းထားသော ဤကျမ်းစာအုပ်ကို ဝိပဿနာယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသောသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ အစဉ်ရှုမှတ်သင့်လှပါသည်။ စာဖတ်သူတို့အား ဝိပဿနာအလုပ်ကို အမြဲအားပေး ဟောကြားနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဝိပဿနာကျင့်စဉ် လမ်းကြောင်း မတိမ်းမစောင်းအောင် ဖြောင့်ဖြူးအောင် ပြောဟောပေးနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသ အရှင်မြတ်၏ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တရားတော်များ (ဤကျမ်းစာအုပ်)ကို ယောဂီသူတော်စင်ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လိုသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ လက်ကိုင်ထား၍ ဖတ်ရှုမှတ်သားကြရန် အလေးအနက်တိုက်တွန်း မှာကြားအပ်ပါသည်။

> ဧကမူလာ ဧကက္ခန္ဓော၊ တထောသာခါ ပဘိဇ္ဇရေ
> တထာပလာသ ပဏ္ဏာနိ၊ ဇဝံနာနာနိ ကာယကာ
> နာနာစရိယဘာဝေန၊ ဝိသုံ ဝိသုံ ပဘိဇ္ဇရေ
> သောဂတောနတထေရာနံ၊ နယ် သေဝေယျ ပဏ္ဍိတော
> သောဂတညော နတာနံတု၊ နဟိသေဝေယျ သဇ္ဇနော။

အမြစ်တစ်ခုမှ ပင်စည်တစ်ခု ဖြစ်၏။ ပင်စည်တစ်ခုမှ ကိုင်းမများစွာ ဖွာထွက်၏။ ကိုင်းမကြီးများမှ အခက်အလက် အရွက်များစွာ ဗလဖွာဖြာကွဲထွက်ကုန်၏။

ဤအတူ မြတ်စွာဘုရား တည်းဟူသော မူအမြစ်မှ သံဃာတည်းဟူသော ပင်မကြီးဖြစ်၏။ သံဃာတည်းဟူသော ပင်မကြီးမှ အသီတိရှစ်ကျိပ် ရဟန္တာတပည့်ကြီးများ တည်းဟူသော ကိုင်းမကြီးများ ဖြာထွက်

သော်လည်း တစ်စုတည်းသော ပင်မသံဃာသာ ဖြစ်၏။ ထိုရဟန္တာကြီးများ၏ တပည့်အဆက်ဆက် အခက်အလက် အရွက်တွေ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာတော်သာ ဖြစ်လေ၏။

သာသနာနောက်ဖျားသို့မူကား -

ဝါဒကွဲပြားသော ဆရာတည်းဟူသော အကိုင်းမကြီးများသည် သံဃာအစုကြီးမှ ခွာထွက်ကွဲပြားကုန်၏။ ထိုဆရာကြီးတို့၏ တပည့်အဆက်ဆက် အခက်အလက်တို့အား နိကာယ၊ ဂိုဏ်း၊ အုပ်စု ကွဲပြား၍ သံဃာတည်းဟူသော အစုအဝေးကြီးသည် အစိတ်စိတ် အမွှာမွှာ ဗလဖွာ ကွဲပြားလေ၏။

သို့ရာတွင် သောဂတ + ဩနတ + ထေရ = ပါဠိတော်မြတ်ကို ဦးညွတ်လေးစားသော မထေရ်မြတ်ကြီးတို့၏ ပရိယတ် ပဋိပတ် နည်းကောင်းနည်းမြတ်ကို ပညာရှိအပေါင်း သူတော်ကောင်းသည် မှီဝဲဆည်းကပ် ကျင့်သုံးရာ၏။

သောဂတ + အည + ဩနတ = ပါဠိတော်မှတစ်ပါးသော မိစ္ဆာဝါဒကို ညွတ်ကုန်သော ဆရာအတုအယောင်တို့၏ အတ္တနောမတိ တရားလက်သစ် နည်းမှားနည်းပျက်ကို ပညာရှိသူတော်ကောင်းသည် မမှီဝဲ မဆည်းကပ် မကျင့်သုံးသင့်ပေ။ အထူးသိရှိရာသတည်း။

လယ်တီဘဒ္ဒန္တကုဏ္ဍလ
အဂ္ဂမဟာပဏ္ဍိတ
ပဓာန နာယကဆရာတော်
အရှေ့လယ်တီတိုက်၊ မုံရွာမြို့။

❁❁❁❁❁

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရကျောင်းစာသင်တိုက်
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ
အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂)
မဟာသန္တိသုခနှင့်အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်
ဩဝါဒါစရိယ
အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
မူလအာဘိဓမ္မိက
ပရိယတ္တိသာသနဟိတဓရ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

၏

## ဘဝဖြစ်စဉ်

**ဇာတိဌာန မွေးရပ်မြေ**

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ - မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဉ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာတ တတိယသားရတနာ ဖြစ်သည်။

**ကျောင်းအပ်ပညာသင်ခြင်း**

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏ အကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော် ဦးစန္ဒိမာ၊ ဆရာတော် ဦးကုမုဒ၊ ဆရာတော် ဦးဉာဏဝံသ တို့ထံအပ်နှံ၍ ဘုန်းတော်ကြီးသင်ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

**ရှင်သာမဏေဘဝ**

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ - အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင် - အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော် - မယ်တော်တို့က ရှင်ဒါယကာ - ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာ ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ သာသနာ့အမွေ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာဂရ ဖြစ်သည်။

**စာသင်ထွက်ခဲ့ခြင်း**

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော် ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရ ကျောင်းတိုက် ကျမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်သည် မဟာနာယက ပထမ ဆရာတော်ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ၊ ဒုတိယဆရာတော် ဘဒ္ဒန္တ ကုမုဒနှင့် စာချဆရာတော်များဖြစ်ကြသော -

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ်၊ ဓမ္မိကာရုံ ဆရာတော်)

- အရှင်သြဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တို ရေဝန်းကျောင်းဆရာတော်)
- အရှင်ပညာသီရိ (ယခု ဟုမ္မလင်းမြို့၊ သဝန်ရွာဆရာတော်)
- အရှင်မာနိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတ ကျောင်းဆရာတော်)
- အရှင်သုမန (တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်း တိုက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)
- အရှင်ပညာသီရိ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင် တောရကျောင်းတိုက် ပဓာန နာယကဆရာတော် တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသီဝ ဓမ္မစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊
- စာချဆရာတော် ဘဒ္ဒန္တမာလာသီရိ (ယခု နိုင်ငံတော် သြဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့)
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီ တိုက် ပဓာနနာယကဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊

စသော ဆရာတော်များထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ် တို့ကို သင်ယူခဲ့သည်။

အထူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှ အဆုံးတိုင်အောင် သင်ကြားခဲ့ရသည်။

ဆရာတော်ဘုရား စာချစဉ်နှင့် ညဥ့်အသုံးပြုတော်မူသော ထွေးခံကြီးနှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြုဆောင်ရွက်ခဲ့သည်မှာ (၁၅)နှစ်ခန့် ဖြစ်သည်။

**ရဟန်းဒါယကာ ဒါယိကာမများ**

မုံရွာမြို့၊ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင်ကေဝလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ တနင်္လာနေ့တွင် မုံရွာမြို့၊ တရုတ်တန်း ဇေယျသုခဆန်စက်ပိုင်ရှင် ဦးဘရွှေ - ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံများမှ ရဟန်းဒါယကာ - ဒါယိကာမများက ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများအဖြစ် (၆၈)ကြိမ်တိုင်တိုင် သိက္ခာထပ်တင် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ရဟန်း(၁)ဝါရတွင် ပထမဆုံးရဟန်းဒါယကာက ဝိဇ္ဇာမဂ္ဂဒီပနီတိုက် စာချကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

**ပခုက္ကူစာသင်နည်း**

ရဟန်း (၁)ဝါအရ ဓမ္မာစရိယတန်း ပါဠိဘာသာဖြင့် အောင်မြင်ပြီးသောအခါ ပခုက္ကူအလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျှက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော်မူရာ "သုဝဏ္ဏဝတီတိုက်"ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒ စသော ဂဏဝါစကဆရာတော်များ ထံတော်တွင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာများနှင့်

တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေးချီးမြှောက်မှုကို ခံယူ ရရှိခဲ့သည်။

**မန္တလေးစာသင်နည်း**

မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော် သံချောင်းဆရာတော် ဦးပဏ္ဍဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ နိုင်ငံတော်သံဃ မဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း၊ ရွှေရေးဆောင် နည်းကို သင်ယူခဲ့သည်။

**လားရှိုးမြို့**

၁၃၂၁ ခုနှစ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ မဟာဗောဓိရုံကျောင်းတိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ) မြို့လယ်ကျောင်းဆရာတော်၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူနေထိုင်ခဲ့သည်။

**အောင်မြင်တော်မူခဲ့သောစာမေးပွဲများ**

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်း အမှတ် ဝိနည်းစာပြန်ပွဲတွင် “ပထမ”ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် “ပထမငယ်တန်း” ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ "ပထမလတ်တန်း" ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ "ပထမကြီးတန်း"ကို ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့၊ သပြေပင်တောရကျောင်း ပါဠိပါမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမအဆင့် ပထမ၊ ဒုတိယအဆင့် ဒုတိယ၊ တတိယအဆင့် ပထမ အောင်မြင်ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ သီလက္ခန်နှင့် အဋ္ဌသာလိနီ (၂)ကျမ်း ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း(၁)ဝါရတွင် "ပါရာဇိကဏ်"ကျမ်းကို အောင်မြင်ခဲ့သည်။ ကျမ်းရင်းအစိုးရဓမ္မာစရိယတန်း "ပါဠိဘာသာ"ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ (ပါဠိဘာသာ)ဖြင့် ရခဲ့သည်။

ရဟန်း(၂)ဝါရအတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ်သုတ္တန္တပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် "ဒီဃဘာဏက"ဘွဲ့ပုံလက်မှတ်ရရှိခဲ့သည်။

ရဟန်း(၄)ဝါအရတွင် "မဟာဝဂ္ဂါဒိ" မြန်မာဂုဏ်ထူးကို အောင်မြင်တော်မူခဲ့သဖြင့် "သာသနာဓဇ သီရိပဝရ ဓမ္မာစရိယ" ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း(၅)ဝါအရတွင် "သုတ္တန္တ ပိဋက ဒီဃနိကာယ်" ရေးဖြေစာမေးပွဲအောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် "ဒီဃနိကာယ ကောဝိဒ"ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။ ထိုအချိန်မှစ၍ ရထား၊ သင်္ဘောအထက်တန်း အခမဲ့စီးနင်းလိုက်ပါခွင့် တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

ဒီဃဘာဏကဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့သပြေပင်တောရဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးကုမုဒတို့က ဦးဆောင်လျက် တပည့်ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပချီးမြှောက်မှုခံခဲ့ရသည်။

ရဟန်း(၁၀)ဝါအရတွင် စာမျက်နှာ(၂၂၆၀)ပါရှိသော ဝိနယပိဋကတော်ကို တစ်နှစ်တည်း အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးဂိုထီးဖြူတော်နှစ်လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်နှင့် "ဝိနယဓရ"ဘွဲ့လက်မှတ်ကို ရရှိတော်မူခဲ့သည်။

ရဟန်း(၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း(၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် "ဝိနယကောဝိဒ" ဘွဲ့ပုံလက်မှတ် ရရှိတော်မူခဲ့သည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသဖြင့် "ဂုဏ်ပြုပူဇော်ပွဲ"ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက်လယ်တီနိကာယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရ သပြေပင်တောရဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ၊ စစ်ကိုင်းတိုင်း ကောင်စီဥက္ကဋ္ဌ၊ မုံရွာမြို့နယ် ကောင်စီဥက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း(၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း၊ စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြုလက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝ အဘိုးဆရာတော်ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ

ကျရှုံးခြင်းမရှိဘဲ အောင်မြင်ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိမှုန်ဝါး ဖြစ်ခဲ့ပြားလည်း -

"ဘာကြောင့်ညာကြောင့် မဖြောင့်လုပ်ကိုင်"
"လူအညံ့စား ကိုယ့်အားမပိုင်"
"ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်"
"ကိုယ့်အလုပ် ကြိုးကုတ်အောင်ပန်းတိုင်"

ဟူသော ရှင်သာမဏေဘဝက ရေးသားသောစကားဖြင့် အမြဲအားမြှင့်ပေးတော်မူခဲ့သည်။

**နိုင်ငံတော်အစိုးရနှင့် ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြုတံဆိပ်(၆)ခု ဂုဏ်ပြုဘွဲ့တံဆိပ်များ**

ပရိယတ္တိစာပေများ နှစ်ပေါင်း(၄၀)ကျော် ပို့ချလျက် သာသနာ့တာဝန်များ ထမ်းဆောင်တော်မူခဲ့သောကြောင့် -

- ၁၃၅၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က "အဂ္ဂမဟာဂန္ထဝါစက"ပထမစာချဘွဲ့တံဆိပ်တော်
- ၁၃၆၀ ပြည့်နှစ်တွင် သက်တော် (၅၈)နှစ်၊ သိက္ခာတော် (၃၈)ဝါအရတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်
- သက်တော်(၆၅)နှစ်၊ သိက္ခာတော် (၄၅)ဝါအရတွင် "အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ"ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ပခုက္ကူရာပြည့်ဂုဏ်ပြုဘွဲ့ပုံလက်မှတ်များ**

၁၃၅၈ ခုနှစ်တွင် ပခုက္ကူစာချနည်း တီထွင်သည့် "ရာပြည့်အထိမ်းအမှတ်" "မဟာဝိသုတာရာမိက ဂဏပါစကနိကာယ

ဂဏအနု နာယက” ဘွဲ့ပုံလက်မှတ်နှင့် ၁၃၆၅ ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက်ကြီး တည်ထောင်သည့် ရာပြည့် အထိမ်းအမှတ် “မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏမဟာနာယက” ဘွဲ့ပုံလက်မှတ်ကို ချီးမြှင့်ခံရသည်။ ကျေးဇူးတော်ရှင် ဆရာတော်ကြီး (၄)ပါးတို့၏ ဓာတ်ပုံကြီး(၄)ပုံ ကူးယူပူဇော်ခဲ့သည်။

**မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး ရာပြည့်ဂုဏဝိသိဋ္ဌဘွဲ့**

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သကျသီဟ အသင်းကြီးသည် ပရိယတ္တိသာသနာတော်အကျိုး ဆောင်သယ်ပိုးရန် ၁၂၆၀ ပြည့်နှစ်က တည်ထောင်ခဲ့၍ ၁၃၆၀ ပြည့်နှစ်တွင် ရာပြည့်ပွဲသဘင် ဆင်ယင်ကျင်းပနိုင်ခဲ့သည်။ ရာပြည့် ပရိယတ္တိသာသနာဟိတ သကျသီဟ အသင်းကြီးက စာပေကျမ်းဂန် ပို့ချတော်မူကြသော ဆရာတော်များအား ဂုဏဝိသိဋ္ဌဂုဏ်ပြုလက်မှတ် ဆက်ကပ်ခဲ့ရာ ကလေးဝဆရာတော်အား “ပရိယတ္တိသာသနဟိတရေ”ဟူသော ဂုဏ်ထူးဆောင်ဘွဲ့ပုံလက်မှတ်ကို ဆက်ကပ်ခဲ့သည်။

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ဖြစ်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ ဒုတိယအဓိပတိ ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၌ ဥက္ကဋ္ဌတစ်နေရာ ထပ်မံရွေးချယ်ခဲ့ရာ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် (၁)ဖြစ်၍

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနေရာ အရွေးချယ်ခံရပြီး ထေရ်စဉ်ဝါစဉ်အလိုက် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယ ဥက္ကဋ္ဌ (၂)အဖြစ်ဖြင့် ဆောင်ရွက်ခွင့်ရခဲ့သည်။

**ကျမ်းဂန်ရေးသားပြုစုခြင်း**

အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် သပြေပင်တောရဆရာတော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိရေးပြောနည်းခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) တို့ကို ရေးသားပြီး ဓမ္မဒါန လှူဒါန်းခဲ့သည်။

**ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း**

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်း အာမိသတရားဓမ္မဖြင့် ချီးမြှင့်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးများအား နေ့စဉ်ရှိခိုးပူဇော်ခဲ့သည့်အပြင် နှစ်စဉ် ပင့်လျှောက်၍ ပူဇော်ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်သည်။

**စာသင်တိုက်များ ဖွင့်လှစ်ဦးဆောင် သာသနာပြုဓမ္မစေတီများ တည်ထား ကိုးကွယ်ခြင်း**

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ ရန်ကုန်မြို့ နာဂလိုဏ်ဂူကလေးဝ တောရစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ -

- မုံရွာသပြေပင်တောရ စာသင်တိုက်၊
- ဟိုပန်မြို့ မြသိန်းတန် စာသင်တိုက်၊

- ဒဂုံမြို့သစ်မြောက်ပိုင်း၊ မင်္ဂလာရာမ စာသင်တိုက်၊
- မန္တလေးမြို့၊ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်၊
- လှည်းကူးမြို့၊ မဟာဇေယျမင်းကျောင်း စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာဗောဓိ စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာပဒုမဝိနယဓရ စာသင်တိုက်၊
- ဗဟန်း၊ ဃောဇနာရာမ စာသင်တိုက်၊
- ချောင်းဦးမြို့၊ ကိုင်းဆယ်ရွာ၊ ဇေယျာရန်နိုင် စာသင်တိုက်၊
- သီပေါမြို့၊ ခန္တီအာရာမ စာသင်တိုက်၊
- ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော် ပရိယတ္တိ စာသင်တိုက်၊
- လှည်းကူးမြို့၊ ရွှေကြာရုံလယ်တီတောရရိပ်သာ၊
- ပဲခူးမြို့၊ မဟာကြီးဘုရားကျောင်းစာသင်တိုက်၊
- ပျော်ဘွယ်မြို့၊ ရှားတောဓမ္မရိပ်သာ၊
- မန္တလေးမြို့၊ သမင္ဂရာမပညာဒါနကျောင်းတိုက်၊
- မိုးပြဲ လယ်တီတောရရိပ်သာ၊
- တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်ကျောင်း၊

တို့ကို ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း(၄)ဝါရမှ စ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ (၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

## နာဂလိုက်ဂူ ကလေးဝဆရာတော်
## ယနေ့ ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

ကျောင်း(၅)မျိုး

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများ ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့ဝန်ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စသောပညာရပ်များ (အခမဲ့)သင်ကြားပေးခြင်း၊ လူကြီးသူမတို့အား တရားဓမ္မဟောပြပေးခြင်းဖြင့် ပစ္စုပ္ပန်သံသရာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့်သာဝကနှင့်မတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင်တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ် ဘုန်းတော်ကြီးများ သာသနာပြုစခန်းချ၍ နေထိုင်ရာ "ကျောင်း"အမျိုးအစား (၅)မျိုးကို တွေ့ရသည်။

ကျောင်း(၅)မျိုးက-

၁။ တရားရိပ်သာကျောင်း၊

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်ကြီးများ၊

၃။ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်းကြီးများ၊

၄။ အကြည်ညိုခံသာသနာပြုကျောင်း၊

၅။ ကလေးသူငယ်များအား စာပေပညာသင်ကြားပေးသည့် (ဘ-က) ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရသည်။

**သာသနာပြုစခန်း (၄)မျိုး**

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ အမွှမ်းတင် ဘာဝနာတရားကို ဟောကြား၍ ကျမ်း(၅)ကျမ်းအဖြစ်သို့ ရောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော်သည် နံပါတ်(၁၊ ၃၊ ၄၊ ၅) အမျိုးအစားကျောင်းတို့ကို ဦးဆောင်ဖွင့်လှစ်၍၊ (၂)အမျိုးအစားကို ပွင့်လင်းရန် စီမံလျှက် မိမိ၏သာသနာပြုစွမ်းအားကို မြင့်မားစေတော်မူလျှက် ရှိသည်။

**နံပါတ်(၅)အမျိုးအစားကျောင်း**

ကလေးဝဆရာတော်သည် နံပါတ်(၅)အမျိုးအစားကျောင်းဖြစ်သည့် နယ်စပ်ဒေသနှင့်တောင်တန်းဒေသ တိုင်းရင်းသားကလေးသူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၌ "ဝ"ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ လူမျိုးများစွာ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသားမျိုးစုံ နှစ်စဉ်တစ်ထောင်ကျော် လာရောက်ခိုနားလျှက် (ကျောင်းသုံးစာအုပ်၊ ခဲတံ၊ ဘောလ်ပင် စသည် မဝယ်ရစေပဲ) အခမဲ့ပညာသင်ကြားခွင့်ရသော ပညာရေးကျောင်းကြီး ဖြစ်အောင် ဆောင်ရွက်နိုင်လေပြီ။ ကျေးဇူးရှင် မူလကလေးဝဆရာတော် ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်းတိုက်၌ နိုင်ငံတော် အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိသော ကလေးဝဆရာတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား

ကလေးသူငယ်များအား "စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ" ခေါင်းစဉ် ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏သာသနာပြုစွမ်းအားကို နေ့စဉ်မြှင့်တင် တော်မူလျှက် ရှိသည်။

**နံပါတ်(၁)တရားရိပ်သာကျောင်း**

၁၃၆၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်း တိုက်ကို လက်ခံရရှိတော်မူသော လယ်တီ၏မြေး၊ လယ်တီသွေး၊ လယ်တီဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက်ရှိသော ဗုဒ္ဓဒေသနာ နည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌မှေးမှိန်လျက် ရှိနေသည် ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း တစ်ရာကျော်ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာဓာတ်အလင်းရောင် ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသောဆန္ဒဖြင့် လယ်တီတရားရိပ်သာ များ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရားစခန်း (၁၀၀)ကြိမ်၊ အခြားဌာနပေါင်း (၁၀၀)ကျော်တို့၌ (၇)ရက်တရားစခန်း ပေါင်းများစွာ ဖွင့်လှစ်ရန် အားပေးညီတော်မူသည်။ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီ ဝိပဿနာပြန့်ပွားရေး အားသစ်တော်မူလျက် ရှိသည်။ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်သည် ရန်ကုန်မြို့၊ ပြည်လမ်းမကြီးပေါ်တည်ရှိ၍ ဆိတ်ငြိမ်တောရကျောင်းသဖွယ်ဖြစ်ပြီး ယောဂီများ အေးအေးလူလူ တရားနာပွားများရယူရာ ဖြစ်သည်။

**နံပါတ်(၄)အမျိုးအစားစာသင်တိုက်**

ဝ၃၄၁ ခုနှစ်၊ နယုန်လမှစ၍ နာဂလိုဏ်ဂူကလေးဝတောရ ကျောင်းစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ အခြားစာသင်တိုက် များကို စာသင်တပည့်ကြီးများကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

**ပြည်ပသာသနာပြုလုပ်ငန်း**

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်း များ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်၊ ဂျပန်၊ ဆိုဗီယက်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွချီ၍ တရားဟောတော်မူခြင်း၊ တရားအားထုတ်နည်းသင်ပြခြင်း၊ ဗုဒ္ဓသာသနာ တော်ဆိုင်မေးခွန်းများကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော်မူ သည်။

**သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်**

နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် ပထမအကြိမ် မြို့နယ်ဝန်ဆောင်ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သမ္မုတိရသံဃာ့ကိုယ်စား လှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ တတိယ, စတုတ္ထအကြိမ် (၁၆-၆-၉၁)နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

ပဉ္စမအကြိမ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ တနင်္လာနေ့၊ (၅-၃-၂၀၀၁)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက် စည်းမျဉ်း အရ တွဲဖက်အကျိုးတော်ဆောင် ထပ်မံထမ်းဆောင်ခွင့် ရရှိသည်။

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၄-၃-၂၀၀၅)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ တွဲဖက်အကျိုးတော်ဆောင်(၁)

တာဝန်ထပ်မံထမ်းဆောင်တော်မူသည်။ ဆဋ္ဌမအကြိမ်၊ ပဌမ ၂၅ ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ ၁၃၆၈ခု၊ တပေါင်းလဆန်း (၁၄)ရက် (၁-၄-၂၀၀၇) နေ့မှစ၍ တွဲဖက်အကျိုးတော်ဆောင် (၁) တာဝန်ကို ထပ်မံထမ်းဆောင် တော်မူသည်။

**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့**

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် တောတောင်အနှံ့ သီတင်းသုံးတော်မူပြီး ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်း၊ သံခိပ်ကျမ်း၊ ပါဠိကျမ်း (၁၀၀) ကျော် ရေးသားပြီး ဤကမ္ဘာ့လူထုအား ဝိဇ္ဇာဓာတ်အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့ပါသည်။ အဆိုပါကျမ်းပေါင်းများစွာကို မူကောင်းမူသန့် ရရှိစေရေး၊ ထွန်းကားပြန့်ပွားရေးအတွက် အဖွဲ့အစည်းဖွဲ့၍ ထိန်းသိမ်းစောင့်ရှောက်လျှက် ရှိရာတွင် နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော်သည် အဆိုပါအဖွဲ့ကြီး၏ ဒုတိယဉက္ကဋ္ဌတာဝန် ယူလျှက်ရှိသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၌ ဒီပနီ (၁၀)ကျမ်း (အင်္ဂလိပ်စာမူ) ကို အုပ်ရေ (၂၀၀၀) ရိုက်နှိပ် ဓမ္မဒါန ပြုတော်မူသည်။

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့**

ဗုဒ္ဓဒေသနာတော်နည်း စည်းမပျက် ဆက်လက်ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ သမထ၊ ဝိပဿနာတရားတော်များ ပြန့်ပွားရေးအတွက် လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ကို စတင်ဦးဆောင်ဖွဲ့စည်းတော်မူခဲ့သည်။ ဌာနပေါင်း (၁၄၀) ကျော်တို့၌ တရားစခန်းများ ဖွင့်စေတော်မူခဲ့သည်။

**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့**

ထို့အတူ လယ်တီကမ္မဋ္ဌာနာစရိယများအား သင်တန်းပေး၍ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ကို ဖွဲ့စည်းလျက် ဝိပဿနာပြန့်ပွားရေး ဆောင်ရွက်ရာတွင် လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး**

ကလေးဝဆရာတော်သည် တောင်ပေါ်ဒေသ နယ်စပ်ဒေသများ ကျေးလက်ဒေသပညာရေး စသည်တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ မိမိဖွားမြင်ရာဒေသရှိ စေတီပုထိုးများ ပြုပြင်ထီးတော်တင်ခြင်း၊ အစိုးရ အလယ်တန်းကျောင်းဖွင့်နိုင်အောင် ဆောင်ရွက်ခြင်း၊ ကျေးလက်ကျန်းမာ ဆေးခန်း မြေနှင့်အဆောက်အဦများ လှူဒါန်းခြင်း စသည့်ကျေးလက် ဒေသ ဖွံ့ဖြိုးရေးကို အားပေးဆောင်ရွက်တော်မူသည်။

**အန္တယ်တော်ဝင် ဘုရားကျောင်းကန်၊ စေတီပုထိုးများအား ထိန်းသိမ်းစောင့်ရှောက်စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့**

ကျေးဖူးတော်ရှင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့က၊ လယ်တီနိကာယ သပြေပင်တောရကျောင်းစာသင်တိုက်၊ ပထမ ပဓာန မဟာနာယက ဝါကျတ္ထဒီပကာဒိကျမ်းပြု ဘဒ္ဒန္တကေဝလာဘိဝံသ မဟာထေရ်၊ ဒုတိယ မြောက် ပဓာန နာယကအရှည်ဝါသီ ဓုတင်္ဂဓရ ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော် ဘဒ္ဒန္တသာဂရ စသော ကျေးဖူးတော်ရှင် ဆရာတော်တို့မှ ဆင်းသက်ပိုင်သ အန္တယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ် ရေး နာယကဆရာတော်များအဖွဲ့ကို ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်၊ (၁၉-၁၀-၂၀၀၂)နေ့က စတင်ဦးဆောင်ဖွဲ့စည်းလျှက် သာသနာ

တော်စည်ပင်ပြန့်ပွားရေး အားပေးတော်မူသည်။

**စွယ်စုံသာသနာပြု**

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ ပေးစွန့်ချီးမြှင့်တော်မူခဲ့သော ဘုရား၊ ကျောင်းတိုက်များနှင့် နိုင်ငံတော်အစိုးရနှင့် ဒကာဒကာမများ လှူဒါန်းသော ကျောင်းများကို လက်ခံရယူ၍ အမျိုးဘာသာ သာသနာအကျိုး မျှော်ကိုးပြီး

- စာသင်တိုက်
- တရားရိပ်သာ
- ဘုန်းတော်ကြီးသင် ပညာရေးကျောင်း
- အမျိုးသမီးသီလရှင်သင်ပညာရေးကျောင်းများ ဖွင့်လှစ်၍ စွယ်စုံ သာသနာပြုတော်မူသည်။

ရရှိထားသော ကျောင်းတိုက်များနှင့် ပတ်သက်၍လည်း သူပိုင်ငါပိုင် ငြင်းခုန်ခြင်းဝိဝါဒ ဘေးကင်းဝေစေရန် ကြိုတင်ဆောင်ရွက် စီမံတော်မူထားသည်။

၁။ ကျေးဇူးတော်ရှင် သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူခဲ့သော ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်းတိုက်ကို စာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီလရှင်သင်ပညာရေးကျောင်းဟု သုံးဌာနနယ်မြေ သီးခြားသတ်မှတ်ပေးထားပြီး ရဟန်းသာမဏေ သီလရှင် (၁၀၀၀)ကျော်တို့ အမြဲသုံးလျက် ပညာရင်နို့ သောက်စို့စေတော်မူသည်။

**စာသင်တိုက်**

နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်ကြီးကို အလယ်ဗဟိုပြုဦးခိုက်လျှက် ဘုရားမြောက်ဖက်ပိုင်း၌ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ယူပို့ချရာ "ကလေးဝတောရကျောင်းစာသင်တိုက်" ကို ၁၉၇၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သီးခြားစည်းမျဉ်းရေးဆွဲ၍ စာချစာသင် သီးခြားလက်ခံပြီး အုပ်ချုပ်ရေးသီးခြားထားလျှက် ပရိယတ္တိသာသနာ ထွန်းကားပြန့်ပွားရေးအားပေးဆောင်ရွက်တော်မူသည်။

**ဘုန်းတော်ကြီးသင် ပညာရေးကျောင်း**

နယ်စပ်ဒေသ၊ တောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ "နယ်စပ်ဒေသနှင့် တောင်းတန်းဒေသ ကလေးသူငယ်များ ကလေးဝဘုန်းတော်ကြီးသင်ပညာရေးကျောင်း" ကို ၁၉၉၃ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ပြီး အာရာမာဓိပတိဆရာတော်၊ ပဓာနနာယကဆရာတော်တို့၏ လမ်းညွှန်မှုကိုခံယူလျှက် ကျောင်းအုပ်ဆရာတော်အား တာဝန်ယူစေသည်။ ဆရာတော်ကြီးသည် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူတော်မူသည်။ စေတီတော်မြတ်ကြီး၏ တောင်ဖက်ပိုင်း သီးခြားနယ်မြေထားလျှက် အစိုးရကျောင်းများနည်းတူ ကျောင်းသားလက်ခံသင်ကြားတော်မူသည်။ "စာကြိုးစား စကားနားထောင်" ဟူသောဆောင်ပုဒ်ဖြင့် အုပ်ချုပ်စေလျှက် အမျိုးဘာသာ သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူသည်။

**အမျိုးသမီးသီလရှင်ပညာရေးကျောင်း**

နာဂလိုဏ်ဂူဘုရားကုန်းမြေ၏ အဂ်ါထောင့် (၂) ဧကခန့်ရှိမြေနေရာ၌ "နယ်စပ်ဒေသနှင့် တောင်တန်းဒေသဖွံ့ဖြိုးရေး" အမျိုးသမီးသီလရှင်ပညာရေးကျောင်း နန္ဒမူရိပ်သာကို ဖွင့်လှစ်ပြီး သီလရှင်ဆရာကြီးများ၊ ဆရာမကြီးများ အနီးကပ်အုပ်ချုပ်လျှက် "စားဝတ်နေ

ကျန်းပညာ” တာဝန်ယူလက်ခံသင်ကြားပြုစုပျိုးထောင်ပေးလျက်ရှိသည်။

အဆိုပါသုံးဌာနတို့၏ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရား ချီးမြှင့်ခဲ့သော ကျောင်းများစွာ ရှိခဲ့သည်။ ထို့အပြင် ထိုင်းဘုရင်မင်းမြတ်၏ နန်းစံသက် (၅၀)ပြည့် အထိမ်းအမှတ် ကထိန်ပွဲတော်ကျင်းပပြီး လှူဒါန်းအပ်သော အလျားပေ(၁၀၀)၊ အနံပေ(၃၄) ရှိ (၂)ထပ်တိုက်၊

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော “သုကုမာရမင်္ဂဒီပနီသုံးထပ်ကျောင်းဆောင်”

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော “ဥတ္တမပုရိသဒီပနီ သုံးထပ်ကျောင်းဆောင်” ရေရှားပါးနေသော နာဂလိုဏ်ဂူဘုရားကုန်းမြေ ရေရရှိရေးအတွက် သိန်း(၁၅၀)ကျော် လှူဒါန်းပြီးလျှင် ဆောက်လုပ်အပ်သော “သမ္မာဒိဋ္ဌိဒီပနီတိုက်ကျောင်း”

ဦးမောင်မောင်ခဆွေ+ဒေါ်အေးအေးစိုး၊ သား အာကာခ၊ သမီး ကေခိုင်ခတို့က ဆောက်လုပ်လှူဒါန်းသည့် ဆွမ်းစားကျောင်းတိုးချဲ့ဆောင်။

စကြာပူဗုဒ္ဓဘာသာဓမ္မကျောင်းဆရာတော်နှင့် တပည့်များက ဆောက်လုပ်လှူဒါန်းသော (၂)ထပ်တိုက်။

ထိုင်ဝမ် ထိုင်လံကျူစီအဖွဲ့က ဆောက်လုပ်လှူဒါန်းသော တစ်ထပ်တိုက်အပါအဝင် (၃)ဌာနရှိ သာသနိကအဆောက်အဦတို့ကို အနွယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကဆရာတော်များအဖွဲ့အား နောက်ဆံမတင်းရန် လွှဲအပ်ထားပြီး၊ ယခုအခါကပင် သင်ကြားစီမံအုပ်ချုပ်ရေး ကျင့်သားရအောင် ကြိုကြိုတင်တင် ဆောင်ရွက်တော်မူထားသည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့်တော်မူခဲ့သော ပဲခူးမြို့၊ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ

ဓမ္မာစရိယအား လွှဲအပ်၍ ကျောင်းသား(၇၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသနဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ်သို့ ရောက်ရှိစေတော်မူသည်။

၄။ ပဲခူးမြို့၊ အနောက်တောရှေးဟောင်းသမိုင်းဝင် မဟာကြီးစေတီ တော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀)ကျော် သီတင်းသုံးရာစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်လှစ်သာသနာပြုတော်မူသည်။

၅။ မုံရွာမြို့၊ ရှမ်းတော်ရပ်၊ သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီ ဝိပဿနာတရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့၊ မင်းကြီးတောင်တန်း ဗေဒါရီဂူနန်း ကလေးဝတောရ ကျောင်းကို အရှင်သုန္ဒရအား သဘောကျသာသနာပြုရန် လွှဲအပ်ထား ပါသည်။

၇။ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုဒ် ရွှေရေးဆောင် ကျောင်းတိုက်၊ သူဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာ မဟာထေရ် ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တသုဒဿန ဓမ္မာစရိယအား လွှဲအပ်၍ စာချစာသင် (၇၀)ကျော် သီတင်းသုံးရာ စာသင်တိုက်အသွင် ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမ ကျောင်းတိုက် ဆရာတော်ကြီး၏ ချီးမြှင့်မှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒောဘာသ (၂)ပါးတို့အား တာဝန်ပေးကာ စာချစာသင် (၅၀)ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

၉။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင် စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရံစေတီတော် လယ်တီတောရကို ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အား အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်စေသည်။

၁၀။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဖြဲမြို့၊ စည်ကား (၂)ရပ်ကွက်၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းဖွင့်၍ နယ်စပ်ဒေသ၊ တောင်တန်းဒေသ၌ သမထဝိပဿနာ ထွန်းကားစေခဲ့သည်။

၁၁။ တောင်ကြီးမြို့၊ စွယ်တော်ကျောင်းတိုက်ကို (၂)ပါးပိုင်အပ်သဖြင့် ၁၃၆၈ ခုနှစ်မှစ၍ ဘ-က ပညာရေးကျောင်းဖွင့်ထားပါသည်။

၁၂။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇/က) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့်ရရှိထားသော ဦးကျော်ဇံပါ ဂေါပကအဖွဲ့က (၄၇)စုံညီ၏ ဩဝါဒကို ခံယူ၍ (၂)ကြိမ်တိုင်တိုင် စာချုပ်ချုပ်ဆို အပ်နှံလှူဒါန်းခဲ့သည်ကို လက်ခံလျှက် ကျီးတဖုတ်ဖုတ် လယ်တီမူ၊ ရှုပ်ထွေးပွေလီနေသော လယ်တီမူကို သံဃာ့အဖွဲ့အစည်းအဆင့်မြင့် (၄၇)စုံညီ (၄)ကြိမ်တိုင်တိုင် သန့်စင်အောင် ရှင်းလင်းသုခ်သင် အဆုံးအဖြတ်ခံယူ၍ လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ လယ်တီဝိပဿနာ (၁၀၀)ကြိမ်မြောက် ရှိခဲ့ပြီ။ အဆိုပါလယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပိုင်ရေးဆိုင်ခွင့် ရှင်းလင်းအောင် ဆောင်ရွက်အကောင်အထည်ဖော်ပြီး အနွယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့လွှဲအပ်ထားပြီးဖြစ်သည်။ အနွယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုး (၁၇)ဌာနတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ ဖွဲ့စည်း၍ စောင့်ရှောက်စေလျှက်ရှိသည်။

ဤသို့လျှင် ကလေးဝတောရဆရာတော်သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန်

သာသနာ့တံခွန်တို့ကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျှက် ရတနာသုံးပါး ဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော "စွယ်စုံသာသနာပြု" အရှင်မြတ်တစ်ပါး ဖြစ်တော်မူသည်။

**ဆရာတော်၏အစိဋ္ဌာန် (၁)**

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်းငှါကြောင့်
အေးစေမည်။ ။

**ဆရာတော်၏အစိဋ္ဌာန် (၂)**

ငါသည်လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှားငါကြိုက် ငါမလိုက်တည့်
ငါကြိုက်ငါမျိုး ငါ့တန်ခိုးဖြင့်
ငါ့မျိုးငါ့ဆွေ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ ငါ့ခန္ဓာဖြင့်
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုးငါဇာတ် မြတ်စေမည်။ ။

လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့.

# လယ်တီဝိပဿနာ

## နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့်နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ အားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ လက်ဆင့်ကမ်း ပုခုံးပြောင်းကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင်တရားတော်များ နှစ်ပေါင်း ၂၅၄၉ တာကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်၊ နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ဘဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာ ဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူသူ၊ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံ ထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သာ ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာကို ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန်ကြည့်ရှုလိုသူများအတွက် အသံမှတစ်ဆင့်ကူးယူ၍ စာအုပ်ရိုက်နှိပ်၍ ဓမ္မဒါနပြုရန် စီစဉ်ရပါသည်။

**ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်းသုံးမျိုး**

နေဝန်း၊ လဝန်း၊ ဘုရားဟောကြား တရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြားတရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါ

သည်။ သာသနာတော်တည်ရှိပါက လူနတ်နိဗ္ဗာန်ချမ်းသာအကျိုး ပွားတိုးနိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော်တည်ရှိမှ သီလအမြစ် ကြီးပွားနိုင်ပါသည်။ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာမဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

**အယူအမြင်မှန်ကြောင်း အကြောင်းနှစ်မျိုး**

အသိဉာဏ်ဟူသမျှ သုတ အသိက စ,ရသည် ဆိုသည့်အတိုင်း ဘုရား၊ ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စင်များ၏ အသိဉာဏ် အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ၊ ပြောသံ၊ နာကြားခွင့်ရပါမှ တိုးပွားနိုင်၊ ဖြစ်ပွားနိုင်ပါသည်။

ဘုရား၊ ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ၊ ပြောသံကို မနာကြားရ၊ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ပင်ထွက်ဉာဏ်သည် အလိုလိုမရှင်မသန် မကြီးထွားနိုင်ပါပေ။

ကမ္ဘာလောက၌ အယူအဆ အယူဝါဒအမျိုးမျိုးတို့ကို ဆရာအမျိုးမျိုးက ထူထောင်ထားကြလေသည်။ ပုထုဇဉ်ကမ္ဘာလူသားတို့သည် ဆရာအမျိုးမျိုး၊ ဘုရားအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်နေကြသော နာနာသတ္တာရဥလ္လောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျှက်နေရပေသည်။ အယူမှန်၊ အမြင်မှန် ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော်ကောင်းတို့၏ ဟောသံ၊ ပြောသံကို အခြေခံရပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားရန် အခွင့်အလမ်းရဖို့င် အင်မတန်ခက်ခဲလှပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့်ဖြောင့်မှန်သော နှလုံးသွင်းဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင်မှန်နိုင်ပေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော်တို့ကို မူရင်းမပျက်အောင် သတိရှေ့ဆောင်ပြီး ဖောက်သည်ချဟောဖော်ရေးသားကြရသည်။

ဘုန်းကြီးတို့၏ တရားစကား၊ တရားအသံ၊ တရားစာတို့သည် တရားလိုလားသူတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး ပြန်ဆို၍ ဘာသာခြားတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း အဆင့်ဆင့် ရောက်ရှိနိုင်ပါစေ။ အဆင့်ဆင့်ရောက်ရှိ၍ တစ်စုံတစ်ယောက်မျှ လိုက်နာကျင့်သုံး စိတ်နှလုံးအိမ်၌ ကိန်းငြိမ်းသွားသည်ဆိုပါက ရေးသား ထုတ်ဝေရကျိုးနပ်ပေပြီ။

ထိုမှတစ်ဆင့် ဉာဏ်နား၊ ဉာဏ်မျက်စိရှင်တို့ဖြစ်ကြပြီး လျင်လျင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေ ဖြိုးမောက် တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်း သို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျှက် ဤလယ်တီဝိပဿနာ(၆)ကို ဟောအပ်ရေးသားအပ်ပါသည်။

မိလိန္ဒပဉှာလာ ယောဂီ၏ ဖော်ပြပါ မိုး၏ပုံပမာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ ဉာဏ်အလင်းရောင် ဖြာနိုင်ပါစေဟု အဖွင့်နိဒါန်း ပျိုးအပ်ပါသည်။

**မိုး၏ဂုဏ်**

၁။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြူခိုးညစ်ထေ ငြိမ်းစေလေသို့ ကိလေညစ်ကျူ ငြိမ်းစေမူ ပြုလေယောဂီတို့။

၂။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြေခိုးမြေငွေ့ ငြိမ်းလေစေ့သို့ ဖြန့်ဝေမေတ္တာ ငြိမ်းစေရာ၏။

၃။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် များမျိုးစေ့ကို ပေါက်ဖွားစေသို့ မျိုးစေ့သဒ္ဓါ ပွားစေကာဖြင့် ချမ်းသာသုံးမျိုး ပွားတိုးစေဌာ ပြုကျင့် ရာ၏။

၄။ မိုးခါသွန်းဖြိုး ရွာသည့်မိုးလျှင် ပွားတိုးမြေပြင် နွယ်သစ်ပင်ကို အစဉ်ချီးမြှောက် စောင့်ရှောက်တတ်သော ယောနိသောဖြင့် ဓမ္မောသဘာဝ စောင့်ရှောက်ရ၏။

၅။ မိုးခါသွန်းဖြိုး ရွာသည့်မိုးကြောင့် ပြည့်ဖြိုးရေကန် ရေပြည့်လျှံသို့ ကျမ်းဂန်ဓမ္မစက် ဟောမြွက်အလာ ဒေသနာမိုးပေါက် ရွာသွန်း မြှောက်၍ မဂ်ပေါက်ဖိုဝင် နိဗ္ဗာန်မြင်လို များထိုထိုတို့ စိတ်အလို ဆန္ဒ ပြည့်ဝစေ၄ာ ဗောဓနေယျံ ဂါထာပြန်လျှင် အံ့ဝင်ခွင်ကျ ဖြစ်ကြမည်ရေး မျှော်ထောက်တွေး -

ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။

ခဏေန ဥပဂန္တွ၊ ဗောဓေသိ တံ မဟာမုနိ။

မဟာမုနိ= မြတ်စွာဘုရားသည်၊ သတသဟဿေပိ ယောဇနေ= ယူဇနာတစ်သောင်းထက်၌လည်း တည်နေသော၊ ဗောဓနေယျံ ဇနံ= ကျွတ်ထိုက်သောသတ္တဝါကို သစ္စာလေးပါး သိနိုင်မည့် ပုဂ္ဂိုလ် ကို၊ ဒိသွာ= မြင်တော်မူ၍၊ ခဏေန= ခဏချင်း၊ ဥပဂန္တွာ= အပင် ပန်းခံ ကြွသွားတော်မူ၍၊ တံ= ထိုကျွတ်ထိုက်သောသူကို၊ ဗောဓေသိ= ကောင်းစွာသိစေတော်မူခဲ့လေပြီ။ ဝါ= တရားဓမ္မ ဟောဖော်ပြ၍ သစ္စာလေးလီ သိစေတော်မူခဲ့လေပြီ။

## ပညာကြီးရှင် ဉာဏ်ကောင်းဆင်

မဟာထေရ်ထူး အမျိုးပြုဆောင်
ကျွန်းသီဟိုဠ်ပေါ် ထေရ်ကျော်ငါးရာ
ရဟန္တာဝသီ သမ္ဘိဒါပတ္တ
သံဃိန္ဒတို့ ဘုရားမိန့်ရွတ် ပိဋကတ်ကို
မွတ်မွတ်ဖြူဖွေး ပေထက်ရေး၍
ဆေးလည်းကြပ်ကြပ် အထပ်တစ်ရာ တည်းဖြတ်ပါလည်း
အက္ခရာပုဒ်ဆွေး မှားယွင်းသေး၏။
ညစ်ကြေးစပ်ယှဉ် ပုထုဇဉ်သာ
ငါတို့မှာကား မမှားဘယ်သို့ ရှိရာတို့နည်း။
ယွင်းချို့အက္ခရာ ပျက်သုန်ရာ၌
ပညာကြီးရှင် ဉာဏ်ကောင်းဆင်၍ မြင်စေသတည်း။


## “ဤခေတ်ဖွားရှင် သတိဆင်လော့”

ကျောက်သံကြေးဟူ အဏုမြူဟု
နူးကလီးယားခေတ်စားစား၌ ခေတ်အားလျော်စွာ
ပညာနုရင့် အဆင့်ဆင့်ဖြင့်
ဖောင်နှင့်ထမ်းစင် လှေလှည်းထွင်၍
ရွက်ဖျင်တပ်သော လှေသင်္ဘော၌
စက်ရောထပ်မံ ရေယဉ်ကြံလျက်
ဒုံးပျံလေယာဉ် ဂြိုလ်တုဆင်၍
ရုပ်မြင်သံကြား ကားရထားဖြင့်
လာသွားသယ်ယူ မှန်ပြောင်းကူလျက်

ကွန်ပျူတာစက် အင်တာနက်နှင့်
အီလက်ထရွန်နစ် ခေတ်မှန်ခေတ်တည့်
လျှပ်စစ်လှမ်းဖုံး ကြေးနန်းသုံး၍
ဟမ်းဖုန်းချိပ်ဆက် အီးမေးစက်တို့
နှိသက်ခံထား ဤခေတ်ဖွားက
မြင်ကြားသိဝေး ဖောင်ခေတ်မွေး၏။
အရေးအသား အတွေးများကို
အမှားထင်ကာ ပြစ်တင်ပါနဲ့
သင်နှင့်ငါလဲ ဟိုခါခေတ်မွေး
ဟိုလိုတွေး၍ စာရေးရင်လဲ ဟိုလိုပဲလေ
မလွဲတူစွာ သူတို့ဟာလဲ
သည်ခါခေတ်မွေး သည်လိုတွေး၍
စာရေးရင်လဲ သည်လိုပဲထင့်
အလွဲထင်ကာ တို့ရေးစာလဲ
နှောင်းခါလူသစ် ခေါင်းခါရစ်လိမ့်
သူခေတ်အဆင့် မတွက်ချင့်ပဲ
ငါနှင့်မတူ ငါ့ရန်သူဟု
ရန်မူကာမဲ သိမ်းကျုံးဆဲ၍
နက်နဲရဲရင့် သိအကျင့်တွင်
ငါနှင့်ငါသာ နှိုင်းယှဉ်ရာဟု
သစ္စာသိမူ သယမ္ဘူနှင့်
အတူအဆင့် တစ်ဆူပွင့်သို့
မြှောက်ပင့်ကင်းစင် သတိဆင်လော့။

# ခြင်္သေ့ပုံမှီ မြတ်ယောဂီ

တိတ္ထိအယူမှား ရှောင်ကြဉ်ရှား၍
ဘုရားသာသနာ ကြည်ညိုလာသည့်
ဓမ္မသောက မင်းမြတ်လှသည်
ရှင်ပြုကြည်ပွား ယုံကြည်အားကြောင့်
တရားအစ အာရုံပြုရည်
စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်
ကျောင်းပေါင်း ရှစ်သောင်းလေးထောင်
ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်
များမြောင်ဒါန ပြုပြီးမှလျှင်
တတိယသင်္ဂါယနာ ဒါယကာခံယူ ကျောက်စာထူခဲ့
ဘုရားသာသနာ ပြုကြရာဝယ်
လေးဖြာဝန်ထမ်း ပုံရိပ်မှန်းဖို့
ထူးဆန်းအံ့လောက် ပုံတည်ဆောက်စေ့
ခြင်္သေ့ဂုဏ်ရှိန် ချင့်နှိုင်းချိန်သော်




၁။ ရောင်ရှိန်ဖြူဖွေး ညစ်ကြေးမတင် သန့်ရှင်းစင်သို့
မတင်ညစ်ကြေး ဖြူဖြူဖွေးသည့် ညစ်ကြေးကင်းရှင်း
ဖြူစင်စိတ်ထား ယုံမှားတွေဝေ ကင်းစင်စေ၏။
၂။ လေးချောင်းအခြေ ရဲရင့်လေ၍ မသွေလမ်းကြောင်း
သွားလာမောင်းသို့ ခြေကောင်းဣဒ္ဓိ လေးအင်ရှိရ။
၃။ လှပတင့်တယ် ရှုစဖွယ်တည့် လည်ဆံရှိသို့ လှဘိသီလ။
၄။ သက်မျှသေစေ မညွတ်လေသို့ လေးထွေပစ္စည်း
ရှားပါးနည်းလည်း မည်သည့်အောက်မျှ မညွတ်ခရာ။
၅။ ရလာသမျှ ပစ္စည်းမသိမ်းဆည်း ရှောင်ကြဉ်။

၆။ စဉ်တိုင်းသာဖြင့် ရရာရာလွေး သားမရွေးသို့ ရောက်ရေးအိမ်စဉ် မကျော်လွန်ပဲ ခန္ဓာဝန်မျှရုံ သုံးဆောင်တုံ၏။

၇။ ရ,တုံမရ ပူတောင့်တကင်း ခြင်သေ့မင်းသို့ ဉာဏ်သွင်းပညာ ဆင်ခြင်ကာဖြင့် ရလာသမျှ ပစ္စည်း ဗူးသီးကြွက်ကိုက် အလိုက်အထိုက် သုံးဆောင်ကြိုက်ဟု အမြိုက်ခေါင်ဖျား မြတ်ဘုရားဟော-

သန္တုဋ္ဌော အယံ ဘိက္ခဝေ ကဿပေါ ဣတရီတရေန
ပိဏ္ဍပါတေန ဣတရိတရပိဏ္ဍပါတ သန္တုဋ္ဌိယာစ
ဝဏ္ဏဝါဒီ။ နစပိဏ္ဍပါတ ဟေတု အနေသနံ အပ္ပဋိရူပံ
အာပဇ္ဇတိ၊ အလဒ္ဓါစ ပိဏ္ဍပါတံ နပရိတဿတိ၊
လဒ္ဓါစ ပိဏ္ဍပါတံ အဂဓိတော အမုစ္ဆိတော အနဇ္ဈာပန္နော
အာဒီနဝဒဿာဝီ နိဿရဏပညော ပရိဘုဉ္ဇတိ။

စရိုဒေသနာ လေးမြတ်စွာဖြင့် (၇)ဖြာဂုဏ်အင် ပြည့်စုံလင်ရေး ဦးစားပေးအလေးထားခါ ကျင့်ကြံကုန်ရာသတည်း။

မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသား၍
ဤကမ္ဘာ့လူထုအား ဝိဇ္ဇာစာတ်အလင်းရောင်ပေးတော်မူခဲ့သော
လယ်တီဆရာတော်ဘုရားကြီး အမြဲမပြတ် ရှိခိုးပူဇော်လေ့ရှိသော

**'ပိဋကတ်သုံးပုံ ဓမ္မစေတီ'**

**ဘုရားရှိခိုးကြီး**

တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒေသိတာနိ ပညတ္တာနိ တီဏိ ပိဋကာနိ၊ ကတမာနိ တီဏိ?

ဝိနယ ပိဋကံ သုတ္တန္တ ပိဋကံ အဘိဓမ္မပိဋကန္တိ။

ဣမာနိ တီဏိ ပိဋကာနိ-

၁။ အာဒိ ကလျာဏာနိ၊

၂။ မဇ္ဈေ ကလျာဏာနိ၊

၃။ ပရိယောသာန ကလျာဏာနိ၊

၄။ သာတ္ထာနိ၊

၅။ သဗျဉ္ဇနာနိ၊

၆။ ကေဝလပရိပုဏ္ဏာနိ၊

၇။ ပရိသုဒ္ဓါနိ၊

၈။ သိက္ခတ္တယသင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနိ၊

၉။ အတ္ထဂမ္ဘီရာနိ၊

၁၀။ ဓမ္မဂမ္ဘီရာနိ၊

၁၁။ ဒေသနာဂမ္ဘီရာနိ၊

၁၂။ ပဋိဝေဓဂမ္ဘီရာနိ၊

၁၃။ သီလက္ခန္ဓဘာဇနာနိ၊

၁၄။ သမာဓိက္ခန္ဓဘာဇနာနိ၊

၁၅။ ပညက္ခန္ဓဘာဇနာနိ၊
၁၆။ ဝိမုတ္တိက္ခန္ဓ ဘာဇနာနိ၊
၁၇။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနိ၊
၁၈။ အဘိညာသံဝတ္တနိကာနိ၊
၁၉။ ပရိညာသံဝတ္တနိကာနိ၊
၂၀။ သမ္မောဓ သံဝတ္တနိကာနိ၊
၂၁။ ဝိရာဂ သံဝတ္တနိကာနိ၊
၂၂။ နိရောဓ သံဝတ္တနိကာနိ၊
၂၃။ နိဗ္ဗာနသံဝတ္တနိကာနိ၊

နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ မဇ္ဈေကလျာဏာနံ ပရိယာသာနကလျာဏာနံ သာတ္ထာနံ သဗျဉ္ဇနာနံ ကေဝလ ပရိပုဏ္ဏာနံ ပရိသုဒ္ဓါနံ သိက္ခတ္တယ သင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနံ အတ္ထဂမ္ဘီရာနံ ဓမ္မဂမ္ဘီရာနံ ဒေသနာဂမ္ဘီရာနံ ပဋိဝေဓ ဂမ္ဘီရာနံ သီလက္ခန္ဓဘာဇနာနံ သမာဓိက္ခန္ဓ ဘာဇနာနံ ပညက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနံ အဘိညာသံ ဝတ္တနိကာနံ ပရိညာသံဝတ္တနိကာနံ သမ္မောဓသံဝတ္တနိကာနံ ဝိရာဂသံဝတ္တနိကာနံ နိရောဓသံဝတ္တနိကာနံ နိဗ္ဗာနသံဝတ္တနိကာနံ

ဒုတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

တတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

ပိဋကတ်သုံးပုံ၏ ဂုဏ်တော် (၂၃)ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

သာသနာတော်နှစ် ၂၅၄၉၊ ကောဇာ ၁၃၆၇ ခု၊ ဝါခေါင်လပြည့်ကျော် (၅)ရက်၊ (၂၄-၈-၂၀၀၅) ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အခါတော်နေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက် သင်ယူပို့ချလျှက် ရှိသော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပါဠိ ပိဋကတ်နှင့် အဋ္ဌကထာ ဋီကာ ဓမ္မစေတီတော်များ-

## မြတ်စွာဘုရားဟော ပါဠိတော်ကျမ်းစာများ

### ဝိနယ

| | |
|---|---|
| ၁။ ပါရာဇိကကဏ္ဍပါဠိ | ၃၈၁ |
| ၂။ ပါစိတ္တိယပါဠိ | ၄၇၀ |
| ၃။ မဟာဝဂ္ဂပါဠိ | ၅၁၁ |
| ၄။ စူဠဝဂ္ဂပါဠိ | ၅၀၈ |
| ၅။ ပရိဝါရပါဠိ | ၃၉၀ |
| | ၂၂၆၀ |

### မဇ္ဈိမနိကာယ

| | |
|---|---|
| ၉။ မူလပဏ္ဏာသပါဠိ | ၄၁၅ |
| ၁၀။ မဇ္ဈိမပဏ္ဏာသပါဠိ | ၄၃၉ |
| ၁၁။ ဥပရိပဏ္ဏာသပါဠိ | ၃၅၂ |
| | ၁၂၀၆ |

### ဒီဃနိကာယ

| | |
|---|---|
| ၆။ သီလက္ခန္ဓဝဂ္ဂပါဠိ | ၂၃၆ |
| ၇။ မဟာဝဂ္ဂပါဠိ | ၂၈၃ |
| ၈။ ပါထိကဝဂ္ဂပါဠိ | ၂၆၀ |
| | ၇၇၉ |

### သံယုတ္တနိကာယ

| | | |
|---|---|---|
| ၁၂။ သံယုတ္တပါဠိ | (ပ) | ၄၇၂ |
| ၁၃။ ။ | (ဒု) | ၅၆၇ |
| ၁၄။ ။ | (တ) | ၄၁၅ |
| | | ၁၄၅၄ |

## အင်္ဂုတ္တရနိကာယ


| | | |
|---|---|---|
| ၁၅။ အင်္ဂုတ္တရပါဠိ | (ပ) | ၅၈၀ |
| ၁၆။ ။ | (ဒု) | ၅၁၃ |
| ၁၇။ ။ | (တ) | ၅၅၈ |
| | | ၁၆၅၁ |


## အဘိဓမ္မာ


| | | |
|---|---|---|
| ၁၈။ ဓမ္မသင်္ဂဏီပါဠိ | | ၂၉၈ |
| ၁၉။ ဝိဘင်္ဂပါဠိ | | ၄၅၃ |
| ၂၀။ ဓာတုကထာ | | |
| ပုဂ္ဂလပညတ္တိ | | |
| ၂၁။ ကထာဝတ္ထုပါဠိ | | ၄၅၄ |
| ၂၂။ ယမကပါဠိ | (ပ) | ၂၆၅ |
| ၂၃။ ။ | (ဒု) | ၃၁၆ |
| ၂၄။ ။ | (တ) | ၃၃၀ |
| ၂၅။ ပဋ္ဌာနပါဠိ | (ပ) | ၄၆၄ |
| ၂၆။ ။ | (ဒု) | ၄၉၃ |
| ၂၇။ ။ | (တ) | ၆၀၅ |
| ၂၈။ ။ | (စ) | ၆၃၆ |
| ၂၉။ ။ | (ပဉ္စ) | ၄၈၈ |
| | | ၄၉၈၇ |


## ခုဒ္ဒကနိကာယ


| | | |
|---|---|---|
| ၃၀။ ပဋိသမ္ဘိဒါမဂ္ဂပါဠိ | | ၄၁၉ |
| ၃၁။ ခုဒ္ဒကပါဠိ | | |
| ဓမ္မပဒပါဠိ | | |
| ဥဒါနပါဠိ | | |
| သုတ္တနိပါတပါဠိ | | ၄၅၅ |
| ၃၂။ ဝိမာနဝတ္ထုပါဠိ | | |
| ပေတဝတ္ထုပါဠိ | | |
| ထေရဂါထာပါဠိ | | |
| ထေရီဂါထာပါဠိ | | ၄၃၅ |
| ၃၃။ အပဒါနပါဠိ | (ပ) | ၄၄၅ |
| ၃၄။ ။ | (ဒု) | |
| ဗုဒ္ဓဝံသပါဠိ | | |
| စရိယာပိဋကပါဠိ | | ၄၂၀ |
| ၃၅။ မဟာနိဒ္ဒေသ | | ၄၁၀ |
| ၃၆။ စူဠနိဒ္ဒေသပါဠိ | | ၃၀၇ |
| ၃၇။ ဇာတကပါဠိ | (ပ) | ၄၀၀ |
| ၃၈။ ။ | (ဒု) | ၃၇၈ |
| ၃၉။ နေတ္တိပါဠိ | | |
| ပေဋကောပဒေသပါဠိ | | ၃၄၁ |
| ၄၀။ မိလိန္ဒပဉှာပါဠိ | | ၄၀၈ |
| | | ၄၄၁၈ |

# အဋ္ဌကထာကျမ်းစာများ

## ဝိနယအဋ္ဌကထာ


| | | |
|---|---|---|
| ၁။ | ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ) | ၃၄၆ |
| ၂။ | ။ (ဒု) | ၃၁၂ |
| ၃။ | ပါစိတျာဒိအဋ္ဌကထာ | ၄၃၇ |
| ၄။ | စူဠဝဂ္ဂါဒိအဋ္ဌကထာ | ၂၆၅ |
| ၅။ | ဝိနယသင်္ဂဟအဋ္ဌကထာ | ၄၆၈ |
| ၆။ | ကင်္ခါဝိတရဏီအဋ္ဌကထာ | ၃၇၅ |
| | | ၂၁၈၅ |


## ဒီဃနိကာယ


| | | |
|---|---|---|
| ၇။ | သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ | ၃၃၈ |
| ၈။ | မဟာဝဂ္ဂအဋ္ဌကထာ | ၄၀၃ |
| ၉။ | ပါထိကဝဂ္ဂအဋ္ဌကထာ | ၂၅၁ |
| | | ၉၉၂ |


## မဇ္ဈိမနိကာယ


| | | |
|---|---|---|
| ၁၀။ | မူလပဏ္ဏာသအဋ္ဌကထာ(ပ) | ၃၉၈ |
| ၁၁။ | ။ (ဒု) | ၃၂၀ |
| ၁၂။ | မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ | ၃၀၉ |
| ၁၃။ | ဥပရိပဏ္ဏာသအဋ္ဌကထာ | ၂၅၄ |
| | | ၁၂၈၁ |


## သံယုတ္တနိကာယ


| | | |
|---|---|---|
| ၁၄။ | သံယုတ္တအဋ္ဌကထာ (ပ) | ၃၂၅ |
| ၁၅။ | ။ (ဒု) | ၃၂၄ |
| ၁၆။ | ။ (တ) | ၃၄၁ |
| | | ၉၉၀ |


## အင်္ဂုတ္တရနိကာယ


| | | |
|---|---|---|
| ၁၇။ | အင်္ဂုတ္တရအဋ္ဌကထာ (ပ) | ၄၁၆ |
| ၁၈။ | ။ (ဒု) | ၃၉၇ |
| ၁၉။ | ။ (တ) | ၃၅၇ |
| | | ၁၁၇၀ |


## အဘိဓမ္မာ


| | | |
|---|---|---|
| ၂၀။ | အဋ္ဌသာလိနီအဋ္ဌကထာ | ၄၅၄ |
| ၂၁။ | သမ္မောဟဝိနောဒနီအဋ္ဌကထာ | ၅၀၈ |
| ၂၂။ | ပဉ္စကရဏအဋ္ဌကထာ | ၄၉၉ |
| | | ၁၄၆၁ |


## ခုဒ္ဒကနိကာယအဋ္ဌကထာ


| | | |
|---|---|---|
| ၂၃။ | ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ(ပ) | ၃၄၅ |
| ၂၄။ | ။ (ဒု) | ၃၂၃ |
| ၂၅။ | ခုဒ္ဒကပါဌအဋ္ဌကထာ | ၂၁၆ |
| ၂၆။ | ဓမ္မပဒအဋ္ဌကထာ (ပ) | ၄၄၇ |
| ၂၇။ | ။ (ဒု) | ၄၅၆ |
| ၂၈။ | ဥဒါနအဋ္ဌကထာ | ၃၉၂ |
| ၂၉။ | ဣတိဝုတ္တကအဋ္ဌကထာ | ၃၅၅ |
| ၃၀။ | သုတ္တနိပါတအဋ္ဌကထာ (ပ) | ၃၁၄ |
| ၃၁။ | ။ (ဒု) | ၃၂၄ |
| ၃၂။ | ဝိမာနအဋ္ဌကထာ | ၃၃၅ |
| ၃၃။ | ပေတဝတ္ထုအဋ္ဌကထာ | ၂၇၀ |
| ၃၄။ | ထေရဂါထာအဋ္ဌကထာ(ပ) | ၄၈၅ |
| ၃၅။ | ။ (ဒု) | ၅၄၆ |
| ၃၆။ | ထေရီဂါထာအဋ္ဌကထာ | ၃၀၅ |
| ၃၇။ | အပဒါနအဋ္ဌကထာ(ပ) | ၃၅၂ |
| ၃၈။ | ။ (ဒု) | ၃၀၃ |
| ၃၉။ | ဗုဒ္ဓဝံသအဋ္ဌကထာ | ၃၅၄ |
| ၄၀။ | စရိယာပိဋကအဋ္ဌကထာ | ၃၂၈ |
| ၄၁။ | မဟာနိဒ္ဒေသအဋ္ဌကထာ | ၄၁၉ |
| ၄၂။ | စူဠနိဒ္ဒေသအဋ္ဌကထာ | ၁၃၉ |
| | နေတ္တိအဋ္ဌကထာ | ၂၇၆ |
| ၄၃။ | ဇာတကအဋ္ဌကထာ (ပ) | ၅၃၈ |
| ၄၄။ | ။ (ဒု) | ၄၀၈ |
| ၄၅။ | ။ (တ) | ၅၁၇ |
| ၄၆။ | ။ (စ) | ၅၀၄ |
| ၄၇။ | ။ (ပဉ္စ) | ၅၅၃ |
| ၄၈။ | ။ (ဆ) | ၃၃၂ |
| ၄၉။ | ။ (သ) | ၃၈၇ |
| ၅၀။ | ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ပ) | ၃၇၀ |
| ၅၁။ | ။ (ဒု) | ၃၅၆ |
| | | ၁၁၃၂၉ |

# ဋီကာကျမ်းစာများ

## ဝိနယဋီကာ

| | | |
|---|---|---|
| ၁။ | ဝဇိရဗုဒ္ဓိဋီကာ | ၅၈၅ |
| ၂။ | သာရတ္ထဒီပနီဋီကာ (ပ) | ၄၆၀ |
| ၃။ | ။ (ဒု) | ၄၄၈ |
| ၄။ | ။ (တ) | ၄၉၆ |
| ၅။ | ဝိမတိဝိနောဒနီဋီကာ (ပ) | ၃၆၂ |
| ၆။ | ။ (ဒု) | ၃၃၂ |
| ၇။ | ကင်္ခါဝိတရဏီပုရာဏဋီကာ<br>ကင်္ခါဝိတရဏီအဘိနဝဋီကာ | ၄၈၉ |
| | | ၃၇၈၂ |

## ဒီဃနိကာယဋီကာ

| | | |
|---|---|---|
| ၈။ | သီလက္ခန္ဓဝဂ္ဂဋီကာ | ၄၀၅ |
| ၉။ | သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ(ပ) | ၄၃၇ |
| ၁၀။ | ။ (ဒု) | ၅၀၀ |
| ၁၁။ | မဟာဝဂ္ဂဋီကာ | ၃၅၈ |
| ၁၂။ | ပါထိကဝဂ္ဂဋီကာ | ၂၉၂ |
| | | ၁၉၉၂ |

## မဇ္ဈိမနိကာယဋီကာ

| | | |
|---|---|---|
| ၁၃။ | မူလပဏ္ဏာသဋီကာ (ပ) | ၃၉၄ |
| ၁၄။ | ။ (ဒု) | ၃၂၄ |
| ၁၅။ | မဇ္ဈိမ+ဥပရိပဏ္ဏာသဋီကာ | ၄၄၂ |
| | | ၁၁၆၀ |

## သံယုတ္တဋီကာ

| | | |
|---|---|---|
| ၁၆။ | သံယုတ္တဋီကာ (ပ) | ၃၄၅ |
| ၁၇။ | ။ (ဒု) | ၅၅၁ |
| | | ၈၉၆ |

## အင်္ဂုတ္တရဋီကာ

| | | |
|---|---|---|
| ၁၈။ | အင်္ဂုတ္တရဋီကာ (ပ) | ၂၈၈ |
| ၁၉။ | ။ (ဒု) | ၃၉၆ |
| ၂၀။ | ။ (တ) | ၃၇၁ |
| | | ၁၀၅၅ |

## အဘိဓမ္မာဋီကာ

| | | |
|---|---|---|
| ၂၁။ | ဓမ္မသင်္ဂဏီမူလဋီကာ | ၂၀၃ |
| | ဓမ္မသင်္ဂဏီအနုဋီကာ | ၂၂၀ |
| ၂၂။ | ဝိဘင်္ဂမူလဋီကာ | ၂၃၅ |
| | ဝိဘင်္ဂအနုဋီကာ | ၂၂၉ |
| ၂၃။ | ပဉ္စပကရဏမူလဋီကာ | ၂၄၈ |
| | ပဉ္စပကရဏအနုဋီကာ | ၃၂၃ |
| | | ၁၄၅၈ |

## ကျန်ဋီကာ

| | | |
|---|---|---|
| ၂၄။ | ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပ) | ၄၆၁ |
| ၂၅။ | ။ (ဒု) | ၅၃၅ |
| ၂၆။ | နေတ္တိဋီကာ<br>နေတ္တိဝိဘာဝိနီဋီကာ | ၃၅၆ |
| | | ၁၃၅၂ |

## သင်ရိုး ပိဋက
## ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများ

| ပိဋက | ပါဠိတော် | | အဋ္ဌကထာ | | ဋီကာ | |
|---|---|---|---|---|---|---|
| | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ |
| ဝိနယ | ၅ | ၂၂၆၀ | ၄ | ၁၃၆၀ | ၆ | ၂၆၇၃ |
| သုတ္တန္တ | ၃ | ၇၇၉ | ၃ | ၉၉၂ | ၅ | ၁၉၉၂ |
| အဘိဓမ္မ | ၁၂ | ၄၉၈၇ | ၃ | ၁၄၆၁ | ၃ | ၁၄၅၈ |
| စုစုပေါင်း | ၂၀ | ၈၀၂၆ | ၁၀ | ၃၈၁၃ | ၁၄ | ၆၁၂၃ |

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်မြတ်သည် ဓမ္မစေတီ တော်မည်၏။

ဓမ္မစေတီတော်မြတ် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်သည် ယခုတိုင် အကျွန်ုပ်တို့အား ဘုရားကိုယ်တော်စား လမ်းမှန်ညွှန်ပြ တရားဟော တရားပြတော်မူလျှက် ရှိနေပါသည်။

ညီဖွားအာနန္ဒာ ယခု ငါဘုရားတစ်ဆူတည်းသာ ပရိနိဗ္ဗာန် ဝင်စံပါသေး၏။ နောင် ငါဘုရားမရှိရင် ငါ့ (၈၄၀၀၀)သော ဓမ္မက္ခန္ဓာတို့သည် သင်တို့ကို သွန်သင်ဆုံးမကြလိမ့်မည်ဟူသော အဓိပ္ပါယ်ဖြင့် အာနန္ဒာ ငါဘုရား ဟောကြားထားတဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာ တရားတော်သည် ငါဘုရားမရှိရင် သင်တို့ရဲ့ ဆရာပဲဟု မိန့်တော်မူခဲ့ပါသည်။

**ခန္ဓာကိုယ်နှင့်ဓမ္မစေတီကျောင်းဥပမာ**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပဋ္ဌိစ္စသမုပ္ပါဒဒီပနီ စာမျက်နှာ (၂၄)၌-

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ စေတီလေးပါး ရှိသည်တွင် ဓမ္မစေတီကို ကိုးကွယ်လိုသောသူသည်-

ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ စသော ပါဠိတော်ကြီးများကို ရွှေပြား၊ ငွေပြားမှာရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာ လာသည်တစ်ရပ်၊

ဓမ္မာနုဿတိ တည်ရှိသောသူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူသည်၊ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာသည်တစ်ရပ်၊

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သည် ငါဘုရားကိုယ်တော်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည်တစ်ရပ်၊

ဤသို့ လာသောအရာများကို ထောက်ဆ၍ ဤပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာအကျဉ်းအကျယ် ပါဠိတော်ကြီးများကို အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သောသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဓမ္မစေတီကျောင်းတော်နှင့် တူ၏။ လူနတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏ ဟု သိအပ်၏။

**ဓမ္မစေတီတော်မြတ် ပိဋကတ်ကို အဆင့်ဆင့်စောင့်ထိန်း**

မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ကိုယ်တော်တိုင် တည်ထား ကိုးကွယ်ခဲ့သော ဓမ္မစေတီတော်တို့သည် (၈၄၀၀၀)ရှိကုန်၏။ လူ့ပြည် ထက်ဝက်၊ နတ်ပြည်ထက်ဝက် တည်ထားတော်မူခဲ့ပါသည်။ ဘုရား ကိုယ်တိုင် တည်သောဘုရားဟူသည် ဤဓမ္မစေတီများပါပင်တည်း။ ထိုဘုရားတည်သော ဘုရားတို့ကို ဘုရားပရိနိဗ္ဗာန် စံပြီး နှစ်ပေါင်း (၄၅၀)နှစ် တိုင်တိုင် နှုတ်တက်အာဂုမ်ဆောင်တော်မူခဲ့ကြပါသည်။

နှုတ်ဖြင့်ဆောင်သည် ရင်နို့ရည် မည်မျှနှစ်ပေါင်း ကြာသနည်းဟု မေးခွန်းထုတ်ခဲ့ပါသည်။

အဖြေကား- နှစ် (၄၅၀)ဟု ဖြစ်ပါသည်။

**ပေစာ**

သာသနာနှစ် (၄၅၀)ရောက်လျှင် နောင်ရေးအတွက် "ပေစာ" ဟု ပေါ်ပေါက်ခဲ့ပါသည်။ သီဟိုဠ်ကျွန်း စတုတ္ထသံဂါယနာတင်ရာတွင် ပေထက်အက္ခရာ တင်ခဲ့ပါသည်။

ပဉ္စမသံဂါယနာ (သာသနာနှစ် ၂၄၀၀)နှစ်၌ ကျောက်စာ ပေါ်ပေါက်ခဲ့ရာ ပေစာ၏သက်တမ်းသည် နှစ်ပေါင်း ၁၉၆၀ ခန့် တည်ရှိ ထိန်းသိမ်းခဲ့ပါသည်။

**ကျောက်စာ**

သာသနာတော်နှစ် ၂၄၀၀ နှစ်တွင် မဟာလောကမာရဇိန် ကုသိုလ်တော် မြတ်စွာဘုရား ပရိဝုဏ်တွင် သုတ္တန်သုံးကျမ်း ကျောက်စာ အချပ် (၄၁၀)၊ ဝိနည်းငါးကျမ်း ကျောက်စာ (၁၁၁)ချပ်၊ အဘိဓမ္မာခုနစ် ကျမ်း ကျောက်စာ (၂၀၈)ချပ်၊ စုစုပေါင်း ကျောက်စာ (၇၂၉)ချပ်။

နန်းမြေဘုံသာ နန်းတော်ရာ စန္ဒာမုနိ ဘုရားပရိဝုဏ်တွင် ပိဋကတ်သုံးပုံမှ ဝိနည်း အဋ္ဌကထာ ဋီကာ အပြည့်အစုံရေးထိုးထားသော ကျောက်စာချပ်ရေ (၁၇၇၂)ချပ်နှင့် သမိုင်းမော်ကွန်း သံပြားနှစ်ချပ် အပါအဝင် စုစုပေါင်းကျောက်စာ (၁၇၇၄)ချပ် တည်ထားခဲ့ပါသည်။

ကျောက်စာတစ်ချပ်လျှင် စေတီတစ်ဆူနှုန်း တည်ထားခဲ့သည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် ကျော်ကြားခဲ့ပါသည်။ အနှစ်သာရ ပြည့်ဝသည်။ သာသနာ့အမွေအနှစ်များ ဖြစ်သကဲ့သို့ တန်ဖိုးကြီးမားသော သမိုင်းအမွေအနှစ်အဖြစ်လည်း ထင်ရှားလှပါသည်။

**ပေစာ၏နိဂုံး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပိဋကစာပေ အတိုးတက်ဆုံး၊ သာသနာစည်ပင်ထွန်းကားဆုံး အချိန်ကား ရာဇဝင်သမိုင်း မှတ်တမ်းများမှ လေ့လာသိရှိချက်အရ ကုန်းဘောင်နောက်ဆုံးခေတ် မင်းတုန်းမင်းလက်ထက်ဟု ဆိုရပါမည်။

အဲဒီအချိန်က မြန်မာနိုင်ငံတော်၌ သံဃာတော်ပေါင်း ခြောက်သိန်းကိုးသောင်းကျော်ရှိ၍ မန္တလေးမြို့တွင် ဘုရင်ကိုးကွယ်သော ဘွဲ့တံဆိပ်ရ ဆရာတော်ပေါင်း (၈၀)ခန့် ရှိခဲ့သည်။ စာသင်တိုက်ကြီးပေါင်း (၁၇၉)တိုက်တွင် စာချဆရာတော် (၃၀၀၀)ခန့်ကို အမှီပြု၍ စာလိုက်သံဃာပေါင်းမှာ ခြောက်သောင်းကျော်ရှိသည်။

ထိုသို့ သာသနာစည်ပင်ထွန်းကားခဲ့သော်လည်း ကြေကွဲဝမ်းနည်းဖွယ်ရာမှာ ပြည်မြန်မာ၏ ကံကြမ္မာဆိုး ကြုံခဲ့ရသော သီပေါမင်းအား အင်္ဂလိပ်များ ဖမ်းဆီးသည့်အချိန်ဖြစ်သည်။

နန်းတွင်းတစ်ခုလုံးရှိ ပြတိုက်၌ ပေပုရပိုက်များထည့်သည့် စာတိုက်သေတ္တာကြီးအားလုံးကို အင်္ဂလိပ်စစ်ဗိုလ်စစ်သားနှင့် နောက်ပါ လူပါစုများက အဖိုးတန်ရတနာများ ရှာဖွေယူဆောင်ကြသဖြင့် ပေစာများ၊ ပုရပိုက်များ အစည်းပျက်၊ အခေါက်ပြေလျှက် ပရမ်းပတာ ဖရိုဖရဲ ကျန်ခဲ့၏။ နောက်နေ့တွင် သန့်ရှင်းရေးအတွက် အမှိုက်လှည်း ကုလားများက ယင်းပေပုရပိုက်များကို စုပုံ၍မီးရှို့ပစ်ကြလေသည်။ ထိုအကြောင်းကို တန်ဆောင်မုန်းလဆုတ် (၁၁)ရက်နေ့တွင် တောင်ခွင်မင်းကြီးသိရသဖြင့် ပေပုရပိုက်များကို မီးမရှို့ရန် တောင်းပန် မေတ္တာရပ်ခံစာကို စာရေးတော်ကြီး ဦးမြဲအား ကာနယ်စလေဒင်ထံသို့ အပေးခိုင်းသဖြင့် ကာနယ်စလေဒင်က "မည်သူမျှ ပေပုရပိုက်များကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ယူငင်ခြင်း မပြုလုပ်ရန် အမိန့်ထုတ်ပြန် တားဆီးခဲ့လေသည်"။

နောင်အခါ၌ နွားလှည်းအစီးရေ လေးဆယ်ကျော်တိုက်လောက် ရှိသော နန်းတွင်းရှိ ကြွင်းကျန်သည့် ပေပုရပိုက် ထန်းဖူးစာများကို ရန်ကုန် အတွင်းဝန်ရုံးကြီးသို့ ယူဆောင်ထားလေသည်။

ဤသည်တို့မှာ မြန်မာပြည်၏ ယဉ်ကျေးမှုစာပေအနုပညာနှင့် အဖိုးတန်သာသနာ့အမွေအနှစ်တို့ ဆုံးပါးခဲ့ရခြင်းနှင့် ပေခေတ်၏နိဂုံးပိုင်း အခြေအနေကို သုံးသပ်ရပေသည်။

ဤသို့ ပေမီးရှို့ခံရတော့မှ ခဲရာခဲဆစ် ကျောက်စာစေတီတော် များ၏ ဂုဏ်ကျေးဇူးတို့သည် ပေါ်လွင်ခဲ့ပါတော့သည်။

(57)

# လယ်တီဝိပဿနာအမှတ် (၈)

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


- ဒုတိယအကြိမ် လယ်တီကမ္မဋ္ဌာနာစရိယ ဆရာဖြစ် သင်တန်းဖွင့်ပွဲ (၁၄-၆-၂၀၀၅) မုံရွာမြို့ လယ်တီနိကာယအကျိုးတော်ဆောင် အရှေ့လယ်တီဆရာတော် ဘဒ္ဒန္တကုဏ္ဍလ အဂ္ဂမဟာပဏ္ဍိတ၏ ဩဝါဒ ၁
- ရဟန်းတို့အလုပ် ၇
- ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲဩဝါဒ ၁၅
- လယ်တီကမ္မဋ္ဌာနာစရိယ
- ဒုတိယအကြိမ် ဆရာဖြစ်သင်တန်းမှတ်တမ်း ၂၂
- ဖွင့်ပွဲ ၂၇
- ဒုတိယအကြိမ် လယ်တီကမ္မဋ္ဌာနာစရိယ သင်တန်းအောင်ပွဲ အခမ်းအနား ၄၀
- ဆရာဖြစ်သင်တန်း(၁) ၄၇
    - ရာပြည့်အထိမ်းအမှတ်ပွဲ ၄၇
    - ဉာဏ်စဉ်(၁၀)ပါး လင်္ကာရာပြည့် ၄၄
- ဆရာဖြစ်သင်တန်း (၂) ၅၇
- ဆရာဖြစ်သင်တန်း (၃) ၆၈
    - အားမွေးပြီးမှ ၇၇
    - လှည်းနဲ့လှေလို ၇၆
- ဆရာဖြစ်သင်တန်း (၅) ၇၈
    - ပယ်ဖျောက်သညာ ၈၃

**အကြောင်းအရာ** | **စာမျက်နှာ**

- ဆရာဖြစ်သင်တန်း (၆) ၈၉
    - ဘုရားရှင်စကားတော်ကိုမှီ ၁၀၀
- ဆရာဖြစ်သင်တန်း (၇-၈) ၁၀၇
    - ဓမ္မဝိဟာရီ ၁၂၁
- ဆရာဖြစ်သင်တန်း (၉) ၁၂၇
- ဆရာဖြစ်သင်တန်း (၁၀) ၁၄၃
- ဆရာဖြစ်သင်တန်း (၁၁) ၁၅၆
    - ဓမ္မစကြာ ၁၅၈
- ဆရာဖြစ်သင်တန်း (၁၂) ၁၇၃
    - ဓမ္မအောင်လံစိုက်ထူတော်မူကြပါ ၁၇၇
- ဆရာဖြစ်သင်တန်းအောင်ပွဲ ဩဝါဒ ၁၈၇
- ဘဝငြိမ်းချမ်းရေးရှာပုံတော်တရားတော် ၁၉၇
- ဧရာဝတီတိုင်း၊ ဘိုကလေးမြို့၊ အရှင်ဇဋိလအားပူဇော်ပွဲ ၂၁၄
- နိယာမငါးပါး တရားတော် ၂၃၀
- အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံ တရားတော် ၂၄၁
- ဗုဒ္ဓဘာသာ(၄)မျိုး တရားတော် ၂၅၇
- လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနန်းနွယ်၏ လျှောက်ထားလွှာ ၂၇၂
- မင်္ဂလာထုတိ ဝေဒလ္လဂါထာ ၂၇၆
- ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကလေးဝတောရဆရာတော် မိန့်ကြားသည့် အဖွင့်ဩဝါဒကထာ ၂၈၅
- ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကလေးဝတောရဆရာတော် မြွက်ကြားသည့် နိဂုံးချုပ်ဩဝါဒ ၂၈၉

## ဒုတိယအကြိမ် လယ်တီကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်းဖွင့်ပွဲ ၁၄–၆–၂၀၀၅ မုံရွာမြို့ လယ်တီနိကာယအကျိုးတော်ဆောင် အရှေ့လယ်တီဆရာတော် ဘဒ္ဒန္တကုဏ္ဍလ အဂ္ဂမဟာပဏ္ဍိတ၏ ဩဝါဒ

၁၃၆၇ခုနှစ် နယုန်လဆန်း (၈)ရက်နေ့၊ ဒုတိယအကြိမ် လယ်တီကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားမှာ အရှင်မြတ်တို့ သင်တန်းဆင်းသော အချိန်အခါမှာ အထူးမှတ်သား ရမည့် အခြင်းအရာများကို တပည့်တော် အနည်းငယ် လျှောက်ထား လိုပါတယ်။ ယခု ကြွရောက်တော်မူလာကြတဲ့ ကမ္မဋ္ဌာနာစရိယ လောင်းလျာများ ဖြစ်ကြတဲ့ အရှင်မြတ်တို့အနေနဲ့ ယခုသင်တန်းရက် သတ်မှတ်ထားတဲ့အချိန်မှာ သတ်မှတ်ထားသော အချိန်အပြည့်အစုံ မှတ်သားမိအောင် အထူး အားထုတ်ဖို့ လျှောက်ထားလိုပါတယ် ဘုရား။

ဤကဲ့သို့ မိမိကိုယ်တိုင်ကျင့်သုံးထားတဲ့ ဝိပဿနာနည်းလမ်း များကို အရှင်မြတ်တို့က ဖြန့်ဝေရမယ့် ညွှန်ကြားရမယ့်အရှင်မြတ်တွေ ဖြစ်ပါတယ် ဘုရား။

ရိုးရိုးတရားအားထုတ်လာကြတဲ့ ယောဂီသူတော်စင်များထက် အထူးမှတ်သားဖို့ လိုအပ်ပါတယ်ဘုရား။ မိမိတို့ကိုယ်တိုင် အားထုတ် လို့ တွေ့တဲ့အခါမှာ မိမိတို့ဉာဏ်ထဲမှာပေါ်လာတဲ့ အခြင်းအရာ အားလုံးကို သုံးသပ်ပြီးတော့ မှတ်သားစေလိုပါတယ်ဘုရား။ ကျမ်းဂန် ထဲမှာလာတဲ့ စာပေ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလာတဲ့စာပေ၊

နောက်ဗုဒ္ဓဟောထား ပါဠိတော်များမှာလာတဲ့ စာပေများကို ရှုရတာထက် ပြောရတာထက် ကိုယ်တိုင်သိတဲ့ သစ္စိကာတဗ္ဗဓမ္မကို ပြောရတာက ပိုပြီးတော့ ထိရောက်ပါတယ်။ သမ္မသနဉာဏ် ဖြစ်တယ်ဆိုတော့ ရုပ်တရား နာမ်တရားတို့ရဲ့ အနိစ္စအချက်ကို ပြက်ပြက်ထင်အောင် သုံးသပ်တာပဲလို့ ပြောလို့ လွယ်ပါတယ်ဘုရား။ အရှင်ဘုရားတို့ ရှုမှတ်တဲ့ အချိန်အခါကာလမှာ အားထုတ်အပ်သော ဝိပဿနာရဲ့ အာရုံဖြစ်တဲ့ ဥပါဒါနိယဖြစ်သော ဥပါဒါနက္ခန္ဓာ မိမိခန္ဓာကိုယ်ထဲမှာ ဖြစ်တဲ့ ရုပ်တရား တစ်ခုခုကိုသော် လည်းကောင်း၊ နာမ်တရား တစ်ခုခုကိုသော်လည်းကောင်း၊ သုံးသပ်ပြီးတော့ ထိုမိမိ သန္တာန်မှာဖြစ်သော ပစ္စုပ္ပန်ရုပ် ပစ္စုပ္ပန်နာမ်တရားဟာ ဘယ်လိုဉာဏ် ထဲမှာ ပေါ်လာတယ်ဆိုတာ အရှင်ဘုရားတို့ အထူးသတိထားဖို့ လိုပါတယ်ဘုရား။

ပစ္စုပ္ပန်ရုပ်, ပစ္စုပ္ပန်နာမ် အဇ္ဈတ္တဖြစ်တဲ့ ဒီရုပ်နာမ်တရားကိုမှ မသိပဲနဲ့ တပည့်တော်တို့ အနိစ္စသုံးသပ်လို့ မရပါဘူးဘုရား။ ဥပါဒါနက္ခန္ဓာဖြစ်တဲ့ မိမိသန္တာန်မှာဖြစ်တဲ့ ပစ္စုပ္ပန်ရုပ်စစ်စစ်၊ ပစ္စုပ္ပန် နာမ်စစ်စစ်ကို မိပြီးမှ ရူပပရိဂ္ဂဟ နာမပရိဂ္ဂဟ နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်ပြီးမှ ဝိပဿနာ အနိစ္စ ဒုက္ခ အနတ္တ သုံးသပ်ချက်တွေ သုံးသပ်ရပါတယ်ဘုရား။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ၊ ဣန္ဒြေငါးပါးကို မြတ်စွာဘုရား ဦးတည်ပြီး ဟောထားတာ ရှိပါတယ်ဘုရား။ အဲဒီအထဲက မဟာ ကုသိုလ်ဉာဏသမ္ပယုတ် စိတ်တစ်ခုမှာ ယှဉ်နိုင်သောစိတ်က ဝိရတီ ရယ်၊ အပ္ပမညာရယ် တရားအားထုတ်ချိန်မှာ ဒီကိစ္စမပါဘူးဘုရား။

ဝိရတီ ကိစ္စလဲမပါပါ၊ အပ္ပမညာကိစ္စလဲမပါဘူး။ ဝိရတီ(၃) အပ္ပမညာ(၂)ငါးလုံး ထုတ်လိုက်တော့ စေတသိက် တ၁သပဲရပါတယ်ဘုရား။ စိတ်နဲ့တွဲလိုက်တဲ့ အခါကျတော့ ဝိပဿနာစိတ္တုပ္ပါဒ်ထဲ၌ ရှုတဲ့တရားထဲ၌ (၃၄)ပါးသာ တပည့်တော်တို့အားထုတ်ရမယ့် တရားတွေပါဘုရား။

အဲဒီ(၃၄)ပါးထဲမှာ သဒ္ဓါက အုပ်စိုးလိုက်တဲ့အခါ သဒ္ဓါက ခေါင်းဆောင်ကျန်တဲ့(၃၃)ပါးက နောက်လိုက်တွေပါဘုရား။ ဝီရိယ ရှေ့ဆောင်ပြီးတော့ ဝီရိယအစိုးရတဲ့အခါမှာ ဝီရိယကခေါင်းဆောင် ကျန်တဲ့စိတ်နဲ့ စေတသိက်က နောက်လိုက်ဖြစ်ပါတယ်။ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ အစိုးရတဲ့အခါမှာ သတိကရှေ့သွားတယ်။ သမာဓိကရှေ့သွားတယ်။ ပညာက ရှေ့သွားတယ်။ အဲဒီ ဣန္ဒြေငါးပါး ခေါင်းဆောင်တဲ့အခိုက်မှာ မဟာကုသိုလ်စိတ်ရယ်၊ ဝိပဿနာမဟာ ကုသိုလ်စိတ်ရယ်၊ အားလုံးစိတ်တွေဟာ နောက်လိုက်ဖြစ်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဝိပဿနာတရားကို ဟောပြောတဲ့ အခါမှာ တခါတလေ သဒ္ဓါတစ်ခုထဲကို ထုတ်နှုတ်ပြီး ဟောကြားတာ တွေ့ရပါတယ်။ သဒ္ဓါယတရတိဩဃံ။ ဩဃံ= ဩဃလေးဖြာ သံသရာကို၊ သဒ္ဓါယ= သဒ္ဓါတရားဖြင့်၊ တရတိ= ကူးမြောက်နိုင်၏။

လောကကြီးကို လွန်မြောက်ပြီး လောကုတ္တရာနယ်ထဲသို့ သွားတဲ့အခါမှာ သဒ္ဓါနဲ့သွားရလိမ့်မယ်။ သဒ္ဓါနဲ့ကူးရလိမ့်မယ်၊ သဒ္ဓါနဲ့ နိဗ္ဗာန်အရောက် ပို့ရလိမ့်မယ်။ သဒ္ဓါကို ပဓာနထားပြီး ဟောပါတယ်။ သဒ္ဓါပုဗ္ဗင်္ဂမဖြစ်သော ဝိပဿနာစိတ်ဖြင့် ကူးတယ်လို့ ဒီလိုမှတ်ရမယ်။ သဒ္ဓါကို ခေါင်းဆောင်ပြီးတော့ တခါတရံမှာ ဝီရိယကို ပဓာနထားပြီး ဝိပဿနာတရားကိုဟောပါတယ်ဘုရား။

အာရဒ္ဓထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။

အာရဒ္ဓထ နိက္ကမထ ယုဉ္ဇထ= အာရဒ္ဓဓာတ် နိက္ကမဓာတ် ပရက္ကမဓာတ် ဝီရိယသုံးပါးတို့ဖြင့် ဟန်ချက်ညီညီ ဆက်လက်ကြိုးစားအားထုတ်လို့ရှိရင် ကိလေသာကို ဖျက်ဆီးနိုင်တယ်ဆိုရင်တော့ ဝီရိယကို ပဓာနထားပြီးတော့ ဝိပဿနာကို ဟောခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဝိပဿနာပုဂ်မထဲမှာ ဝီရိယကို ရှေ့သွားပြုပြီးတော့ ဦးဆောင်ပြီးတော့ ဝီရိယပဒဋ္ဌာန်ဖြစ်သော ဝီရိယပုဗ္ဗင်္ဂမဖြစ်သော ဝီရိယမူလကဖြစ်သော ဝိပဿနာစိတ်ကို ဝိပဿနာတရားကို မြတ်စွာဘုရား ဟောတော်မူပါတယ်။ သိဒ္ဓိန္ဒြေ, ဝီရိယန္ဒြေ, သတိန္ဒြေ တခါတရံမှာ မြတ်စွာဘုရားက ဝိပဿနာဝိဓိ ဝိပဿနာအစဉ်ကို သတိတစ်လုံးတည်းနဲ့လဲ ဟောတော်မူပါတယ်။ သက္ကာဒိဋ္ဌိပဟာနာယ သတောဘိက္ခုပရိဗ္ဗဇေ သက္ကာယဒိဋ္ဌိပဟာနာယ သက္ကာယဒိဋ္ဌိကို ပယ်ခြင်းအကျိုးငှာ၊ သတော= သတိနှင့် ပြည့်စုံသည်ဖြစ်၍၊ ဝါ၊ သတိနှင့်ပြည့်စုံသော ဘိက္ခုရဟန်းသည်၊ ပရိဗ္ဗဇေ= ကြိုးစားအားထုတ်ရာ၏။ အဲဒါသတိခေါင်းတပ်ပြီးတော့ ပြောတာ။ သတောဟူသော ပုဒ်ဖြင့် ဝိပဿနာ၏ ပဓာနမူလက သတိရှေ့သွားပြီးတော့ သတိခေါင်းဆောင်ပြီးတော့ ဟောခြင်းဖြစ်ပါ တယ်ဘုရား။

အမှန်ကတော့ ဝိပဿနာမဂ္ဂင်ထဲမှာ ဝိပဿနာ စိတ္တုပ္ပါဒ်ထဲမှာ ဒီသတိရှေ့ကသွားရင် ကျန်တဲ့ဝိပဿနာ စိတ္တုပ္ပါဒ်များဟာ သူ့ဆိုင်ရာဆိုင်ရာကိစ္စတို့ဖြင့် ပြီးပြတ်အောင် ဆောင်ရွက်သွားနိုင်တာကို မြတ်စွာဘုရား မြင်တော်မူလို့ 'သတောဘိက္ခု ပရိဗ္ဗဇေ' သတိနဲ့ ဟောပါတယ်ဘုရား။ တခါတရံမှာ သမာဓိပညာတို့ကို ပေါင်းစပ်ပြီးတော့

မြတ်စွာဘုရား ဟောတာလဲ ရှိပါတယ်ဘုရား။ သီလ သမာဓိ ပညာ သီလ ဖက်ပြီးတော့- သီလပရိဘာဝိတော သမာဓိမဟပ္ဖလော၊ မဟာနိသံသောဟောတိ၊ သမာဓိပရိဘာဝိတာ၊ ပညာမဟပ္ဖလာ မဟာနိသံသာ၊ ပညာ ပရိဘာဝိတံ စိတ္တံဝိမုစ္စတိသီလဖြင့် ထုံအပ်သော သမာဓိသည် အင်မတန်အားကောင်းတယ်။ အင်မတန် တည်ကြည်တယ်။ အင်မတန် သမာဓိခိုင်မာတယ်။

သီလ၊ သမာဓိ ထောက်ကန်မှုရရှိထားတဲ့ ပညာသည် အင်မတန် ထက်မြက်တယ်၊ အင်မတန် ချက်ကနဲ ချက်ကနဲနေအောင် အနိစ္စအချက်ကို ပျက်ပျက်ထင်အောင် မြင်နိုင်တယ်။ သီလ သမာဓိ အထောက်အပံ့ ရရှိထားပါက ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပညာပရိဘာဝိတံ စိတ္တံ ဝိမုစ္စတိလို့ဆိုသောကြောင့် ကိလေသာမှ လွတ်သွားကြောင်းဖြစ်သော ဝိပဿနာကို ဒီပါဠိတော်မှာ သီလရယ်၊ သမာဓိရယ်၊ ပညာရယ် အဲဒီသုံးချက်ကိုပြပါတယ်။ တခါတရံမှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ အဲဒီ ပဉ္စင်္ဂိကမဂ္ဂင်ကိုတော့ ဗောဓိသတ္တသုတ်မှာ မြတ်စွာဘုရား ဟောခဲ့ပါတယ်။

ဗျာမမတ္တေ ကဠေဝရေ သသညကေ သမနကေ လောကဉ္စ ပညပေမိ၊ လောကသမုဒယဉ္စပညပေမိ၊ လောကနိရောဓဉ္စ ပညပေမိ လောကနိရောဓဂါမိနိပဋိပဒဉ္စ ပညပေမိ၊ လောကပြင်ဘက် လောကုတ္တရာနယ်ဘက် နိဗ္ဗာန်ကိုသွားချင်တဲ့ ပုဂ္ဂိုလ်သည် ပကတိခြေလှမ်း ပကတိယာဉ်ရထားတွေနဲ့ သွားလို့မရဘူး။ နိဗ္ဗာန်ဆိုတဲ့ လောကနိရောဓ ဘယ်မှာရှိသလဲဆိုရင် ဒီခန္ဓာကိုယ်ထဲမှာပဲရှိတယ်။ နိဗ္ဗာန်ဆိုတာ ပြင်ဘက်မှာမရှိဘူး။

ရောဟိတဿနတ်သားသည် ခြေတစ်လှမ်းကို စကြာဝဠာ တစ်ခုနှုန်းနဲ့ သွားလိုက်တာ အသက်တစ်ရာသာဆုံးရော လောက အဆုံး မရောက်ဘူး။ (စကြာဝဠာ)က အနန္တဆိုတော့ ဘယ်လိုမှ ဆုံးဆောင်သွားလို့မရဘူး။ စကြာဝဠာအနန္တရဲ့ ဟိုဘက်မှာ နိဗ္ဗာန် ရှိတယ်လို့ မအို မနာ မသေတဲ့ နိဗ္ဗာန်ရှိတယ်လို့ သူကထင်ထားတယ်။ ဤခန္ဓာကိုယ်ထဲမှာ ငါဘုရား လောကလို့ ပညတ်တော်မူတယ်။ လောကကို ဖြစ်စေတတ်တဲ့ သမုဒယကလဲ ဒီခန္ဓာကိုယ်ထဲမှာပဲရှိတယ်။ လောကရဲ့ချုပ်ငြိမ်းမှု နိရောဓဆိုက်သွားတာလဲ ခန္ဓာကိုယ်မှာပဲ လာပြီးတော့ ဆိုက်သွားလိမ့် မယ်။ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါတရားလဲ ဒီခန္ဓာကိုယ်လောကထဲမှာ ရှိတယ်။

"လောကဆိုတာ ဤကိုယ်မှာ မှန်စွာရှိလေသည်။ ရုပ်နာမ် ဓမ္မ သင်္ခါရ လောကဆိုရသည်"။ လောကဆိုတာ ပြင်ဘက်မဟုတ် ဘူး။ မိမိအဇ္ဈတ္တသန္တာန်မှာပဲ လောကက ထွက်မြောက်လိုတဲ့ ပုဂ္ဂိုလ်သည် မိမိခန္ဓာကိုယ်ထဲမှာရှိတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရကို ရှုရတယ်။ "သမုဒယဆိုတာ ဤကိုယ်မှာ မှန်စွာရှိလေသည်။ တဏှာအစ ပစ္စယ သမုဒယဆိုရသည်"။ တဏှာကစပြီးတော့ စိတ်စေတသိက်တို့ရဲ့ အကြောင်းဟူသမျှ သမုဒယပါပဲ။ သမုဒယ ဆိုတာ ရုပ်နာမ်ရှိအောင် ပြုလုပ်တတ်တဲ့ မိမိသန္တာန်မှာဖြစ်တဲ့ တဏှာတို့ ကံ စိတ် ဥတု အာဟာရ အစရှိတဲ့ အကြောင်းတွေဟာ ဒါသမုဒယပါပဲ။ နိရောဓ ခေါ်ရသည့် ရုပ်နာမ်တို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန် ဘယ်မှာရှိသလဲ။ ဒီခန္ဓာကိုယ်နဲ့ ဆက်စပ်ပြီး ခန္ဓာကိုယ်ထဲက ရုပ်နာမ်ငြိမ်းသွားလို့ရှိရင် ရုပ်နာမ်နားမှာကပ်နေတဲ့ သန္တိအငြိမ်းဓါတ်ကလေး ဖြစ်ပါတယ်။ မီးတောက်ငြိမ်းမှုသည် မီးတောက်နားမှာရှိပါတယ်။

မီးကိုငြိမ်းမှု မီးနားမှာ ကပ်ပြီးတော့ အငြိမ်းဓါတ်က ဆက်စပ်ပြီး ကပ်နေပါတယ်။ အငြိမ်းဓါတ်သည် ခန္ဓာကိုယ်ထဲမှာရှိတယ်လို့ မြတ်စွာဘုရားက ပရိယာယ်သုံးသော်လဲ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရုပ်ခန္ဓာကိုယ်ထဲကနာမ် နောင်တဖန် မဖြစ်သောအားဖြင့် ငြိမ်းခြင်းဆိုတဲ့သဘောသည် ဤခန္ဓာကိုယ်နဲ့ ဆက်စပ်ပြီးတော့ နိဗ္ဗာန် ခန္ဓပဋိဗဒ္ဓ ခန္ဓာနှင့် ဆက်စပ်ပြီး တော့ ရှိတယ်။ "နိရောဓဆိုတာ ဤကိုယ်မှာ မှန်စွာရှိလေသည်။ ပဋိပဒါဆိုတာ ဤကိုယ်မှာ မှန်စွာရှိပေသည်။ မဂ္ဂင်(၈)ဖြာ အကျင့်ဟာ ပဋိပဒါဆိုရသည်"။ နိဗ္ဗာန်သွားချင်တဲ့ မဂ္ဂင်လဲ ဒီခန္ဓာကိုယ်ထဲမှာ ရှိတာပဲ။

ဒီကိုယ်ထဲမှာရှိတဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ အဲဒီပဉ္စင်္ဂိကမဂ်လဲပဲ ဒီခန္ဓာကိုယ်ထဲမှာရှိတာပဲ။ လောကဆိုတာ ဒီခန္ဓာပဲ။ လောကကို ဖြစ်စေတတ်သောသမုဒယလဲ ဒီခန္ဓာကိုယ်နဲ့ ဆက်စပ်နေတာပဲ ဒီလောကချုပ်ငြိမ်းခြင်းကို ရောက်ကြောင်းအကျင့်ကလဲ ဒီခန္ဓာထဲမှာ ရှိတယ်။ ပဉ္စင်္ဂိကမဂ္ဂင်ဖြင့် ဝိပဿနာတရားကို မြတ်စွာဘုရား ဟောပါတယ်။

ဒါကြောင့် အရှင်ဘုရားတို့ တရားအားထုတ်တဲ့အခါမှာ သဒ္ဓါက ဦးဆောင်တာရှိမယ်။ ဝီရိယက ဦးဆောင်တဲ့အခါ ရှိမယ်။ သီလ သမာဓိ ပညာသုံးပါးက ဦးဆောင်တာရှိမယ်။ တစ်ခါတစ်လေ ပဉ္စင်္ဂိကမဂ်က ဦးဆောင်တာရှိမယ်။

## ရဟာန်းတို့အလုပ်

အဲဒီတော့ အဲဒီဝိပဿနာတရားတော်ကို မိလိန္ဒပဉှာပါဠိတော်မှာ မြတ်စွာဘုရားက ရဟန်းတို့၏အလုပ်၊ ဒကာ, ဒကာမတွေ

အလုပ်လို့ သေချာခွဲခြား ပြပါတယ်။ ဘုရားပန်းအိုးထိုးခြင်း၊ ပူဇော်ခြင်း၊ သာမုကီဌနသဘင် ဆင်ယင်ကျင်းပခြင်းဟာ ဂီဟိဖြစ်တဲ့ အိမ်ထောင်သည် ဒကာ, ဒကာမတို့ရဲ့ အလုပ်ဖြစ်တယ်။ သင်တို့သည် ကြောင့်ကြ လှဲ့လ စိုက်စရာမလိုဘူး။ ရဟန်းတို့ လုပ်ရမယ့်အလုပ်က "သံ ယော သတိ အာ ကိ သဒတ် ဤ(၆)ရပ်ပြုအပ်ရဟန်းသာ" သံ သမ္မသန် သင်္ခါရာနံ သင်္ခါရတရား တို့ကို အနိစ္စလို့ သုံးသပ်ခြင်းသည် သင်တို့၏ အလုပ်ပဲ။ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို နိစ္စထင်နေတယ်၊ သုခထင်နေတယ်၊ အတ္တ ထင်နေတယ်။ သုဘ ထင်နေတယ်။ အဲဒီလို ထင်နေတာက အနမတဂ္ဂသံသရာက ဂျိုးကပ်နေတဲ့ အထင်လေးတွေပဲ။ အဲဒီ ဂျိုးကပ်နေတဲ့ အထင်လေးတွေကို ပ,ပျောက်အောင် တဖြည်းဖြည်း ပွားယူရမယ်၊ နိစ္စအစိုင်အခဲ သညာအခဲ ဒိဋ္ဌိအခဲကို တဖြည်းဖြည်း ဝိပဿနာနဲ့ တူး၍တူး၍ ခြစ်၍ခြစ်၍ ခွဲ၍ယူရမှာ သင်တို့ရဲ့ အလုပ်ပဲ။ သင်္ခါရာနံ= သင်္ခါရ တရားတို့ကို၊ သမ္မသနံ= သုံးသပ်ခြင်းသည်၊ ဇိန ပုတ္တာနံ= ဘုရား သားတော်တို့၏၊ ကမ္မံ= အလုပ်ပါတည်း။

ယော ယောနိသောမနသိကာရော= အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်းသည်၊ ဇိန ပုတ္တာနံ= ဘုရားသားတော်တို့၏၊ ကမ္မံ= အလုပ် ပါပေတည်း။ ယောနိသော မနသိကာရ အမြဲတမ်းထားရမယ်။ ယောနိသော မနသိကာရကြောင့် မဟာကုသိုလ်ဖြစ်တယ်။ ယောနိသော မနသိကာရကြောင့် မဟဂ္ဂုတ်ကုသိုလ် ဖြစ်တယ်။ ယောနိသော မနသိကာရကြောင့် လောကုတ္တရာကုသိုလ် ဖြစ်တယ်။ ယောနိသော မနသိကာရကြောင့် ဒါန သီလ ဘာဝန အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မကုသိုလ်(၁၀)မျိုးသည် ယောနိသော မနသိကာရ အမြစ်က

ဖွာထွက်တဲ့ကုသိုလ်တွေပဲ။ ပါဏာတိပါတာ ဝေရာမဏီ၊ အဒိန္နာဒါနာ ဝေရာမဏီစတဲ့ သုစရိုက် (၁၀)ပါးသည် ယောနိသော မနသိကာရက ဖြာထွက်လာတဲ့ ကုသိုလ်ပဲ။

အဲဒီအထဲမှာ ဝိပဿနာကျင့်စဉ်သည် ယောနိသော မနသိကာရကလာတဲ့ တရားဖြစ်တယ်။ ဒါကြောင့် ယောနိသော မနသိကာရ ငါတရား အားထုတ်မှသင့်မယ်။ ဝိပဿနာသည်သာလျှင် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းဖြစ်တယ်။ ဘုရားတိုင်း ဘုရားတိုင်း ဒီဝိပဿနာအတွက် ဦးဆောင်ဟောထားတာပဲ။ ယောနိသော မနသိကာရ အရင်းခံပြီးတော့ အရှင်ဘုရားတို့ ဒီနေရာ ရောက်တော်မူလာကြတယ်။ ယောနိသော မနသိကာရ မရှိလို့ရှိရင် ဒီကမ္မဋ္ဌာနာစရိယသင်တန်း ဘယ်နည်းနဲ့မှ မရောက်နိုင်ပါဘူး။ ဝိပဿနာစခန်းတက်လှမ်းသော ပုဂ္ဂိုလ်တိုင်း ယောနိသော မနသိကာရ အခြေခံပြီးတော့ လာပါတယ်။

သတိသတိပဋ္ဌာနာနုပဿနာ= သတိပဋ္ဌာန်တရားကို အဖန်ဖန် အားထုတ်ခြင်းသည်၊ ဇိနပုတ္တာနံ= ဘုရားသားတော်တို့၏၊ ကမ္မံ= အလုပ်ကိစ္စတစ်ခု ဖြစ်ပါသည်ဘုရား။ ယောနိသော မနသိကာရ ကလဲ ဝိပဿနာဆိုက်တာပဲ။ သတိပဋ္ဌာန်ကလဲ ဝိပဿနာဆိုက်တာပဲ။ သတိပဋ္ဌာန်ကို ရှေ့ဦးစွာပြုပြီးမှ သတိနဲ့ ထောက်လှမ်း ထောက်လှမ်း ပြီး၊ သတိနဲ့ တို့တို့ပြီးတော့မှ၊ သတိနဲ့ လက်ဆုပ် ဆုပ်ပြီးတော့မှ နောက်က ဝီရိယတွေ, သမာဓိတွေ, ပညာတွေ ဒီလိုလိုက်ရပါသည် ဘုရား။ အရှင်နာဂသိန်မထေရ်မြတ်ကြီးက မိလိန္ဒမင်းကြီးကို မင်းကြီး သတိပဋ္ဌာန် ပွားများအားထုတ်ခြင်းသည် ဝိပဿနာပင်ဖြစ်တယ်။ ဝိပဿနာအလုပ်ပင်ဖြစ်တယ်။ သွယ်ဝိုက်ပြီးတော့ ပြခြင်းဖြစ်တယ်။

သတိပဋ္ဌာန်ဖြစ်သော ဝိပဿနာကိုပြပါတယ်။

အာ-အာရမ္မဏ သာရက္ခာ အာရုံကောင်းကို ဉာဏ်ဖြင့် ဆုပ်ကိုင်ထားခြင်းသည် ဇိနပုတ္တာန် ဘုရားသားတော်တို့၏ ကမ္မအလုပ် ဖြစ်တယ်။ အာရုံသည် အာရုံကောင်း မဟုတ်ပါဘုရား။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ လောကီစိတ္တုပ္ပါဒ်, စေတသိက်ကြွင်းရုပ် ဆိုတဲ့ ဓမ္မာရုံ အဲဒီအာရုံတွေဟာ အာရုံကောင်း မဟုတ်ပါဘုရား။ အဲဒီအာရုံက ဘာလဲဆိုရင် ပူလောင်ခြင်း ဒုက္ခများစွာ ဖြစ်စေတတ် သော အာရုံပဲ ဖြစ်ပါတယ်ဘုရား။ ကာမာပုထုဇဉ်များ ခင်တွယ် မှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည် ဗဟုဒုက္ခ များသော ဆင်းရဲခြင်း ရှိကြလေကုန်၏။ ဗဟုပါယာသာများသော ပူပန်ခြင်း ရှိကြလေကုန်၏။ ဧတ္ထ= ဤကာမဂုဏ်ငါးပါးထဲ၌၊ အာဒီနဝေါ= အပြစ်သည်၊ ဘိယျော= များပြားလှပါပေ၏။

ကာမဂုဏ်ထဲမှာ အပြစ်ပဲရှိပါတယ်ဘုရား။ ဆင်းရဲပဲရှိပါတယ် ဘုရား။ အာရုံကောင်း မဟုတ်ပါဘုရား။ အဋ္ဌိကင်္ခလူပမာ အသားမမှီ သွားသရိုးဖြင့် ပါးစီယိုဖိတ် ညှီစိုဟိတ်ကြောင့် စိတ်မချင့်ရဲ ခွေးအိုခဲသည် အမဲရိုးနှင့် နှိုင်းယှဉ်စရာဥပမာရှိကုန်၏။ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ လောကီစိတ် စေတသိက် ရုပ်တရားတွေဟာ အရိုးခြောက်နဲ့ တူပါ တယ်ဘုရား။ အရိုးခြောက်သည် အဆီအသား လုံးဝမပါပါဘုရား။ အဲဒီအရိုးခြောက်ကြီးကို ခွေးအိုကြီးက ခဲကိုက်တဲ့အခါမှာ သွားက သွားရည်တွေ ကျတယ်။ သွားရည်နဲ့ တွေ့လိုက်တဲ့အခါကျတော့ အသားရနိုးနိုး အဆီရနိုးနိုး ထင်လာပါတယ်ဘုရား။ ဒါကြောင့် ကိုက်လိုက်တဲ့အခါ ဆင်းရဲတာပဲ အဖတ်တင်ပါတယ်။ အဆီမပါပါ ဘုရား၊ ရူပ သဒ္ဒါ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ တပည့်တော်တို့ အရှင်တို့

ဘဝါဘဝက အစဉ်လိုက်ခဲ့ကြပြီ။

ရှုပါရုံသည် အရိုးခြောက်လိုပါပဲ ဘုရား။ အဆီ မပါပါဘုရား။ သုခ မရှိပါဘုရား။ နိစ္စ မရှိပါဘုရား။ အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဘာအရသာမှ မရှိပါဘုရား။ ဒါကြောင့် အာရုံငါးပါးခြောက်ပါးသည် အာဒီနဝေါ စတ္တေ ဘိယျော။ စတ္တေ= ဤကာမဂုဏ်ငါးပါး၌၊ အာဒီနဝေါ= အဖြစ်သည်၊ ဘိယျော= အထူးအထွေ များလှချေ၏။ ယော-ယောနိသော မနသိကာရော= လမ်းမှန်အတိုင်း နှလုံးသွင်းတော်ကြပါ။ သတိဆိုတာ သတိပဋ္ဌာန် အဖန်ဖန် အားထုတ်ဖို့ပါဘုရား။ အာရမ္မဏ သာရက္ခာဆိုတာ ရာဂကိုပယ်နိုင်သော အာရုံ၊ ကိလေသာကို တိုက်ထုတ်နိုင်သော အာရုံ၊ အာရမ္မဏသာရက္ခာဆိုတာ ဘာလဲ။ အရှင်ဘုရားတို့ အားထုတ်မယ့် အနိစ္စဝိပဿနာပါဘုရား။ အခြေခံ ဖြစ်တဲ့ အာနာပါနကမ္မဋ္ဌာန်းပါ ဘုရား။ အာနာပါနကမ္မဋ္ဌာန်း အားထုတ်သည်ရှိသော် အာနာပါန အာရုံသည် ရာဂမလာနိုင်တော့ ဘူးဘုရား။ ဒေါသ မောဟ မာန ဣဿာ မစ္ဆရိယ တရားတွေ မလာနိုင်တော့ဘူးဘုရား။ တရားအားထုတ်နေတဲ့အခါ ထွက်လေ ဝင်လေကို ဘယ်တော့မှ မလွတ်စေနဲ့။ အာရမ္မဏ သာရက္ခာ ကောင်းမြတ်သောအာရုံကို စွဲကိုင်ခြင်းသည် ဇိနပုတ္တာနံ ဘုရား သားတော်တို့၏ ကမ္မအလုပ် ဖြစ်ပါပေ၏။

အာရမ္မဏသာရက္ခာ လောကီဖြစ်သော ရုပ်နာမ်ဓမ္မကို အနိစ္စလို့ ရှုနေသောအခါ၌ ဖြစ်တဲ့ ထိုအနိစ္စ၏ အာရုံသည် ကောင်းသော အာရုံ ဖြစ်ပါတယ်ဘုရား။ ဝိပဿနာ ရှုတဲ့အခါမှာ ရုပ်နာမ်၏ အနိစ္စအချက်သည် လိုရင်းပါဘုရား။ အနိစ္စအချက်ကို ရှုမှတ်သော အချိန်အခါကာလမှာ တပည့်တော်တို့ အာရုံကောင်း

ဖြစ်ပါတယ်ဘုရား။ အာရမ္မဏ သာရက္ခာ= ကောင်းမြတ်သော အာရုံကို စွဲကိုင်ခြင်းသည်၊ ဇိနပုတ္တာနံ= ဘုရားသားတော်တို့၏၊ ကမ္မံ= အလုပ်ဖြစ်ပါသည်ဘုရား။ ကိကိလေသ ယုဒ္ဓံ ကိသေသယုဒ္ဓံ= ကိလေသာကို စစ်ထိုးခြင်းသည်၊ ဇိနပုတ္တာနံ ကမ္မံ= အရှင်ဘုရားတို့ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၏ ဝိပဿနာဒီပနီ ဓမ္မာရုံကြီးထဲမှာ ဝိပဿနာရှုခြင်းသည် ကိလေသာနဲ့ စစ်ထိုးခြင်း စစ်တိုက်ခြင်းသာ ဖြစ်ပါသည်ဘုရား။

ယနေ့ကစပြီး ကိလေသာစစ်ပွဲကြီးကို ဝင်ရမယ်ဘုရား။ ရာဂကို ထုတ်ပစ်မယ်။ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကိလေသာတို့ကို ထိုးနှက်တဲ့ ဝိပဿနာလုပ်ငန်းကို ဝင်ကြခြင်းပါ ဘုရား။ ကိလေသာကို ဖျက်ဆီးခြင်းသည်၊ ကိလေသာရန်သူတို့ တိုက်ခြင်းသည် ရဟန်းတော်တို့ရဲ့ လုပ်ငန်းဖြစ်ပါတယ် ဘုရား။ သဒတ် သဒတ္ထ မနုယုဥ္ဇနံ= မိမိအကျိုးစီးပွား ကို ပွားများအားထုတ်ခြင်းသည်၊ ဇိနပုတ္တာနံ ကမ္မံ= မိမိအကျိုးအတွက် လုပ်တယ်ဆိုတော့ မိမိအကျိုးက ဘာလဲ။ အရဟတ္တမဂ် အရဟတ္တဖိုလ်ပါ ဘုရား (သို့မဟုတ်) မဂ်လေးပါး ဖိုလ်လေးပါး ဖြစ်ပါတယ်ဘုရား။ မဂ်လေးပါး ဖိုလ် လေးပါးနဲ့ နိဗ္ဗာန်ကို အရယူခြင်းပါပဲဘုရား။

ယနေ့ အားထုတ်တဲ့ သင်တန်းဦး သင်တန်းခေါင်းဆောင် ကမ္မဋ္ဌာနာစရိယ အရှင်သူမြတ်တို့သည် မိမိ၏အကျိုးကို အားထုတ် ခြင်း ဖြစ်ပါတယ်ဘုရား။ ဒါကြောင့် သမ္မသနံ သဓိရာနံ၊ ယောနိသော မနသကာရော၊ သတိပဋ္ဌာနာနုပဿနာ၊ အာရမ္မဏသာရက္ခာ၊ ကိလေသ ယုဒ္ဓံ ၊ သဒတ္ထ မနု ယုဥ္ဇနံ၊ တေသံ ဇိန ပုတ္တာနံ ကမ္မံ။ (မိလိန္ဒပဥှာပါဠိ) "သံယော သတိ အာ ကိ သဒတ် ဤ(၆)ရပ်

ပြုအပ်ရဟန်းသာ"။ မြတ်စွာဘုရား သားတော်တွေ ဒီလုပ်ငန်းကြီး (၆)ရပ်ကို သဲသဲမဲမဲ အားထုတ်ရပါမယ်ဘုရား။ ဒီလုပ်ငန်းကြီး(၆)ရပ် ဟာလဲ ဝိပဿနာ အားထုတ်ခြင်းပင် ဖြစ်ပါတယ်ဘုရား။

ဒါကြောင့် အရှင်ဘုရားတို့သည် ခုနကပြောခဲ့တဲ့ သဒ္ဓါယ တရတိ ဩယံ၊ အာရဗ္ဘထ နိက္ကမထ ယုဥ္ဇထ ဗုဒ္ဓသာသနေ၊ သတော ဘိက္ခု ပရိဗ္ဗဇေ၊ သီလပရိ ဘာဝိတော သမာဓိ မဟပ္ဖလော မဟာနိသံသော၊ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလာ မဟာနိသံသာ ပညာပရိဘာဝိတံ စိတ္တံ ဝိမုစ္စတိ အစရှိတဲ့ ဒေသနာ တော်တွေနဲ့ ဟောထားတဲ့ ဝိပဿနာလုပ်ငန်းသည် တပည့်တော်တို့ ဘုရားပွင့်မှ တွေ့ရတဲ့လုပ်ငန်းဖြစ်ပါတယ် ဘုရား။ ဘုရားမပွင့်မီ ဘုရား အလောင်းတော်နဲ့ ဘယ်လိုပဲတွေ့တွေ့ ဝိပဿနာ မဟောနိုင်ပါ ဘုရား။ ဘုရားအဖြစ်သို့ ရောက်မှသာ ဝိပဿနာလုပ်ငန်းကို တွေ့ရပါ တယ်ဘုရား။ တပည့်တော်တို့နဲ့ အရှင်ဘုရားတို့ဟာ ဟိုဘဝတုံးက ဒါနတွေ, သီလတွေ, သမထတွေနဲ့ လူ့စည်းစိမ်ရလိုက်, နတ်စည်းစိမ် ရလိုက်, ဗြဟ္မာစည်းစိမ်ရလိုက် ဒါတွေနဲ့ လုံးလယ်လိုက်ပြီးတော့ ဖြစ်လိုက်ဟဲ့ သေလိုက်ဟဲ့နဲ့ ဇာတိနဲ့မရဏ ကိစ္စကြီး(၂)ခုနဲ့ လုံးလယ် လိုက်ပြီးတော့ လာခဲ့ကြတာ။

ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။ ဒါတွေကို အမြစ်ကဖြတ်ရအောင် ဘာလုပ်ရမလဲ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ ဝိပဿနာပါပဲဘုရား။ သံယော သတိ အာ ကိ သဒတ် ဤ(၆)ရပ်ပြုအပ်ရဟန်းသာ မိလိန္ဒပါဠိတော်မှာလာတဲ့ ပဓာနကိစ္စကြီး(၆)ရပ် ဝိပဿနာလုပ်ငန်းကြီး ပါပါတယ်ဘုရား။ အင်မတန်ကံကောင်းတော်မူကြတဲ့ အင်မတန်ကံထူးတော်မူကြတဲ့

အရှင် ဘုရားတို့ကို တပည့်တော်တို့ ကြည်ညိုလို့ မဆုံးပါဘုရား။ အရှင်ဘုရားတို့ရဲ့ စိတ်ဓါတ်ဟာ သာသနာတော် ခိုင်မြဲတည်တန့် အရှည့်ခန့်အောင် အဆက်ဆက် သာသနာငါးထောင် ဤမြန်မာနိုင်ငံ ကနေ ထွက်မသွားနိုင်အောင် ချုပ်တီးပေးကြမယ့် အရှင်မြတ်တို့ ဖြစ်ပါတယ်ဘုရား။

ဒါကြောင့် အရှင်မြတ်တို့ ကြိုးစားအားထုတ်တော်မူကြပါ၊ ကြိုးစား မှတ်သားတော်မူကြပါ။ လယ်တီဝိပဿနာနည်းလမ်းကို နစ်နစ်နောနော သုံးသပ်ဆင်ခြင် ရှုမှတ်ပြီးတော့ နောင်တွေ့ထိရမယ့် ယောဂီအပေါင်းတို့အား တိတိကျကျ ပြတ်ပြတ်သားသား ပြသနိုင်အောင် ကြိုးစားအားထုတ်တော်မူကြပါလို့ တိုက်တွန်းရင်း တပည့်တော်ရဲ့ ဩဝါဒကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

## လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ

- နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၊ ဗဟို အုပ်ချုပ်ရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊
- အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ကြီး၏ ဩဝါဒါစရိယ၊
- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော် ဆောင် (၁)၊
- လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်၏ ဩဝါဒါ စရိယနှင့်
- လယ်တီဝိပဿနာ ကမ္မဋ္ဌာနစရိယအဖွဲ့ ဥက္ကဋ္ဌ၊
- လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့၊ ဒု-ဥက္ကဋ္ဌ၊
- ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊
- မူလအာဘိဓမ္မိက၊
- အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊
- အဂ္ဂမဟာ ပဏ္ဍိတ၊
- ကလေးဝတောရစာသင်တိုက်နှင့် လယ်တီဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက်တို့၏ ပဓာန နာယကဆရာတော်။

### ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲဩဝါဒ

ဒုတိယအကြိမ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း စပြီး ဖွင့်လှစ်ပါပြီဘုရား။ တပည့်တော် မနက်က လျှောက်ထားသလိုပဲ။ သင်ကြားရေးအပိုင်းနဲ့ အားထုတ်ရေးအပိုင်း နှစ်ပိုင်းရှိပါတယ် ဘုရား။ အဲဒီ(၂)ပိုင်းမှာ ကာလအားဖြင့် (၇)ရက်ထဲဆိုတော့ သမားတော်

ကြီးဇီဝကရဲ့ ဆေးပညာသင်တဲ့နည်းကို အာရုံထားကြရမှာပါ။ သမားတော်ကြီးဇီဝက ဆေးပညာသင်တဲ့နည်းကတော့ ဗဟုဥ္စဂဏှာတိ အများကြီးသင်တယ်၊ လဟုဥ္စ ဂဏှာတိ= လျှင်လျှင်မြန်မြန်သင်တယ်၊ သုဋ္ဌုစ ဥပဓာရေတိ= ကျကျနန မှတ်သားတယ်၊ ဂဟိတဥ္စသနသမ္မုဿတိ= သင်ပြီးသားလဲ မပျောက်ဘူးတဲ့။ ဒီအချက်လေးချက်နဲ့ သမားတော်ကြီး ဇီဝက ဆေးပညာသင်ပါတယ်။ အရှင်မြတ်များ အခု သင်မှာကတော့ ဗဟုဥ္စ ဂဏှာတိ= သမားတော်ကြီးဇီဝကက ဆေးပညာ အများကြီးသင်သလို အများကြီးသင်ရမယ့်ကာလမဟုတ်ပါဘူး။ လဟုဥ္စ ဂဏှာတိ= မြန်မြန်သင်ရမယ့်ဆိုတဲ့ သမားတော်ကြီး သင်နည်းအတိုင်း သင်ရမှာပါပဲ။

ဒါကြောင့် တပည့်တော်တို့ ကျင့်စဉ်နဲ့ပတ်သက်ပြီးတော့ လယ်တီ ဝိပဿနာတရားစခန်း၊ (၇)ရက်တရားစခန်းဖွင့်တာများပါတယ်။ အဲဒီလို (၇)ရက်တရားစခန်း ဖွင့်တဲ့နေရာမှာ ပထမနေ့ဘာအားထုတ်ရတယ်၊ ဘယ်လို အားထုတ်ရတယ်။ ကြမ ဘိက္ခဝေဘိက္ခု အစရှိသည်ဖြင့် ညွှန်ပြထားသည့်အတိုင်း ပထမနေ့ ဘာကိုအားထုတ်ရတယ်၊ ပထမနေ့ အားထုတ်နည်းကို သင်ပေးပါတယ်ဘုရား။ အခြားဗဟုသုတ ဖြစ်ဖွယ်တွေ ဘာတွေမလိုသေးပါဘူး။ ဒါကြောင့်တပည့်တော်တို့ (၇)ရက်တရားစခန်းတွေမှာ သမထကမ္မဋ္ဌာန်းပိုင်းမှာ လမ်းညွှန်ရုံသာဟောပြီး တရားရှည်ရှည် မဟောဖို့ညွှန်ကြားထားပါတယ် ဘုရား။

အားထုတ်နည်းလေး ရသွားပြီး များများအားထုတ်နိုင်အောင်လို့ပါပဲ။ (၅)ရက်၊ (၆)ရက်၊ (၇)ရက် အဲဒီရက်တွေမှာ ဝိပဿနာဦးစားပေးပြီး တရားပြပါတယ်။ အဲဒီ ဝိပဿနာပိုင်းမှာလဲ တစ်ချိန်မှာ

(၁၅)မိနစ်ခန့်မျှသာ ကမ္မဋ္ဌာနာစရိယက ဟောပြောတာ အသင့်တော်ဆုံးပါ ဘုရား။ ဒါကြောင့် သမားတော်ကြီးဇီဝက ဆေးပညာသင်သလို လျှင်လျှင်မြန်မြန် သင်ပြီးတော့ များများအားထုတ်ဖို့က အရေးကြီးဆုံးပါပဲ။ တပည့်တော်တို့ ဥပမာအားဖြင့် ဟောမယ်ဆိုရင် 'ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန၊ သံဃော ဉာပေတဗ္ဗော' ရဟန်းခံတဲ့အခါမှာ ဗျတ္တေန= ကျွမ်းကျင်လိမ္မာသော၊ ပဋိဗလေန= ပီပီသသရွတ်ဆိုနိုင်သော ရွတ်ဆိုဖို့ရာ စွမ်းနိုင်သော၊ ဘိက္ခုနာ= ရဟန်းသည်၊ သံဃော= သံဃာတော်ကို၊ ဉာပေတဗ္ဗော= သိစေအပ်၏ ဆိုတဲ့နေရာမှာ ဗျတ္တ ကျွမ်းကျင်ရမယ် ဆိုတော့ အချို့ပုဂ္ဂိုလ်များက အဋ္ဌကထာနှင့်တကွ ဝိနည်း(၅)ကျမ်း ပါဠိတော်များကို နှုတ်ငုံရတဲ့ ပုဂ္ဂိုလ်သည် ဗျတ္တ ဒီလိုယူပါတယ်။ အဲဒါကို ဆရာတော်ကြီးတွေက ရဟန်းခံတဲ့ ကမ္မဝါစာ ရဟန်းခံတဲ့ ဝိနည်း သုဏာတုမေ ဘန္တေ သံဃော အစရှိသည် ဖြင့်လာတဲ့ ရဟန်းခံ ကမ္မဝါစာ ရဟန်းခံတာနဲ့ ပတ်သက်ပြီး ဥပသမ္ပဒဝိဓိနဲ့ ပတ်သက်ပြီး ကျွမ်းကျင်လိမ္မာတဲ့ပုဂ္ဂိုလ်သည် ဗျတ္တလို့ ဆိုမိန့်ပြောကြပါတယ်။ တစ်ချို့ပုဂ္ဂိုလ်များက ဝိနည်း ငါးကျမ်းကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာနှင့်တကွ တတ်သိမှ ဗျတ္တလို့ ယူဆတဲ့နည်းနဲ့ ဆိုရင် တပည့်တော်တို့ ရဟန်းခံဖို့ အင်မတန်ခက်ပေါ့ဘုရား။

အဲဒီတော့ ဗျတ္တဟာ ရဟန်းခံမှုနဲ့ပတ်သက်တာ ကျွမ်းကျင်လိမ္မာရင် ဗျတ္တ၊ ဝိနည်းငါးကျမ်း လိမ္မာကျွမ်းကျင်မှ မဟုတ်ပါဘူး။ အခုလဲပဲ ပထမဘာအားထုတ်ရမလဲ ဆိုရင် အဲဒီအားထုတ်ပုံလေးနဲ့ ပတ်သက်လို့ သင်ကြားဖို့ အရေးကြီးပါတယ်။ ဒါမှလဲ ဆိုင်ရာ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီး ဗျတ္တဖြစ်ကာ နောင်ကျတော့ မိမိက ပထမနေ့မှာ ဘယ်လိုသင်တန်းပေးရမလဲ၊ ဘယ်လိုအားထုတ် ရမယ်။

ဒုတိယနေ့မှာ ဘယ်လိုသင်တန်းပေးရမယ်၊ ဘယ်လိုအားထုတ်ရမယ်။ တတိယနေ့မှာ ဘယ်လိုသင်တန်းပေးတယ်၊ ဘယ်လိုအားထုတ်ရတယ်။ စတုတ္ထနေ့မှာ ဘယ်လိုသင်တန်းပေးတယ်၊ ဘယ်လိုအားထုတ်ရတယ်၊ ပဉ္စမနေ့, ဆဋ္ဌမနေ့, သတ္တမနေ့ သူ့နေ့လေးနဲ့သူ သက်ဆိုင်ရာ သတ်မှတ်ထားတဲ့ တရားကိုပဲ အားထုတ်ရ အားထုတ်တတ်သွားမှာပါပဲ။

ဟိုတုန်းက ဒကာမကြီးတစ်ယောက် ကိုးတောင်ပြည့်ဘုရားတည်တယ်၊ နောက်ကျတော့ ကိုးတောင်ပြည်ဘုရားဆိုတော့ ငယ်တယ်၊ အရပ်ကပါ ဝိုင်းပြီးတော့ (၂၇)တောင်ဘုရားတည်တယ်။ ကြီးမားတဲ့ စေတီတော်ကြီး တည်တယ်။ ပထမကိုးတောင်ပြည့်တည်တဲ့ ဘုရားအမက ဉာဏ်တော်ပွားထားတဲ့ စေတီတော်ကြီးအနားသွားပြီးတော့ ဘုရားဆွမ်းကပ်တယ်။ သူကဘယ်လိုဆိုသလဲ ဆိုတော့ “အတွင်းကိုယ်တော် ရည်ရော်ပါသည်။ အပြင်ကိုယ်တော်က မရောင်ရမ်းပါနဲ့”တဲ့ သူတည်ထားတဲ့ ကိုးတောင်ပြည့်ကိုပဲ ရည်ရွယ်ပါတယ်၊ အပြင်ကိုယ်တော်ကြီး မပါဘူး။ အဲဒီလိုဘဲ ဥပမာပေးပြီးတော့ ရှေ့ဆရာတော်ကြီးတွေက ရဟန်းခံမှုနဲ့ ပတ်သက်တဲ့ ဆိုင်ရာဝိနည်းကမ္မဝါစာတို လိမ္မာကျွမ်းကျင်တဲ့ ဒီပုဂ္ဂိုလ်ကို ဗျတ္တလို့ယူပါတဲ့။ ဝိနည်းကျမ်းစာကြီးတခုလုံးကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ကို ဗျတ္တလို့မယူပါနဲ့တဲ့။

ရှေးဆရာတော်များ ပြောကြဆိုကြတဲ့ စကားလိုပဲ ယခုအခါမှာလဲ တပည့်တော်တို့ ပထမနေ့မှာ ဘာအားထုတ်ရမယ်၊ ဘယ်လိုအားထုတ်ရမယ်၊ အဲဒါလေး ပတ်ပတ်နပ်နပ်လေး သင်ကြားတတ်မြောက်လျှင် ဗျတ္တဖြစ်ပါတယ်။ အဲဒါလေးပြီးရင် ဟောတာပြောတာလေး နည်းနည်းလျော့ပြီးတော့ အားထုတ်ဖို့ပါပဲ။ ဒီနေ့

အားထုတ်ရမယ့် ကျင့်စဉ်ကို ကျွမ်းကျင်ဖို့ အရေးကြီးပါတယ်၊ သင်တန်းပြီးသွားတဲ့အခါ သာသနာ့ဗိမာန်ဆရာတော်က ခုနကပဲ လျှောက်ပါတယ်၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတွေ ပါတယ်၊ ကမ္မဋ္ဌာန်းပေးတဲ့ ပုဂ္ဂိုလ်များက ကြွရောက်အားထုတ်ကြတဲ့ အရှင်မြတ်ကြီးများက သက်တော်ဝါတော်ကြီးနေတော့ စကားအနေနဲ့ သင်တန်းပေးတဲ့အခါမှာ မရိုမသေများပါသွားလို့ရှိရင် ကမ္မဋ္ဌာန်းဆရာများရဲ့ ကိုယ်စား ကြိုတင်ပြီးတော့ တောင်းပန်ပါတယ်ဘုရားတဲ့။

ကမ္မဋ္ဌာန်းသင်တန်းပေးတဲ့နေရာမှာ သာသနာ့သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ဘုရားရှင် လက်ထက်တော်အခါက ပေါဋ္ဌိလ မထေရ်ကြီးဟာ ပိဋကတ်သုံးပုံဆောင် ရဟန်းငါးရာ စာချနေတဲ့ မထေရ်မြတ်ကြီး တရားယူတဲ့အခါ ရှင်သာမဏေလေးစီမှာ တရားယူတယ်။ ရဟန္တာ သာမဏေလေးစီ တရားယူတဲ့အခါ ဒီရှင်သာမဏေလေးက တောင်ပို့ဥပမာပေးတယ်။ ဂယ်ပေါက် (၆)ပေါက်ရှိတဲ့ တောင်ပို့ထဲက ဖွတ်ကို ဖမ်းချင်ရင် ဂယ်ပေါက်ငါးပေါက်ကိုပိတ်ပြီး တစ်ပေါက်ကနေပြီး စောင့်ဖမ်းဖို့တရားပေးတာပါပဲ။ အဲဒီလို တရားပေးတဲ့အခါ မြတ်စွာဘုရားက ဒီပေါဋ္ဌိလမထေရ်ကြီးနဲ့ ပတ်သက်ပြီးတော့ စောစောက 'တုစ္ဆပေါဋ္ဌိလ' မင်္ဂဖိုလ်ကင်းကွာ ဘာဝနာမမှီး အချီးနှီးသော ယောက်ျား၊ မင်္ဂဖိုလ်လဲ ကင်းတယ်၊ ဘာဝနာလဲမမှီးဘူးဆိုရင် အချီးအနှီးယောက်ျားပဲတဲ့။ တုစ္ဆပေါဋ္ဌိလလို့ နှိပ်ချပြီး အပြောအဆိုခံရတဲ့ မထေရ်ကြီးဟာ သာမဏေလေးစီမှာ တရားယူခဲ့တယ်။ မြတ်စွာဘုရားက ပေါဋ္ဌိလမထေရ်ကြီးနဲ့ ပတ်သက်ပြီးတော့ အကျယ်တဝင့်ဟောပါတယ်။

အဲဒီတော့ တပည့်တော်တို့ ဒီသင်တန်းမှာလဲ ထေရ နဝ မဇ္ဈိမ မထေရ်ကြီးတွေ မထေရ်လတ်တွေ၊ မထေရ်ငယ်တွေ ပါရှိတော့ အဆင်မပြေတာများရှိခဲ့ရင် သည်းခံတော်မူကြပါလို့ ကြိုတင်ပြီး လျှောက်ထားပါတယ် ဘုရား။ တရားအားထုတ်တဲ့နေရာမှာ သည်းခံခြင်းဟာ အင်မတန်အရေးကြီးပါတယ်။ အဓိဝါသန ခန္တီ ဆိုတာ အားလုံးလဲ သိကြတဲ့အတိုင်းပါပဲ စားရေး၊ နေရေး၊ မိုးရွာနေပူကစပြီး သည်းခံရ၊ ဆာလောင်မွတ်သိပ်မှုလဲ သည်းခံရ၊ ဒါကြောင့် တရားအားထုတ်တဲ့ နေရာမှာ အဓိဝါသန ခန္တီဟာ အင်မတန် အရေးကြီးပါတယ်။

အဓိဝါသနခန္တီဟာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားများ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့နေရာမှာ အဓိက အကြောင်းအရာထဲမှာ ပါဝင်ပါတယ်။ တပည့်တော်တို့ (၇)ရက်တာ စခန်း တစ်နည်းအားဖြင့် (၁၅)ရက်တာ တရားစခန်း အောင်မြင်ပြီးမြောက်အောင် အားထုတ်နိုင်ဖို့အတွက်

သီလ သမာဓိ ပညာနံ၊ ခန္တီ ပဓာန ကာရဏံ။
သဗ္ဗေပိကုသလာ ဓမ္မာ၊ ခန္တျာယတ္တာဝ ဝဍ္ဍရေ။

သီလ သမာဓိ ပညာတို့ရဲ့ အခြေခံအကြောင်းရင်းက ဘာလဲဆိုရင် အရာရာကို သည်းခံနိုင်ဖို့ပါပဲ။

ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံနိုင် သီလပျက်သွားနိုင်တယ်။ ဥပုသ်သည်တစ်ယောက်ဟာ ဥပုသ်စောင့်ထားတယ်။ ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံနိုင်ရင် သီလပျက်သွားနိုင်တယ်။ ဒါကြောင့် သီလ သမာဓိ ပညာနံ၊ ခန္တီ ပဓာန ကာရဏံ၊ သီလ သမာဓိ ပညာတို့ရဲ့ အခြေခံအကျဆုံးအကြောင်းက ခန္တီပါပဲ၊ သီလ သမာဓိ

ပညာအားလုံး ကောင်းမြတ်တဲ့ ကုသိုလ်တရားတွေဟာ သည်းခံမှုနဲ့ ယှဉ်စပ်မှသာ ကြီးပွားနိုင်ပါတယ်။ ဒါကြောင့် အဓိဝါသန ခန္တီအင်အား သုံးပြီးတော့ အရှင်မြတ်များ သင်တန်းကာလဖြစ်တဲ့ (၁၅)ရက်တာ ကာလမှာ ကျန်းကျန်းမာမာနဲ့ ကြိုးကြိုးစားစား အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းနှိုးဆော်ရင်း တပည့်တော်ရဲ့ ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

## လယ်တီကမ္မဋ္ဌာနာစရိယ
## ဒုတိယအကြိမ်ဆရာဖြစ်သင်တန်း မှတ်တမ်း

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း (၈)ရက် (၁၄-၆-၂၀၀၅) အင်္ဂါနေ့မှ ၁၃၆၇ ခုနှစ် နယုနလပြည့်ကျော်(၈)ရက် (၂၉-၆-၂၀၀၅) ဗုဒ္ဓဟူးနေ့အထိ၊ ဒုတိယအကြိမ် လယ်တီကမ္မဋ္ဌာနာစရိယသင်တန်းကို လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဆန္ဒတော်နှင့်အညီ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ၏ ဗဟိုအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁) လယ်တီဝိပဿနာပြန့်ပွား ရေးဗဟိုအဖွဲ့ချုပ် ဩဝါဒစရိယ လယ်တီဝိဿနာကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ မူလအာဘိဓမ္မိက၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက်နှင့် လယ်တီဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်တို့၏ ပဓာန နာယက ဆရာတော်၊ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ်အရှင်မြတ်၏ ကြီးကြပ်မှုဖြင့် တိုင်းနှင့်ပြည်နယ် ဒေသအသီးသီးမှ ကျောင်းထိုင်ကျောင်းပိုင် ပဓာန နာယက ဆရာတော်ကြီးများနှင့် ပထမကြီးတန်းအောင် ရဟန်းတော်အရှင် မြတ်များကို အဓိကထားပြီး ကပ္ပိယကာရကများအဖြစ်ဆောင်ရွက်နိုင်ရန် အမျိုးသား၊ အမျိုးသမီး သီလရှင်များကို အရံအဖြစ်ထားကာ ရဟန်းတော် (၁၁၂)ပါး၊ အမျိုးသား (၁၃)ဦး၊ အမျိုးသမီး(၁)ဦး၊ သီလရှင် (၂)ပါး၊ စုစုပေါင်း (၁၂၈)ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

## ဖွင့်ပွဲ

၁၃၆၇ ခု၊ နယုန်လဆန်း (၈)ရက်၊ (၁၄ - ၆ - ၂၀၀၅) အင်္ဂါနေ့ နံနက်(၈)နာရီ အချိန်တွင် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇/က)၊ လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်က ကြီးမှူးပြီး ဒုတိယအကြိမ် လယ်တီကမ္မဋ္ဌာနာစရိယ ဆရာဖြစ် သင်တန်းကို ဖွင့်လှစ်ပါသည်။ အခမ်းအနားမှူးအဖြစ် ဓမ္မာစရိယ ဦးသန်းခင်က ဆောင်ရွက်ပါသည်။

အစီအစဉ်(၁)အရ နမောဗုဒ္ဓါယ သိဒ္ဓမ်၊ နမောဓမ္မာယ သိဒ္ဓမ်၊ နမော သံဃာယ သိရသာ သိဒ္ဓမ်၊ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ပါသည်။

အစီအစဉ်(၂)အရ မုံရွာမြို့ အရှေ့လယ်တီဆရာတော် လယ်တီနိကာယ အကျိုးတော်ဆောင် လယ်တီဝိပဿနာ ပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်ဩဝါဒါစရိယ၊ မဟာသုတဒီပနီကျမ်းပြု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလအရှင်မြတ်ထံမှ (၈)ပါးသီလခံယူကြပြီး ဩဝါဒကထာ နာကြားကြပါသည်။

အစီအစဉ်(၃)အရ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ ထံမှ ဩဝါဒ ကထာ နာကြားကြပါသည်။

အစီအစဉ်(၄)အရ လယ်တီဝိပဿနာ ပြန့်ပွားရေးဗဟို အဖွဲ့ချုပ် ဩဝါဒါစရိယ၊ လယ်တီနိကာယ ဥက္ကဋ္ဌ၊ မုံရွာမြို့ မဟာ လယ်တီတိုက် နဝမ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေလာသ ဆရာတော်ဘုရားကြီး ပေးပို့သော ဩဝါဒကထာ စာလွှာကို မုံရွာမြို့ သုဓမ္မစာရီ ဗိမာန်နာယကဆရာတော် ဘဒ္ဒန္တ ကောသလ ဖတ်ကြားပါသည်။

အစီအစဉ်(၅)အရ စက်ာပူနိုင်ငံ ဦးဝင်းဖေ-ခေါ်ခင်ဌေးကြည် မိသားစုတို့က သင်တန်းသား ရဟန်းတော်(၁၁၂)ပါး၊ ကြီးကြပ်ရေး နာယကဆရာတော်(၉)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်းအပြည့်အစုံ ပါဝင်သော သင်္ကန်း၊ သပိတ် ပရိက္ခရာအစုံတို့ကို လှူဒါန်းပါသည်။

အစီအစဉ်(၆)အရ လယ်တီဝိပဿနာပြန့်ပွားရေး ဗဟို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနန်းနွယ်က ဒုတိယအကြိမ် လယ်တီ ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်းကို စည်ကားသိုက် မြိုက်စွာ ကျင်းပဖွင့်လှစ်နိုင်သည့်အတွက် အလွန်ပင်ဝမ်းမြောက် ကြောင်း လျှောက်ထားပါသည်။

အစီအစဉ်(၇)အရ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် မြန်မာပြည်အထက်ပိုင်းက တစ်နေ့တာ ဆွမ်းစရိတ် ကျပ်ငွေ တစ်သိန်းနှင့် ဆွမ်းစရိတ် အလှူရှင်များက ဒုတိယဥက္ကဋ္ဌ ဦးနန်းနွယ်ထံ လှူဒါန်းကြပါသည်။

အစီအစဉ်(၈)အရ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ် က အခမ်းအနား နိဂုံးချုပ် အမှာစကားပြောကြားပါသည်။ ဒုတိယ လယ်တီကမ္မဋ္ဌာနာစရိယ သင်တန်းတက်ရန် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ တမူးကလေး၊ ကလေးဝက ကြွလာကြတဲ့ သင်တန်းသား ရဟန်းတော်(၉၀)ကျော်တို့ မုံရွာမြို့ ဘုမ္မစာရီ ဗိမာန်တော် ရွှေမန်းသူကားကြီး (၂)စီးနဲ့ ကြွလာကြပြီး လမ်းခရီး တလျှောက်မှာ ပင်ပန်းမှုကို ဂရုမထားဘဲ လန်းဆန်းတက်ကြွမှုနဲ့ ကြွလာကြကြောင်း လမ်းခရီးမှာ တပ်ကုန်းမြို့၊ ပျော်ဘွယ်မြို့၊ ပျဉ်းမနား မြို့တို့ကို ဝင်ရောက်တစ်ထောက် နားကြပြီး လယ်တီ ဆရာတော်ကြီးနဲ့ ပတ်သက်သော လေ့လာစရာအစုံတို့ကို လေ့လာခဲ့ကြကြောင်း၊

မြန်မာနိုင်ငံအလယ်ပိုင်း လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်က ဝမ်းသားအားရ ကြိုဆိုကြပြီး ဧည့်ခံ၊ ရှင်းလင်းပြသကြကြောင်း သိရလို့ အထူးဝမ်းသာမိပါကြောင်း၊ ဒေသအသီးသီးက ကြွလာကြတဲ့ အရှင်မြတ်များကိုလဲ ဂုဏ်ယူပါကြောင်း စသည်ဖြင့် အမိန့် ရှိပါသည်။

အစီအစဉ်(၉)အရ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းကြပြီး၊ (၁၀)နာရီအချိန်မှာ ရုပ်သိမ်းပါသည်။ ဖွင့်ပွဲ အခမ်းအနားအပြီး (၁၄. ၆. ၂၀၀၅) နေ့(၁)နာရီအချိန်မှစတင်ပြီး-

နေ့စဉ်

| | | | |
|---|---|---|---|
| | နံနက် | ၄း၀၀-နာရီအိပ်ရာထ | |
| ၁။ | နံနက် | ၄း၃၀-နာရီမှ | ၅း၃၀-နာရီ |
| ၂။ | နံနက် | ၆း၃၀-နာရီမှ | ၇း၃၀-နာရီ |
| ၃။ | နံနက် | ၈း၀၀-နာရီမှ | ၉း၀၀-နာရီ |
| ၄။ | နံနက် | ၉း၃၀-နာရီမှ | ၁၀း၃၀-နာရီ |
| ၅။ | နေ့လည် | ၁း၀၀-နာရီမှ | ၂း၀၀-နာရီ |
| ၆။ | နေ့လည် | ၂း၃၀-နာရီမှ | ၃း၃၀-နာရီ |
| ၇။ | နေ့လည် | ၄း၀၀-နာရီမှ | ၅း၀၀-နာရီ |
| ၈။ | ည | ၅း၃၀-နာရီမှ | ၆း၃၀-နာရီ |
| ၉။ | ည | ၇း၀၀-နာရီမှ | ၈း၀၀-နာရီ |
| ၁၀။ | ည | ၈း၃၀-နာရီမှ | ၉း၃၀-နာရီ |

တစ်နေ့လျှင် (၁၀)ကြိမ်တိတိ

- အရုဏ်ဆွမ်း နံနက် ၅း၃၀-နာရီ
- နေ့ဆွမ်း နံနက် ၁၀း၃၀-နာရီ
- အဖျော်ရည် နေ့လည် ၅း၃၀-နာရီ ဆပ်ကပ်ပါသည်။

| | | |
|---|---|---|
| အရုဏ်ဆွမ်း | ၃၀၀၀၀ိ/- | |
| နေ့ဆွမ်း | ၅၀၀၀၀ိ/- | |
| အဖျော်ရည် | ၂၀၀၀၀ိ/- | |
| တစ်နေ့တာ | ၁၀၀၀၀၀ိ/- | ဖြစ်ပါသည်။ |

**သင်တန်းနည်းပြ ကမ္မဋ္ဌာနာစရိယများ**

- ဦးပဏ္ဍိစ္စ၊ သကြားစက်၊ ယင်းမာပင်မြို့နယ်။
- ဦးအာဒိစ္စ၊ နှင်းတောကျောင်း၊ ညောင်ပင်ကြီး၊ ဆားလင်းကြီး မြို့နယ်။
- ဦးကောသလ၊ သုဓမ္မစာရီဗိမာန်၊ မုံရွာမြို့။
- ဦးသုဒဿန၊ သူဌေးကျောင်း၊ ရွှေရေးဆောင်ကျောင်းတိုက်၊ မန္တလေးမြို့။
- ဦးကောသလ၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
- ဦးတေဇနိယ၊ ငါးထပ်ကြီးပြာသဒ်ကျောင်းဆရာတော်၊ ဗဟန်း မြို့နယ်၊ ရန်ကုန်မြို့။
- ဦးကောဏ္ဍည၊ ပွင့်ကားကျောင်း၊ ဆယ်ရွာမြေ၊ ကနီမြို့နယ်.
- ဓမ္မာစရိယ ဦးသန်းခင်၊ ၁၉/နီလာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

အချိန်နာရီမှူး - ဦးလှကို (ဓမ္မာစရိယ - ဘီအေ)

**သင်တန်းသားရဟန်းတော်များ**

၁။ ဦးဉာဏဝံသ၊ စံပြန္တားကူးကျောင်း၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်း။
၂။ ဦးဝိမလ၊ ငပရင်းပရိယတ္တိစာသင်တိုက်၊ ပုလဲမြို့၊ စစ်ကိုင်းတိုင်း။
၃။ ဦးဇာဂရ၊ ကျောက်တောင်ကျောင်း၊ ကျောက်တောင်ကျေးရွာ၊ မြိုင်မြို့နယ်၊ မကွေးတိုင်း။
၄။ ဦးကုမာရ၊ မောက်တက်ကျောင်း၊ မောက်တက်ရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၅။ ဦးဉာဏိဿရ၊ သာသနရံသီကျောင်းတိုက်၊ ကံသာရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၆။ ဦးသုမင်္ဂလဉာဏသာမိ၊ ကမ္ဘာ့ရန်ကင်းကျောင်း၊ ကလေးခရိုင်၊ စစ်ကိုင်းတိုင်း။
၇။ ဦးအဂ္ဂသာရ၊ ဇမ္ဗူဝတီကျောင်းတိုက်၊ အေးကုန်းရွာ၊ ညောင်ပင်ကြီးအုပ်စု၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၈။ ဦးလက္ခဏ၊ ဇေယျသုခကျောင်းလမ်း၊ ဆရာစံရပ်ကွက် ဗဟန်း မြို့နယ်၊ ရန်ကုန်။
၉။ ဦးသီလာစာရ၊ ထန်းတပင်ကျောင်းတိုက်၊ စဉ့်ငူရပ်ကွက်၊ အောင်ဆန်းအင်းစိန်၊ ရန်ကုန်မြို့။
၁၀။ ဦးကောသလ္လ၊ ကျောက်စာကုန်းရွာ၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၁။ ဦးသောဘိတ၊ ချင်းတွင်းကျောင်း၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၂။ ဦးဝိမလ၊ အုံးပင်စုကျောင်း၊ ဓနုဖြူမြို့နယ်၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်း။

၁၃။ ဦးသာဂရ၊ အောင်နိမိတ်ရောင်ခြည်ဦးကျောင်း၊ တမူးမြို့၊ စစ်ကိုင်းတိုင်း။

၁၄။ ဦးစန္ဒဇောတိ သမ္ဗောဓိဝိဟာရ ဆည်ကြီးတောရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၅။ ဦးပညောဘာသ၊ မြသိန်းတန် သာသနာပြုပရိယတ္တိစာသင်တိုက်၊ ဟိုပန်မြို့၊ ရှမ်း/မြောက်။

၁၆။ ဦးကုသလ အသောကာရုံကျောင်းတိုက်၊ မောင်းထောင်ရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၇။ ဦးပညာသိရီ၊ ကျောင်းတော်ကြီးကျောင်းတိုက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်း။

၁၈။ ဦးဥတ္တမ၊ အောက်စသာ အရှေ့ကျောင်းစသာအုပ်စု၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၉။ ဦးစန္ဒိမာ၊ အောင်သပြေစွယ်တော်ကျောင်း၊ တောင်ကြီးမြို့။

၂၀။ ဦးဝိဇယ၊ သုခဝတီကျောင်းတိုက်၊ လယ်တီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၁။ ဦးတိဿ(ဘုတလင်)၊ သုခဝတီကျောင်းတိုက်၊ လယ်တီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၂။ ဦးသုတေသန၊ ပညာရာမစာသင်တိုက်၊ မောင်ငံရပ်၊ မော်လမြိုင် မြို့၊ မွန်ပြည်နယ်။

၂၃။ ဦးဇဋိလ၊ မြို့ဦးသာသနာ့ရိပ်သာကျောင်း၊ အဖျောက်မြို့၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ဦးနန္ဒိယ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ တမူးမြို့ မင်းသာရွာ၊ မြို့သစ်မြို့နယ်ခွဲ၊ စစ်ကိုင်းတိုင်း။

၂၅။ ဦးမေဃိယ၊ သာသနာ့ဟိတကာရီကျောင်း၊ ကံအုပ်စု၊ တောင်သာ တောရွာ၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂၆။ ဦးပညာဇောတ၊ ဆည်လည်ရွာ၊ ဒီပဲယင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂၇။ ဦးပရမသိဒ္ဓိ၊ အထက်စသာ အနောက်ကျောင်း၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂၈။ ဦးအာဒိစ္စ၊ အောင်ချမ်းသာကျောင်း၊ အင်ပင်ကျေးရွာ၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂၉။ ဦးပဏ္ဍိတ၊ ငါးဘတ်အိုင်ကျောင်းတိုက်၊ ဓနုဖြူမြို့နယ်၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်း။

၃၀။ ဦးဂုဏိက၊ ရွာဦးကျောင်း၊ ကုန်းသာရွာ၊ ကနီမြို့နယ်၊ စစ်ကိုင်းတိုင်း။

၃၁။ ဦးဇဝန၊ မဟာမင်းကျောင်းတိုက်၊ (၃)ရပ်ကွက်၊ မင်းကင်းမြို့နယ်၊ ကလေးခရိုင်၊ စစ်ကိုင်းတိုင်း။

၃၂။ ဦးဝေပုလ္လ၊ မကျီးကုန်းကျောင်းရွာ၊ တောင်တစ်လုံးအုပ်စု၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

၃၃။ ဦးမာဃိန္ဒ၊ ဥတ္တရာရာမကျောင်းတိုက်၊ မောင်းကားမြောက်ရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၃၄။ ဦးပရမ၊ မြို့ဝေကျောင်းရွာ၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၃၅။ ဦးသာဂရ၊ ဘုန်းစိုးကျောင်းတိုက်၊ ဘုန်းစိုးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃၆။ ဦးထေရာဝံသ၊ မွန်တောကျောင်းရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၃၇။ ဦးဣန္ဒိက၊ ကန်တော်မင်ကျောင်းတိုက်၊ ဒေါနဖြဲရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃၈။ ဦးဇနိတ၊ ပုညကာရီကျောင်း၊ တိန်းကျေးရွာတောင်တွင်း ဒေသ၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၃၉။ ဦးစိန္တိတ၊ ဇက်ထုပ်ကျောင်း၊ မင်းကင်းမြို့၊ စစ်ကိုင်တိုင်း။

၄၀။ ဦးပဋ္ဌောဘာသ၊ စစ်တောင်းတောရ မင်းကင်းမြို့၊ စစ်ကိုင်း တိုင်း။

၄၁။ ဦးဝေပုလ္လ၊ ဝေပုလ္လာရာမကျောင်းတိုက်၊ သဖန်းချောင်းရွာ၊ ယင်းယိမ်အုပ်စု၊ ကနီမြို့နယ်၊ စစ်ကိုင်းတိုင်း။

၄၂။ ဦးပညာစက္က၊ ရွှေရန်ငြိမ်းကျောင်း၊ လင်းမြီးဆွဲမြို့၊ ပြည်ခရိုင်၊ ပဲခူးအနောက်။

၄၃။ ဦးရေဝတ၊ ဆိတ်လူးအိုင်ရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၄၄။ ဦးဥက္ကံသ၊ မင်းကျောင်း၊ အမှတ်(၁)ကနီမြို့၊ စစ်ကိုင်တိုင်း။

၄၅။ ဦးနန္ဒာသီရိ၊ စိတ္တသုခကျောင်းတိုက်၊ ထူးပေါက်ရွာ၊ ကနီမြို့နယ်၊ စစ်ကိုင်းတိုင်း။

၄၆။ ဦးသဇ္ဇန၊ သပြေပင်တောရကျောင်းတိုက်၊ ရတနာပုံရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၄၇။ ဦးကုဏ္ဍလ၊ ရွှေကျောင်းကြီးတိုက်၊ ချောင်းမနားရွာ၊ ချောင်းဦး မြို့နယ်၊ စစ်ကိုင်းတိုင်း။

၄၈။ ဦးစန္ဒိမာ၊ အောင်မင်္ဂလာရွာဦးကျောင်း၊ မုံကြိုင်းကျေးရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်း။

၄၉။ ဦးသုဒဿန၊ အထက်စသာ အရှေ့ကျောင်း၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၅၀။ ဦးသံဝရ၊ ကလေးဝတောရ ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၅၁။ ဦးတေဇောဘာသ၊ သာသနာ့တံခွန်ကျောင်း၊ အိမ်တော်ရာ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၅၂။ ဦးလာဝိက၊ သုခဝတီကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၅၃။ ဦးတေဇ၊ သရက်တိုရိုးရွာ ထနောင်းကုန်းအုပ်စု၊ ဘုတလင် မြို့နယ်၊ စစ်ကိုင်းတိုင်း။

၅၄။ ဦးခေမိန္ဒ၊ သပြေပင်တောရကျောင်းတိုက်၊ ရတနာပုံရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၅၅။ ဦးပညိန္ဒ၊ ဆင်နှစ်ကောင်ကျောင်း၊ ကံသာရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၅၆။ ဦးဝိစာရ၊ သာသနဝေပုလ္လကျောင်းတိုက်၊ ရေလည်ကျွန်းရွာ၊ အုန်းပင်အုပ်စု၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း။

၅၇။ ဦးကဝိန္ဒာစာရ၊ ကုန်းမော်ကျောင်းရွာ၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၅၈။ ဦးနန္ဒမာလာ၊ ရွာသစ်ကျောင်း/ရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

၅၉။ ဦးပဏ္ဍဝ၊ ပွင့်လျှက်ရွာအနောက်ကျောင်း၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၆၀။ ဦးဇာဂရ၊ မမ္မရက္ခိတကျောင်း၊ ဘန့်ဘွေးရွာ၊ ယင်းမာပင် မြို့နယ်၊ စစ်ကိုင်းတိုင်း။

၆၁။ ဦးသောမသီရိ၊ ရွှေတောင်ဦး၊ ဓမ္မာရုံကျောင်း၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၆၂။ ဦးပညာဝံသ၊ ကူလဲအရှေ့ကျောင်း/ရွာ၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၆၃။ ဦးဓမ္မသာရ၊ သာသနဟိတကာရီကျောင်းတိုက်၊ ရွာရှည်ရွာ၊ တောဝေးအုပ်စု၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၆၄။ ဦးပညာဇောတ၊ လမင်းသာကျောင်းတိုက်၊ အရှေ့ဇီးတောရွာ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၆၅။ ဦးဝိဇယ၊ စည်လှော်င်တောင်၊ မဟာဗောဓိကျောင်း၊ စည်လှော်င်တောင်၊ ဘန့်ဘွေးအုပ်စု၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၆၆။ ဦးသြဘာသ၊ ကျောင်းကြီးကျောင်းတိုက်၊ ဝါးရောင်းကျေးရွာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၆၇။ ဦးဥက္ကံသ၊ သိဒ္ဓိရာဇကျောင်းတိုက်၊ ဗန္ဓုလရွာ၊ မြို့သစ်မြို့နယ်ခွဲ၊ တမူးခရိုင်၊ စစ်ကိုင်းတိုင်း။

၆၈။ ဦးကောဝိဒ၊ မင်းကျောင်းကျောင်းတိုက်၊ အိုးဘိုအရှေ့ရပ်၊ တွံတေးမြို့၊ ရန်ကုန်တိုင်း။

၆၉။ ဦးက္ကန္ဒက၊ ချမ်းမြေ့အောင်စည်ကျောင်းတိုက်၊ ပင်လုံရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။

၇၀။ ဦးသာရာနန္ဒ၊ ဝေဇယန္တကျောင်း၊ ပလ္လင်ကုန်းရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

၇၁။ ဦးဝိဇ္ဇာလောက၊ ကျိုက်ဒေးယျုံကျောင်း၊ သရက်မြို့၊ မကွေးတိုင်း။

၇၂။ ဦးနိမလ၊ သာသနာ့တံခွန်ကျောင်း၊ အိမ်တော်ရာတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၇၃။ ဦးဝိမလ၊ ကံသာကျောင်း၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၇၄။ ဦးပဏ္ဍိတ၊ သုဝဏ္ဏဝတီကျောင်း၊ ခေမာသီဝံတိုက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၇၅။ ဦးပညောဘာသ၊ ခေမာဝတီကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၇၆။ ဦးသေဋ္ဌိလ၊ ညောင်တံခါးကျောင်း၊ တွံတေးမြို့၊ ရန်ကုန်တိုင်း။

၇၇။ ဦးကုမာရ၊ ကမ္ဘာ့မဟာသုခကျောင်း၊ ကျွန်းတောရပ်ကွက်၊ ကန်သာယာ(၁၃)လမ်း၊ တွံတေးမြို့၊ ရန်ကုန်တိုင်း။

၇၈။ ဦးစန္ဒောဘာသ၊ အောင်ဘုန်းရှိန်ကျောင်း၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၇၉။ ဦးဝဇီရ၊ သာသနာ့တံခွန်ကျောင်း၊ အိမ်တော်ရာတိုက်၊ ဒဂုံမြို့နယ်၊ ပြည်အရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

၈၀။ ဦးဝိစိတ္တ၊ သကြားစက်ဝိသုတာရာမကျောင်း၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၈၁။ ဦးဇဝန၊ မင်းကွန်းတောင်ရိုး၊ သုဝဏ္ဏဟံသာရာမကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၈၂။ ဦးဣန္ဒာစရိယ၊ သာသနဝိသုဒ္ဓိဒီပနီကျောင်း၊ သပြေပင်တောရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၈၃။ ဦးစန္ဒာသီရိ၊ ရတနာမာရ်အောင်ကျောင်းတိုက်၊ ရှမ်းစုကြီးရွာ၊ တွံတေးမြို့၊ ရန်ကုန်တိုင်း။

၈၄။ ဦးဓမ္မနန္ဒ၊ ဒဂုံစည်ကျောင်း၊ ဆင်ခေါင်းရွာ၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။

၈၅။ ဦးဝိစိတ္တ(မင်းကွန်း)၊ ပါဠိနယူပဒေသကျောင်း၊ မစိုးရိမ်တိုက် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့၊ မန္တလေးမြို့။

၈၆။ ဦးဆန္ဒာဓိက၊ ဇောင်ကြမ်းပင်တိုက်၊ ဓမ္မပါရဂူကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၈၇။ ဦးဇနိန္ဒ၊ ဂန္ထဓူရနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

၈၈။ ဦးကောဝိဒ၊ နိဗ္ဗိန္ဒတိုက်သစ်ကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ မင်းကင်းမြို့၊ စစ်ကိုင်းတိုင်း။

၈၉။ ဦးလာဘ၊ ဓမ္မပါကဋကျောင်း၊ အရှေ့လယ်တီတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၉၀။ ဦးဝဏ္ဏိတ၊ ရွာဦးကျောင်း၊ လက်ပန်အရှေ့ရွာ၊ ဘုတလင် မြို့နယ်၊ စစ်ကိုင်းတိုင်း။

၉၁။ ဦးသုစိတ္တ၊ ဒေဝနိမ္မိတ နတ်စင်ကုန်းကျောင်း၊ လက္ခပွင့်ရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၉၂။ ဦးအဂ္ဂါစာရ၊ လက္ခဏာဒီပနီကျောင်းဆောင်၊ သပြေပင်တောရ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၉၃။ ဦးဝိစက္ခဏ၊ ချမ်းသာကြီးကျောင်းတိုက်၊ ပလ္လင်ကုန်းရွာ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

၉၄။ ဦးစန္ဒာဝရ၊ မဟာလယ်တီတိုက်၊ သီတဂူကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၉၅။ ဦးဇေတုသာမိ၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

၉၆။ ဦးကုမုဒ၊ သာသနာ့တံခွန်ကျောင်းတိုက်၊ အိမ်တော်ရာတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၉၇။ ဦးဥက္ကံသ၊ သာသနဝုမ္မိုဒီပနီကျောင်း၊ သပြေပင်တောရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၉၈။ ဦးအရိန္ဒမ၊ သာသနဝိသုဒ္ဓိဒီပနီကျောင်း၊ သပြေပင်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၉၉။ ဦးဝိဇယ၊ သာသနဓမ္မရက္ခိတကျောင်းတိုက်၊ ကွဲတပ်ကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၀၀။ ဦးဇနာဓိပ၊ သူဌေးကျောင်း၊ ရွှေရေးဆောင်ကျောင်းတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

၁၀၁။ ဦးတေဇသာရ၊ ပုညသုခကျောင်း၊ သရက်တောတိုက်၊ လမ်းမတော်မြို့နယ်။

၁၀၂။ ဦးသြဘာသ၊ အင်းဒေါင်းကျောင်း၊ မင်းတပ်မြို့၊ စစ်ကိုင်းတိုင်း။

၁၀၃။ ဦးဝေရောစန၊ အရှေ့လယ်တီကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၀၄။ ဦးသာသန၊ ဝန်ပို(ရွှေတောင်ဦး)တောရ၊ ဘုတလင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၀၅။ ဦးက္ကန္ဒောဘာသ၊ မဏိဝဇီရကျောင်း၊ အရှေ့လယ်တီတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၀၆။ ဦးဝိဝေက၊ စေတီယာရာမကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၀၇။ ဦးကုမုဒ (ကနီ)၊ လောင်ကျဉ်းကျောင်း/ရွာ၊ ကလေးခရိုင်၊ မင်းတပ်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၀၈။ ဦးကုဏ္ဍလ၊ ဆိပ်သာရွာ၊ မင်းတပ်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၀၉။ ဦးတေဇနိယ၊ မဂ္ဂင်ကျောင်း(ရွှေတောင်ဦး)၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၁၀။ ဦးအရိယ၊ သုခမ္မစာရီဗိမာန်၊ ရုံးကြီးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၁၁။ ဦးသုမန၊ သုခဝတီကျောင်းတိုက်၊ လယ်တီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၁၂။ ဦးကိတ္တိသာရ၊ ထန်းတပင်ရွာ၊ ကနီမြို့နယ်၊ စစ်ကိုင်းတိုင်း။

**သင်တန်းသားအမျိုးသားများ**

၁။ ဦးဘဆောင်၊ (၅)လမ်း၊ ရတနာပုံရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဦးမျိုးတင့်အောင်၊ စကားဝါလမ်း၊ ဘုန်းစိုးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဦးချစ်အောင်၊ ရွာကောက်၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း။

၄။ ဦးဗိုလ်၊ တောင်ပိုင်းရပ်ကွက်၊ ပုလဲမြို့၊ စစ်ကိုင်းတိုင်း။

၅။ ဦးကျော်သောင်း၊ သန္တာအမျိုးသမီးဘော်ဒါဆောင်၊ ခမရလမ်းသွယ်၊ ဘုန်းစိုးတောင်ပိုင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဦးတင့်ဆွေ၊ ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း။

၇။ ဦးဘုန်းကျော်၊ ယူကလစ်လမ်း(ထယ်တိုလမ်း)၊ မြို့သစ်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၈။ ဦးဝင်းသောင်း၊ အပိုင်း(၃)၊ မြို့ဦးရပ်၊ ရွှေကြာအင်း(၁) တောင်တွင်းကြီးမြို့၊ မကွေးတိုင်း။

၉။ ဦးလှသိန်း၊ တိုက်(၁၇၄)၊ အခန်း(၀၀၁)၊ ဘုရားလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
၁၀။ ဦးစိန်လှမြင့်၊ မုတ်ဆိုးကုန်းရွာ၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၁၁။ ဦးတင်ဦး၊ ၄/၃၇၊ ဘီအိုစီရပ်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း။
၁၂။ ဦးကျော်ငွေ၊ တစ်လေးလုံးရွာ၊ ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်း။
၁၃။ ဦးစိုးမြင့်၊ အက်တောရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

သင်တန်းသူ သီလရှင်နှင့်အမျိုးသမီးများ

၁။ ဒေါ်နန္ဒသိင်္ဂီ၊ ဓမ္မမေဒနီစာသင်တိုက်၊ အရှေ့လယ်တီ၊ မုံရွာ၊ စစ်ကိုင်းတိုင်း။
၂။ ဒေါ်စန္ဒရံသီ၊ ဓမ္မမေဒနီစာသင်တိုက်၊ အရှေ့လယ်တီ၊ မုံရွာ၊ စစ်ကိုင်းတိုင်း။
၃။ ဒေါ်မြင့်မြင့်အေး၊ စကားဝါလမ်း၊ ဘုန်းစိုးရပ်၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

စုစုပေါင်းသင်တန်းသား = ၁၂၈ - ဦး

## သင်တန်းပို့ချပုံ

၁၄-၆-၂၀၀၅၊ အင်္ဂါနေ့ = ဖွင့်ပွဲအစီအစဉ်နှင့် သင်တန်းအတွက် ဆောင်ရွက်စရာ ပုဗ္ဗကိစ္စများ။ ၂၉-၆-၂၀၀၅၊ ဗုဒ္ဓဟူးနေ့ အောင်ပွဲ အခမ်းအနားကျင်းပသည်။ (၁၅-၆-၂၀၀၅) ဗုဒ္ဓဟူးနေ့မှ (၂၁-၆-၂၀၀၅) နယုန်လပြည့်နေ့အထိ ပထမ(၇)ရက်မှာ သင်တန်းသားအားလုံး ကိုယ်တွေ့ဉာဏ်မြင်ရရှိရန် ကျင့်ကြံပွားများ အားထုတ်စေပါသည်။ (၂၂-၆-၂၀၀၅) နယုန်လပြည့်နေ့ ည(၆)နာရီ အချိန် (၈၄)ကြိမ်မြောက်တရား စခန်းဖွင့်ပြီး သင်တန်းသားအားလုံး အလှည့်ကျ တရားဟော တရားပြကြပါသည်။ တရားပြ အလှည့် မကျသည့် သင်တန်းသားများက ယောဂီများနှင့်အတူ တရား အားထုတ်ကြရပါသည်။

**ကျေးရွာတော်ရှင် ကမ္ဘာကျော်ပထမလယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော "နိဗ္ဗိန္ဒတေးထပ်"**

အဝိဇ္ဇာပိတ်ကာဆို့
မိစ္ဆာမြို့ပြင်ပြင်
ကြွေဌာလို့ခင်မင်လျှင်
လွှင့်စင်မည်မလွဲ
အရွတ်စုအပုတ်ကောင်လို့
အဟုတ်ယောင်မှားဘို့တနဲ
အသုဘရုပ်တစ္ဆေဝယ်
အဟုတ်လေကိုယ်ထဲ
အပုတ်ရေစိုတရွှဲဟာမို့
ယိုမစဲသူ့မှာ၊

သွေးသည်း ခြေပြည်သလိပ်တွေက
တည်မဆိတ် လျှမ်းပြည့်သည်သာ၊
သို့ကလောက် ရွံစရာပါကို
လွန်တဏှာ မက်စွဲလို့
စက်ဝဲမှာ တပေပေ
မွန်းနစ်ကြပလေ၊
တဏှာဖမ်းတဲ့ အကာဏ်းတွေမှာ
အပန်းမပြေဟိုက်မောရှာကြလေး၊
တဏှာပူးတဲ့ အရှူးတွေမှာ
အမူးမပြေမိုက်မောရှာကြလေး၊
တဏှာလိုက်တဲ့ အမိုက်တွေမှာ
အဟိုက်မပြေ ပင်ပန်းရှာကြလေး။

## ဒုတိယအကြိမ် လယ်တီကမ္မဋ္ဌာနာစရိယ သင်တန်းအောင်ပွဲ အခမ်းအနား

နေ့ရက် (၂၉-၆-၂၀၀၅)၊ ၁၃၆၇ခုနှစ်၊ နယုန်လပြည့်ကျော်၊ (၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ အချိန်၊ နံနက် (၉း၀၀)နာရီအချိန်၊ နေရာ လယ်တီဝိပဿနာဓမ္မာရုံ၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ အမှတ်(၃၃၇/က)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

### ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများနှင့် ပရိတ်သတ်များ

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌ ထားဝယ်ဆရာတော်ဘုရားကြီးအမှူးပြုသော ဆရာတော်ကြီးများ၊

၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၊

၃။ ပျဉ်းမနားမြို့၊ မဟာလယ်တီစံကျောင်းတိုက်ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ဘဒ္ဒန္တကက္ကန္ဒာဝုဓ။

* သင်တန်းကြီးကြပ်ရေးဆရာ၊ ဆရာတော်များ၊
* ဦးသန်းခင်၊
* သင်တန်းအချိန်မှူး ဦးလှကို၊
* ထက်/လယ်/အောက် လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်များ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များ၊
* သင်တန်းသားဆရာတော်၊ သံဃာတော်အရှင်မြတ်များနှင့် အမျိုးသား၊ အမျိုးသမီး၊ သီလရှင်များ၊

* မြဝတီရုပ်သံဌာနမှ 'သံဃာ့ဂုဏ်ရည်မြတ် လယ်တီ ရုပ်/သံ တွဲ' အတွက် သင်တန်းအစမှအဆုံး ဆိုရလောက်အောင် မှတ်တမ်းတင် ရိုက်ကူးကြသည့် ထုတ်လုပ်ရေးမှူး ဒေါ်မြင့်မြင့်ကြည် ဦးဆောင်သော အဖွဲ့ကလဲ သင်တန်းနှင့် ပတ်သက်သမျှ မေးမြန်းနေကြပါသည်။

အခမ်းအနားမှူးအဖြစ်

လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမျိုးတင့်အောင်က ဆောင်ရွက်ပါသည်။

တွဲဖက်အခမ်းအနားမှူးအဖြစ်

လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းခင်က ဆောင်ရွက်ပါသည်။

အစီအစဉ်(၁)အရ - နမောတဿ (၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနားဖွင့်ပါသည်။

အစီအစဉ်(၂)အရ - နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ ထံမှ (၈)ပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒကထာ နာကြားကြပါသည်။

အစီအစဉ်(၄)အရ - လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနန်းနွယ်က ဝမ်းမြောက်ကြောင်း လျှောက်ထားပါသည်။

အစီအစဉ်(၅)အရ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော်ကြီးများက လယ်တီကမ္မဋ္ဌာနစရိယ ဆရာတော်ဖြစ်သင်တန်းသား ရဟန်းတော် (၁၁၂)ပါး၊ အမျိုးသား (၁၃)ဦး၊ အမျိုးသမီး(၁)ဦး၊ သီလရှင်(၂)ပါးတို့အား သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ကြသည်။

တာဝန်ရှိပုဂ္ဂိုလ်များက သင်တန်းဖွင့်ပွဲ စီဒီခွေ၊ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ လယ်တီဝိပဿနာ (ပ , ဒု , တ, စ) စာအုပ်များ၊ ယပ်တောင်များကို ဆက်ကပ်လှူဒါန်းကြပါသည်။

အစီအစဉ်(၆)အရ - လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသဆရာတော်က နိဂုံးချုပ် စကားမြွက်ကြားတော်မူပါသည်။

အစီအစဉ်(၇)အရ - ဒုတိယအကြိမ် လယ်တီကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်း အောင်ပွဲအခမ်းအနားကို (၁၀း၃၀)နာရီအချိန် “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆုတောင်းပြီး ရုပ်သိမ်းပါသည်။

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ**
**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

# လယ်တီဘဒ္ဒန္တဇောတိကာဘိဝံသ

**ဟောကြားတော်မူသော**
**ဆရာဖြစ်သင်တန်း (၁)**

**ရာပြည့်အထိမ်းအမှတ်ပွဲ**

၁၃၆၇ခုနှစ်၊ နယုန်လဆန်း (၇)ရက်၊ အင်္ဂါနေ့ (၁၄-၆-၂၀၀၅)။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇/က) လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှာ လယ်တီဝိပဿနာ ပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်က ကျင်းပတဲ့ ဒုတိယအကြိမ် လယ်တီ ဝိပဿနာ ကမ္မဋ္ဌာနာစရိယဆရာဖြစ်သင်တန်း။

တပည့်တော်တို့ သင်တန်းမှာ ဗုဒ္ဓဘုရား ဟောကြားတော် မူတဲ့ နည်းနိဿယအတိုင်း အာနာပါနအခြေခံပြီးတော့ သင်တန်း

ပေးကြမှာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်တစ်ရာက မန္တလေးမြို့ ကင်းဝန်မင်းကြီးအိမ်မဏ္ဍပ်မှာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက သုံးညဥ့်တိုင်တိုင် အာနာပါန ကမ္မဋ္ဌာန်းတရား အားထုတ်ပုံနည်းပေးခဲ့ပါတယ်။

ဒီသင်တန်းက ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ကင်းဝန်မင်းကြီးအိမ်မှာ အာနာပါနကမ္မဋ္ဌာန်း အားထုတ်နည်းသုံးညဥ့်တိုင်တိုင် ဟောကြားခဲ့တဲ့နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်ပွဲလဲဖြစ်တယ်။

**ဉာဏ်စဉ်(၁၀)ပါး လင်္ကာရာပြည့်**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့တဲ့ ပရမတ္ထသံခိပ်ကျမ်း ဉာဏ်စဉ် (၁၀)လင်္ကာကို ပြန်ကြည့်ရင်လဲ နှစ် (၁၀၀)ပြည့်ပါပဲ။

ဒီဉာဏ်စဉ် (၁၀)ပါး လင်္ကာဟာ တပည့်တော်တို့ရဲ့ လယ်တီဝိပဿနာ တရားစခန်းမှာမပါရင် မဖြစ်တဲ့၊ မသုံးရင်မဖြစ်တဲ့ ဉာဏ်စဉ် (၁၀)ပါး လင်္ကာဖြစ်ပါတယ်။

ဒါကြောင့်မို့ တပည့်တော်တို့ဟာ သုံးလောကထွဋ်ထားမြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ နည်းနိဿယအတိုင်း လွန်ခဲ့တဲ့နှစ် (၁၀၀)က ကင်းဝန်မင်းကြီး အမှူးပြုတဲ့ ပရိသတ်အပေါင်းတို့အား ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဖွင့်ဖော်ပေးတော်မူခဲ့တဲ့နည်း။ အဲဒီနည်းကို ယူပြီးတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၇၀)ကျော်က ပျော်ဘွယ်ကြီးရွာ အနာဂါမ်ဆရာသက်ကြီး၊ လူသူတော်စင်ကြီးဖြစ်ခဲ့ပါတယ်။

အနာဂါမ်ဆရာသက်ကြီးကနေ ဆရာကြီး ဦးဘခင်၊ ဆရာကြီး ဦးချစ်တင်၊ ဆရာမကြီး ဒေါ်မြသွင်၊ ဆရာကြီး ဦးဂိုအင်ကာတို့ ဆင့်ကဲဆင့်ကဲ ပြန့်ပွားလာတာ ပြည်ပမှာ လယ်တီကမ္မဋ္ဌာန်းတရား စခန်းပေါင်း (၄၀)ကျော် ရှိပါတယ်ဘုရား။

တပည့်တော်တို့ ပြည်တွင်းအားကို ကြည့်မယ်ဆိုရင်တော့ ပြည်တွင်းအားပာာ အင်မတန်နည်းပါးပါတယ်။

ဒါကြောင့်မို့ အဓိကအားဖြင့် ပြည်တွင်းမှာ နည်းနည်းပါးပါးသာ ရှိနေသေးတဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဖွင့်ဖော်ပေးထားတဲ့နည်း။ မြတ်စွာဘုရား ဟောကြားထားတဲ့ ဒေသနာတော်နဲ့အညီ ဟောကြားပြသတဲ့ ကမ္မဋ္ဌာန်းဌာနများ ဖွင့်လှစ်နိုင်ရန် အတွက် ဒီသင်တန်းကို ဖွင့်တာပါပဲဘုရား။

ဒီစာအုပ်ကြီးက အင်္ဂလိပ်ဘာသာနဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားထားတဲ့ ဥတ္တမပုရိသဒီပနီ၊ ပါရမီဒီပနီ၊ အာနာပါနဒီပနီ အပါအဝင် ဒီပနီကျမ်း (၁၁)ကျမ်းပါ ဘုရား။

ဒီ (၁၁)ကျမ်းကို ဒီဇင်ဘာလက ကျင်းပခဲ့တဲ့ ဗုဒ္ဓဘာသာ ကမ္ဘာ့ထိပ်သီးညီလာခံကြီးမှာ အင်္ဂလိပ်ဘာသာနဲ့ အုပ်ရေ (၂၀၀၀) ရိုက်ပြီး ကမ္ဘာကို ဓမ္မဒါနဖြန့်ခဲ့ပါတယ်ဘုရား။

ဒီကျမ်းကြီး (၁၁)ကျမ်းကို ကွန်ပျူတာဝပ်ဆိုက်မှာ "ဗုဒ္ဓ လယ်တီ" ဆိုတဲ့နာမည်နဲ့ ထည့်ပြီး အင်တာနက်ကနေ ကမ္ဘာ့ပညာရှင်များ ကြည့်နိုင်အောင် ထည့်ထားတဲ့အကြောင်းလဲ သတင်းကောင်း ပါးပါတယ် ဘုရား။

ယခုလို သင်တန်းပေးတာ။ အင်တာနက်ကနေ ကြည့်နိုင်အောင် ဆောင်ရွက်ကြတာဟာ မြတ်စွာဘုရားရဲ့ စကားတော်ကို ယုံကြည်လေးစားတဲ့ အနေအားဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

မြတ်စွာဘုရားရဲ့ စကားတော်က -

တီဏိမာနိ ဘိက္ခဝေ၊ ဝိဝဋာနိ ဝိရောစန္တိ နော ပဋိစ္ဆန္နာနိ။

အရာဝတ္ထု (၃)မျိုးဟာ ပွင့်လင်းစည်ပင်မှ တင့်တယ်တယ်။ မပွင့်လင်းဘူး၊ မစည်ပင်ဘူး၊ ကွယ်ဝှက်နေမယ်ဆိုရင် မတင့်တယ်ဘူး။

အဲဒါက ဘာတွေလဲဆိုရင် "တထာဂတ ပဝေဒိတော ဓမ္မဝိနယော ဝိဝဋော ဝိရောစတိ နော ပဋိစ္ဆန္နော"။

မြတ်စွာဘုရား လောကသားတို့အား အသိပေး ဟောကြားထားတဲ့ ဓမ္မဝိနယသာသနာ။

အဲဒီ ဓမ္မဝိနယ မြတ်စွာဘုရား ဆုံးမတော်မူခဲ့တဲ့ ဓမ္မဝိနယ သာသနာ ဝဋ္ဋဒုက္ခမှလွတ်ကြောင်း ကောင်းမြတ်တဲ့တရားတော် စကားတွေဟာ ပွင့်လင်းမှ၊ စည်ပင်မှ တင့်တယ်ပါတယ်။

နေဝန်းကြီး၊ လဝန်းကြီးတို့ဟာ ပွင့်လင်းစည်ပင်မှ တင့်တယ်ပါတယ်။

အဲဒီလို ပွင့်လင်းစည်ပင်မှ တင့်တယ်တဲ့ ဗုဒ္ဓဘုရားရဲ့ အဆုံးအမ သာသနာတော်ကြီးကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ပွင့်လင်းစည်ပင်အောင် ဒီပနီကျမ်းပေါင်း (၁၀၀) ရေးသားပြီး ဖြန့်ဝေတော်မူခဲ့ပါတယ်ဘုရား။

အဲဒီလို ဖြန့်ဝေတော်မူခဲ့တဲ့ နည်းနာနိဿတွေဟာ တပည့်တော်တို့ လယ်တီဝိပဿနာ လယ်တီဝိပဿနာ ဆိုပြီးတော့

တရားစခန်းတွေ ဖွင့်ကြတော့ တစ်ပါးကတစ်မျိုး၊ တစ်ပါးကတစ်မျိုး ဆိုရင် မသင့်တော်တဲ့အတွက် တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း မဖြစ်ရအောင် အခုလို သင်တန်းဖွင့်လှစ်ရပါတယ်ဘုရား။

အဲဒီလို သင်တန်းဖွင့်လိုက်တဲ့အခါမှာ မူရသွားနိုင်ပါတယ်။ ခက်ခဲနက်နဲလှတဲ့ စကားတွေ၊ တရားတွေ နည်းနည်းသာပါပြီး အရှင်ဘုရားတို့ သိကြပြီးသား သင်ပြီးသား ကျက်မှတ်ပြီးသား တရားတွေကို သင်မှာပါပဲ။

သို့သော်လဲ အစ ပရိကမ်လုပ်တာကစပြီးတော့ လယ်တီဝိပဿနာကမ္မဋ္ဌာန်း၊ ဝိပဿနာတရားစခန်း ဘယ်နားမှာဖွင့်ဖွင့် "ဗုဒ္ဓံ သရဏံဂစ္ဆာမိ"စတဲ့ သရဏဂုံ၊ "ဗုဒ္ဓဂုဏာ အနန္တော" စတဲ့ အနန္တငါးပါး ဘုရားရှိခိုး၊ သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၊ အမျှဝေ။

ဒီအချက်အလက်လေးတွေကစပြီး တူညီမှုရှိအောင် ဆောင်ရွက်စေချင်တဲ့သဘောပါဘုရား။ ဒီပရိကံကို ပြန်ကြည့်လိုက်ရင် ရဖူးနေတဲ့ စကားလေးတွေပါပဲ၊ လွယ်လဲလွယ်ပါတယ်။

ဒါပေမယ့် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း မဖြစ်အောင် ဆောင်ရွက်ကြဖို့ ရွတ်ကြဖို့လိုပါတယ်ဘုရား။

တပည့်တော်တို့ သင်တန်းဖွင့်တယ်။ အရှင်ဘုရားများ မသိတာ တွေ သင်ပေးမှာ မဟုတ်ပါဘူး။ သင်တန်းဆရာများက မူကျအောင်-

- ပရိကမ်ပြုတာက ဘယ်လို၊
- ဆရာသမားစီ မိမိကိုယ် အပ်နှံတဲ့စကားက ဘယ်လို၊
- (၃၁)ဘုံသားတို့အား အမျှဝေတာလေးက ဘယ်ပုံ၊

ဆိုတာလေးတွေ မူကျသွားအောင် သင်တန်းဖွင့်တာပါပဲ။

အဲဒီလို သင်တန်းဖွင့်တဲ့ နေရာမှာ အပိုင်းတွေက (၁) သင်ကြားရေးအပိုင်းရယ်၊ (၂) လက်တွေ့တရားအားထုတ်တဲ့ အပိုင်းရယ် နှစ်မျိုးရှိပါတယ်။

ဒါကြောင့်မို့ ပထမနေ့မှာ ဘာတွေအားထုတ်ရမယ်။ အားမထုတ်ခင် ပရိကမ် ဘာတွေ ပြုရမယ်ဆိုတာကို ပထမနေ့မှာ သင်ကြားကြဖို့ လိုပါတယ်။ သင်ကြားပြီးတဲ့အခါ လက်တွေ့ပရိကမ်ပြု။

ပထမနေ့မှာ ဘယ်လိုအားထုတ်ရမယ်ဆိုတာကို လျှောက်ထားပြောကြားပြီးတဲ့အခါ အားထုတ်ရပါမယ်။

သင်ကြားတာက ပထမ၊ အားထုတ်တာက ဒုတိယ။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ပရိယတ်နဲ့ ပဋိပတ်ပါပဲ။

သင်ကြားမှုက ပထမ၊ အားထုတ်တာက ဒုတိယ။

အဲဒီလို သင်ကြားရေးအပိုင်း၊ အားထုတ်ရေးအပိုင်းတွေနဲ့ ပြည့်ပြည့်စုံစုံ ဆောင်ရွက်တဲ့အခါ အရှင်ဘုရားများလဲ ကမ္မဋ္ဌာနာစရိယဂုဏ်ရောင်တက်သွားနိုင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ တပည့်တော်တို့ တရားရှာတဲ့ နေရာမှာ-

"ယထာဘူတဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော"

အမှန်အတိုင်း သိနိုင်တဲ့ဉာဏ် (တစ်နည်းအားဖြင့်) ဝိပဿနာဉာဏ် နာမရူပ ပရိစ္ဆေဒဉာဏ်တွေ ရရှိဖို့အတွက် ဆရာရှာရမယ်လို့ ဆိုတော့ မိမိတို့ကိုယ်တိုင် ဆရာဖြစ်ပြီဆိုတော့ "ဆရာ"ဆိုတာ ဘယ်လို အချက်အလက်တွေနဲ့ ပြည့်စုံရမယ်။

ကမ္မဋ္ဌာနာစရိယက သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တွေကို ရရှိအောင်ကြိုးစားကြရမယ်။

ကမ္မဋ္ဌာနာစရိယသည် သုတမယဉာဏ်လဲ ရှိရမယ်၊ စိန္တာမယ ဉာဏ်လဲ ရှိရမယ်၊ ဘာဝနာမယဉာဏ်လဲ ရှိရမယ်။

တပည့်တော်တို့ စာသင်တိုက်မှာ စာသင်စဉ်က သုတမယ ဉာဏ်၊ စိန္တာမယဉာဏ်ကို ရှေ့တန်းတင် သင်ကြရတာ။

အခု အရှင်ဘုရားများ လယ်တီကမ္မဋ္ဌာနာစရိယသင်တန်းမှာ တော့ သုတမယဉာဏ်၊ စိန္တာမယဉာဏ်ကို ကျော်လွန်တစ်ဆင့် တက်ပြီး ဘာဝနာမယဉာဏ်ပါရရှိအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ် ဘုရား။

အဲဒီတော့ မြတ်စွာဘုရားက ကမ္မဋ္ဌာန်းနဲ့ပတ်သက်ပြီးတော့ ဆရာကောင်း၊ သမားကောင်းရရှိဖို့လိုတယ်လို့ မိန့်ဆိုပါတယ်။

ဆရာရှာတဲ့အခါ ပထမဆုံးရနိုင်ရင်တော့ "မြတ်စွာဘုရား" ဆိုတဲ့ ဆရာရှာရနိုင်ရင်တော့ အကောင်းဆုံးပါပဲ။

သမ္မာသမ္ဗုဒ္ဓလဲ မရနိုင်ဘူး။ အဂ္ဂသာဝကလဲ မရနိုင်ဘူး။ အသီတိသာဝကလဲ မရနိုင်ဘူး။ ရဟန္တာလဲ မရနိုင်ဘူး။ အနာဂါမ်လဲ မရနိုင်ဘူး။ သကဒါဂါမ်လဲ မရနိုင်ဘူး။ သောတာပန်ဆရာများ မရနိုင်ဘူး ဆိုရင်တော့ အချက်အလက် (၇)မျိုးနဲ့ ပြည့်စုံတဲ့ဆရာကို ရှာကြရမှာ ဖြစ်ပါတယ်။

ကမ္မဋ္ဌာန်းအားထုတ်လိုတဲ့ ယောဂီသူတော်စင်များကလဲ ဘုရား၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်ပုဂ္ဂိုလ်မရလို့ရှိရင် အားမထုတ်ရတော့ဘူးလားဆိုတော့ အင်္ဂါ (၇)ပါးနှင့်ပြည့်စုံတဲ့ အချက်အလက် (၇)ပါးနှင့်ပြည့်စုံတဲ့ ဆရာသမားကို ရှာပြီးအားထုတ်ရမှာပါ။

အင်္ဂါ(၇)ပါးနဲ့ ပြည့်စုံတဲ့ဆရာဆိုတာ -

ပိယော ဂရုဘာဝနိယော၊ ဝတ္တာစဝစနက္ခမော။
ဂမ္ဘီရဉ္စကထံကတ္တာ၊ နောစာဌာနေ နိယောဇကော။

ပိယော ဂရုဘာဝနိယော= ဒီဂုဏ်သုံးမျိုးနဲ့ ပြည့်စုံတဲ့ဆရာမျိုးဟာ သီလအစရှိတဲ့ (၈)မျိုးတို့နဲ့ ပြည့်စုံတဲ့အတွက် ချစ်အပ်တယ်၊ အလေးအမြတ် ပြုအပ်တယ်၊ စိတ်နှလုံးကို ပွားစေတတ်တယ်၊ အဲဒီလို ဆရာမျိုး။

ဝတ္တာစ ဝစနက္ခမော= ဆိုဆုံးမတတ်တယ်၊ သူတစ်ပါးတို့က ဆိုဆုံးမ ရင်လဲ လက်ခံနိုင်တယ်။ ဂမ္ဘီရဉ္စ ကထံကတ္တာ= နက်နဲခက်ခဲတဲ့ သမထတရား၊ ဝိပဿနာ တရား။ တစ်နည်းအားဖြင့် ရုပ်နာမ်နဲ့စပ်တဲ့ စကားတွေကိုလဲ ပြောဆိုတတ်တယ်။ နောစာဌာနေနိယောဇကော= နည်းမမှန် လမ်းမမှန်တဲ့ တရားအားထုတ်နည်းတွေ မပြရဘူး၊ မတိုက်တွန်းရဘူး။

နောစာဌာနေနိယောဇကောက သိပ်ပြီးတော့ အရေးကြီးပါတယ်။ အရှင်ဘုရားများ ကမ္မဋ္ဌာနာစရိယသင်တန်း တက်ပြီးတရားပြတဲ့အခါမှာ "အဌာန" အရာမဟုတ်တဲ့၊ ကမ္မဋ္ဌာန်း မဟုတ်တာကို ကမ္မဋ္ဌာန်းလုပ်ပြီး တရားပြမှုကို ရှောင်ရှားရမှာပါပဲ။ ဘုရားအရိယာ ကမ္မဋ္ဌာန်းဆရာမရရင် ဒီလို အသင်အကြား အမြင်များတဲ့ ကမ္မဋ္ဌာန်း ဆရာကို ရှာရမှာပါ။

ဥပမာအားဖြင့် ပြောကြပါစို့။ အခုခေတ်မှာ ပုတီးစိတ်တဲ့ လူတွေကလဲ အင်မတန်များတယ်။ အမျိုးမျိုးတွေ တီထွင်ပြီးတော့ စိတ်နေကြတယ်။ အဲဒီလိုများသလို တရားပြတဲ့နည်းမှာလဲ များလှပါတယ်။

တပည့်တော်တို့က ဇဝေဇဝါဖြစ်စရာမရှိတဲ့၊ တစ်နည်းအားဖြင့် မြတ်စွာဘုရားရဲ့ စကားတော်တွေကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်က ကုရုတိုင်း၊ ကမ္မာသဒမ္မရွာမှာ ပေးတော်မူခဲ့တဲ့၊ အခုအနေနဲ့ ပြောမယ်ဆိုရင် အိန္ဒိယနိုင်ငံ၊ ဒေလီမြို့ ကေလာသအရှေ့အရပ်မှာ ဟောတော်မူခဲ့တဲ့ မဟာသတိပဋ္ဌာနသုတ္တန်။

အဲဒီ မဟာသတိပဋ္ဌာနသုတ္တန်မှာလဲပဲ အခန်းကြီး(၄)ခန်း ထားပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။

ပထမဆုံးအခန်းကြီးထဲမှာ အပိုင်းကြီး (၁၄)ပိုင်း ရှိတယ်။ အဲဒီ (၁၄)ပိုင်းထဲမှာ ပထမဆုံး မြတ်စွာဘုရား ပေးတော်မူခဲ့တဲ့ အာနာပါန ကမ္မဋ္ဌာန်း။ အဲဒီ အာနာပါနပဗ္ဗမှာလဲ အပိုင်း(၁၆)ပိုင်း အချင်းအရာ (၃၂)မျိုးထားပြီးတော့ မြတ်စွာဘုရားက တရားအားထုတ်ပုံကို ဟောထားတော်မူခဲ့တယ်။

လွန်ခဲ့တဲ့ နှစ်တစ်ရာက ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး မန္တလေးမြို့ ကင်းဝန်မင်းကြီးရဲ့ အိမ်မှာ (၃)ညဥ့်တိုင်တိုင် အာနာပါနအခြေခံတဲ့ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်နည်းကို ပေးတော် မူတာ။

ပေးတော်မူခဲ့တဲ့ တရားစာပေတွေကို မှတ်တမ်းပြုပြီးထားတဲ့ အာနာပါနဒီပနီကျမ်းဟာ ဒီနှစ်သက်တမ်းတစ်ရာပြည့်တဲ့နှစ်ပါပဲ။ အဲဒီ အာနာပါနကမ္မဋ္ဌာန်းက မြတ်စွာဘုရား မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မြတ်ကြီးမှာ ပထမဆုံးပေးခဲ့တဲ့ကမ္မဋ္ဌာန်း။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးကလဲ လွန်ခဲ့တဲ့ နှစ်တစ်ရာက ကင်းဝန်မင်းကြီးအိမ်တော်မှာ ဒီအာနာပါန ကမ္မဋ္ဌာန်း အားထုတ်နည်းကို အကြီးအကျယ် ပါဠိ အဋ္ဌကထာ ဋီကာ

နည်းမျိုးစုံနဲ့ မိမိရဲ့ကိုယ်တွေ့ အားထုတ်ထားတဲ့ အချက်အလက်တွေနဲ့တကွ သုံးညဥ့်တိုင်တိုင် ပေးခဲ့တယ်။

မြတ်စွာဘုရားရဲ့ လက်သုံးတော်ကမ္မဋ္ဌာန်းဖြစ်တဲ့ အာနာပါနကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီးတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထားတယ်။

အရှင်ဘုရား တရားတစ်ပါးကို အားထုတ်တာနဲ့ အကျိုး(၄)မျိုး၊ အကျိုး(၇)မျိုး၊ အကျိုး(၄)မျိုး၊ အကျိုး(၄)မျိုး ရရှိအောင် ဘယ်ကမ္မဋ္ဌာန်းများ အားထုတ်ရပါ့မလဲ ဘုရားလို့ဆိုတော့-

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ
စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

အာနန္ဒာ= အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်လိုက်တာနဲ့ သတိပဋ္ဌာန်လေးပါးလုံး ပြည့်စုံသွားတယ်။

စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ
သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။

သတိပဋ္ဌာန်လေးပါး အားထုတ်လိုက်တာနဲ့ ဗောဇ္ဈင်(၇)ပါးလုံး ပြည့်စုံသွားတယ်။

သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ
ပရိပူရေန္တိ။

ဗောဇ္ဈင်(၇)ပါး အားထုတ်လိုက်တော့ မဂ်ဉာဏ်လေးပါး (ဝိဇ္ဇာ)၊ ဖိုလ်လေးပါး (ဝိမုတ္တိ) အားထုတ်ပြီးသား ဖြစ်သွားတယ်။

တစ်ပါးအားထုတ်တာနဲ့ အကျိုး (၄-၇-၄-၄) ပြည့်စုံနိုင်တဲ့ ကမ္မဋ္ဌာန်းကို ဖောင်းပေးပြီး အရှင်မြတ်များအား ကမ္မဋ္ဌာနာစရိယများက သင်ကြားပို့ချပေးမှာပါဘုရား။

သုံးလောကထွဋ်ထား မြတ်ဘုရား ကုရုတိုင်း ကမ္မာသဒမ္မရွာ (အိန္ဒိယနိုင်ငံ ဒေလီမြို့ ကေလာသအရှေ့အရပ်)မှာ ဟောကြားတော်မူခဲ့တဲ့ ဗုဒ္ဓရွှေပေလွှာ။

အဲဒီ ဗုဒ္ဓရွှေပေလွှာဟာ အင်မတန် ခက်ခဲနက်နဲပါတယ်။ သာမန်ပုဂ္ဂိုလ်တွေ ဖော်ထုတ်နိုင်ဖို့ မလွယ်ပါဘူး။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက မြတ်စွာဘုရားရဲ့ ရွှေပေလွှာအဖြေကို ဖော်ထုတ်ပေးတော်မူခဲ့တဲ့ တရားအားထုတ်နည်း။

ဆိုကြပါစို့၊ အရှင်မဟာရဋ္ဌသာရတို့ခေတ်က ဒကာကြီးတစ်ယောက် အိမ်မှာ ရွှေပေလွှာတစ်ခု ပေါ်ခဲ့ဖူးပါတယ်။

အဲဒီ ရွှေပေလွှာလေးယူပြီးတော့ ဘုန်းကြီးကျောင်းတစ်ကျောင်း သွားမေးတယ်။

"အရှင်ဘုရား ဒီရွှေပေလွှာလေးကြည့်ပြီး ဖြေပေးစမ်းပါ"။ စာက ဘာရေးထားသလဲဆိုတော့ "အသုခ"ပါတဲ့ ဘုရား။

"အေး-- မင်းတော့ ဒုက္ခရောက်ပြီသာမှတ် "အသုခ"ဆိုတာ မချမ်းသာဘူးတဲ့။

ကျောင်းအသီးသီးမှ ဆရာတော်မျိုးစုံက မချမ်းသာဘူးလို့ပဲ အဖြေပေးကြတယ်။ "မင်းတော့ ဖွတ်တက်ပြီသာ မှတ်ပေတော့" ဖြေလိုက်တော့ စိတ်ပျက်နေတယ်။

အဲဒီဒကာက အရှင်မဟာရဋ္ဌသာရ သီတင်းသုံးတဲ့နေရာ ကျောင်းသွားပြန်တယ်။

"အရှင်ဘုရား တပည့်တော် ရွှေပေလွှာလေးကို ကြည့်ပေးပါဘုရား"လို့ လျှောက်တယ်။

"မင့်ရွှေပေလွှာ ပြစမ်း"ဆိုပြီးဖတ်ကြည့်တော့ "အ-သု-ခ"။

"အ= အမ္ဗ၊ မင်းတို့အိမ်နားမှာ သရက်ပင်ရှိသလား"

"ရှိပါတယ် ဘုရား"

"အဲလိုဆို နီးစပ်ပြီကွ"

အ- အမ္ဗ ရုက္ခသမူလေ= သရက်ပင်ရင်းမှာ၊ သု- သုဝဏ္ဏံ= ရွှေအိုးကို၊ ခ-ခနာဟိ= တူးလော့။

"သွားကွာ၊ မင့်အိမ်ဘေးနားမှာတူး ဒီရွှေပေလွှာက သာမန်ရတာမဟုတ်ဘူး။ လာမ,တာပဲ။

မင့်အိမ်ဘေးနားက သရက်ပင်ခြေရင်းမှာ တူး၊ ရွှေအိုးရလိမ့်မယ်လို့ အရှင်မဟာရဋ္ဌသာရက ရွှေပေလွှာရဲ့ အဓိပ္ပါယ်ကို ကောင်းမွန်စွာ ဖော်ထုတ်ပေးလိုက်လို့ အဲဒီ ဒကာ ကံကောင်းပြီး သွားတာ။

အိမ်ဘေးနားက သရက်ပင်ရင်းက ရွှေအိုးတူးတော့မှရတာကိုး။ ရွှေပေလွှာ အလဟဿမဖြစ်ဘူး။

တပည့်တော်တို့လဲ မာဂဓ ပါဠိဘာသာနဲ့ ဟောထားတဲ့ ဗုဒ္ဓရွှေပေလွှာတွေ နိကာယ်ငါးရပ် ပိဋကတ်တော်တွေ ရှိပေမယ့်လို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ဒီရွှေပေလွှာကို အဓိပ္ပါယ်ကျကျနန ဖော်ထုတ်နိုင်ဖို့ခက်တယ်။

ဒါကြောင့် အရှင်အာဒိစ္စဝံသက "ဗုဒ္ဓနိကာယမျက်မှန်ကြီး" ဆိုတဲ့ စာအုပ်မှာ အကျွန်ုပ်တို့ စာသင်သားငယ်ခေတ်က မင်္ဂဖိုလ်နိဗ္ဗာန် တရားများ ကွယ်ပျောက်တိမ်ကောလုမတတ်ဖြစ်နေတာ။

လယ်တီဆရာတော် ပေါ်ပေါက်ထွန်းကားလာ၍ ဒီပနီကျမ်း ပေါင်းများစွာ ရေးသားလျှက် တရားလှည့်လည် ဟောကြားမှသာ

ဂုဏ်းမဂ်ဖိုလ်နိဗ္ဗာန်တရားတော်များ ပေါ်ပေါက်ခဲ့ရလေသည်ဟု ဆိုလျှက် ထောက်ခံရေးသားထားတာကို တွေ့ရပါတယ်။

ရှင်အာဒိစ္စဝံသက တပည့်တော်တို့ လယ်တီနိကာယဝင်လဲ မဟုတ်ပါဘူး။ ဆရာတော်ဘုရားကြီးရဲ့ တပည့်လဲမဟုတ်ဘူး။ အဲဒါလို ချီးကျူးတော်မူဘူးတယ်။

အရှင်ဘုရားတို့ တပည့်တော်တို့ မှီရာဖြစ်တဲ့ ဗုဒ္ဓဘုရား၊ အဲဒီနောက် ဒုတိယမှီရာဖြစ်တဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးတည်းဟူသော မှီရာက အင်မတန်ကြီးကျယ်ပါတယ်။

ဒါကြောင့် မိမိတို့မှီရာကြီးကျယ်တဲ့အလျောက်၊ မှီရာကြီးကျယ်တဲ့ အခါ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့စကားလိုပဲ။

"လူ့အဖြစ်အရတော်လေစွ့ ရဟန်းအဖြစ် အရတော်လေစွ့"

ဘာကြောင့်လဲ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ရဲ့ တပည့်ဖြစ်ရခြင်းသည် ကောင်းလေစွ့၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်နဲ့တွေ့ရခြင်းသည် လူ့အဖြစ် ရကျိုးနပ်ပေစွ့လို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ဝမ်းသာအားရ စကားရှိဖူးပါတယ်။

အရှင်မြတ်များ တပည့်တော်များ ဗုဒ္ဓဘုရားတည်းဟူသော မှီရာ၊ တရားတော်တည်းဟူသော မှီရာ၊ သံဃာတော်တည်းဟူသော မှီရာ၊ အခု ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး တည်းဟူသော မှီရာကြီးကို ရရှိကြတဲ့အတွက် အရှင်ဘုရားတို့ တပည့်တော်တို့ ကံကောင်းလေစွ့၊ ကံကောင်းလေစွ့ ဟု ကျူးရင့်ကာ ကျေနပ်ရပါတယ်။

မိမိတို့သင်တန်းကာလအတွင်းမှာ သင်တန်းပေးတဲ့ အရှင်မြတ်များကလဲ သူ့အပိုင်းနဲ့သူ သူ့ကဏ္ဍလေးနဲ့သူ (၇)ရက်တရား

စခန်းဆိုတော့ (၇)ရက်သင် (၇)ရက်အားထုတ်၊ နောက်တစ်ကျော့ပြန်ပြီးတော့ ဒီကျောင်းတိုက်အတွင်းမှာ ဖွင့်လှစ်တဲ့ (၈၄)ကြိမ်မြောက်တရားစခန်းမှာ ကိုယ်တိုင်ဝင်ပြီးတော့ ဆရာအဖြစ်နဲ့ တရားပြလို့ရတယ်။ လက်တွေ့၊ မျက်တွေ့ လုပ်ငန်းခွင်ဝင်ကြခြင်းပါ။

အဲဒီလို မိမိကိုယ်တိုင် သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် ရယူပြီးတော့ တပည့်ယောဂီများအား သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် ဖြစ်ပေါ်နိုင်အောင်ကြိုးစားပြီး သင်ကြားအားထုတ်တော်မူကြပါလို့ တိုက်တွန်းနှိုးဆော်ရင်းနဲ့ တပည့်တော်ရဲ့ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ
လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကရေ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ

## လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ

ဟောကြားတော်မူသော
ဆရာဖြစ်သင်တန်း (၂)

၁၃၆၇ခုနှစ်၊ နယုန်လဆန်း (၉)ရက်၊ (၁၅-၆-၂၀၀၅)။ အရှင်တို့ ကျင့်ပွားနေတဲ့ သမထကမ္မဋ္ဌာန်းသည် ဘယ်လောက်အရေးကြီးသလဲ ဆိုတော့-

"ပါမောက္ခ လက္ခဏောစ သမာဓိ"

သမာဓိ= သမာဓိသည်၊ ပါမောက္ခ လက္ခဏောစ= အကြီးအမှူး ခေါင်းဆောင်ခြင်း လက္ခဏာရှိ၏။

သမာဓိဟာ ဦးစီးတဲ့လက္ခဏာ ရှိတယ်။ "အဝိက္ခေပလက္ခဏောစ"= မပျံ့လွင့်ခြင်းလက္ခဏာရှိတယ်။

"စိုက်စိုက်စူးစူး အထူးမြဲမြဲ ရှုအားသန် ဈာန်ဟုခေါ်သတတ်" လို့ လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားသလို အာရုံတစ်ခုမှာ စူးစိုက်ပြီး ထားနိုင်တဲ့ အင်မတန်အားသန်တဲ့ တရားပါပဲ။

ဥပမာအားဖြင့်ပြောမယ်ဆိုရင် အထွဋ်တင်ထားတဲ့ အိမ်တစ်လုံး၊ အထွဋ်တင်ထားတဲ့ ကျောင်းတစ်လုံး၊ အဲဒီမှာ "အထွဋ်"နဲ့တူတယ်။

ဘယ်လိုတူသလဲဆိုတော့ အခြားအချင်ရနယ်တွေ အားလုံးကို ဖွဲ့စပ်ပြီးပေးတတ်တဲ့အတွက်ကြောင့်မို့ ကျောင်းရဲ့အထွဋ်ဟာ အကြီးအမှူး ဖြစ်သလို။

အလားတူပဲ၊ ကုသိုလ်တရားအားလုံးတို့ဟာ သမာဓိစိတ်နဲ့ ပြည့်စုံနိုင်တဲ့အတွက်ကြောင့်မို့ ကုသိုလ်တရားအားလုံးတို့ရဲ့ ရှေ့သွား ဦးစီး အကြီးအမှူး ဖြစ်ပါတယ်။

ကုသိုလ်တရားအားလုံးဆိုတဲ့နေရာမှာ အထူးသဖြင့် ဝိပဿနာတရား ကုသိုလ်ကို အဓိကထား ပြောတာပါပဲ။

ဝိပဿနာပိုင်းရောက်သွားရင် ဒီသမာဓိက အင်မတန်အရေးကြီးပါတယ်။ သမာဓိဟာ အိမ်ရဲ့အထွဋ်၊ ကျောင်းရဲ့အထွဋ်လိုပါပဲ။ အချင်ရနယ်တွေကို ဖွဲ့စပ်ပြီးထားတတ်တဲ့အတွက် အိမ်ရဲ့အထွဋ်၊ ကျောင်းရဲ့အထွဋ်ဟာ အကြီးအမှူးဖြစ်သလိုပါပဲ။

အဘိဓမ္မာအဋ္ဌကထာများက ဒီလိုဖွင့်ပြီး မိလိန္ဒပဉှာပါဠိတော်ကျတော့လဲ ဒီအတိုင်းပဲ ဖွင့်တာပါပဲ။

"ပမုခလက္ခဏော မဟာရာဇသမာဓိ"

မင်းကြီး သမာဓိဟာ ရှေ့သွားခေါင်းဆောင်ခြင်း လက္ခဏာရှိတယ်။

"ယေကေစိ ကုသလာဓမ္မာ၊ သဗ္ဗေတေ သမာဓိပ္ပမုခါ
ဟောန္တိ၊ သမာဓိ နိန္နာ သမာဓိပဗ္ဘာရာ"

ကုသိုလ်တရားတွေအားလုံးဟာ သမာဓိက ခေါင်းဆောင်၊ သမာဓိရှေ့သွားရှိတယ်။ သမာဓိသို့ပဲ ညွတ်ကြတယ်။ ကိုင်းကြ ရှိုင်းကြတယ်။

စောစောကပြောတဲ့ ဥပမာကိုပဲ ဆောင်တော်မူတယ်။ အထွဋ်ရှိတဲ့ကျောင်း၊ အိမ်ယာ၊ အချင်ရနယ်တို့ကို ဖွဲ့စပ်ထားတဲ့ အတွက် ဦးစီးခေါင်းဆောင်ဖြစ်သလို သမာဓိသည် ကုသိုလ်အားလုံး တို့ရဲ့ ဦးစီးခေါင်းဆောင်ဖြစ်တယ်။

ဥပမာ- ဆင်၊ မြင်း၊ ရထား၊ ခြေလျင်တပ်ခေါ်တဲ့ စစ်သည် တော်လေးပါးနဲ့ စစ်မြေပြင်ထွက်တဲ့ ရှင်ဘုရင်များ၊ ဆင်တပ်ကဖြစ်စေ၊ မြင်းတပ်ကဖြစ်စေ၊ ရထားတပ်ကဖြစ်စေ ခြေလျင်တပ်ကဖြစ်စေ စစ်သည်တော်တွေဟာ ရှင်ဘုရင်ကိုပဲ အကြီးအမှူး ဦးစီးထားပြီးတော့ စစ်တိုက်ကြရတယ်။ ရှင်ဘုရင်ကိုပဲ ကိုင်းကြ ညွတ်ကြရသလို၊ ရှင်ဘုရင် ညွှန်တဲ့နေရာကိုပဲ အစဉ်လိုက်ပါကြရသလိုပါပဲ။ ကုသိုလ်တရားတွေ ဟာလဲ သမာဓိနောက်သို့ လိုက်ကြရ။

သမာဓိက ရှင်ဘုရင်နဲ့ တူတယ်။ ကုသိုလ်တရားတွေက ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်တွေနဲ့ တူတယ်။

ဒါကြောင့် မြတ်စွာဘုရားက -

"သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော
ယထာဘူတံ ပဇာနာတိ"

ဘိက္ခဝေ= ရဟန်းတို့၊ သမာဓိံ= သမာဓိကို၊ ဘာဝေထ= ပွားကြ ကုန်လော့၊ သမာဓိရအောင် ကြိုးစားကြ။

သမာဟိတော= သမာဓိရှိသော၊ ဘိက္ခု= ရဟန်းသည်၊ ယထာဘူတံ= ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ= သိနိုင်၏။

ရဟန်းတို့ သမာဓိရအောင် လုပ်ကြ။ သမာဓိရှိရင် ဟုတ်တိုင်းမှန်စွာ မြင်နိုင်တယ်။

အဲဒီလို မိန့်ကြားထားတဲ့စကားက ရှိနေတယ်။ တပည့်တော်တို့ သမာဓိရအောင်ဆိုပြီး မိမိစိတ်ကို မြတ်စွာဘုရားက သာနုသာမဏေအား ဟောကြားသလိုပဲ ဆုံးမရမှာပါ။

သာနုသာမဏေအား မြတ်စွာဘုရား ဟောကြားတဲ့စကားတွေထဲမှာ စိတ်ဟာဆင်ရိုင်းနဲ့ တူတယ်။

အဲဒီ ဆင်ရိုင်းနဲ့တူတဲ့စိတ်ကို ယဉ်ကျေးအောင် ဆုံးမကြရတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက -

"စိတ်မိုက်နွားဆိုး သတိကြိုးနဲ့ မတိုးရုန်းနိုင် အာရုံတိုင် ခိုင်ခိုင်ချည်ထားပါ"

"ယထာ ထမ္ဘေ နိဗန္ဓေယျ" ဆိုတဲ့ ဒေသနာတော်နဲ့ လျော်ညီစွာ စိတ်ဟာ နွားမိုက် နွားဆိုးလိုပဲ။ ဆင်ဆိုး ဆင်ကြမ်းလိုပဲ။ မြင်းဆိုး မြင်းရိုင်းလိုပဲ။

တစ်သံသရာလုံး ရိုင်းလာတဲ့စိတ်ဆင်ရိုင်းကို မြင်းရိုင်းကို ဆိုဆုံးမကြရတယ်။

အရှင်ဘုရားတို့က မိမိတို့လဲ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းကို ကျေနပ်အောင် အားထုတ်မယ်။

ရဟန်းရှင်လူများနဲ့ ယောဂီသူတော်စင်များအားလဲ ဒီတရားအားထုတ်နည်း သင်ပြမယ်လို့ ဒီလို စိတ်ထားနဲ့ ကြွလာကြ။

အဲဒီလို စိတ်ထားနဲ့ ကြွလာကြတော့ မြတ်စွာဘုရားက မိမိ၊ သူတစ်ပါး (၂)ဦးသားတို့ရဲ့ အကျိုးဆောင်ပုဂ္ဂိုလ်ကိုဟောထားပါတယ်။

မိမိကိုယ်တိုင် သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ် တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်တယ်။

ပုဂ္ဂိုလ်တစ်ဦးကတော့ မိမိကိုယ်တိုင် သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်တယ်။ သူတစ်ပါးကိုလဲ သီလရှိအောင်, သမာဓိရှိအောင်, ပညာရှိအောင်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ် ရအောင်အားထုတ်စေမယ်၊ ဆောင်ရွက်မယ်ဆိုရင် (၂)ဦးသား အကျိုးဆောင်ရွက်ရာ ရောက်ပါတယ်။

ပုဂ္ဂလပညတ် ပါဠိတော်မှာ မြတ်စွာဘုရား ကိုယ်တော်တိုင် တာဝတိံသာနတ်ပြည်မှာ မိန့်ကြားထားတာ ရှိတယ်။

အဲဒီ စကားအတိုင်း ပြောမယ်ဆိုရင် သူတော်ကောင်းထက် သူတော်ကောင်းဖြစ်အောင် အခုသင်တန်း တက်နေကြတာပါပဲ။

မြတ်စွာဘုရားက သာနုသာမဏေအား ဟောထားတဲ့ ဂါထာက-

ဣဒ်ပူရေစိတ္တံ မစရိစာရိကံ၊
ယေနိစ္ဆကံ ယထာကာမံ ယထာသုခံ။
တဒဇ္ဇဟံ နိဂ္ဂဟေဿာမိယောနိသော၊
ဟတ္ထိ ပဘိန္နံဝိယ အင်္ကုသဂ္ဂါဟော။

မြတ်စွာဘုရားက သာနုသာမဏေတရား အားထုတ်နေလို့မို့ ဘိက္ခုဆိုတဲ့ နာမည်နဲ့ သုံးတော်မူတယ်။

ဘိက္ခု= သာနုမည်ပြား အိုချစ်သား၊ ဘိက္ခု= နိယျာနိက မှန်ကန်လှသည့် ဗုဒ္ဓမြတ်စွာ ငါဘုရားသာသနာတော်ဝယ် သဒ္ဓါလုလု ရဟန်းပြုခဲ့သည့် သာနုခေါ်ပြား အိုချစ်သား။

နိယျာနိကသာသနာ= သံသရာဝဋ်စက်မှ ထွက်မြောက်စေ နိုင်တဲ့ အစွမ်းရှိတဲ့ ကျင့်စဉ်ရှိတဲ့သာသနာ။

သာသနာတော်မှာ ရဟန်းပြုလာတဲ့ သာနုအမည်ရှိတဲ့ အိုချစ်သား။ စိတ်ကို ဘယ်လိုဆုံးမရမလဲဆိုတော့ -

ဣဒံစိတ္တံ= မုံရည်ဖြိုင်းဖြိုင်း တောဆင်ရိုင်းနှင့် ပုံနှိုင်းပြိုင်ယှဉ် ဤစိတ်ဝိညာဉ်သည်၊

ဤစိတ်ဝိညာဉ်လေးဟာ မုံရည်ယိုနေတဲ့ တောဆင်ရိုင်းနဲ့ တူပါတယ်။

ပုရေ= သူတော်နှလုံး တရားထုံးကို မသုံးရသေး တရားနှင့်ဝေး ခဲ့သည့် ဟိုရှေးနှစ်ကြာအခါကာလ၌၊

ယေနိစ္ဆကံ= လောဘဒေါသ မောဟထွေပြား အကြင်အလို ရှိရာ အချင်းအရာအားဖြင့်လည်းကောင်း၊ သူတော်ကောင်းတရား သမထ ဝိပဿနာတရားကို လက်တွေ့မကျင့်သုံးခင်က မကျင့်သုံးရ သေးတဲ့ တရားနဲ့ဝေးတဲ့ အခါကာလတုန်းက ဘယ်လိုနေသလဲ။ ဒီစိတ်ဟာ လောဘဒေါသ မောဟတို့ရဲ့ အလိုအတိုင်း ဖြစ်နေတဲ့စိတ်။

ယထာကာမံ= ရူပသဒ္ဒ စသည်ဖုံဖုံ ငါးအာရုံဝယ် တစ်အာရုံ ဟောင်း တစ်အာရုံပြောင်း၍ ကောင်းနိုးရာရာ အဖြာဖြာအဝဝ သူအလိုရှိရာ အာရမ္မဏပစ္စည်းအစု၌လည်းကောင်း၊

ရူပါရုံ သဒ္ဒါရုံ အစရှိတဲ့ အဆင်းမျိုးစုံ အသံမျိုးစုံ အနံ့မျိုးစုံ ရသာမျိုးစုံ အတွေ့အထိမျိုးစုံ အာရုံငါးပါးကို တရားအားမထုတ်ခင်က

အဲဒီအာရုံငါးပါးကို တစ်အာရုံပြီး တစ်အာရုံ၊ တစ်အာရုံပြောင်း တစ်အာရုံ ပြောင်းပြီးတော့ ကောင်းနိုးရာရာ အဖြာဖြာတွေမှာပဲ အာရမ္မဏပစ္စည်း အစုမှာပဲ ဒီစိတ်ကလေးဟာ အကွပ်မဲ့ကြမ်းလို၊

ယထာသုခံ= အကွပ်မဲ့ကြမ်း ပုံတူမှတ်ရာ ပရမ်းပတာ သူချမ်းသာ သည် ထင်တဲ့အတိုင်းသာလျှင်၊

အကွပ်မဲ့ကြမ်းလိုပဲ စိတ်ကလေးဟာ အာရုံငါးပါးအပေါ်မှာလဲ အကွပ်မဲ့ကြမ်းလို၊ လောဘ ဒေါသ မောဟတို့ အလိုအတိုင်း၊

စာရိကမစရိ= သံသရာစခန်း ကန္တာရခရီးကြမ်းဝယ် ပန်းသည် နွမ်းသည်ဟူ၍ မထင်မြင် ပူပင်ဖွယ်ဟူ၍ အမှတ်မထား အချိန်အခါ တွေ ရှည်လျားအောင် ကျက်စားချင်တိုင်း ကျက်စားခဲ့လေပြီ။

အရှင်ဘုရားတို့ စိတ်နဲ့ တပည့်တော်တို့ရဲ့ စိတ်ကလေးဟာ အာရုံငါးပါး အာရမ္မဏပစ္စည်းတရားအပေါ်မှာ စိတ်ထင်တိုင်း အကွပ်မဲ့ ကြမ်းလို သံသရာခရီးကြမ်းမှာ ပင်ပန်းတယ်၊ နွမ်းနယ်တယ်၊ ပူပင်ဖွယ် ပဲလို့ အမှတ်မထားပဲနဲ့ ကျက်စားပြေးသွားလာခဲ့ကြတယ်။

အင်္ကုသဂ္ဂါဟော= ချွန်းကိုလက်စွဲ ဇာနည်ခဲဖြင့် ရဲမာန်ဝင့်ကြွား ဆင်ထိန်းယောက်ျားသည်၊ ဟတ္ထိပဘိန္န= မုံရည်ဖြိုင်းဖြိုင်း လျှောကျလှိုင်း သဖြင့် အရိုင်းစိတ်ဝင် တိရစ္ဆာန်ဆင်ကို၊ နိဂ္ဂဏှာတိယောနိသော= ချွန်းဖြင့်ချုပ်၍ နှိပ်ကွပ်ယဉ်ယဉ် စိတ်ဓာတ်ကိုပြင်ပေးသကဲ့သို့၊

မုံရည်ဖြိုင်းဖြိုင်း လျှောကျနေတဲ့ ဆင်ရိုင်းကို တစ်ခါထဲ ချွန်းနဲ့ ချုပ်နှိပ်ကွပ်ပြီးတော့ ယဉ်ကျေးအောင် ဆုံးမထားသလို၊

တပည့်တော်တို့ လောကချမ်းသာ ဘုရားနားမှာရှိတဲ့ ဆင်တွေ ဟာအမှန်တော့ တောရိုင်းဆင်တွေပါ။

"ပုလဲရောင်မူ ဆဒ္ဒါန်ဖြူလဲ တောင့ူတောင်စွယ် သန္ဓေ တည်၏" သူရဲ့မျက်လုံးဟာ ပုလဲနဲ့တူရမယ်ဆိုတဲ့နေရာမှာ ဆင်ဖြူ တော်မျက်လုံးဟာ ပုလဲနဲ့တူတယ်။

စာနဲ့ပေတဲ့ ပြန်ကြည့်တဲ့အခါ အဂ္ဂညသုတ္တန်မှာ ဘယ်ပုဂ္ဂိုလ် မြတ်သလဲ၊ "ဝိဇ္ဇာစရဏ" ဝိဇ္ဇာတရား၊ စရဏတရားတွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မြတ်တယ်။

ဘာကြောင့်လဲဆိုတော့ မင်းမျိုးကလဲ ကောင်းတာလဲ လုပ်တယ်။ မကောင်းတာလဲ လုပ်တယ်။ ပြဟ္မဏမျိုးကလဲ ကောင်းတာလဲလုပ်တယ်၊ မကောင်းတာလဲ လုပ်တယ်။ ဝဿ= ကုန်သည်လယ်လုပ် နွားမွေး၊ သုဒ္ဒ= သူဆင်းရဲမျိုးတို့ကလဲ ဒီအတိုင်းပဲ။ ဒီတော့ ဘယ်လူမျိုးမြတ်တယ်ဆိုတာ မူသေထားမပြောနိုင်ဘူး။

ဝိဇ္ဇာစရဏနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်သာ လောကထဲမှာ အမြတ်ဆုံး ပါပဲ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ကုသိုလ်လဲလုပ်တယ်၊ အကုသိုလ်လဲ လုပ်တယ်။ ကုသိုလ်က တစ်ပိဿာ၊ အကုသိုလ်က တစ်ပိဿာဆိုရင် ဘာအရင်အကျိုးပေးသလဲဆိုတော့၊ အကုသိုလ်က အရင်အကျိုးပေးတော့ တိရစ္ဆာန်လောကမှာ ဖြစ်တယ်။

တိရစ္ဆာန်လောကမှာ ဇာတိအားဖြင့် ပေးပြီးတော့ ပဝတ္တိကျိုး ကျတော့ ကုသိုလ်တွေက အကျိုးပေးတယ်ဆိုတဲ့ တပည့်တော်တို့ရဲ့ စာပေဟာ အင်မတန်မှန်ကန်ပါတယ်။

ဘာပြုလို့လဲဆိုတော့ ဆင်ဖြူတော်တွေထားတဲ့ နေရာတန်ဖိုး ဟာ သိန်းတစ်ထောင်အထက်မှာ ရှိမှာပါပဲ။ ဆင်လေးကောင်ကို ပြုစုတဲ့စရိတ်က တစ်လ (၁၂)သိန်းရှိပါတယ်။ ဒီဆင်တွေအတွက် ရန်ပုံတွေက သိန်းတစ်ထောင် ရှိပါတယ်။ ဆောက်လုပ်ထားတဲ့

အဆောက်အအုံတွေကလဲ သိန်းတစ်ထောင်ဖိုးလောက် ရှိပါတယ်။

နေ့စဉ် နေ့စဉ် ဆီးစစ်တယ်၊ ဝမ်းစစ်တယ်၊ အစာရေစာ ကျွေးတယ်၊ ဆေးဝါးဓာတ်စာတွေ ကျွေးတယ်၊ ဝန်ထမ်း (၁၀)ယောက် လောက်က ဒီဆင်တွေပဲ အရိပ်တကြည့်ကြည့်နဲ့။

ကလေးတစ်ယောက် လူ့လောကရောက်လာရင် ဒီကလေး တစ်ယောက် စောင့်ရှောက်ဖို့ဟာ မလွယ်ဘူး။

အဲဒီတော့ စာကဖွင့်ဆိုတဲ့စကားနဲ့ ဒီဆင်ဖြူတော်တွေရဲ့ အကျိုးပေးပုံ ဖြစ်စဉ်ဟာ အင်မတန်ကို ညီညွတ်ပါတယ်။

ဇာတိအားဖြင့် တိရစ္ဆာန်ဖြစ်ကြတယ်၊ တိရစ္ဆာန်ဖြစ်သော်လဲပဲ နေရေး၊ ထိုင်ရေး၊ ကျန်းမာရေးကစပြီး ပူပန်စရာမရှိတဲ့ နေရာရောက်နေ တယ်။

အဲဒီဆင်တွေဟာ စောစောကအရိုင်းတွေပါပဲ။ အခု ကြဲကျွေး ချင်လဲ ပါးစပ်ထဲခွံလို့ရတယ်။ ဘာမှအန္တရာယ်မပြုတော့ဘူး။

အားကျစရာတော့ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပလဲလဲဆင်မင်း မြတ်စွာဘုရားကို ပြုစုနေစဉ် သီတင်းဝါလကျွတ်တော့ မြတ်စွာဘုရား သာဝတ္ထိပြည်ကို ပြန်ကြွတော်မူမယ်ဆိုတဲ့အခါ မြတ်စွာ ဘုရားနှင့် သံဃာတော်တွေရဲ့ရှေ့ ပလဲလဲဆင်ကြီးက တားထားတယ်။ ကန့်လန့်ရှေ့က ရပ်တယ်။ နောက်တော့ သံဃာတော်တွေရှေ့က မရပ်ပဲ မြတ်စွာဘုရားရှေ့က ရပ်တယ်။

အဲဒီအခါ မြတ်စွာဘုရားက ရဟန်းတို့ ဒီတစ်ခါ သင်တို့ကို မတားတော့ဘူး၊ ငါ့ကိုတားနေတယ်။

မြတ်စွာဘုရားက ဆင်ကြီးကို မိန့်တော်မူတယ်။ "ပလဲလဲ ဆင်မင်း သင်ဟာ ဒီဘဝမှာ ဈာန်မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ အကြောင်းမရှိဘူး။

·ဒါကြောင့် ငါနေလို့လဲ အကျိုးမရှိဘူး၊ ဒို့သွားမှ ဖြစ်မယ်”လို့ မိန့်တော်မူတယ်။ ဘဝဟာ ဘယ်လောက်ပဲ ကောင်းကောင်းမွန်မွန် နေရပါတယ်ဆိုပေမယ့် ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေနဲ့ ဝေးကွာတဲ့ဘဝ၊ တိရစ္ဆာန်ကိုး။

အဲဒီ တိရစ္ဆာန်ဟာ အလွန်ရိုင်းနေသော်လဲပဲ အရိုင်းစိတ်ဝင်နေတဲ့ တိရစ္ဆာန်ဆင်ကို ချွန်းလက်စွဲထားတဲ့ ဆင်ထိန်းက ချွန်းနဲ့ ပေါက်၍ နှိပ်ကွပ်ပြီး ဆင်ရဲ့စိတ်ကို ယဉ်ကျေးအောင် ပြင်ပေးသကဲ့သို့၊

အဟံ= ဘုရားရင်နှစ် သားတော်စစ်ဟူ အဖြစ်ကောင်းလှ ဤဘဝကို အရလက်ဆုပ် အကျွန်ုပ်သည်။ သာနုရှင်သာမဏေလေးက ဘုရားရင်နှစ် သားတော်စစ်၊ အရှင်ဘုရားတို့ တပည့်တော်ဘုရားရင်နှစ် သားတော်စစ် ဖြစ်ကြ တယ်။ ဘာကြောင့်လဲ ဘုရားရှင်ရဲ့ ရင်နှစ်တော်မှ ထွက်ပေါ်လာတဲ့ ရဟန်းပြုနည်း (၈)မျိုးတို့တွင်-

“တတြ ယွာယံ ဘိက္ခု အကုပ္ပေန ဌာနာရဟေန ဉပသမ္ပန္နော” ဒီစကားအရ ဖြစ်ကြတာမို့ ဘုရားရင်နှစ် သားတော်စစ် ဖြစ်ကြတယ်။

အဟံ= ဘုရားရင်နှစ် သားတော်စစ်ဟူ အဖြစ်ကောင်းလှ ဤဘဝကို အရလက်ဆုပ် အကျွန်ုပ်သည်၊ အဇ္ဇ= သာသနာရောင်နေအထောင်သို့ ထိန်ပြောင်လျှံဝေ ဤယနေ့၌၊ သာသနာတော်ကြီးနေအထောင်လိုပဲ ထွန်းပြောင်နေတဲ့ ဒီယနေ့မှာ တံစိတ္တံ= အနမတဂ္ဂ သံသရာဝယ် အစမထင် သံသရာ တစ်ခွင်ဝယ် သတိသမ္ပဇဉ် ချွန်းနဲ့ဝေးခဲ့သဖြင့် မယဉ်ကျေးခဲ့သည့် ထိုစိတ်ဝိညာဉ်ကို ဘဝများစွာ သံသရာမှာ ရိုင်းချင်တိုင်း ရိုင်းပြီးလာခဲ့တဲ့ သတိသမ္ပဇဉ် ချွန်းနဲ့ဒီစိတ်ကို ဆုံးမမယ်။

ယောနိသော= အမှားကိုပယ်လှန် အမှန်ကိုပွား အသင့်အားဖြင့်၊ ယောနိသော မနသိကာရ ထားနိုင်တဲ့ဘဝ။

နိဂ္ဂဟေဿာမိ= နှိပ်ကွပ်ယဉ်ယဉ် စိတ်ဓာတ်ကို ပြင်ဆင်ပါအံ့။ အခုပြင်ပြီးတော့ လာကြတာ နည်းကဘုရားနည်းနဲ့၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဖောက်သည်ချထားတဲ့နည်းနဲ့ ကမ္မဋ္ဌာနာစရိယ အရှင်မြတ်တို့ရဲ့ တစ်ဖန်ဖောက်သည်ချတဲ့နည်းနဲ့၊ ယောနိသော= အမှားကိုပယ်လှန် အမှန်ကိုပွား အသင့်အားဖြင့် နိဂ္ဂဟေဿာမိ= နှိပ်ကွပ်ယဉ်ယဉ် စိတ်ဓာတ်ကို ပြင်ဆင်ပါပေအံ့။

နိဂ္ဂဟေဿာမိ= မနက်ဖြန်ဆိုရင် အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာ ဘာဝနာထိန်းချုပ်ဉာဏ်ချွန်းအုပ်၍ ဗောဓိညောင် အောင်တပ်ခင်းရအောင် ဩော် နှိမ်နင်းကာ ထုံးပြု၍ ဆုံးမသွန်သင်ပါတော့အံ့သတည်းလို့။

သာနုသာမဏေကို မြတ်စွာဘုရားက စိတ်ဆုံးမပုံလေး မိန့်ကြားခဲ့တယ်။ ဒါကြောင့် အရှင်မြတ်များလဲ အဇ္ဇ= သာသနာ အရောင် နေအထောင်သို့ ထိန်ပြောင်လျှံဝေ ဤယနေ့၌၊ တံစိတ္တံ= အနမတဂ္ဂ အစမထင် သံသရာတစ်ခွင်ဝယ် သတိသမ္ပဇဉ် ချွန်းနဲ့ဝေးခဲ့ သဖြင့် မယဉ်ကျေးခဲ့သည့် စိတ်ဝိညာဉ်ကို၊ ယောနိသော= အမှားကို ပယ်လှန် အမှန်ကိုပွား အသင့်အားဖြင့်၊ နိဂ္ဂဟေဿာမိ= နှိပ်ကွပ် ယဉ်ယဉ် စိတ်ဓာတ်ကို ပြင်ဆင်ပါပေအံ့။

နိဂ္ဂဟေဿာမိ= အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာ နုပဿနာ ဘာဝနာထိန်းချုပ် ဉာဏ်ချွန်းအုပ်၍ ဗောဓိညောင် အောင်တပ်ခင်းရအောင် နှိမ်နင်းကာထုံးပြု၍ ဩော် ဆုံးမပါတော့အံ့ သတည်း။သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ**
**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကရေ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**ဆရာဖြစ်သင်တန်း (၃)**

၁၃၆၇ခုနှစ်၊ နယုန်လဆန်း (၁၀)ရက်၊ (၁၆-၆-၂၀၀၅) ကြာသပတေးနေ့။

လယ်တီကမ္မဋ္ဌာနစရိယသင်တန်းဖွင့်လာတာ (၃)ရက် ရှိပါပြီ။ (၃)ရက်မြောက်တဲ့နေ့။

ဒီနေ့ အချိန်လေးနည်းနည်းရတာနဲ့ သင်တန်းပေးတဲ့ သဘော မျိုးပါပဲ။ သမာဓိရဖို့ (၃)ရက်မြောက် အားထုတ်ကြတဲ့နေ့။ ခြုံငုံကြည့် မယ်ဆိုရင် ကမ္ဘာ့လူထုကြီးမှာ ဖြစ်နေတဲ့ ဘေးကြီး (၄)မျိုးရှိတယ်။

၁။ ဟာဒယသန္တာပ= စိတ်နှလုံးပူပန်တဲ့ဘေး၊
၂။ ဝိစာဝိပ္ပလာပ= ငိုကြွေးမှုပရိဒေဝဘေးကြီး၊
၃။ ဒုက္ခ= ကိုယ်ဆင်းရဲမှုဘေး၊
၄။ ဒေါမနဿ= စိတ်ဆင်းရဲမှုဘေး၊

ဒါ ဉပဒ္ဒဝေါ။

"ဉပဒ္ဒဝ" သတ္တဝါတို့ကို ကပ်၍ကြိတ်ညှပ်နှိပ်စက်တတ်တဲ့ ဘေးကြီး (၄)မျိုး။

ပါဠိဘာသာအားဖြင့်ပြောရင်-

၁။ သောက

၂။ ပရိဒေဝ

၃။ ဒုက္ခ

၄။ ဒေါမနဿ

မြန်မာလိုပြောရင်-

၁။ တအုံနွေးနွေး စိတ်မအေးဘဲ ပူဆွေးညှိုးပိန် စိုးရိမ်တဲ့ သောက၊ အဲဒါကို "ဟာဒယသန္တာပ" စိတ်နှလုံးပူပန်မှု၊

ကမ္ဘာ့လူထုကြီး သိပ်ကြောက်တာပဲ။ စိတ်နှလုံးပူပန်မှုကို ဘယ်သူမှ မလိုချင်ကြဘူး။ မလိုချင်ဘူး။ ကမ္ဘာ့လူထုကြီး စိတ်နှလုံး ပူပန်မှုကို ပျောက်တဲ့နည်းလမ်းကို ရှာနေကြတာ အမျိုးမျိုးပဲ။

ဘုရားလက်ထက်က ကူဋဒန္တပုဏ္ဏားတို့ ရှာနေကြတာ။ ရေခတက်ပင်ပေါ်က ဇောက်ထိုးဆွဲပြီး လင်းနို့များလို လင်းနို့ကျင့်ကျင့်တာ။

ရည်ရွယ်ချက်ကတော့ စိုးရိမ်ပူဆွေးမှု ငိုကြွေးမှု၊ စိတ်ဆင်းရဲမှု ပပျောက်အောင် အားထုတ်ခြင်းတစ်မျိုးပဲ။

တစ်ချို့ပုဂ္ဂိုလ်များကျတော့ ခွေးများလို ပြကျင့်တယ်။ တစ်ချို့ပုဂ္ဂိုလ်များက နွားများလို အစားစားလဲ လေးဘက်ထောက်ပြီး စားတာ။ တစ်ချို့ပုဂ္ဂိုလ်တွေက တုံးခုန်တယ်၊ တစ်ချို့ပုဂ္ဂိုလ်တွေက ရေချိုးတယ်။ ကိလေသာစင်ကြယ်ဖို့ဆိုပြီး ရေချိုးတယ်။

တစ်ချို့ပုဂ္ဂိုလ်တွေက မီးလှုံကြတယ်။ ကိလေသာတွေ ခမ်းခြောက်သွားအောင် စိုးရိမ်ပူဆွေးမှုတွေ ကင်းသွားအောင်လို့၊ တစ်ချို့ပုဂ္ဂိုလ်တွေက ဇယ်ခတ်တယ်။ မိမိတို့သန္တာန်မှာ ကိလေသာ မဝင်အောင် ဒီလိုအားထုတ်ကြတာပဲ၊ နည်းမျိုးစုံနဲ့။

ဉပဒ္ဒဝ= ဉပဒ္ဒဝေါခေါ်တဲ့ ဘေးရန်ကြီး (၄)မျိုး။

၁။ တအုံနွေးနွေး စိတ်မအေးပဲ ပူဆွေးညှိုးပိန် စိုးရိမ်ပူဆွေးရခြင်းဆိုတဲ့ ဘေးဆိုးကြီး၊

၂။ ငိုကြွေးခြင်း ပရိဒေဝဆိုတဲ့ ဘေးဆိုးကြီး၊

၃။ ကိုယ်ဆင်းရဲခြင်းဆိုတဲ့ “ဒုက္ခ” ဘေးဆိုးကြီး၊

၄။ စိတ်မသက်သာ နှလုံးနာမှုဆိုတဲ့ “ဒေါမနဿ”ဘေး၊

အဲဒီ ဘေးဆိုးကြီး (၄)မျိုး လွတ်မြောက်ဖို့ရယ်၊ ထူးခြားချက်ကြီး (၃)ခု ရဖို့ရာ-

၁။ စိတ်စင်ကြယ်ဖို့ရယ်

၂။ အရိယာမဂ်ဉာဏ်ရဖို့

၃။ နိဗ္ဗာန်မျက်မှောက်ပြုဖို့

အဲဒါ ထူးခြားချက် (၃)မျိုး ရဖို့ရယ်၊ ပေါင်းလိုက်တဲ့အခါ ဉပဒ္ဒဝေါ (၄)မျိုး ကင်းစင်ပြီးတော့ ထူးခြားချက်ကြီး (၃)မျိုး ရဖို့ရယ်၊ ပေါင်း အကျိုး(၇)မျိုး။

ဘေး(၄)မျိုးကို ပယ်ရှားခြင်း၊ အကျိုး(၃)မျိုးကို ရရှိခြင်း၊ ဒီဃကျေးဇူး (၇)မျိုးကို ပေးစွမ်းနိုင်တဲ့ လမ်းစဉ်။

ဘာလမ်းစဉ်လဲ။ ဧကာယနောယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ အစရှိသဖြင့် မြတ်စွာဘုရား ပေးတော်မူခဲ့တဲ့ "သတိပဋ္ဌာန် လမ်းစဉ်"။ ကမ္ဘာ့လူထုကြီး စိုးရိမ်ပူဆွေးမှု ကြောက်တယ်။ ကြောက် သော်လဲ မကြောက်ဖို့ရာ လမ်းစရှာကြသော်လဲ မတွေ့နိုင်ဘူး။

ဒါကြောင့် "ဣဓ ဘိက္ခဝေ"။ ဘိက္ခဝေ= ရဟန်းတို့၊ ဣဓ= ဤသာသနာတော်၌သာလို့ ဆိုသင့်ပါတယ်။ ဤသာသနာတော်၌ သာ ဆိုတာဟာ ဒီကျင့်စဉ် ဘုရားသာသနာမှ အခြားအခြား ဘာသာ၊ သာသနာမှာ မရှိဘူး။

အခု အရှင်မြတ်များ ကျင့်ကြံနေကြတဲ့ "ဧကာယန မဂ္ဂ" ခေါ်တဲ့ မဟာသတိပဋ္ဌာန်ကျင့်စဉ်ဟာ ကမ္ဘာအနှံ့ ဘာသာတိုင်းမှာ ရှိတာမဟုတ် ပါဘူး။ နယ်ကျဉ်းကျဉ်းလေးမှာပဲ ရှိတော့တယ်။

ကမ္ဘာအနှံ့ရှိသည် ဆိုနိုင်သော်လဲ လူအများစုစီမှာ တည်ရှိတာ မဟုတ်ဘူး။ ဒါကြောင့် မိမိတို့အားထုတ်နေတဲ့ လမ်းစဉ်သည် ရှားပါး လမ်းစဉ်၊ ရန်လေးမျိုးကို ဖယ်ရှားပြီးတော့ အကျိုးထူးသုံးမျိုးကို ပေးစွမ်း နိုင်တဲ့ လမ်းစဉ်။

ဧကာယနမဂ္ဂဆိုတာ တစ်ယောက်ထီးထီး သွားရတဲ့လမ်းစဉ်၊ မြင့်မြတ်တဲ့ပုဂ္ဂိုလ်များ လျှောက်လှမ်းအပ်တဲ့လမ်းစဉ်၊ ကမ္ဘာ့လူထုကြီး အများစု အနားမသီနိုင်တဲ့လမ်းစဉ်၊ သနားစရာကောင်းပါတယ်။

"နာနာသတ္တာရ ဥလ္လောကန" ဘေးကြီး "အထူးထူးသော ဆရာတို့ရဲ့ မျက်နှာကို ကြည့်ပြီးတော့နေရတဲ့ ဘေးကြီးဟာ ပုထုဇဉ် များမှာ သင့်ကြတယ်"။

ပုထုဇဉ်များမှာ နာနာသတ္တာရ ဥလ္လောကနဘေးကြီးက သင့်နေတော့၊ ကမ္ဘာ့လူထုကြီးဟာ ဗုဒ္ဓဘုရားဆိုတဲ့ ဆရာစီ၊ ဗုဒ္ဓဘုရားရဲ့ တရားတော်စီ၊ မျက်နှာမူဖို့ရာ အင်မတန်ခက်ပါတယ်။ မိရိုးဖလာ အစွဲမှ လမ်းလွှဲလာဖို့ ခက်တာကိုး။

ဘာသာခြားတစ်ယောက်က ငြီးငြူဘူးတယ်။ တို့ရဲ့ကျမ်းစာမှာ မဟာသတိပဋ္ဌာန် အားထုတ်နည်းများပါရင် သိပ်ကောင်းမှာပဲ၊ မျှော်နေ ကြတာ၊ သူ့ခမျာမျှား တရားမျှော်တာ။

တပည့်တော်တို့က တွေ့နေတယ်၊ တရားအားထုတ်နေရတယ်။ "မဟာသတိပဋ္ဌာနသုတ္တန်" သူတို့သမ္မာကျမ်းစာမှာပါရင် သိပ်ကောင်းမှာပဲတဲ့။

မျှော်တာမျှော်တယ် မရရှိနိုင်ဘူး။ နောက်လဲ မရရှိနိုင်ဘူး။ ဘာပြုလဲဆိုတော့ "နာနာသတ္တာရ ဥလ္လောကန" ဘေးကသင့်ထားတာကိုး။

အဲဒါကြောင့်မို့ "လောကမှာ အမှောက်အမှား အနန္တရှိရာ ဆရာအမှောက်အမှားသည် မဟာအမှောက်၊ မဟာအမှားကြီး ဖြစ်သည်ဟု ကနီဆရာတော်ဘုရားကြီး မိန့်ထားတာရှိတယ်။ အဲဒီတော့ ဆရာမှားသွားရင် စကားလဲမှား၊ အကြားလဲမှား၊ တရားလဲမှားတာပဲ။ တရားမှားရင် အကျင့်လဲမှားတယ်။

ကမ္ဘာ့ဘာသာကြီးတွေ သနားလဲ သနားစရာကောင်းတယ်။ ကြည့်လိုက်ပြန်တော့လဲ ဒီလိုမဟာသတိပဋ္ဌာန်လမ်းစဉ် အိန္ဒိယနိုင်ငံမှာ ပျောကြားထားတဲ့ မဟာသတိပဋ္ဌာန်လမ်းစဉ် မြန်မာနိုင်ငံ ရောက်ရှိလာတယ်။

ခေတ်သစ်သိပ္ပံပညာရှင်ကြီးလို့ သတ်မှတ်ပြီးတော့ နေကြတဲ့ သိပ္ပံပညာရှင်တွေက လေးစားနေကြတဲ့ သိပ္ပံပညာရှင်ကြီးတစ်ယောက် ရှိတယ်။ “အယ်လ်ပအိန်စတိန်း”ဆိုတဲ့ပုဂ္ဂိုလ်တဲ့ သူက ဘာပြောသလဲ ဆိုတော့ “မိမိသည် ဘာသာတရားတစ်ခုခုကိုမျှ ကိုးကွယ်သူ မဟုတ်ပါ။ အကယ်၍ မဖြစ်မနေကိုးကွယ်ရမည်ဆိုလျှင် မိမိသည် ဗုဒ္ဓဘာသာကိုသာ သက်ဝင်ယုံကြည်သူဖြစ်ပါလိမ့်မည်”။

ဒါက သိပ္ပံပညာရှင်ရဲ့စကား၊ သိပ္ပံပညာရှင်တို့ရဲ့ ဖခင်၊ သိပ္ပံပညာရှင်တို့ရဲ့ ဘိုးအေ၊ ခေတ်သစ်သိပ္ပံပညာရှင်တို့ လေးစားခြင်းခံရတဲ့ အင်မတန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်၊ ခေါင်းဆောင်ကြီး။

သူက ဘယ်ဘာသာမျှ မကိုးကွယ်ဘူး။ မဖြစ်မနေ ကိုးကွယ်ရမယ်ဆိုရင် ဗုဒ္ဓဘာသာကို ကိုးကွယ်ပါမယ်။ ဗုဒ္ဓဘာသာကိုသာ သက်ဝင် ယုံကြည်သူ ဖြစ်လာပါလိမ့်မယ်တဲ့။

အခုလို မဟာသတိပဋ္ဌာန်ကျင့်စဉ်တွေ၊ ဓမ္မစကြာဟော တော်မူတဲ့နေ့ကဆို မြတ်စွာဘုရားက ကျင့်စဉ်ပေးတော်မူတယ်။ နိဗ္ဗာလမ်းကို ပြပေးတော်မူခဲ့တယ်။

**အားနှမ္မးပြီးမှ**

နိဗ္ဗာန်လမ်းက မဂ္ဂင် (၈)ပါး၊ မဂ္ဂင် (၈)ပါးနဲ့ နိဗ္ဗာန်ကို ပို့တော်မူတယ်။ မဂ္ဂင် (၈)ပါး အကျဉ်းချုပ်လိုက်တော့ သီလ သမာဓိ ပညာ သိက္ခာသုံးပါး။

သိက္ခာသုံးပါးကို နည်းနည်းလေးချဲ့ပြီး ပြောလိုက်ပြန်တော့ မဂ္ဂင် (၈)ပါး။ သီလ သမာဓိ ပညာ သိက္ခာသုံးပါး၊ မဂ္ဂင် (၈)ပါးထဲမှာ သီလက အရေးကြီးတယ်။ သမာဓိက အရေးကြီးတယ်။ ပညာက

အရေးကြီးတယ်လို့ ဒီလိုမဟုတ်ဘူး။ အကုန်လုံး အရေးကြီးတာပါပဲ။

ဒါကြောင့်မို့ မဂ္ဂင် (၈)ပါးနည်းနဲ့ ပြောမယ်ဆိုရင် လူ (၈)ယောက်ထမ်းမှ နိုင်မယ့်ပစ္စည်းဝတ္ထုကို (၈)ယောက်ထမ်းမှ အဆင်ပြေပါတယ်။ ဒါကြောင့် မဂ္ဂင် (၈)ပါးဆိုတဲ့ ကျင့်စဉ်ဟာ လူ(၈)ယောက်ထမ်းသလို၊ လူ(၈)ယောက်ထမ်းမှ အဆင်ပြေသလိုပဲ၊ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးက စောစောကပြောတဲ့ဘေးတွေ ကင်းတဲ့နေရာ။

စိုးရိမ်ပူဆွေး စိတ်မအေးတာတွေ ကင်းတဲ့နေရာ၊ ငိုကြွေးမှု ကင်းတဲ့နေရာ၊ ကိုယ်ဆင်းရဲမှု မရှိတဲ့နေရာ၊ စိတ်ဆင်းရဲမှု မရှိတဲ့နေရာ။ ရောက်ချင်ပြီဆိုရင်တော့ ကျင့်စဉ်ကို စူးစူးစိုက်စိုက် ကျင့်ကြရမှာပါ။

ဒါကြောင့်မို့ အခု သမာဓိစခန်းဝင်နေကြတယ်။ သမာဓိက ဖြည့်ကျင့်နေပြီး၊

သမာဓိစခန်းဝင်ပြီးတော့ နေကြတော့ "ဒွေဓာဝိတက္ကသုတ်" လို့ မူလပဏ္ဏာသမှာ သုတ္တန်တစ်ခုရှိတယ်။ အဲဒီ သုတ္တန်ရဲ့ အဋ္ဌကထာမှာ ဥပမာတစ်ခု ရှိပါတယ်။

အခု သမာဓိအပိုင်းကို သင်တန်းပေးပြီး အားထုတ်နေကြတာ၊ ဝိပဿနာပိုင်း မရောက်သေးဘူး။ ဥပမာအားဖြင့် ပြောမယ်ဆိုရင် စစ်တိုက်ကြတဲ့ စစ်သားများ၊ ကတုတ်ကျင်း ခံတပ်ဟာ ဘယ်လောက်များ အရေးကြီးသလဲ။

စစ်ပွဲမှာ စစ်တိုက်တယ်။ ရန်သူ့နယ်မြေ ရောက်ပြီဆိုရင် ကတုတ်ကျင်းထဲဝင် လုံခြုံတဲ့နေရာမှာ အားမွေးလို့ စားလို့သောက်လို့ အဲဒီလိုအားမွေးပြီးမှ စစ်တိုက်ကြရတာ။ စစ်တိုက်တာ ပင်ပင်ပန်းပန်း ရှိပြန်တော့လဲပဲ ကတုတ်ကျင်းထဲ ဆင်း၊ အနားယူအားမွေး၊ အစားအသောက်စားပြီးမှ ဆက်လက်ပြီး စစ်တိုက်ကြရတာ။

အဲဒီလိုပါပဲ။ အခု သမာဓိရအောင် အားထုတ်ခြင်းဟာ အဲဒီ စစ်သည်များ ကတုတ်ကျင်းထဲမှာ အနားယူအားမွေး စားသောက်နေသလိုပါပဲ။

အထူးသဖြင့်တော့ အားမွေးနေတာပါပဲ။ ရုပ်တရား နာမ်တရားတို့ကို အမြင်မှန်ရပြီး ဝိပဿနာရှုနိုင်ဖို့အတွက် ကတုတ်ကျင်းထဲဝင်ပြီးတော့ အားမွေးသလိုပါပဲ။

ဝိပဿနာကမ္မဋ္ဌာန်း ရောက်တဲ့အခါကျတော့ ဝိပဿနာကမ္မဋ္ဌာန်းမှာ ကျင့်သားမရသေးလို့ အဝါးမဝသေးပါဘူး ဆိုရင်တော့ ဝိပဿနာကမ္မဋ္ဌာန်းမှာလဲ ပင်ပန်းတယ်၊ ညောင်းညာတယ်၊ ကိုယ်ထဲမှာလဲ မီးလိုပူတယ်၊ ချွေးတွေထွက်တယ်၊ အပူငွေ့တွေ အခိုးအငွေ့တွေ မီးခိုးလို ထွက်တယ်။

အဲဒီအခါမှာ စိတ်ပူလောင်လာတတ်တယ်။ အဲဒီ စိတ်ပူလောင်လာတဲ့အခါ ကတုတ်ကျင်းထဲ ပြန်ဝင်ပြီးတော့ အားယူအနားယူပြန်ပြီး အားမွေးရတာလို သမထကမ္မဋ္ဌာန်းကိုပဲ ပြန်အားထုတ်ရတယ်။

အခုတော့ ဝိပဿနာကမ္မဋ္ဌာန်း အားမထုတ်မီ စစ်မတိုက်မီမှာ ကြိုပြီးတော့ အားထုတ်တဲ့နည်း။ ဝိပဿနာအားထုတ်လို့ စိတ်တွေ ပင်ပန်းပြီး ရုပ်တွေ နာမ်တွေ မမြင်နိုင်လို့၊ မြင်ရမယ့်တရားတွေ ပိုင်းခြားသိရမယ့် တရားတွေမသိလို့၊ ဉာဏ်နဲ့သိရမယ့် တရားတွေ မမြင်နိုင်လို့။ အဲလို မမြင်နိုင်လို့ ပင်ပန်းနွမ်းနယ်နေရင် စစ်သားများလို ကတုတ်ကျင်းထဲဝင်ပြီး အနားယူအားဖြည့်သလို အားထုတ်ရမယ်။ ဒါကြောင့် သမထကမ္မဋ္ဌာန်း အားထုတ်လို့ရတဲ့ သမာဓိသည် ဝိပဿနာအား ကျေးဇူးပြုပါတယ်။

## လှည်းနဲ့လှေလို

အရှင်မြတ်များအားထုတ်နေတဲ့ သမထကမ္မဋ္ဌာန်းကြောင့် ရရှိတဲ့ သမာဓိဟာ ဝိပဿနာကမ္မဋ္ဌာန်းအား အင်မတန်ကျေးဇူးများ ပါတယ်။

အားကောင်းတဲ့ဝိပဿနာကလဲ သမာဓိကိုပြန်ပြီး စောင့် ရှောက်ပါတယ်။ နွားနှစ်ကောင်ကတဲ့ လှည်းနဲ့ဝန်တင်ပြီး ဆွဲတဲ့အခါမှာ နွားနှစ်ကောင်လုံး ထမ်းပိုးညီညီလေးသွားမှ ဒါမှခရီးတွင်ပါတယ်။ တစ်ကောင်နဲ့တစ်ကောင် ကန်ပြီး လေးလံထိုင်းမှိုင်း ရုန်းနေမယ်ဆိုရင် လိုအပ်တဲ့ခရီးကို ရောက်ဖို့ရာခက်ပါတယ်။ နှောင့်နှေးပါတယ်။

အခုလဲဘဲ သမာဓိနဲ့ဝိပဿနာနှစ်ခုဟာ နွားနှစ်ကောင်ကတဲ့ လှည်းလိုပဲ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် လှည်းနဲ့လှေလိုပါပဲ။

တပည့်တော်တို့ ဥပမာဆိုကြပါစို့။ မုံရွာအရှေ့ဘက်က ကျောက်ကာရွာရှိတယ်။ ကျောက်ကာက လှေကြီးကို မုံရွာအနောက် ဖက်က ညောင်ပင်ကြီး ပို့ချင်တယ်ဆိုရင် ကျောက်ကာက လှေကို လှည်းနဲ့တင်လာရမှာပဲ။ ကုန်းလမ်းခရီးကိုး။

ချင်းတွင်းမြစ်လဲ ရောက်ရော ဟိုဘက်ညောင်ပင်ကြီးကို လှည်းရောက်ဖို့ရာ၊ ဝန်ပို့ဖို့ရာလှေ၊ လိုလာတယ်။

အဲဒီတော့ လှည်းခရီးမှာ လှည်းက အရေးကြီးသလို လှေခရီး မှာ လှေကအရေးကြီးပါတယ်။ လှည်းခရီးမှာ လှည်းပါမှဖြစ်သလို သမာဓိခရီးမှာ သမထ (သမာဓိ)ပါမှ ဖြစ်ပါတယ်။

လှေခရီးမှာ လှေပါမှဖြစ်သလို ဝိပဿနာခရီးမှာ ဝိပဿနာ ပါမှ ဖြစ်ပါတယ်။ သူ့အပိုင်းနဲ့သူပါ။ ဒါကြောင့် သမထနဲ့ဝိပဿနာ၊ သမာဓိနဲ့ ဝိပဿနာ၊ လှည်းနဲ့လှေလိုပါပဲ။

အရှင်မြတ်များ သင်တန်းကာလ သမာဓိနဲ့ပတ်သက်ပြီးတော့ သင်တန်းပေးထားတာဆိုတော့ ပေးထားတဲ့ကမ္မဋ္ဌာန်းကျင့်စဉ်ကိုပဲ ဆက်လက်ပြီးတော့ အားထုတ်ကြပါလို့ တိုက်တွန်းရင်းနဲ့ အားပေးလျှောက်ထားစကားကို နိဂုံးချုပ်အပ်ပါတယ်ဘုရား။

သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ**
**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

## လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ

**ဟောကြားတော်မူသော**
**ဆရာဖြစ်သင်တန်း (၅)**

ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဟာ ဇရပ်, တန်ဆောင်း, ဂူ, ကျောင်း, ပြာသာဒ်တွေ အများကြီး၊ ကျောင်းပေါင်း(၁၂၆)ကျောင်း၊ ပဉ္စမသင်္ဂါယနာတင်တော့လဲ ဒကာခံပြီး ပြုလုပ်ခဲ့တဲ့ မင်းတရားကြီးကို သတိရလိုက်တာတဲ့။

အခုလို သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း တရားတွေကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဟောပြတဲ့အတိုင်း နာယူ စေချင်လိုက်တာဆိုပြီး စိတ်မကောင်းဖြစ်ပြီး ကင်းဝန်မင်းကြီး ငိုခဲ့တယ်။

ဒါပေမဲ့ တကယ်တော့ မင်းတုန်းမင်းတရားကြီးဟာ ပါရမီရှင်ကြီးပါပဲ။ ဘာပြုလို့လဲဆိုတော့ အမရပူရမှာ (၄)နှစ်တာ စံမြန်းပြီးတော့ မန္တလေး(ရတနာပုံ) မြို့သစ်ကြီးကို တည်ဆောက်ခဲ့ပါတယ်။ မန္တလေးနန်းတော်ကြီးကို တည်ခဲ့တယ်။ ပဉ္စမသင်္ဂါယနာ တင်ခဲ့တယ်။ မမေ့မလျော့နေခဲ့တယ်။

နေ့စဉ်နေ့တိုင်း မနက်အိပ်ယာထတယ်ဆိုရင် စာတတ်ပေတတ် ကျမ်းဂန်တတ်ဖြစ်တဲ့ သူတော်စင်တစ်ယောက်က "ငါ၏ကိုယ်မှာ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ။ "အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့ (ကျောက်ကပ်)၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း (သရက်ရွက်)၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ ရွံ့စဖွယ်၊ ညှီနံ့ဆိုး၊ အသိုး၊ အပုတ်၊ စက်ဆုတ်ဖွယ်တို့သာ ရှိပါကုန်၏။ "အတ္တိ-ဣမသ္မိံ" ကာယေ ကေသာ လောမာ နခါ၊ ဒန္တာ၊ တစော၊ အစရှိတဲ့ (၃၂)ကောဋ္ဌာသပါဠိကို ကျမ်းဂန်တတ်သူတော်တစ်ယောက်က ရွတ်နေရတယ်။

ဒီနောက် သံတော်ဆင့် အမတ်တစ်ယောက်က "အရှင်မင်းမြတ် ရဟိုင်းသချိုင်းမှာ ရုပ်အလောင်း(၁၀)လောင်း၊ သင်္ဂြိုလ်ခဲ့ရပါတယ် ဘုရား၊ ဆင်ဖြူခံသုဿန်မှာ ရုပ်အလောင်း(၂၀)၊ ခံကုန်းသင်္ချိုင်းမှာ ရုပ်အလောင်း ဘယ်လောက်သင်္ဂြိုလ်ပါတယ် ဘုရား"လို့လျှောက်ထားရတယ်။

ယခုလို တရားနဲ့ စာပေနဲ့ နားထောင်ရင်း မျက်နှာသစ်ပြီးတဲ့အခါကျတော့ လင်ပန်းကြီးထဲမှာ ပန်းမျိုးစုံပြင်ဆင်ထားပြီး၊ အဲဒီ

ပန်းတွေနဲ့ မဟာမြတ်မုနိဘုရားကြီးအား ပူဇော်ပါ၏။ ကောင်းမှုတော်ဘုရားကြီးအား ပူဇော်ပါ၏။ အညာသီဟတောဘုရားကြီးအား ပူဇော်ပါ၏။

မြန်မာပြည်ထဲမှာ ထင်ရှားရှိတဲ့ စေတီတော်ကြီးများအား မှန်းပြီး၊ ပူဇော်ပြီးတော့ ရှိသမျှပန်းတွေ စုပုံပြီး ဆွမ်းတော်၊ ပန်းတော်ကပ်ပြီး မိဘနှစ်ပါးမှစပြီး၊ ၃၁ဘုံသား တို့အား အမျှဝေပြီးမှ နံနက်စားပွဲတော် တင်တာကို လက်ခံပြီးတော့ သုံးဆောင်တော်မူတယ်လို့ ဒီလိုမှတ်တမ်း ရှိတယ်။

အဲဒီလို သာသနာနဲ့ပတ်သက်လို့ သတိတရရှိသော်လဲပဲ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းကို ကျကျနန နာကြားပြီး၊ ကျကျနန အားထုတ်တယ်ဆိုတဲ့ အချက်တော့ မတွေ့ရဘူး။

သို့သော် ညနေပိုင်းမှာ အနိစ္စဘာဝနာ ဒုက္ခဘာဝနာ၊ အနတ္တဘာဝနာများကို ပွားများတယ်လို့ ဒီလောက်တော့ တွေ့ရှိပါတယ်။

ယနေ့တပည့်တော်တို့ အားထုတ်နေရတဲ့ ကမ္မဋ္ဌာန်းသည် လွန်ခဲ့တဲ့နှစ်ပေါင်း၂၅၀၀ကျော်က ဗုဒ္ဓမြတ်ဘုရားပေးသနားတော်မူခဲ့တဲ့ နည်းနာနိဿယ။

လွန်ခဲ့တဲ့ အနှစ်တစ်ရာက ဖွင့်ဖော်ပြီး ပေးတော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယနဲ့ အားထုတ်ပြီးတော့ နေကြရ။

ပြန်ပြီးတော့ စဉ်းစားမယ်ဆိုရင် အားလုံးသိကြတဲ့ အရှင်မဟာကဿပ မထေရ်မြတ်ကြီး ထင်ရှားရှိပြီးနေတဲ့ အရှင်မြတ်ကြီး အကြောင်းအရာလဲ အားလုံးသိကြတဲ့အတိုင်း၊ ဩဝါဒသုံးမျိုး ခံယူတာနဲ့ ရဟန်းအဖြစ် ရရှိခဲ့တဲ့အရှင်မြတ်ကြီး ဘုရားထံမှောက်

ရောက်ဖို့ရန်အတွက် ဘုရားကိုအာရုံ မှန်းပြီးတော့လာတဲ့အခါ မြတ်စွာဘုရားက ခရီးဦးကြိုဆိုတော့ သုံးဌာနမှာ ရှိခိုးပါတယ်။

ခပ်ဝေးဝေးက ရှိခိုးတယ်၊ မနီးမဝေးက ရှိခိုးတယ်၊ အနီးကလေးကပဲရှိခိုးတယ်၊ အဲဒီလိုရှိခိုးပြီးတော့ -

သတ္ထာမေ ဘန္တေ ဘဂဝါ၊ သာဝကောဟမသ္မိ

အရှင်ဘုရားဟာ တပည့်တော်ရဲ့ဆရာပါဘုရား၊ တပည့်တော်က အရှင်မြတ်ရဲ့တပည့်ပါဘုရားလို့ လျှောက်ထားတယ်။ မြတ်စွာဘုရားက ဩဝါဒသုံးမျိုးပေးပါတယ်။

ချစ်သားကဿပ ထေရနဝ မဇ္ဈိမအကျော် သံဃာတော် အရှင်မြတ်တို့အပေါ် ထက်သန်တဲ့ ဟီရိဩတ္တပ္ပ ဦးစွာဖြစ်စေပါတဲ့။

ထေရနဝ မဇ္ဈိမအကျော် သံဃာတော်တို့အပေါ်မှာ ဟီရိဩတ္တပ္ပတရား ရှေးဦးစွာထားရမယ်။

ဒီဩဝါဒကို မြတ်စွာဘုရား ပေးတော်မူတယ်။ မြင့်မြတ်တဲ့ အရှင်မဟာကဿပရဲ့ ဇာတိမာန်ကို နှိမ်နှင်းဖို့အတွက် ဒီဩဝါဒကို ပေးတာပါပဲ။

ဒုတိယ ဩဝါဒက အပြစ်ကင်းတဲ့ တရားကိုနာယူနေစဉ်မှာ ပြင်ပအာရုံ စိတ်ကမသွားပဲနဲ့ အစအလယ်အဆုံး ပသာဒနား ဉာဏ်နား (၂)ပါးလုံး စိုက်ပြီးတော့ နာယူပါ။ ဒီဒုတိယဩဝါဒက ပကတိကပင်ပညာရှိဖြစ်တဲ့ အရှင်မဟာကဿပမထေရ်က ပညာမာန်ကို အကြောင်းပြုပြီးတော့ တရားကို လေးလေးစားစား မနာမှာစိုးလို့ ပညာမာန်ကို ပယ်ရှားဖို့ရန်အတွက် ဒီဩဝါဒကို ပေးပါတယ်။

တတိယ ဩဝါဒကတော့ ချစ်သားကဿပ သင်ဟာ ကာယဂတာသတိ အာနာပါနအာရုံဖြစ်တဲ့ ပီတိသုခနှင့်ယှဉ်တဲ့ ပထမစျာန်ကို

မိမိသန္တာန်မှ စွန့်ခွာမသွားအောင် ကြိုးစားပါ။

ကာယဂတာသတိ အာနာပါနနဲ့ယှဉ်တဲ့ ပီတိသုခနဲ့ယှဉ်တဲ့ ပထမဈာန်ကို အဲဒီသမာဓိကို မိမိသန္တာန်က ဘယ်တော့မှ စွန့်ခွာမသွားစေနဲ့လို့ တတိယဩဝါဒ ပေးတယ်။

ဘာကြောင့်လဲဆိုတော့ အရှင်မဟာကဿပမထေရ်မြတ်ကြီးရဲ့ လောင်းလျာပိပ္ပလိလုလင်ဟာ ဉပမိသမ္ပတ္တိနဲ့ပြည့်စုံတော့ မိမိကိုယ်ကို ခင်မင်တွယ်တာပြီး တဏှာမဖြစ်စေဖို့ရာ မြတ်စွာဘုရားက တတိယ ဩဝါဒကို ပေးတာပါပဲ။

အရှင်မြတ်များ အားထုတ်နေကြရတာက နံပါတ်(၃)မှာပါတဲ့ ကာယဂတာသတိ အာနာပါန အာရုံမှာဖြစ်တဲ့ ပီတိသုခနဲ့ယှဉ်တဲ့ ပထမဈာန်သမာဓိကို ဘယ်သောအခါမှ စွန့်ခွါမသွားစေနဲ့လို့ အရှင်မြတ်ကြီးကို ပေးတဲ့ဩဝါဒအတိုင်း ကာယဂတာသတိ အပါအဝင်ဖြစ်တဲ့ အာနာပါနကမ္မဋ္ဌာန်းများ အားထုတ်နေကြရတယ်။

အရှင်မဟာကဿပမထေရ်မြတ်ကြီးဟာ ဩဝါဒ(၃)မျိုး လက်ခံလိုက်တာနဲ့ တပြိုင်နက်ထဲ ရဟန်းအဖြစ် ရရှိပြီးသွားတယ်။

မြတ်စွာဘုရား သာသနာတော်မှာ တတိယသာဝကကြီး ဖြစ်ပါတယ်။

ပထမ အဂ္ဂသာဝက ဖြစ်တော်မူလတ့်ဖြစ်တဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက (၁၅)ရက် တရားအားထုတ်ရတယ်။ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးက (၇) ရက်အားထုတ်ရတယ်။ တရားအားထုတ်ကြပြီးမှ ရဟန္တာဖြစ်တော်မူကြပါတယ်။

အရှင်မြတ်ကြီး တရားအားထုတ်ရင်း ငိုက်နေတော့ မြတ်စွာဘုရားက သိတော်မူတယ်။

" အော်. . မောဂ္ဂလာန်တော့ တရားအားထုတ်ရင်း ငိုက်နေပြီ" လို့သိပြီး အရှင်မောဂ္ဂလာန်တရားအားထုတ်တဲ့စီ ကြွတော်မူတယ်။

အရှင်ဘုရားများလဲ သင်တန်းသင်ယူပြီး အားထုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကြတဲ့အခါ ငိုက်မှာပါပဲ။ ငိုက်တော့ ဘယ်လို လုပ်ရမလဲဆိုတော့ သာသနာတော်က ပြည့်စုံပါတယ်။ နောက်ထပ် ဖြည့်စွက်စရာ မရှိအောင် ပြည့်စုံပါတယ်။ "ကေဝလပရိပုဏ္ဏာဂုဏ်" ပြည့်စုံနေပါတယ်။

(၄၅)ဝါ ကာလပတ်လုံးဟောကြားထားတဲ့ ဒေသနာတော် တွေမှာ ဒါနပြုမှု၊ သီလဆောက်တည်မှု၊ သမာဓိထူထောင်မှု၊ ဝိပဿနာပွားများမှု၊ မင်္ဂဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်နဲ့ ပတ်သက်ပြီး နောက်ထပ်ဖြည့်စွက်စရာ မရှိလောက်အောင် ပြည့်စုံပါတယ်။ အရှင်မြတ်များ တရားအားထုတ်သလိုပဲ အရှင်မောဂ္ဂလာန် မထေရ် မြတ် (၇)ရက်တရား အားထုတ်နေရင်း ငိုက်နေတယ်။

**ပယ်ဖျောက်သညာ**

မြတ်စွာဘုရားက ချစ်သားမောဂ္ဂလာန် ငိုက်လို့ရှိရင် ပထမဆုံး အနေနဲ့ မူလက အနိစ္စသည်ကို ရှုနေရင်း၊ ဒုက္ခသညာကို ပြောင်းလိုက် ပါ။ ထွက်လေဝင်လေ ရှုမှတ်နေတယ်. . . . (သတိမြဲရာ ပထမာ) ပထမနည်း အတိုင်းရှုမှတ်နေရင်း ငိုက်ရင်. . . . (ဒုမှာ ရှည်တိုသိ) ဒုတိယနည်းကို ပြောင်းရမယ်။

အဲဒီလိုပြောင်းပြီး အားထုတ်လိုက်ရင် ငိုက်အိပ်ချင်မှု ပျောက်နိုင် ပါတယ်။

စာနှုတ်လုံးသွင်း

တရားအားထုတ်နေရင်း ဖြစ်စေကာမူ မိမိရထားတဲ့ ဓမ္မစကြာ စသည်ကို ရွတ်အံ့လိုက်ရင် ငိုက်အိပ်ချင်မှု ပျောက်နိုင်ပါတယ်။

စာအံ့ပါ

စာနှုတ်လုံးသွင်းလို့မှ အိပ်ငိုက်တာ မပျောက်သေးရင် ရထားတဲ့ စာတွေကို အံ့ပေးရမယ်။ တစ်ပါးထဲ အားထုတ်တဲ့နေရာကျတော့ ပိုပြီးတော့ ဒီနည်းသုံးရပါတယ်။

ငိုက်ချင်လာပြီဆိုရင် မိမိရထားတဲ့စာကို ပြန်ဆိုမယ်၊ အံ့မယ်ဆိုရင် အိပ်ချင်တဲ့စိတ် ပျောက်နိုင်ပါတယ်။

နားနှစ်ဖက်ကိုဆွဲပါ

ဒီလောက်တောင် အိပ်ချင်လှတယ်၊ ငိုက်ချင်လှတယ်ဆိုရင် နားရွက်နှစ်ဖက်ကို ဆွဲလိုက်ပါ။

ဒီနည်းတွေဟာ မြတ်စွာဘုရားပေးတဲ့နည်းတွေပါပဲ။ တစ်ခါ တစ်ရံ တရားပြတဲ့ပုဂ္ဂိုလ်များက "ဟော့ မလှုပ်နဲ့ မလှုပ်နဲ့" ပြောတတ် တယ်။ မလှုပ်လေ ပိုငိုက်လေ ဘယ်နှယ်လုပ်ရမလဲ၊ နားနှစ်ဖက်ကို နာနာသာ ဆွဲလိုက်ပါ။ ဒီနည်းနဲ့ မရသေးဘူးဆိုရင်-

အရပ်ရှုမျှော်

အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်တွေကို မျှော်ပြီး ကြည့်ရင်လဲ အိပ်ငိုက်မှု ပျောက်တက်ပါတယ်။

အာလောက (အရောင်)

နေ့အခါမှ နေရောင်၊ ညအခါမှာ လရောင် သို့မဟုတ် လျှပ်စစ်မီးရောင်၊ အရောင်အလင်း အာလောကသညီ= အရောင်အလင်းကို ရှုမှတ်ပွားများရင်လဲ အိပ်ငိုက်ပျောက်ပါတယ်။

နောက်ဆုံးဘယ်လိုမှ မပျောက်ရင် စကြ်န်သွားပေးပါ၊ အဲဒီ (၇)ပါးဟာ အိပ်ငိုက်ပျောက်ကြောင်းပါပဲတဲ့။ ဒါကြောင့် -

ပယ်ဖျောက်သညာ စာနှလုံးသွင်း စာအံခြင်းတည်း
နားနှစ်ဖက်ဆွဲ တနဲ့ရှုမျှော် အာလောကပွား စကြ်န်သွား
(၇)ပါး ငိုက်မြည်းပျောက်ကြောင်းတည်း။

ငိုက်လို့ရှင်ရင် ဖြေဖျောက်တဲ့နည်း။ အရှင်မြတ်များ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းတရားများသည် နီဝရဏတရားများ ပယ်ချိုးနိုင်တဲ့ သမာဓိရအောင် ဆောင်ရွက်နေကြပါတယ်။ အဲဒီအထဲကျတော့ နှစ်ပါးတွဲပြီးတော့ ထိုင်းတယ်၊ မှိုင်းတယ်။

ထိနမိဒ္ဓ လွှမ်းမိုးပြီးတော့ နှိပ်စက်နေပြီဆိုရင် အချုပ်ထောင်ကျနေတဲ့သူလိုပဲတဲ့။ ထိနမိဒ္ဓ ထိုင်းမှု မှိုင်းမှု အချုပ်ထောင်ထဲ ရောက်နေသလိုပဲ။

အချုပ်ထောင်ထဲရောက်နေတဲ့သူဟာ မြို့ထဲရွာထဲမှာ ပွဲလမ်းသဘင်တွေ ဘယ်လောက်ကောင်းကောင်း၊ ဘယ်လောက်နာမည်ကြီးကြီး သူကအချုပ်ထောင်ကျနေတာဆိုတော့ ဒါတွေမခံစားရဘူး။

ထိနမိဒ္ဓ ထိုင်းမှိုင်းသူဖြစ်နေရင် တရားကအကြောင်းတွေ၊ အကျိုးတွေ ဘယ်လိုကောင်းပါစေ။ ဒါတွေမသိလိုက်ဘူး။ အဲဒါကြောင့် ထိနမိဒ္ဓ ထိုင်းမှိုင်းမှု ပပျောက်ဖို့ရာနဲ့ ပတ်သက်ပြီးတော့ အဋ္ဌကထာဆရာကြီးတွေက ဖွင့်ပြန်တယ်။

ထိနမိဒ္ဓ ထိုင်းမှိုင်းမှု ပျောက်ဖို့ရန် အကြောင်းတွေက ဘာတွေလဲဆိုတော့ -

၁။ စားကျူးကင်းကွာ

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ အလွန်အကျွံစားခြင်းကို ရှောင်ပါလို့ ပြောတာပါ။ စားနည်းကတော့ ထမင်းသုံးလုပ်၊ လေးလုပ်စာလေးချန်ပြီးတော့ ရေသောက်ဖို့ချန်ပြီး စားပါတဲ့။

စားကျူးကင်းကွာ၊ ရှေးအခါတုန်းက ပုဏ္ဏားတွေ အင်မတန်အစားကြီးတယ်လို့ ဆိုပါတယ်။ ဝမိတက စားပြီးအန်တဲ့ ပုဏ္ဏားတို့ဆိုတာ ရှိခဲ့ဖူးတယ်။

၂။ ပြောင်းလှည့်ပါလေ

ဣရိယာပုတ်ပြောင်းပေးရမယ်။ များသောအားဖြင့် ထင်မှတ်နေတာက တပည့်တော်တို့ တရားအားထုတ်တယ်ဆိုရင် "မလှုပ်နဲ့"လို့ ဒါပဲ ဦးစားပေးပြောနေတာတွေ ရှိတတ်တယ်။

သို့သော်လဲ သိပ်ပြီးတော့ ထိနမိဒ္ဓ လွှမ်းမိုးနေမယ်ဆိုရင်ဇာတ္သွားရပ်ထိုင်လျောင်း တစ်ခုခုပြောင်းပေးရမယ်။

၃။ လင်းရောင်နေမှတ်

အလင်းရောင်ကို အာရုံပြုပေးရမယ်။

၄။ လွန်တီးရပ်နေ

အမိုးအကာမရှိတဲ့ လွင်တီးခေါင်မှာ နေရမယ်။

၅။ မိတ်မြတ်အလျှော်

မိတ်ကောင်း ဆွေကောင်းရှိဖို့လဲ လိုတယ်တယ်။

၆။ လျှော်စကား

ဤ (၆)ပါး၊ ထိနမိဒ္ဓ ပျောက်ကြောင်း (၆)ပါး။

- စားကျူးကင်းကွာ
- ပြောင်းလှည့်ကာပေ
- လင်းရောင်နေမှတ်
- လွန်တီးရပ်နှင့်
- မိတ်မြတ်အလျှော်
- လျှော်စကား

ဤ (၆)ပါး ပျောက်ငြား ထိုင်းမှိုင်းကို ထိနမိဒ္ဓကင်းတဲ့ ပုဂ္ဂိုလ်တွေရဲ့စကားတွေကို များများနားထောင်ဖို့ လိုပါတယ်။

ဒါကြောင့် ထိနမိဒ္ဓ ကင်းခြင်းရဲ့ အကြောင်းက (၆)မျိုး။

- အစားလျှော့စားရမယ်၊
- ဣရိယာပုတ်ပြောင်းပေးရမယ်၊
- အလင်းရောင်မှတ်ပြီး နေရမယ်၊
- လွန်တီးခေါင်အရပ်မှာနေရမယ်၊
- မိတ်ကောင်းစကား ကြားနာဖို့လိုတယ်၊
- ထိုင်းမှိုင်းမှုကင်းတဲ့ သူတွေရဲ့ စကားများများ နားထောင်ပေးရမယ်။

ကမ္မဋ္ဌာနာစရိယများ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ ဒီအချက်အလက်တွေ သိရှိထားဖို့ လိုပါတယ်။ ထိနမိဒ္ဓ ထိုင်းတယ်၊ မှိုင်းတယ်။ တစ်နည်းပြောရရင် အပျင်းအရိ တချိချိနှင့် ထိနမိဒ္ဓဟာလဲ တရားအားထုတ်တဲ့အခါမှာ ဘေးအန္တရာယ်တစ်ခုပါပဲ။

ကောသဇ္ဇံ ဘယတော ဒိသွာ၊ ဝီရိယမ္ဘဉ္စ ခေမတော။
အာရဒ္ဓဝီရိယာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ကောသဇ္ဇံ= ပျင်းရိဖင့်နွဲ့ခြင်းကို၊ ဘယတော= ကြောက်ဖွယ်အားဖြင့်၊ ဒိသွာ= မြင်နိုင်ကြပါစေကုန်သတည်း။

ပျင်းရိခြင်း၊ ထိုင်းမှိုင်းခြင်း ဘေးအန္တရာယ်တစ်ခုအဖြစ် မြင်နိုင်ကြပါစေ။ ဝီရိယမဗ္ဗဥ္စ ပျင်းရိဖင့်နွဲ့ခြင်းမှ ထွက်မြောက်ပြီးတော့ အားထုတ်ကြိုးပမ်းခြင်းကို၊ ခေမတော= ဘေးဘယာကင်းကွာ အေးချမ်းသာသော အနေအားဖြင့်၊ ဒိသွာ ပဿန္တု= မြင်နိုင်ကြပါစေ။

အာရဒ္ဓဝီရိယာ= အားထုတ်ကြိုးစား ဝီရိယတရားရှိကြကုန်သည်၊ ဟောထ= ဖြစ်ကြပါစေကုန်သတည်း။ ဧသော= ဤသို့ ပျင်းရိခြင်းကို ဖယ်ရှား၍ အားထုတ်ကြိုးစားကြပါဟု တိုက်တွန်းနှိုးဆော်တော်မူခြင်းသည်၊ ဗုဒ္ဓါနံ= ဆူဆူထွင်္ဌထား မြတ်ဘုရားတို့၏၊ အနုသာသနီ= ဆုံးမသွန်သင် နည်းလမ်းပြချက်ကြီး ဖြစ်ပါပေတော့သတည်း။

သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ**
**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကရေ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

## လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ

**ဟောကြားတော်မူသော**
**ဆရာဖြစ်သင်တန်း (၆)**

ယနေ့ သာသနာတော်နှစ် ၂၅၄၉၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ်၊ နယုန်လပြည့် (မဟာသမယနေ့)။

ဒီမဟာသမယ အခါတော်နေ့နဲ့ ပတ်သက်ပြီး နှစ်စဉ်နှစ်တိုင်းလဲ ဟောခဲ့ကြပြီ။

သုံးလောကထွဋ်ထား မြတ်ဘုရားရဲ့ မိဖက်ဖဖက် ဆွေတော်မျိုးတော်များဖြစ်ကြတဲ့ ရဟန်းတော် (၅၀၀) တရားထူးရတဲ့နေ့ပါပဲ။

အဲဒီလို တရားထူးရကြလို့ မြတ်စွာဘုရားထံမှောက်မှာ မိမိတို့ရရှိတဲ့ တရားထူးလျှောက်ထားဖို့ လာကြတော့ ရဟန္တာအရှင်မြတ်ကြီး

များမှာ ဖြစ်ပေါ်တဲ့အချင်းအရာက (၂)မျိုး၊

၁။ မိမိရရှိထားတဲ့ တရားထူး တရားမြတ်ကို သူတစ်ပါးတို့ကို မသိစေချင်ဘူး။ (ရွှေအိုးရတဲ့ပုဂ္ဂိုလ်က မိမိရတဲ့ ရွှေအိုး သူတစ်ပါး မသိစေချင်သလိုပါပဲ)။

၂။ မိမိရသိထားတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ တရားထူး တရားမြတ် ကို နတ်နှင့်တကွသော လောကကြီး ထိုးထွင်းသိကြပါစေ။

အဲဒီလို အချင်းအရာ (၂)မျိုး ရဟန္တာအရှင်မြတ်ကြီးများ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း၊ အရှင်မြတ်ကြီး (၅၀၀)ကလဲ မထေရ်အကြီး ဆုံးကစပြီး ဘုရားထံမှာ မိမိတရားထူးရတဲ့အကြောင်းကို လျှောက် ထားမည်လို့လာသော်လဲ နောက်ပြန်လှည့်ကြည့်လိုက်တော့ တစ်ပါးက ရောက်နေ၊ တစ်ပါးက လျှောက်ထားဖို့လာပြန်တော့ မလျှောက်ထားဖြစ်ကြဘူး။

မြတ်စွာဘုရားရဲ့ ဆွေတော်မျိုးတော် ညီတော်နောင်တော် (၅၀၀) တရားထူးရတဲ့နေ့။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် နဂါးနဲ့ဂဠုန်၊ ဂဠုန်နဲ့နဂါး ကမ္ဘာရန်ဖြစ်ပြီး နေကြတာ။ အဲဒီမဟာသမယ နေ့ (နယုန်လပြည့်) မှာတော့ နဂါးနဲ့ဂဠုန် ဆန္ဒတူကြတယ်။

မြတ်စွာဘုရားကို ဖူးမျှော်လိုတဲ့ ဆန္ဒ၊ တရားနာလိုတဲ့ဆန္ဒ၊ နယုန်လပြည့် မဟာသမယနေ့မှာ ရဟန္တာဖြစ်ကြတဲ့ ရဟန္တာအရှင်မြတ် တွေကို ဖူးမျှော်လိုကြတဲ့အတွက်ကြောင့်မို့ နဂါးက ဂဠုန် မကြောက် ရပဲနဲ့ နဂါး၊ ဂဠုန်နှစ်ဦးသားတို့ စိတ်တူ ဆန္ဒတူ ညီညွတ်တဲ့နေ့။

အဲဒီနေ့မှာ အင်မတန်ကြီးကျယ်တဲ့ နတ်ပွဲသဘင်ကြီး ဖြစ်နေ တော့ အဲဒီနတ်ပွဲသဘင်မှာ လာရောက်ကြတဲ့ နတ်တွေ၊ ဗြဟ္မာတွေရဲ့ ရည်ရွယ်ချက်က-

ပဝုဋ္ဌ ဇာတိမခီလံ၊ ဩဃတိဏ္ဏ မနာသဝံ။
ဒက္ခေမောဃတရံနာဂံ၊ စန္ဒံဝ အသိတာတိယံ။ ။

ဒီဂါထာက လာရောက်ကြတဲ့ နတ်ပြဟ္မာတို့ရဲ့ ရည်ရွယ်ချက်။

နတ်ပြဟ္မာတို့ဟာ ကိလေသာကင်းစင်တဲ့ အရှင်မြတ်တွေ၊ ပဝုဋ္ဌဇာတိ= ဇာတိကုန်ပြီးသား အရှင်မြတ်တွေ၊ ရာဂ= ဒေါသအစရှိတဲ့ ညောင့်တသင်းကင်းတဲ့ အရှင်မြတ်တွေ ဘုရားရှင်နှင့်တကွ သံဃာတော် အရှင်မြတ်တွေ ဩဃလေးပါးမှ ကူးမြောက်တော်မူပြီးတဲ့ အာသဝေါကင်းတဲ့ အရှင်မြတ်များကို ဖူးမျှော်ဖို့လာတယ်တဲ့။

လမင်းကြီးကဲ့သို့ တင့်တယ်စံပါယ်တော်မူတဲ့ အပြစ်ကင်းစင်တဲ့ မြတ်ဘုရားနဲ့ ရဟန္တာအရှင်မြတ်တို့ကို ဖူးမျှော်ဖို့လာတယ်။

မြတ်စွာဘုရားကလဲ အင်မတန်ကြီးကျယ်တဲ့ နတ်ပြဟ္မာ ပရိသတ် ကြီးလာရောက်နေတယ်ဆိုတော့ မြတ်စွာဘုရားက နတ်တို့ရဲ့ အမည်၊ ပြဟ္မာတို့ရဲ့အမည်များကို ဟောကြားတယ်။

ဒေဝတာနံ စိတ္တကလ္လတာဇနနတ္ထံ။

နတ်ပြဟ္မာတွေအားလုံး စိတ်သက်သာမှု စိတ်ခန့်ကြမ်းပြီးတော့ စိတ်တိုင်းကျ ဖြစ်ပါစေရန်လို့ နတ်ပြဟ္မာတို့ရဲ့ နာမည်တွေကို အမျိုးအလိုက် အစုအဖွဲ့လိုက် မြတ်စွာဘုရားက မိန့်ကြားတော်မူတယ်။

အဲဒီတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော်က ဟောကြားတဲ့ မဟာသမယသုတ္တန်ဟာ (၇)မျိုးရှိပါတယ်။

အဲဒီတော့ မကြာသေးခင်က အိမ်တစ်အိမ် ဆွမ်းစားသွားတဲ့ အခါ နိမိတ္တဖြစ်တဲ့ မြတ်စွာဘုရားနဲ့ ပကတိမြတ်စွာဘုရား ဘုရား(၂)ဆူ နတ်ပြဟ္မာတို့ရဲ့အလယ်မှာ တင့်တင့်တယ်တယ် မေးမြန်းနေပုံ၊

အိမ်တစ်အိမ်မှာ ကိုးကွယ်ထားတာ တွေ့ရတယ်။

ဒီနေ့ မဟာသမယနေ့မှာ လွန်ခဲ့တဲ့ (၁၅)နှစ်တာကာလက ဖြစ်စဉ်လေးတစ်ခု ဘုန်းကြီးတို့ရဲ့ ကျေးဇူးတော်ရှင် ဖြစ်တော်မူတဲ့ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် သုဝဏ္ဏဝတီကျောင်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်နေမိန္ဒ ယခုလို နယုန်လပြည့်နေ့ (၁၂)နာရီ အချိန်မှာ လွန်တော်မူတယ်။

အဲဒီဆရာတော်ဘုရားက ပိဋကတ်သုံးပုံ အောင်တာချင်း တူပေမယ့် ထူးခြားတဲ့ဖြစ်စဉ်လေးတွေ ရှိပါတယ်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးက အာဂုံရော၊ ရေးဖြေရော ဝိသိဋ္ဌဂုဏ်ထူးနဲ့၊ ရေးဖြေမှာ ဂုဏ်ထူးနဲ့ ဝိသိဋ္ဌ တိပိဋကဓရ၊ တိပိဋကမဟာကောဝိဒ ဘွဲ့တံဆိပ်ရတယ်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်ရယ်၊ ဘွဲ့တံဆိပ်ရရှိတော်မူပါတယ်။

ကျေးဇူးတော်ရှင် ဖြစ်တော်မူတဲ့ ပခုက္ကူအလယ်တိုက် သုဝဏ္ဏဝတီကျောင်းမှာ ဘုန်းကြီးတို့ ခိုနားပြီး ပညာသင်ကြားရာဖြစ်တဲ့ ဆရာတော်ဘုရားက ပိဋကတ်သုံးပုံ ဒုတိယဆောင်နိုင်ပြီးတော့ သုံးပုံလုံး အာဂုံ ဂုဏ်ထူးနဲ့ချည်း အောင်မြင်တော်မူတဲ့အတွက်ကြောင့် ဝိသိဋ္ဌ တိပိဋကဓရ။

ဒီ “ဝိသိဋ္ဌတိပိဋကဓရ”က မြန်မာပြည်မှာ (၂)ပါးထဲရှိတာ။ မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသနဲ့ ပခုက္ကူမြို့ဆရာတော် ဘဒ္ဒန္တနေမိန္ဒတို့ဖြစ်ကြပါတယ်။

အဲဒီတော့ ဆရာတော်ဘုရား ပျံတော်မမူခင်က သင်ကြားထားတဲ့ စကားလေး ဆရာတော်ဘုရားရဲ့ (၁၅)နှစ်ပြည့်မြောက်တဲ့ အခါသမယမှာ တရားအားထုတ်နေကြတဲ့ ရဟန်းတော်များ၊

ယောဂီများနဲ့ ဆက်စပ်တဲ့ စကားလေးပါပဲ။ ဆရာတော်ဘုရားက-

- တရားခင်မင် ကျင့်သုံးလျှင် စည်ပင်တိုးတက် ကြီးပွားမည်။

ပရိသတ်တွေကို တိုင်ပေးတယ်၊ တရားကို ခင်လို့မင်လို့ ကျင့်သုံးမယ်ဆိုရင် စည်ပင်မယ်၊ တိုးတက်မယ်။

- တရားကိုမုန်း မကျင့်သုံး ဆုံးရှုံးပျက်စီး ဆုတ်ယုတ်မည်။

တရားကိုမုန်းပြီး မကျင့်သုံးဘူးဆိုရင် ဆုံးရှုံးမယ်၊ ပျက်စီးမယ်၊ ဆုတ်ယုတ်မယ်။

ကုသိုလ်တရားကို ခင်မင်လို့ ကုသိုလ်တရားကို ကျင့်သုံးရင် ပုဂ္ဂိုလ်တိုင်းမှာ စည်ပင်ပြန့်ပွား တိုးတက်ပါတယ်။

ဒါဆရာတော်ဘုရားရဲ့ (၁၅)နှစ်ပြည့် အထိမ်းအမှတ်နေ့မှာ-

- တရားခင်မင် ကျင့်သုံးလျှင် စည်ပင်တိုးတက် ကြီးပွားမည်။
- တရားကိုမုန်း မကျင့်သုံး ဆုံးရှုံးပျက်စီး ဆုတ်ယုတ်မည်။

ထူးခြားတာက- ပခုက္ကူ တိပိဋကဆရာတော်သည် ပျံလွန်တော်မူမည့်နှစ် တစ်ဝါတွင်းလုံး ဆွမ်းပို့သူတစ်ဦးမှ တစ်ပါး အခြားရဟန်းရှင်လူ အတွေ့မခံပဲ ဘုရားက မိန့်ကြားတဲ့အတိုင်း သမထ ဝိပနာဿနာ ကြိုးစားတော်မူတာ မိမိကိုယ်ကို "ဓမ္မဝိဟာရီ" စင်စစ်ဖြစ်အောင် ကြိုးစားသွားဖြစ်တာ ဘုန်းကြီးတို့ ဆရာအတွက် အားတက်ဂုဏ်ယူမိတယ်။ ဓမ္မဝိဟာရီသုတ်တော်အစုံနှင့် လျှော်ကန်လှပါတယ်။

အဲဒီတော့ ယနေ့ မဟာသမယ အခါသမယမြတ်နေ့မှာ (၈၄)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်း ကြိုးပမ်း အားထုတ်ကြတဲ့ ယောဂီသူတော်စင်များ (၈၄)ကြိမ်မြောက် တရား စခန်းက အင်မတန်ထူးခြားတယ်။

ဘာကြောင့်လဲလို့ဆိုတော့ အခါတိုင်း ရဟန်းယောဂီက ခပ်နည်းနည်းပါပဲ။ ယောဂီ (၃၀) (၄၀) (၅၀) (၆၀) ရှိရင် ရဟန်းတော် ယောဂီက တစ်ပါးနှစ်ပါးပဲ ရှိပါတယ်။

ဒီ(၈၄)ကြိမ်မြောက်ကတော့ လွန်ခဲ့တဲ့ (၇)ရက်တာ ကာလက ဖွင့်လှစ်ပြီးလာခဲ့တဲ့ ဒုတိယအကြိမ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာ စရိယ သင်တန်းဆရာဖြစ်သင်တန်းမှာ အားထုတ်ပြီးနေကြတဲ့ အရှင်မြတ်တို့က ယနေ့ထပ်မံပြီး (၈၄)ကြိမ်မြောက်မှာ (၇)ရက်တာ ကာလ သင်ကြားအားထုတ်လို့ ထိုက်တန်သလောက် ပြည့်စုံနေကြ ပါပြီ။

အခု လက်တွေ့မျက်တွေ့ အားထုတ်ကြဦးမယ်။ (၈၄)ကြိမ် မြောက် အားထုတ်ကြတဲ့ ယောဂီသူတော်စင်များနဲ့အတူ အားထုတ် ကြမယ် ဆိုပြီးတော့ ရဟန်းတော်ယောဂီ (၁၃၀)ကျော် ဝင်ရောက်ပြီး အားထုတ်နေကြတဲ့ပွဲပါပဲ။

ဒီ (၈၄)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကတော့ ထူးခြားတဲ့ တရားစခန်းဖြစ်ပါတယ်။ ဒီ (၈၄)ဟာ အင်မတန် အသုံးများပါတယ်။ ရာဂဏန်းနဲ့ အသုံးများသလို ထောင်ဂဏန်း၊ သောင်းဂဏန်းနဲ့ (၈၄၀၀၀)သော ဝေနေယျတို့သည် အမြိုက်ရေ သောက်ကြကုန်ပြီ။ ဒီစကားလေးတွေဟာ စာပေမှာ ထင်ရှားရှိတယ်။ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဆိုတာလဲ ထင်ရှားရှိတယ်။

ဒါကြောင့် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို ပူဇော်သောအားဖြင့် (၈၄)ကြိမ်မြောက် တရားစခန်း ဝင်ရောက်ပြီး အားထုတ်ကြတယ်။

ဒီနေ့ ထူးခြားတဲ့အချက်က မဟာသမယ အခါတော်နေ့ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ဝိသိဋ္ဌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်မြတ် ကြီး ဘဝနတ်နန်း စံမြန်းတော်မူခဲ့တဲ့နေ့။

အဲဒီနေ့မှာ ဆရာတော်ဘုရားရဲ့ အဆုံးအမစကားလေးကို အမှတ်တရ ပူဇော်သောအားဖြင့် ဖောက်သည်ချပြီးတော့ မနေ့က နယုန်လဆန်း (၁၄)ရက် အဖိတ်နေ့ဆိုတော့ မြန်မာ့ရုပ်သံက သတိပေး နေတဲ့နေ့ပါပဲ။ မနက်ဖြန် ဥပုသ်နေ့ဖြစ်ပါတယ်။ ဥပုသ်သီတင်း ဆောက်တည်ကြဖို့ ကြေငြာပါတယ်ဆိုပြီးတော့ ကြေငြာပါတယ်။ ရှေးအခါတုန်းက ဒီလို မကြေငြာခဲ့ပါ။

မနေ့က အဖိတ်နေ့ နယုန်လဆန်း (၁၄)ရက် ဇွန်လ (၂၀)ရက် "ကမ္ဘာ့ဒုက္ခသည်များနေ့" ယောဂီသူတော်စင်များ သတိပြုစရာလေး ပါပဲ။ ကမ္ဘာက သတ်မှတ်ထားတာ "ကမ္ဘာ့ဒုက္ခသည်များနေ့"။ ဘုန်းကြီးတို့ ဗုဒ္ဓဘုရားကတော့ နေ့တိုင်း နေ့တိုင်း ဒုက္ခသည်များနေ့ ချည်းပါပဲ။ ကမ္ဘာ့လူထုက သူတို့အသိဉာဏ်ရှိသလောက် သတ်မှတ် တာပါပဲ။

ရေဘေးဒုက္ခသည်၊ မီးဘေးဒုက္ခသည်၊ စစ်ပြေးဒုက္ခသည် အစရှိသဖြင့် မနေ့ညက ဒုက္ခသည်တွေ ဘယ်နေရာမှာ ဘယ်လောက် ရှိကြတယ်။ ကလေးသူငယ် လူမမယ်တွေ ပညာသင်ဖို့ ခက်တယ်။ နေဖို့ ထိုင်ဖို့ စားသောက်ဖို့ ခက်ခဲတဲ့ဒုက္ခတွေ ဖော်ပြကြတယ်။

ဘုန်းကြီးတို့ အခုတရားစခန်းမှာတော့ အဲဒီလူမှုဒုက္ခတွေရဲ့ အရင်းခံ ရုပ်ဒုက္ခ၊ နာမ်ဒုက္ခမြင်အောင် ကြည့်ကြရမှာပါ။

အဲဒီတော့ အရှင်မြတ်တို့ အဘယ်အကျိုးငှာ ရဟန်းဂေါတမ ထံမှာ မြတ်သောအကျင့်ကို ကျင့်ပါသလဲလို့ အချို့ပုဂ္ဂိုလ်တွေက မေးကြလိမ့်မယ်။

မေးရင် "ဒုက္ခဿ ပရိညတ္ထံ" ဒုက္ခကို ပိုင်းခြားသိဖို့ရာ မြတ်စွာဘုရား သာသနာမှာ မြတ်သောအကျင့်ကို ကျင့်ပါတယ်လို့ အဲဒီလို ပြောကြရမှာ။ ဒါဖြင့် ဒုက္ခဆိုတာ ဘာကိုခေါ်သလဲဆိုတော့ အခုဘဝ ဖြစ်ပြီး နေတာဒုက္ခပါပဲ။

ဘဝရယ် ဒုက္ခရယ်၊ ဒုက္ခရယ် ဘဝရယ်ဟာ အတူပါပဲ။ မကြာသေးခင်က ပြောကြ ဟောကြတဲ့ ဝေဒနာ။ ဝေဒနာ (၃)မျိုး၊ ဝေဒနာ (၅)မျိုး၊ ဝေဒနာအားလုံးကို ဒုက္ခလို့ရှုပါ။

ဒါဖြင့် သုခဝေဒနာ ချမ်းသာတဲ့ဝေဒနာကို "ယောသုခံ ဒုက္ခတော အဒ္ဒ" သုခဝေဒနာကို ဒုက္ခလို့မြင်ပါ၊ ရှုပါ။ ချမ်းသာတယ်၊ ချမ်းသာတယ်။ လူ့လောကကြီး ချမ်းသာတယ်။ နတ်စည်းစိမ် ချမ်းသာတယ်၊ ဗြဟ္မာစည်းစိမ် ချမ်းသာတယ်။ အဲဒီ ချမ်းသာတယ်၊ ချမ်းသာတယ်ဆိုရတာ အားလုံးဟာ အကုန်လုံး ဒုက္ခချည်းပါပဲ။

ဘာပြုလို့လဲဆိုတော့ ချမ်းသာက ဖောက်ပြန်သွားတော့ ဆင်းရဲဖြစ်သွားတယ်။ ကြီးကျယ်လှတဲ့ နတ်ဘုံ နတ်ဗိမာန်ကြီးတွေ၊ ကြီးကျယ်လှတဲ့ ဗြဟ္မာဘုံ ဗြဟ္မာဗိမာန်ကြီးတွေ၊ ကြီးကျယ်လှတဲ့ နန်းဗိမာန်ကြီးတွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်ကျတော့ ဝုန်းဆို ပြိုကျသွားတယ်။ ချမ်းသာလို့ ထင်ရတာတွေဟာ ဒုက္ခအတိပဲ ဖြစ်တယ်။ ဗြဟ္မာမင်းကြီးတွေဟာ လက်တစ်ချောင်းနဲ့ စကြဝဠာ တစ်ခုကို ထွန်းလင်းနိုင်တယ်။ သို့သော်လဲ "အာယုပုည ခယန္နစ်ဖြာ တဖြာဖြာကြောင့် ဗြဟ္မာတို့အား စုတိငြား၏"။ ဗြဟ္မာကြီးတွေဟာ

တစ်နေ့နေ့ တစ်ချိန်ချိန်ကျတော့ စုတေတယ်၊ အကြောင်းနှစ်မျိုးကြောင့် ပြုတ်ပြုတ်ပြုန်းပြီး ပြိုကျသွားတယ်။

နတ်မင်းကြီးတွေ ကြီးကျယ်လိုက်တာ၊ စည်းစိမ်ကြီးတွေ သိပ်ကြီးကျယ်ကြတယ်။ သိကြားမင်းကြီးရဲ့ စည်းစိမ်သိပ်ပြီးတော့ ကြီးကျယ်တယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးကြရတယ်။ ဒါကြောင့် ကျေးဇူးတော်ရှင် သပြေပင်တောရ ဆရာတော်ဘုရားကြီးက "လောကီချမ်းသာစည်းစိမ် ဆုမတောင်းကြနဲ့"၊ ယမ်းစနက်က ပန်းထွက်သလို၊ "စည်းစိမ်ကြီးလေ ဒုက္ခကြီးလေ"တဲ့။ မှန်ပါတယ်။ နန်းအိမ်ဗိမာန်ကြီးတွေ ပြိုလဲကျသွားတာနဲ့ တဲကုပ်၌ ပြိုတာ အသံရော အဆံပါ မတူပါဘူး။

ဒါကြောင့် ဘယ်လောက်ချမ်းသာ ချမ်းသာ၊ ဘယ်ချမ်းသာမျိုး မဆို လောကရှိသမျှ ချမ်းသာတွေအားလုံး ပျက်စီးကြရတယ်။ လောကရှိသမျှ ချမ်းသာတွေ အားလုံးဒုက္ခလို့ ရှုရမယ်။

ဒုက္ခမဒုက္ခိသလ္လတော။

ဆင်းရဲလိုက်တာ၊ ကိုက်တာလဲ ဆင်းရဲတယ်။ နာတာလဲ ဆင်းရဲ တယ်။ ဒုက္ခမဒုက္ခိသလ္လတော= ဒုက္ခကို မြားညှောင့်လိုပဲ ရှုပါ။ သုခလဲ မထင်ရှား၊ ဒုက္ခလဲ မထင်ရှား၊ ဥပေက္ခာဝေဒနာကိုတော့ အနိစ္စအားဖြင့်

အဒုက္ခ မသုခံသန္တံ၊ အဒက္ခိနံ အနိစ္စတော။

အနိစ္စအားဖြင့် ရှုပါတဲ့။ အကုန်လုံးခြုံပြီးတော့ ပြောမယ်ဆိုရင် "သဗ္ဗေသင်္ခါရာ ဒုက္ခာ"။ မြင်မြင်သမျှ တွေ့တွေ့သမျှ ကြုံကြုံသမျှ ပြုပြင်ထားတာတွေဟာ ဒုက္ခ။ ဒုက္ခလို့ ရှုရမှာပါပဲ။

မြတ်စွာဘုရားက ဒုက္ခကို ပိုင်းခြား၍ သိရမယ်။ အဲဒီဒုက္ခနဲ့ မြတ်စွာဘုရား တရားစ ပြတော်မူတာ။

ဘာကြောင့် လဲဆိုတော့ ဓမ္မစကြာဒေသနာတော်ကို ကြည့်လိုက် "ပါကဋဒုက္ခ" ထင်ရှားတဲ့ဒုက္ခတွေကို အရင်ထုတ်ပြတယ်။

ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိဒုက္ခံ၊ အပ္ပိယေဟိသမ္ပယောဝေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ။

ယောဒီလို ပါကဋဒုက္ခကို ထုတ်ပြတာ။

လောကလူတွေ တရားအားမထုတ်သေးခင်တောင်မှ ဒီပါကဋ ဒုက္ခကို သတိမူရင် မြင်နိုင်ကြတာ။

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

အကျဉ်းချုပ်အားဖြင့်တော့ စွဲလမ်းစရာ ခန္ဓာငါးပါး ရုပ်နာမ် မှန်သမျှဟာ ဒုက္ခ၊ ဒါက ပဋိစ္ဆန္နဒုက္ခ၊ အပါကဋဒုက္ခ၊ ရုပ်တရား နာမ်တရားတို့ရဲ့ ဒုက္ခမထင်ရှားဘူး။ ရုပ်နာမ်ဖြစ်ပုံကို ဒုက္ခလို့မြင်အောင် ရှုရတာ အင်မတန်ခက်တယ်။

ဒုက္ခ(၇)မျိုးကတော့ တရားအားမထုတ်ပေမယ့် မြင်နိုင်တယ်။ သို့သော်လဲ ထင်ရှားတဲ့ ဒုက္ခတွေကို ပြပြီးတော့မှ တိုင်းတာပြပြီးတော့မှ မထင်ရှားတဲ့ဒုက္ခကို နောက်မှဟောတယ်။

ဒုက္ခတွေ (၇)မျိုးလောက် ထုတ်ပြတယ်။ တစ်ခုချင်း၊ တစ်ခုချင်း ရှိသမျှ ဒုက္ခတွေကို ထုတ်ပြပြီးတော့မှ လောကရှိသမျှ ဒုက္ခတွေကို ထုတ်ပြမယ်ဆိုရင် မနည်းပါဘူး။ မိုးမဆုံး လေမဆုံး ဆိုသလိုပဲ။ အကျဉ်းချုပ်ပဲ ပြောကြစို့လို့ မြတ်စွာဘုရားက "သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ"လို့ ထုတ်ပြတာ။

မြတ်စွာဘုရား ဓမ္မစကြာ တရားစည် စတင်ရိုက်တီးတဲ့အခါ ဒုက္ခနဲ့ စ,တရားပြတာပါပဲ။

အဲဒါကြောင့် ကမ္ဘာ့လူထုကြီး ပြောထားတာက "ကမ္ဘာ့ဒုက္ခ သည်များနေ့"တဲ့။ တစ်နေ့ထဲ မဟုတ်ဘူး။ နေ့ရှိသ၍ ညဥ့်ရှိသ၍ ကလလရေကြည်လေးက စပြီး ဘဝကို ရရှိခဲ့ကြတာ။

ကလလရေကြည်ဆိုတာ ရုပ်နဲ့နာမ်၊ ပဋိသန္ဓေစိတ်ရယ်၊ ကမ္မဇ ရုပ်ရယ် ပေါင်းစပ်ပြီးတော့ လာကြတာ။ ကမ္မဇရုပ်က ကံကြောင့်ဖြစ်တဲ့ ရုပ်၊ အဲဒီရုပ်က ဘာလဲဆိုတော့ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ" ထဲမှာ ပါနေတော့ ဒုက္ခသစ္စာ။

ဒုက္ခဆိုတဲ့ စကားလေးဟာ မြန်မာလိုပြန်တဲ့ အခါကျတော့ ဆင်းရဲတယ်၊ သိပ်သဘောပေါက်ဖို့ ကောင်းတယ်။ တစ်လုံးချင်း တွေးလိုက်တဲ့အခါကျတော့ ဒု-က ရွံ့ဖွယ်၊ စက်ဆုပ်ဖွယ်၊ ခ-က အချည်းအနှီး၊ ပေါင်းလိုက်တဲ့အခါ ရွံ့ဖွယ်၊ စက်ဆုပ်ဖွယ်ဖြစ်တဲ့ အချည်းအနှီးဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေ။ အဲဒီ ဒုက္ခသည် သစ္စာမှန်တယ်။ အမှန်ပဲ ဘယ်သူမှ ငြင်းမရဘူး။

'အခွန့်ရှည်စွာ ဘယ်မျှကြာလည်း တစ်ခါတစ်ရံ
မဖောက်ပြန်ပဲ အစဉ်အမြဲကို သစ္စာဆို၏"

ဘယ်လောက်အချိန်ကြာကြာ ဒုက္ခကို သုခလို့ ပြောင်းလဲ သတ်မှတ်လို့ မရဘူး။ ဒါဖြင့် ဘဝအစထဲက ဒုက္ခနဲ့ စခဲ့တာ။ "ဇာတိပိ ဒုက္ခာ" ဟောဒီ ဒုက္ခနဲ့ စတာ။ မရဏမ္ပိဒုက္ခံ= ဒုက္ခနဲ့ဆုံးတာပါပဲ။

ဒုက္ခနဲ့စ ဒုက္ခနဲ့ဆုံး။ အလယ်မှာ ကြည့်လိုက်ပြန်တော့ ရုပ်တရား နာမ်တရားတွေကလဲ ဒုက္ခ။

အစလဲဒုက္ခ၊ အလယ်မှာလဲ ဒုက္ခ၊ အဆုံးမှာလဲ ဒုက္ခ၊ အဲဒါကို မြင်အောင် "ပရိညေယျန္တိ မေ ဘိက္ခဝေ" ရဟန်းတို့ ပိုင်းခြားပြီးတော့ သိရမယ်။ ဒုက္ခအမှန်ဆိုတာကို ပိုင်းခြားပြီး သိရမယ်။

"ဒုက္ခသ ပရိညတ္ထံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ"

ဒုက္ခကို ပိုင်းခြားသိနိုင်ရန် မြတ်စွာဘုရားထံမှာ မြတ်သော အကျင့်ကို ကျင့်တယ်။ ကမ္ဘာလူထုက ပြောနေတာက မနေ့က "ကမ္ဘာ့ဒုက္ခသည်များနေ့" တဲ့။ ဘုန်းကြီးတို့အနေနဲ့ ပြောရရင် နေ့တိုင်း "ကမ္ဘာ့ဒုက္ခသည်များနေ့"ချည်းပါပဲ။

**ဘုရားရှင်စကားတော်ကိုမှီ**

အဲဒီတော့ စပြီးတော့ အားထုတ်ကြပြီ။ "ထွက်လေ ဝင်လေ" ဆိုတဲ့ ဝါယောဓာတ် ဝါယောရုပ်ကိုပဲ ရှုမှတ်ပြီးတော့ သမာဓိရအောင် လုပ်ခဲ့ကြရတာ။

ထွက်လေဝင်လေ ဝါယောရုပ်က ဒုက္ခသစ္စာ၊ ရုပ်နဲ့နာမ်နဲ့ ပြောရင် ရုပ်တရား၊ ဒီရုပ်တရားလေးရဲ့ ဖြစ်ပြီး ပျက်သွားတာကို ကြည့်မယ်ဆိုရင် ဒါဒုက္ခကို မြင်အောင် ကြည့်တာလို့ ပြောကြပါစို့။

ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး တို့ရဲ့ ခေတ်ကာလတုန်းက မုံရွာသာစည်က မှိုင်းကိုင်းဆရာတော် ဘုရားကလဲ ဦးပဏ္ဍိတ၊ စံလင်းက ဆရာတော်ဘုရားကလဲ ဦးပဏ္ဍိစ္စ၊

စံကျောင်းဆရာတော်ဘုရားကြီးရဲ့ တပည့်တွေထဲမှာ လယ်တီ ဆရာတော်တို့ ငယ်ငယ်တုန်းက အလွန်ထင်ရှားတဲ့ ဆရာတော်တွေ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် စာသင်သားကြီးဘဝလို့ ပြောရမှာပေါ့။

"လုံပဏ် လင်းပဏ် ဤနှစ်ပဏ်
ဘယ်ပဏ်ပို၍ စာတတ်သနည်း"

အဲဒီခေတ်ကာလတုန်းက လုံပဏ်ခေါ်တဲ့ သာစည်က ဦးပဏ္ဍိတ၊ မှိုင်းကိုင်းဆရာတော်ဘုရားနဲ့ လင်းပဏ်ခေါ်တဲ့ စလင်းက ဦးပဏ္ဍိစ္စ၊ ဘယ်ပဏ်ပို၍ စာတတ်သနည်း၊ ဒီလိုစာချိုးခဲ့ရတဲ့ ဆရာတော်တွေ။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးကတော့ စလင်း ဆရာတော်ဘုရားကြီးထံက ပညာများရပါတယ်။

လယ်တီဆရာတော်က မိန့်ဖူးတယ်။ "ဒို့ဗိုက်ထဲက ပညာတွေက စလင်းဟာတွေချည်းပဲ"တဲ့။


စလင်းဆရာတော်နဲ့ ခေတ်ပြိုင်ပေါ်ခဲ့တဲ့ လုံပဏ်အမည်ရ မှိုင်းကိုင်းဆရာတော်၊ ရွှေရေးဆောင်ကျောင်းတိုက်ကြီးရဲ့ ဆရာတော်ပါပဲ။ ဒီဆရာတော်ဘုရား ရေးသားတော်မူခဲ့တဲ့ "တိပိဋကဝိနိစ္ဆယကျမ်း" ပထမတွဲ၊ ဒုတိယတွဲကို ပြန်ကြည့်ရင် ဆရာတော်ဘုရားကြီးက ပတြာဝတ္တ ကြာဂါထာ၊

ကြာပွင့်ချပ်ကလေးတွေနဲ့ တိ- ဆိုတဲ့ အလုံးကို အလယ်က ထားပြီး အက္ခရာ (၃၂)လုံး ဘေးကဝန်းရံထားပြီး ကြာပွင့်ချပ်လေးတွေပေါ် တည်နေပုံ နှစ်ဂါထာ။

ဘုရားရှိခိုးတာက တစ်ဂါထာ၊ ကျေးဇူးတော်ရှင် စံကျောင်းဆရာတော်ဘုရားကြီးအား ရှိခိုးတာက တစ်ဂါထာ။

တိ-ဆိုတဲ့ စကားလုံး (၈)လုံးပါဝင် ရေးသားထားတယ်။ ဆန်းဆန်းကြယ်ကြယ်၊

- တိလောကဂ္ဂံ၊
- တိပူဇေယျံ၊
- တိဗုဒ္ဓါဟံ၊
- တိဒနမေ၊
- တိဝိဓေနေ၊
- တိမဂ္ဂေန၊
- တိဝါနဂ္ဂံ၊
- တိပါပုဏံ၊




ကြာဂါထာ

အဲဒီအထဲမှာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားက "ကမ္ဘာ့ဒုက္ခသည်များနေ့"လို့ မဟုတ်ပဲနဲ့ ကမ္ဘာကြီးတစ်ခုလုံး လူ့ကမ္ဘာတင်မကဘူး၊ (၃၁)ဘုံတစ်ခုလုံး ဒုက္ခသစ္စာဖြစ်တယ်။

တိလောက= လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက၊ လောကသုံးပါး၊ အဂ္ဂ= ဆထက်လွန်ကျူး အထူးအားဖြင့် မြင့်မြတ်တော်မူသော မြတ်စွာဘုရား။

အဲဒီတော့ "ကမ္ဘာ့ဒုက္ခသည်များနေ့" ဆိုတာက ကမ္ဘာမြေပြင်မှာ ရှိကြတဲ့ လူသန်းပေါင်း (၆၃၀၀)ကျော်တို့ကို သတ်မှတ်ထားတဲ့နေ့။ ဆရာတော်ဘုရား

တိလောကဂ္ဂံ= ကာမ ရူပ အရူပ ဟု ဒုက္ခသစ္စာ သုံးဖြာသုံးဝ သုံးလောကတွင်၊ ဟော- သုံးဖြာသုံးဝ သုံးလောကလုံး ဒုက္ခသစ္စာ။

တိလောကဂ္ဂံ= ကာမရူပ အရူပဟု ဒုက္ခသစ္စာ သုံးဖြာသုံးဝ သုံးလောကတွင် ဘုန်းတော်ခြောက်စုံ ကဲမိုးခြုံလျှက် ဂုဏ်အဆင့်ဆင့်

မြင့်မြတ်တော်မူသော၊ နတ်လူဗြဟ္မာ သတ္တဝါသုံးဦးထက် မြတ်တော်မူသော (ဝါ) နတ်လူဗြဟ္မာ သတ္တဝါသုံးဦးထက် မြတ်တော်မူသည်ဖြစ်၍၊

အဲဒီတော့ ကာမ ရူပ အရူပ လောကသုံးပါး ဘုံသုံးပါး၊ (၃၁)ဘုံမှာရှိကြတဲ့ (၃၁)ဘုံသား အားလုံးဟာ ကမ္ဘာ့ဒုက္ခသည်တွေချည်းပါပဲ။ လူမင်း နတ်မင်း ဗြဟ္မာမင်းကြီးတွေလဲ ဒုက္ခသည်တွေပါပဲ။

တိပူဇေယျံ= လူနတ်ဗြဟ္မာ သတ္တဝါအကုန် သုံးမျိုးစုံတို့သည် ခိုလှုံစည်ကာ ညွတ်ပြတ်ရိုကျိုး ရှိခိုးပူဇော်အပ်တော်မူသော၊ လူနတ်ဗြဟ္မာ သတ္တဝါအားလုံး ဒုက္ခသည်တွေ ခိုလှုံဆည်းကပ် ကိုးကွယ်ပူဇော်အပ်တဲ့ မြတ်စွာဘုရား၊

တိဝိဓေန= သုညတ အနိမိတ္တ အပ္ပဏိဟိတဟု သုံးပါးအပြားရှိသော၊ အတိမဂ္ဂေန= လောကီမဂ္ဂင်တို့ထက် မြတ်သော အရိယသစ္စာရှစ်ဖြာမဂ္ဂင် တရားယာဥ်ဖြင့်၊

အတိဝါနဂ္ဂံ= သမုဒယသစ္စာဟူသော တဏှာဝါနကို လွန်မြောက်သော နိရောဓသစ္စာဟူသော နိဗ္ဗာန်ရွှေပြည်မြတ်သို့၊ အတိပါပုဏံ= ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ, နေယျပုဂ္ဂိုလ်ဟု ဆိုအပ်သော ပုဂ္ဂိုလ်သုံးယောက်ကို တစ်ယောက်မသွေ ထက်အောက်မွှေလျှောက်ရောက်စေတော်မူတတ်သော၊

ပုဂ္ဂိုလ်လေးယောက်ရှိတော့ တရားရနိုင်တဲ့ ပုဂ္ဂိုလ်က သုံးယောက် ရှိတာ။ ဥဂ္ဃဋိတညူ= အဿဇိအရှင်မြတ်ထံက တရားနာရသည့် အရှင် သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်ဟာ “ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ” အစရှိသည်ဖြင့် အကျဉ်းချုပ်ကလေး ဟောလိုက်ရုံနဲ့ တရားသိမြင်သွားတဲ့ပုဂ္ဂိုလ်မျိုး၊

ဝိပဉ္စိတညူ- မြတ်ဘုရားဟောတဲ့ တရားတွေကို အကျယ် တဝင့်ဟောမှ နာရမှ နည်းနည်းချဲ့ပြီးတော့ ဟောလိုက်ရင် တရား သိတယ် ပုဂ္ဂိုလ်မျိုး၊

နေယျပုဂ္ဂိုလ်- အချိန်ကြာမြင့်စွာ ရွတ်ဖတ်ပြီး တရားအားထုတ် နိုင်မှ တရားမြင်တဲ့ပုဂ္ဂိုလ်မျိုး၊

ပဒပရမပုဂ္ဂိုလ်ဆိုတာက ဘယ်လိုဟောဟော၊ ဘယ်လို ပြောပြော၊ ဘယ်လိုကျင့်ကျင့် တရားမရနိုင်တဲ့ပုဂ္ဂိုလ်၊ ပါရမီဖြည့်ရ ဦးမည့် ပုဂ္ဂိုလ်မျိုး၊

တရားရသင့်ရထိုက်တဲ့ ပုဂ္ဂိုလ်တွေကို တစ်ယောက်မှမကျန် အောင် အထက်အောက်မွှေပြီးတော့ ဝါနဆိုတဲ့ တဏှာကိုလွန်မြောက် ရာ နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်တဲ့ မြတ်စွာဘုရား၊

ပကတိ၊ မဟာ၊ အဂ္ဂသာဝက၊ အရှင်ပစ္စေကဗုဒ္ဓါတို့ထက် သာလွန်မွန်မြတ်သော သဗ္ဗညုရှင်တော်မြတ်ဘုရား။

ဗုဒ္ဓဗုဒ္ဓ အရှင်မြတ်ကို ညွတ်ကာဦးချ၍ ကိုယ်နဲ့လဲ ရှိခိုးတယ်။ နှုတ်ကတွတ်တွတ် ရွတ်ရွတ်ဆိုဆို ထိုထိုဝိညတ် နှစ်ရပ်အကြား ဂုဏ်တော်များကို မှတ်သားယုံကြည် ရှင်ကြည်မနော သုံးပါးသော ရှိခိုးခြင်းဖြင့် ကိုယ်ကလဲညွတ်တယ်၊ နှုတ်ကလဲ တတွတ်တွတ် ရွတ်ဆိုတဲ့ အကြားမှာ ဂုဏ်တော်တွေထုံပြီး ရှင်ပြတဲ့ မနောစိတ်၊ အဲဒီသုံးပါးလုံးနဲ့ ရှိခိုးပါတယ်။

အဲဒီလို ရှိခိုးရခြင်းကြောင့် ယခု (၈၄)ကြိမ်မြောက် တရား ဘာဝနာကျင့်ကြံ ပွားများကြတဲ့ ယောဂီသူတော်စင်များသည် အားထုတ်နေတဲ့ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း ဖြောင့်တန်းပြီး လျှင်လျှင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ

ကျက်သရေဖြိုးမောက် တန်ခိုးတောက်ပြီးတော့ တရားထူး တရားမြတ်များရပါစေသောလို့ ဒီလို အာရုံထားပြီးတော့ -

ကျေးဇူးတော်ရှင် မိုင်းကိုင်းဆရာတော်ကြီးရဲ့ ပတြာဝတ္တကြာဂါထာကို ရွတ်ဖတ်ပြီးတော့ (၈၄)ကြိမ်မြောက် တရားစခန်း ဖွင့်ပါမယ်။ အားလုံးအာရုံပြု-

တိလောကဂ္ဂံ၊ တိပူဇေယျံ။
တိဗုဒ္ဓါဟံ၊ တိဓာနမေ။
တိဝိဓေနေ၊ တိမဂ္ဂေန။
တိဝါနဂ္ဂံ၊ တိပါပုဏံ။

အဟံ= တပည့်တော်သည်၊ မယံ= (၈၄)ကြိမ်မြောက် တရားစခန်းသို့ ဝင်ရောက်၍ တရားအားထုတ်ကြမည့် တပည့်တော်တို့သည်၊ တိလောကဂ္ဂံ= ကာမရူပ အရူပဟု ဒုက္ခသစ္စာ သုံးဖြာသုံးဝ သုံးလောကတွင် ဘဂခြောက်စုံ ကဲမိုးခြုံလျှက် ဂုဏ်အဆင့်ဆင့် ဘုန်းရောင်တင့်၍ မြင့်မြတ်တော်မူပေသော၊

ဝါ= နတ်လူပြဟ္မာ သတ္တဝါသုံးဦးတို့ထက် မြတ်တော်မူသော၊ ဝါ= နတ်လူပြဟ္မာ သတ္တဝါသုံးဦးတို့ထက် မြတ်တော်မူသည်ဖြစ်၍၊ တိပူဇေယျံ= လူနတ်ပြဟ္မာ သတ္တဝါအကုန် သုံးမျိုးစုံတို့သည် ခိုလှုံစည်ကာ ညွတ်ပြတ်ရိုကျိုး ရှိခိုးပူဇော်အပ်တော်မူသော၊ တိဝိဓေနေ= သုညတ အနိမိတ္တ အပ္ပဏိဟိတ သုံးပါးအပြားရှိသော၊ အနတ္တလို့ ရှုပွားပြီးရတဲ့မဂ်က သုညတမဂ်၊ အနိစ္စလို့ အဖန်ဖန် ရှုပွားလို့ရတဲ့မဂ်က အနိမိတ္တမဂ်၊ ဒုက္ခလို့ အဖန်ဖန်ရှုပွားလို့ရတဲ့မဂ်က အပ္ပဏိဟိတမဂ်၊

အတိမဂ္ဂေန= လောကီမဂ္ဂင်တို့ထက် မြတ်သော အရိယသစ္စာ ရှစ်ဖြာမဂ္ဂင် တရားယာဉ်ဖြင့်၊ အတိဝါနဂ္ဂံ= သမုဒယသစ္စာ တဏှာဝါန

ကို လွန်မြောက်၍ နိရောဓသစ္စာ နိဗ္ဗာန်ဟု ဆိုအပ်သော ရွှေပြည်မြတ်သို့၊

အတိပါပုဏ်ံ= ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ, နေယျပုဂ္ဂိုလ်ဟု ဆိုအပ်သော ပုဂ္ဂိုလ်သုံးယောက် တစ်ယောက်မသွေ ထက်အောက် မွေ့လျှက် ရောက်စေတော်မူတတ်သော၊

အတိဗုဒ္ဓံ= သုတဗုဒ္ဓ, သာဝကဗုဒ္ဓ, ပစ္စေကဗုဒ္ဓတို့ကို လွန်မြတ်ကဲမိုး အစိုးရတော်မူသော သဗ္ဗညုဗုဒ္ဓကို၊ တိဓာ= ကိုယ်ဖြင့်ညွှတ်ကာ ရှိခိုး၍ နှုတ်ကတွတ်တွတ် ရွတ်ရွတ်ဆိုဆို ထိုထိုဝိညတ် နှစ်ရပ်အကြား ဂုဏ်တော်များကို မှတ်သားယုံကြည် ရှင်ကြည်မနော သုံးပါးသော ရှိခိုးခြင်းတို့ဖြင့်၊ နမေ နမာမ= ရှိခိုးကြပါကုန်၏။

ဧတေန ပုညေန= ယခု သုံးလောကထွင့်ထား မြတ်ဘုရားအား ညွှတ်တွားရိုကျိုး ရှိခိုးရသော ကုသိုလ်ကံ စေတနာကြောင့်၊ အမှာကံ= တပည့်တော်တို့၏၊ ယဒိစ္ဆိတတ္ထော= အကြင်အကြင် အလိုရှိအပ်သော ဝိပဿနာကမ္မဋ္ဌာန်း ပြီးစီးအောင်မြင်ခြင်းဟု ဆိုအပ်သော အကျိုးသည်၊ သမိဇ္ဈတု= ပြီးပြည့်စုံပါစေသတည်း။

သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ**
**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**ဆရာဖြစ်သင်တန်း (၇-၈)**

(၇)ရက်တရားစခန်း (၈၄)ကြိမ်မြောက် တရားအားထုတ်ကြတဲ့ ရဟန်းယောဂီ၊ လူယောဂီများ အားလုံးဟာ သမထပိုင်းကနေ ဝိပဿနာပိုင်း ရောက်လာကြပြီ။ ထိုက်တန်သလောက် ဉာဏ်ကွန့်မြူး ဉာဏ်ကစားပြီးတော့ ရုပ်တရား နာမ်တရားကြည့်ဖို့ အချိန်ပါပဲ။ မြတ်စွာဘုရားလက်ထက်တော်က ရဟန်းတော်တစ်ပါးက -

ဓမ္မဝိဟာရီ ဓမ္မဝိဟာရီတိ ဘန္တေ ဝုစ္စတိ၊
ကိတ္တာဝတာ နုခေါဘန္တေ ဓမ္မဝိဟာရီ ဟောတိ။

ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရား "တရားနဲ့နေတဲ့ ပုဂ္ဂိုလ်၊ တရားနဲ့နေတဲ့ ပုဂ္ဂိုလ်"လို့ ပြောနေကြပါတယ်ဘုရား။ ထိုပုဂ္ဂိုလ်မျိုးဟာ အဘယ်အတိုင်းအတာဖြင့်နေတာကို ဓမ္မဝိဟာရီလို့ ခေါ်ဆိုနိုင်ပါသလဲဘုရား။

ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒီနေ့ည ဖောက်သည်ချပြီး စကားပြောဖို့ပါပဲ။ ရှေးဦးစွာ သိသင့်သိထိုက်တဲ့ အကြောင်းအရာ ပြောချင်တဲ့စကားလေးက ဒီလယ်တီမူဝိပဿနာကျောင်းတိုက်ဟာ ရန်ကုန်မြို့ရဲ့ အချက်အချာ ပြည်လမ်းကြီး ၃၃၇/က မှာ ရှိပါတယ်။

အဲဒီလို တည်ရှိအောင် လွန်ခဲ့တဲ့ (၅၅)နှစ်က ၁၉၅၅ ခု၊ ဩဂုတ်လ (၂၃)ရက်နေ့က ရွှေတိဂုံဂေါပကအဖွဲ့စီက ယောဂီအဖွဲ့က တရားပြဆရာတော် ဦးဇာဂရအား ဝယ်ယူလှူဒါန်းပါသည်လို့ ဒီလို ပါပါတယ်ဘုရား။

ဒီကျောင်းတိုက်ကြီးရဲ့ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် အခုတရားသင်တန်း ဖွင့်တာလဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မန္တလေးမြို့ ကင်းဝန်မင်းကြီးအိမ်တော်မှာ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့အား သမထဝိပဿနာကမ္မဋ္ဌာန်း ပေးတော်မူတဲ့ အနှစ်(၁၀၀)ပြည့် သင်တန်းပွဲကြီးလို့ ဒီလိုလဲ ခေါ်နိုင်ပါတယ်။

အဲဒီတော့ ၁၉၅၅ ခုနှစ်က ဖဆပလအစိုးရလက်ထက် အဲဒီ အချိန်အခါမှာ ဘုရားတပည့်တော်တို့နဲ့ ဘွဲ့တူဖြစ်တဲ့ ဆရာတော် ဦးဇာဂရက (၁၂)နှစ် သူ့လက်ထဲမှာပဲ ထားပါတယ်။ ကြီးမှဖြစ်သော်လဲ တရားပြအင်မတန် ကောင်းပါတယ်။ ဆရာတော် ဦးဇာဂရသည် အနာဂါမ်ဆရာသက်ကြီးထံက ရရှိခဲ့တဲ့နည်း၊ ကျေးဇူးတော်ရှင်

လယ်တီဆရာတော်ဘုရားကြီးထံက ရရှိလာခဲ့ နည်းနာနိဿယနဲ့ ကိုယ်တိုင်တရားပြလို့ ကိုယ်ပိုင်အဖြစ်နဲ့ အုပ်ချုပ်နေတာ (၁၂)နှစ် ကြာပါတယ်။

၁၉၆၇ ခုနှစ်ထိအောင်ဆိုတော့ တော်လှန်ရေးအစိုးတက်တဲ့ အချိန် ၁၉၆၇ ခုနှစ်၊ ဇွန်လ (၄)ရက်နေ့မှာ ဦးဘသန်းပါ (၉)ဦးတို့အား ဆရာတော် ဦးဇာဂရက ယုံမှားအပ်နှံစာချုပ်ဖြင့် အပ်နှံထားတဲ့ ကျောင်းတိုက်ဖြစ်ပါတယ်။

၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၃)ရက်နေ့။ အဲဒီ ဦးဘသန်းပါ (၉)ဦး၊ ဦးကျော်ဇံပါ ဂေါပကအဖွဲ့နဲ့ ဦးဘဒ္ဒိယတို့ အငြင်း ပွားသဖြင့် မြို့နယ်သံဃဝိနိစ္ဆယက ဦးကျော်ဇံပါ ဂေါပကအဖွဲ့ စောင့်ရှောက်ဖို့ ရက္ခိတ/ဂေါပိတ အနေနဲ့ရရှိကြောင်း ဆုံးဖြတ်ပါ တယ်။ အဲဒီလို ဆုံးဖြတ်ပြီးတော့ ဒကာကြီးတို့လက်ထဲမှာ ၁၉၆၇ ခုနှစ်ကဆိုတော့ နှစ်ပေါင်းတော်တော်ကြာပါတယ်။ ၁၉၆၇ ခုနှစ်က ၁၉၉၈ ခုနှစ်ထိအောင် ဂေါပကအဖွဲ့က စောင့်ရှောက်ပြီးတော့ လာခဲ့တာ နှစ်ပေါင်း (၂၀)ကျော် ဦးဘသန်းပါ (၉)ဦး ပါဝင်တဲ့ ဦးကျော်ဇံပါ ဂေါပကအဖွဲ့က သံဃဝိနိစ္ဆယနဲ့ ထပ်မံပြီးတော့ ရက္ခိတ/ ဂေါပိက အဖြစ်ရရှိလာကြတယ်။

နှစ်ပေါင်း (၂၀)ကျော်အတွင်းမှာ တစ်ခါတစ်ရံ တရားစခန်း ဖြစ်တယ်။ တစ်ခါတစ်ရံ မဖြစ်ဘူး။ လယ်တီမူဂေါပကအဖွဲ့ (၂၀)နှစ် အတွင်း (၁၅)နှစ်လောက် တရာစခန်းပြတ်စဲခဲ့ပါတယ် ဘုရား။ အဲဒီအချိန်မှာ သံဃဝိနိစ္ဆယမှာ အနိုင်ရရှိထားတဲ့ ဦးကျော်ဇံပါ ဂေါပကအဖွဲ့၊ တစ်နည်းအားဖြင့် ယုံမှားအပ်နှံခြင်းခံရတဲ့ ဦးကျော်ဇံပါ ဂေါပကအဖွဲ့၊ သံဃဝိနိစ္ဆယဖြင့် ရက္ခိတ ဂေါပိတ ရရှိထားတဲ့

ဦးကျော်ဇံပါ ဂေါပကအဖွဲ့က-

လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ဆိုတော့ လယ်တီနဲ့ပတ်သက်တဲ့ပုဂ္ဂိုလ် ဘယ်သူများရှိသလဲလို့ လေ့လာနေခဲ့ကြပါတယ်။ သူတို့စောင့်ရှောက်ထိန်းသိမ်းတဲ့ အနှစ်(၂၀)အတွင်းမှာ တရားစခန်း ဖြစ်လိုက်၊ မဖြစ်လိုက်နဲ့ နေတယ်။

အခု အရှင်ဘုရားများ ဆွမ်းဘုဉ်းပေးနေတဲ့ ဆွမ်းစားကျောင်း ကလဲ ပြိုလုမတတ်ကျောင်းအိုကြီး၊ သိမ်ကလဲ ပြိုလုမတတ်၊ ထရံကာသိမ်၊ အဲဒီလိုနဲ့ မကသေးဘူး။ ကျောင်းထဲဝင်လိုက်လျှင် အမှိုက်သရိုက် ရှုပ်ထွေး နေတဲ့အချိန် ဆိုပါတော့။

အဲဒီအချိန်မှာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ မျိုးနွယ်ဆက် ဘယ်သူတွေရှိသလဲလို့ လိုက်ပြီးစုံစမ်းကြတော့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးထဲမှာ ဒုတိယဥက္ကဋ္ဌ စံလင်းဆရာတော် (ဘဒ္ဒန္တကိတ္တိ) တပည့်တော် (ဘဒ္ဒန္တဇာဂရာဘိဝံသ) တို့ကို တွေ့ကြပါတယ်။

တွေ့တော့ ကထိန်ပွဲတစ်ခုမှာ ပင့်ပြီးဩဝါဒခံတယ်။ ဩဝါဒခံတဲ့အခါ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ အကြောင်းအရာနဲ့ ပတ်သက်လို့ စလင်းဆရာတော်ကြီးက ကလေးဝဆရာတော်ဘုရားမိန့်ပါလို့ ပြောတဲ့အခါ တပည့်တော်က-

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ရန်ကုန်မြို့၊ ပုဇွန်တောင်တရားပွဲတစ်ခုမှာ ဟောတယ်။ ဘယ်လို ဟောသလဲ ဆိုတော့ "ရန်ကုန်မှာရှိတဲ့ ဘုန်းကြီးတွေက ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ ပြီးနေကြတယ်။ ဒကာ ဒကာမတွေအား သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်တတ်အောင် မပြောကြဘူး"လို့

ဟောပါတယ်။ အဲဒီလို ဟောတော့-

ရန်ကုန်မြို့က ခေါင်းဆောင်ဥသျှောင်ဖြစ်တဲ့ ဘုရားတော်ကြီးတွေက စိတ်ဆိုးပြီးတော့ လယ်တီဆရာတော်ကို မေးကြ မြန်းကြတယ်။ မဏ္ဍပ်ကြီးတစ်ခုထဲမှာ မေးကြ မြန်းကြတော့ ကျေးဇူးတော်ရှင်လယ်တီ ဆရာတော်ဘုရားကြီးက စာမျက်နှာနှင့်တကွ ပေစာပလ္လင်နံပါတ် စာနံပါတ်နှင့်တကွ ကျကျနန ရှင်းလင်းဖြေကြားတဲ့အခါ ရန်ကုန်မြို့ ဆရာတော်ကြီးတွေ သဘောကျပြီး "လယ်တီဆရာတော်ဘုရား စိတ်တိုင်းကျဟောတော်မူပါ" အဲဒီလို ခွင့်ပြုပြန်ကြားတောင်းပန်ကြတယ်။

အဲဒီအကြောင်း ဟောလိုက်တဲ့အခါ ဟာ - အခုမှ ဒီစကားမျိုးကြားဖူးတယ်။ ဆရာတော်ဘုရားကြီးနဲ့ ပတ်သက်တဲ့စကားတွေ၊ ဆရာတော်ဘုရားနှင့် ပတ်သက်တဲ့အကြောင်းအရာတွေ အများကြီးရှိမှာပဲ။ စလင်းဆရာတော်ကြီးက ပိုပြီးတော့ လယ်တီမှာ အနေကြာပါတယ်။ တပည့်တော်များကတော့ နွားမအိုနောက်သားလို့ပြောရမှာပါ။

စလင်းဆရာတော်ဘုရားကြီးက ရှေ့မီနောက်မီ ဆရာတော်ကြီးပါ။ သို့သော်လဲ ဆရာတော်ဘုရား လွန်တော်မူသွားတဲ့အခါကျတော့ တပည့်တော်တစ်ပါးတည်း ကျန်ပြီးတော့နေတာ ၁၉၉၈ခုနှစ်၊ ဇွန်လိုင်လ (၂၈)ရက်နေ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရုံးချုပ်မှာပဲ (၁၅)ပါး အစည်းအဝေးကျင်းပပြီးတော့ တပည့်တော်အားရက္ခိတ/ဂေါပိတ တရားဝင်ရရှိထားတဲ့ ဂေါပကအဖွဲ့က လှူအပ်လှူဒါန်းပါတယ်။

မလှူမလွှဲမီမှာလဲ ဤကျောင်းတိုက်ထဲမှာ ဂေါပကအဖွဲ့နှင့် တကွ သံဃာတော်များက တစ်ကြိမ်လွှဲဖူးပါတယ်။ လွှဲဖူးသော်လဲပဲ တပည့်တော်များ ဒီကျောင်းတိုက်ထဲ တရားပြရေးကိစ္စ ဆောင်ရွက်လို စိတ်မရှိပဲ ဖြစ်နေပါတယ်။ လွှဲအပ်ကြတဲ့ ဂေါပကနဲ့ ဒီမှာရှိကြတဲ့ ရဟန်းတော်များကပဲ ကမ္ဘာအေးမှာ ထပ်မံလွှဲအပ်ဖို့ အစီအစဉ်ဖြစ်ပေါ် အောင် ဆောင်ရွက်ကြပါတယ်။

အဲဒီလို လွှဲအပ်ပြီးတဲ့ နောက်ပိုင်းမှာလဲပဲ သိတော်မူကြတဲ့ အတိုင်း ဒီကျောင်းတိုက်ကြီး သုံးချိုးတစ်ချိုး နေရာထိုင်ခင်းရကထဲက တပည့်တော်တို့ တရားစခန်းပြလာခဲ့ပါတယ်။ အခုဆိုရင် (၈၄)ကြိမ် မြောက် ရောက်ခဲ့ပါပြီ။

ယနေ့ ၂၀၀၅ ခုနှစ်၊ ဇွန်လ (၂၇)ရက်နေ့မှာတော့ အားလုံး အပြီးအပိုင်ရှိသမျှ ကျောင်းအားလုံးကို သက်ဆိုင်ရာ ရန်ကုန်တိုင်း ဥက္ကဋ္ဌဆရာတော်နဲ့ အကျိုးတော်ဆောင်ဆရာတော်၊ စမ်းချောင်း မြို့နယ် သံဃနာယကနှင့် အကျိုတော်ဆောင်ဆရာတော်၊ ရန်ကုန်တိုင်း သာသနာရေးမှူး ဦးစံသင်းလှိုင်၊ စမ်းချောင်းမြို့နယ်က သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်တကွ အပြီးအပိုင် ကျောင်းတိုက်ကြီး တစ်ခုလုံးကို ဂရုဘဏ်/လဟုဘဏ် ယခင်က လှူဒါန်းထားတဲ့အတိုင်း ညနေ (၃)နာရီကစပြီး ယနေ့လက်ရောက် အပ်နှံ လှူဒါန်းတာပါပဲ။ အရှင်ဘုရားများ တရားအားထုတ်နေတော့ ဆွမ်းစားကျောင်းမှာ စီစဉ်ပြီးအပ်တာပါပဲ။

ယနေ့ ကျောင်းတိုက်ကြီးကို အစိုးတရ အုပ်ချုပ်နိုင်တဲ့ အခါကျတော့ ယောဂီများလဲ များများစားစား အားထုတ်လို့ရမယ်။ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် မနက်ဖြန်ကစပြီးတော့ မနက်ဖြန်

ဇွန်လ (၂၈)ရက်နေ့ကစပြီး ကျောင်းတိုက်အတွင်းရှိ ကျောင်းတွေကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဒီပနီကျမ်းစာအုပ် အမည်များပါတဲ့ ဆိုင်းဘုတ်များတင်မှာဖြစ်ပါတယ်။ တစ်ကျောင်း တိုက်လုံး ဒီပနီအသံနဲ့ လွှမ်းမိုးစေမှာဖြစ်ပါတယ်။

အရှင်ဘုရားများ ရောက်တုန်းလေးမှာ "သဗ္ဗံ ပရဝသံ ဒုက္ခံ၊ သဗ္ဗံဿရိယံ သုခံ" သူတစ်ပါး အလိုလိုက်ပြီးတော့ နေရခြင်းဟာ ဒုက္ခပဲ။ အစိုးတရဖြစ်ခြင်းဟာ ချမ်းသာတယ်လို့ မြတ်ဘုရား ဟောကြားတော်မူတဲ့ အတိုင်းပဲ ဝမ်းမြောက်စကား ပြောတာပါဘုရား။

တပည့်တော်များ ဒီနေရာကို လိုက်လံပြီး ရှာဖွေတာလဲ မဟုတ် ပါဘူး။ လာရောက်ပြီး ဂေါပကအဖွဲ့က အပ်နှံစဉ်က ရဟန်းတော်များ ရော ဆယ်ကြိမ်လောက် ကျောင်းကိုလာရောက် တောင်းပန်တာနဲ့ အထူးသဖြင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး အသံပါတာနဲ့ လက်ခံပြီး ဆောင်ရွက်လာတာ။

အခုဆိုရင် ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီ ဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာပြန့်ပွားရေး ခြေကုတ်စခန်းကြီးတစ်ခုရပြီလို့ ပြောရမှာဖြစ်ပါတယ်ဘုရား။ မြတ်စွာ ဘုရား ယောဓာဇီဝဝဂ် ဓမ္မဝိဟာရီသုတ္တန်မှာ ရဟန်းတော်တစ်ပါးက "ဓမ္မဝိဟာရီ ဓမ္မဝိဟာရီတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ ဘန္တေ ဘိက္ခု ဓမ္မဝိဟာရီ ဟောတိ"။

တရားနဲ့နေတယ်။ တရားနဲ့နေတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်လဲ ဘုရား။ အဲဒီတော့ မြတ်စွာဘုရားက ပုဂ္ဂိုလ် (၅)မျိုး ဟောပါတယ်။

၁။ ပရိယတ္တိဗဟုလပုဂ္ဂိုလ်

ပရိယတ္တိဗဟုလပုဂ္ဂိုလ်ဆိုတာ သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာဥဒါန်, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ ခေါ်တဲ့ အင်္ဂါ (၉)တန်နဲ့ ပြည့်စုံတဲ့ ပိဋကတ်သုံးပုံ တရားတော်ကို သင်ယူတယ်။

အဲဒီလိုနဲ့ တစ်နေကုန် တစ်နေခန်းပြီးတော့ "ရိဉ္စတိ ပဋိသလ္လာနံ"၊ တစ်ယောက်တည်းလဲ မကိန်းအောင်းဘူးတဲ့။ "အဇ္ဈတ္တံ ဝါ နာနုယုဉ္ဇတိ စေတောသမာဓိံ"= သမထကမ္မဋ္ဌာန်းလဲ အားမထုတ်ဘူးတဲ့။ အဲဒီပုဂ္ဂိုလ်ကို ဓမ္မဝိဟာရီလို့ မပြောနဲ့ဦး၊ မခေါ်နဲ့ဦး။

အင်္ဂါ (၉)တန်နဲ့ပြည့်စုံတဲ့ ပိဋကတ်သုံးပုံကို သင်အံလေ့လာနေတာတော့ မှန်တယ်။ ဒါပေမယ့် တစ်ယောက်တည်းတည်း အေးဆေးစွာ မနေဘူးတဲ့။ သမထကမ္မဋ္ဌာန်းလဲ အားမထုတ်ဘူး။ အဲဒီပုဂ္ဂိုလ်ဟာ ပရိယတ္တိဗဟုလပုဂ္ဂိုလ်တဲ့။ ဓမ္မဝိဟာရီ မခေါ်သေးဘူး။

၂။ ပညတ္တိဗဟုလပုဂ္ဂိုလ်

သူက မိမိသင်ယူပြီးသားတရားကို သူတစ်ပါးတို့အား ဟောတယ်၊ ပြောတယ်။ အဲဒီလိုနဲ့ တစ်နေကုန်တယ်။ မိမိတစ်ယောက်တည်းတည်း ကိန်းအောင်းမနေဘူး။ သမထကမ္မဋ္ဌာန်းလဲ အားမထုတ်ဘူးဆိုရင် ပညတ္တိဗဟုလပုဂ္ဂိုလ်တော့ ဖြစ်တယ်။ ဓမ္မဝိဟာရီ မဖြစ်သေးဘူး။

၃။ သဇ္ဈာယဗဟုလပုဂ္ဂိုလ်

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အင်္ဂါ (၉)တန်နဲ့ ပြည့်စုံတဲ့ ပိဋကတ်တော်တွေကို သင်ယူပြီးတော့ သူတစ်ပါးတို့ကို ပြောရုံဟောရုံတင်မဟုတ်ဘူး။ သရဇ္ဈာယ်နေတယ်။ စာပြန်စာအံနေတယ်။ အဲဒီလို စာအံ၊ စာပြန်ခြင်းနဲ့ တစ်နေကုန်သွားတယ်။ တစ်ယောက်

တည်းတည်း ကိန်းအောင်းခြင်းမပြုဘူး။ သမထကမ္မဋ္ဌာန်း အားမထုတ်ဘူး။ သဒ္ဓါယဗဟုလပုဂ္ဂိုလ်တော့ ဖြစ်တယ်။ ဓမ္မဝိဟာရီ ပုဂ္ဂိုလ်တော့ မဟုတ်သေးဘူး။

၄။ ဝိတက္ကဗဟုလပုဂ္ဂိုလ်

မြတ်စွာဘုရားဟောတဲ့ ပိဋကတ်တော်တွေကို သင်ပြီးတော့ ကြံစည်တယ်၊ တွေးတောတယ်။ စိတ်နဲ့ပဲ ဆင်ခြင်တယ်။ ဒီအလုပ်နဲ့ပဲ တစ်နေကုန်တစ်နေခန်း နေတယ်။ တစ်ယောက်တည်းတည်းတော့ ကိန်းအောင်းမနေဘူး။ သမထကမ္မဋ္ဌာန်းလဲ အားမထုတ်ဘူး။ ဝိတက္ကဗဟုလပုဂ္ဂိုလ်တော့ ဖြစ်တယ်။ ဓမ္မဝိဟာရီ မဟုတ်ဘူး။

၅။ ဓမ္မဝိဟာရီပုဂ္ဂိုလ်

မြတ်စွာဘုရား တရားတော်ကို သင်ယူတယ်။ သင်ယူခြင်းဖြင့် တစ်နေကုန် တစ်နေခမ်း အချိန်ကုန်မခံဘူး။ "နရိဉ္စတိ ပဋိသလ္လာနံ"= တစ်ယောက်တည်းတည်း ကိန်းအောင်းနေတယ်။ "အနုယုဥ္စတိ အဇ္ဈတ္တံ စေတော သမာဓိံ"= သမထကမ္မဋ္ဌာန်းလဲ အားထုတ်နေတယ်တဲ့။ အဲဒီ နံပါတ် (၅)ပုဂ္ဂိုလ်က ဓမ္မဝိဟာရီတဲ့။ နောက်တစ်ခါ ဒုတိယဓမ္မဝိဟာရီတစ်သုတ်ကို ဆက်ပြီးတော့ ဟောပြန်တယ်။

၁။ ပရိယတ္တိဗဟုလပုဂ္ဂိုလ်။

ရဟန်းတော်တစ်ပါးက အင်္ဂါကိုးတန်နဲ့ ပြည့်စုံတဲ့ ပိဋကတ်တော်ကို သင်ယူတယ်။ ဒီလိုနဲ့ပဲ တစ်နေကုန်တယ်။ တစ်ယောက်တည်း ကိန်းအောင်းပြီးမနေဘူး။ "ဥတ္တရိစာဿပညာယအတ္ထံန ဇာနာတိ"။

အလွန်အကျွံ ဝိပဿနာပညာ မဂ်ပညာဖြင့် အနက်အဓိပ္ပါယ်၊ တစ်နည်းအားဖြင့် သစ္စာလေးပါးတရားကို သိအောင် အားမထုတ်ဘူး။

အဲဒါ ပရိယတ္တိဗဟုလပုဂ္ဂိုလ်။

၂။ ပညတ္တိဗဟုလပုဂ္ဂိုလ်

မြတ်စွာဘုရားရဲ့ ပိဋကတ်တော်ကို သင်ယူပြီး တစ်နေကုန် ပောနေတယ်။ တစ်ယောက်တည်းတည်း ကိန်းအောင်း ဝိပဿနာ ပညာ၊ မဂ်ပညာဖြင့် အနက်အဓိပ္ပါယ်နဲ့ သစ္စာလေးပါးတရားကို သိအောင် အားမထုတ်ဘူး။ အဲဒါ ပညတ္တိဗဟုလပုဂ္ဂိုလ် ဖြစ်တယ်။ ဓမ္မဝိဟာရီ မဖြစ်သေးဘူး။

၃။ သဇ္ဈာယဗဟုလပုဂ္ဂိုလ်

မြတ်စွာဘုရား ဒေသနာ ပိဋကတ်တော်တွေကို အမြဲ သရဇ္ဈာယ်နေတယ်။ အဲဒါနဲ့ အချိန်ကုန်တယ်။ တစ်ယောက် တည်းတည်း ကိန်းအောင်းပြီး ဝိပဿနာပညာ မဂ်ပညာဖြင့် သစ္စာ လေးပါးတရားကို သိအောင်မလုပ်ဘူး။ အဲဒီပုဂ္ဂိုလ်ဟာ သဇ္ဈာယ ဗဟုလပုဂ္ဂိုလ် ဖြစ်တယ်။ ဓမ္မဝိဟာရီပုဂ္ဂိုလ် မခေါ်ထိုက်သေးဘူး။

၄။ ဝိတက္ကဗဟုလပုဂ္ဂိုလ်

မြတ်ဘုရား တရားတော် ပိဋကတ်တွေကို သင်ယူပြီး တွေးကြံမှုတွေနဲ့ အချိန်ကုန်တယ်။ တစ်ယောက်တည်းတည်း ကိန်းအောင်းပြီး ဝိပဿနာပညာ မဂ်ပညာဖြင့် သစ္စာလေးပါး အနက်အဓိပ္ပါယ်ကို သိအောင်မလုပ်ဘူး။ အဲဒါ ဝိတက္ကဗဟုလပုဂ္ဂိုလ် ဖြစ်တယ်။ ဓမ္မဝိဟာရီ ပုဂ္ဂိုလ်လို့ မခေါ်ဆိုထိုက်သေးဘူး။

၅။ ဒုတိယဓမ္မဝိဟာရီပုဂ္ဂိုလ်

မြတ်စွာဘုရား တရားတော် ပိဋကတ်တွေကို သင်ယူတယ်။ တစ်ယောက်တည်းတည်း ကိန်းအောင်းပြီး ဝိပဿနာပညာ မဂ်ပညာဖြင့် သစ္စာလေးပါး အနက်အဓိပ္ပါယ်ကို သိအောင်လုပ်တယ်။

အဲဒီပုဂ္ဂိုလ်ဟာ ဓမ္မဝိဟာရီပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီတော့ ဓမ္မဝိဟာရီ ပုဂ္ဂိုလ်က (၂)မျိုးပဲ ရှိတယ်။

ပထမက ပိဋကတ်တော်ကို သင်ယူတယ်။ တစ်ယောက်တည်းတည်း ကိန်းအောင်းနေတယ်။ သမထကမ္မဋ္ဌာန်း အားထုတ်တယ်။ ပထမဓမ္မဝိဟာရီ။

ဒုတိယ ပိဋကတ်တော်ကို သင်ယူတယ်။ တစ်ယောက်တည်းတည်း ကိန်းအောင်းပြီး ဝိပဿနာပညာ မဂ်ပညာဖြင့် သစ္စာလေးပါး အနက်အဓိပ္ပါယ်ကို သိအောင်လုပ်တယ်။ အဲဒါက ဒုတိယဓမ္မဝိဟာရီ။

ဓမ္မဝိဟာရီပုဂ္ဂိုလ်ဟာ (၂)မျိုး ရှိပါတယ်။ ဒီနောက်ပိုင်းကျတော့ မြတ်စွာဘုရားက

> ယံခေါ ဘိက္ခု သတ္ထရာ ကရဏီယံ သာဝကာနံ ဟိတေသိနာ အနုကမ္ပကေန အနုကမ္ပံ ဥပါဒါယ၊ ကတံ ဝေါတံမယာ။

ဒီစကားက ဘာပြောသလဲဆိုတော့- သတ္တဝါနစ္စာ မတုသာအောင် ကရုဏာကြီးမား သနားတော်မူတတ်တဲ့ ဘုရားကိစ္စက အဝိပရိတ ဓမ္မဒေသနာ မချွတ်မယွင်းတဲ့ တရားကိုဟောပြောမှု။ မချွတ်မယွင်းတဲ့ တရားတော်ကို ဟောပြောမှုသည် ကရုဏာကြီးမား မြတ်ဘုရားတို့ရဲ့ ကိစ္စ။ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခြင်းသည် "သာဝကာနံ ကိစ္စံ" တပည့်သားသာဝကတို့ရဲ့ကိစ္စ၊ မြတ်စွာဘုရားတို့ရဲ့ကိစ္စ၊ သာဝကတို့ရဲ့ ကိစ္စ၊ အရှင်ဘုရားများနဲ့ တပည့်တော်တို့ရဲ့ ကိစ္စ၊ ပဋိပတ္တိကိစ္စ။

မြတ်စွာဘုရားရဲ့ကိစ္စက “အဝိပရိတဓမ္မဒေသနာ”ကိစ္စ၊ မချွတ်မယွင်း တရားဓမ္မကို ဟောပြတော်မူခြင်းသည် သုံးလောကထွဋ်ထား မြတ်ဘုရားရဲ့ကိစ္စ။ အဲဒီကိစ္စကို ငါဘုရား ဆောင်ရွက်ပြီးပြီ။ သင်တို့ကိစ္စဖြစ်တဲ့ ပဋိပတ္တိကိစ္စ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို ကျင့်ပွားခြင်းကိစ္စက ဒါသင်တို့ကိစ္စ။

ဒီစကားတော်ကို ကြည့်မယ်ဆိုရင် ယနေ့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း (၇)ရက် (၂)ကြိမ် ဆက်တိုက်အားထုတ်တော်မူခြင်းဟာ ဘုရားတပည့်တော်တို့ အရှင်ဘုရားတို့ ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါတယ်ဘုရား။

ဒီနောက် မြတ်စွာဘုရားက “ဧတာနိဘိက္ခဝေ၊ ရုက္ခမူလာနိ၊ ဧတာနိ သုညာဂါရာနိ” ဒီစကား (၂)ခု ထပ်ပြီးတော့ မိန့်တယ်။

ဧတာနိ ရုက္ခမူလာနိ= ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း။ ဧတာနိ သုညာဂါရာနိ= ဤသည်တို့ကား ဆိတ်ငြိမ်ရာ တောရကျောင်းတို့တည်း။

ဒီ (၂)ပုဒ်နဲ့ ဘာကိုပြောပါသလဲဆိုတော့ “သေသနံ အာစိက္ခတိ” ယောဂီတို့နှင့် သင့်လျော်သောကျောင်း၊ အိပ်ယာနေရာကို ပြပါမယ်။ ဩော် ဤကျောင်းတိုက်ကြီးကို စတင်တည်ထောင်တော်မူတဲ့ ဆရာတော် ဦးဇာဂရ၊ ဒီဆရာတော်ဘုရားကြီးက ဒီကျောင်းတိုက်ကို ရွေးတဲ့အခါ ရန်ကုန်မြို့၊ ပြည်လမ်းကြီးဟာ မော်တော်ယာဉ် အများဆုံးသွားတဲ့ လမ်းမကြီးနဲ့ တစ်ခြံကျော် (တစ်ခြံခြားထားပါတယ်ဘုရား)။

နောက်ဘက်က ကျွန်းတောလမ်းကလဲ သိပ်ပြီးတော့ လူသွားများတဲ့နေရာ။ အဲဒီလမ်းနဲ့လဲ ကျောင်းတိုက်တွေ ခြားနေပါ

တယ်။ အရှင်မြတ်များ အားထုတ်နေတဲ့ သေနသနလယ်တီဝိပဿနာ ကျောင်းတိုက်သည် "ယောဂါနုရူပ" တရားအားထုတ်ဖို့ လျော်ကန် သင့်မြတ်တဲ့ နေရာဌာန တစ်ခုဖြစ်ပါတယ် ဘုရား။

မြတ်ဘုရား ညွှန်းတော်မူတဲ့အတိုင်း "ဧတာနိ ဘိက္ခဝေ ရုက္ခမူလာနိ၊ ဧတာနိ သုညာဂါရာနိ"၊ "ဈာယထ"၊ အာရမ္မဏူပနိဇ္ဈာန်၊ လက္ခဏူပနိဇ္ဈာန်တို့ဖြင့် ရှုပါလော့။

အာရမ္မဏူပနိဇ္ဈာန် သမထကမ္မဋ္ဌာန်း (၃၈)ပါး၊ တစ်နည်းအားဖြင့် (၄၀)ပါးထဲက တစ်မျိုးမျိုးတို့ကို ရှုပါတဲ့။ စက္ခာယန အစရှိတဲ့ အာယတနတွေ၊ ရူပက္ခန္ဓာ အစရှိတဲ့ ရုပ်တရား နာမ်တရားတွေ အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တအမှတ်တံဆိပ် တွေကို ရှုပွားဆင်ခြင်မှုခေါ်တဲ့ လက္ခဏူပနိဇ္ဈာန်။

ဒီဈာန် (၂)မျိုးနဲ့ ရှုစားကြ၊ မာပမာဒတ္ထ= မမေ့မလျော့ မပေါ့ဆကြပါကုန်နဲ့။

မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။

ပစ္ဆာ= နောက်မှ၊ ဝိပ္ပဋိသာရိနော= ဖောက်ဖောက်ပြန်ပြန် အတန်တန်လျှင် စိတ်ကြံအိုက်စွာ နှလုံးမသာယာကုန်သည်၊ မာ အဟုဝတ္ထ= မဖြစ်ကြနဲ့။

အယံ အမှာကံ အနုသာသနီ။

ဒါက ငါဘုရားတို့ရဲ့ အဆုံးအမတော်တွေပါပဲလို့ မိန့်ကြားတော်မူခဲ့တယ်။ နောင်မှ မတပါနဲ့တဲ့။ မှီတဲ့အချိန်ကစပြီး အားထုတ်ကြ။ အသက် (၆၀)ကမှီ (၆၀)၊ အသက် (၇၀)ကမှီ (၇၀)၊ အားထုတ်ခြင်းဟာ နောက်ကျတယ်လို့ မရှိပါဘူး။

အဲဒီလိုမဟုတ်ရင် "မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ" ငယ်ငယ်က ဟိုတုန်းက အားမထုတ်ဖြစ်ဘူး။ ကျန်းမာရေးတုန်းက အားမထုတ်ဖြစ်ကြဘူး။

မြတ်စွာဘုရားရှိတုန်းက မြတ်စွာဘုရား မျက်မှောက်မှာ အားမထုတ်ဖြစ်ဘူး။ စားလိုက်၊ သွားလိုက်၊ လာလိုက်၊ လျော်သလို၊ ပျော်သလို နေပြီးတော့ အိုမင်းမစွမ်းဖြစ်တဲ့အချိန်ကျမှ မကျန်းမာတဲ့ အခါကျမှ သေခါနီးအခါကျမှ တစ်နည်းအားဖြင့် ကာလပျက်မှ (ဝိပတ္တိကာလ) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံမှ နောင်တတွေရတတ်ကြတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ တပည့်ကြီး ပထမကျော် ဦးကောဝိဒ (လယ်တီကော)က ခေတ်ပျက်တော့ ဝိပတ္တိကာလနဲ့ ကြုံတော့၊ ဟိုတုန်းက (အခါကောင်းတုန်းက) တရားအားမထုတ် ဖြစ်ဘူး။ ဝိပတ္တိကာလဆိုတော့ လူသူလေးပါး ဒကာ၊ ဒကာမတွေ တကွဲတပြားစီ အလာအသွားနည်းတယ်။ တရားအားထုတ်မှပဲ။ ဒီလို ကျူးသီထားတဲ့ ဂါထာလေးတွေ တွေ့ဖူးတယ်။ အင်မတန်ဉာဏ်ကြီးတဲ့ လယ်တီကောပဲ။

ပြောကြပါစို့။ အင်္ဂလိပ်စာသင်တယ်။ ရှေးတုန်းက ဘီအေကြီးတွေလောက် အင်္ဂလိပ်စာတတ်ပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ ကာလဝိပတ္တိနဲ့ ကြုံသွားတော့ ဓားပြက သတ်လို့သေသွားရှာပါတယ်။ အသက်က (၃၈)နှစ်၊ အကယ်၍များ တရားအားထုတ်မယ်ဆိုရင် ကျေးဇူးတော် လယ်တီဆရာတော်ဘုရားကြီး အားထုတ်သလိုများ အားထုတ်မယ်ဆိုရင် ပထမကျော် ဦးကောဝိဒ၊ ဒီဘဝမှာပဲ ရဟန်းကိစ္စပြီးလိမ့်မယ်လို့ ထင်ရတယ်။

ဘာကြောင့်လဲလို့ဆိုတော့ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးတဲ့ ထေရဂါထာ၊ ထေရီဂါထာ မြန်မာပြန်တွေကြည့်တော့ လယ်တီကော ကိုရင်ဘဝထဲက ရေးပေးတာ။

ဆရာဦးမောင်ကြီးက နေပြီးတော့ "ကိုရင် ကိုရင် ရေးပေးတဲ့ စာတွေ ရောက်တယ်" ဒီလိုပြောထားတာတွေရှိတော့ ကိုရင်ဘဝက ရေးပေးတာတဲ့။ ဘယ်လောက် ဉာဏ်ကြီးသလဲဆိုတာ စဉ်းစားသာ ကြည့်ကြတော့။ "ဓမ္မဝိဟာရီ" ဆိုတာ မြတ်စွာဘုရားရဲ့ တရားဒေသနာ တော်တွေ သင်ယူပြီး တစ်ယောက်တည်းတည်း ကိန်းအောင်း၊ ဆိတ်ငြိမ်ရာအရပ်မှာ နေ၊ သမထကမ္မဋ္ဌာန်း စီးဖြန်းနေတဲ့ပုဂ္ဂိုလ်ကို ခေါ်တာ၊ တရားဖြင့် နေလေ့ရှိသူလို့ ပြောတာ။

## ဓမ္မဝိဟာရီ

ဒီရက်သတ္တ (၂)ပတ်ကတော့ တကယ်ဓမ္မဝိဟာရီ မည်ပါပေ တယ်။ နောက်တစ်ခုက မြတ်စွာဘုရား တရားတော်တွေ သင်ယူပြီးတော့ တစ်ယောက်တည်းတည်း ကိန်းအောင်း၊ ဆိတ်ငြိမ်ရာ အရပ်မှာ နေ၊ ဝိပဿနာပညာ မဂ်ပညာနဲ့ သစ္စာလေးပါးရဲ့ အနက် အဓိပ္ပါယ်ကို သိအောင် အားထုတ်ပြီးတော့နေတဲ့ပုဂ္ဂိုလ်ကို "ဓမ္မဝိဟာရီ" ပါဠိတော်မှာလာတဲ့ ဓမ္မဝိဟာရီ (၂)မျိုး။

အဋ္ဌကထာဆရာကတော့ ဓမ္မဝိဟာရီသုတ္တန် (၂)ခုအဖွင့်မှာပဲ-

- ဗဟုဿုတရဟန်း
- ဝိပဿနာတရား ပွားများအားထုတ်တဲ့ပုဂ္ဂိုလ်
- သောတာပန်ပုဂ္ဂိုလ်
- သကဒါဂါမ်ပုဂ္ဂိုလ်

- အနာဂါမ်ပုဂ္ဂိုလ်
- ရဟန္တာပုဂ္ဂိုလ်

ဤပုဂ္ဂိုလ် (၆)ပါးသည် ဓမ္မဝိဟာရီ ဖြစ်ပါတယ်တဲ့။ ဗဟုသုတ ဆိုတဲ့နေရာမှာ -

- အသင်အကြား အမြင်များတဲ့ အာဂမဗဟုသုတက တစ်မျိုး၊
- တရားအားထုတ်လို့ တရားထူးကို သိမြင်တဲ့ အဓိဂမ ဗဟုသုတက တစ်မျိုး၊ (၂)မျိုး ရှိပါတယ်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သီတင်းဝါလကျွတ်တဲ့အခါ မိမိ တရားထူး အသိထူး ရရှိမှု လာလျှောက်ကြတယ်လို့ ဆိုကြတယ်။ မြတ်စွာဘုရားက တရားစစ်ဆေးတယ်။

တစ်ခါတစ်ရံကျတော့ တစ်ပါးနဲ့တစ်ပါး အရိယာဟုတ်၊ မဟုတ် စုံစမ်းကြတာတွေ မေးမြန်းကြတာတွေ ရှိပါတယ်။ ဒီဃဘာဏက အဘယမထေရ်ကြီးက ရဟန္တာလို့ ကျော်ကြားတဲ့ အတူနေ ရဟန်းတော်တစ်ပါး ရေချိုးနေတုန်းမှာ ကလျာဏီမြစ်ဝက နေပြီးတော့ အခြားရဟန်းတော်တစ်ပါးက ရေထဲငုပ်သွားပြီး ခြေထောက်ကို ဖတ်ဆို ဆွဲလိုက်တော့ လန့်ပြီးတော့ အော်တာ။

အဲဒီတော့မှ ရဟန္တာ မဟုတ်သေးဘူးလို့ သိရတယ်။ ဒါတစ်ပါးနဲ့တစ်ပါး လက်တွေ့စမ်းသပ်တဲ့နည်းပါပဲ။ နောက်မျက်စိ အလင်းမရတဲ့ ရဟန္တာအရှင်မြတ်ကြီးကျတော့ အဲဒီမထေရ်မြတ်ကြီး သီတင်းသုံးတဲ့ နေရာသွားပြီး မြွေကိုက်သလို ဖတ်ဆိုဆွဲလိုက်တော့ ကျောက်တိုင်ကြီးလိုပဲတဲ့ တုန်လှုပ်မှုမရှိဘူး။

အဲဒီကျတော့ စန္ဒမုခမင်းက သြော် အရှင်မြတ်ကြီး ရဟန္တာ ဖြစ်ပါပေါ့လားတဲ့။ ရှေးတုန်းက မင်းတွေကလဲ ရဟန္တာ ဟုတ်၊ မဟုတ် စုံစမ်းတာရှိတယ်။ ဝသဘမင်းကတော့ မထေရ်မြတ်တစ်ပါးကို ရဟန္တာ ဟုတ်၊ မဟုတ် စူးစမ်းတယ်။ ဘယ်လိုစမ်းသလဲဆိုတော့ အရှင်ဘုရား ကြွပါဦးဆိုပြီးတော့ ဇီးဖျော်ရည်လုပ်ဖို့ ဇီးသီးတွေနယ်နေတဲ့ နေရာကို ပင့်လာတယ်။ ဇီးသီးတွေနယ်နေတာမြင်တော့ အဲဒီအရှင်မြတ်က လျှာရည် (သွားရည်)ယိုလာတယ်။ "အရှင်ဘုရား ရသတဏှာ မပယ်နိုင်သေးဘူး။ ရဟန္တာ မဟုတ်သေးပဲကိုး"လို့ ဝသဘမင်းက ရဟန္တာဟုတ်၊ မဟုတ် စုံစမ်းခဲ့ဖူးပါတယ်။

တစ်ခါတစ်ရံကျတော့ သောတာပန်တွေလဲပဲ စူးစမ်းခံရတယ်။ တစ်ခါတုန်းက သောတာပန်ဖြစ်နေတဲ့ သုပ္ပဗုဒ္ဓ (အနူ)ကို သိကြားမင်းကြီးက "ဟဲ့ ငမွဲ၊ မင့်မှာ ဘာမှမရှိဘူး၊ ရတနာ(၃)ပါးကို မဟုတ်ဘူးလို့ ပြော၊ လိုသလောက်ပေးမယ်"ဆိုတော့ သုပ္ပဗုဒ္ဓက ကျုပ်က ကြွယ်ဝချမ်းသာပါတယ်။

သဒ္ဓါဓနံ သီလဓနံ၊ သုတဓနဉ္စ စာဂေါစ။
ဟိရီ ဩတ္တပ္ပိယံ ဓနံ၊ ပညာ ဝေ သတ္တမံဓနံ။

ရွှေငွေပုလဲ ကြောင်မျက်ရွဲနှင့် မြခဲသန္တာ စိန်ဘဏ္ဍာတို့နဲ့ အလားတူတဲ့။ သဒ္ဓါသီလ သုတစာဂ ပညာဟီရိ ဩတ္တပ္ပ (၇)လီသော ရတနာသာရ မြတ်ဓနတို့နဲ့ ပြည့်ဝချမ်းသာပါတယ်တဲ့။

ယဿ ဧတေဓနာအတ္ထိ၊ ဣတ္ထိယာ ပုရိသဿဝါ။
အဒလိဒ္ဒေါတိအာဟု၊ အမောဃံ တဿ ဇီဝိတံ။

ရွှေငွေပုလဲ ကြောင်မျက်ရွဲတို့နဲ့ အလားတူတဲ့။ သဒ္ဓါသီလ သုတစာဂ ပညာဟီရိ ဩတ္တပ္ပိဟု (၇)လီဥစ္စာ ရတနသာရ မြတ်ဓနတို့နဲ့

ကြွယ်ဝတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးကို လူမွဲလို့ မခေါ်ထိုက်ဘူး။

"အမောဃံ တဿဇီဝိတံ" သူရဲ့ အသက်ရှင်ခြင်းကို အချည်းနှီး အသက်ရှည်ခြင်းလို့ မဆိုထိုက်ပါဘူး။ တစ်ခါက သူရမ္ဗဌသောတာပန်ကို လာပြီးတော့ မာန်နတ်က ဘုရားပုံစံနဲ့ သူရမ္ဗဌရေ မနေ့က "ပဉ္စက္ခန္ဓာ အနိစ္စာ" ခန္ဓာငါးပါးဟာ မမြဲဘူးလို့ ပြောလိုက်တာ ငါမှားပြီပြောလိုက်တာ။ ခန္ဓာငါးပါးဟာ မြဲတယ်။ ပဉ္စက္ခန္ဓာ နိစ္စာလို့ယူ။

"ပဉ္စက္ခန္ဓာ ဒုက္ခာ" လို့ ဟောမိတယ်။ "ပဉ္စက္ခန္ဓာ သုခါ"လို့ ယူ။ "ပဉ္စက္ခန္ဓာ အတ္တာ"လို့ ယူလို့။ မာရ်နတ်က သူရမ္ဗဌကို ပြောတယ်။

သူရမ္ဗဌက စဉ်းစားတယ်။ "အဒွဇ္ဈာ ဝစနာ ဗုဒ္ဓါ" ဘုရားရှင်တို့ မည်သည် စကား(၂)မျိုး ပြောတော်မမူဘူး။ ဒါတော့ မာရ်နတ် ဖြစ်လိမ့်မယ်။ "သင် မာရ်နတ်မဟုတ်လား"လို့ မေးလိုက်တော့၊ "ဟုတ်ပါတယ်" တဲ့။ "သင်ဘာပြုလို့ ဒီလိုလုပ်ရသလဲ။ ယုတ်မာလှချည်လား"လို့ ပြောပြီး ဘုရားမှီလျှင် ဘုရားပုံတော် ဖန်ဆင်းပြပါဆိုတော့ ဖန်ဆင်းပြတယ်၊ ရှိခိုးလိုက်တော့ ဘုရားပုံစံပျောက်သွားတယ်။ သူရမ္ဗဌတို့ကျတော့ အရိယာဖြစ်ပြီးသား သောတာပန်ဖြစ်ပြီးသားဆိုတော့ ဘုရားအသွင်နဲ့ တရားတစ်မျိုးပြောင်းပြီး ပြောတာတောင်မှ ပြောင်းလွဲမသွားဘူး။

သောတာပန်ပုဂ္ဂိုလ်များမှာ မဂ္ဂဆိုတဲ့ သိဒ္ဓိတစ်မျိုး၊ သိဒ္ဓိတွေ အများကြီးရှိတာထဲက -

ယောနိစမ္မတာ၊ ငှက်တံထွာဖြင့်
ကြိုးကြာတို့အား၊ နှစ်ပါးနို့ရေ
ရောထွေတိုက်က၊ မျိုးကြိုက်နို့သာ
ရေမပါသို့ -

ကြိုးကြာငှက်- သူတို့မျိုးရိုး ဓမ္မတာအရ ရေနဲ့နို့ရောပြီး တိုက်ရင် နို့သာဝင်တယ်၊ ရေမဝင်ဘူး။

ပမာထို့တူ၊ မွေးစဟူသည့်
ငယ်မူငယ်ရာ၊ ငယ်ဘာသာဖြင့်
သညာနှုန်းနဲ့၊ အမှတ်မဲ့လဲ
သူငဲ့ခံတွင်း၊ နို့သေသွင်းသော်
မယွင်းမှန်စွာ၊ နို့သာဝင်လျှက်
သေအံထွက်သား၊ မဂ်၏သတ္တိ
ပြီးသိဒ္ဓိနှင့်။

သောတာပန်ကလေးငယ်လေး အမှတ်သညာမဲ့နေပေမယ့် နို့ရည်နဲ့သေအရက် ရောပြီးတိုက်ရင် နို့ရည်သာဝင်ပြီး သေရည်က အံထွက်လာတယ်တဲ့။ အဲဒါဟာ သောတာပတ္တိမဂ်ဉာဏ်ရဲ့ သတ္တိ၊ သိဒ္ဓိပဲ။

သောတာပန်ဖြစ်သွားပြီဆိုရင် ဆရာလဲမပြောင်းတော့ဘူး။ "နာနာသတ္ထာရ ဉလ္လောကန"ဘေး မသင့်တော့ဘူး။ "ဓမ္မာဒါသ" ခေါ်တဲ့ တရားကြေးမုံ၊ ဗုဒ္ဓ ဓမ္မ သံဃာအပေါ်မှာ မမှိတ်မသုံ ယုံကြည်တယ်။

"အရိယကန္တ ငါးပါးသီလ မကြိုးမပေါက် မပြောက်ကြားဘူး"။ ဂုဏ်သတ္တိတွေလဲ ပြည့်စုံပြီးသွားတယ်။ အပါယ်တံခါးလဲ ပိတ်သွားတယ်။ နိစ္စ၊ သုခ၊ အတ္တလို့ ခန္ဓာငါးပါးအပေါ်မှာ ဒီလိုလဲ ရှုမြင်ရိုးထုံးစံ မရှိဘူး။ ကံကြီးငါးပါးလဲ မထိုက်တော့ဘူး။ ရှစ်ဘဝမြောက် သံသရာ မလည်တော့ဘူး။ ဒါကြောင့် တရားစစ်နည်းတွေနဲ့ ပတ်သက်ပြီး မြတ်စွာဘုရား ဟောကြားပြီးထားခဲ့တာတွေလဲ ရှိတယ်။ တရားစစ်

နည်းတွေနဲ့ ပတ်သက်ပြီး မြတ်စွာဘုရား မိန့်ကြားပြီးထားသလိုပဲ တရားစစ်ကြတယ်။

သို့သော်လဲပဲ ရှေးအခါတုန်းကတော့ တရားစစ်တာ တော်တော် လေးနည်းပါတယ်။ အခုအချိန်အခါမှာ အားထုတ်ကြတဲ့ ယောဂီများကို မေးမြန်းပြီး ဘယ်လိုထင်သလဲ။ ဘယ်လိုအာရုံမှာ ပေါ်သလဲ အစရှိသည်ဖြင့် နားလည်တဲ့ဆရာများက စီစစ်ပေးတာ ကောင်းပါတယ်။ ဒါကြောင့်မို့ တရားစစ်တဲ့နည်း၊ ရဟန္တာဟုတ်, မဟုတ်၊ တစ်နည်းအားဖြင့် သောတာပန်ဟုတ်, မဟုတ် စစ်တဲ့နည်း။ မဂ်မသိ၊ ဖိုလ်နဲ့မေး၊ ဘယ်မဂ်ဉာဏ်ရသလဲ သိချင်လို့ ဖိုလ်နဲ့မေးရတယ်။

သမာဓိပိုင်းမှာ သမာဓိရဖို့ အဓိက၊ ဝိပဿနာပိုင်း ဉာဏ်စဉ် အဆင့်ဆင့်မြင့်ဖို့ အဓိက။ သမာဓိရရင် ဝိပဿနာပိုင်းမှာ ဉာဏ် အဆင့်ဆင့်နဲ့ ရုပ်ဓမ္မ နာမ်ဓမ္မတွေကို သိနိုင်ပြီဆိုရင် အရိယာကြီးတွေ မဖြစ်ပေမယ့် အရိယာစခန်းနဲ့ တော်တော်လေး နီးသွားပြီ။ ဒီလို အာရုံပြုကြရမှာပဲ။

ယနေ့ လယ်တီကမ္မဋ္ဌာနာစရိယ သင်တန်းတက်ပြီး သင်ကြားပြီး လက်တွေ့တရားအားထုတ်ကြတဲ့ ရဟန်းတော် အရှင်မြတ်များ ယနေ့ဆိုရင် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့် ရရှိအောင် အားထုတ်နေတဲ့ အချိန်ဖြစ်လို့မို့ ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် ဆက်လက်ပြီးတော့ တရုဏဝိပဿနာမှ ဗလဝဝိပဿနာသို့ရောက် အောင် ဗလဝဝိပဿနာမှ ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်အောင် ကြိုးစားအားထုတ် နိုင်ကြပါစေလို့ တိုက်တွန်းနှိုးဆော်ရင်း တပည့်တော်၏စကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ**
**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**ဆရာဖြစ်သင်တန်း (၉)**

အရှင်မြတ်များ သင်ကြားပြီး သိမှတ်ထားကြသည့်အတိုင်း ဝိပဿနာဆိုတဲ့ စကားလေးရဲ့ အဓိပ္ပါယ်သိကြပြီးသား ဖြစ်ပါတယ်။ “ဝိပဿနာ”ဆိုတာ အထူးမြင်တာပါပဲ။

အခါတိုင်း မြင်နေတာတွေနဲ့ အခါတိုင်းသိနေတာတွေနဲ့ မတူတဲ့ အသိပါ။ ဝိပဿနာပညာကတော့ သိပ်ပြီးတော့ အရေးကြီးပါတယ်။ သာသနာတော်မှာ နေလို လလို ထင်ရှားတော်မူတဲ့ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးကို အင်မတန် ကြည်ညိုလေးစားတော်မူတဲ့ မင်းကွန်းဆရာတော်ဘုရား

ကြီးနဲ့ ဆက်စပ်တာလေး ပြောပါဦးမယ်။

ဝိသိဋ္ဌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး မင်းကွန်းမှာ သီတင်းသုံးနေတော်မူတဲ့အခါ တစ်နေ့မှာ ကိုယ်ရောင်ကိုယ်ဝါတွေနဲ့ နတ်သားတစ်ယောက် ရောက်လာတယ်။ လာတော့ ဆရာတော်က -

"သင်ဘယ်သူလဲ" လို့ မေးတော့ "တပည့်တော် နတ်သားပါဘုရား"။ "ဘာကိစ္စလဲ"။ "အရှင်ဘုရားကို သတိပေးစရာ ပြောစရာရှိလို့ပါ ဘုရား"တဲ့။ "ဘာများ သတိပေးချင်သလဲ" ဆိုတော့။ "အရှင်ဘုရားမှာ သီလလဲ ပြောစရာမလိုဘူး။ သမာဓိလဲ ပြောစရာမလိုဘူး။ စာပေတွေ တတ်တဲ့သညာလဲ ပြောစရာမလိုဘူး။ ဒါပေမယ့် ပညာလိုနေသေး တယ်"တဲ့။

မှန်ပါတယ်။ မင်းကွန်းဆရာတော်ဘုရားက နှစ်ပေါင်း (၄၀) ကျော်လောက် ပရိသတ်လေးပါးအား ဟောတဲ့အခါမှာလဲ နောက်ပိုင်းမှာ ဝိပဿနာတရားပါတာ။ ဒါနတရား၊ သီလတရား၊ သမာဓိတရားလောက်နဲ့ အပြီးသတ်တာများပါတယ်။ မင်းကွန်းဆရာတော်ကြီးက တစ်ခါတစ်ရံ မိန့်ကြားဖူးတယ်။ ဒါနသီလ သမထတရားတွေ ဟောရတယ်။ ဒီတရားတွေကမှ လူတွေ နားလည်နိုင်တာဆိုတော့ အဲဒီတရားတွေက "တရားစိုတွေ"၊ ဝိပဿနာ တရားကတော့ "တရားခြောက်" ဖြစ်တယ်တဲ့။ တရားက ခြောက်ကပ်ကပ် ဖြစ်တဲ့အတွက် သိပ်ပြီးမဟောဖြစ်တဲ့အကြောင်း ဆရာတော်ကြီး မိန့်ကြားတော်မူခဲ့ဖူးတယ်။ တိုင်းသူပြည်သား ပရိသတ်လေးပါးအား မဟောလိုပါ။ ဝိပဿနာပညာနဲ့ ပတ်သက်ပြီး လက်တွေ့မျက်တွေ့ အားထုတ်မှု လိုနေသေးတယ်လို့။ နတ်သားက ပြောချင်တာပါ။

"အရှင်ဘုရားမှာ လိုနေတာကတော့ ပညာပဲ"လို့ လျှောက်တယ်။ "ဒကာ နတ်သားရယ် ပိဋကတ်သုံးပုံ အာဂုံဆောင်နေတာပဲ။ ကျန်တဲ့ နိကာယ်တွေလဲ တတ်သိနေတာပဲ"။ "မဟုတ်သေးပါဘူး ဘုရား။ ဝိပဿနာကို ပြောတာပါဘုရား"။ "ဝိပဿနာပညာ လိုနေတာတော့ ဟုတ်ပါပြီ။ ဝိပဿနာကို ဘယ်နည်းနဲ့ ရှုရမလဲ"လို့မေးတော့။ "ဓာတ်(၆)ပါး ကမ္မဋ္ဌာန်း ရှုနည်းနဲ့ရှုပါ"တဲ့။

မင်းကွန်းဆရာတော်ဘုရားအား နတ်သားတစ်ယောက်က ဓာတ်(၆)ပါး ကမ္မဋ္ဌာန်း ရှုပါလို့လျှောက်တော့ သဘောပေါက်သွားပြီး သင်ဘယ်က ဘယ်ပုဂ္ဂိုလ်လဲ နတ်သားဖြစ်နေတာလို့ မေးတော့ "ပထမ မင်းကွန်းဆရာတော်ဘုရားကြီး ဦးပညာစက္က"ပါတဲ့။

ရွှေရေးဆောင်ဆရာတော်ဘုရားကြီးထံ ပထမစာဆိုတော် ဦးပညာစက္ကက ဒီဓာတ် (၆)ပါး ကမ္မဋ္ဌာန်းနဲ့ပဲ တရားမြင်အောင် ရှုသွားတယ်။ ရွှေရေးဆောင် ဆရာတော်ဘုရားကြီးထံ ပထမစာဆိုတော် ပထမမင်းကွန်းဆရာတော်ကြီး မကျန်းမာတော့ "အရှင်ဘုရား ဝေဒနာသက်သာပါရဲ့လား"လို့ လျှောက်တော့၊

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ၊ ဒုက္ခမေဝ နိရုဇ္ဈတိ။
နာညတြ ဒုက္ခာသမ္ဘောတိ၊ နာညံ ဒုက္ခံ နိရုဇ္ဈတိ။

ဖြစ်တော့လဲ ဒုက္ခပဲဖြစ်လာပြီး ချုပ်တော့လဲ ဒုက္ခတွေပဲ ချုပ်ပျောက်သွားတာပါပဲ။ ဒုက္ခမှတစ်ပါး ဖြစ်တာလဲမရှိပါဘူး။ ဒုက္ခမှတစ်ပါး ချုပ်တာလဲ မရှိပါဘူးလို့ ဒီလိုမိန့်ကြားပြီး ဝေဒနာကို သည်းခံတော်မူနိုင်တယ်။

မင်းကွန်းဆရာတော်ဘုရားထံမှာ သတိလာပေးတဲ့နတ်သားက ဓာတ်(၆)ပါး ကမ္မဋ္ဌာန်း တရားရှုလေ့ရှိတဲ့ မင်းကွန်းဆရာတော်ရဲ့

ဆရာတော်ကြီး ဦးပညာစက္ကပါ။

ဆရာတော် ဦးပညာစက္ကဟာ လူပြည်တုန်းကလဲ ဓာတ်(၆)ပါး ကမ္မဋ္ဌာန်း အားထုတ်တယ်။ သူ့တပည့်ဖြစ်တဲ့ မင်းကွန်းဓမ္မနာဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အားလဲ သတိပေးတဲ့အခါ ဝိပဿနာဉာဏ်ပညာ လိုနေသေးတယ်ဆိုပြီး ဓာတ်(၆)ပါးပဲ ရှုပွား ခိုင်းတယ်။

မနက်ဖြန်မှာ အချိန်မရလို့ မလာနိုင်တာနဲ့ ဒါလေးလျှောက် ထားချင်လို့ လာခဲ့ပါတယ်။ မနက်ဖြန်ကျရင် ဝိပဿနာပညာလို နေပါ သေးတယ်လို့ မင်းကွန်းဆရာတော်ဘုရားအား နတ်သားက လျှောက်ထားသလို အရှင်ဘုရားများလဲ မနက်ဖြန်ခါကျရင် ဤနေရာ ဤဌာနမှာ ဒုတိယအကြိမ်မြောက် ဝိပဿနာစခန်း တက်လှမ်းကြမှာ ဖြစ်ပါတယ်။

မိမိတို့ကိုယ်တိုင် သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ပြီး မိမိတို့နဲ့သက်ဆိုင်တဲ့ ဒကာ၊ ဒကာမတွေ နီးနွယ်တဲ့ ဒကာ ဒကာမတွေ လူမျိုးစုံရှိကြတယ်။

တစ်ချို့ပုဂ္ဂိုလ်တွေက သာသနာနဲ့တွေ့ တရားနာရမှန်းမသိ၊ တရားကျင့်ရမှန်း မသိတာတွေရှိနေတယ်။ အဲဒီပုဂ္ဂိုလ်တွေ နည်းသထက် နည်းသွားအောင်လို့ တပည့်တော်တို့ လယ်တီ ဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်ကနေ အရှင်မြတ်များ လက်တွေ့ မျက်တွေ့ ကျင့်ကြံအားထုတ်ပြီး သက်ဆိုင်ရာနယ်မြေအတွင်းမှာ လယ်တီဝိပဿနာ ဖြန့်ဝေတော်မူကြရန် အာရုံထားပြီး ကျင်းပနေတဲ့ တရားစခန်းပွဲ ဖြစ်ပါတယ်။

အဲဒီတော့ ဦးပုညရဲ့ ယုန်မင်းဇာတ်မှာ အများစုဖြစ်နေတတ်တဲ့ အခြေအနေလေးကို ရေးထားတဲ့ စာတစ်ပုဒ်တွေ့ရတယ်။ "ယခုမှာမူ လူ့ဖြစ်လာ သာသနာတော်လဲထွန်းခိုက် အမြိုက်တရားဟောကြားမည့် သူလဲမရှား၊ သို့ပါလျှက်သားနှင့်" အစရှိသည်ဖြင့်- လူ့ဘ၀ကြီးလဲ ရလာတယ်။ သာသနာတော်ကြီးလဲ ထွန်းကားတယ်။ အမြိုက်တရား ဟောကြားတဲ့ ရဟန်းရှင်လူလဲ မရှားဘူး။

"သို့ပါလျှက်သားနှင့် အများမကြိုက် အမှားကိုလိုက်ကြ အမိုက်တကာ့ခေါင်မှူး အဖျင်းတကာ့ အချုပ်၊ အပါယ်လေးလီ မြစ်နဒီမှာ ပလုံစီမြုပ်ကြလို့ လူယုတ်ကြီးတွေ ဖြစ်ချိမ့်မည်"။

ဟော ဦးပုညက အများတကာတွေရဲ့ ဖြစ်စဉ်ကို သတိပေးထားခဲ့တယ်။ အရှင်ဘုရားများလဲ မိမိတို့ရဲ့ပတ်ဝန်းကျင် မိမိတို့ရဲ့ အသိုင်း အဝိုင်းမှာ တရားမလိုက် အမှားကြိုက်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ အမိုက်တကာ ခေါင်မှူး၊ အဖျင်းတကာ အချုပ်၊ အပါယ်လေးလီ မြစ်နဒီမှာ ပလုံစီ မမြုပ်ရအောင် လူယုတ်တွေမဖြစ်ရအောင် အရှင်ဘုရားတို့ တပည့်တော် တို့ သူ့ခေတ်သူ့အခါနဲ့သူ အချိန်ယူကြိုးစားကြဖို့ ဖြစ်ပါတယ်။ အဲဒီလို ကြိုးစားလာတဲ့အခါကျတော့ အရှင်ဘုရားတို့ နှစ်ကြိမ်တိုင်တိုင် သမထကမ္မဋ္ဌာန်းက ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ကြတော့ ဝမ်းမြောက်ဖွယ်တွေဖြစ်ပါတယ်။

ဝမ်းမြောက်ဖွယ်ဖြစ်တာနဲ့ ပတ်သက်ပြီး ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာကျေးဇူး၊ ဆရာသမားကျေးဇူးကြောင့် အရှင်ဘုရားများ သမထကမ္မဋ္ဌာန်း အားထုတ်လို့ သီလကစပြီး အားထုတ်ဖြည့်ဆည်းမှ ပြည့်စုံပါတယ်။ "ဝိနယော သံဝရတ္ထာယ၊ သံဝရော အဝိပ္ပဋိသာရတ္ထာယ၊ အဝိပ္ပဋိသာရော ပါမောဇ္ဇတ္ထာယ၊

ပါမောဇ္ဇံ ပီကတ္ထာယ စသည် ပရိဝါပါဠိတော်အရ

ဝိနယောသံဝရတ္ထာယ= ဝိနည်းသည် စောင့်ရှောက်ဖို့ရာ၊ သံဝရော အဝိပ္ပဋိသာရတ္ထာယ= စောင့်ရှောက်ခြင်းသည် စိတ်နှလုံး ချမ်းမြေ့ခြင်းငှာ၊ အဝိပ္ပဋိသာရော ပါမောဇ္ဇတ္ထာယ= စိတ်နှလုံး ချမ်းမြေ့ခြင်းသည် အသေးစားဝမ်းမြောက်ခြင်းငှာ၊ ပါမောဇ္ဇံ ပီတတ္ထာယ= အသေးစား ဝမ်းမြောက်ခြင်းသည် အင်အားကြီး ဝမ်းမြောက်ခြင်းငှာ၊ ပီတိ ပဿဒ္ဓိတ္ထာယ= အင်အားကြီး ဝမ်းမြောက်မှု သည် ငြိမ်းချမ်းဖို့ရာ၊ ပဿဒ္ဓိ သမာဓတ္ထာယ= ငြိမ်းချမ်းမှုသည် စိတ်တည်ကြည်ငြိမ်သက်ဖို့၊ သမာဓိ ယထာဘူတဉာဏတ္ထာယ= သမာဓိသည် အဟုတ်အဟတ်မြင်နိုင်သည့် ယထာဘူတဉာဏ် အကျိုးငှာ၊ ယထာဘူတဉာဏံ နိဗ္ဗိဒတ္ထာယ= ဟုတ်တိုင်းမှန်စွာ သိခြင်းသည် ငြီးငွေ့ခြင်းငှာ၊ နိဗ္ဗိဒါဝိရာ ဂတ္ထာယ= ငြီးငွေ့ခြင်းသည် တပ်မက်ခြင်းကင်း မဂ်ဉာဏ်ဖြစ်ဖို့ဖြစ်ပါတယ်။ ဝိရာဂေါ ဝိမုတ္တတ္ထာယ= မဂ်ဉာဏ်မှ ဖိုလ်ဉာဏ် ဖြစ်သည်၊ ဝိမုတ္တိ အနုပါဒါ ပရိနိဗ္ဗာနတ္ထာယ= ဖိုလ်ဉာဏ်မှ နိဗ္ဗာန် အဲဒီလို အဆင့်ဆင့် ဂုဏ်ကျေးဇူးများ ရရှိခြင်းဟာ ဘာကြောင့်လဲဆိုရင် ဗုဒ္ဓဘုရားရဲ့ အာနုဘော်ဂုဏ်ကို ခိုလှုံရလို့၊ ဓမ္မရဲ့ အာနုဘော်ဂုဏ်၊ သံဃာ့ဂုဏ် ခိုလှုံရလို့၊ မိမိတို့ ဆရာသမားများရဲ့ ဂုဏ်ကျေးဇူးတော်တွေ ခိုလှုံရလို့ ဖြစ်ပါတယ်။

ဗုဒ္ဓနည်းကျဓမ္မတွေကို ဖြန့်ဝေတော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူး များကို မှီခိုရတဲ့အတွက်ကြောင့် အရှင်မြတ်တို့ တပည့်တော်တို့ရဲ့ ဘဝဟာ အရတော်တဲ့ဘဝ၊ ယောဂီများရဲ့ဘဝဟာလဲ အရတော်တဲ့ ဘဝ။

အဟောဗုဒ္ဓေါ အဟောဓမ္မော၊
အဟောနော သတ္ထုသမ္ပဒါ။
ယေသံနော ပဘာဝ မာလမ္ဗ၊
အလတ္ထံ ဤဒိသံ သုခံ။

ဘန္တေ= သာကီယဇာတ် အရှင်မြတ်တို့ဘုရား။ သီလမြေထု မေရုသမာဓိ ဝရဇိန်ပညာ စုအင်ဖြာသည့် လယ်တီဝိပဿနာ ကမ္မဋ္ဌာန စရိယသင်တန်း သင်ကြားအားထုတ်တော်မူကြသည့် ဆရာတော်များနှင့်တကွ (၈၄)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းဝင် အို ယောဂီသူတော်စင်တို့၊

ဘောန္တော= ဗြဟ္မစာရီ အဋ္ဌင်္ဂီဖြင့် သညီမွေ့လျော် အေးချမ်း ပျော်သည့် သူတော်စင်အပေါင်း အို သူမြတ်လောင်းတို့၊ ယေသံ= အကြင်ဘုရား ဇိနေ်ာစိန္တေယျော်တို့၏၊ ပဘာဝံ= မဂ္ဂင် (၈)ဆူ လမ်းမှန် ထူ၍ နိဗ္ဗူတံခါး ပွင့်စေသားဟု တရားစည်ကြီး သောင်းတိုက် ဟီးအောင် ရိုက်တီးနှိုးဆော် တန်ခိုးတော်ကို (ဘုရားရှင်ကိုယ်တော် မြတ်ကြီးတို့ရဲ့ မဂ္ဂင်(၈)ဆူ လမ်းမှန်ထူပြီး နိဗ္ဗာန်တံခါး ဖွင့်စေမယ် ဆိုပြီး တရားစည်ကြီး သောင်းတိုက်ဟီးအောင် ရိုက်တီးနှိုးဆော် တန်ခိုး တော်ကို၊ အာလမ္ဗ= အမှီတကဲ သဟဲသမှု ပြုရခြင်းကြောင့်၊ ဤဒိသံသုခံ= ရတနာသုံးပုံ ကျေးဇူးဂုဏ်ကို တုံတလဲလဲ သတိစွဲ၍ အမြဲအောက်မေ့ခြင်းနှင့်တကွ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို ဖြည့်စွမ်းရခြင်းလျှင် အကြောင်းရင်းရှိသော ပီတိပဿဒ္ဓိနှစ်ဖြာ ယှဉ်တွဲပါသည့် ချမ်းသာသုခအဝဝကို၊ အရှင်မြတ် များ လက်တွေ့အားထုတ်လိုက်တဲ့အခါ သီလတန်ခိုး၊ အဲဒီ သီလက နေပြီးတော့ ပီတိ၊ ပဿဒ္ဓိဆိုတဲ့ ချမ်းသာသုခကို သမာဓိ ထွက်လေ

ဝင်လေကို ရှုမှတ်ပွားများလို့ ရရှိလာတဲ့သမာဓိ၊ ချမ်းသာတစ်ခုနဲ့ ဖြည့်စွက်စရာမရှိတဲ့ သမာဓိမျိုးကို၊ အလတ္ထံ= ပုဗ္ဗေကတ ပုညသမ္ပတ္တိ စက်ကောင်းမိ၍၊ (ပုဗ္ဗေစ ကတပုညတာ ဆိုတဲ့ စက်ရှိတဲ့ အတွက် သင့်တော်တဲ့ အရပ်ရောက်ကြရ၊ သင့်တော်တဲ့ ဆရာသမားတွေနဲ့ တွေ့ကြရ၊ မြင့်မြတ်တရား မြင့်မြတ်တဲ့တရားတွေ မြင့်မြတ်တဲ့ မိဘ၊ ခုတော့ မြင့်မြတ်တဲ့ ဗုဒ္ဓဘုရားနဲ့)

အလတ္ထံ= ပုဗ္ဗေကတ ပုညသမ္ပတ္တိ စက်ကောင်းမိ၍ ရရှိထင်ရှား ခံစားရလေပြီ။ နော= တပည့်တော်တို့၏၊ အဟော= သစ္စာလေးချက် တရားနက်ကို ပြက်ပြက်ထင်သိ ဉာဏ်မျက်စိကို ရရှိစေဦး ဝေဖြန့်ဖြူးသဖြင့် ကျေးဇူးကြီးကျယ် သြော် ကျေးဇူးဆပ်၍ မကုန်နိုင်ပါတကား။

ဘုရားရှင်မြတ်ကြီးတို့၏ ကျေးဇူး ဟော သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားကြီးကို ကျင့်ကြံရတယ်။ အဲဒီလို ဖြစ်ရခြင်း လျှင် အကြောင်းရှိတဲ့ ပီတိပဿဒ္ဓိ အစရှိတဲ့ သုခအဝဝကို ရရှိခဲ့ကြပြီ။ ယေသံ= အကြင် မဂ္ဂင် (၈)တန် ဓမ္မက္ခန်ဟု နိဗ္ဗာန်ထင်ပေါ် ဆယ်တန် သော တရားတော်တို့၏၊ ပဘာဝံ= ရှင်ရှင်လူလူ ကျင့်ကြံသူကို နိဗ္ဗူ တိုင်မြောက် အစွမ်းရောက်အောင် ထောက်ပံ့နိုင်မှု ကျေးဇူးပြုသား နုဘာဝါဟုံ တန်ခိုးဂုဏ်ကို၊ အာလမ္ဗ= အစွဲပြုရခြင်းကြောင့် (မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန် ဆယ်တန်သော တရားတော်တို့ရဲက ဂုဏ်ကျေးဇူး ရှင်ရှင်လူလူ ကျင့်ကြံသူကို နိဗ္ဗာန်တိုင်မြောက် အဆုံးရောက်အောင် ကျေးဇူးပြုနိုင်တဲ့ တရားတော်တွေကို အမှီတကဲ သဟဲပြုရခြင်း တို့ကြောင့်၊ နော= တပည့် တော်တို့၏၊ ဤဒိသံ= သုခံ၊ ရတနာသုံးပုံ ကျေးဇူးဂုဏ်ကို အမြဲအောက်မေ့ ရခြင်းနှင့်တကွ သီလ သမာဓိ ပညာ

သိက္ခာသုံးခန်း အကျင့်လမ်းကို ဖြည့်ရခြင်းလျှင် အကြောင်းရင်းရှိသော ပီတိ ပဿဒ္ဓိနှစ်ဖြာ ယှဉ်တွဲပါသည့် ချမ်းသာသုခ အဝဝကို၊ အလတ္ထ= ပုဗ္ဗေကတ ပုညသမ္ပတ္တိ စက်ကောင်း မိ၍ ရရှိထင်ရှား ခံစားရပေပြီ။

နော= တပည့်တော်တို့၏၊ တေဓမ္မာ= ထိုတရားတော်တို့သည်၊ အဟော= ဝိဇ္ဇာမျိုးစေ့ တရားနက်ကို ဖြစ်ပျက်ထင်သည့် ဉာဏ်မျက်စေ့ကို ရရှိစေဦး ဝေဖြန့်ဖြူးသဖြင့် ကျေးဇူးကြီးကျယ် သြော် အံ့သြမကုန်နိုင်ပါ တကား။ တရားတော်တို့ရဲ့ ဂုဏ်ကျေးဇူးကို ကျေးဇူးဆပ်၍ မကုန်နိုင်တော့ဘူး။ လက်တွေ့/မျက်တွေ့ အားထုတ်လိုက်တဲ့ အခါကျတော့ ပီတိကဘယ်လို၊ ပဿဒ္ဓိ= ငြိမ်းချမ်းမှုက ဘယ်လို၊ သမာဓိ= စိတ်ရဲ့တည်ကြည်မှုလေးက ဘယ်လို၊ သြော် လက်တွေ့ မျက်တွေ့ အားထုတ်တာကိုး။

ယေသံ= အကြင် မိကောင်းဖကောင်း ဆရာကောင်းတို့၏ (ဘုရားကောင်း, တရားကောင်း တွေ့ဖို့လိုသလို မိကောင်းဖကောင်း ဆရာကောင်းနဲ့ တွေ့ဖို့လဲ လိုတယ်။) ဗုဒ္ဓဘာသာ အမိ၊ ဗုဒ္ဓဘာသာ အဖ၊ မိဘဘိုးဘွားကိုက ဘုရားအပေါ် ယုံကြည်တယ်။ တရားအပေါ် ယုံကြည်တယ်။ သံဃာအပေါ် ယုံကြည်တယ်။ ကုသိုလ်ကံ, အကုသိုလ်ကံ၊ ထိုကံတို့ရဲ့ အကျိုးအပြစ်တွေကို ယုံကြည်တယ်။ အဲဒီ ဆရာကောင်း ဆိုပြန်တော့လဲ ဒီထက်ဆရာကောင်းစရာ မရှိဘူး။ ဗုဒ္ဓနည်းကျ ဓမ္မဖြန့်ဝေ လယ်တီဆရာတော် အစရှိတဲ့ဆရာတွေ၊ ယေသံ= အကြင်မိကောင်းဖကောင်း ဆရာကောင်းတို့၏၊ ယေသံ= အကြင်ဗုဒ္ဓနည်းကျ ဓမ္မလမ်းစဉ် ရှင်းအောင်လင်းအောင် တီထွင်တော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော် အစရှိသော ဆရာတော်တို့၏၊ ပဘာဝံ= ထိုမကျင့်ကောင်း၊ ထိုကျင့်ကောင်းဟု

ဖြောင့်ဖြသမှု ကျေးဇူးပြုကာ၊ နုဘာဝဟုန်= ကျေးဇူးဂုဏ်ကို၊

အရှင်မြတ်တို့ တပည့်တော်တို့ရဲ့ မိဘတွေကလဲ ဘယ်လို နေရင် ကောင်းမယ်၊ ဘယ်လိုနေရင် မကောင်းဘူး။ ဆရာသမားတို့ ကလဲ ဘယ်လိုကျင့်ရင် ကောင်းတယ်၊ ဘယ်လိုကျင့်ရင် မကောင်းဘူး၊ ဆုံးမပြီးတော့ ပဲ့ပြင်လာတာ။ ခေါးများပဲ့နေရင် ပြင်ပေးသလို၊ ဖြောင့်ဖြောင့်ဖြဖြ လုပ်ခဲ့တယ်။ ပဲ့ပဲ့ပြင်ပြင် လုပ်ခဲ့တယ်။ မကောင်းတာ တွေကိုသွန်ပြီး ကောင်းတာတွေ သင်ပေးခဲ့တယ်၊ သွန်သင်ပေးခဲ့တယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့ရဲ့ ဂုဏ်ကျေးဇူး တွေကို အာလမ္ဗ= စွဲမှီရခြင်းကြောင့်၊ အာလမ္ဗ= အမှီတကဲ သဟဲပြုရ ခြင်းကြောင့်၊ ဤဒိသုံ သုခံ= ရတနာသုံးစုံ ကျေးဇူးဂုဏ်ကို တလုံလဲလဲ စိတ်၌စွဲ၍ အမြဲအောက်မေ့နေရခြင်းဟု ဆိုအပ်သော သိက္ခာသုံးခန်း အကျင့်လမ်းကို ဖြည့်စွမ်းရခြင်းလျှင် အကြောင်းရင်းရှိသော ပီတိ ပဿဒ္ဓိ နှစ်ဖြာယှဉ်ဖက် ပါသည့် ချမ်းသာသုခ အဝဝကို၊

အရှင်ဘုရားများ အခုလို လက်တွေ့မျက်တွေ့ တရားအား ထုတ်နိုင်တာဟာ သာမန်ကြည့်မယ်ဆိုရင်တော့ ကလေးဝတောရ ဆရာတော်ကြောင့် တပည့်တော်တို့ ချမ်းချမ်းသာသာ တရားအား ထုတ်နိုင်တယ်လို့ နီးတဲ့အကြောင်းကို ကြည့်ရင် ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်က တရားအားထုတ်ခွင့်ရအောင် စီမံလိုက်တာတွေ ကျေးဇူးတင်ဖို့ ကောင်းပါတယ်လို့ ပြောကြမှာပဲ။ ဒါပေမယ့် ပင်ရင်းတော့ မကျဘူး။

အရင်းကျတာက သစ္စာလေးပါးကို သိမြင်တော်မူတဲ့ ဗုဒ္ဓဘုရား။ ဗုဒ္ဓဟောတော်မူတဲ့ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန် ဆယ်တန်သော တရားတော်။ အဲဒီကနေပြီး အရှင်ဘုရားတို့ တပည့်တော်တို့ မိဘတွေ

ဘိုးဘွားတွေ ကျေးဇူးတော်ရှင် သံဃာတော် လယ်တီဆရာတော် ဘုရားကြီး အစရှိတဲ့ ဆရာတော်ကြီးများရဲ့ အာနုဘော်အဟုန်ကို အရှင်ဘုရားတို့ တပည့်တော်တို့ အမှီတကဲ သဟဲပြုရတဲ့အတွက် ကြောင့်မို့ တပည့်တော်များလဲပဲ ဩော် လယ်တီဝိပဿနာ ပြန့်ပွား အောင် နေ့စဉ်နေ့စဉ် ဆောင်ရွက်ခွင့်ရခဲ့ပါတယ်။

အရှင်မြတ်များလဲ ဘုရား တရား သံဃာ မိဘ ဆရာသမား များရဲ့ ဂုဏ်ကျေးဇူးတွေကို မှီခိုရတဲ့အတွက် အခုလို အားထုတ်ပြီး မကြာမီ အချိန်တွင်းမှာ ရှေးကထက်ပိုပြီးတော့ ဖြန့်ဝေနိုင်တော့မှာပါပဲ။

သင်တန်းတက်တဲ့ ဆရာတော်များက အမိန့်ရှိကြတယ်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓနည်းကျ ဝိပဿနာတရားတွေ ဖြန့်ဝေတာ နောက်ကျတယ်တဲ့။ မှန်ပါတယ် ဘုရား။ ဆောင်ရွက်လိုစိတ်ရှိတာကတော့ ရှေးနှစ်ပေါင်း (၂၅)နှစ် လောက်က စတင်ဖြစ်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်လိုစိတ် ရှိသော်လဲပဲ အခါအခွင့် မသင့်သေးတဲ့အတွက်ကြောင့်ပါပဲ။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းကြမယ့် ဒကာ၊ ဒကာမများ အမှီလဲလိုပါသေးတယ်။ တပည့်တော်တို့ရဲ့ ပင်မ လယ်တီနိကာယမှာ သီတင်းသုံးတော်မူတဲ့ ဆရာတော်ကြီးများရဲ့ ဆန္ဒတော်ကလဲ လိုပါတယ်။ ကြည်သာရွှင်ပြ ခွင့်ပြုကြဖို့ကလဲ လိုပါသေးတယ်။

အဲဒီ အဲဒီလို အကြောင်းအချက်တွေကို စောင့်ဆိုင်းပြီးတော့ အခု အခွင့်ရတာနဲ့ ဘုရားတပည့်တော်တို့ ကြိုးစားပြီး ဆောင်ရွက်နေပါ တယ်။ (၈၄)ကြိမ်တိုင်တိုင် ဘုရားတပည့်တော်တို့ တရားစခန်း ဖွင့်နိုင်ခဲ့ပါပြီ။ ဘုရားတပည့်တော်တို့ နေ့စဉ်နေ့တိုင်း လုပ်နေတဲ့

လုပ်ငန်းလျှောက်ထားရမယ်ဆိုရင်တော့ ကမ္ဘာအေး နိုင်ငံတော်သံဃမဟာနာယကမှာ တွဲဖက်အကျိုးတော်ဆောင် (၁)ဘဝနဲ့ ဆောင်ရွက်ပြီးနေရတော့ ရုံးလုပ်ငန်း အလုပ်တွေကိုလဲ တပည့်တော်ကြိုးစားဆောင်ရွက်ပါတယ်။

နံနက်ပိုင်းမှာ သဒ္ဒါနဲ့ဆိုင်တဲ့စာဝါ၊ အဘိဓာန်၊ အလင်္ကာကျမ်းစာ ဝါ (၂)ဝါ ချပို့ပြီးတော့၊ နေ့ပိုင်းကျတော့ သံဃမဟာနာယကရဲ့ လုပ်ငန်းတွေ သွားလုပ်ပါတယ်။ အဲဒီကပြန်လာတော့၊ ညနေပိုင်းမှာ ညဝါပို့ချပြီး အရှင်မြတ်များစီ တရားဟောဖို့ လာခဲ့ပါတယ်။

တရားစခန်းမှာ သမထပိုင်းမှာ သိပ်မဟောချင်ဘူး။ ဘာပြုလို့လဲဆိုတော့ သမာဓိထူထောင်တဲ့နေရာမှာ သတိနဲ့ဝီရိယက အဓိကဖြစ်ပါတယ်။

ဝိပဿနာပိုင်းရောက်သွားတော့ ပညာက အဓိကဖြစ်ပါတယ်။ များများစားစားမဟောသင့်ပါဘူး။ မနက်ဖြန် အခြား အခမ်းအနားလေးတွေရှိနေတော့ ဝိပဿနာကူးတဲ့အခါ မလာနိုင်မှာစိုးလို့။ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာပညာ အရေးကြီးပုံ၊ နတ်သားတစ်ယောက် သတိပေးပုံ ပြောကြားချင်တာနဲ့ ဒီနေ့လာတာပါပဲ။ အထူးမှာကြားချင်တာက တရားစခန်းပွဲတိုင်းမှာ (၂၅)မိနစ်ထက်ပိုပြီး တရားမဟောသင့်ဘူးဘုရား။ တစ်ချို့က ကမ္မဋ္ဌာနာစရိယများက (၁)နာရီလောက် ကြာအောင်ဟောလို့ ယောဂီများ တရားအားထုတ်ချိန်နည်းလို့ စိတ်ပျက်၊ မသက်မသာဖြစ်ရတတ်ပါတယ်ဘုရား။

တပည့်တော်တို့ ကျေးဇူးတော်ရှင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ရဲ့ ဂုဏ်ကျေးဇူးတွေဟာ အင်မတန်ကျေးဇူးများပါတယ်။ တရားစခန်း အချိန်တိုင်း အချိန်တိုင်းမှာ အနန္တော အနန္တငါးပါး ဦးထိပ် ထားပြီးတော့ တရားသိမ်းတဲ့အချိန်တိုင်း အချိန်တိုင်းလဲ အနန္တော အနန္တ ငါးပါးရှိခိုးပြီးတော့မှ တရားသိမ်းတာပါပဲ။ အဲဒါကို ကျူးရင့်တဲ့ အနေအားဖြင့်-

ဤဒိသံသုခံ= ရတနာသုံးစုံ ကျေးဇူးဂုဏ်ကို တလုံလဲလဲ သတိစွဲ၍ အမြဲအောက်မေ့ခြင်းနှင့်တကွ သီလ သမာဓိ ပညာ သိက္ခာသုံးခန်း အကျင့်လမ်းကို ဖြည့်စွမ်းရခြင်းလျှင် အကြောင်းရင်း ရှိသော ပီတိပဿဒ္ဓိ နှစ်ဖြာယှဉ်တွဲပါသည့် ချမ်းသာသုခ အဝဝကို၊ အလတ္ထံ ပုဗ္ဗေစကတ= ပုညသမ္ပတ္တိ စက်ကောင်းမိ၍ ရရှိထင်ရှား ခံစားရပေပြီ။

နော= တပည့်တော်တို့၏၊ သတ္ထုသမ္ပဒါ= ထိုမိကောင်း ဖကောင်း ဆရာကောင်းတို့ကို ခညောင်းခိုလှုံ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး တည်းဟူသော ထိုထိုဆရာတို့၏ ပြည့်စုံခြင်းသည်၊ မိကောင်း ဖကောင်းတို့နဲ့ တွေ့ဖို့ကလဲ အရေးကြီး တယ်။ လောကအနေနဲ့ သိပ်ချမ်းသာပါတယ်ဆိုတဲ့ အမေရိကန်၊ အင်္ဂလန်တို့မှာ သွားဖြစ်ရင် ဘုရားဖူးမြင် ရရင်တောင် လက်အုပ်ချီဖို့ ခက်ပါတယ်။ နေရာကအရေးကြီးပါတယ်။ မိဘကလဲ အရေးကြီး ပါတယ်။

တပည့်တော်တို့ ကျောင်းတိုက်မှာ နယ်စပ်ဒေသကလေးတွေ ပညာသင်ပေးမယ်ဆို စုစည်းပါတယ်။ အဲဒီလို စုစည်းတဲ့အခါ နတ်ကိုးကွယ်တဲ့ သူတို့ကို ကိုရင်ဝတ်၊ သီလရှင်ဝတ်ခိုင်းလို့ ရပါတယ်။

အခြားဘာသာကြီးတွေ ကိုးကွယ်တဲ့ ပုဂ္ဂိုလ်များကျတော့ ကိုရင်ဝတ်ဖို့ သီလရှင်ဝတ်ဖို့ သိပ်မလွယ်ပါဘူး။ နှစ်တိုင်း နှစ်တိုင်း နတ်ကိုးကွယ်တဲ့ ကျောင်းသား/ကျောင်းသူ အခြားဘာသာကိုး ကွယ်တဲ့ ကျောင်းသားကျောင်းသူ (၃၀၀)လောက်တော့ တိုးပါတယ်။

တစ်ချို့ကို ရှင်ပြု/သီလရှင် ဝတ်ပေးပါတယ်။ အချို့ဘာသာ ကြီး ကိုးကွယ်ကြတာကျတော့ ရှင်ပြုပေးလို့လဲ မရ၊ သီလရှင်ဝတ်လို့လဲ မရပါဘူး။

မောင်တို့ မယ်တို့ အခြားဘာသာ ကိုးကွယ်တာတော့ ဟုတ်ပြီ။ အဲဒီဘာသာနဲ့ ပတ်သက်လို့ ဘယ်လောက်နားလည်ကြသလဲ။ အထူး သဖြင့် ပြောမယ်ဆိုရင် မြန်မာပြည်မှာ မင်းတုန်းမင်းကြီး ရှိစဉ်ထဲက လာပြီး စည်းရုံးတဲ့ပုဂ္ဂိုလ်တွေရှိတယ်။ တရားဟောဆရာ ယုဒသာန် ဆိုတာ ရှိတယ်။ အင်မတန် ဇွဲကောင်းပါတယ်။ အတုယူဖို့လဲ ကောင်းတယ်။

မြန်မာပြည်လာပြီး တရားဟောတာ (၅)နှစ်ကြာမှ ခရစ်ယာန် ဘာသာယူတဲ့လူ ဦးနော တစ်ယောက်ပဲ ရပါတယ်။ ဒါကြောင့် ရန်ကုန်မြို့၊ ကျုံးကြီး လမ်းမှာ “ဦးနော အောက်မေ့ဖွယ်ရာ” ဆိုတဲ့ ဦးနောဂုဏ်ပြု ထားတဲ့ အဆောက်အဦရှိတယ်။

အဲဒါ မြန်မာပြည်က ပထမဆုံး ခရစ်ယာန်ဖြစ်တဲ့ “ဦးနော” ပါပဲ။ အဲဒီသွားကြည့်ရင် အနှစ် (၂၀၀)မကျော်သေးပါဘူး။ ခရစ်ယာန် မြန်မာပြည်ထဲ ရောက်လာတာ အနှစ် (၂၀၀)မကျော်သေးဘူး။

အခြားအခြားဘာသာတွေလဲ အနှစ် (၂၀၀)မကျော်သေး ပါဘူး။ ဗုဒ္ဓဘာသာက ဘယ်တုန်းကရောက်သလဲဆိုရင် ဗုဒ္ဓဘာသာ ကတော့ ရွှေတိဂုံဘုရားကြီး ဌာပနာထားတဲ့ ဆံတော်များဆိုရင်

ဘုရားဖြစ်ပြီး လပိုင်းအတွင်း ရောက်လာတယ်။

မုံရွာက ဆရာတော်တွေ ပိုသိပါတယ်။ ယင်းမာပင်နားက အလောင်းတော်ကဿပ၊ ဒီထက်စောပြီး ပြောမယ်ဆိုရင် မြတ်စွာဘုရား ရှစ်ဝါရက ကိုယ်တော်တိုင် ကျိုက်ထီးရိုးဆံတော်ရှင် အစရှိတဲ့ ဆံတော်ရှင် (၆)ဆူ ချီးမြှောက်တာတို့ ရှိနေတော့ ခြေတော်ရာချပြီး ဝါ(၂၀)မှာ ကိုယ်တိုင်ကြွပြီး ချီးမြှောက်တာတို့ မြန်မာနိုင်ငံ သာသနာ ရောက်တာ စောပါတယ်။

ကမ္ဘာ့ဘာသာကြီးတွေက အင်အားအမျိုးမျိုးကောင်းတာကြောင့် ကျော်လွှန်ဖို့ အလွန်ခက်တယ်။ မြန်မာနိုင်ငံမှာ ဘုန်းတော်ကြီးများက ဟိုစဉ်က ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်ကြဘူး။

ချင်းတောင်တို့ ကချင်ပြည်နယ်တို့ဆိုရင် စာကစပြီး ခရစ်ယာန်ဘုန်းကြီးများက စီမံထားတဲ့စာ၊ ကချင်စကား၊ ကချင်စာဆိုတာ သာသနာ ပြုခရစ်ယာန် ဘုန်းကြီးတစ်ပါး စီမံသင်ပေးခဲ့တဲ့စာ။

ယခင်က တောင်တန်းတွေပေါ်ကို ဗုဒ္ဓဘာသာ ဘုန်းကြီးများ မတက်နိုင်ကြဘူး။ အခုအခါမှာ တက်တန်သလောက် တက်ပြန်တော့လဲ အခြား အခြားဘာသာကြီးများရဲ့ စွမ်းဆောင်ချက်က တပည့်တော်တို့ထက် ပိုအားကောင်းပါတယ်။ ကမ္ဘာမှာ ခရစ်ယာန်ဘာသာဝင် (၃၃)ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာဝင် (၁၉)ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာဝင် (၁၃)ရာခိုင်နှုန်း ရှိပြီး ဗုဒ္ဓဘာသာဝင်(၆)ရာခိုင်နှုန်းမျှ ရှိပါတယ်။

အခု နတ်ကိုးကွယ်သူတွေ ရှင်ပြုဖို့၊ သီလရှင်ဝတ်ဖို့ စည်းရုံးရတာ လွယ်သော်လဲပဲ အခြားအခြား ဘာသာဝင်တွေကျတော့ ခက်တယ်။ တစ်ခါ ချင်းတောင်ကလာတဲ့ ကျောင်းသားလေးယောက်

ကို ရှင်ပြုပြီး၊ ကလေးမလေး (၂)ယောက်ကို သီလရှင်ဝတ်ပေးမလို့။ ကဲ သူတို့စိတ်သက်သာတဲ့အခါကျမှ ဝတ်ပါတော့ဆိုပြီးထားတာ၊ အဲဒီ ချင်းတောင်ကပဲ အရွေးချယ်ခံ အမတ်တစ်ယောက်က ကမ္ဘာ့အဖွဲ့ အစည်းများသို့ တိုင်တဲ့အထိ ဖြစ်ခဲ့ဖူးတယ်။

လူ့ဝတ်နဲ့ ဒီအတိုင်းထားရတဲ့ ကျောင်းသား၊ ကျောင်းသူတွေ ထိုက်တန်သလောက်တော့ရှိတယ်။ ဆိုလိုတာကတော့ တပည့်တော် တို့ အရှင်မြတ်တို့က မိကောင်းဖကောင်း ဆရာကောင်းနဲ့တွေ့ခဲ့လို့၊ မိကောင်းဖကောင်း ဆရာကောင်းနဲ့ မတွေ့ခဲ့ရင် အရှင်ဘုရားတို့ တပည့်တော်တို့ တစ်မျိုးဖြစ်မှာပါပဲ။

သတ္တုသမ္ဘဒါ မိကောင်းဖကောင်း ဆရာကောင်းတို့ကို ခညောင်းခိုလှုံ ကျေးဇူးတော်ရှင် လယ်တီဆရာတော် စသော ထိုထိုဆရာတော်တို့၏ ပြည့်စုံခြင်းသည်၊ အဟော မနုဿတ္တ ဒုလ္လဘကို အရတော်စွာ အကျိုးရ၍ ကောင်းမြတ်တင့်တယ် သြော် ဝမ်းမြောက်ဖွယ်ကြီးပါတကား။

အဟော ပဗ္ဗဇ္ဇိတ ဒုလ္လဘကို အရတော်လှ အကျိုးရ၍ ကောင်းမြတ်တင့်တယ် သြော် ဝမ်းမြောက်ဖွယ်ကြီးပါတကား။

သာဓု - သာဓု - သာဓု

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ
လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ

## လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသ

ဟောကြားတော်မူသော
ဆရာဖြစ်သင်တန်း (၁၀)

ဆရာတော် သံဃာတော် အရှင်မြတ်များနဲ့ ယောဂီသူတော်စင် အပေါင်းတို့ တပည့်တော်တို့ သာသနာနဲ့ပတ်သက်တဲ့ ကုသိုလ်ပြုတိုင်း ပြုတိုင်း-

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။

သံဃာတော်အရှင်မြတ်များက ဖြစ်စေ၊ ဒကာ ဒကာမတို့က ဖြစ်စေ “ဤကောင်းမှုသည် အာသဝေါကုန်ရာကုန်ကြောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ပါစေ”လို့ ဆုတောင်းပြီး ကုသိုလ်ပြုကြတယ်။

အာသဝက္ခယဉာဏ်ဆိုတာ ဘယ်လိုဟာမျိုးလဲ။ ရဟန်းတော်အရှင်မြတ်များနှင့်တကွ ယောဂီသူတော်စင်များအားလုံးဟာ အာသဝက္ခယဉာဏ်ရဖို့ရာ တတွတ်တွတ် ဆုတောင်းပြီးတော့ လာခဲ့ကြတော့ အခြေအမြစ်နှင့်တကွ သိထားကြဖို့ လိုအပ်ပါတယ်။

အာသဝက္ခယဉာဏ်ရဲ့ အရက မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ပါပဲ။

- အာသဝေါတရားတို့ကို ကုန်စေတတ်သော မဂ်ဉာဏ်သည် အာသဝက္ခယဉာဏ်၊
- အာသဝေါတရားတို့ ကုန်ပြီးရာ ဖိုလ်ဉာဏ်သည် အာသဝက္ခယဉာဏ်၊
- အာသဝေါတရားတို့ ကုန်ရာနိဗ္ဗာန်သည် အာသဝက္ခယဉာဏ်၊

ဒါကြောင့် -

ဣဒံမေ ပုညံ အာသဝက္ခယံ ဝဟံဟောတု။

ဤကောင်းမှုသည် မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တရားထူးသို့ ပို့ဆောင်နိုင်ပါစေဆိုတာနဲ့ အာသဝက္ခယဉာဏ်ရောက်အောင် ရွက်ဆောင်နိုင်ပါစေဆိုတာ အတူတူပါပဲ။

တတ္ထ ကတမံ အာသဝက္ခယဉာဏံ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၈၅ ခုနှစ်ခန့်က သုံးလောကထွဋ်ထား မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှာ ဟောတော်မူတဲ့ ဒုတိယမြောက် ဝိဘင်းကျမ်းမှာ ဉာဏဝိဘင်းဆိုတာ ပါရှိတယ်။

အဲဒီ ဉာဏဝိဘင်းမှာ "တတ္ထကတမံ အာသဝက္ခယဉာဏံ" စသည် ဟောထားပါတယ်။ အာသဝက္ခယဉာဏ် ဆိုတာဘာလဲ။

ဘုရားရှင် ကိုယ်တော်တိုင် တာဝတိံသာနတ်ပြည်မှာ မေးပြီးတော့ အပြည့်အစုံ ဖြေထားတာက "ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ"။ ဘုံသုံးပါးမှာဖြစ်တဲ့ ဤရုပ်တရား နာမ်တရားများဟာ ဒုက္ခပဲလို့ (ဆင်းရဲတာ အမှန်ပဲလို့) ဟုတ်တိုင်းမှန်စွာ သိ၏။

"အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ"။ တဏှာဟာ ဒုက္ခဖြစ်ကြောင်းပဲလို့ ဟုတ်တိုင်းမှန်စွာ သိ၏။ "အယံ ဒုက္ခ နိရောဓောတိ ယထာဘူတံ ပဇာနာတိ"။ ဤနိဗ္ဗာန်သည် ဒုက္ခချုပ်ရာဟု ဟုတ်တိုင်းမှန်စွာသိ၏။

"အယံ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ"

ဤမဂ္ဂင် (၈)ပါး အကျင့်တရားသည် နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်တဲ့ အကျင့်တရားလို့ ဟုတ်တိုင်းမှန်စွာ သိ၏။

သစ္စာလေးပါးနဲ့ ပတ်သက်ပြီးတော့ သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်ရတဲ့ဉာဏ်ကို အာသဝက္ခယဉာဏ်လို့ ခေါ်တယ်။ ဒီနည်းအတိုင်း ဖွင့်ဆိုမှု အသုံးပြုမှု အသိရှိမှု နည်းပါးပါတယ်။

အခု အဲဒီဉာဏ်ရရှိဖို့အတွက် အားထုတ်နေကြတာပါပဲ။ နောက်တစ်နည်း-

ဣမေ အာသဝါတိ ယထာဘူတံ ပဇာနာတိ။

ဤလောဘ ဒိဋ္ဌိ မောဟတွေဟာ အာသဝေါတရားတွေလို့ ဟုတ်တိုင်းမှန်စွာ သိတယ်။

အယံ အာသဝသမုဒယောတိ ယထာဘူတံ ပဇာနာတိ။

ဤတဏှာသည် အာသဝဖြစ်ဖို့ရာ အကြောင်းဖြစ်တယ်လို့ ဟုတ်တိုင်းမှန်စွာ သိတယ်။

အယံ အာသဝနိရောဓောတိ ယထာဘူတံ
ပဇာနာတိ။

ဤနိဗ္ဗာန်တရားတော်သည် အာသဝချုပ်ရာလို့ ဟုတ်တိုင်းမှန်စွာ သိတယ်။

အယံ အာသဝနိရောဓ ဂါမိနီ ပဋိပဒါတိ ယထာဘူတံ
ပဇာနာတိ။

ဤမဂ္ဂင် (၈)ပါး ကျင့်စဉ်ဖြစ်သော လမ်းကောင်းအကျော် လမ်းမတော်ကြီးသည် အာသဝေါတရားတို့ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သောလမ်းစဉ်လို့ ဟုတ်တိုင်းမှန်စွာ သိတယ်။

ဒီဉာဏ်သည် အာသဝက္ခယဉာဏ်၊ အာသဝေါတရားတို့နဲ့ ပတ်သက်ပြီးတော့ သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်ရတဲ့ ဉာဏ်ကို အာသဝက္ခယဉာဏ်၊ ဒီနည်းကိုတော့ ဖွင့်ဆိုမှု အသုံးပြုမှု များပါတယ်။

တာဝတိံသာနတ်ပြည်မှာ ဟောတဲ့ဝိဘင်းပါဠိတော်မှာ ဒီလို ဟောကြားတော်မူခဲ့တယ်။ ဒါကြောင့် သစ္စာလေးရပ် တရားမြတ်တွေ သိပြီးတော့ သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်ရတဲ့ဉာဏ်ကို အာသဝက္ခယ ဉာဏ်။ အဲဒီဉာဏ်က ဘယ်ဉာဏ်လဲလို့ ဆိုတော့ မဂ်ဉာဏ်ပါပဲ။ ဖိုလ်ဉာဏ်ကတော့ သိပြီးသားဖြစ်နေပြီ။ နိဗ္ဗာန်ကတော့ ဒုက္ခတဏှာ ကုန်ရာပါ။

ဒါကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုးပါးလုံးပင် အာသဝက္ခယဉာဏ် ဖြစ်ပါတယ်။ သစ္စာလေးပါးနဲ့ ပတ်သက်ပြီး သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်ရတဲ့ဉာဏ်ကို အာသဝက္ခယ ဉာဏ်။

အာသဝေါတရားတွေနဲ့ ပတ်သက်ပြီး သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရတဲ့ဉာဏ်ကို အာသဝက္ခယဉာဏ်၊ အာသဝေါနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာ (၆)မျိုး၊

အာသဝါဝေဒိတဗ္ဗာ= အာသဝေါတရားတို့ကို သိသင့်တယ်၊ သိအောင် လုပ်ကြရမယ်။

အာသဝရဲ့အဓိပ္ပါယ်က တပည့်တော်များ အရှင်မြတ်များ သင်ဖူးထားတဲ့ အာသဝဂေါစ္ဆက "အာသဝါဓမ္မာ နောအာသဝါ ဓမ္မာ"။

အာသဝါ= အာသဝါ= အာသဝမည်ကုန်သော၊ ဒါလောက်နဲ့ အဓိပ္ပါယ် မသိနိုင်သေးဘူး။ အာသဝါ= ကြာမြင့်စွာထုံအပ်သော၊ အရက်နှင့်တူကုန်သော၊ ကြာမြင့်စွာထုံအပ်တဲ့ အရက်နဲ့တူတယ်။ အာသဝရဲ့ အမည်ရင်းကတော့ အာသဝ= စိမ်ရည်အရက်။

စိမ်ရည်အရက် သာမန်အရက်တော့ မဟုတ်ဘူး။ ပြင်းထန်တဲ့ စိမ်ရည်အရက်၊ ဒါဟာ အာသဝရဲ့ ဟောနက်ပါ။ စိမ်ရည်အရက်နဲ့တူတဲ့ တရားတွေလဲ အာသဝ။ အာသဝါ= အာသဝမည်ကုန်သော၊ အာသဝါ= ကြာမြင့်စွာထုံအပ်သော အရက်နှင့်တူကုန်သော၊ မုချ အာသဝ ဆိုတာ ကြာမြင့်စွာထုံအပ်တဲ့ စိမ်ရည်အရက်ပါပဲ။ သဒိသူပစာအားဖြင့် ယူတဲ့အခါ အာသဝဆိုတာ လောဘ၊ ဒိဋ္ဌိ၊ မောဟတွေပါပဲ။ အဲဒါ အာသဝေါတရားတွေပါ။

တစ်နည်းအားဖြင့် ညဝါကျမ်းပြုအကျော် ဆရာတော်ကြီးများက အနက်ပေးထားတာ (ဝါ) ဘုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်ကုန်သော၊ ယိုစီးတာဘယ်လောက် အထိလဲဆိုရင် ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ ဓမ္မအားဖြင့် မဂ်ရှေ့နားက ဂေါတြဘူတိုင်အောင် ယိုစီးတတ်ပါတယ်၊ ဖြစ်ပွားတတ်ပါတယ်။

ဒါကြောင့် "အာသဝါ ဝေဒိတဗ္ဗာ" အာသဝတရားတွေကို သိရမယ်တဲ့။ အရကောက်နဲ့ပြောရင် "လောဘ ဒိဋ္ဌိ မောဟ"။

သိတော်မူကြတဲ့အတိုင်း "ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ" ဆိုတဲ့ အာသဝေါလေးပါး၊ အရကောက်နဲ့ပြောတော့ (၃)ပါး တို့ကို သိရမယ်။

"အာသဝမည် သဒ္ဒါသည်ကား စိမ်ရည်အရက် ဟောင်းရင်းနက်တည်း မပျက်တမူ သဒိသူဖြင့် ညီတူကြံကာ သံသရာဝယ် ခန္ဓာကိုယ်ဆိုး အရက်အိုး၌ အခိုးပြင်းစွာ ထုံလျှက်ပါသည့် သုံးဖြာသဘော လောဒိဋ္ဌ မောကိုခေါ်လေ့ အာသဝ မည်နာမတည်း"။

သဒိသူပစာအားဖြင့် သံသရာမှာ ခန္ဓာကိုယ်ဆိုး အရက်အိုး၌ ခန္ဓာကိုယ်ကြီးက အရက်အိုးနဲ့ တူတယ်။ အခိုးပြင်းစွာထုံပြီးပါနေတဲ့ လောဘ၊ ဒိဋ္ဌိ၊ မောဟ၊ အဲဒီတရားဆိုး တရားပျက်တွေကို အာသဝလို့ ခေါ်ပါတယ်။

အာသဝါ ဝေဒိတဗ္ဗာ= အာသဝေါတရားတွေကိုလဲ သိရမယ်။

အာသဝါနံ နိဒါနံ ဝေဒိတဗ္ဗံ= အာသဝေါတို့ရဲ့အကြောင်းကိုလဲ သိရမယ်။ အာသဝါတို့ရဲ့ အကြောင်းက ဘာလဲဆိုရင် အဝိဇ္ဇာပဲ။ မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ ဆိုတဲ့ အဝိဇ္ဇာပါပဲ။

အာသဝါနံ ဝေမတ္တာ ဝေဒိတဗ္ဗာ= အာသဝေါတရားတို့ရဲ့ ထူးထွေ ကွဲပြား ခြားနားချက်ကို သိရမယ်။

ဘယ်လိုသိရမလဲဆိုတော့ ငရဲကိုရောက်စေတတ်တဲ့ အာသဝေါ တရားတွေ ရှိတယ်။ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ လူ့ဘုံ လူ့လောက၊ နတ်ဘုံ နတ်လောက၊ ဗြဟ္မာဘုံ ဗြဟ္မာလောက ရောက်စေတတ်တဲ့ အာသဝေါတရားတွေ ရှိတယ်။ အဲဒီလိုဆိုတော့

အာသဝေါတရားက ကွဲပြားခြားနား သွားကြတယ်။

- တစ်ချို့အာသဝေါတရားက ငရဲ
- တစ်ချို့အာသဝေါတရားက တိရစ္ဆာန်
- တစ်ချို့အာသဝေါတရားက ပြိတ္တာ
- တစ်ချို့အာသဝေါတရားက လူ့ဘဝ
- တစ်ချို့အာသဝေါတရားက နတ်၊ ဗြဟ္မာ

ရောက်စေနိုင်တယ်။

အာသဝါနံ ဝိပါကော ဝေဒိတဗ္ဗော= အာသဝေါတရားတို့ရဲ့ အကျိုးဆက်ကိုလဲ သိရမယ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေရဲ့ အကျိုးပေးဖြစ်တဲ့ ထိုထိုအတ္တဘောကို ဖြစ်စေခြင်းဟာ အာသဝတရားတို့ရဲ့ အကျိုးဆက်တရားပါပဲ။

အာသဝါနံ နိရောဓော ဝေဒိတဗ္ဗော။

အာသဝေါတရားတို့ရဲ့ချုပ်ရာကိုလဲ သိရမယ်။ အာသဝေါတရားတို့ရဲ့ ချုပ်ရာဆိုတာ ဘယ်လိုလဲ။ "အဝိဇ္ဇာနိရောဓာ အာသဝနိရောဓော" အဝိဇ္ဇာချုပ်ရင် အာသဝချုပ်တာပါပဲ။

အာသဝဂါမိနီပဋိပဒါ ဝေဒိတဗ္ဗာ။

အာသဝချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းတွေကိုလဲ သိရမယ်။ အာသဝချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဆိုတာ ဘာလဲ။

"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ" မဂ္ဂင် (၈)ပါးပါပဲ။

| | |
|---|---|
| သမ္မာဝါစာ<br>သမ္မာကမ္မန္တ<br>သမ္မာအာဇီဝ | } သီလမဂ္ဂင် (၃)ပါး |

| | |
|---|---|
| သမ္မာဝါယာမ<br>သမ္မာသတိ<br>သမ္မာသမာဓိ | သမာဓိမဂ္ဂင် (၃)ပါး |
| သမ္မာဒိဋ္ဌိ<br>သမ္မာသင်္ကပ္ပ | ပညာမဂ္ဂင် (၂)ပါး |

အဲဒီလို မဂ္ဂင်(၈)ပါးကို ကျင့်စဉ်နဲ့ အကျဉ်းချုံးလိုက်တဲ့အခါ "သီလ၊ သမာဓိ၊ ပညာ" သိက္ခာသုံးပါး ကျင့်စဉ်တရားပါပဲ။ သီလက တွန်းပို့လိုက်တဲ့ သမာဓိက အင်မတန်အားကောင်းတယ်။ သမာဓိက တွန်းပို့လိုက်တဲ့ ဝိပဿနာပညာက အင်မတန် အားကောင်းတယ်။

အခုအရှင်မြတ်များ ကျင့်သုံးရောက်ရှိနေတဲ့ ဝိပဿနာပညာသည် သီလ သမာဓိအဆင့်တွေ ကျော်လွန်လာခဲ့ပါပြီ။

အဲဒီ သီလသမာဓိပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားသည် "အာသဝနိရောဓ ဂါမိနီပဋိပဒါ"အာသဝေါတရား တို့၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်လို့ မြတ်စွာဘုရားက လမ်းပြဟော်မူတယ်။ ဒီအကျင့်အတိုင်း ဒီလမ်းအတိုင်း သွားနေကြတယ်

"ဣဒံမေ ပုညံ အာသဝက္ခယံ ဝဟံဟောတု" အာသဝေါတရား ကုန်ချင်တယ်။ အာသဝက္ခယဉာဏ် ရချင်တယ်။ ဘာလုပ်ကြမလဲ။

အာသဝက္ခယဉာဏ်ရချင်ရင်တော့ ဒီမဂ္ဂင်(၈)တန် အကျင့်မှန်နဲ့ သီလသမာဓိ အခြေခံပြီး ဝိပဿနာတရားကိုပဲ ကျင့်ရမှာပဲ။

သီလ သမာဓိ ပညာ ကျင့်စဉ်တရားအတိုင်းပဲ ကျင့်ရမယ်။ အလားတူပဲ ဩဃကုန်ချင်တယ်။ သဗ္ဗိုဟ် ပါပသင်္ဂဟမှာ ပြထားတဲ့

"အာသဝ ဩဃယောဂ၊

ဥပါဒါန်-နီဝရဏ အနုသယ သံယောဇဉ် ကိလေသာတွေ ကုန်ချင်တယ်ဆိုရင် ဒီမဂ္ဂင်ရှစ်ပါးပဲ ကျင့်ရမှာပါပဲ။

အာသဝက္ခယဉာဏ်ဆိုတာ အာသဝေါတရားတို့ကို ကုန်စေတတ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ပါပဲ။ အာသဝေါတရား ကုန်လို့ရှိရင် ဩဃ၊ ယောဂ၊ ဂန္ထစတဲ့ တရားဆိုး တရားပျက် တရားတွေလဲ ကုန်သွားတယ်။ ဒါကြောင့်-

ဩဃက္ခယဉာဏ်၊ ယောဂက္ခယဉာဏ်၊ ဂန္ထက္ခယဉာဏ်၊ ဥပါဒါနက္ခယဉာဏ် စသည် ဒီလိုသွားရမှာပါပဲ။ ဣဒံမေ ပုညံ ဩဃက္ခယဿ ပစ္စယော ဟောတု စသည် ဆုတောင်းပေးရမှာပါပဲ။

ဩဃသဒ္ဒါ ကြည့်ပြန်ပါတော့လဲ။

ဩဃသဒ္ဒါ ဟောရင်းမှာကား လွှမ်းကာဖိသတ် နှစ်မြှုပ်တတ်သည့် အရပ်ရပ်ပင် ရေအယဉ်တည်း။

ဩဃသဒ္ဒါက လွှမ်းကာဖိသတ်ပြီး နှစ်မြှုပ်တတ်တဲ့ ရေအယဉ်ပါပဲ။ ချောင်းရေ မြစ်ရေ ပင်လယ်ရေ အရပ်ရပ်သော ရေတွေ။

ဩဃ= ရေအယဉ်ပါပဲ။

ရေအယာဉ်ဟာ တကယ်တမ်း ကြောက်စရာမကောင်း သလိုပဲ။ လွန်ခဲ့တဲ့ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ (၂၆)ရက်တုန်းကတော့ ဆူနာမီရေ အယာဉ်ကြီးတွေ ပုတ်ခတ်လိုက်တဲ့ အခါကျတော့ လူပေါင်း (၂)သိန်း ကျော်လောက် တစ်ပြိုင်ထဲ သေရှာကြတယ်။

သြော် မြတ်စွာဘုရားက ဩဃကို ရေအယာဉ် ဥပမာပေးပြီး တော့ ဟောတာမှန်ပေသကိုး။ ပြင်းထန်ပေသကိုးလို့ တွေးမိပါတယ်။

"ဩဃသဒ္ဒါ ဟောရင်းမှာကား လွှမ်းကာဖိသတ် နှစ်မြှုပ် တတ်သည့် အရပ်ရပ်ပင် ရေအယာဉ်တည်း။ ဤတွင်တမူ သဒိသူဖြင့်

ညီတွင်ဆွယ်ညှို့ အပါယ်ထိအောင် မိမိကိန်းရာ သတ္တဝါကို လွှမ်းကာဖိသတ် နှစ်မြှုပ်တတ်သည် သုံးရပ်သဘော။ လောဒိဋ္ဌိမောကို ခေါ်လောဩဃ မည်နာမတည်း။”

ပကတိရေအယာဉ်ဟာ လွှမ်းကာဖိသတ် နှစ်မြှုပ်တတ်လို့ ကြောက်စရာကောင်းသလို မိမိကိန်းရာဖြစ်တဲ့ သတ္တဝါတွေကို အပါယ်လေးဘုံထိအောင် လွှမ်းကာဖိညှပ် နှစ်မြှုပ်တတ်တဲ့တရားတွေကို ဩဃ။

အဲဒီ ဩဃကို ကူးစေတတ်တဲ့ မဂ်ဉာဏ်ကူးပြီးဖြစ်တဲ့ ဖိုလ်ဉာဏ်၊ ကူးရာဖြစ်တဲ့ နိဗ္ဗာန်။

“ကြွဒံ မေ ပုည် ဩဃကွှယံ ဝဟံ ဟောတု”လို့တော့ ဆုမတောင်းကြဘူး။ တောင်းလို့ရှိရင်လဲ လျော်ကန်ညီညွတ်ပါတယ်။

ယောဂကျတော့လဲ ဒီအတိုင်းပဲ။ ယောဂဆိုတာ ယှဉ်စပ်တတ်တာ။ ဘာနဲ့ဘာ ယှဉ်စပ်တတ်သလဲ။ သုံးထပ်သား၊ ငါးထပ်သားများလို အသားချင်း ယှဉ်စပ်ပြီးထားသလို။

“ဝတ္ထုနှစ်ရပ် စေးဖြင့်ကပ်၍ ယှဉ်စပ်သည့်နှဲ့ ဝဋ်ဆင်းရဲ၌ မကွဲစိမ့်ငှာ မြဲစွာယှဉ်စပ် ကပ်ထားတတ်သည့် သုံးရပ်သဘော လောဒိဋ္ဌိမောကို ခေါ်လောယောဂ အမည်တည်း။”

သုံးထပ်သား၊ ငါးထပ်သားများ ယှဉ်စပ်ပြီးထားသလို ဝဋ်ဆင်းရဲနှင့် သတ္တဝါ သတ္တဝါနှင့် ဝဋ်ဆင်းရဲမပြတ်အောင် ယှဉ်စပ်ပြီးတော့ ပေးတတ်တယ်။

ဘယ်တရားတွေလဲဆို လောဒိဋ္ဌိမောပါပဲ။ ဒီတရားတွေ ပျောက်အောင် အားထုတ်နေကြတာ။ လောဘဒိဋ္ဌိ မောဟတရားထဲက ပထမဆုံးပျောက်ရမှာက ဒိဋ္ဌိ။ ဒီဒိဋ္ဌိပျောက်အောင် ဦးစားပေး

အနေအားဖြင့် ကြိုးစားနေကြတာ၊

တစ်ချိန်က သိကြားမင်းက ရင်ဝလှံစူး ဦးခေါင်းမီးလောင်နေတဲ့ ပုဂ္ဂိုလ်များ လှံကိုမနှုတ်သေးပဲ၊ မီးကိုမငြိမ်းသေးပဲနဲ့ ကာမရာဂကို ပယ်လှန် အားထုတ်သင့်ပါတယ်လို့ လျှောက်တော့ မြတ်စွာဘုရားက သိကြားမင်းရဲ့ စကားပြင်ပြီး ဟောပေးတယ်။

ရင်ဝလှံစူး ဦးခေါင်းမီးလောင်နေတဲ့ ပုဂ္ဂိုလ်ဟာ လှံကိုမနှုတ် သေးပဲ၊ မီးကိုမငြိမ်းသေးပဲ သက္ကာယဒိဋ္ဌိ ပျောက်အောင် အားထုတ်ရ မယ်လို့ ဒီလိုပြင်ပေးတော်မူတယ်။

နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာ ဟောတိ။

နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီးသိခြင်းဖြင့် သက္ကာယဒိဋ္ဌိကို ပယ်နိုင် တယ်။ အခု နာမ်ရုပ် ပိုင်းခြားသိအောင် ကြိုးစားနေကြတာပါပဲ။ တစ်နည်းအားဖြင့် ယောဂတရားကိုယ်သုံးပါးထဲက ဒိဋ္ဌိပယ်ဖို့ ကြိုးစား နေကြတာပါပဲ။ “ယောဂက္ခေမံ အနုတ္တရံလို့ အသုံးများပါတယ်။ ဣဒံမေ ပုညံ ယောဂက္ခယံ ဝဟံ ဟောတု” ဒီအသုံးကတော့ အသုံးနည်း သုံးခဲပါတယ်။

နောက်ဂန္ထတရားတဲ့။ သံကွင်းချင်းယှက်ပြီးတော့ ဖွဲ့နှောင်ပြီး ထားသလို ‘ရုပ်ကာယနဲ့ နာမ်ကာယ၊ နာမ်ကာယနဲ့ ရုပ်ကာယကို စုတိနဲ့ ပဋိသန္ဓေ၊ ပဋိသန္ဓေနဲ့ စုတိ ဆက်နှောင်ပြီး ချီတုတ်ထားတတ်တဲ့ တရားကို အမျိုးအစားအားဖြင့် (၄)မျိုး၊ တရားကိုယ်အားဖြင့် လော- ဒိဋ္ဌိ-မော။

“သံကွင်းချင်းယှက် ဖွဲ့နှောင်ယှက်သို့ နှစ်ချက်ကာယ နာမ်ရူပကို ဒုက္ခဝဋ်ငြိ မလွတ်ထိအောင် စုတိသန္ဓေ သန္ဓေစုတိ ဆက်နှောင်ဘိ မှတ်သိ ဂန္ထသဘောတည်း။”

ရုပ်ကာယ နာမ်ကာယကို ဒုက္ခမှမလွတ်အောင် စုတိက ပဋိသန္ဓေ ပဋိသန္ဓေက စုတိကြိုးနဲ့ ချီထားသလိုဖြစ်တယ်။

အဲဒီ ဂန္ထတရားတွေ ပ,ပျောက်ဖို့အတွက် အခုတရားအား ထုတ်နေကြတာပါပဲ။ ဆက်ပြီးပြောရင် ဥပါဒါန်၊ တရားကိုယ်တော့ မတူတတ်ဘူး။ "ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်"။ အဲဒီ ဥပါဒါန်လေးမျိုးထဲမှာ ဒိဋ္ဌုပါဒါန်နဲ့ သီလဗ္ဗတုပါဒါန် နှစ်ပါး ဗုဒ္ဓဘာသာများမှာ အစွဲသက်သာပါတယ်။

ကာမုပါဒါန်နဲ့ အတ္တပါဒုပါဒါန်အတွက် မဲတင်းကျင့်ကြရတာ ပါပဲ။ "ဖားကိုမြွေငန်း မြစ္စာဖမ်းသို့ စွဲလမ်းသမှု အာရုံပြု ဥပါဒါန်ဟု ခေါ်"။ သိတော်မူကြတဲ့အတိုင်း ဖားကို မြွေကဖမ်းသလို စွဲလမ်းတယ်။ ကာမဝတ္ထု ကာမအာရုံမှာလဲ စွဲလမ်းတယ်။

ဒိဋ္ဌုပါဒါန် အယူတစ်ခု စွဲမိပြီဆိုရင် မလွယ်ဘူး။ သီလဗ္ဗတုပါဒါန် ခွေးအကျင့်၊ နွားအကျင့်များကို အကျင့်ကောင်းလို့ ထင်မှတ်မိရင် ဖြေဖျောက်ဖို့ အင်မတန်ခက်တယ်။

အတ္တဝါဒုပါဒါန် အတ္တအစွဲကတော့ သက္ကာယဒိဋ္ဌိ နဲ့ အတူပါပဲ။ အခု အားထုတ်နေတာဟာ အတ္တဝါဒုပါဒါန် ပျောက်ဖို့ပါပဲ။ အတ္တဝါဒုပါဒါန်ပျောက်ဖို့ အားထုတ်နေကြတာပါ။ နီဝရဏအနုသယ ကိလေသာတွေ ပျောက်အောင်လဲ အားထုတ်ကြရတာပါပဲ။

မိမိတို့ဆုတောင်းလာခဲ့တဲ့ အာသဝက္ခယဉာဏ်။ အဲဒီ အာသဝက္ခယဉာဏ် ဘယ်လိုရအောင် အားထုတ်ကြမလဲဆိုတော့ ပထမဆုံး မြတ်စွာဘုရား တရားဦးဟောထားတဲ့ အရှင်ဘုရားတို့ တပည့်တော်တို့ ရထားတဲ့ မဂ္ဂင်(၈)ဖော် လမ်းကောင်းအကျော် လမ်းမတော်ကြီးအတိုင်း ကိုယ်တိုင်ကျင့်ကြံကြရမှာ။ ဗုဒ္ဓဘာသာတိုင်း

ဆုတောင်းနေကြတဲ့ "ဣဒံမေ ပုညံ အာသဝက္ခယံ ဝဟံဟောတု" အာသဝက္ခယဉာဏ် ရရှိတဲ့ ကုသိုလ်ဖြစ်ပါစေလို့ ဆုတောင်းကြတဲ့ အတိုင်း အာသဝက္ခယဉာဏ် ရရှိအောင် မဂ္ဂင်(၈)ပါး ကျင့်စဉ်တရားနဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားပဲ အားထုတ်ရမှာ ဖြစ်ပါတယ်။

မဂ္ဂင် (၈)ပါး ယာဉ်ရထားကြီးကိုစီးပြီး လောဘ ဒေါသ မောဟ အစရှိတဲ့ ဘေးရန်အန္တရာယ် သူပုန်သူကန်တွေကို နှိမ်နင်းပြီးတော့ အောင်ပွဲခံနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ တပည့်တော်ရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ**
**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကရေ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**ဆရာပြစ်သင်တန်း (၁၁)**

ယနေ့ သာသနာတော်နှစ် ၂၅၄၉၊ ကောဇာသက္ကရာဇ် ၁၃၆၇ခု၊ နယုန်လပြည့်ကျော် (၇)ရက်နေ့။

(၈၄)ကြိမ်မြောက် လယ်တီ(၇)ရက်တရားစခန်းနှင့် တွဲဖက်ပြီး လယ်တီကမ္မဋ္ဌာနာစရိယသင်တန်းမှာ အရှင်မြတ်များရဲ့ သင်ကြား အားထုတ်မှုဟာ မနက်ဖြန်ဆိုရင် ဆုံးခန်းတိုင်ရောက်ပါတော့မယ်။

မနက်ဖြန် အခမ်းအနားမှာ အကြောင်းအားလျော်စွာ မြဝတီ ရုပ်မြင်သံကြားက ဆရာဦးချစ်စံဝင်းနဲ့ အဖွဲ့က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ သမိုင်းကြောင်းကို မုံရွာမှာ

တစ်လကျော်ကျော် နေပြီး မှတ်တမ်းတွေရိုက်ခဲ့ပါတယ်။

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊ ဒလတောကြီးတန်း (တွံတေးတောကြီးတန်း) ကသစ်ကုန်းရွာအနီးက ဆပဂံတောရ၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သေကျွဲတောင်တောရ၊ ဘီးလင်းမြို့အနီး ကုသိနာရုံတောင်စခန်းတွေမှာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတောထွက်ပြီး တရားအားထုတ်တဲ့နေရာတွေ၊ တရားအားထုတ်ရင်းကျမ်းပြုစုခဲ့တဲ့ နေရာတွေမှ မှတ်တမ်းများတင်ပြီး တော်တော်ပြည့်ပြည့်စုံစုံ ရှိပါတယ်။

လာမည့် ဝါတွင်းမှာတော့ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ ဂန္ထဝင်သမိုင်းမှတ်တမ်း သံဃာ့ဂုဏ်ရည်မြတ်လယ်တီကို မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးဖို့ အစီအစဉ်ရှိပါတယ်။

တပည့်တော်များရဲ့ လယ်တီကမ္မဋ္ဌာနာစရိယ ဒုတိယအကြိမ်သင်တန်းကိုလဲ မနက်ဖြန်မှတ်တမ်းရိုက်မှာ ဖြစ်ပါတယ်။ မှတ်တမ်းတင်ဖို့ရာ စီစဉ်နေကြပါတယ်။

မကြာခင် အောင်ပွဲခံတော့မှာဆိုတော့ တပည့်တော်တို့မြတ်စွာဘုရားရဲ့ တရားတော်တွေ ပြန်ပြီးတော့ကြည့်မယ်ဆိုရင်အကြောင်းဆက် အကျိုးဆက်အားဖြင့် ဟောကြားထားတဲ့ဒေသနာတွေဟာ (၃)မျိုး ရှိပါတယ်။

၁။ ဓမ္မစကြာဒေသနာတော်

တရားဦးဒေသနာတော် ကြည့်မယ်ဆိုရင် အကြောင်းအကျိုးပါပဲ။ ဒုက္ခရဲ့အကြောင်းနှင့် ဒုက္ခ၊ နိဗ္ဗာန်ရဲ့အကြောင်းနှင့် နိဗ္ဗာန်၊ ဒီလိုခွဲခြားပြီး အကြောင်းအကျိုး ဆက်ပြီး ဟောကြားထားပါတယ်။

၂။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်
အကြောင်းနဲ့အကျိုး ဆက်ပြီးဟောထားခဲ့တယ်။

၃။ ပဋ္ဌာန်းတရားတော်ကလဲ အကြောင်းအကျိုး ဆက်ပြီးတော့ ဟောထားခဲ့တယ်။

## ဓမ္မစကြာ

အဲဒီလို ဟောကြားထားတော့ လူတိုင်းလူတိုင်း ဗုဒ္ဓဘာသာဝင်တိုင်း ရနေကြတဲ့ အကြောင်းအကျိုး ဆက်ပြီး ဟောကြားထားတဲ့ ဓမ္မစကြာတရားတော်ကို ခြုံပြီးတော့ ကြည့်မယ်ဆိုရင် -

၁။ ရှောင်ရန်လမ်းနှစ်မျိုးကို တွေ့ရပါတယ်။

၂။ လျှောက်လှမ်းရန် လမ်း(၈)သွယ်ကိုလဲ တွေ့ရပါတယ်။

၃။ သစ္စဉာဏ်ရဖို့ရန် မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

၄။ သစ္စဉာဏ်ရပုံ၊ ကိစ္စဉာဏ်ရပုံ၊ ကတဉာဏ်ရပုံများကို အပြန်သုံးပါး အချင်းအရာ (၁၂)ပါးနဲ့ ပြတော်မူပါတယ်။

ဒီလို ဟောကြားပြီးတော့ လောကမှာ ဘုရားလို့ သမ္မာသမ္ဗုဒ္ဓဘုရားလို့ ဝန်ခံတော်မူပုံ။ ခြုံပြီးကြည့်ရင် ဒီအချက်တွေ တွေ့ရမှာပါပဲ။

၁။ ရှောင်ရန်လမ်းက ဘာလဲ။

ရှောင်ရန်လမ်းက အစွန်းနှစ်သွယ်လမ်းပါပဲ။

"ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂါမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော"

ကမ္ဘာ့လူထုကြီးအများစုက ဒီလမ်းကိုပဲ အမြဲသွားနေကြတယ်။ မြတ်စွာဘုရားက အစွန်းထွက်တဲ့လမ်းပါတဲ့။ လက်ျာလမ်း အစွန်းထွက်

နေတယ်တဲ့ အာရုံငါးပါး ခံစားခြင်းဆိုတဲ့ ဒီလမ်း၊ အပြစ်အင်မတန်များတယ်။

ဟီနော= ယုတ်ညံ့သေးတိမ် မှေးမှိန်အောက်ကျပါတယ်။ ဂါမ္မော= ရွာသူရွာသားတို့ရဲ့ အကျင့်အကြံ ဖြစ်တယ်။ ပေါထုဇ္ဇနိကော= ကိလေသာထူ ပုထုဇဉ်တို့ရဲ့ လုပ်ငန်းကြီး၊ အနရိယော= ဒီလမ်းသွားနေလို့ကတော့ ဘယ်လိုမှကြည်လင်သန့်ရှင်း အပြစ်ကင်းတဲ့အရိယာ မဖြစ်နိုင်ဘူး။ အနတ္ထသံဟိတော= ပစ္စုပ္ပန်သံသရာ အကျိုးမဲ့နှင့်သာ စပ်နေပါတယ်။

အာရုံငါးပါး ကာမဂုဏ်ခံစားခြင်းဆိုတဲ့လမ်းဟာ အပြစ်(၅)မျိုးရှိတဲ့အတွက် မလျှောက်လှမ်းပါနဲ့။

မြတ်စွာဘုရား ဒီစကားလေးနဲ့ စတင်ခဲ့တာ။ လောကအနေနဲ့ ကြည့်လိုက်ပြန်တော့ အာရုံငါးပါးခံစားမှုတွေဟာ လွန်နေတယ်၊ မှွန်နေတယ်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက တစ်ချိန်က ပြောဖူးတယ်။ "ရန်ကုန်မြို့ကြီးကတော့ ကာမဂုဏ်မြို့ကြီးပါပဲ"တဲ့။ သူတို့ခေတ်က ဒါလောက်ထိအောင် ရန်ကုန်မြို့ မစည်ကားသေးဘူး၊ အဆန်းတကယ် အာရုံတွေ အခုလောက် မစုံသေးဘူး။

အခု ကမ္ဘာ့လူထုကြီးက ဒီအာရုံငါးပါးဆိုတဲ့လမ်းကိုပဲ လိုက်နေကြတယ်။ အဆင်းမျိုးစုံ- ရူပါရုံ၊ အသံမျိုးစုံ- သဒ္ဒါရုံ၊ အနံ့မျိုးစုံ- ဂန္ဓာရုံ၊ အရသာမျိုးစုံ- ရသာရုံ၊ အတွေ့အထိမျိုးစုံ- ဖောဋ္ဌဗ္ဗာရုံ၊ ဒီအာရုံငါးပါး ခံစားခြင်းဆိုတဲ့ အာရုံငါးပါးအတွက် ကြောင့်ကြစိုက်ခြင်းဆိုတဲ့ ဒီလမ်းကို ဘုရားရှင်က နိဗ္ဗာန်ရချင်က ရှောင်ပါတဲ့။ ဒီလမ်းဟာ လမ်းဆိုးပါပဲ။ အပြစ်များတဲ့ လမ်းပါ၊ ရှောင်ပါ။ ဥပမာ (၁၀)မျိုးနဲ့ အာရုံငါးပါး အပြစ်တွေကို ဟောတော်မူခဲ့ပါသေးတယ်။

“ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော”။

နောက်လမ်းတစ်မျိုး ရှိသေးတယ်။ ရေချိုးမီးလှုံ တုံးခုန်ဇယ်ခတ် ဆိုတဲ့ လမ်းမျိုး၊ တစ်နည်းအားဖြင့် ခွေးအကျင့်၊ နွားအကျင့်တွေ၊ နည်းမမှန် လမ်းမမှန်တဲ့ အကျင့်တွေ၊ အဲဒီအကျင့်တွေကလဲ -

ဒုက္ခော= ဆင်းရဲမယ်၊ အနရိယော= အဲဒီနည်းမမှန် လမ်းမမှန်တဲ့ အကျင့်တွေနဲ့သာဆိုရင် ဘယ်လိုမှမဖြူစင်နိုင်ပါဘူး။

အနတ္ထသံဟိတော= ပစ္စုပ္ပန်သံသရာ အကျိုးမဲ့ဖို့သာ ဖြစ်တယ်။ ဒါကြောင့် အဲဒီလမ်းဆိုးလမ်း လမ်းကြမ်းကို ရှောင်ပါ။ မြတ်စွာဘုရားက အပြစ်များတဲ့ ဒီလမ်း နှစ်လမ်းရှောင်ပါတဲ့။

မြတ်စွာဘုရား ဒီလမ်းနှစ်လမ်းကို ရှောင်စေပြီး ဘယ်လမ်းက သွားရမှာလဲ ဘုရားလို့လျှောက်တော့ “အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ”။ ဒါလမ်းမှန် လမ်းကောင်းအကျော် လမ်းမတော်ပဲ။ သွားစရာ လမ်းက (၈)မျိုးရှိတယ်။

| | |
|---|---|
| သမ္မာဝါစာမဂ္ဂင်<br>သမ္မာကမ္မန္တ<br>သမ္မာအာဇီဝ | သီလမဂ္ဂင် (၃)ပါး |
| သမ္မာဝါယာမ<br>သမ္မာသတိ<br>သမ္မာသမာဓိ | သမာဓိမဂ္ဂင် (၃)ပါး |
| သမ္မာဒိဋ္ဌိ<br>သမ္မာသင်္ကပ္ပ | ပညာမဂ္ဂင် (၂)ပါး |

အဲဒီ လမ်း(၈)သွယ်က သွားကြပါ၊ လျှောက်လှမ်းကြပါတဲ့။ အခု အရှင်မြတ်များ ဒီလမ်းရှစ်သွယ်အတိုင်း လျှောက်လှမ်းသွားနေ တာပါပဲ။

အဲဒီလမ်းက စက္ခုကရဏီ= ဉာဏ်မျက်စိလဲ ပေးနိုင်တယ်။ ဉာဏကရဏီ= ဉာဏ်တိုးပွားနိုင်ပါတယ်။ ဥပသမာယ= ကိလေသာ မလိမ်း ငြိမ်းနိုင်ပါတယ်။ အဘိညာယ= ဉာဏ်ထူးဉာဏ်မြတ် ရရှိနိုင်ပါတယ်။ သမ္ဗောဓာယ= အမှန်တရားတွေကို ထိုးထွင်းပြီး သိနိုင်ပါတယ်။ ကျကျနန သိနိုင်ပါတယ်။ နိဗ္ဗာနာယ= မီး(၁၁)မျိုး ငြိမ်းနိုင်ပါတယ်။

"စက္ခုကရဏီ၊ ဉာဏကရဏီ၊ ဥပသမာယ၊
အဘိညာယ၊ သမ္ဗောဓာယ၊ နိဗ္ဗာနာယ သံဝတ္တတိ"။

မဂ္ဂင်(၈)ပါး ခေါ်တဲ့လမ်းကောင်းအကျော် လမ်းမတော်ကြီး ဒီဂုဏ်(၆)မျိုးနဲ့ ပြည့်စုံတယ်။

၁။ စက္ခုကရဏီ- မျက်စိအမြင်ဟာ သာမန်မျက်စိအမြင် မဟုတ်ဘူး။ တရားကိုမြင်တဲ့ မျက်စိ။ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓဓမ္မံ" ဖြစ်သမျှတရားတွေဟာ ပျက်ကြမှာချည်းပဲလို့ မြင်တဲ့ဓမ္မစက္ခုစတဲ့ တရားမျက်လုံးကို ရစေနိုင်တယ်။

၂။ ဉာဏကရဏီ- သာမန်ဉာဏ် မဟုတ်ဘူး။ လောကလူတွေ သိနေတာထက် အဆပေါင်းများစွာ တိုင်းတာ၍မရနိုင်တဲ့ ဉာဏ်ထူး ဉာဏ်မြတ်ကို ရစေနိုင်တယ်။

၃။ ဥပသမာယ- လောကကြီးတစ်ခုလုံးဟာ ပူပန်ပြီးတော့ နေကြရတယ်။ မဂ္ဂင် (၈)ပါး ပွားမယ်ဆိုရင် ငြိမ်းချမ်းနိုင်တယ်။

၄။ အဘိညာယ- လောကကြီးတစ်ခုလုံးဟာ အသိထူး ဉာဏ်ထူး မရှိဘူး။ မဂ္ဂင်(၈)ပါး ကျင့်စဉ်တရားအတိုင်း သွားမယ်ဆိုရင် အသိထူး ဉာဏ်ထူးတွေ ရနိုင်တယ်။

၅။ သမ္ဗောဓာယ- သစ္စာလေးပါး အမှန်တရားတွေကို ရနိုင်တယ်။

၆။ မီး(၁၁)တန် ငြိမ်းနိုင်ပါတယ်။

- ရှောင်ရမည့်လမ်းက (၂)သွယ်၊
- လျှောက်ရမည့်လမ်းက (၈)သွယ်

ရှောင်ရမယ့်လမ်း (၂)သွယ်ထဲမှာ ပထမရှောင်ရမယ့်လမ်းက "ဟီနော ဂါမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော" အပြစ် အနာအဆာ (၅)မျိုးရှိလို့ ရှောင်ပါ။

ဒုတိယရှောင်ရမယ့်လမ်းက "ဒုက္ခော အနရိယော အနတ္ထ သံဟိတော" အပြစ်သုံးမျိုးရှိလို့ ရှောင်ပါ။

မဇ္ဈိမပဋိပဒါ= အလယ်တည့်တည့် သွားရမည့်လမ်းက (၈)သွယ်၊ အဲဒီလမ်း (၈)သွယ်ကတော့ ဂုဏ်(၆)မျိုးနဲ့ ပြည့်စုံလို့ လျှောက်လှမ်းပါ၊ သွားပါလို့ မြတ်စွာဘုရား မိန့်တော်မူပါတယ်။

အဲဒီကနေပြီး သစ္စဉာဏ်ရဖို့ အမှန်အတိုင်း အမှန်ကိုသိဖို့ရာ ဆိုတာ ဘာလဲ။ ဒုက္ခဆင်းရဲအမှန်ကို သိရမယ်။ ဒုက္ခဆင်းရဲဖြစ် ကြောင်းဆိုတာ သိရမယ်။ ဒုက္ခဆင်းရဲ ချုပ်ရာ အမှန်သိရမယ်။ ဒုက္ခဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းအမှန်ကို သိရမယ်။ အဲဒါကို "ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ"= ရဟန်းတို့ အရိယာဖြစ်အောင် ပြုတတ်တဲ့သစ္စာတရားတွေ ရှိတယ်။ အရိယာဖြစ်တဲ့ ငါဘုရားဟောကြားတဲ့ သစ္စာတရားတွေရှိတယ်။

တစ်နည်းအားဖြင့် ဒီတရားတွေကို သိရင် အရိယာဖြစ်နိုင်တဲ့ တရားတွေ။ အဲဒီတရားတွေက ဘာလဲဆိုတော့-

ဒုက္ခသစ္စာ- ဒုက္ခအမှန်ပါပဲ။ ငြင်းလို့မရပါဘူး။ ဒါကြောင့် မြတ်စွာဘုရားက သစ္စာလေးပါး ဟောတဲ့အခါမှာ နတ်ပြဟ္မာ ပရိသတ်တွေ မြောက်များစွာ လာကြ။ လာကြသော်လဲပဲ ဘယ်ရဟန်း၊ ဘယ်ပုဏ္ဏား၊ ဘယ်နတ်၊ ဘယ်ပြဟ္မာ၊ မြတ်စွာဘုရားဟောတဲ့တရား မမှန်ပါဘူးလို့ တုန့်ပြန်ငြင်းခုန်တာ၊ ကန့်ကွက်တာ မရှိခဲ့ပါဘူး။ အားလုံးထောက်ခံကြ၊ ကျေနပ်ဝမ်းမြောက်ကြတယ်။ ဒုက္ခတွေက ဘာတွေလဲဆိုတော့-

(၁) ဇာတိပိဒုက္ခာ= ဖြစ်ရတာဟာ ဒုက္ခပဲ။ ပဋိသန္ဓေနေခြင်း ဖြစ်ရတာလဲဒုက္ခပါပဲ။ ခွေးဘဝ, ဝက်ဘဝ, လူဘဝ စတာတွေ အားလုံး ဖြစ်ရတာဒုက္ခတွေချည်းပါပဲ။

(၂) ဇရာပိဒုက္ခာ= အိုရခြင်းလဲဒုက္ခ၊ ဆွေးမြေ့ယိုယွင်း အိုမင်းတာ အိုမင်းမစွမ်းဖြစ်တာ မဆင်းရဲပါဘူးလို့ ဘယ်သူမှမပြောနိုင်ပါ။ မငြင်းနိုင်ပါ။

(၃) ဗျာဓိပိဒုက္ခော= ကြင်နာကိုက်ခဲ ရောဂါစွဲရတာလဲ ဒုက္ခ။

(၄) မရဏမ္ပိဒုက္ခံ= ဇီဝိန်ပြတ်ကင်း သေရခြင်းဟာလဲ ဒုက္ခ။

(၅) အပ္ပိယေဟိသမ္ပယောဂေါဒုက္ခော= မိမိမကြိုက်တဲ့ သဘောမကျတဲ့ အဆင်းအသံအနံ့ စသည်တို့နဲ့ တွေ့ကြုံဆုံစည်းနေရတာလဲ ဒုက္ခ။

(၆) ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော= မိမိကြိုက်နှစ်သက် သဘောကျတဲ့ အဆင်း အသံ အနံ့ စသည်တို့နဲ့ ခွဲခွာနေရခြင်းဟာလဲ ဒုက္ခ။

(၇) ယံ ပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခံ= မိမိက မအိုချင်ဘူး၊ မနာချင်ဘူး၊ မသေချင်ဘူးလို့ တောင့်တတယ်၊ မစိုးရိမ်ချင်ဘူး၊ မပူပန်ချင်ဘူးလို့ တောင့်တတယ်၊ မရဘူး။ အဲဒါ ယံ ပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခံ ပါပဲ။

ဒီ (၇)မျိုးက ထင်ရှားတဲ့ ဒုက္ခတွေ။ အဲဒီဒုက္ခတွေ ပိုင်းခြားသိရမယ်။

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

စောစောက ဒုက္ခ (၇)မျိုးကတော့ တစ်ခါတစ်ရံ သာမန်လူလဲ သတိမူလျှင် သိနိုင်ပါတယ်။ အကျဉ်းချုပ်အားဖြင့် စွဲလမ်းစရာဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့သည် ဒုက္ခ၊ အပါကဋဒုက္ခ မထင်ရှားတဲ့ဒုက္ခ။

အပါကဋ- မထင်ရှားတဲ့၊ တစ်နည်းအားဖြင့် ဖုံးလွှမ်းပြီးတော့ ထားတယ်။ ပဋိစ္ဆန္န ဒုက္ခ= သာမန်နဲ့ မမြင်နိုင်ဘူး။ အခု အရှင်ဘုရားများ လယ်တီကမ္မဋ္ဌာနာစရိယသင်တန်းတက်ပြီး "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"တဲ့။ ဒီဒုက္ခကို မြင်အောင် ကြည့်ရမှာပါပဲ။

ရုပ်တရား နာမ်တရား ဒီခန္ဓာငါးပါး ဆိုတဲ့ဒုက္ခ၊ ဒီဒုက္ခက သာမန်နဲ့မမြင်နိုင်ပဲကိုး။ ဒါမြတ်စွာဘုရား တရားဦးဟောတော်မူတဲ့ နေရာလေးမှာ အမှန်ဒုက္ခနှင့် ပတ်သက်၍ သစ္စညာဏ်အောင် ဟောတော်မူခဲ့ပြီ။ ဒုက္ခတွေ သရုပ်နဲ့ ရှေးဦးစွာထုတ်ပြီးတော့ ပြရတာက "လောကီဘုံဝယ် သာယာဖွယ်ဟု တာတွယ်လေငြား ဝေနေများကို တရားသံဝေ ရပစေဟု ထွေထွေဒုက္ခ ဦးစွာပြ၏။"

သံဝေဂဇနနတ္ထံ = သံဝေဂရဖို့ ဒုက္ခတွေကို ဦးစွာထုတ်ပြ ဟောတော်မူတယ်လို့ အဋ္ဌကထာက ဖွင့်ပြတယ်။ အဲဒီ ဒုက္ခတွေကို

မြတ်စွာဘုရားက ကိစ္စဉာဏ် ဟောတဲ့အခါမှာ ပရိညေယျ တရား တွေတဲ့ ဒီဒုက္ခတွေက ပိုင်းခြားပြီး သိရမယ်။ ပိုင်းပြီးတော့၊ ခြားပြီးတော့ သိကြရမယ်။ သာမန်နဲ့သိဖို့ မလွယ်တဲ့ အတွက်ကြောင့် ယခုတရား အားထုတ်ကြရတာ ဖြစ်ပါတယ်။

အဲဒီတော့ သရုပ်နဲ့ထုတ်ပြတဲ့ ဒုက္ခတွေ၊ သရုပ်ထုတ်ပြရင် ကုန်နိုင်မှာ မဟုတ်ဘူး။ တန်ချိန်ဖွဲ့လို့ မရတဲ့ဒုက္ခတွေ၊ လက်တွေ့တော့ ဖြစ်တာပဲ။ သို့သော် ဉာဏ်နဲ့မြင်ဖို့ခက်တယ်။

"လက်တွေ့မျက်မြင် ဖြစ်ရအင်ကို ဆင်ခြင်စဉ်းစား သတိထားမှ တရားသံဝေ ရကောင်းချေ၏"

လက်တွေ့ဖြစ်နေတာပဲ။ သတင်းစာထဲမှာ တစ်နေ့တစ်နေ့ သေနေတဲ့ဒုက္ခ တွေ့နေတာတွေ လူ(၃၀)လောက်၊ တကယ်တမ်း တော့လဲ မကပါဘူး။ များဖို့သာရှိတယ်။

ကမ္ဘာ့လူထုကြီး အကြောင်းအမျိုးမျိုးနဲ့ သေကြ၊ ကျေကြ။ သေနည်းလေးမျိုးထဲက တစ်မျိုးမျိုးနဲ့ သေကြတာ အင်မတန်များပြားပါ တယ်။ သို့သော် သတိထားမိတဲ့ ပုဂ္ဂိုလ်က အင်မတန်နည်းပါတယ်။ ဒါကြောင့် သေခြင်းဟာ ရိုးရိုးလေးနဲ့ ဆန်းတဲ့တရားလို့ မုံရွာမြို့၊ အဂ္ဂမဟာပဏ္ဍိတ မြို့မရွှေဂူဆရာတော်ဘုရား မိန့်ဆိုပါတယ်။

"လောကီဘုံဝယ် သာယာဖွယ်ဟု တာတွယ်လေငြား ဝေနေများကို တရားသံဝေ ရပစေဟု ထွေထွေဒုက္ခ ဦးစွာပြ၏"

ဒုက္ခတွေ ထုတ်ပြတယ်။ ဒါတပည့်တော်တို့ ငယ်ငယ်ထဲက ရနေတဲ့လင်္ကာ။ သို့သော် တော်တော်နဲ့ သဘောမပေါက်နိုင်ဘူး။

ဓမ္မစကြာအသင်းတွေ၊ ဝတ်အသင်းတွေ ဝတ်ရွတ်ကြတယ်။ ရွတ်တော့ ရွတ်နေကြတာပဲ။ ပရိယတ္တိဗဟုလပုဂ္ဂိုလ်တွေ၊

သင်္ခါရဗဟုလ ပုဂ္ဂိုလ်တွေ၊ ပညတ္တိဗဟုလပုဂ္ဂိုလ်၊ ဝိတက္ကဗဟုလ ပုဂ္ဂိုလ်တွေတော့ ဖြစ်တယ်။ သို့သော်လဲ ဓမ္မစကြာတရားနဲ့ ငါနေမယ် ဆိုရင် ဘယ်လိုနေရမှာလဲ။ အရှင်ဘုရားတို့ အခုအားထုတ်လာကြတဲ့ လမ်းစဉ်အတိုင်း နေကြရမှာပဲ။

မဂ္ဂင် (၈)ပါး သရုပ်လဲသိတယ်။ သဘောလဲ သိတယ်။ ဘယ်လိုလျှောက်လှမ်းရမလဲ။ အခုအားထုတ်နေတဲ့ နည်းနိဿယ အတိုင်း လျှောက်လှမ်းရမှာပဲ။ ဒါမဂ္ဂင်တရား လက်တွေ့၊ သစ္စာတရား လက်တွေ့ ကျင့်သုံးနေတာပဲ။

အဲဒီဒုက္ခတွေ ဘာကြောင့်ဖြစ်သလဲ။ "ဣဒံခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ" ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ အရိယာသစ္စာ တရား။ အရိယသစ္စာဖြစ်တဲ့ ဒုက္ခဖြစ်ကြောင်းတရား။ ဒါကို မြင်လို့ရှိရင် အရိယာ ဖြစ်နိုင်တယ်။

"ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ

တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ"၊ ဒုက္ခဖြစ်ကြောင်း တရားဟာ တဏှာ ပါပဲ။ တဏှာဆိုတာ အာရုံထင်က မြင်သမျှမှာ မဝတမ်း လိုက်စားနေတဲ့ လောဘတရားကို ခေါ်တာပါပဲ။

အဲဒီ လောဘတဏှာသည် ပေါနောဗ္ဘဝိကာ= ဘဝသစ်ကို ဖြစ်စေ ပါတယ်။ မှန်ပါတယ်။ ဘဝတစ်ခုဖြစ်ရင် ဘဝနိကန္တိက လောဘဇောဟာ ရှေးဦးစွာ ဖြစ်ပါတယ်။ ဘဝကို သာယာတဲ့ လောဘဇောက အရင်ဆုံး ဖြစ်တာပါပဲ။

ပေါနောဗ္ဘဝိကာ= ဘဝသစ်ကို ဖြစ်စေတတ်ပါတယ်။ နန္ဒီရာဂ သဟဂတာ= တပ်မက်ခြင်း၊ သာယာခြင်းနဲ့တကွ ဖြစ်တယ်။

တတြတတြာ ဘိနန္ဒိနီ= ထိုထိုဘုံဘဝမှာ တပ်မက်တတ်တယ်။ တစ်နည်းအားဖြင့် ထိုထို အဆင်းအသံ စတဲ့အာရုံမှာ တပ်မက်တတ်တယ်။ အင်မတန်နိမ့်ကျတဲ့ ဘဝရောက်နေရင်လဲ တပ်မက်မောနေတာပဲ။ ဆိုကြပါစို့ ခွေးလေးတစ်ကောင်က ခွေးဘဝ မပျော်ပါဘူးလို့ မရှိဘူး။ တဏှာရဲ့သဘောပဲ။ခွေးဘဝမှာ ပျော်လို့ပါပဲ။

တတြတတြာ ဘိနန္ဒိနီ= အဆင်း, အသံ, အနံ့ စသည့် အာရုံငါးပါးနဲ့လဲ ပျော်လို့။ အဲဒါကို "တတြတတြာ ဘိနန္ဒိနီ" ထိုထိုအာရုံ ထိုထိုဘုံဘဝမှာ ပျော်နေတာဟာ တဏှာပါပဲ။ အဲဒီ တဏှာသည် ဒုက္ခဖြစ်ဖို့ပါပဲ။

အမျိုးအစားအားဖြင့်တော့ "ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာ"လို့ အာရုံငါးပါးအပေါ် တွယ်တာတဲ့ ကာမတဏှာ၊ သဿတဒိဋ္ဌိနှင့် တကွဖြစ်တဲ့ ဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်တဲ့ ဝိဘဝတဏှာ အကျဉ်းချုပ်အားဖြင့် (၃)မျိုး၊ အကျယ်အားဖြင့် (၁၀၈)ပါး။

"တဏှာသုံးတန် တည်ထားပြန်၊ အာ,ကာ,သန်နှင့် မြောက်၊
တဏှာအစစ် တစ်ရာ့ရှစ်၊ ဖြစ်၏လူမှာရောက်" ဆိုတဲ့အတိုင်း ကမ္ဘာ့လူထုကြီး ဖြစ်ပြီးနေကြတာ ဘာဖြစ်နေသလဲ။ ဒုက္ခဖြစ်နေတာ တစ်ကမ္ဘာလုံး (၃၁)ဘုံသားတွေအားလုံး ဒုက္ခဖြစ်နေတာအားလုံး ဒုက္ခသည်တွေချည်းပါပဲ။ ဒုက္ခနာမ်ရုပ် ဖြစ်နေတာ။

ဘာကြောင့်လဲ လောဘတဏှာ အခြေခံထားပါတယ်။ ဒါကြောင့် "လောကီဘုံဝယ် သာယာဖွယ်ဟု တာတွယ်လေငြား ဝေနေများကို တရားသံဝေ ရပစေဟု ထွေထွေဒုက္ခ ဦးစွာပြ၏"။

"ဒုက္ခသောင်းပြောင်း တရားပေါင်းလဲ အကြောင်းမဲ့စွာ မဖြစ်ရှာရှင့်"။

ဒုက္ခတွေ တန်ချိန်ဖွဲ့လို့မရတဲ့ ဒုက္ခတွေ၊ မရေမတွက်နိုင်တဲ့ ဒုက္ခတွေ ဘာကြောင့်ဖြစ်သလဲ။

"ဒုက္ခသောင်းပြောင်း တရားပေါင်းလဲ အကြောင်းမဲ့စွာ မဖြစ်ရှာရှင့်၊ မဟာဗြဟ္မာ့ ထာဝရဟု ဘုရားတစ်သင်း မဖန်ဆင်းတည်း"။

အချို့ပုဂ္ဂိုလ်များက ဗြဟ္မာမင်းကြီးတွေက ဖန်ဆင်းတာ၊ အချို့ပုဂ္ဂိုလ်တွေက ဘုရားက ဖန်ဆင်းတာ၊ အဲဒီလို ယူကြတယ်။

ဗုဒ္ဓတရားတော်ကတော့ "မဟာဗြဟ္မာ့ ထာဝရဟု ဘုရားတစ်သင်း မဖန်ဆင်းတည်း ထန်ပြင်းသော့သွမ်း တဏှာစွမ်းကြောင့် ဗရမ်းဗတာ ဖြစ်ကြရာဟော သမုယယော"တဲ့။ အင်မတန်ပြင်းထန်တဲ့ အားကောင်းတဲ့ တဏှာရဲ့အစွမ်းကြောင့် ဒုက္ခတွေ ဖြစ်တာပါပဲ။ ဒုက္ခရဲ့အကြောင်းကို မြတ်စွာဘုရားက သိတော်မူတယ်။

ဒါဖြင့် ဒုက္ခနဲ့ဒုက္ခအကြောင်းတော့သိပြီ။ ဒုက္ခဆင်းရဲချုပ်ရာ မရှိတော့ဘူးလား ဆိုတော့ "က္ကဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနလယော"။

အဲဒီ တဏှာအားလုံး ချုပ်သွားတဲ့နေရာဟာ "ဒုက္ခနိရောဓ သစ္စာ"။

"ဒုက္ခသောင်းပြောင်း တရားပေါင်းလဲ အကြောင်းမဲ့စွာ မဖြစ်ရှာရှင့်၊ မဟာဗြဟ္မာ့ ထာဝရဟု ဘုရားတစ်သင်း မဖန်ဆင်းတည်း၊ ထန်ပြင်းသော့သွမ်း တဏှာစွမ်းကြောင့် ဗရမ်းဗတာ ဖြစ်ကြရာဟော သမုဒယော"တဲ့။

"သုံးလောကတွင် ဒုက္ခထင်၍ လွတ်ခွင်ထွက်ရာ ရတက်ဖြာသော် ဤဟာဧကန် ချမ်းသာမှန်ဟု ခေမံနိရောဓ သုံးကြိမ်ပြ၏"။

တဏှာကုန်တဲ့နေရာ ချမ်းသာတယ်။ လောဘကုန် တဲ့နေရာ၊ ဒေါသကုန်တဲ့နေရာ၊ မောဟကုန်တဲ့နေရာ၊ အဲဒီနေရာ အဲဒီချမ်းသာသည် နိရောဓသစ္စာပဲ။

လောကထဲမှာ ဒုက္ခထင်လို့ ဘယ်နေရာများ ချမ်းသာမလဲလို့ ရှာတော့ သုံးကြိမ်မြောက်မှာ နိရောဓသစ္စာကို တွေ့တယ် ဟောတော်မူတယ်။

"နိဗ္ဗာနနန်း ရောက်ဖို့မှန်းက"

"ကတမံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ၊ သေယျထိဒံ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ"။

နိဗ္ဗာန်ရောက်ဖို့ မှန်ကန်တဲ့ လမ်းကြောကိုပြစမ်းပါဆိုရင် "အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"။

နိဗ္ဗာနနန်း ရောက်ဖို့မှန်းက ဤလမ်းဖြင့်တက် ဤမဂ်ကိုပွား နိဗ္ဗာန်ဆိုတဲ့ ငြိမ်းချမ်းရေးမြို့တော်ကြီး ရောက်ချင်တယ်ဆိုရင် ဒီလမ်းက တက်၊ ဒီမဂ်ကိုပွား "နိဗ္ဗာနနန်း ရောက်ဖို့မှန်းက ဤလမ်းဖြင့်တက် ဤမဂ်ကိုပွား"။

အဲဒီတော့ နိဗ္ဗန်ရောက်ချင် ဘယ်လမ်းကသွားရမလဲ။ ဒီလမ်းက သွား။ သိပ္ပံပညာရှင်တွေ ပထဝီပညာရှင်တွေ ဆွဲမပြနိုင်တဲ့ မြေပုံကတော့ နိဗ္ဗာန်မြေပုံပဲ"။

လွန်ခဲ့တဲ့ ၂၅၉၃ ခုနှစ်က ဖွင့်တော်မူခဲ့တဲ့ မြတ်စွာဘုရားရဲ့ နိဗ္ဗာန်မြေပုံ တပည့်တော်တို့ မြန်မာနိုင်ငံမှာ မပျောက်သေးပါဘူး။

မပျောက်တာကလဲ တဖြည်းဖြည်း လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့လို့ မြတ်စွာဘုရားရဲ့ နိဗ္ဗာန်မြေပုံဟာ မပျောက်သေးပါဘူး။ မြေပုံမှန်ရမှ လမ်းမှန်မှာပါပဲ။ မြေပုံက အင်မတန် အရေးကြီးပါတယ်။

မြေပုံကြည့်သွားရတယ်။ ကောင်းကင်မှာသွားနေတဲ့ ပုဂ္ဂိုလ်တွေလဲ ကောင်းကင်မြေပုံနဲ့ သွားကြရတယ်။ မြေပုံမှန်ဖို့လိုတယ်။ မြေပုံကြည့်တာလဲ မှန်ဖို့လိုတယ်။

"နိဗ္ဗာနနန်း ရောက်ဖို့မှန်းက ဤလမ်းဖြင့်တက် ဤမဂ်ကိုပွား မိန့်သည့်လားသို့ လေးပါးမြောက်တွင် မဂ်လမ်းထွင်သည် ဟောစဉ်လက်ရိုး ဆူဆူတည်း"။

သိတော်မူကြတဲ့ အပိုင်းလေးကို ပြန်ပြီးပြောကြတာပါပဲ။ မြတ်စွာဘုရား သစ္စဉာဏ်ရဖို့ ဟောတာပါပဲ။

မြတ်စွာဘုရားက သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်။ ဒုက္ခသစ္စာကို အမှန်သိတယ်။ ငါဘုရားကတော့ ဒုက္ခသစ္စာဟာ ပိုင်းခြားသိရမယ့် ပရိညေယျတရား၊ အဲဒီ ပိုင်းခြားသိရမယ့် ဒုက္ခသစ္စာကို ပရိညာတံ= ပိုင်းခြားသိပြီးပြီ။

စောစောကပြောတဲ့ သမုဒယသစ္စာကျတော့ သမုဒယသစ္စာ အမှန်ကိုလဲသိပြီ။ အဲဒီသမုဒယ ပယ်ရမည့်တရားလို့လဲ သိပြီ။ ငါဘုရား ပယ်ပြီးပြီ။ နိရောဓသစ္စာ နိဗ္ဗာန်သစ္စာအမှန်ကို သိတယ်။ နိရောဓသစ္စာ နိဗ္ဗာန်မျက်မှောက်ပြုရမည့်တရား ဖြစ်တယ်။ ငါဘုရား မျက်မှောက်ပြုပြီးပြီ။

မဂ္ဂသစ္စာ လမ်းမှန်ကိုသိတဲ့ သစ္စဉာဏ်လဲရပြီ။ အဲဒီလမ်းမှန် (၈)မျိုးကတော့ ပွားများရမှာ။ "ဘာဝေတဗ္ဗ"= ဖြစ်စေရမယ်။ သူ့ဟာသူ ဖြစ်လာတာ မဟုတ်ဘူးတဲ့။ ဖြစ်စေရမယ်၊ ဖြစ်စေအပ်တယ်။ ဒါကို ပွားများတယ်။ ဒါကို တရားအားထုတ်တယ်တဲ့။ တရားအားထုတ်တယ်ဆိုတာ မိမိသန္တာန်မှာ တရားအားကို ထုတ်ယူတာပါပဲ။

- သဒ္ဓါဆိုတဲ့ တရားအား၊
- ဝီရိယဆိုတဲ့ တရားအား၊
- သတိဆိုတဲ့ တရားအား၊
- သမာဓိဆိုတဲ့ တရားအား၊
- ပညာဆိုတဲ့ တရားအားတွေကို ထုတ်ယူရတာ။

ပွားများအပ်တဲ့တရား၊ ပွားများဆိုတာ ဘယ်လိုဟာလဲ ဆိုတော့ "ဖြစ်စေအပ်သောတရား" ဘယ်တရားလဲ။ လျှောက်လှမ်းရမယ့်တရားက ဘယ်တရားလဲ။

ဟူ ဘူ သိ ဌာ ဤလေးဖြာ ဗလာကံမရှိ ဆိုတဲ့အတိုင်း ဘူဓာတ်ကလဲ ကံမဲ့ဓာတ်ပဲ၊ အင်မတန် ကျယ်ဝန်းပါတယ်။ အဲဒီမဂ္ဂင်ရှစ်ပါး တရားလဲ ပွားများပြီးပြီတဲ့။

မြတ်စွာဘုရားက သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် အပြန်သုံးပါး ရရှိပြီးတဲ့အတွက် ငါဟာသမ္မာသမ္ဗုဒ္ဓ ဆိုတဲ့ အမည်တော်ကြီးကို ခံယူတယ်။ နာမည်တော်အမှန်ပါပဲ။ ဦးဇိနေ၊ ဦးခီဏာသဝ စတဲ့ နာမည်တွေကတော့ ကောင်းလို့ သုံးစွဲမှည့်ခေါ်ကြတာပါပဲ။

သစ္စာလေးပါး အကျဉ်းချုပ် ဟောတာပါပဲ။ သစ္စာလေးပါး တရားကို မြတ်စွာဘုရားက တရားဦးဟောခဲ့တယ်။ (၄၅)ဝါ ဟောကြားထားတဲ့ တရားတော်တွေ ကျယ်ဝန်းချင်သလောက်

ကျယ်ဝန်းပါစေ။ 'စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ' ဆိုတဲ့အတိုင်း သစ္စာလေးပါးမှ လွတ်တဲ့ တရားမရှိဘူး။

တပည့်တော်တို့ ဓမ္မစကြာတရားတစ်ပုဒ် သဘောပေါက်ကျင့်ကြံ ကြိုးကုတ်အားထုတ်နိုင်ရင် နိဗ္ဗာန် ရောက်နိုင်တာပါပဲဘုရား။ ပဥ္စဝဂ္ဂီငါးဦးနှင့် ပြဟ္မာ (၁၈)ကုဋေတို့ အရိယာဖြစ်ကြတာ သက်သေပါပဲဘုရား။

သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး**
**ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ**
**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကရေ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**ဆရာဖြစ်သင်တန်း (၁၂)**

တပ်ကုန်းမြို့ ငွေတောင်တောရ အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ ကျေးဇူးတော်ရှင် ဆရာတော်ဘုရား ကိုယ်တော်တိုင် ကြွရောက် ချီးမြှောက်တဲ့အတွက် အင်မတန်ဝမ်းမြောက်ပါတယ်။

ဝမ်းမြောက်ကြောင်း လျှောက်ပြီးတော့ တပည့်တော်တို့ ယနေ့ လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း တက်ရောက်ပြီး အောင်ပွဲဆင်ကြတဲ့ အရှင်မြတ်များကို ဂုဏ်ပြုခြင်းနဲ့ ပတ်သက်ပြီးတော့၊

ပထမဆုံး မှီရာတည်ရာ ကောင်းပုံပြောကြားလိုပါတယ်။

တပည့်တော်တို့ လွန်ခဲ့တဲ့ ၂၅၉၃ နှစ်တာ ကာလက ပွင့်တော်မူ ခဲ့တဲ့ ဗုဒ္ဓဘုရားရဲ့လမ်းစဉ်ဟာ တပည့်တော်တို့ မြန်မာနိုင်ငံ မြန်မာ့နယ်မြေမှာ မပျောက်မပျက်ပဲ တည်ရှိပြီးတော့ နေတဲ့အတွက် ယခုလို သမဏဓမ္မခေါ်တဲ့ ရဟန်းတရားများ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းများ အားထုတ်ခွင့်ရပါတယ်။

အဲလို အားထုတ်ခွင့်ရကြတော့ မှီရာတည်ရာ အနေအားဖြင့် ကိုယ်စားတော် ဓမ္မစေတီ ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ ပါဠိတော် အဖွင့်ကျမ်းဖြစ်တဲ့ အဋ္ဌကထာ ဋီကာများဟာ အရှင်မြတ်များရဲ့ အထူးမှီရာ အားကိုးရာ ဖြစ်ပါတယ် ဘုရား။

နောက်ဆက်ပြီး ပြောမယ်ဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၉နှစ်က ဖြစ်ထွန်းပေါ်ပေါက်တော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာ တော်ဘုရားကြီးဟာ ၂၀ ရာစုအတွင်းမှာ ဒကာ ဒကာမများ ကမ္မဋ္ဌာန်း တရား အားထုတ်တတ်အောင်လို့ ဦးဆောင်တော်မူခဲ့တဲ့ ဆရာတော် ဘုရားကြီး ဖြစ်ပါတယ်။

ဒါကြောင့် တပည့်တော်တို့ ဖွင့်ပွဲနေ့က လျှောက်ထားခဲ့သည့် အတိုင်း မန္တလေး ကင်းဝန်မင်းကြီးအိမ်တော်မှာ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့အား "အာနာပါန အခြေခံပြီး အတ္တာဒိဋ္ဌိ ပြုတ်အောင် သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောကြားတော်မူခဲ့တဲ့ သမထ ယာနိက ကျင့်စဉ်ကို ပြလာခဲ့တဲ့ နှစ်တစ်ရာပြည့်"လို့ တပည့်တော် လျှောက်ထားခဲ့ပါတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးတည်း ဟူသော ဒုတိယမှီရာကြီး အရှင်ဘုရားတို့ တပည့်တော်တို့ ရရှိခဲ့ကြပါ တယ်ဘုရား။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး

လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ပြသထားခဲ့တဲ့ နည်းနိဿယအတိုင်း ယခုတိုင်တည်ရှိပြီတော့ တပည့်တော်များ ယခုတိုင် အားထုတ်ကြိုးစားခွင့် ရရှိခဲ့ပါသည်ဘုရား။

ဒီနေရာမှာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး တည်းဟူသော မှီရာပုဂ္ဂိုလ်ကြီးကို မှီတာထက် ဆရာတော်ဘုရားကြီးရဲ့ ကိုယ်ပွားထားရှိခဲ့တဲ့ ဒီပနီကျမ်းတစ်ရာကျော်၊ ကမ္ဘာမှာ ဗုဒ္ဓနဲ့ ပတ်သက်တဲ့ ကျမ်းတစ်ရာကျော် ရေးသားထားနိုင်တဲ့ ပုဂ္ဂိုလ်အင်မတန်ရှားပါတယ်။

အရှင်ဘုရားတို့ အနယ်နယ် အရပ်ရပ်မှာ တရားဓမ္မများ ပြသကြတော့မယ်ဆိုရင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဒီပနီကျမ်းစာများဟာ မှီရာ၊ အားကိုးရာ လက်ကိုင်အဖြစ်နဲ့ တရားပြတော်မူကြပါ။

ဒီနေ့ ကမ္မဋ္ဌာနာစရိယ သင်တန်းဆင်းပွဲမှာ ဘုရားတပည့်တော် ဒီရိပ်သာကြီးမှာ ဟောကြားထားတဲ့ တရားစာအုပ်များ အထူးသဖြင့် လယ်တီဝိပဿနာ တရားစာအုပ် ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ (၄)အုပ် လှူဖို့အစီအစဉ်ပါဘုရား။

အဲဒီ အစီအစဉ်မှာ ပထမတွဲကတော့ ချဉ်စုကုမ္ပဏီ ဩစတြေးလျနိုင်ငံမှာရှိတဲ့ ဆေးကျောင်းသူ 'အေမီလင်း'က ပထမတွဲ၊ စတုတ္ထတွဲစာအုပ် (၁၀၀၀)ရိုက်ပြီး လှူဒါန်းထားတဲ့ အတွက်ကြောင့် အခုတစ်ခါထဲလှူပြီး ဖြစ်ပါတယ်ခင်ဗျား။

လယ်တီဝိပဿနာ ဒုတိယတွဲနှင့် တတိယတွဲလှူဖို့ (၁၀၀၀)စီ (၂၀၀၀)ထပ်မံရိုက်နေပါတယ်ဘုရား။

သို့သော်လဲ မပြီးမသတ်သေးပါဘူး။ အဲဒီ (၂၀၀၀)ကတော့ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့် (အငြိမ်းစား)၊ ဒကာမကြီး ဒေါ်ခင်ချိုဦးတို့က စာအုပ် (၂၀၀၀) သုံးဆယ်လေးသိန်းအကုန်ခံပြီးတော့ ရိုက်နှိပ်ဆဲဖြစ်ပါတယ်ဘုရား။ ဒီစာအုပ်များကို အရှင်ဘုရားတို့နဲ့ နီးစပ်ရာမှ တစ်ဆင့် ရောက်အောင်လှူဒါန်းပါမယ်လို့ လျှောက်ထားပါတယ်ဘုရား။ ဖွင့်ပွဲတုန်းက စီဒီခွေကိုလဲ လှူဒါန်းပါတယ်ဘုရား။ အောင်ပွဲစီဒီခွေကိုလဲ ရောက်အောင်ပို့ပေးမှာ ဖြစ်ပါတယ်ဘုရား။

ဟိုဘက်က ယပ်တောင်ကတော့ စင်ကာပူနိုင်ငံ ဓာတ်တော်တိုက် မေတ္တာစင်တာ ဓမ္မမိတ်ဆွေများက ယပ်တောင်ကို လှူဒါန်းပါသည်ဘုရား။

အဲဒီတော့ တပည့်တော်တို့ မှီရာတည်ရာအနေနဲ့ ပြောမယ်ဆိုရင် ရှေးဦးစွာ ဘုရားတည်းဟူသော မှီရာ၊ ဘုရားစကားတော်တည်းဟူသော မှီရာ၊ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော် ဘုရားကြီးတည်းဟူသော မှီရာ၊ လယ်တီဆရာတော်ဘုရားကြီးရဲ့ ဒီပနီကျမ်းများဆိုတဲ့ မှီရာကြီးများက တပည့်တော်တို့ရဲ့ ရိပ်သာများမှာ အဓိကမဏ္ဍိုင်ကြီးများ ဖြစ်ပါတယ်ဘုရား။

တပည့်တော် ဖောက်သည်ချဟောထားတဲ့ လယ်တီဝိပဿနာများက ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကြီးများကို ကြည့်ရှုရန် အခြေအနေ အချိန်အခါမပေးတဲ့ ကမ္မဋ္ဌာနာစရိယများ မှီခိုဖို့အတွက် အားထားဖို့အတွက် တပည့်တော်များ ထုတ်ဝေခြင်းပါဘုရား။

အဲဒီ စာအုပ်များအပြင် တပည့်တော်တို့ အင်္ဂလိပ်ဘာသာနဲ့ ဆရာတော်ဘုရားကြီးရဲ့ ဒီပနီကျမ်း (၁၁)ကျမ်းကို ဆေးကျောင်းသူ

အေမီလင်းကပဲ သိန်း(၅၀) လှူဒါန်းပြီးတော့ ကမ္ဘာကိုဖြန့်ချီပေးနိုင်ခဲ့ပါတယ်ဘုရား။

အထူးအခြား လျှောက်ထားစရာဆိုတာကတော့ လယ်တီဝိပဿနာ ဆိုတာ ရန်ကုန်မြို့ ပြည်လမ်းကြီးဘေးမှာ ရှိနေတော့ သွားရေး၊ လာရေး၊ တည်းခိုရေးဟာ သရက်တောလိုပါပဲ။ တည်းရခိုရတာ လွယ်ကူ ပါတယ်ဘုရား။

**ဓမ္မအောင်လံစိုက်ထူတော်မူကြပါ**

အရှင်မြတ်များ နောင်အခါမှာ ဤနေရာ ဤဌာနမှာ တည်းခိုပါလို့ ပန်ကြားလျှောက်ထားလိုပါတယ်ဘုရား။ နောက်ဆုံးမှာချင်တာကတော့ "ဓမ္မအောင်လံ စိုက်ထူလွှင့်တင်တော်မူကြပါ၊ တရားအောင်လံ တရားမှန်ကင်း စိုက်ထူလွှင့်တင်တော်မူကြပါ"။

ဘာသယေျ ဇောတယေ ဓမ္မံ၊
ပဂ္ဂဏှေ ဣသိနဓဇံ။
သုဘာသိတဓဇာ ဣသယော၊
ဓမ္မောဟိ ဣသိနံဓဇော။ ။

ဓမ္မအောင်လံ စိုက်ထူတော်မူကြပါ။ တရားတော်ဟာ ရသေ့ရဟန်းတို့ရဲ့ အောင်လံတံခွန်ပါ။

ဣသယော္ဘ= ရသေ့ရဟန်းတို့သည်၊ သုဘာသိတဓဇာ= ကောင်းစွာ ဟောအပ်ပြောအပ်သော အောင်လံတံခွန် ရှိကြပေကုန်၏။ ကောင်းစွာပြောခြင်းဆိုတဲ့ တရားအောင်လံ။

ဟိ= မှန်ပါပေ၏။ ဓမ္မော= တရားတော်သည်၊ ဣသီနံ= ရသေ့ရဟန်းတို့၏၊ ဓဇော= အောင်လံတံခွန် ဖြစ်ပါပေ၏။ တရားတော်ဟာ

အရှင်ဘုရားတို့ တပည့်တော်တို့ရဲ့ အောင်လံတံခွန်။

ဒါကြောင့် ဓမ္မအောင်လံ ထူတော်မူကြပါ။ အဲလို ဓမ္မအောင်လံ စိုက်ထူတဲ့အခါမှာလဲ မိမိတို့ရဲ့ မှီရာတည်ရာကြီးဖြစ်တဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ "ဓမ္မအောင်လံထူပုံ" ကြည့်မယ်ဆိုရင် ဆရာတော်ဘုရားကြီးဟာ စာသင်တယ်၊ စာချတယ်၊ တရားဟောတယ်၊ တရားပြတယ်၊ စာရေးတယ်၊ ကျမ်းပြုတယ်၊ တောထွက်တယ်၊ တရားအားထုတ်တယ်။ ဆရာတော်ဘုရားကြီးဟာ သာသနာတော်မှာ မိမိကိုယ်ကို မြှုပ်နှံပြီးတော့ စာသင်တယ်၊ သူမတူအောင် စာသင်တာ။

စိုင်ပြင်ကြီးကနေ မန္တလေးစာသင်သွားတယ်ဆိုတော့ စာသင်သားဘဝ ခင်မွန်၊ ချောင်းဦးတို့မှာ ဝင်ပြီးတော့ စာကြည့်တိုက်ကြီးတွေမှာ စာကြည့်တော်မူတာ။ အဲဒီလိုနဲ့ မန္တလေးရွှေမြို့တော်မှာ စာသင်ပြီး စာတတ်တဲ့အခါ မုံရွာမြို့မှာ လယ်တီစာသင်တိုက်ကြီး တည်ထောင်ပြီးတော့ စာချတယ်။

စာသင်တိုက်ကြီး တည်ထောင်တော့လဲ တကယ့်အချိန် အင်္ဂလိပ်အစိုးရသိမ်းခါနီး ဆိုရမှာပေါ့။ စာသင်တိုက်တည်ပြီး စာချတယ်။ တရားဟောတဲ့ အခါမှာလဲ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် အစုံပါပဲ။ တရားပြတာကတော့ မကြာသေးခင်က လျှောက်ထားဖူးတဲ့ အတိုင်းပဲ။ တပည့်တော်တို့ဘက်က ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ပြီးနေတာ များပါတယ်။

အရှင်ဘုရားတို့လဲ လက်တွေ့ပဲ။ ရွာတစ်ရွာ ကျောင်းထိုင်တယ်ဆိုရင် ဒကာ၊ ဒကာမတွေကလဲ ကျောင်းဘုန်းကြီးကို သာရေး၊ နာရေးလောက် အသုံးချဖို့ပဲ စဉ်းစားတာ။ တပည့်တော်တို့ ဘုန်းကြီး

များကလဲ သာရေး၊ နာရေးလောက်နဲ့ပဲ ကျေနပ်နေကြတာပဲ။ သာရေး၊ နာရေးလောက်နဲ့တော့ သူတို့လဲ တရားအနှစ် ခံစားခြင်းဆိုတဲ့ အကျိုးမရှိ၊ ကိုယ်လဲအကျိုးမရှိဘူး။ ရွာဦး ရွာထိပ်က အကြည်ညိုခံ နေရုံနဲ့တော့ မဖြစ်ဘူး။ တို့လဲ တရား အားထုတ်မယ်။ ဒကာ ဒကာမ များအားလဲ တရားအားထုတ်ရန် ဟောမယ်၊ တရားပြမယ်ဆိုတဲ့ စိတ်ထား၊ သာသနာပြုတော်မူကြပါ ဘုရား။

တပည့်တော်တို့ရဲ့ရွာမှာ ကျေးဇူးရှင် သာမဏေ ဦးပဏ္ဍာယ ဆရာတော်ဘုရား မောနေအောင်ဟောတာပဲ။ တရားအားထုတ်ဖို့။ မိမိကိုယ်တိုင်လဲ တရားအားထုတ်တယ်။ ဒကာ ဒကာမတွေကိုလဲ ဟောတယ်။ တပည့်တော်တို့ ကျောင်းသားဘဝ ကိုရင်ဘဝ လူတွေ တရားအားထုတ်တာ သိပ်ပြီးမမြင်ဖူးဘူး၊ မတွေ့ခဲ့ဘူး။

ယခုအခါမှာတော့ ကျေးလက်ဒေသမှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိလာတယ်။ တရားပြတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိလာတယ်။ တပည့်တော်တို့ ဇာတိရွာမှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ် (၂၀၀) ကျော် (၂၉၀)အထိ ရှိပါတယ်။ လယ်တီဝိပဿနာ သကြံန်အထူးတရား စခန်း နှစ်စဉ်ကျင်းပပါတယ်။

ကျေးလက်ဒေသတွေကလဲ အင်မတန်သနားစရာကောင်း တယ်။ မင်းကွန်းဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီးတို့လို ဒိတ်ဒိတ်ကြဲပုဂ္ဂိုလ်ကြီးတွေဆို ကျေးလက်ဒေသတွေက မွေးထုတ်ပေး ခဲ့တယ်။ ကုန်ကြမ်းထုတ်ပေးတယ်ဆိုပါတော့။

ဒီလို ဒိတ်ဒိတ်ကြဲ ဆရာတော်ကြီးတွေက ရန်ကုန်မြို့၊ မန္တလေးမြို့တွေမှာ တရားတိုက်ကြီးတွေ စာသင်တိုက်ကြီးတွေ ဖွင့်ကြတယ်။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးပင်လျှင် "ဝနေယေဝ ဇာတော"= တောထဲမှာ မွေးဖွားပြီးတော့၊ "ဝနေယေဝ အဘိသမ္ဗုဒ္ဓေါ"= တောထဲမှာ ဘုရားဖြစ်ပြီး၊ "ဝနေယေဝပရိ နိဗ္ဗုတော"= တောထဲမှာပဲ ပရိနိဗ္ဗာန်ပြုတယ်။ တောသုံးတောပဲ။

ဘုရားမြတ်စွာသည် ဝနေယေဝ ဇာတော= တောမှာဖွားမြင်တယ်။ ဝနေယေဝ အဘိသမ္ဗုဒ္ဓေါ= တောမှာဘုရားဖြစ်တယ်။ ဝနေယေဝ ပရိနိဗ္ဗုတော= တောမှာ ပရိနိဗ္ဗာန် စံတော်မူတယ်။

အဲဒီတော့ တပည့်တော်တို့ရဲ့ အင်မတန်အရေးကြီးတဲ့ တာဝန်က တောကလာတဲ့တရား တောပြန်ပို့ဖို့ပါပဲ။

မြို့ပြတွေမှာချည်း ရေပေါ်ဆီလုပ်နေလုပ်မတော်ပါဘူး။ တပည့်တော်တို့ ဒီလိုမြင်ပါတယ်။

ဟိုတုန်းက သိန်းဖေမြင့်က စာရေးဖူးတယ်။ ရန်ကုန်မြို့ကြီး လူသိပ်များတာပဲ၊ သိပ်ရှုပ်တာပဲ။ ဘယ်နှယ့်လုပ်ရမလဲဆိုတော့ နိုင်ငံတော်အစိုးရက စီမံကိန်းချပြီး တောပို့ဖို့ရာ စီမံကိန်းလုပ်ဖို့ ဆောင်းပါးရေးတယ်။

မုံရွာ သပြေပင်နေတုန်းက ကိုရင်ကြီးတစ်ပါးက ဘာပြောသလဲ ဆိုတော့ အဲလိုဆို သူကိုလဲပဲ ကျီးပင်ချောင် ပို့ရမယ်။ သူကလဲ ဘုတလင်နားက ကျီးပင်ချောင်သားကိုး။

အရင်တစ်ပတ် သင်တန်းဆင်းတို့အားလဲ ဒီစကား လျှောက်ထားဖူးပါတယ်။

အဲဒီတော့ အရှင်ဘုရားတို့ တပည့်တော်တို့ရဲ့ ကျေးလက်ဒေသ မိဆွေဘမျိုးတွေဟာ တရားတတ်သိနားလည်တဲ့ ရဟန်းတွေကို မွေးထုတ်ပေးလိုက်နိုင်ပေမယ့် တရားအရသာကို ခံစားမသွားကြရတာ

များပါတယ်။ အတော်သနားဖို့ ကောင်းတယ်။

မဟာစည်ဆရာတော်ဘုရား ရန်ကုန်မှာ မဟာစည်ရိပ်သာ တည်ထောင်ပြီး တရားပြနေတော့ ရွှေဘိုအနီးက ဆိပ်ခွန်သို့ တရားက သိပ်မရောက်နိုင်ဘူး။ သို့သော် လာတာကတော့ ဆိပ်ခွန်က လာတာပဲ။ ကျယ်ကျယ်ပြန့်ပြန့် မရောက်ဘူးလို့ ဒီလိုပြောချင်တာပါ။

တပည့်တော်တို့ ဒီသင်တန်းကို ကြည့်လိုက်တဲ့အခါ ကျေးလက်ဒေသများမှာ ကျောင်းထိုင်တော်မူကြတဲ့ အရှင်မြတ်တွေ များများစားစားတွေ့ရလို့ ဝမ်းသာပါတယ်။ အထူးဝမ်းသာပါတယ်။

တပည့်တော်တို့ မှီရာတည်ရာဖြစ်တဲ့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ သာသနာပြုသွားပုံဟာ စာသင်ပြီး ဓမ္မအောင်လံထူတယ်။ စာချပြီး ဓမ္မအောင်လံ ထူတယ်။ တရား ဟောပြီး ဓမ္မအောင်လံ ထူတယ်။ တရားပြပြီး ဓမ္မအောင်လံ ထူတယ်။ ကျမ်းစာရေးပြီး ဓမ္မအောင်လံ ထူတယ်။ တောထွက်ပြီး ဓမ္မအောင်လံ ထူတယ်။ တရားအားထုတ်ပြီး ဓမ္မအောင်လံ ထူတယ်။

တပည့်တော်တို့ မှီရာဖြစ်တဲ့ လယ်တီဆရာတော်ဘုရား ကြီးဟာ မှီလောက်တယ်၊ အားကိုးလောက်တယ်။ ဘာကြောင့်လဲ ဆိုတော့ စာသင်တဲ့ပုဂ္ဂိုလ် များများရှိတယ်။ စာချတဲ့ပုဂ္ဂိုလ် များများ ရှိတယ်။ တရားဟော တရားပြတဲ့ပုဂ္ဂိုလ်တွေ များများရှိတယ်။

တရားဟော တရားပြတဲ့ပုဂ္ဂိုလ် တစ်ရာလျှင် တစ်ပါး တောထွက် တရားအားထုတ်နိုင်ပါ့မလား။ ဆရာတော်ဘုရားကြီး တောထွက်တရား အားထုတ်တာ (၈)ဌာန ရှိတယ်။ ဆရာတော် ဘုရားကြီး အားကျပြီး ဒီကပြန်ရင် ဘယ်တောကွမလဲဆိုတာ ကြည့်ကြရမယ်။

"ဘုန်းကြီးကျောင်းပြန် ရှမ်းတပ်လန်"တဲ့။ ရှမ်းတပ်လန်ပြီဆိုရင် ထိန်းမရဘူး။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသွားကြတဲ့ အဖွဲ့ပေါင်း မနည်းဘူး။ တပည့်တော်တို့လဲ အထူးလေယာဉ်နဲ့ သံဝေဇနိယလေးဌာနကို နိုင်ငံတော်က လိုက်ပို့တာတဲ့ ရောက်ခဲ့တာပဲ။ ဂယာလေဆိပ်ဖွင့်ပြီး ပထမဆုံး သက်ဆင်းခဲ့တာပါပဲ။ ဘယ်ဆရာတော်မှ တောထွက်တာ မကြားမိဘူး။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး သွားကတည်းက ဓမ္မအောင်လံ ထူသွားတာ။ မန္တလေး-ရန်ကုန် အသွား ရထားပေါ်မှာ ပဋိစ္စသမုပ္ပါဒ် လင်္ကာ (၁၃)ပိုဒ် ရေးပြီး၊ သင်္ဘောပေါ် ကျတော့ ပဋိစ္စသမုပ္ပါဒ် အဖြေကျမ်းကြီး အပြီးရေးပြီး ဓမ္မအောင်လံ စိုက်ထူသွားတယ်။

ဗုဒ္ဓဂယာရောက်တော့ အဓိဋ္ဌာန်တယ်။ "ငါတစ်သက်လုံး အမဲသား မစားတော့ဘူး"။ အဲဒီက အဓိဋ္ဌာန်။

ဒီရောက်တဲ့အခါ အခြားအခြားမျိုးနွယ်စုတွေက နွားတွေ သတ်ဖြတ်စားသောက်တာများတော့ ဆရာတော်ကြီးက ဒါတော့ မဖြစ်ဘူး။ အမဲသားမစားဖို့ တရားဟောမှ ကောင်းမယ်ဆိုပြီး "နွားမေတ္တာစာ" ရေးပြီးတော့ တရားဟောတော်မူတယ်။

တားလို့မှမရတာကိုး။ သတ်သူတွေကို တားလို့မရတော့ ကိုယ့်လူတွေကို မေတ္တာတရားစာနဲ့ထိန်းချုပ်တယ်။ ဆရာတော်ဘုရားကြီး အိန္ဒိယပြန်လာတော့ လယ်တီကျောင်းတိုက်ကြီးလဲ ရှိနေပြီ။ အခြားအခြား ကျောင်းတိုက်တွေလဲ ရှိနေပြီ။

အဲဒီကျောင်းတွေကို ပြန်မကြွပဲနဲ့။ တွံတေးတောကြီးတန်း (ဒလတောကြီးတန်း) ကော့မှူးမြို့နယ်အတွင်းမှာရှိတဲ့ ကသစ်ကုန်း

ကျေးရွာအနီးက "ဆပင်"တောရသို့ ကြွတော်မူတယ်။

သံဝေဇနိယ (သံဝေဂ-ထိတ်လန့်ဖွယ်) ဖူးပြီးတော့ တကယ့် သံဝေဂရတော်မူတယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက ကြည်ညိုလွန်းလို့ "ဆပင်" တောရမှာ သီတင်းသုံးတော်မူစဉ် ကျင့်ကြံပွားများ အားထုတ်ခဲ့သည့်အတွက် ရရှိတော်မူသည့် "ဓမ္မအားမာန်"ကို "သီဟနာဒ အသံဖွဲ့"အဖြစ် (လယ်တီဆရာဦးလှတင်)အား ရေးသားပေးခဲ့တဲ့ တေးထပ်ကို ကြားညှပ်ပြီး လျှောက်ထားလိုပါတယ်ဘုရား။

**"သီဟနာဒအသံဖွဲ့တေးထပ်"**

သာသနာနောက်ဖျား ပေါက်ဖွားကြဆူဆူ၊
ယောက်ျားပ ငါလိုလူ ဇမ္ဗူမှာ ရှာစမ်း၊
အားလုံ့လ အလံထူ စံမတူ ထိုးတော့ဥဒါန်း၊
ယောဂီမှုထွေလာ ပဒေသာဉာဏ်ဆန်း၊
ကေသရာဉာဏ်အစွမ်းဟာမို့ ဈာန်လမ်းကိုအပြီးတိုင်၊
ဝသီဘော်အစုံ ငါအကုန်သား စိုးရပိုင်ပိုင်၊
ပြဟ္မာအောက်ထက် မိုးခရိုင်မှာ တန်ခိုးမြိုင်မြိုင်
အောင်လံစိုက်လို့ စံလိုက်မယ်ပ အကျော်အမော်
ငြီးဖူးပျော်ပျော် မိတေးသခင့် အောင်ပွဲတော်မှာ
နောင်ရဲအမော် လုပ်စမ်းချင်ပလေး။

အရှင်ဘုရားတို့ တပည့်တော်တို့ "ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ်"လို့ ပြောလို့ရပ့ါမလား။ တပည့်တော်တို့လဲ (၂)ခေါက်ရှိပြီ။ သံဝေဇနိယ ဖူးခဲ့တာ။ လေဆိပ်ကနေ ကိုယ့်ကျောင်းကိုပြန်တာပဲနော်။

ကျိုက်ထိုမြို့နယ် ဆရာတော် ဦးတိလောက သီတင်းသုံးတဲ့ သေကျွဲတောင် တပည့်တော်ရောက်ခဲ့တယ်။

ဘီးလင်းမြို့နယ်၊ ဘီလင်းမြို့အနီးက ကုသိနာရုံတောင်၊ ကုသိနာရုံမှာရှိတဲ့ လိုဏ်ဂူကြီးထဲလဲ တပည့်တော်ရောက်ခဲ့တယ်။ ဆရာတော် တောထွက်ပြီး တရားအားထုတ်တယ်။ ဝိဇ္ဇာမဂ္ဂဒီပနီ ကျမ်းကိုလဲ ရေးခဲ့တယ်။ တပည့်တော်တို့ ကြည်ညိုလို့မဆုံးဘူး။

ဒါကြောင့်မို့ စာသင်ပြီးတော့ သာသနာပြုတယ်။ စာချပြီးတော့ သာသနာပြုတယ်။ တရားဟောပြီး သာသနာပြုတယ်။ တရားပြပြီး သာသနာပြုတယ်။ ကျမ်းပြုပြီး သာသနာပြုတယ်။ တောထွက်ပြီး သာသနာပြုတယ်။ တရားအားထုတ်ပြီး သာသနာပြုတယ်။

ဆရာတော်ဘုရားကြီးဟာ အကုန်လုံး ဒီသာသနာပြုနည်း တွေနဲ့ ဓမ္မအောင်လံ စိုက်ထူခဲ့ပါတယ်ဘုရား။ ဒါကြောင့် အရှင်မြတ် များ အတုယူတော်မူကြပါ၊ အားကျတော်မူကြပါ။

ဒီအရိယဝံသတရားတွေ ထင်ရှားရှိနေတော်မူတဲ့အတွက် ကြောင့် ပစ္စယနဲ့ ဓမ္မ၊ အာမိသနဲ့ ဓမ္မမှာ ဓမ္မအလေးပေးပြီးတော့ များများ ကြိုးစားအားထုတ်တော်မူကြပါ။ နိဂုံးအနေအားဖြင့် -

ပုညေနေတေန ဟန္တွာ အဃတမံ သုစိရံဌာတု သဒ္ဓမ္မဒီပေါ။
ရာဇာပါလေန္တု ဓမ္မေန အဂတိဂမကာ သာသနဉ္စေဝ လောကံ။
မေဃာ ဝဿန္တု ကာလေ တိသရဏ သရဏာ သဗ္ဗသတ္တာဘဝန္တု။
ဒုက္ခာမုတ္တာစ နိစ္စံ ပမုဒိတဟဒယာ အညမည် အဝေရကာ။

ဧတေန ပုညေန= ဒုတိယအကြိမ် လယ်တီကမ္မဋ္ဌာနာစရိယ သင်တန်း ဖွင့်လှစ်၍ ကုသိုလ်အမျိုးမျိုးကို ရရှိကြ၊ ထိုရရှိကြသော ကုသိုလ်များကြောင့်လည်းကောင်း၊ အညေနစ= ရှေးရှေးကပြု

ကောင်းမှုထိုထို ကုသိုလ်မူလ ဟူသမျှကြောင့်လည်းကောင်း၊ သဒ္ဓမ္မဒီပေါ= ရှင်တော်မြတ်ဘုရား ဟောကြားပြသ ဓမ္မရတနာ ထောင်ရောင်ဝါကြီးသည်၊ အဃတမံ= ဟုတ်တိုင်းတိတိ မမြင်ဘိ အောင် ဖုံးဖိကွယ်ကာ အဝိဇ္ဇာဟု ပိတ်ကာတိမ်တောင် အမိုက်မှောင် ကို၊ ဟန္တာန= ဖြေရှင်းပယ်ဖျောက်ပြီး သကာလ၊ သုစိရံ= အနှစ် ငါးထောင် များမြောင်ရှည်ကြာ အခါကာလပတ်လုံး၊ ဌာတု= မယိမ်း မယိုင် ကျောက်စာတိုင်ကြီးကဲ့သို့ ခိုင်ခိုင်မတ်မတ်ကြီး တည်တန့်တော်မူ ပါစေသတည်း။

ရာဇာ- ရာဇာနော= သတ္တဝါကို အာဏာလွှမ်းမိုး စိုးရသခင် ဘုရင်မင်းမြတ် သမုနတ်တို့သည်၊ ဣမဥ္စေသာသနံ= ဤမြတ်စွာ ဘုရား၏ အဆုံးအမ သာသနာတော်မြတ်ကြီးကိုလည်းကောင်း၊ ဣမဥ္စေဝလောကံ= ဦးနက်ဦးဖြူ ဤအများပြည်သူကိုလည်းကောင်း၊ အဂတိဂမကာ= အဂတိကင်းကုန်သည်ဖြစ်၍၊ ဓမ္မေန= တရား သဖြင့်၊ နိစ္စပါလေန္တု= အစဉ်ထာဝရ စောင့်ရှောက်နိုင်ကြပါစေကုန် သတည်း။

မေဃာ= သတ္တဝါတို့ ချမ်းသာဆင်းရဲ အမြဲစောင့်ရှောက် မိုးရေပေါက်တို့သည်၊ ကာလေ= သီးနှံအများ ဖြစ်ပွားသင့်ရာ ချိန်အခါ၌၊ ပဝဿန္တု= ထန်စွာအရည် ချုန်းကာမြည်လျှက် ကောင်းစွာရွာသွန်း ချပါစေကုန်သတည်း။

သဗ္ဗသတ္တာ= နတ်ပြဟ္မာဘုံ ကမ္ဘာခြုံလျှက် လုံးစုံများစွာ သတ္တဝါ တို့သည်၊ ဒုက္ခာ= တစ်ယောက်တစ်မျိုး ဆိုရိုးရှိကြ ဆင်းရဲ ဟူသမျှမှ၊ မုတ္တာ= ကင်းလွတ်ကြကုန်သည်ဖြစ်၍၊ တိသရဏာ သရဏာ= ရတနာသုံးရပ် ထွဋ်အမြတ်သာလျှင် ကိုးကွယ်အားထားရာ ရှိကြကုန်

သည်၊ သဗ္ဗသတ္တာ= နတ်ပြဟ္မာဘုံ ခြုံလျှက်လုံးစုံ ပြောထူ နတ်နှင့်လူတို့သည်၊ နိစ္စံ= အမြဲ၊ အညမည်= အချင်းချင်း၊ အဝေရကာ= ပြစ်ရှာစောင်းမဲ့ ကဲ့ရဲ့ငြူစူ ရန်သူဟု နှလုံးမသွင်းကြကုန်ပဲ၊ ပမုဒိတဟဒယာ= ကြည်သာဝမ်းမြောက် မကွေ့ကောက်သော စိတ်နှလုံးရှိကြကုန်သည်၊ ဟောန္တု= မုချမသွေ ဖြစ်ပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

## ဆရာဖြစ်သင်တန်းအောင်ပွဲ ဩဝါဒ

၁၃၆၇ ခု၊ တော်သလင်းလပြည့်ကျော် (၁)ရက်။

စောင့်ထိန်းအပ်တဲ့သီလ၊ အဲဒီ သီလက ဘာလဲဆိုတော့ ဒီငါးပါးသီလပါပဲ။

စောင့်ထိန်းတယ်ဆိုတာ လုံခြုံတဲ့အခါ လုံခြုံတယ်။ သို့သော် ပုထုဇဉ်များမှာ ငါးပါးသီလ လုံပါပြီလို့ဆိုတာ အင်မတန်ခက်ပါတယ်။

ကုရုမင်းကြီးက စပြီးတော့ ကုရုတိုင်းမှာ နန်းတွင်းသူ နန်းတွင်းသား (၁၁)ဦး မကျိုးမပေါက် မပြောက်မကြားအောင် အရိယာကြီးများလိုစောင့်ထိန်းခဲ့ကြတယ်။

အဲဒီလို စောင့်ထိန်းကြတော့ သတ္တဝါတို့ကို ညှင်းပန်းနှိပ်စက်နေတဲ့ ကိလေသာတရားတွေဟာ (၁၀)ပါး၊ တစ်နည်းအားဖြင့် (၁၅၀၀)။ တစ်မျိုးအားဖြင့် ပြောမယ်ဆိုရင် -

လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ

လိုဆိုတဲ့အတိုင်း လွန်ကျူးတဲ့ကိလေသာကတစ်မျိုး၊ ဆူပွက်တဲ့ ကိလေသာကတစ်မျိုး၊ မျိုးမပျက်ကိန်းအောင်းနေတဲ့ ကိလေသာက တစ်မျိုး သတ္တဝါတွေကို ညှင်းပန်းနှိပ်စက်ပြီးတော့ နေပါတယ်။

လွန်ကျူးတဲ့ ဝီတိက္ကမကိလေသာကို သီလနဲ့ ဖယ်ရှားပေးနိုင်တယ်။ ဆူပွက်တဲ့ ပရိယုဋ္ဌာနကိလေသာကို သမာဓိက ဖယ်ရှားပေးနိုင်တယ်။ မျိုးမပျက်ကိန်းအောင်းနေတဲ့ အနုသယကိလေသာ ဓာတ်ဆိုးဓာတ်ငွေ့တွေကို ဝိပဿနာပညာ မဂ်ပညာဆိုတဲ့ ပညာသိက္ခာက ဖယ်ရှားပေးနိုင်တယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က သုံးလောကထွဋ်ထား မြတ်ဘုရားဟာ သာဝတ္ထိပြည် အသရေရွှန်တဲ့ ဇေတဝန်ကျောင်းတော်

မှာ သီတင်းသုံးတော်မူပါတယ်။ ရဟန်းတော်နှစ်ပါး သွားရင်းလာရင်းနဲ့ ဟင်္သာသတ်တယ် ပြောပါတော့။ အဲဒီ ဟင်္သာကိုသတ်တဲ့အတွက် သူတစ်ပါးအသက်ကို မသတ်နဲ့ဆိုတဲ့ သီလပျက်သွားတယ်။ ငါးပါး သီလထဲက ပြီးတော့ ကာယကံရော၊ ဝစီကံရော လွန်ကျူးကြတယ်။

တစ်ပါးက ကောင်းကင်ပျံသွားတဲ့ ဟင်္သာကို ပစ်လိုက်တော့၊ တစ်ပါးက အားပေးတယ်၊ တိုက်တွန်းတယ်၊ စိတ်တူတယ်။ နှစ်ပါးလုံး သတ်ရာရောက်တယ်။

အဲဒီ ဟင်္သာကို သတ်တဲ့ရဟန်းတော်ကို အကြောင်းပြုပြီး တော့ မြတ်စွာဘုရားက ကုရုဇာတ်၊ တစ်နည်းအားဖြင့် ဂရုဓမ္မဇာတ်၊ ကုရုဓမ္မဇာတ်တော်ကို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီတော့ ငါးပါးသီလထက် ပိုပြီးသာလွန်တဲ့ အမွန်းတင် ရှစ်ပါးသီလ စောင့်ထိန်းပြီးတော့ "သီလခြေမျိုး မကျိုးစေရ" ဆိုတဲ့ အတိုင်း လူ့ခန္ဓာကိုယ်ဟာ ခြေထောက်ဟာလဲ အရေးကြီးတယ်။ ဝမ်းဗိုက်ဟာလဲ အရေးကြီးတယ်။ ဦးခေါင်းကလဲ အရေးကြီးတယ်။

သီလက ခြေထောက်နဲ့တူတယ်တဲ့။ သီလပျက်ရင် ခြေထောက်ကျိုးသလိုပဲ။ သမာဓိက ဝမ်းဗိုက်နဲ့တူတယ်။ "သမာဓိဝမ်း ဆန်နှမ်းမြူလောက် မပေါက်စေရ"၊ "ဝမ်းတစ်လုံးကောင်းရင် ခေါင်းတစ်လုံး မခဲဘူး" ဆိုတဲ့စကားလိုပဲ။ ဝမ်းတစ်လုံးမကောင်းရင် အားလုံးပျက်ပြီးတော့ သွားတာပါပဲ။

"ပညာဦးခေါင်း မတောင်းစေရ" ဆိုတဲ့အတိုင်း ပညာက ဦးခေါင်းနဲ့တူတယ်။ သူတော်စင်များ "သီလခြေမျိုး မကျိုးစေရ"ဆိုတဲ့ အတိုင်း သီလခြေမျိုးလဲ မကျိုးအောင် စောင့်ထိန်းကြတယ်။

"သမာဓိဝမ်း ဆန်နှမ်းဖြူလောက် မပေါက်စေရ"ဆိုတဲ့အတိုင်း ဝမ်းဗိုက်နဲ့တူတဲ့ သမာဓိကို မြူမှုန်လေးမျှလောက် မပေါက်အောင် စောင့်ထိန်းကြ၊ ကျင့်သုံးကြမှာ ဖြစ်တယ်။

"ပညာဦးခေါင်း မတောင်းစေရ" လေးရက်ခွဲ အားထုတ်ပြီးတဲ့ အခါ မဂ်ဉာဏ်ရဲ့ရှေ့ပြေးဖြစ်တဲ့ ဒီဝိပဿနာဉာဏ်ပညာ ဦးခေါင်း မကွဲအောင် စောင့်ရှောက်ကြရမယ်။

မြတ်စွာဘုရားဟာ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့အတိုင်း သတ္တဝါတွေကို အကြမ်းနည်းနဲ့လဲ ဆုံးမတယ်။ အနုနည်းနဲ့လဲ ဆုံးမတယ်။

အဲသလို ဆုံးမတော်မူလဲပဲ ဒုတ်နဲ့၊ ဓားနဲ့၊ လက်နက်နဲ့ ဆုံးမ တာမျိုးတော့ မဟုတ်ဘူး။

ဒဏ္ဍေနေကေ ဒမယန္တိ၊ အင်္ကုသေဟိ ကသာဟိစ။

အဒဏ္ဍေန အသတ္ထေန၊ နာဂေါဒန္တော မဟေသိနာ။

နာဠာဂီရိဆင်ကြီးကို ဒုတ်မပါ၊ ဓားမပါပဲနဲ့ မေတ္တာဖြင့် ဆုံးမတဲ့အခါ ရာဇဂြိုလ်မြို့သူမြို့သားတွေက လောကကြီးထဲမှာ အချို့ပုဂ္ဂိုလ်တွေက ဆုံးမတယ်။ နှိပ်ကွပ်တယ်ဆိုတာ တုတ်တွေ၊ ဓားတွေနဲ့ နှင်တံတန်ပြာတွေနဲ့ လှံတို့ ချွန်းတိုနဲ့ ဆုံးမကြတာ။

မြတ်စွာဘုရား တည်းဟူသော ဆင်မင်းကြီးကတော့ ဒုတ်၊ ဓားမပါပဲနဲ့ မေတ္တာစာတ်နဲ့ပဲ ဆုံးမတော်မူတယ်။ နာဠာဂီရိဆင်ကြီးကို ဦးကျိုးအောင် ဆုံးမတော်မူတယ်။ ဒီလိုပြောကြ ဆိုကြတယ်။

အဲလို ဆိုဆုံးမမှုနဲ့ ပတ်သက်ပြီးတော့ "ကေသီ"ဆိုတဲ့ မြင်းဆရာကြီးနဲ့ တွေ့တယ်။ မြတ်စွာဘုရားက "ကေသီ၊ မင်းမြင်းတွေ ကို ဘယ်လိုများ ဆုံးမသလဲ"တဲ့။

ကေသိဆိုတဲ့ မြင်းဆရာက "မြင်းတွေကို အနုနည်းနဲ့လဲ ဆုံးမတယ်၊ အကြမ်းနည်းနဲ့လဲ ဆုံးမတယ်၊ ဆုံးမလို့မရတဲ့ မြင်းတွေကျတော့ တပည့်တော် သတ်လိုက်တာပဲ"။

"အရှင်ဘုရားကကော တပည့်တွေကို ဘယ်လိုများ ဆုံးမပါသလဲ"လျှောက်တော့၊ "ငါလဲပဲ ဒီလိုပါပဲ၊ အနုနည်းနဲ့လဲ ဆုံးမတယ်၊ အကြမ်းနည်းနဲ့လဲ ဆုံးမတယ်၊ ဆုံးမလို့မရရင်တော့ သတ်ပစ်လိုက်တာပဲ"။ "အရှင်ဘုရားက သူတစ်ပါးအသက် မသတ်တော့ဘူး မဟုတ်လားဘုရား" ဆိုတော့ "သတ်တယ်ဆိုတာ ငါလက်လွှတ်လိုက်တာကို ပြောတာပါပဲ"။

ဘုရားက ဒီပုဂ္ဂိုလ်ကို ငါတော့ဆုံးမလို့ မရတော့ဘူးလို့ လက်လွှတ်လိုက်လို့ရှိရင် အသတ်ခံရတာနဲ့ အတူတူပဲ။ ဘုန်းကြီးတို့တတွေက မြတ်စွာဘုရား လက်လွှတ်လိုက်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ မဖြစ်ကြဘူး။

မြတ်စွာဘုရားက သီလဖြည့်ကျင့်ရမယ်၊ သမာဓိဘာဝနာ၊ ဝိပဿနာဘာဝနာ ပွားများရမယ်ဆိုတဲ့ ဘုရားစကားတော်ကို လိုက်နာပြီးနေကြတဲ့ သာဝကတွေ၊ သာဝကဆိုတာ နာကြားတတ်တဲ့ ပုဂ္ဂိုလ်တွေ၊ လိုက်နာတတ်တဲ့ ပုဂ္ဂိုလ်တွေ၊ သာဝကဆိုတဲ့ စကားလေးကို ဘာသာပြန်တော့ နားထောင်တတ်တယ်၊ နာကြားတတ်တယ်၊ လိုက်နာတတ်တယ်။

ဘုန်းကြီးတို့က မြတ်စွာဘုရားစကားတော်တွေကို နားလဲထောင်ပါတယ်၊ နာလဲနာကြားတယ်၊ လိုက်နာပြီးတော့ ယခုကျင့်သုံးတယ်။

ဒါကြောင့် မြတ်စွာဘုရားက မျက်နှာလွှဲခံရတဲ့ ပုဂ္ဂိုလ်တွေ မဖြစ်ဘူး။ မြတ်စွာဘုရားက မျက်နှာအလွှဲခံရတဲ့ ပုဂ္ဂိုလ်တွေမဖြစ်တဲ့ အတွက်ကြောင့်မို့ ဝမ်းမြောက်ဖွယ်လဲ ဖြစ်တယ်။

နောက်ပြီးတဲ့အခါကျတော့ မြတ်စွာဘုရား သာသနာတော်မှာ သတိပဋ္ဌာန်တရားဟာ အင်မတန်အရေးကြီးပါတယ်။ တစ်ချိန်က စမ္ပာပြည် ဂဂ္ဂရာရေကန်အနီးမှာ မြတ်စွာဘုရား သံဃာတော်အပေါင်းနဲ့ သီတင်းသုံးပြီးနေပါတယ်။

အဲဒီအချိန်မှာ ကဏ္ဍရကပရိဗိုဇ်နဲ့ ဆင်ထိန်းသားပေဿတို့ ရောက်လာကြတယ်။ ရောက်လာကြတော့ ကဏ္ဍရကပရိဗိုဇ်က ကြည့်ပြီးတော့ သံဃာ့ပရိသတ်တွေကြည့်ပြီးတော့ ငြိမ်သက်လိုက်တာ၊ အေးမြလိုက်တာ နေကြထိုင်ကြတာ။

အဲဒီတော့ "အရှင်ဘုရား၊ အရှင်ဘုရားရဲ့ သံဃာ့ပရိသတ်တွေဟာ ငြိမ်သက်လှချည်လား၊ ငြိမ်သက်လိုက်တာ ဘုရား" အဲဒီလို လျှောက်ထားတဲ့အခါ "ငါဘုရားရဲ့ ပရိသတ်ဟာ ရဟန္တာနဲ့ သေက္ခ ပုဂ္ဂိုလ်တွေပဲ များတယ်။ ဒီရဟန္တာနဲ့ သေက္ခပုဂ္ဂိုလ်တွေဟာ သတိပဋ္ဌာန် လေးပါးအပေါ်မှာ စူးစူးစိုက်စိုက်နေတဲ့အတွက်ကြောင့်မို့ ငြိမ်ငြိမ် အေးအေးနဲ့ ငြိမ်ငြိမ်သက်သက်နဲ့ နေနိုင်ကြတာပါပဲ"လို့ မိန့်ကြားတယ်။

အဲဒီအခါ ကဏ္ဍရကပရိဗိုဇ်က "ဩော် မြတ်စွာဘုရားဟာ ပရိသတ်ကို သတိပဋ္ဌာန်နည်းလမ်းနဲ့ ငြိမ်သက်အောင် ညွှန်းပြတော်မူ နိုင်ပါပေတယ်"လို့ ချီးမွမ်းတယ်။

အမှန်တကယ်အားဖြင့် လူ့ဘောင်၊ လူ့လောကကြီးက ရှုပ်ထွေးပွေလီတဲ့ လူ့ဘောင် လူ့လောကကြီး၊ အင်မတန် ကောက်ကျစ်တဲ့ လူ့ဘောင် လူ့လောကကြီး၊

ရှုပ်ထွေးပွေလီလှတဲ့ လောကကြီးထဲမှာ မြတ်စွာဘုရားဟာ အင်မတန် ရှုပ်ထွေးပွေလီလှတဲ့ လူ့ဘောင် လူ့လောကကြီးကို ယဉ်ကျေးသိမ်မွေ့အောင် ဆိုဆုံးမတော်မူပါတယ်။

ယခု ယောဂီသူတော်စင်များ (၈၇)ကြိမ်မြောက် လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်းမှာ သတိပဋ္ဌာန်တရားဟာ အဓိက လမ်းညွှန်သဖွယ် ဖြစ်ပါတယ်။

အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ ဓမ္မစေတီယ ဒေသနာတော် မှာ ကောသလမင်းကြီးက မြတ်စွာဘုရားကို လျှောက်ထားတယ်။

"တပည့်တော်ဟာ အာဏာပိုင်အစိုးရဆိုတော့ သေစေလိုတဲ့ လူကိုလဲ သေဒဏ်ပေးနိုင်ပါတယ်။ ဥစ္စာဒဏ်လဲ ပေးနိုင်ပါတယ်။ လက်နက်ဒဏ်လဲ ပေးနိုင်ပါတယ်။ ဒါပေမယ့် လွှတ်တော်အစည်း အဝေးမှာ ဘုရားတပည့်တော်စကားပြောနေစဉ်အခါမှာ အမတ်ကြီး တွေက စကားဝင်ဝင်ပြီး ပြောကြလို့ စကားဝင်ပြီးမပြောကြပါနဲ့၊ စကားမညှပ်နဲ့၊ စကားလောကယ် မခုတ်နဲ့၊ ငါ့စကားကို အနှောက် အယှက် မပေးကြပါနဲ့၊ မတားမြစ်ကြပါနဲ့လို့ပြောပေမယ့် မင်းအမတ် ကြီးတွေက ပြောကြတယ်ဘုရား"။

မြတ်စွာဘုရား တစ်နေ့မှာ တရားဟောနေတယ်။ တရားနာ နေတဲ့ ရဟန်းပရိသတ်ထဲက ရဟန်းတစ်ပါးက ချောင်းဆိုးတဲ့အခါ အနီးအနားမှာရှိတဲ့ ရဟန်းတော်တစ်ပါးက "အရှင်ဘုရား မြတ်စွာ ဘုရား တရားဟောနေတယ်၊ ချောင်းမဆိုးပါနဲ့၊ ချောင်းမဟန့်ပါနဲ့၊ တိတ်တိတ်နေပါ"လို့ လက်တို့ပြောတာကို တွေ့ရတယ်ဘုရား။

"တပည့်တော် ဤလောကကြီးကို လှည့်လည်ပြီးကြည့်လိုက်တဲ့ အခါ အရှင်ဘုရား သာသနာတော်မှာ အေးဆေးငြိမ်သက်တဲ့

ပရိသတ်ရှိသလို အရှင်ဘုရားသာသနာတော်မှတစ်ပါး အခြား ဤလို ငြိမ်သက်တဲ့ပရိသတ်ကို မတွေ့မမြင်ဘူးပါဘုရား”လို့ ကောသလ မင်းကြီးက လျှောက်ထားတယ်။

အဲဒီတော့ မြတ်စွာဘုရားက သုံးဘုံဝေနေ အထွေထွေလျှင် ကိလေသာဟိတ် အဆိပ်ပြင်းထန် အကင်းသန်လျှက် မာန်တလူလူ အလံထူသည့် လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအသီးသီး၊ လူကြမ်း နတ်ကြမ်း ဗြဟ္မာကြမ်းတွေကို ယဉ်ကျေးအောင် သရဏဂုံကစပြီး၊ ဂရုဓမ္မဇာတ်တော်တို့ကျတော့ ငါးပါးသီလကစပြီးတော့ စောင့်ထိန်း အောင် ဆိုဆုံးမတော်မူခဲ့တယ်။

ကောသလမင်းကြီးက လက်တွေ့မျက်တွေ့ အကြောင်း အရာနဲ့ မြတ်စွာဘုရားကို လျှောက်ထားတယ်။

အဲလောက်တင်မကသေးဘူး။ မြတ်စွာဘုရားဟာ တပည့်ခံ နေတဲ့ အဂ္ဂသာဝက၊ မဟာသာဝက၊ သာဝကတွေအားလုံး၊ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပသကာ၊ ဥပါသိကာ အားလုံး မိမိတည်ထောင်ထားတဲ့ သာသနာတော်မှာ “ဘုရား, တရား, သံဃာ ရတနာသုံးပါး မဂ်ဉာဏ် ကျင့်စဉ်” (၅)ချက်ရှိတယ်။

ဒီအချက် (၅)ချက်နဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ပရိသတ်လေးပါးကို နှစ်သက်ကျေနပ်အောင်၊ ပရိနိဗ္ဗာန်စံတော့မယ့် အချိန်ကာလပိုင်းလေး လိုတော့တယ်။

အဲဒီအချိန်အခါမှာ “ရဟန်းတို့ ငါဘုရား ပရိနိဗ္ဗာန်စံတော့ မယ်။ မစံမီလေးမှာ သင်တို့ဟာ ဘုရားအပေါ် ယုံမှားခြင်း ရှိသလား၊ တရားတွေအပေါ် ယုံမှားသံသယရှိသလား၊ ငါဘုရားရဲ့ သားတော် များဖြစ်ကြတဲ့ အဂ္ဂသာဝက၊ မဟာသာဝက တပည့်သံဃာတော်များ

အပေါ် သံသယရှိကြသလား၊ မဂ်ဉာဏ် သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်အပေါ်မှာ ယုံမှားသံသယရှိကြသလား”၊ ကဒ်ိဝါ ဝိမတိဝါ “ယုံမှားသံသယဖြစ်ကြသလား၊ ဇဝေဇဝါ ဖြစ်ကြသလား”။

နောင်သောအခါမှ မြတ်စွာဘုရားရှိစဉ်က တို့မမေးလိုက်ရဘူးလို့ အဲဒီလို စိတ်မကောင်းမဖြစ်ကြနဲ့။ အကယ်၍များ မိမိကိုယ်တိုင်ငါဘုရားကို မမေးဝံ့ပါဘူးဆိုရင် အနီးမှာရှိတဲ့ ရဟန်းတစ်ပါးပါးကို ပြော၊

၁။ ဘုရား

၂။ တရား

၃။ သံဃာ

၄။ မဂ်ဉာဏ်

၅။ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကျင့်စဉ်

အပေါ်မှာ ဇဝေဇဝါဖြစ်ရင် မေးကြ။

အဲလို ခွင့်ပေးတဲ့အခါ ရှင်အာနန္ဒာက ဒီရဟန်းပရိသတ်ထဲမှာ ရတနာသုံးပါး၊ မဂ်ဉာဏ်၊ သီလ သမာဓိ ပညာ ကျင့်စဉ်နဲ့ပတ်သက်လို့ နည်းနည်းလေးမျှ ယုံမှားသံသယဖြစ်တဲ့ ပုဂ္ဂိုလ်မရှိပါဘုရား။

မရှိပါဘုရား။ အင်မတန်အံ့သြဖွယ်ဖြစ်ပါတယ်ဘုရား။

အဲလိုလျှောက်ထားတော့ မှန်တယ်။ ဒီရဟန်းပရိသတ်ထဲမှာ ဘုရား၊ တရား၊ သံဃာ၊ မဂ်ဉာဏ် ကျင့်စဉ်အပေါ် သံသယ၊ ဇဝေဇဝါ ဖြစ်တဲ့ပုဂ္ဂိုလ် မရှိဘူးတဲ့။ ပရိသတ်အားလုံး အနိမ့်ဆုံးက သောတာပန်ကိုး။

ဒီစကားနဲ့ပတ်သက်ပြီး ပြန်ပြီးစဉ်းစားကြမယ်ဆိုရင် ဘုန်းကြီးတို့ ပရိသတ်ဘယ်လောက်ကျေနပ်စရာကောင်းသလဲ။

ဘုရားမှီလိုက်ကြတဲ့ အရှင်မြတ်ကြီးတွေ၊ အရှင်မြတ်ကြီးတွေက ဘုရားအပေါ်၊ တရားအပေါ်၊ သံဃာအပေါ်၊ မဂ်ဉာဏ်မိမိတို့ရဲ့ သီလ သမာဓိ ပညာ ကျင့်စဉ်တရားအပေါ် ယုံမှားသံသယမရှိကြဘူးတဲ့၊ ဇဝေဇဝါလဲ မဖြစ်ကြဘူး။

ဒါကြောင့်မို့ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။

ကိလေသာဟိတ် အဆိပ်ပြင်းထန် အကင်းသန်လျှက်မာန်တလူလူ အလံထူသည့် လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအစားစား နဂါးအဖုံဖုံ ဂဠုန်အမျိုးမျိုး ဆိုးဆိုးသွမ်းသွမ်း ကြမ်းကြုတ်သမျှဝေနေယျတို့ကို ဗုဒ္ဓမန္တာန် ဆိပ်အန်ငြိမ်ဆေး ထိုက်ရာပေး၍ယဉ်ကျေးစေမှု အစုစု၌ အတုမရှိပေသော မြတ်စွာဘုရား။

သတ္တဝါတွေကို ယဉ်ကျေးအောင် ဆုံးမတဲ့နေရာမှာ အတုမရှိမြတ်စွာဘုရား။ ယဉ်ကျေးအောင် ဆုံးမရာဝယ် အတုမရှိမြတ်တော်မူသော မြတ်စွာဘုရား။

သာသနာတော်ကြီးနဲ့ ယနေ့မြတ်စွာဘုရား သာသနာ့နောက်ပိုင်းမှာ လာရောက်ပြီးတော့ ကြုံကြ ဆုံကြ၊ အဲလို ကြုံကြဆုံကြသော်လဲပဲ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က ဟောကြားခဲ့တဲ့ဂရုဓမ္မဇာတ်၊ ကုရုဓမ္မဇာတ် အကုန်လုံး ဘုရား တရားတော်တွေဖြစ်တဲ့ပါဠိ အဋ္ဌကထာ ဋီကာတွေဟာ တည်ရှိနေတယ်။

ပထမဆုံးနှစ်ပေါင်း ၄၅၀ က နှုတ်နဲ့ဆောင်ပြီးလာခဲ့ကြတယ်။ နှစ်ပေါင်း ၁၉၆၀ လောက်က ပေရွက်ကလေးတွေ ရေးပြီးတော့သယ်ဆောင်လာခဲ့ကြတယ်။ လွန်ခဲ့တဲ့ နှစ် ၁၀၀ ကျော်က ကျောက်စာရေးပြီးတော့။

ပါဠိ အဋ္ဌကထာ ဋီကာတွေကို ထိန်းသိမ်းလာခဲ့ကြလို့ ယခုလို ဘုရားတရားတော်များ စနစ်တကျ အားထုတ်ခွင့်ရခဲ့ကြသဖြင့် ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း ပြောကြားရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ
လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကရေ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ

## လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ

ဟောကြားတော်မူသော
ဘဝငြိမ်းချမ်းရေးရှာပုံတော်တရားတော်

ကောဇာသက္ကရာဇ် ၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ အဘိဓမ္မာအခါတော်နေ့။

အဘိဓမ္မာအခါတော်နေ့ကတော့ နှစ်ပေါင်း ၂၅၇၃ ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ဖြစ်တယ်။ မကြာမီအချိန်ကလေးကပဲ အဘိဓမ္မာအခါတော်နေ့နဲ့ ပတ်သက်ပြီး ဘဝငြိမ်းချမ်းရေးရှာပုံတရားတော်မြတ်ကို ဓမ္မဒါန ပြုခဲ့ပါတယ်။

ယနေ့ ရောက်ရှိနေကြတဲ့ နာဂလိုဏ်ဂူဘုရားကုန်းမြေ နာဂလိုဏ်ဂူ စေတီတော်မြတ်ကြီး အရှင်ဥပဂုတ္တတန်ဆောင်းတော်

မြတ်ကြီးမှာ ဒကာ ဒကာမ ပရိတ်သတ်တွေအားလဲ ဒီတရားပဲ ထပ်ပြီး ဟောရမှာပါပဲ။

ဘဝငြိမ်းချမ်းရေးရှာတဲ့အခါမှာ မြတ်စွာဘုရားက ဒီခန္ဓာကိုယ်ကြီးကို ခွဲခြမ်းစိတ်ဖြာပြီးတော့ တရားရှာရမှာ။ ဒီခန္ဓာကိုယ်ကြီးမှာရှိတဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ်တရားတွေကို ခွဲခြမ်းစိတ်ဖြာပြီးတော့ တရားရှာရမှာ။

အဲဒီလို တရားရှာတဲ့အခါမှာ အများကြီးပေါင်းပြီးတော့ ကြည့်မယ်ဆိုရင် တရားမမြင်နိုင်ဘူး။ ဒါကြောင့် ဒီခန္ဓာကိုယ်ကြီးထဲမှာ ရှိတဲ့ ဓာတ်အမျိုးမျိုး ရုပ်ဓာတ်၊ နာမ်ဓာတ်။ အဲဒီရုပ်ဓာတ်ထဲမှာ အမျိုးသမီးများမှာ ရုပ် (၂၇)မျိုး၊ အမျိုးသားများမှာ ရုပ် (၂၇)မျိုး။

အဲဒီလို (၂၇)မျိုးစီရှိကြတဲ့အထဲက ဝါယောရုပ်ကလေးတစ်မျိုးကိုပဲ ဖမ်းပြီးတော့ သဘောပေါက်ပြီး ထားမယ်ဆိုရင် ဘဝငြိမ်းချမ်းရေးရနိုင်ပါတယ်။

ဒါကြောင့် ဘဝငြိမ်းချမ်းရေးရတယ်ဆိုတာ ဘာလဲဆိုတော့ စိုးရိမ်မှု၊ ပူဆွေးမှုတွေ မရှိတော့ဘူး။ စိတ်ဆင်းရဲမှုတွေ မရှိတော့ဘူး။ စိတ်မသက်သာ နှလုံးနာမှုတွေ မရှိတော့ဘူး။ စိတ်စင်ကြယ်သွားတယ်။ စိတ်စင်ကြယ်သွားတော့ စိုးရိမ်မှုမရှိပဲ တအုံနွေးနွေး မရှိတော့ပဲ အေးချမ်းပြီးသွားတဲ့ အဆင့်ရောက်လို့ရှိရင် ဘဝငြိမ်းချမ်းရေးရတယ်လို့ ခေါ်နိုင်ပါတယ်။

ဘုရားရှင်ရှိစဉ်အခါက လူတွေသာမက နတ်တွေ၊ ပြဟ္မာတွေလဲပဲ မြတ်စွာဘုရား တရားတော်ထဲက နည်းတစ်မျိုးမျိုးကို ရယူပြီးတော့ ဘဝငြိမ်းချမ်းရေး ရှာပြီးသွားကြပါတယ်။

သာဓကလေးတစ်ခုကို ထုတ်ပြောကြမယ်ဆိုရင် . . .

သုဗြဟ္မာနတ်သား နတ်သမီးတစ်ထောင်နှင့်တကွ ပန်းဥယျာဉ်ထဲသွားပြီး ပန်းတွေခူးပြီး ပျော်နေကြတဲ့အခါ နတ်သမီးငါးရာက ပန်းပင်ပေါ်မှာ သီချင်းတကြော်ကြော်ဆိုပြီး ပန်းခူးကြတယ်။ နတ်သမီးငါးရာက ပန်းတွေကောက်ပြီး၊ သီပြီး သုဗြဟ္မာနတ်သားကို ပန်းကုံးတွေနဲ့ စွပ်ကြတယ်။

အဲဒီအချိန်မှာ ပန်းခူးနေကြတဲ့ နတ်သမီးတွေအကုန်လုံး ပြုန်းဆို စုတေပြီး ငရဲရောက်နေကြတယ်။ အဲဒီအခါ သုဗြဟ္မာနတ်သား သိပြီး စဉ်းစားလိုက်တယ်။ "ကြွမာ ကုဟိံ ဂတာ" နတ်သမီးတွေ ဘယ်သွားနေကြလဲလို့ ကြည့်တော့ ငရဲမှာတွေ့တယ်။ ထိတ်လန့်သွားတယ်။ စိတ်မသက်သာ နှလုံးနာမှုတွေဖြစ်ပြီး စိတ်ထဲမှာမအေးလွန်းလို့ မြတ်စွာဘုရားထံအပြေးလာပြီး --

နိစ္စံ ဥတြသတံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂိဒံ မနော။

အနုပ္ပန္နေသု ကိစ္စေသု၊ အထော ဥပ္ပတိတေသုစ။

သစေ အတ္ထိ အနုတြသတံ၊ တံ မေအက္ခာဟိ ပုစ္ဆိတော။

မြတ်စွာဘုရား တပည့်တော်ရဲ့စိတ်ကလေးဟာ မဖြစ်ပေါ်သေးတဲ့ကိစ္စ၊ ဖြစ်ပေါ်ပြီးသားကိစ္စတွေနဲ့ တုန်လှုပ်နေပါတယ်ဘုရား။ တပည့်တော်ရဲ့ စိတ်ကလေးဟာ မအေးဆေးပါဘူးဘုရား။

အကယ်၍များ စိတ်တစ်ဖျပ်ဖျပ် ထိတ်လန့်မှုပ,ပျောက်အောင်၊ စိတ်မအေးမှုလေးတွေ ပ,ပျောက်အောင် နည်းကောင်းများရှိရင် ညွှန်ကြားတော်မူပါဘုရားလို့ မြတ်စွာဘုရားအား လျှောက်တယ်။

အဲဒီလို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက နည်းလေးနည်း ပေးပါတယ်။

နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

၁။ သစ္စာလေးပါး သိခြင်းကို ချန်ထားပြီး သစ္စာလေးပါး မသိပဲနဲ့ သတ္တဝါတို့ရဲ့ အေးဆေးမှုကို မမြင်ဘူး။ အမှန်လေးချက် သဘောနက်တို့ကို သိအောင်ကြိုးစားမယ်ဆိုရင် သတ္တဝါတွေဟာ အေးဆေးပြီး ချမ်းသာပြီ။

၂။ အေးအေးလူလူနေချင်တယ်ဆိုရင် ကိလေသာတွေကို ခေါင်းပါးအောင် လုပ်ပါ။ ခေါင်းပါးအောင် ကျင့်ကြံကြိုးကုတ်အားထုတ်ပါ။ အဲဒီအကျင့်ကို ချန်ထားပြီး ကိလေသာမခေါင်းပါးပဲနဲ့ သတ္တဝါတို့ရဲ့ ချမ်းသာကွက်ကို ငါဘုရားမမြင်ဘူး။

၃။ အကယ်၍များ ချမ်းသာချင်တယ်ဆိုရင် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဣန္ဒြေ (၆)ပါး တံခါး(၆)ပေါက်ကို ထိန်းသိမ်းစောင့်ရှောက်ပါ။ မတရားလိုချင်မှု၊ စိတ်မသက်သာ နှလုံးနာမှု မဖြစ်အောင် ထိန်းသိမ်းနိုင်မယ်ဆိုရင် သတ္တဝါတွေချမ်းသာနိုင်ပါတယ်။

၄။ သဗ္ဗနိဿဂ္ဂ ခေါ်တဲ့ ခပ်သိမ်းသော ကိလေသာတို့ စွန့်ခွာရာဖြစ်တဲ့ နိဗ္ဗာန်။ အဲဒီ နိဗ္ဗာန်ကိုချန်ထားပြီး၊ နိဗ္ဗာန်မရပဲနဲ့ သတ္တဝါတို့ရဲ့ ချမ်းသာမှုကို ငါဘုရားမမြင်ဘူး။

ဒီအချက်တွေကိုကြည့်မယ်ဆိုရင် မြတ်စွာဘုရားရှိစဉ်အခါကပင် ဘဝငြိမ်းချမ်းရေး ရှာကြတယ်။ လူတွေလဲ ရှာကြတယ်။ နတ်တွေလဲ ရှာကြတယ်။ ဗြဟ္မာတွေလဲ ရှာကြတယ်။

သုဗြဟ္မာနတ်သား ဘဝငြိမ်းချမ်းရေးရှာဖို့ မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက ။

"သစ္စာလေးပါး သိအောင်လုပ်၊ အမှန်တရား သိအောင်လုပ်" ဒါဖြင့် မိမိတို့ခန္ဓာကိုယ်ထဲမှာ အမှန်တရားရှာကြရအောင်။ ဘယ်လို ရှာကြမလဲ -

"သမာဓိံ ဘိက္ခဝေ ဘာဝေထ၊

သမာဟိတော ယထာဘူတံ ပဇာနာတိ"

ဘိက္ခဝေ= ချစ်သားတို့၊ သမာဓိံ= စိတ်ရဲ့တည်ကြည်မှုကို၊ ဘာဝေထ= ပွားများကြကုန်လော့။ (ဘဝငြိမ်းချမ်းရေးရချင်တယ်ဆိုရင် စိတ်ရဲ့တည်ငြိမ်မှုကို ရအောင်လုပ်ကြ။) သမာဟိတော= စိတ်တည် ကြည်သောသူသည်၊ ယထာဘူတံ= အမှန်အတိုင်း၊ ပဇာနာတိ= သိနိုင် တယ်၊ ဘယ်လိုသိနိုင်သလဲ-

"ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ"= ဒါတွေဟာ ဆင်းရဲတဲ့ တရားတွေပါလားလို့ အမှန်အတိုင်း သိနိုင်တယ်။

"အယံ ဒုက္ခသမုဒယောန္တိ ယထာဘူတံ ပဇာနာတိ"= ဒါတွေဟာ ဒုက္ခရဲ့ဖြစ်ကြောင်း တဏှာသမုဒယတွေပါလားလို့ အမှန် အတိုင်းသိနိုင်တယ်။

"အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ"= ဤတရားကား ဒုက္ခချုပ်ရာတရားပါပဲလို့ အမှန်အတိုင်း သိနိုင်တယ်။

"အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ" ဤတရားကား ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းပါပဲလို့ အမှန်အတိုင်း သိနိုင်တယ်။

အဲဒီတော့ သမာဓိရဖို့ အရေးကြီးတယ်။ သမာဓိရလာပြီဆိုရင် တရားတွေအမြောက်အများရှိတာထဲက ခြုံပြီးတော့ကြည့်မယ်ဆိုရင် အရပ်စကား "ငါးရံ့နှစ်ကောင် ဖမ်းသလို" ဟိုတစ်ကောင်လဲ မမိ၊

ဒီတစ်ကောင်လဲ မမိ ဖြစ်နေတတ်တယ်။ ခန္ဓာကိုယ်ထဲမှာ ရုပ်တရား၊ နာမ်တရားတွေရှိတယ်။ အဲဒီ ရုပ်တရား၊ နာမ်တရားတွေကို စုပြုံပြီး မကြည့်ပဲ ရုပ်တရားကိုပဲ ခွဲပြီးကြည့်ရအောင်။

ရုပ်တရားကိုလဲ အမျိုးသားတွေက ရုပ် (၂၇)မျိုး၊ အမျိုးသမီးတွေကလဲ ရုပ် (၂၇)မျိုး။ အဲဒီထဲက (၂၆)မျိုးကို အသာထား၊ ဝါယော ရုပ်ကလေး တစ်မျိုးထဲကိုပဲ ကြည့်မယ်။ နာမ်တရားတွေကိုလဲ မကြည့် သေးဘူး။ နောက်ပိုင်းကျမှ ခြုံပြီးပါသွားလိမ့်မယ်။

ဝါယောရုပ်ကို အကျဉ်းချုပ်ပြီး ခွဲထားတာက (၆)မျိုး၊ အဲဒီ (၆)မျိုးထဲက (၁)မျိုးပဲ ပြောမယ်။ အကျယ်မပြောတော့ဘူး။

အဿာသ = ထွက်လေ

ပဿာသ = ဝင်လေ

ခန္ဓာကိုယ်ကြီး ခွဲဝေပုံလိုက်ရင် (၄၂)ပုံ၊ အဲဒီ (၄၂)ပုံထဲက (၁)ပုံပဲ ပြောမယ်။

ဝင်လေ ထွက်လေ (၂)မျိုးကို ကျကျနနသိမယ်ဆိုရင် ထွက်လေ ဝင်လေလေးကို အာရုံပြုပြီးတော့ ရရှိလာတဲ့ သမာဓိဟာ-

သန္တောစေဝ= ငြိမ်သက်ပါတယ်။ ပဏီတောစ= မြတ်လဲ မြတ်ပါတယ်။ သုခဝိဟာရောစ= ချမ်းသာစွာလဲ နေရပါတယ်။ အသေစနကော= နောက်ထပ် ချမ်းသာဖို့ ဖြည့်စွက်စရာမလိုပါဘူး။ အကောင်းဆုံးချမ်းသာကို ရပါလိမ့်မယ်။ ဥပ္ပန္နုပ္ပန္နေစ ပါပကေ အကုသလေ ဓမ္မေဌာနသော အန္တရဓာပေတိ= ဖြစ်ပေါ်ဆဲ ဖြစ်ပေါ် လတ့်သော မကောင်းညစ်ဆိုး အကုသိုလ်မျိုးတွေကိုလဲ ဖယ်ရှားနိုင် ပါတယ်။

ဥပမာအားဖြင့် မိုးဦးကျ လေဦးကျ အချိန်ကာလလေးမှာ မြူမှုန်တွေကို တခဏချင်းရွာတဲ့မိုးက ပ,ပျောက်စေနိုင်သလိုပါပဲ။ ခန္ဓာကိုယ်မှာရှိတဲ့ စိတ်ဆိုး စိတ်သွမ်း စိတ်သရမ်းတွေ ငြိမ်ပြီးသွားစေနိုင်တဲ့ ထွက်လေ ဝင်လေ သမာဓိပါ။

မြတ်စွာဘုရားက မဟာသတိပဋ္ဌာနသုတ္တန်ဒေသနာတော်ကြီးကို ဟောကြားတော်မူတဲ့အခါ ပထမဦးဆုံး ဟောဒီ ထွက်လေ၊ ဝင်လေကို မှတ်ပုံဟောတယ်။ ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွားများပုံကို ဟောတယ်။ ဘယ်နှယ့်ပွားမလဲဆိုတော့ ပွားနည်း (၁၆)မျိုးကို ဆက်ဟောပါတယ်။

အာနာပါနဆိုတဲ့ ထွက်လေ ဝင်လေလေးကို ပွားများလို့ရရှိတဲ့ သမာဓိလေးဟာ အင်မတန်တန်ဖိုးရှိတယ်။ အခုနက ကြေငြာခဲ့တဲ့ အတိုင်း ချမ်းသာတယ်။ အာနာပါနဿတသမာဓိကိုပွားများရတာ ခက်လဲမခက်ပါဘူး။ နေရာဌာနကတော့ တောထွက်နိုင်ရင် ထွက်၊ မထွက်နိုင်ရင် ဆိတ်ငြိမ်ရာလေးမှာနေ၊ သစ်ပင်အောက်မှာနေ၊ ဆိတ်ငြိမ်ရာနေရာဆိုတာ လူတိုင်းရနိုင်ပါတယ်။ မိမိတို့အိမ်ဦးခန်းတွေမှာလဲ ရနိုင်ပါတယ်။ ကျောင်းဘုရားတွေမှာလဲ ရနိုင်ပါတယ်။

ရလို့ရှိရင် ခန္ဓာကိုယ်ထဲမှာရှိတဲ့ တရားတွေအများကြီးထဲက တစ်နည်းအားဖြင့် မြတ်စွာဘုရား ဝါတွင်းသုံးလပတ်လုံး ဟောကြားထားတဲ့ တရားတွေထဲက အားလုံးမတတ်နိုင်ရင် ကိုယ့်ခန္ဓာကိုယ်ထဲက တရားတစ်မျိုးပဲကြည့်။ တရားတစ်မျိုးထဲ ဘယ်လိုရှာရမလဲ၊ ဘယ်လိုကြည့်ရမလဲ။

"စိတ်မိုက်နွားဆိုး သတိကြိုးနဲ့ မတိုးရုန်းနိုင် အာရုံတိုင် ခိုင်ခိုင်ချည်လေဘိ"။

စိတ်က နွားဆိုးနဲ့တူတယ်၊ သတိက ကြိုး၊ နှာသီးဝက အာရုံတိုင်၊ စိတ်ဆိုးစိတ်သွမ်း စိတ်သရမ်းနဲ့တူတဲ့ နွားဆိုးနွားမိုက်ကို သတိဆိုတဲ့ကြိုးနဲ့ နှာသီးဝဆိုတဲ့ အာရုံတိုင်မှာ ခိုင်ခိုင်ချည်ထားပါတဲ့။ တစ်နာရီမှာ ထွက်လေ ဝင်လေက (၁၀၀၀)ကျော်၊ တစ်နေ့တာ (၂၄၀၀၀) ရှူကြ ရှိုက်ကြပါတယ်။ တစ်နေ့ဆိုရင် ထွက်လေဝင်လေ ရှူကြရှိုက်ကြတာ (၂၄၀၀၀)ကြိမ်လောက် ရှိတယ်။ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တစ်နေ့တာ ရှူကြရှိုက်ကြတာ အကြိမ်ပေါင်း (၂၄၀၀၀)ကျော်။

ဘုရားရှင်က (၂၄၀၀၀)ကျော်လုံး ရှုပွားခိုင်းတာ မဟုတ်ပါဘူး။ တစ်နေ့ (၁၀)မိနစ်ကစပြီး (၁)နာရီ၊ (၂)နာရီလောက်လေးက စပွားပါတဲ့။

ဆိတ်ငြိမ်ရာချဉ်းကပ်ပြီး တင်ပလ္လင်ခွေထိုင် ထိုင်ပြီးတဲ့အခါ နှာသီးဖျားကို တိုးထွက်လာတဲ့ လေလေးကို ထွက်လေ၊ တိုးဝင်လာတဲ့ လေလေးကို ဝင်လေလို့မှတ်ပါ။

"သတောဝ အဿသတိ" သတိလေးနဲ့ နှာသီးဖျား၊ နှာသီးဝ ကနေ ကပ်ပြီး ထွက်လေ။

"သတောဝ ပဿသတိ" သတိလေးနဲ့ နှာသီးဖျား၊ နှာသီးဝ ကနေ ကပ်ပြီး ဝင်လေလို့ မှတ်ပေးပါ။

အဲဒီ ထွက်လေ၊ ဝင်လေ ဝါယောရုပ်ကလေးကို နှာသီးဖျားက တိုးဝင်၊ တိုးထွက်လာတာလေးကို မှတ်ရမှာ။ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ ခိုင်ခိုင်ချည်ထားရမှာ။

ခိုင်ခိုင်ချည်တဲ့နည်း (၁၆)နည်း၊ (၁၆)နည်းထဲက ပထမ(၄)နည်း ကို ပြောကြစို့။ "ထွက်လေ ဝင်လေ"ကို ပထမဆုံးမှတ်ပါ။ ဒါကြောင့်

"သတိမြဲရာ ပထမာ၊ ဒုမှာ ရှည်တိုသိ"။ ပထမနည်းက ထွက်လေ ဝင်လေ ထွက်တာ ဝင်တာကို မြဲမြဲမြံမြံ မှတ်ပါ။

ဒုတိယနည်းက- အဲဒီလို ရှုကြ ရှိုက်ကြတဲ့အခါ ရှုတဲ့ရှိုက်တဲ့ လေကြောလေး ရှည်သွားတယ်၊ တိုသွားတယ်။ လေလမ်းကြောင်း အတိုအရှည်ကို မှတ်ပါ။

ထွက်လေ ဝင်လေ လမ်းကြောင်းလေးဟာ ရှည်သွားတယ်၊ တိုသွားတယ်လို့ လေလမ်းကြောင်းလေးရဲ့ အတိုအရှည်ကို ဆက်မှတ်ပါ။

ဒီတခါ ထွက်လေ ဝင်လေ လမ်းကြောင်းလေးက တိုတယ်၊ ဒီတခါ ထွက်လေ ဝင်လေ လမ်းကြောင်းလေးက ရှည်တယ်လို့ မှတ်ပါ။

"သတိမြဲရာ ပထမာ ဒုမှာရှည်တိုသိ"
"လုံးစုံလင်းရာ တတိယာ စ,မှာ ငြိမ်းစေဘိ"

တတိယနေ့

ဝင်လေက နှာသီးဖျား၊ ရင်ချိုင့်၊ ချက် သုံးဌာန။ ထွက်လေက ထွက်လာပြီး ချက်၊ ရင်ချိုင့်၊ နှာသီးဖျား သုံးဌာနလုံးမှတ်ရမှာ။ ဝင်လေက ဝင်လာပြီး သုံးဌာနပြည့်စုံအောင် မှတ်။ စိတ်လာတာပေါ့။ ဉာဏ်ကလဲ သွက်လာတာပေါ့။ သမာဓိကလဲ ရင့်လာတယ်။

ဒါကြောင့် လုံးစုံလင်းရာ တတိယာ။

စတုတ္ထနေ့

ထွက်လေဝင်လေ မှတ်ရင်းမှတ်ရင်းနဲ့ ငြိမ်သက်လာတယ်။ ထွက်တေလဝင်လေလေး အသက်ရှုတာ ရှိုက်တာလေးက ငြိမ်သက်

လာတယ်။ အသက်မှရှုသေးရဲ့လားလို့ ဆိုရလောက်အောင် ငြိမ်သက် အေးအေးသွားတာလေးကို ငြိမ်သက်အေးဆေးတယ်လို့ ဒီလိုပဲ ရှုရမယ်။

ဒါကြောင့် အဲလို လေးနည်းနဲ့ လုပ်ငန်းစဉ်ဝင်လိုက်ရင် ထိုက်တန်သလောက် ပြည့်စုံပါတယ်။

"စိတ်မိုက်နွားဆိုး သတိကြိုးနှင့် မတိုးရုန်းနိုင် အာရုံတိုင် ခိုင်ခိုင်ချည်လေဘိ"

"ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုန်း၍ကြည့်"

"ရုန်းမရပါ ချည်တိုင်မှာ မောကာ ငြိမ်သက်၏"

"မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်သမာဓိ"

"သမာဓိရ တည်ငြိမ်က စိတ္တဝိသုဒ္ဓိ"

"စိတ်စင်ကြယ်သွား ရုပ်နာမ်များ ပိုင်းခြားခွဲ၍သိ"

- စိတ်မိုက်နဲ့တူတဲ့ နွားဆိုးကို သတိဆိုတဲ့ကြိုးနဲ့ ထွက်လေ ဝင်လေ ဆိုတဲ့အာရုံတိုင်မှာ ခိုင်ခိုင်ချည်ထားပါ။

- ခိုင်ခိုင်ချည်ထားတဲ့ စိတ်မိုက်နွားဆိုးလေးဟာ ပြေးပြီးကြည့် လိုက်တယ်။ လွှားပြီးကြည့်လိုက်တယ်။ ရုန်းနိုင်ပါ့မလား၊ ခိုင်ခိုင်ချည် ထားတဲ့အတွက် မရုန်းနိုင်ဘူး၊ မပြေးနိုင်ဘူး၊ မလွှားနိုင်ဘူး။ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိကြိုးနဲ့ ခိုင်ခိုင်ချည်ထားလို့ စိတ်ကလေး မရုန်းနိုင်၊ မပြေးနိုင်၊ မလွှားနိုင်တော့ဘူး။

- ရုန်းမရတဲ့အခါကျတော့ ချည်တိုင်မှာ မောပြီး၊ တိုင်ခြေမှာ ဝပ်ပြီးနေရတယ်။ အဲဒီလိုပဲ စိတ်ကလေးဟာလဲ သတိပဋ္ဌာန်ဆိုတဲ့ သတိကြိုးနဲ့ ထွက်လေဝင်လေ အာရုံတိုင်မှာ ချည်ပြီးတော့ ထားလိုက် တာ နွားနဲ့တူတဲ့ စိတ်မိုက်စိတ်ရိုင်းလေးဟာ ငြိမ်သွားတယ်။

- မောပြီးငြိမ်သက်ပြီး ချည်တိုင်မှာဝပ်နေသလို စိတ်ကလေး ကလဲ ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ ငြိမ်ပြီးသတိမလွတ်၊ အဲဒီလို ပွားများတော့ စိတ်ကလေးဟာ တည်ကြည်မှုရသွားတယ်။

- ဟော စိတ်လေးငြိမ်ပြီးနေမှ တစ်နေကုန် တစ်နေ့ခန်း ရှာကြ ဖွေကြ စားကြ သောက်ကြ နေကြ ထိုင်ကြ သွားကြ လာကြတော့ ဟိုရောက်လိုက်၊ ဒီရောက်လိုက် တစ်ခါတစ်ရံ ကောင်းတာဆီ ရောက်လိုက်၊ တစ်ခါတစ်ရံ မကောင်းတာဆီ ရောက်လိုက်၊ တစ်ခါ တစ်ရံ မိမိကပြေလည်လို့ တစ်ခါတစ်ရံ မိမိတစ်ယောက်ထဲ မပြေလည် ဘူး။ စိတ်ထဲမှာ အမျိုးစုံတစ်ယောက်ထဲ ရန်ဖြစ်နေလိုက်တာ၊ အဲဒါ မျိုးလေးတွေ မဖြစ်ကြရအောင် ဘုရားရှင်က -

- စိတ်ကလေး တည်ကြည်တော့ စိတ်စင်ကြယ်နေတယ်။ စောစောက အဖြူကွက်မထင်အောင် မည်းညစ်နေတဲ့ စိတ်ကလေး ဟာ ဖြူစင်သွားတယ်။ အဲဒီလို တည်ကြည်မှုလေးများ ရလာပြီဆိုရင် ဘုရားရှင်က ငြိမ်သက်ပြီ၊ အေးဆေးပြီ၊ အေးမြလာပြီတဲ့။

စိတ်စင်ကြယ်သွားပြီဆိုရင် ရုပ်ရယ်၊ နာမ်ရယ် ခွဲခြားပိုင်းခြား ပြီးတော့ သိလာတယ်။ ထွက်လေဝင်လေဆိုတာ မြန်မာအခေါ် ခေါ်တာပါ။ ဘုရားဟောပိဋကတ်တော်မှာက "ဝါယော"။

ရုပ်(၂၈)ပါးထဲက "ဝါယော"ရုပ်တစ်ခုပါ။ "ဝါယော"ဆိုတဲ့ ရုပ်ကို သစ္စာဖွဲ့တဲ့အခါ "ဒုက္ခသစ္စာ"ပါပဲ။ "ဒုက္ခသစ္စာ"ဆိုတာ ဆင်းရဲတာအမှန်ပါပဲ။ ထွက်လေ ဝင်လေလေးဖြစ်နေတာဟာ ဆင်းရဲ ပါတယ်။ ထွက်လေ ဝင်လေလေးဟာ မြဲသလားလို့မေးရင် တစ်နာရီမှာ ထွက်လေ ဝင်လေ (၁၀၀၀)ကျော်၊ တစ်နေ့ (၂၄၀၀၀)ကြိမ်လောက် ဝါယောရုပ်လေး သေကျေပါတယ်။

ခန္ဓာကိုယ်တစ်စိတ်တစ်ဒေသဖြစ်တဲ့ ဝါယောရုပ်ကလေး တစ်နေ့အကြိမ် (၂၄၀၀၀)ကျော် ပျက်စီးနေတော့ အခြားအခြားရုပ်တွေလဲ ဒီနည်းအတိုင်း ပျက်စီးနေပါတယ်။ အဲဒီလိုကြည့်လိုက်တဲ့အခါ ဝါယောရုပ်ကလေးကို ထုတ်ချင်းပေါက်အောင် မြင်ပြီဆိုရင် ကျန်တဲ့ ရုပ်တရား၊ နာမ်တရားတွေလဲ ဖြစ်ကြတယ်၊ ချုပ်ကြတယ်လို့ မြင်နိုင်တယ်။ အနိစ္စသဘောရှိကြပါတယ်လို့ ဝါယောရုပ်ကလေးဟာ မြဲ မမြဲမေးရင် ဖြစ်ပြီတော့ ပျက်နေတာမြင်တွေ့ရတော့ မမြဲပါ။

မမြဲတာလေးဟာ ဆင်းရဲတယ်။ မြဲလဲမမြဲ ဆင်းလဲဆင်းရဲတဲ့ ဝါယောရုပ်ကလေးကို ဖမ်းပြီးတော့ "ဇတံ မမ" ဒီလေလေးဟာ ငါ့လေပဲ။ ငါပိုင်တဲ့လေ၊ ငါ့ရဲ့ဝါယောရုပ်လို့ အဲဒီလို မတရားသဖြင့် သတ်မှတ်လို့မရပါ။ အဲဒီလို သတ်မှတ်လို့ရှိရင် မတရားသဖြင့် သတ်မှတ်ရာကျမှာပေါ့။

ထွက်လေ ဝင်လေ မမြဲ၊ ထွက်လေ ဝင်လေ ရှုမှတ်နေတဲ့ စိတ်လဲမမြဲ။ အဲဒီစိတ်ကလေးနဲ့တွဲပြီး တစ်ခါတစ်ရံ လောဘ၊ ဒေါသ၊ မောဟ တရားတွေ၊ တစ်ခါတစ်ရံ အလောဘ၊ အဒေါသ၊ အမောဟ အစရှိတဲ့တရားတွေ ရှုမှတ်တဲ့စိတ်ကလေး ကုသိုလ်စိတ်ကိုး။ ကုသိုလ်စိတ်နဲ့ တွဲဖြစ်တဲ့ အလောဘ၊ အဒေါသ၊ အမောဟ၊ အဲဒီစိတ်တွေ တရားတွေလဲ မမြဲဘူး။

အဲဒီ ဝါယောရုပ်ကလေးကို ငါ့လေ၊ ငါ့ထွက်သက်၊ ဝင်သက်လို့ ထင်မှတ်ရင် မှားယွင်းတဲ့စိတ် ဖြစ်သွားတယ်။ အဲဒီ ဝါယောရုပ်ကို (သို့မဟုတ်) နာမ်တရားကို (သို့မဟုတ်) ရုပ်ထဲက တစ်စိတ်တစ်ဒေသကို ရှုမှတ်တဲ့စိတ်ကလေးက မမြဲပါဘူး။

ရှုမှတ်တဲ့စိတ်ကလေးကို နာမ်လို့ခေါ်ပါတယ်။ အဲဒီရှုမှတ်တဲ့ နာမ်တရားကတော မမြဲပါဘူး။

ပန်းပဲသမားတစ်ယောက် ရွှတ်တီးခေါ်တဲ့ ဖိုကလဲ ရှိရမယ်။ ပန်းပဲသမားရဲ့ ဆွဲအားလှုံ့လကလဲ ရှိရမယ်။ ဖိုဝကလဲ ရှိရမယ်။ အဲဒီ အကြောင်းသုံးမျိုး ပြည့်စုံတဲ့အခါကျမှ ရှူးရှဲ၊ ရှူးရှဲ၊ ရှူးရှဲ လို့ လေထွက်ပေါ်လာနိုင်ပါတယ်။

ဖိုရဲ့နှုတ်သီးဝကိုလဲ ဖျက်ဆီးလိုက်တယ်။ ရွှက်တီးခေါ်တဲ့ ဖိုကိုလဲ ဖျက်ဆီးလိုက်တယ်။ ပန်းပဲသမားရဲ့ လှုံ့လကလဲ မရှိဘူးဆိုရင် အဲဒီ ရှူးရှဲဆိုတဲ့လေ မဖြစ်နိုင်ပါဘူး။

နှာခေါင်းဖုလဲ ဖြတ်ပစ်လိုက်၊ စိတ်ကိုလဲ ဖျောက်ပစ်၊ ခန္ဓာကိုယ်ကြီးလဲ ဖျောက်ပစ်လိုက်ရင် ထွက်လေဝင်လေ ရှုလေရှိုက်လေ ဆိုတာ မရှိပါဘူး။ အကြောင်းတိုက်ဆိုင်လာရင် ဝင်လေထွက်လေ ဆိုတာ ဖြစ်ပေါ်လာတယ်။ အကြောင်းမတိုက်ဆိုင်ရင် မဖြစ်ပေါ်လာပါဘူး။ အဲဒီ ထွက်လေဝင်လေကို ငါကလုပ်တာမဟုတ်ပါဘူး။ သူကလုပ်တာမဟုတ်ပါဘူး။ ငါ, သူ မရှိပါဘူး။

ထွက်လေလေးက တိုးဝှေ့သွားတဲ့သဘောရှိတယ်။ ဝါယောရုပ်ကလေးတစ်ခုမြင်ရင် အကုန်လုံးမြင်သွားပြီ။ ပင်လယ်၊ သမုဒ္ဒရာထဲက ရေကိုခပ်ပြီး သောက်ကြည့်ရင် ငန်တဲ့အရသာသိသလို ပင်လယ်၊ သမုဒ္ဒရာထဲက ရေအားလုံးဟာလဲ ငန်မှန်းသိရတယ်။

မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှာ ဟောကြားထားတဲ့ တရားတွေထဲက ဝါယောရုပ်ကလေးတစ်လုံးကို ဖမ်းကြည့်လိုက်တော့ မတွေ့ဘူးလား၊ တွေ့ပါတယ်။ အဲဒါကို လူတိုင်းတွေ့ဖို့ လိုတယ်။ ဒီရက်တွေ့ပြန်လဲ နောက်ရက်တွေ့ဖို့လိုတယ်။ အရဟတ္တဖိုလ် မရောက်

မချင်း ရုပ်ခေတ်၊ နာမ်ခေတ်၊ ပရမတ်ကို မြင်အောင်ရှုဖို့ လိုပါတယ်။ အဲဒီလို တစ်ခုခုကို မြင်အောင်ရှုထားနိုင်တဲ့ လမ်းစဉ်က မြတ်စွာဘုရားရဲ့ အရိယာဝိဇ္ဇာလမ်းစဉ်ပဲ။ အရိယာဖြစ်တာဟာ ဒီလမ်းစဉ်က ဖြစ်တာပါ။ "တရားပျောက်တော့ ကိုယ်မှာရှာ၊ တရားရှာတော့ ကိုယ်မှာတွေ့"။ ဒီတော့ ရှာတတ်ပြီ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဘိဓမ္မာ (၇)ကျမ်းဆိုတာ ပြောမယ်ဆိုရင် စာမျက်နှာပေါင်း (၆၀၀၀)လောက် ရှိတယ်။ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း ဆိုပြီးတော့ (၅)ကျမ်း၊ စာအုပ်က (၄)အုပ် ရှိပါတယ်။ ရှေ့ပိုင်း (၅)ကျမ်း၊ နောက်ပိုင်းက ယမိုက် (၃)အုပ်၊ ပဋ္ဌာန်း (၅)အုပ်၊ ဒါတွေကုန်အောင်ကျက်လို့ မလွယ်ပါဘူး။

အဘိဓမ္မာ (၇)ကျမ်း ခက်ခဲနက်နဲလွန်းလို့ ဒကာ ဒကာမတွေ သိခွင့်မရဘူးလားဆိုတော့ သိခွင့်ရပါတယ်။ ဘယ်နည်းနဲ့ ရမလဲဆိုတော့ ရုပ်တရား၊ နာမ်တရားတစ်ခုခုကို ထုတ်နုတ်လက်ကိုင်ထား ရှု။

မြတ်စွာဘုရား သတိပဋ္ဌာနသုတ္တန်မှာ ဝါယောရုပ်လေး ရှုမှတ်ပုံကို သတိပဋ္ဌာန်ထဲက ထုတ်ပြီးဟောကြားခဲ့တယ်။ ဝါယောရုပ်ဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတာကိုတော့ တာဝတိံသာနတ်ပြည်မှာ အကျယ်ဟောခဲ့တယ်။ အကျယ်ဟောခဲ့တဲ့ တရားတွေထဲက (တစ်မျိုးချင်းလေး) ထုတ်ပြီးတော့ တရားပေးခဲ့တာ။ ကာယာနုပဿနာသတိပဋ္ဌာန် ဆိုပြီးတော့ ခေါင်းစဉ်ပြုထားတယ်။ ပထမဆုံးဝါယောရုပ်လေး တစ်မျိုးထဲကို ရှုမှတ်ခိုင်းတယ်။

နောက်တစ်ခါ တစ်ဆင့်တက်ပြီး ခန္ဓာကိုယ်ကို (၃၂)ပုံ ပုံပြီးတော့ ပထဝီဓာတ်နဲ့ အာပေါဓာတ်ကို ဆက်ပြီးတော့ "ပဋိကူလ

မနသီကာရပဗ္ဗ” ဆိုပြီးပြတယ်။ ဒီနောက် ဓာတ်လေးပါးလုံးကိုစုံလင်အောင် “ဓာတုမနသီကာရပဗ္ဗ” ဆိုပြီးပြတယ်၊ ဟောတယ်။ ပထမဆုံး အာနာပါနပဗ္ဗကတော့ ရုပ်တစ်မျိုးထဲ။ (၃၂)ကောဋ္ဌာသ ပဋိကူလမနသီကာရ ပဗ္ဗ ဟောတော့ ရုပ်နှစ်မျိုးပါသွားပြီ။

ဓာတုမနသီကာရ ပဗ္ဗ ကျတော့ မြတ်စွာဘုရားက ပင်မရုပ်(၄)မျိုးဟောခဲ့တယ်။ မြတ်စွာဘုရားက တရားရှာတဲ့အခါ “နည်းနည်းနဲ့ ကျဲကျဲဝိုင်း” ဆိုတဲ့စကားလို အနည်းကလေးက စပြီးတော့ ရှုကြည့်စေချင်တယ်။ ထွက်လေ ဝင်လေ မမြဲတာကို သိပြီး၊ ရှုမယ် ရှိုက်မယ်ဆိုရင် “အနိစ္စာနုပဿီဝါ အဿာသိဿာမီတိ ဘိက္ခုတိ” မမြဲတာကိုသိပြီး ရှုမယ် ရှိုက်မယ်ဆိုရင် ဝိပဿနာကုသိုလ် ဖြစ်တာပါပဲ။

မမြဲတာကို ရှုပွားတဲ့အခါ အိပ်လို့လဲ ရှုလို့ရတယ်၊ ထိုင်လို့လဲရှုလို့ရတယ်။ ရပ်ပြီးတော့လဲ ရှုလို့ရတယ်။ သွားရင်းနဲ့လဲ ရှုလို့ရတယ်။ ထွက်လေ ဝင်လေ ရှုမှတ်နေရင်း စိတ်ကလေးတည်ကြည်ပြီး သမာဓိရရင် မမြဲတာလေးကိုရှု၊ အနိစ္စဉာဏ် ချုပ်ပျောက်သွားတာကိုကြည့်တော့ ဆင်းရဲတာကိုမြင်လာတယ်၊ ဒုက္ခဉာဏ်။

မြဲလဲ မမြဲဘူး၊ ဆင်းလဲ ဆင်းရဲတယ် ဆိုတာ မိမိကိုယ်တိုင်ကမြဲချင်တယ်၊ မဆင်းရဲချင်ဘူး။ မိမိဖြစ်ချင်သလို ဖြစ်ရဲ့လား မဖြစ်ဘူး။ မဖြစ်တာကို သိလာတော့ အနတ္တဉာဏ်။ အဲဒီကျမှ အဆုံးသတ်တယ်။ ဒါကြောင့်မို့ -

ကရောန္တေဝံ သဒ္ဓမ္မတ္တိ၊ ယေသန္တာ သန္တသာသနံ။
နိဗ္ဗန္ဒန္တိ ဘဝဂတေ၊ နိဗ္ဗန္ဒန္တာ ဝိရဇ္ဇရေ။

ယေ= သူမြတ်ဖြစ်ဟန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်းအကြင်သူတော်ကောင်းတို့သည်၊ သန္တသာသနံ= အေးအေးမြမြ

ဟောညွှန်ပြသည့် ဗုဒ္ဓဟောဖော် အဆုံးအမတော်ကြီးကို၊ သဒ္ဓဟတ္ထိ= ကြောင်းကျိုးနှစ်တန် ခွဲဝေဖန်၍ အမှန်ကိုပင် လက်ခံသိမ်းပိုက်ကြကုန်၏။

သူတော်ကောင်းတွေဟာ မိမိသန္တာန်မှာ ရုပ်တရား၊ နာမ်တရား ဖြစ်စဉ်တွေ ကို ကျကျနန တွေးတောကြံဆပြီးတော့ အမှန်တရားလက်ခံကြတယ်။ အခု အနိစ္စ၊ ဒုက္ခ၊ အနတ္တ မှန်သလား၊ မှန်ပါတယ်။ မှန်ရင် ယုံကြည်ကြရမယ်။ မမြဲတာလဲ ကိုယ်တွေ့၊ ဆင်းရဲတာလဲကိုယ်တွေ့၊ ကိုယ်မပိုင်မစိုးတာလဲ ကိုယ်တွေ့၊ အဲဒီလို ဖြစ်တဲ့အခါ ယေသန္တာ= အကြင်သူတော်ကောင်းတို့သည်၊ သန္တသာသန်= အေးအေးမြမြ ဟောညွှန်ပြသည့် ဗုဒ္ဓဟောဖော် အဆုံးအမတော်ကြီးကို၊ သဒ္ဓဟတ္ထိ= ကြောင်းကျိုးနှစ်တန် ခွဲဝေဖန်၍ အမှန်ကိုပင် လက်ခံသိမ်းပိုက်ကြကုန်၏။

တေသန္တာ= သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်း ထိုသူတော်ကောင်းတို့သည်၊ ဇဝံကရောန္တိ= သံသရာမှ မှန်စွာလွတ်ကြောင်း မကြောက်မရွံ့ နောက်မတွန့်ပဲ ကြိုးစားအားထုတ်ကြကုန်၏။

သံသရာမှ လွတ်မြောက်အောင် အားထုတ်တယ်။ သံသရာဆိုတာ ဘာလဲ။ “ရုပ်တရား၊ နာမ်တရား မပြတ်ဖြစ်နေတာ သံသရာ” ရုပ်တရား၊ နာမ်တရား မပြတ်ဖြစ်နေတာ ဆင်းရဲပါတယ်။ အမှန်ကို သိကြပြီ။ ဒီခန္ဓာကိုယ်ကြီးထဲမှာ ထွက်လေဝင်လေလေးကစပြီး မမြဲဘူးဟဲ့၊ ဆင်းရဲတယ်ဟဲ့၊ ကိုယ်မပိုင် အစိုးမရဘူးဟဲ့လို့ သိကြပြီ။

နိဗ္ဗုန္တိန္တာ= သာသနာပေး အသိဉာဏ်ဖြင့် အမြင်မှန်ရကြသဖြင့် ငြိမ်းငွေ့ကြကုန်သည် ဖြစ်၍၊ မှန်ကန်တဲ့အသိဉာဏ်တွေ မိမိသန္တာန်မှာ

ရင့်သန်ကြသဖြင့် သံသရာကြီးထဲမှာ ငြီးငွေ့တဲ့စိတ်၊ မပျော်တဲ့စိတ် ကလေးတွေ ဖြစ်ပေါ်လာတယ်။ တရားမမြင်ရင် သံသရာမှာ ပျော်တယ်။ မြင်ရင် မပျော်ဘူး။ ဒါကြောင့် -

"မခံနိုင်အောင် ခံနိုင်ပျော်၊ ငါးဖော်ကန္ဒာတည်း"

နိဗ္ဗိန္ဒန္တာ= အမှန်တွေကို လက်ခံသုံးသပ် ငြီးငွေ့ကြကုန်သည် ဖြစ်၍၊ ဝိရဇ္ဇရေ= မဂ်ဉာဏ်သို့ဆက် တရားတက်၍ တပ်မက်ခုံမင် လိုချင်မှုမရှိကြကုန်သတည်း။

"ဘဝငြိမ်းချမ်း ဤနည်းလမ်းကို ရှုစမ်းစေချင် သိစေချင်လှ စိတ်ဆန္ဒဖြင့် ဟောပြပါရ ဤပုညကြောင့် သတ္တဝါခပင်း အနာကင်း လျှက် မိုးမင်းမှန်စွာ ဝပြောသာ၍ ပြည်ရွာအတွင်း ရန်မျိုးကင်းသား ရောင်းခင်းလဲသာ ဝယ်ရာလဲချော တောဆည်စည်းပွား မြို့ကား စည်ပင် ပြည်လုံးရွှင်သည် အစဉ်ငြိမ်းချမ်း ကြပါစေသော်"

"ဘဝငြိမ်းချမ်း ဤနည်းလမ်းကို ရှုစမ်းစေချင် မြင်စေချင်လှ စိတ်ဆန္ဒဖြင့် ဟောပြပါရ ဤပုညကြောင့် နာကြားပါရ ဤပုညကြောင့် သတ္တဝါခပင်း အနာကင်းလျှက် မိုးမင်းမှန်စွာ ဝပြောသာ၍ ပြည်ရွာ အတွင်း ရန်မျိုးကင်းသား ရောင်းခင်းလဲသာ ဝယ်ရာလဲချော တောသည်စည်းပွား မြို့ကားစည်ပင် ပြည်လုံးရွှင်သည် အစဉ်ငြိမ်းချမ်း ကြပါစေသော်"

သာဓု - သာဓု - သာဓု

## ရောဝတီတိုင်း၊ ဘိုကလေးမြို့
## အရှင်ဇဋိလ အား ပူဇော်ပွဲ

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့၊ (၂)ရပ်ကွက်၊ ကျော်ဇံကျောင်း၊ ဒွိပိဋကစရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇဋိလအရှင်အား ဂုဏပူဇာမင်္ဂလာသဘင် ဆင်ယင်ကျင်းပတဲ့အခါသမယမှာ -

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးပြီးတော့ ကျင်းပတဲ့ပွဲ။ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအမှူးပြုတဲ့ ဒကာ ဒကာမတွေ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအသီးသီးက ဒကာဒကာမတွေ စုံစုံညီညီ စုစည်းပြီး ဘိုကလေးမြို့မ ဆွမ်းလောင်းအသင်းကြီးက ဦးဆောင်လျှက် ကျော်ဇံကျောင်းတိုက်ရဲ့ ပစ္စည်းလေးပါး ဒကာဒကာမ၊ ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမတွေက အားတက်သရောဝမ်းသာကြည်နူးမှုအပြည့်နဲ့ ဆင်နွဲတဲ့ပွဲ။

ဧရာဝတီတိုင်း သံဃနာယကဆရာတော်များ၊ ဘိုကလေးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် ကျောင်းတိုက်အသီးသီးက ဆရာတော်များ ပြည့်ပြည့်စုံစုံ အချိန်အကြာပြီး ကျင်းပတဲ့ပွဲမှာ တစ်ဦးတစ်ပါးမှ ထမပြန်ပဲနေတာ အံ့သြစရာ သာဓုခေါ်စရာပါပဲ။ ပွဲက (၂း၃၀)နာရီ ကြာတယ်။

အခြားပွဲတွေဆို သုတ်သုတ် သုတ်သုတ်နဲ့ နောက်နားလေးကပြန်လိုက်၊ ရှေ့ကထပြန်လိုက်နဲ့ တွေ့ရတယ်။ ဟိုနားက ရန်ကုန်ကကာလတဲ့ လူတွေလဲ ရေခဲမုန့်စသည်နဲ့ ညှော်ခံကောင်းလို့လားမသိ၊ ပြန်တာ တစ်ယောက်မှ မတွေ့ဘူး။

ဒီပွဲဟာ ဗုဒ္ဓမြတ်စွာရဲ့သာသနာတော်ကို အမြတ်တနိုး ထားကြတဲ့ပွဲ သဘင်၊ ဘယ်လောက်တန်ဘိုးထားကြသလဲ၊ ဘယ်လောက် မြတ်နိုးကြသလဲ၊ မြတ်စွာဘုရားရဲ့ သာသနာ၊ မြတ်စွာ ဘုရားရဲ့ စကားတော်ဟာ လွန်ခဲ့တဲ့ ၂၅၉၄ ခုနှစ်က ပြည့်ပြည့်စုံစုံ ပြောရရင် ၂၅၉၄ ခုနှစ်၊ (၄)လနဲ့ (၁၂)ရက်က ကမ္ဘာလောကမှာ "ဗုဒ္ဓဘုရား"ဆိုတဲ့ ပုဂ္ဂိုလ်ထူးကြီးထွန်းပေါ်လာတယ်။ ထွန်းပေါ်ပေါက် လာပြီးနောက် (၂)လကြာကစတင်ပြီး "ဗုဒ္ဓစကား" ပေါ်ပေါက်လာ တာပါပဲ။

ဗုဒ္ဓဘုရားရဲ့စကားတွေဟာ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ဘဝငြိမ်းချမ်းရေးအတွက် ဖြစ်ပေါ်လာတဲ့အတွက် ဗုဒ္ဓရဲ့စကားတွေဟာ ဓမ္မနယ်ပယ်ရောက်လာခဲ့တယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ (၁၉၈)နိုင်ငံရှိတယ်။ လူဦးရေ သန်းပေါင်း (၆၅၀၀)ရှိတဲ့ ကမ္ဘာ့လူထုကြီး နေ့စဉ်နေ့တိုင်း စကားပြော မနေကြဘူးလား။ စကားတော့ ပြောကြတာပဲ၊ ဒါပေမယ့် ဝဋ်ဒုက္ခ ခပ်သိမ်း ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ရောက်ကြောင်း စကားတွေမဟုတ် ဘူး။

လွန်ခဲ့တဲ့ ၂၅၉၄ နှစ်က ပွင့်တော်မူတဲ့ ဗုဒ္ဓဘုရားတစ်ဆူတည်း သာ "ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" အစရှိသည့် ဓမ္မစကြာအမှန်တရား နိဗ္ဗာန်စကား၊ နိဗ္ဗာန်တရား စ,ပြီး ဟောခဲ့ပါတယ်။

လောကလူတွေကတော့ မဟုတ်တာလဲပြောတယ်၊ ဟုတ်တာလဲ ပြောတယ်၊ အကျိုးမရှိတာလဲ ပြောတယ်၊ အကျိုးရှိတာ လဲ ပြောတယ်၊ သူတစ်ပါး ကြိုက်တာလဲပြောတယ်၊ သူတစ်ပါး မကြိုက်

တာလဲပြောတယ်။ "စကားခြောက်ခွန်း လူ၌ထွန်း"ကိုး။ မြတ်စွာဘုရားကတော့ စကား(၂)ခွန်းထဲ ပြောတယ်။ "ဟုတ်မှန်ကျိုးရှိ သူတစ်ပါး ကြိုက်တာကိုပြောတယ်၊ သူတစ်ပါးမကြိုက်သော်လဲ ဟုတ်မယ်၊ မှန်တယ်၊ အကျိုးရှိမယ်ဆိုရင် ပြောတယ်"။ အဲဒီစကားခြုံလိုက်တဲ့ အခါကျတော့ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓစကား။ အဲဒီ ဗုဒ္ဓစကားကို ဗုဒ္ဓဓမ္မ၊ ဗုဒ္ဓတရား၊ ဗုဒ္ဓစာပေ၊ ဗုဒ္ဓပိဋကတ်။ အဲဒီ ဗုဒ္ဓရဲ့ပိဋကတ်တရားကို သင်နေကြတာ။

ဗုဒ္ဓရဲ့ပိဋကတ်တော်ကို ဘိုကလေးမြို့နယ်အတွင်းမှာရှိကြတဲ့ စာသင်တိုက်တွေမှာလဲ သင်နေကြတာပဲ။ မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ စာသင်တိုက်ကြီးတွေလဲ သင်နေကြတာပဲ။

သို့သော်လဲ "စာသင်နွားမွေး စာတတ်ဦးချို"၊ နွားတစ်ကောင်မှာ အမွေးတွေအများကြီး ရှိတာပဲ။ ဦးချိုကတော့ (၂)ချောင်းပဲ ရှိပါတယ်။ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ စာသင်နေတဲ့ အထဲက စာတတ်တဲ့ပုဂ္ဂိုလ်ကတော့ ဦးချိုမျှလောက်ပဲ ရှိပါတယ်။

ဒါကြောင့်မို့ အခုဘိုကလေးမြို့နယ် စာမေးပွဲကျင်းပပြီးတော့ ရှင်သာမဏေစာမေးပွဲ၊ ငယ်၊ လတ်၊ ကြီး စာမေးပွဲမှာ ဖြေကြရတယ်။ အဲဒီအထဲက ပထမကြီးတစ်ပါးလောက် ရလိုက်ရင် (စာတတ်ဦးချို) ဆိုတဲ့အတိုင်း ဦးချိုလို စာတတ်ပုဂ္ဂိုလ်တစ်ပါး ထွန်းလာတာပဲ။ သာသနာတော် အရှည်တည်တံ့ရေးအတွက် မွေးထုတ်ရမှာ။

တစ်နိုင်ငံလုံး လှမ်းကြည့်ရင်တော့ အများသားပဲ။ ဂေဇက် စာအုပ်ကြီးတွေက အတော်ထူတာပဲ။ ဒါပေမယ့် မြို့နဲ့၊ ရွာနဲ့၊ အရပ်နဲ့ တိုင်းတာလိုက်တဲ့အခါကျတော့ ငါးပါးစီ၊ ဆယ်ပါးစီ တစ်နှစ်၊ တစ်နှစ်မှာ အဲလောက်ပဲပေါ်ထွန်းတာ။

ဒီထက် ဓမ္မစရိယတန်းမှာ စာဖြေဌာန (၁၆)ဌာနရှိတယ်။ ဘုန်းကြီးတို့မေးခွန်းထုတ်၊ အဖြေတွေ စစ်မေးစဉ်ကဆိုရင် အားလုံးဖြေတာ (၃၈၀၀)လောက်ရှိပါတယ်။ အဲဒီ (၃၈၀၀)လောက်ထဲက (၁၅၀)လောက် အောင်တတ်ပါတယ်။ တစ်နိုင်ငံလုံး (၁၅၀)ဆိုတော့ စာသင်တိုက်ကြီးတွေက (၁၅၀)မှမကပဲ။ ဧရာဝတီတိုင်းမှာပဲ စာသင်တိုက် (၁၅၀)ရှိတယ်ဆိုတော့ တစ်နိုင်ငံလုံးနဲ့ပြောမယ် ဆိုရင် စာသင်တိုက် (၅)တိုက်မှာ ဓမ္မာစရိယ (၁)ပါးလောက်ပဲ အောင်ပါတယ်။ ဓမ္မာစရိယ တစ်ပါးလောက်အောင်လို့ရှိရင် ပိုပြီးအားကိုးဖွယ်ရာ ဖြစ်ပါတယ်။ ဘာပြုလို့လဲဆိုရင် စာသင်သားရဟန်းသာမဏေများ စာပေပို့ချပြီးတော့နေတာက စောစောကပြောတဲ့ မြတ်စွာဘုရားရဲ့စကားတော်၊ ဘယ်ပုဂ္ဂိုလ်တွေမှ မပြောနိုင်တဲ့စကား၊ မြတ်စွာဘုရားသာ ပြောနိုင်ခဲ့၊ ဟောနိုင်ခဲ့တာ။ မြတ်စွာဘုရားရဲ့ စကားတော်တွေဟာ ဓမ္မအမည်ရတယ်။ ဘာကြောင့် ဓမ္မအမည်ရသလဲဆိုရင် အပါယ်တံခါးပိတ်စေပြီး နတ်ရွာနိဗ္ဗာန်တံခါး ဖွင့်ပေးနိုင်တဲ့အတွက်ကြောင့်မို့ မြတ်စွာဘုရားရဲ့ စကားတွေဟာ ဓမ္မအမည်တော်ရပြီး တန်ဘိုးမဖြတ်နိုင်ဘူး။ အဲဒီလို ဓမ္မစကားပြောနိုင်တဲ့ပုဂ္ဂိုလ် နှစ်ပေါင်းများစွာ ကမ္ဘာပေါင်းများစွာကြာမှ တစ်ဆူ၊ တစ်ဆူ ပေါ်တာကို အားလုံးသိကြပြီးသားပါ။

"စာသင်နွားမွေး စာတတ်ဦးချို"

"အရိုင်းတွင် အရက်၊ အခက်တွင် ပိဋကတ်၊
အမြတ်တွင် နိဗ္ဗာန်၊ အမြန်တွင် သိန္ဓော" ဆိုသလို။

မြတ်စွာဘုရား (၄၅)ဝါကာလပတ်လုံး သဗ္ဗညုတရွှေဉာဏ်တော်ကြီးနဲ့ ဟောထားတဲ့တရား သင်ယူရတာအခက်ဆုံး။ အပါး (၁၀၀)သင်လို့လဲ (၁)ပါးမတတ်ဘူး။ အပါး (၁၀၀)သင်လို့ (၁)ပါး

တတ်ချင်မှတတ်မယ်။

နွားမွေးပမာဏရှိတဲ့ စာသင်သားတွေ စာသင်သော်လဲပဲ ဦးချိုပမာဏရှိတဲ့ စာတတ်ပုဂ္ဂိုလ် ထွန်းချင်မှ ထွန်းတယ်။ အဲဒီတော့ ပထမကြီးတန်းအောင် (သို့မဟုတ်) ဓမ္မာစရိယတန်းအောင် ကိုယ်တော်ရလျှင်တောင်မှ မိမိတို့မြို့နယ်၊ မိမိတို့ရပ်ရွာ အားကိုးလောက်တယ်။ အဲဒီလို အားကိုးလောက်တော့ ဒီထက် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တွေ ပြန်နိုင်တယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပဲ။

ဘုရားရှင်၏ကိုယ်စားတော် တရားအစု ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ကိန်းအောင်းတည်ရာ ပိဋကသုံးဖြာကို တိုးတက်ဝေစည် အရှည်တည်တံ့စေရန် ၁၃၁၀ ပြည့်နှစ် (၁၉၄၉ ခုနှစ်) မှစ၍ နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် “တိပိဋကဓရ” ရွေးချယ်ရေး စာမေးပွဲကြီးကို ရည်ရွယ်ချက် (၃)ရပ်ဖြင့် ကျင်းပခဲ့ပါတယ်။

(၁) နိုင်ငံတော်၌ ပရိယတ္တိသာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ ခိုင်မြဲထူးကဲ ပြန့်ပွားစည်ကားစေရန် အကျိုးငှာလည်းကောင်း၊

(၂) ပိဋကသုံးပုံ နှုတ်ငုံဆောင်နိုင်ကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ မပြတ်စဉ်ဆက် ပေါ်ထွက်စေရန် အလို့ငှာလည်းကောင်း၊

(၃) ဗုဒ္ဓမြတ်စွာ သာသနာတော်တွင်း၌ ဘုန်းကံပါရမီထူး ဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်၍ သာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့နိုင်ရန် အလို့ငှာလည်းကောင်း၊

ဒီလို ရည်ရွယ်ချက်သုံးရပ်ထား ကျင်းပခဲ့ပါတယ်။

အဲဒီ ပိဋကတ်သုံးပုံစာမေးပွဲမှာ ဘိုကလေးမြို့နယ်၊ ကျော်ဇံ ကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဇဋိလဟာ ပိဋကတ်(၂)ပုံ အာဂုံရော၊ ရေးဖြေရော အောင်တာ။ ဘယ်လိုအောင်သလဲ--

ဟိုတုန်းက မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ပုဏ္ဏားကြီးတစ်ယောက် မြတ်စွာ ဘုရားသာသနာတော်မှာ "ဝိနည်းငါးကျမ်း"ဆို ဘယ်လိုဟာလဲလို့ စုံစမ်းရင်း ထုထည်ကြီးမားတဲ့ စာအုပ်ကြီးတွေကြည့်ပြီးတော့ ပေစာထုပ်ကြီးတွေကြည့်ပြီး သြော် မြတ်စွာဘုရား ဝိနည်းငါးကျမ်း ဆိုတာ ဒါကိုးလို့သိပြီး မိစ္ဆာဒိဋ္ဌိ အယူစွန့်ပြီး ဗုဒ္ဓဘာသာ ဖြစ်ခဲ့ဘူးတယ်။

အခု ဗုဒ္ဓဘာသာတွေ သိကြတဲ့ ဒီအရှင်က သုတ္တန် (၃)ကျမ်း အာဂုံဆောင်တယ်၊ ရေးဖြေအောင်တယ်။

ဝိနည်း (၅)ကျမ်း အာဂုံဆောင်တယ်၊ ရေးဖြေအောင်တယ်။

ဒီဃနိကာယ်က စာအုပ်ရေအားဖြင့် (၃)အုပ်ရှိတယ်။ စာမျက်နှာ (၇၇၉)မျက်နှာ အာဂုံပြန်ရတယ်။ ရေးဖြေအတွက် အဋ္ဌကထာက စာမျက်နှာ (၉၉၂)မျက်နှာရှိပြီး ဋီကာက စာမျက်နှာ (၁၉၉၂)မျက်နှာ ရှိပါတယ်။

ဝိနည်း(၅)ကျမ်း အုပ်ရေ (၅)အုပ် ရှိတယ်။ စာမျက်နှာ အရေအတွက်အားဖြင့် (၂၂၆၀) ရှိတယ်။

ရေးဖြေကြတော့ အဋ္ဌကထာက စာမျက်နှာ (၁၃၆၀)ရှိတယ်။ ဋီကာက စာမျက်နှာ (၇၄၆၆၅)မျက်နှာ ရှိပါတယ်။

နိကာယ်ငါးရပ် ဘုရားတရားတော်တွေ အကုန်လုံးပြောမယ် ဆိုရင်တော့ စာအုပ်ရေ (၄၀)ရှိပါတယ်။ အခြားဘာသာတွေမှာ ကြားဘူးကြရဲ့လား၊ ဒီလို စာအုပ်ကြီးတွေနဲ့ ရေးသားထားတာ သူတို့ သက်ဆိုင်ရာဘုရားက ဟောကြားထားတာ စာအုပ်ရေ (၄၀) မပြောနဲ့၊

(၄)အုပ်တောင် မရှိဘူး။ ဗုဒ္ဓဘာသာမှာရှိတယ်။ အခြေအမြစ်နဲ့ လာတယ်ဆိုတာ ဒါကိုပြောတာပါ။

ဘုန်းကြီးတို့ နိုင်ငံတော်အစိုးရက ဒီအတိုင်းသိပြီးတော့ ဒီအတိုင်း ယုံကြည်တာ။ ဒီဗုဒ္ဓဘာသာလောက် ထွန်းမြတ်တဲ့ အနက် အဓိပ္ပါယ်နဲ့ပြည့်စုံတဲ့၊ အနှစ်သာရနဲ့ပြည့်စုံတဲ့ ဘာသာ၊ သာသနာ ဒီလောကမှာ မတွေ့ဖူးဘူး။ တို့မြန်မာ့မြေမှာ ဒီထက်ကောင်းတာ မတွေ့ဘူးဆိုပြီး တို့ဗုဒ္ဓဘာသာကို ဦးထိပ်ထားတာပဲ။ ခုနကအတိုင်း ဥက္ကဋ္ဌကြီးလျှောက်ထားသွားသလို ကြည်ညိုတယ်ဆိုတာ အရမ်း ကြည်ညိုတာတော့ မဟုတ်ဘူး။

ပါဠိတော်စာအုပ်ရေအားဖြင့် (၄၀)ရှိတယ်၊ စာမျက်နှာအားဖြင့် (၁၆၇၅၅)မျက်နှာ ရှိတယ်။ အဋ္ဌကထာက စာအုပ်ရေ (၅၁)အုပ်၊ စာမျက်နှာ (၁၁၃၂၉)မျက်နှာ ရှိတယ်။ ဋီကာက စာအုပ်ရေ (၂၆)အုပ် ရှိပြီး၊ စာမျက်နှာအားဖြင့် (၁၁၂၁၀၅၄)မျက်နှာ ရှိပါတယ်။

ဆိုလိုတာကတော့ ဘဒ္ဒန္တဇဋိလ ဘာတွေအာဂုံဆောင်နိုင်ခဲ့ သလဲ၊ ဟောဒီဘက်က စာအုပ်ကြီး (၈)အုပ်ပဲ။

မိမိတို့အိမ်မှာ ဓမ္မစကြာရွတ်တယ် မဟုတ်လား။ ဓမ္မစကြာ ဆိုတာ ဝိနည်းငါးကျမ်း မဟာဝဂ္ဂပါဠိတော်မှာ ပါတယ်။ နှစ်မျက်နှာပဲ ရှိတယ်နော်။ “သာသနာ့အာဇာနည်”လို့ ဘာကြောင့်ခေါ်သလဲလို့ အဲဒါလေး ပြန်ကြည့်ရအောင်။

ဝိနည်းငါးကျမ်းက စာမျက်နှာ (၂၂၆၀)ရှိတယ်။ သုတ္တန်သုံး ကျမ်းက စာမျက်နှာ (၇၇၉)မျက်နှာ ရှိတယ်။ အဲဒါကို အာဂုံပြန်ရတာ အဲဒါအောင်ပြီးသား။ အဲဒါအောင်တော့ ဘယ်နည်းနဲ့ဘယ်လို ပြန်ရသလဲဆိုတော့ -

ဘုန်းကြီးတို့ နံနက် (၈)နာရီစတယ်၊ (၁၀)နာရီထိ နံနက် (၄)ချိန် ပြန်ရတယ်။ တစ်ချိန်မှာ (၂၅)မိနစ် ပြန်ဆိုရပါတယ်။ စာထောက် စာမက ဆရာတော်သုံးပါးနဲ့ ဒကာတစ်ယောက်၊ တစ်နေ့ စာမျက်နှာ (၁၀၀/၁၅၀)၊ ပြန်တဲ့နေရာမှာ (၅)ခါထောက်ပေးလို့ရရင် အောင် သေးတယ်။ (၅)ခါထက်ကျော်ထောက်ရရင် ဒီကိုယ်တော်ရှုံးသွားပြီ၊ စဉ်းစားချိန်က တစ်မိနစ်ပေးတယ်။

စာမျက်နှာ (၂၂၆၀)ရှိတဲ့ ဝိနည်းငါးကျမ်းမှာ (၁၅)ရက် ပြန်ရပါ တယ်။ (၁၄)ရက်တော့ အောင်လာပြီ။ (၁၅)ရက်မြောက်နေ့မှာ (၆)ခါ ထောက်ရရင် ဒီကိုယ်တော်သွားရော၊ ဝိနယဓရ ဘွဲ့မပေးဘူး။ အားလုံး အစကပြန်၊ ဖျာလိပ်ပေတော့။ နောင်နှစ်မှ ထပ်မံပြန်ဆိုရပါတယ်။

ဒီက နိကာယ် (၇၇၉)မျက်နှာ၊ ဝိနည်း သုတ္တန်ပါဠိတော် စာမျက်နှာပေါင်း (၃၀၃၉)မျက်နှာ ရှိတယ်။

အဲဒီတော့ ဒီစာမေးပွဲပြန်မယ်ဆိုရင် မင်းကွန်းဆရာတော် ဘုရားကြီးတို့လို အနည်းဆုံး ဒီစာရွက် (၁၀)မျက်နှာရမှ ပြန်နိုင်မယ်။ ဒီနေ့ (၁၀)မျက်နှာတော့ ရပါရဲ့၊ နောက်နေ့ (၂၀)၊ နောက်နေ့ (၃၀) ဖြစ်သွားပြီ။ ပြန်ထိန်းဖို့ မခက်ပေဘူးလား၊ ထိန်းရခက်တယ်။

ဒီစာအုပ်တစ်အုပ်ကို သုံးရက်ပြန်ရတယ်။ ဝိနည်းငါးကျမ်း ကျတော့လဲ တစ်အုပ်ကို သုံးရက်ပြန်ရတယ်။ ပြီးအောင်လဲ ပြန်ရတယ်။ ထောက်မလို့ရှိရင် တစ်နေ့ (၅)ကြိမ်ထောက်မပေးတယ်။ အကယ်၍ ထောက်မ,ပေးပါလျှက်နဲ့ ရှေ့မတိုးဘူးဆိုရင် တစ်ကြိမ်ထဲနဲ့ ကျရှုံးတယ်။

စာအုပ်ကြည့်တာက (၄)ဦးကြည့်ပါတယ်။ ဆရာတော်သုံးပါး နဲ့ ဒကာတစ်ယောက်။ အဲဒီတော့ စာမေးပွဲအောင်ဖို့ရာ မလွယ်ဘူး။

မလွယ်ဘူးဆိုတာ သိသာပါတယ်နော်။ အဲဒါ အာဂုံပဲ။ ရေးဖြေကျတော့ စည်းမျဉ်းက "ပါဠိ, အဋ္ဌကထာ, ဋီကာများ ခက်ခဲရာမေးမည်" စည်းမျဉ်းက တစ်ပိုဒ်ထဲရှိတယ်။ "ပါဠိ, အဋ္ဌကထာ, ဋီကာများ ခက်ခဲရာ မေးမည်"ဆိုပြီး မေးတာပဲ။

အဲဒါလဲ (၁၂)ပုဒ်မေးတယ်။ (၁၀)ပုဒ်ဖြေရတယ်။ (၇၅)မှတ်ရမှ အောင်တယ်။ (၁)မှတ်ကျရင်ကို မအောင်တော့ဘူး။ တင်မပေးဘူး။ တင်ပေးတဲ့နှစ်ဆိုတာ ရှားပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၅၇)နှစ်က လွတ်လပ်ရေးနှင့် ဖွားဖက်တော်ထားပြီးကျင်းပပါတယ်။ အချို့နှစ်တွေမှာ (သုည)ဂေဇက်ထွက်ရပါတယ်။ ဘုန်းကြီးတို့ဖြေစဉ်က (သုည)ဂေဇက်ထွက်ရတဲ့နှစ်တွေ အများကြီးရှိပါတယ်။

၁။ အဘိဓမ္မာ အာဂုံ + ရေးဖြေ (သုည) ဂေဇက်

၂။ ဝိနည်း အာဂုံ + ရေးဖြေ (သုည) ဂေဇက်

၃။ သုတ္တန်းရေးဖြေ (သုည) ဂေဇက်

ပူဇော်ချင်တဲ့ ပုဂ္ဂိုလ်တွေက စောင့်နေတယ်။ ပူဇော်ချင်လို့ အောင်တဲ့ပုဂ္ဂိုလ်က မရှိဘူး။ ပထမပိုင်းက ဒကာကြီးတို့လိုပဲ ပူဇော်ချင်ကြတဲ့ ပုဂ္ဂိုလ်တွေက နင်လားဟဲ့၊ ငါလားဟဲ့နဲ့ပေါ့။ ဒါပေမယ့် အောင်တဲ့ပုဂ္ဂိုလ်က မရှိဘူး။ အခု ဘိုကလေးကအောင်လို့ ဘိုကလေးက ပူဇော်ခွင့်ရတာ။ ရန်ကုန်ကအောင်ရင် ရန်ကုန်က ပူဇော်ခွင့်ရမှာ။

ဝိနည်း (၅)ကျမ်းကို မင်းကွန်းဆရာတော်ထက် စောအောင်တဲ့ ကိုယ်တော် (၁)ပါးရှိတယ်။ စာမေးပွဲသာကျင်းပပေးရတာ။ ဗလာပဲ ပေါက်မဲမပါဘူး။ (၃)ကြိမ်ရောက်မှ ဝိနည်း (၅)ကျမ်း တစ်ပါးအောင်

တယ်။ နောက်ထပ်တော့ အဲဒီကိုယ်တော် မဖြေတော့ဘူး။

မင်းကွန်းဆရာတော်ကြီးဆို အင်မတန်ဉာဏ်ကောင်းတဲ့ ဆရာတော်ကြီးပဲ။ အင်မတန်စာတတ်တဲ့ ဆရာတော်ကြီးလို့ ချီးကျူး နေရတာပဲ။ သို့သော်လဲ ဒီဃနိကာယ်လက္ခဏာသုတ် ပြန်ဆိုဖို့ကျတဲ့ အခါ ဆရာတော်ကြီးက ငြီးရှာတယ်။ ဒီလက္ခဏာသုတ်ကျက်ရတာ ကြွက်ကလေးတစ်ကောင် သံချောင်းကိုက်နေရသလိုပဲတဲ့။ မှန်ပါ တယ်။ တစ်သုတ်လုံး စာမျက်နှာ (၂၀)လောက်ရှိပါတယ်။ ဝိနည်း (၅)ကျမ်း ပြန်တဲ့အခါမှာလဲ ပရိဝါပါဠိတော်ရောက်တော့ ဆရာတော် ကြီးက ပြောတယ်။ "ဆေးနည်းတို ကျက်ရသလို"ပဲတဲ့။ ဆေးနည်း ကျက်ရတာ မလွယ်ဘူး။ တစ်နည်း၊ နှစ်နည်းတော့ ရမှာပေါ့။ ဆရာတော်ကြီးက ဒီဃနိကာယ်လက္ခဏာသုတ် ကျက်ရတာ သံချောင်း ကြွက်ခဲရသလိုပဲတဲ့။ အဲဒီ (၃)ကျမ်း ဘဒ္ဒန္တဇဋိလ အောင်ပြီးပြီ။ ဆရာတော်ကြီးရဲ့ ခြေရာနင်းနိုင်ပြီ။ ပရိဝါပါဠိက ဆေးနည်းတိုကျက်ရ သလိုပဲတဲ့။ အဲဒီဝိနည်းလဲ ဘဒ္ဒန္တဇဋိလ အောင်ပြီ။ ဘယ်လောက် ခက်တယ်၊ ဘယ်လောက်လွယ်တယ်ဆိုတာလေးကို သိစေလို ပါတယ်။

မင်းကွန်းဆရာတော်ဘုရားကြီး အင်းလေးရောက်တဲ့အခါ ညောင်ရွှေဘက်က လူတွေက "ဓမ္မစေတီတော်ကြီး ဒို့မြို့ ဒို့ရွာ ကြွလာပြီ ဆိုပြီး ကြိုဆိုကြပါတယ်။ ဝမ်းမြောက်ဖွယ်စကားပြောတာ။

ဘုန်းကြီးတို့ မုံရွာနေစဉ်က စာမေးပွဲအောင်တော့ တရုတ်ပွဲစား တစ်ယောက်က ပြောတယ်။ နှမ်းပွဲစား၊ ပဲပွဲစားဆိုတော့ "နှမ်းတစ်တင်း သာ ရေတွက်လိုက်ချင်သေးတယ်နော်"။ စာအုပ်ထဲက စာလုံးတွေ ကြည့်ပြီးတော့ပြောတာ။ ဘုန်းကြီး ဥပဇ္ဈာယ်ဆရာတော်ကြီးက

ဘာပြောသလဲဆိုတော့ ပိဋကတ်သုံးပုံ စာမေးပွဲပြန်ဆိုတယ်ဆိုတာ "မြစ်ကိုအလျားလိုက် ကူးရသလိုပါပဲ"တဲ့။ ဒေါင်လိုက်ကူးရင်တော့ လွယ်သေးတယ်၊ အလျားလိုက်ကူးတာ ဘယ်ဟိုဘက်ကမ်း ရောက်နိုင်ပါ့မလဲ။

မင်းကွန်းဆရာတော် အောင်စဉ်က အခြားအခြားဆရာတော်တွေလဲ မအောင်မြင်သေးဘူး။ မင်းကွန်းဆရာတော်ကြီးက မြင်းခြံဇာတိကိုး။ ဘုန်းကြီးတို့ မန္တလေး ရွှေရေးဆောင်ကျောင်းတိုက်နေစဉ်က ညောင်ကန်ကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဦးဉာဏာဝရာဘိဝံသ "အဂ္ဂမဟာပဏ္ဍိတ"က ဘာပြောသလဲဆိုတော့ "အညာသားနဲ့ အောက်သား အညာသားတွေ စာတတ်တယ်ကွ၊ အဲဒီ အညာသားတွေထဲမှာလဲ ဒို့မြင်းခြံသားတွေ စာတတ်တယ်ကွ"တဲ့။ သူကလဲ မြင်းခြံသားကိုး။

ဟိုတုန်းကတော့ မှန်တယ်။ အခုတော့ ညောင်ကန်ဆရာတော်ကြီးရဲ့စကား ပြောင်းပြန်ဖြစ်နေပြီ ပြောရတော့မှာပဲ။ အောက်သားတွေလဲ စာတတ်ပါတယ်။ မော်ကျွန်းက "အရှင်သီလက္ခန္ဓာဘိဝံသ"ကလဲ ပိဋကတ်သုံးပုံအောင်တယ်။ ဘိုကလေးမြို့ ကျော်ဇံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဇဋိလကလဲ ပိဋကတ် (၂)ပုံအောင်တယ်ဆိုတော့ ဆရာတော် ဦးဉာဏာဝရာဘိဝံသ ပြောတာမှန်သေးလား၊ (မမှန်ပါဘုရား)။

ဘာကြောင့် စာမတတ်တာလဲဆိုတော့ စာမတတ်ခြင်းအကြောင်းကတော့ ဘုန်းကြီးတို့ နားလည်တယ်။ အောက်ပြည်အောက်ရွာက အစားကောင်း၊ အသောက်ကောင်း စားရတယ်။ ပခုက္ကူတို့၊ မန္တလေးတို့ သွားပြီးတော့ စာသင်ပါလားဆိုတော့ ဒီက

ကိုယ်တော်တွေ ကြာကြာနေပြီး မသင်နိုင်ဘူး။ "ဆန်ကြမ်းတယ်၊ ဆန်ကြမ်းတယ်" ဆိုပြီး ပြန်တာပဲ။ ဘုန်းကြီးတို့နဲ့အတူနေတဲ့ အောက်ပြည်ကပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။ ဘိုကလေးကလဲ ရှိတယ်။ မော်ကျွန်းတို့ကလဲ ရှိတယ်။ သူတို့မနေနိုင်ဘူးတဲ့။ ဆန်ကြမ်းလို့တဲ့။ ဘုန်းကြီးတို့ကတော့ ကြမ်းပေမယ့် မှိတ်ကြိတ်ပြီး စားနေရတာပဲ။ သူတို့တော့ မပြောနဲ့လေ။ ပြောတာလဲ တော်တော်စုံသွားပါပြီ။

ရေစကြိုက ဦးချင်းဆိုတဲ့ မော်ကျွန်းမှာ သူဌေးတစ်ယောက်ရှိတယ်။ အောက်ပြည်အောက်ရွာမှာ လယ်လုပ်စားမယ်ဆိုပြီး ဆင်းတာတာ။ လမ်းစားစရာရိက္ခာက မရှိဘူး။ သိက္ခမ်းတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းဝင်ပြီး လျှောက်ထားတော့ အဲဒီဘုန်းကြီးက ထမင်းခြောက် တစ်ပြည်သားနဲ့ ထန်းလျက်ငါးဆယ်သား ပေးလိုက်တယ်။ "ငါ့လဲ ဘာမှမရှိဘူးကွာ၊ ထမင်းခြောက်တစ်ပြည်နဲ့ ထန်းလျက်ငါးဆယ်သား စားပြီး သွားပေတော့"ဆိုပြီး ပေးလိုက်တာ မော်ကျွန်းရောက်၊ မော်ကျွန်းရောက်တော့ သူဌေးဖြစ်တယ်။

သူဌေးဖြစ်တော့ ကျေးဇူးရှင် ရေစကြိုဆရာတော်အား ကျောင်းဆောက်လှူမှပဲဆိုပြီး လှူတယ်။ ရေစကြိုဦးချင်းကျောင်းဆိုတာ အထက်ဗမာပြည်မှာ အကြီးကျယ်ဆုံးကျောင်းကြီးပဲ၊ သိပ်ကြီးကျယ်တာ။ တံခါးပျက်ရင် တံခါးလဲ၊ မှန်ကွဲရင် မှန်လဲ၊ မှန်သေတ္တာကြီးတွေ အပိုအကြိုနှင့်တကွ တစ်ခါထဲလှူထားတာ။ မုံရွာနေတုန်းက ဘုန်းကြီးတို့ဆို သွားကြည့်ရတာပဲ။ "ရေစကြိုဦးချင်းကျောင်း" နာမည်ကြီးလွန်းလို့ပါ။

ဦးချင်းက ပထမတစ်ခါ ကျောင်းရေစက်ချပြီးတော့ အောက်ပြည် ပြန်လာတာ။ နောက်တစ်နှစ် ကျောင်းဆောက်ပြီးမှ မရောက်ရ

သေးဘူးဆိုပြီးတော့ ဦးချင်းက သူ့ကျောင်းကို အလွမ်းပြေတစ်ခေါက် သွားကြည့်တာ ဆရာတော်နဲ့လဲ မတွေ့သေးဘူး။ ကိုရင်လေးတစ်ပါး က သူ့ကျောင်းပေါ်ကနေပြီး "ဧဝံမေသုတံ ဧကံသမယံ ဘဂဝါ"လို့ မင်္ဂလသုတ်အော်ကျက်နေတယ်။ အဲဒီတော့ ဦးချင်းက လက်ခမောင်း ခတ်တယ်။ "ကျောင်းဆောက်ရကျိုးနပ်ပြီ၊ ကျောင်းဆောက်ရကျိုး နပ်ပြီ"တဲ့။

အခုလဲ ဘဒ္ဒန္တဇဋိလ ပိဋကတ်(၂)ပုံ အာဂုံရေး၊ ဖြေအောင် တယ်။ ငါတို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူရကျိုး နပ်ပြီလို့ လက်ခမောင်းခတ်ထိုက်တယ်။

မနက်က ရန်ကုန်က ဆွမ်းအစ်မတွေက မောအောင်တောင် ကခုန်ခဲ့တယ်ဆိုပဲ။ ပိဋကတ်(၂)ပုံ အာဂုံရေးဖြေအောင်တယ်လို့ ကြားရုံပဲ ဝမ်းမြောက်ဖို့ကောင်းလှပါပြီ။ ဝိသာခါကျောင်းအမကြီး ပြောသလို သာဝတ္ထိပြည်ရောက်ဖူးတဲ့ ရဟန်းတော်မှန်သမျှ "ငါ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ခံယူဖူးမှာပဲ"လို့ ဝမ်းသာနေ သလို ဝမ်းမြောက်ဖွယ်ကောင်းလှပါပြီ။ ဒကာ ဒကာမများကလဲ ဤအရှင်ဇဋိလဟာ ငါတို့ရဲ့ပစ္စည်းလေးပါးကို ခံယူပြီးတော့ ဒီပိဋက (၂)ပုံ အာဂုံရေးဖြေအောင်နိုင်တယ် ဆိုပြီးတော့ လက်ခမောင်းခတ် ထိုက်ပါတယ်လို့ ပြောကြားပြီးနိဂုံးချုပ်ပါ့မယ်။

မေဒိနီ သဗ္ဗဒါယီဝ၊ နိကာယော အတ္ထဒါယိနီ။

တဗ္ဘာဝိနီ တဗ္ဘဏိနီ၊ ဝမ္မန္တု ဓမ္မကာမိနီ။

မေဒိနီ= ယူဇနာပေါင်း နှစ်သိန်းလေးဖြာ ကျယ်ဝန်းစွာသား သီလာပံသု မြေအထုဟု ခေါ်ပြုပညတ် သဟဇာတ်တို့ တည်ရာမှီရာ ဖြစ်ပွားရာဟု ခက်မာနုကြမ်း ဓာတ်စခန်းအဖုံဖုံ ဓာတ်မျိုးစုံတို့၏ စုပုံသိမ်း

ဓာတ်ရုံကြီးသဖွယ် လွန်ဆန်းကျယ်သား အံ့ဖွယ်ထူပြော ကြောက်စရာ လန့်စရာ နှစ်သက်စရာပါ ပေါလှသည့် မဟာပထဝီ ဤမြေကြောကြီး သည်၊ သဗ္ဗဒါယိီဝ= သက်ရှိသက်မဲ့ ပြဲ့ပြဲ့ကုန်စင် ဘုံအပြင်၌ လွန်လျှင် ဆိုးကောင်း ကျိုးအကြောင်းဟု သောင်းပြောင်းထွေလာ အဖြာဖြာ တို့ကို ကောင်းစွာရှေ့ရှု ဖြစ်စေမှု၌ ကျေးဇူးပြုကာ ပေးတတ်ပါဘိ သကဲ့သို့၊

နိကာယော= သဗ္ဗညုတ ဉာဏ်ထွန်းတင် ဘုရားရှင်တို့ ကြည်လင်မြွက်ဖော် ဒေသနာတော်အဝဝ ဓမ္မက္ခန္ဓာ ဟူသမျှတို့ကို အရှင်မဟာကဿပ စသည်များစွာ ထေရ်သံဃာတို့ ကျနစေ့ငု ငါးပုံပြု၍ ငါးခုစုပေါင်း (၈၄၀၀၀) များမြောင်ကျယ်ပွား လူသုံးပါးတို့၏ အားထားရာအစစ် တည်ရာမှီရာ ကိုးကွယ်ရာလဲဖြစ် မုချသိဖွယ် လွန်ပြည့်ကြွယ်သည့် နိကာယ်ငါးရပ် တရားတော်မြတ်ကြီးသည်၊

အတ္ထဒါယိနီ= ဒေဝဒတ်နှင့် သုနက္ခတ္တ သစ္စကမှ သုဘဒ္ဒတို့လို မယူတတ်ကြသည့် လူနတ်ဗြဟ္မာ သတ္တဝါတို့ကိုပင် နောင်တွင် ကောင်းကျိုး ပွားဆင့်တိုးအောင် ရွက်ဆောင်မပြတ် ကျေးဇူးပြုတတ် လှပါပေသည်တကား။ ဝါ= သာရိပုတ္တ, အာနန္ဒနှင့် သုဒတ္တတို့လို ယူတတ်ကြသူ နတ်လူဗြဟ္မာ သတ္တဝါတို့အား၊ ပစ္စက္ခနှင့် ဘဝသံသရာ နှစ်ဖြာကောင်းကျိုး ဖွံ့ဖွံ့ဖြိုး၍ တိုးတိုးပွားပွား ချမ်းသာများအောင် ရွက်ဆောင်မပြတ် ပေးတတ်ကမ်းတတ် ကျေးဇူးပြုတတ်လှပါပေသည် တကား။

တဗ္ဗာဝိနီ= မဟာကဿပ၊ ရှင်ယသနှင့် တိဿမည်ရှိ မောဂ္ဂလိပုတ္တ စသည်များစွာ ထေရ်မဟာတို့ ကောင်းစွာဆက်ဆက် မှုမပျက်အောင် ရွက်ဆောင်တော်မူခဲ့ကြသဖြင့် ထေရဝါဒီ တရားအဆီ

ကိုသာလျှင် ကောင်းကျိုးပွား၍ တိုးပွားစေမူ အကြောင်းပြုကာ ဆောင်ရွက်လျှက်ရှိကြပါသော ဆရာတော်၊ သံဃာတော်တို့နှင့်တကွ ဘိုကလေးမြို့သူမြို့သား သူတော်စင်အပေါင်းတို့သည်လည်းကောင်း၊

တဗ္ဗာဝိနီ= နိကာယ်ငါးရပ် ပိဋကတ်တို့ကို ပယ်ဖြတ်ချေဖျက် ဆန့်ကျင်ဘက်ဖြစ်ကြသည့် ရက်စက်ယုတ်မာ သာသနာ့အတု အယောင် တရားမျှောင်တို့ကို မြင့်ခေါင်မိုးထက် ဝရဇိန်စက်ကဲ့သို့ ချိန်လျှက်ချိန်လျှက် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်း တရားမင်း ၏ ရင်တွင်းပေါက်ဖွား မြတ်ဘုရား၏ ချစ်သားပီပီ အာဇာနည်မြတ် မြဲစိတ်ဓာတ်ဖြင့် အမြစ်ပြတ်အောင် ရွက်ဆောင်တော်မူနေကြကုန် သော ဆရာတော်၊ သံဃာတော် အရှင်မြတ်များနှင့်တကွ အာဇာနည် ဘွား မင်းယောကျ်ားကြီးတို့သည်လည်းကောင်း၊

တဗ္ဗာဏိနီ= အရိုးကျေကျေ အရေစုတ်စုတ် နောက်မဆုတ်ပဲ ထုတ်ဖော်ညွှန်ကြား တရားလမ်းတို့ကို ဖြောင့်တန်းမတ်မတ် မဖယ် မဖြည့် ပရိပုဏ္ဏ ဂုဏ်ပေါင်းခသည့် ဗုဒ္ဓမြတ်စွာ ဒေသနာကို သုံးဖြာ သော ပိဋကတ် နိကာယ် တရားမြတ် အသွယ်သွယ်တို့ကို တကယ် လိုလား ပွားထက်ပွား၍ ငါးထောင်နှစ်ပေါင်း မကညှောင်းအောင် ထိန်းကျောင်းပို့ချ နေ့ညဥ့်မအား ဟောကြားအားထုတ် စွန့်ရဲသုတ်သို့ မဟုဿဟ ဝီရိယဖြင့် ထာဝရဉာဏ်ယှဉ် ပမာဏစံတင်ရအောင် ထာဝစဉ် ရွက်ဆောင်တော်မူလျှက်ရှိကြကုန်သော ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အရှင်ဇဋိလနှင့်တကွ ဆရာတော်အရှင်မြတ်ကြီးတို့ သည်လည်းကောင်း၊

ဓမ္မကာမိနီ= ဗုဒ္ဓမြတ်စွာ ထေရ်သံဃာတို့ ကောင်းစွာဆောင် ရွက် စဉ်မပျက်အောင် ဟောဖော်ညွှန်ပြ မှန်ကန်လှသည့် ဓမ္မမေဒနီ

တရားအဆီတို့ကိုသာလျှင် ယုံကြည်ကိုးစား လိုလားတောင့်တ ရှာမှီး နေကြကုန်သော နိုင်ငံတော်အစိုးရမင်းတို့နှင့်တကွ သာသနာ့ဒါယကာ သာသနာ့ဒါယိကာမ ဘိုကလေးမြို့သူ/သား ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည်လည်းကောင်း၊

ဝမ္ဗန္တု- အတုမရှိ မုနိထွဋ်ခေါင် ဂုဏ်တော်ရောင်ကြောင့် ထွန်းပြောင်ထိန်လင်း မိုက်မှောင်ကင်းသည့် နေမင်းပမာ လင်းလင်း ဖြာလျှက် မဟာသုခ တုမရသည့် အေးမြချမ်းသာ အဖြာဖြာတို့ကို တိုးအောင်ပွားအောင် တိုးပွားအောင် ရှက်ဆောင်တော်မူကြပါစေ ကုန်သတည်း။

သာဓု - သာဓု - သာဓု

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# တွဲဖက်အကျိုးတော်ဆောင်
# ကလေးဝတောရဆရာတော်
# ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
# အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
# ဟောကြားအပ်သော

## နိယာမငါးပါး တရားတော်

ယနေ့ ၂၅၈၈ ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့မှာ နိယာမငါးပါး တရားတော်ကို ဟောကြားပါ့မယ်။

နိယာမငါးပါး ဆိုတာ-

၁။ ဗီဇနိယာမ

၂။ ဥတုနိယာမ

၃။ ကမ္မနိယာမ

၄။ စိတ္တနိယာမ

၅။ ဓမ္မနိယာမ တို့ဖြစ်ပါတယ်။

အဲဒီငါးပါးထဲက ဗီဇနိယာမ၊ ဗီဇဆိုတာ မျိုးစေ့။ ဗီဇအရ မျိုးစေ့ခေါ် တေဇောပါပဲ။ သစ်ပင်ခြုံနွယ်တွေ အမျိုးမျိုးပေါက်ရောက်လာရခြင်းရဲ့ အကြောင်း ရင်းက မျိုးစေ့ခေါ် တေဇောပါပဲ။

ဗီဇဝသေနေဝ= မျိုးစေ့ခေါ် တေဇော၏အစွမ်းဖြင့်သာလျှင်၊ နိယာမတော= မြဲသောအားဖြင့်၊ သိဒ္ဓတ္တာ= ပြီးသည်၏ အဖြစ်ကြောင့်၊

ဗီဇနိယာမော= ဗီဇနိယာမ မည်၏လို့ ဆိုတဲ့အတိုင်း မျိုးစေ့၏အစွမ်းဖြင့် ပြဲသောအားဖြင့် ပြီးတဲ့အတွက် ဗီဇနိယာမ မည်ပါတယ်။

အဲဒီ မျိုးစေ့က -

- အမြစ်မျိုးစေ့
- ပင်စည်မျိုးစေ့
- အဆစ်မျိုးစေ့
- အညွန့်မျိုးစေ့
- အစေ့မျိုးစေ့

ငါးမျိုးရှိရာ အဲဒီမျိုးစေ့များကြောင့် အပင်တွေဖြစ်ပေါ်လာပါတယ်။ အဲဒီလို ဖြစ်လာတာဟာ နိယာမ- ပြဲတဲ့ဖြစ်စဉ်တစ်ခုပါပဲ။

**ဥတုနိယာမ**

ဥတုနိယာမကို ဆက်ဟောပါ့မယ်။ ပွားစေတတ်တဲ့ တေဇောဓာတ်သည် ဥတုမည်ပါတယ်။ အဲဒီ ဥတုအစွမ်းဖြင့် ပြဲသောအားဖြင့် ပြီးတဲ့အတွက် ဥတုနိယာမ ခေါ်ပါတယ်။

အပူအအေး တေဇောဓာတ်၊ တွန်းကန်လှုပ်ရှား ဝါယောဓာတ်၊ ယိုစီး ဖွဲ့စေး အာပေါဓာတ်တို့သည် ခက်မာနူးညံ့ သဘောရှိတဲ့ ပထဝီမြေကို မှီနေကြပါတယ်။ ပထဝီမြေဓာတ်ဟာ အခြားဓာတ်သုံးပါးတို့ရဲ့ တည်ရာမှီရာ ဖြစ်ပါတယ်။

ဝါယောဓာတ်က ထာမဓာတ်၊ ဗလဓာတ်၊ ခွန်အားဓာတ် ဖြစ်ပါတယ်။ ဝါယောဓာတ်ရဲ့ စွမ်းအင်ကြောင့် အင်အားရှိတယ်၊ သွားနိုင်တယ်၊ လက်သီး လက်ရုံးတမ်းနိုင်တယ်။ တေဇောနှင့်ဝါယော တို့က ဓာတ်ရှင်တွေဖြစ်ပြီး ပထဝီနှင့် အာပေါတို့က ဓာတ်သေတွေပါ။

ဥပမာနဲ့ပြောရလျှင် မီးတောင်ကြီးတစ်ခု ပေါက်တော့မယ် ဆိုတော့ လှုပ်လာပါတယ်။ အဲဒါ ဝါယောဓာတ် ဖောက်ပြန်တာပဲ။ အဲဒီ ဝါယောဓာတ် အားကောင်းလာတော့ တေဇောဓာတ်၊ မီးဓာတ် တွေ ပေါ်ပေါက်လာတော့တာပါ။ ကမ္ဘာမှာ မုန်တိုင်းကြီးတွေ ကျတယ်၊ ဆူနာမီရေလှိုင်းတွေ လှုပ်ခတ်တာ ဝါယောရဲ့စွမ်းအင်ပါပဲ။

ဒါကြောင့် ဝါယောနဲ့တေဇောတို့က "ဓာတ်ရှင်"တွေလို့ ပြောနိုင်တာပါ။

ဒီဓာတ်ကြီးလေးပါးကို အသုံးချပြီး သိပ္ပံပညာရှင်များက ဆေးလမ်း၊ စက်ကိရိယာလမ်းတွေ တီထွင်ကြတာပါပဲ။

လောကီ ထွက်ရပ်ပေါက်ဝိဇ္ဇာများကလဲ ဤဓာတ်လေးပါးကို စနစ်တကျ ဖန်တီးပြီး သိဒ္ဓိစခန်းတွေ ဖွင့်နိုင်ကြတာပါပဲ။

ဘုရားရှင်ရဲ့ အဘိဓမ္မာနည်းကို စနစ်တကျ အသုံးချလျှက် အရိယာ ဝိဇ္ဇာလမ်း တက်လှမ်းကြတဲ့ အရိယာအရှင်မြတ်ကြီးတွေ ရှိပါတယ်။

ဤဓာတ်ကြီးလေးပါးထဲက တေဇော- ဥတုရဲ့စွမ်းအင်ဟာ ကြီးမားလှပါ တယ်။ ကမ္ဘာကို အစ၊ တေဇောကလို့ အဆိုရှိပါတယ်။ နောက်ဆုံး ဤကမ္ဘာကြီး ပျက်သွားတာပင် တေဇော-ဥတုကြောင့် ဖြစ်ပါတယ်။ တေဇော-ဥတုဟာ ဝါယောဓာတ်ကို အခြေခံပါတယ်။

အဲဒီ မီးဓာတ်နှင့်လေဓာတ်တို့ကို ကောင်းကောင်းမွန်မွန် အသုံးချတတ်သည့်အတွက်ကြောင့် လေယာဉ်ကြီးတွေ၊ ဒုံးပျံကြီးတွေနဲ့ ကောင်းကင် ပျံဝဲနိုင်ကြတာပါပဲ။

**ကမ္မနိယာမ**

ကုသိုလ်ကံ၊ အကုသိုလ်ကံ၏အစွမ်းဖြင့် မြဲသောအားဖြင့် ပြီးသောကြောင့် ကမ္မနိယာမခေါ်ပါတယ်။ ကမ္မကံအရက စေတနာ ပါပဲ။ ကံမည်တဲ့ စေတနာသည် ပြုပြင်တတ်တယ်၊ စီမံခန့်ခွဲတတ်တယ်၊ စေ့ဆော်တိုက်တွန်းတတ်တယ်။

အဲဒီစေတနာက ဦးဆောင်ပြီး ကိုယ်နှုတ်စိတ်တို့နဲ့ ပြုတယ် ပြောတယ်။ ကြံစည်တွေးတောတယ်၊ ကောင်းတာ, မကောင်းတာ ဘာပဲပြုပြု စေတနာက ဦးဆောင်တာမို့လို့ စေတနာကိုသာ ကံလို့ခေါ်ရပါတယ်။ ပြည်သူအားလုံးပါဝင်ပြီး ဘုရားတည်ခဲ့ပေမယ့် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးကိုသာ လောကမာရဇိန် ကုသိုလ်တော် ဒါယကာဟု ခေါ်သလိုပါပဲ။

စေတနာဟာ သူနဲ့တွဲပါကလာတဲ့ စေတသိက် (၄၉)မျိုး ရှိသေးပေမယ့် လူ (၅၀)လယ်ရိတ်ရာမှာ စေတနာဟာ ခေါင်းဆောင် လယ်ရှင်နဲ့ တူပါတယ်။ ကျန် (၄၉)မျိုးက နောက်လိုက် လယ်ရိတ်သမား (၄၉)ယောက်နှင့် တူပါတယ်။

လယ်ရှင်က ကိုယ်တိုင်လဲ လယ်ကိုရိတ်တယ်။ အခြားလူတွေကိုလဲ လယ်ရိတ်ဖို့ နှိုးဆော်တိုက်တွန်းတယ်။

ဉပမာနောက်တစ်မျိုး ပြောရလျှင် ကံမည်တဲ့ စေတနာသည် တပည့်ကြီး လက်သမားကြီးတို့လဲ တူပါတယ်။

ဒါကြောင့် စေတနာဟာ “ကံ”ဆိုတဲ့ နာမည်ထူးရတာပါပဲ။ သတ္တဝါတို့ သည် အဲဒီစေတနာ ကောင်း၊ မကောင်းရှိမှဲ့ အခြေခံပြီး ဆူကြံ့နိမ့်မြင့် ကွဲပြား ခြားနားသွားတာပါပဲ။

အို တရားပရိတ်အပေါင်း သူတော်ကောင်းတို့ ဆွမ်းခံရလာတဲ့ ဆွမ်းကို လှူပြီးမှ ဘုဉ်းပေးတဲ့ ရဟန်းနဲ့ မလှူပဲ ဘုန်းပေးတဲ့ရဟန်း

(၂)ပါးတို့ မြပုခက်နဲ့ နှီးပုခက်ထဲ အသီးသီးရောက်လာကြတာဟာ စေတနာရဲ့ ကွာခြားမှုကြောင့်ပါပဲ။

မီးကွင်းစွပ်မိတဲ့ ကောင်းကင်ပျံကျီးကန်း၊ သဲအိုးဆွဲ ပင်လယ်ထဲ ပစ်ချခံရသည့် သူဌေးကတော်၊ လိုဏ်ဂူထဲ (၇)ရက်ပိတ်မိနေသည့် ရဟန်းတို့ မိမိတို့ပြုခဲ့တဲ့ စေတနာဆိုးများကြောင့် ဖြစ်ကြရသည်မှာ ကမ္မနိယာမပင် ဖြစ်ပါတယ်။

"မြတ်ယုတ်မျိုးနွယ် ကြီးငယ်ဂုဏ်သိန် စည်းစိမ်နည်းများ နာဖျားကင်းထူ သက်မှူရှည်တို ရုပ်ကိုယ်ရူပ လှ,မလှနှင့် ဉာဏကင်းမဲ့ လွန်ထင်ပြဲ့သား တစ်ဆယ့် လေးဖြာ ဤချင်းရာကား ခပင်းသတ္တဝါ ကံဖြင့်သာလျှင် နာနာကာရ ဖြစ်ကုန် ကြ၏" ဆိုတဲ့အတိုင်း (၇)စုံ (၁၄)မျိုး လူတန်းစား ကွဲပြားခြားနားမှုတို့ဟာလဲ ကံ-စေတနာကို အခြေခံကြပါတယ်။

**စိတ္တနိယာမ**

စိတ္တနိယာမကို ဆက်ဟောပါ့မယ်။ စိတ်ဖြင့်သာလျှင် အမြဲ ပြီးစီးတဲ့အတွက် စိတ္တနိယာမ မည်ပါတယ်။ ကြံစည်တွေးတောတတ်တာကို စိတ်၊ အာရုံ ယူတတ် သိတတ်တဲ့အတွက်ကြောင့် စိတ်ဟု ခေါ်ပါတယ်။

ဆန်းဆန်းကြယ်ကြယ် ပြုလုပ်တတ်တဲ့အတွက် စိတ်လို့ ခေါ်ပါတယ်။ လောကထဲမှာ စိတ်လောက်ဆန်းကြယ်တာ ဘာမျှ မရှိပါ။ စိတ်ဟာ အဆန်းကြယ်ဆုံးပါပဲ။ စိတ်ဆန်းကြယ်ရာမှ ခန္ဓာကိုယ် အသွေးအရောင်တွေ ဆန်းကြယ်ထူးပြား ဆန်းပြားလာပါတယ်။

ပန်းချီဆရာ၏ စိတ်ကူးအတိုင်း ပုံပေါ်ထွက်လာသလိုပါပဲ။ သတ္တဝါတိုင်း စိတ်ကခေါင်းဆောင်၊ ရုပ်က နောက်လိုက်ပါ။ ကမ္ဘာ့လူထုကြီး ဘယ်လောက်များများ စိတ်ခြောက်မျိုးနဲ့ပဲ လှုပ်ရှားနေကြပါတယ်။

အကြည်ဓာတ် (၆)မျိုးနဲ့ အာရုံ (၆)မျိုး ကြုံကြ ဆုံကြတဲ့ အတွက်ကြောင့် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်။

ဒီခြောက်မျိုးနဲ့ သက်ရှိလောက လှုပ်ရှားရှုပ်ထွေး ပွေလီနေကြတာပါပဲ။ မြင်သိစိတ်တစ်ခု ဖြစ်ပေါ်လာပြီဆိုလျှင် ဆက်ပြီးတော့ သမ္ပဋိစ္ဆိုင်း- လက်ခံတဲ့စိတ်၊ သန္တီရဏ- လေ့လာတဲ့စိတ် စတဲ့စိတ်အစဉ်တွေ နောက်ဆက်တွဲဖြစ်ပြီး ကုသိုလ် အကုသိုလ်ကြီယာလိုင်း အသီးသီး ဖြာထွက်သွားကြပါတယ်။

ဒီသဘောဖြစ်စဉ် အမြဲဖြစ်နေတာကို စိတ္တနိယာမလို့ ခေါ်ပါတယ်။

**ဓမ္မနိယာမ**

ဓမ္မနိယာမကို ဆက်ဟောပါ့မယ်။

မိမိသဘောကို ဆောင်တတ်သော သဘော၏အစွမ်းဖြင့်သာ မြဲသော အားဖြင့် ငြိမ်းသောကြောင့် ဓမ္မနိယာမ မည်ပါတယ်။

| | | |
|---|---|---|
| ပထဝီ | - | ခက်မာနူးညံ့တဲ့သဘော၊ |
| အာပေါ | - | ဖွဲ့စေးယိုစီးတဲ့သဘော၊ |
| တေဇော | - | ပူအေးတဲ့သဘော၊ |
| ဝါယော | - | တွန်းကန်လှုပ်ရှားတဲ့သဘော၊ |
| ဖဿ | - | တွေ့ထိခြင်းသဘော၊ |

ဝေဒနာ - ခံစား စံစားခြင်းသဘော၊

စတဲ့ မိမိရဲ့သဘောကို ဆောင်တတ်တဲ့ ရုပ်နာမ်တို့ရဲ့ အသီးသီး လက္ခဏာနှင့် ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ကွက်ခြင်းတို့သည် ရုပ်နာမ်တို့ရဲ့ သာမညလက္ခဏာ။

အဲဒါတွေကို "ဓမ္မ"လို့ ခေါ်ပါတယ်။

ရဟန်းတို့ အဝိဇ္ဇာကြောင့် သင်္ခါရစသည် ဖြစ်တာဟာ ဘုရားပွင့်သည် ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ နဂိုကထဲက သူ့သဘာဝနဲ့သူ တည်နေတဲ့ ဓမ္မနိယာမ ပါပဲ။ သို့သော် ဘုရားမပွင့်ရင် မသိနိုင်ကြဘူး။ ဘုရားပွင့်မှ၊ ထုတ်ဖော်ဟောကြားမှ ဒီတရားကြောင့် ဒီတရား ဖြစ်တယ်။ ဒီတရားက ဖဿ၊ ဒီတရားက ဝေဒနာ စသည် သိခွင့်ရကြ ပါတယ်။

အို ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဓမ္မနိယာမကိုပဲ ဓမ္မတာလို့ သုံးစွဲတော်မူတာလဲ ရှိပါသေးတယ်။ ဘုရားရှင် သစ္စာလေးပါး သိတော်မူ၍ ဘုရားဖြစ်တော်မူရာအခါ စသည်တို့မှာ မြေကြီးတုန်လှုပ်တယ်။ အရောင်အလင်း ကြီးတွေ ဖြစ်ပေါ်လာတာကို "ဓမ္မတာဝေသာ"ဟု ဟောတော်မူပါတယ်။

ဓမ္မနိယာမကိုပင် ရဟန်းတို့ သောတာပန်ပုဂ္ဂိုလ်ဟာ တစ်စုံ တစ်ခုသော သင်္ခါရကို နိစ္စ မြဲတယ်လို့ ယူဆမှုဟာ အကြောင်းမဟုတ် စသည်ဟောရာမှာ "အဋ္ဌာနမေတံ ဌာနမေတံ"ဟု ဟောကြားသုံးစွဲ တော်မူပါသေးတယ်။

အိုပရိသတ်အပေါင်း သူတော်ကောင်းတို့ ဝတ္ထုအာရုံ (၂)ပါး ကြုံတိုင်း ထုံတလဲလဲ ရေယာဥ်ဝဲသို့ ဖြစ်မြဲနိစ္စ စိတ္တနိယံ ကြောင်းခံကျိုး တည့် ပစ္စည်းပစ္စုပ် ကြိုးနှယ်ရှုပ်၏ စတဲ့ ပဋ္ဌာန်းတရားတော်ကြီး သည်ပင် ဓမ္မနိယာမဖြစ်ပါတယ်။

စကြာဝဠာ, ရေ, မြေ, ကောင်းကင် (၃၁)ဘုံနှင့် (၃၁)ဘုံသား တွေအားလုံး အနှစ်ချုပ်ကြည့်ပါက (၈၂)မျိုးသာ ဓာတ်သားရှိပါတယ်။

- စိတ်
- စေတသိက် (၅၂)
- ရုပ် (၂၈)
- နိဗ္ဗာန် (၁)

ဒီ (၈၂)မျိုးကို အကျယ်ချဲ့ကြည့်ပါက စကြာဝဠာ, ရေ, မြေ, ကောင်းကင် (၃၁)ဘုံသားတွေ ဖြစ်လာပါတယ်။

အဲဒီ ဓမ္မသဘာဝတွေထဲမှ ထုတ်နှုတ်၍ တစ်စိတ်တစ်ဒေသ သိရာမှစ၍ တရားရ တရားမြင်သည်လို့ ခေါ်ဆိုရပါတယ်။ ဓမ္မသဘောသဘာဝကို မသိက တရားမရ တရားမမြင်ပါ။

ပရမတ်မမြင် တရားမမြင်၊ ပရမတ်မြင်မှ တရား မြင်သည်။

ပရမတ် မဝ တရားမကျ၊ ပရမတ် ဝမှ တရားကျသည်။ ဟု မိန့်တော်မူကြပါတယ်။

သမ္မုတိသစ္စာပျက်လျှင် မုသားဖြစ်တတ်သည်။ ပရမတ္ထသစ္စာ ပျက်လျှင် ဒိဋ္ဌိ ဖြစ်တတ်သည်ဟုလည်း အဆိုရှိပါတယ်။

ပရမတ္ထဓမ္မ သဘောတရားတို့ကို အကျိုးဖြစ်ထွန်းရန် ကြံဖန်သိမြင်တဲ့ နည်းက အကြမ်းနည်း၊ အလတ်စားနည်း၊ အနုနည်း၊ အနုထက် အနုနည်းလို့ လေးမျိုးလေးနည်း ရှိပါတယ်။

၁။ လောကဓာတ်ပညာအရာနဲ့ ပေါက်ရောက်အောင် ကြံဖန် သိမြင်တဲ့နည်းဟာ "အကြမ်းစား ကြံဖန်သိမြင်တဲ့နည်း" မည်ပါတယ်။

၂။ အနာရောဂါ ဆေးပညာအရာနှင့် ပေါက်ရောက်စွာ ကြံဖန်သိမြင်တဲ့ နည်းက "အလတ်စားနည်း" မည်ပါတယ်။

၃။ ဝိပဿနာအရာဖြစ်တဲ့ သုတ္တန်ဒေသနာလာနည်းတွေနဲ့ ရုပ်တံဆိပ်, နာမ်တံဆိပ် ရုပ်ထဲမှာလဲ ခါတ်လေးပါး ခါတ်လေးပါးမှာလဲ ခါတ်တစ်ပါးမျှ ပေါက်ရောက်အောင် ကြံဖန်သိမြင်တဲ့နည်းက "အနုနည်း" မည်ပါတယ်။

၄။ အဘိဓမ္မာ (၇)ကျမ်းပါဠိ အဋ္ဌကထာ ဋီကာနည်းလမ်းဖြင့် အလွန် ကျယ်ဝန်းစွာ စိတ်ဖြာဝေခွဲ ကြံဖန်သိမြင်တဲ့နည်းသည် "အနုထက် အနုနည်း" ဖြစ်ပါတယ်။

အနုထက်အနုနည်း သိရှိပြီး ဩဃလေးပါးကို လွန်မြောက်နိုင်ရန် ဝါတွင်း (၃)လတိုင်တိုင် အဘိဓမ္မာဒေသနာတော်ကို ဘုရားရှင် ဟောကြားတော်မူခဲ့ ပါတယ်။ ဩဃမည်တဲ့ ပကတိရေအယဉ်ဟာ သတ္တဝါကိုလွှမ်းကာဖိသတ် နစ်မြုပ်စေတတ်ပါတယ်။ ထို့အတူ သတ္တဝါတွေကို သံသရာ၌ လွှမ်းကာဖိသတ် နစ်မြုပ်စေတတ်တဲ့ ဩဃလေးဖြာ တရားဆိုး တရားပျက်တို့ကို လွန်မြောက်နိုင် ကြောင်း၊ ကောင်းမြတ်သော အဘိဓမ္မာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်တော် မူကြပါကုန်စို့ အရှင်မြတ်တို့ဘုရား

**အဘိဓမ္မာ (၇)ကျမ်းပါဠိ**

**တရားနိဂုံး**

ပုညေနေတေန ဟန္တွာ အဃတမံ သုစိရံ ဌာတု သဒ္ဓမ္မဒီပေါ၊

ရာဇာ ပါလေန္တု ဓမ္မေန အဂတိဂမကာ သာသနဉ္စေဝ လောကံ။

မေဃာဝဿန္တု ကာလေ တိသရဏ သရဏာ သဗ္ဗသတ္တာ ဘဝန္တု၊

ဒုက္ခာမုတ္တာစ နိစ္စံ ပမုဒိတဟဒယာ အညမညံ အဝေရကာ။

ဧတေန ပုညေန= အများလူကို ကိုယ်တူထပ်မျှ အဝါးဝလျှက် သိကြစိမ့်ငှာ စေတနာမဟတ္တ အာသီသဖြင့် ၂၅၈၈-ကြိမ်မြောက် ချင့်ထောက်ပိုင်းခြား အဘိဓမ္မာ သဘောသဘာဝ နိယာမတရား ငါးပါးကို ဟောကြားထုတ်ဆို ဤကုသိုလ်တော်ကြောင့်၊ သဒ္ဓမ္မ ဒီပေါ= ရှင်တော်ဘုရား ဟောကြားပြသ ဓမ္မရတနာ ထောင်ရောင်ဝါသည်၊ အဃတမံ= ဟုတ်တိုင်းတိတိ မမြင်ဘိအောင် ဖုံးဖိကွယ်ကာ အဝိဇ္ဇာဟု ပိတ်ကာတိမ်တောင် အမိုက်မှောင်ကို၊ ဟန္တွာန= မကြာချက်ခြင်း လက်ငင်းဒိဌ ဖြေရှင်းပြီးသကာလ၊ သုစိရံ= အနှစ်ငါးထောင် များမြောင် ရှည်ကြာ အခါကာလတိုင်တိုင်၊ ဌာတု= မယိမ်းမယိုင် ကျောက်စာ တိုင်သို့ ခိုင်ခိုင် မတ်မတ်ကြီး တည်ရှိပါစေသတည်း။

ရာဇာ-ရာဇာနော= သတ္တဝါကို အာဏာလွှမ်းမိုး စိုးရသခင် ဘုရင် မင်းမြတ် သမ္မုနတ်တို့သည်၊ အဂတိဂမကာ= အဂတိလေးပါး မလိုက်စားကြကုန်ပဲ၊ ဓမ္မေန= တရားသဖြင့်၊ ဣမဉ္စေဝ သာသနံ= လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ရပါစေကြောင်း တည်ထားအပ်သော ကောင်းမြတ်သော ဤဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို

လည်းကောင်း။ ဣမစ္စေဝ လောကံ= ဦးနတ်ဦးပြု အများလူတို့လည်းကောင်း၊ ဝါ= ဤတိုင်းခရိုင် နိုင်ငံတော်ကိုလည်းကောင်း၊ ပါလေန္တု= အစဉ်စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

မေဃာ= သတ္တဝါတို့ ချမ်းသာဆင်းရဲ အမြဲစောင့်ရှောက်မိုးရေပေါက်တို့ သည်၊ ကာလေ= သီးနှံ့အများ ဖြစ်ပွားသင့်ရာချိန်အခါ၌၊ ဝဿန္တု= ထန်စွာအရည် ချုန်းကာမြည်လျှက် ရွာသွန်းချပါစေကုန်သတည်း။ သဗ္ဗသတ္တာ= နတ်ပြဟ္မာဘုံ ကမ္ဘာခြံုလျှက်လုံးစုံများစွာ သတ္တဝါတို့သည်၊ တိသရဏ သရဏာ= ဆင်းရဲကိုဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တတ်သော ဘုရားတရားသံဃာ ကိုးကွယ်ရာကိုသာ အားထားကိုးကွယ်ကြကုန်သည်ဖြစ်၍၊ ဒုက္ခာ= တစ်ယောက် တစ်မျိုး ဆိုရိုးရှိကြ ဆင်းရဲဒုက္ခမှ၊ မုတ္တာ= နဖားကြိုးကျွတ် ကွင်းလုံးကျွတ်ဖြင့် ကင်းလွတ်ကြကုန်သည်၊ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။

သဗ္ဗသတ္တာ= နတ်ပြဟ္မာဘုံ ကမ္ဘာခြံုလျှက် လုံးစုံပြောထူနတ်နှင့်လူတို့ သည်၊ အညမညံ= နတ်လူများစွာ သတ္တဝါအချင်းချင်း၊ ဝါ= တစ်ယောက်သည် တစ်ယောက်အပေါ်၊ အဝေရကာ= ပြစ်ရှာစောင်းမဲ့ ကဲ့ရဲ့ငြူစူ ရန်သူဟု နှလုံး မသွင်းကြကုန်ပဲ၊ နိစ္စံ= အမြဲ၊ ပမုဒိတဟဒယာ= ကြည်သာဝမ်းမြောက် မကွေ့ကောက်သော စိတ်နှလုံးရှိကြကုန်သည်၊ ဟောန္တု= မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
မြန်မာ့အသံမှ
အသံလွှင့်ဟောကြားတော်မူသော
## အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံတရားတော်

ဘဝကို သတိပြုသင့်ပုံ

ဘုန်းကြီးတို့ အကျိုးအကြောင်း၊ အဆိုးအကောင်းကို သိရှိနားလည်နိုင်သော လူ့ဘဝကြီးကို ရရှိလာကြပါတယ်။

ဘုန်းကြီးတို့သည် ဘဝရဲ့အပြစ်အနာအဆာကို မသိခြင်း၊ ဘဝကို သာယာမက်မောခြင်း၊ ကိုယ်နှုတ်နှလုံးဖြင့် ပြုမူပြောဆို ကြံစည်တွေးတောခဲ့ခြင်း အကြောင်းသုံးရပ်တို့ကို အခြေခံပြီး လူ့ဘဝကို ရောက်ရှိလာခဲ့ကြပါတယ်။

ဒီလူ့ဘဝ အလာခရီး ပြန်ကြည့်စီစစ်ပါက အမိဝမ်းသို့ သက်ရောက်စ ကာလ၊ အမိဝမ်းမှာ ကိန်းနေစဉ်ကာလ၊ အမိဝမ်းမှ ဖွားမြင်ရာကာလ၊ သုံးဌာနလုံး မသိပဲ လာရောက်ခဲ့ကြပါတယ်။

အကြောင်းသုံးမျိုး ပေါင်းစပ်မှုကြောင့် ဖြစ်လာခဲ့တဲ့ လူ့ဘဝကို မသိသုံးမျိုးနဲ့ပဲ လာရောက်ခဲ့ရပါပြီ။

လက်ရှိအခြေအနေမှာလဲ မသိ (၅)မျိုးနဲ့ပဲ နေထိုင်သွားလာလှုပ်ရှား နေကြရပါတယ်။ မသိ (၅)မျိုးက -

၁။ မိမိ ဘယ်၍ဘယ်မျှ အသက်ရှည်ကြာ အသက်ရှင်ရမည်ဆိုတာ မသိနိုင်ပါ။

၂။ အဘယ်အနာရောဂါဖြင့် တစ်ဘဝ နိဂုံးချုပ်မည်ဆိုတာ မသိနိုင်ပါ။

၃။ အဘယ်အချိန်အခါမှာ သေရမည်ဟု မသိနိုင်ပါ။

၄။ မိမိရဲ့ရုပ်အလောင်းကို ဘယ်မြို့ဘယ်ရွာ ဘယ်နေရာမှာ ပစ်ချမြှုပ်နှံရမည်ဆိုတာ မသိနိုင်ပါ။

၅။ သေသွားရင် ဘယ်ဘုံဘယ်ဘဝ ရောက်ရမည်ဆိုတာ မသိနိုင်ပါ။

ဒီ မသိ (၅)မျိုးနဲ့ ယောင်ချာချာပဲ နေကြရပါတယ်။ အကြောင်း (၃)မျိုး ကြောင့်ဖြစ်၊ မသိသုံးမျိုးနဲ့ လာရောက်ရတဲ့ လူ့ဘဝ၊ မသိ (၅)မျိုးနဲ့ ယောင်ချာချာ နေနေရတာ အင်မတန် ကြောက်လန့်စရာ ကောင်းပါတယ်။ သတိပြုဖို့ သင့်ပါတယ်။

### ဘဝငြိမ်းချမ်းရေးလမ်းညွှန်

အကြောင်းသုံးမျိုးကြောင့် ဖြစ်လာကြရာမှ အမိဝမ်းသို့ သက်ရောက်စ ကိန်းနေစဉ် ဖွားမြင်ရာကာလ အသိ (၃)မျိုးနဲ့လာကြတဲ့ သဗ္ဗညုဘုရား လောင်းများ၊ အသိ (၂)မျိုးနဲ့လာကြတဲ့ ပစ္စေကဗုဒ္ဓါနှင့် အဂ္ဂသာဝက လောင်းလျာများ အမိဝမ်းသို့ သက်ရောက်စ တစ်ခုသာ သိခဲ့ကြသည့် မဟာသာဝက၊ ပကတိသာဝက၊ ရဟန္တာလောင်းလျာများနှင့် မသိသုံးမျိုးနဲ့ ဘဝကိုခြေချခဲ့ကြသည့် ပုထုဇဉ်သတ္တဝါအားလုံးတို့ မတူကွဲပြား ခြားနားချက်ကို သတိပြုသင့်ပါတယ်။

မသိ (၅)မျိုးနဲ့ နေကြရတဲ့ လောကသားတွေထဲမှာ ထူးထူးခြားခြား ဘုရားမြတ်စွာ၊ ပစ္စေကနှင့် ရဟန္တာ အရှင်မြတ်ကြီးတွေက အသိ(၅)မျိုးနဲ့ သိတော်မူကြပါတယ်။ အရိယာပုဂ္ဂိုလ်တိုင်း မိမိတို့ လားရောက်ရမည့် ဂတိနှင့် ဂတိကင်းကွာ ပြည်ခေမာဆိုတဲ့ အဂတိကိုလဲ သိတော်မူကြပါတယ်။

ကောင်းသောသူတို့၏လားရာ မကောင်းသောသူတို့ရဲ့ လားရာဂတိနှင့် ဂတိကင်းရာ ပြည်ခေမာလမ်းကို သေသေချာချာ သိတော်မူသည့်အတိုင်း ညွှန်းပြတော်မူနိုင်သည့် မြတ်ဗုဒ္ဓကို လမ်းညွှန်ဆရာအဖြစ်ထား ကိုးကွယ်အားထားခွင့်ရနေကြတဲ့ ဗုဒ္ဓဘာသာများ ဖြစ်နေကြသည့် အားလျော်စွာ မြတ်ဗုဒ္ဓ၏ ဘဝငြိမ်းချမ်းရေး လမ်းညွှန်တရားများအနက် အာနပါနကမ္မဋ္ဌာန်း အားထုတ်၍ ဘဝငြိမ်းချမ်းရေးရှာပုံကို ဟောပါ့မယ်။

## မြတ်ဗုဒ္ဓ၏လမ်းစဉ်

မြတ်ဗုဒ္ဓသည် ဘဝသံသရာ လှည့်ပတ်ရာမှာ စားဝတ်နေရေး အဆင် ပြေစေဖို့ ဒါနလမ်းစဉ်ကို ချမှတ်ဆောင်ရွက်တော်မူခဲ့ပါတယ်။

ကိုယ်၏ရိုင်းစိုင်းမှုနှင့် နှုတ်၏ရိုင်းစိုင်းမှု ပ,ပျောက်၍ ကိုယ်နှုတ် ယဉ်ကျေးဖို့အတွက် သီလလမ်းစဉ်ကို ချမှတ်ခဲ့ပါတယ်။

စိတ်ရိုင်းစိုင်းမှု ပ,ပျောက်၍ ယဉ်ကျေးရန်၊ စိတ်ကို အစိုးရရန် သမထကမ္မဋ္ဌာန်း အားထုတ်နည်းကို ဟောတော်မူခဲ့ပါတယ်။

အတွင်းဓာတ်သား အမှန်တရားကို မြင်ရှုနိုင်၍ ဉာဏ်အဆင့်ဆင့် ရရှိငြိမ်းချမ်းရန် ဝိပဿနာကမ္မဋ္ဌာန်း ဟောတော်မူပါတယ်။

**စိတ်အစိုးရမှု**

စိတ်ကိုအစိုးမရမှု၊ စိတ်ရိုင်းစိုင်းမှုဟာ သံသရာမှာ မျောလမ်းကြီးစစ်စစ် ဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် သမထဝိပဿနာ အလုပ်ခွင်သို့ မကပ်ရောက်နိုင်သောကြောင့် ဖြစ်ပါတယ်။

စိတ်ကို အစိုးရမှုဟာ နိဗ္ဗာန်ဆိပ်ကမ်းသို့ ဆိုက်လမ်းကြီးစစ်စစ် ဖြစ်ပါတယ်။

အထက်အထက်ဖြစ်တဲ့ သမထဝိပဿနာ အလုပ်တွေကို မလုပ် တည့်နိုင်လျှင် ရှိပါစေဦး။

မိမိစိတ်ကို မိမိကိုယ်သန္တာန်တွင်း၌ နိုင်နိုင်နင်းနင်း ထားနိုင်ကြပါလျှင် နိဗ္ဗာန်၏အရသာကို ခံစံကြရသည် မည်ကြောင်း ဘုရားရှင် ဟောတော်မူပါတယ်။

စိတ်အစိုးရမှုဟာ အမျိုးမျိုးရှိပါတယ်။ လောကအနေနဲ့ ပြောလျှင် အရှုးအနှမ်းမဟုတ်ပဲ တည်ကြည်သောစိတ်ရှိပြီး လူရေးလူရာတွေမှာ နေရာတကျ စီမံခန့်ခွဲ ဆောင်ရွက်မှုကို “စိတ်ကိုအစိုးရမှု”လို့ ခေါ်ဆိုပါတယ်။

သာသနာတော်အနေနဲ့ကြည့်ရင် -

အဘိဇ္ဈာ ဒေါမနဿ အစွန်းမထွက်အောင် မျက်စေ့ နား နှာ လျှာ ကိုယ် စိတ်ကို ထိန်းသိမ်းနိုင်မှု လုံခြုံအောင်ထားနိုင်မှုဟာ “အစိုးရမှု” တစ်မျိုးပါပဲ။ ခိုင်ခံ့သော စိတ်အစိုးရမှုပါပဲလို့တော့ မပြောနိုင်သေးပါ။

အာနာပါနကမ္မဋ္ဌာန်း စသည် အားထုတ်၍ ကာယဂတာသတိ ဘာဝနာတည်မှုကတော့ သမထဝိပဿနာရဲ့ နီးသော အကြောင်းဖြစ်လို့ ခိုင်ခံ့သော အစိုးရမှု မည်ပါတယ်။

ထို့ထက် ဥပစာရသမာဓိမှုက ခိုင်ခဲ့ပါတယ်။

ထို့ထက် အပ္ပနာသမာဓိမှုက ခိုင်ခဲ့ပါတယ်။

အပ္ပနာသမာပတ်ရှစ်ပါးတို့က တစ်ဆင့်ထက်တစ်ဆင့် ခိုင်ခဲ့ပါတယ်။ အဘိညာဉ်ရအောင် အားထုတ်က သမထကိစ္စမှာ အထွဋ် အထိပ်ဖြစ်တဲ့ အစိုးရမှု ဖြစ်ပါတယ်။

ယခုအခါ ဗုဒ္ဓဘာသာ သာသနာ၌ ကြုံကြိုက်ကြသူ ရဟန်း ရှင်လူ အပေါင်းတို့အနေနဲ့ မိမိစိတ်ကို မိမိအစိုးမရ ရှိနေကြတာကို လွန်စွာစက်ဆုပ် ထိတ်လန့်ကြပြီး မိမိစိတ်ကို မိမိအစိုးတရဖြစ်ရ လေအောင် မဟာသတိပဋ္ဌာန်သုတ်၌လာသော တစ်ခုခုသော ကာယဂတာသတိ အလုပ်များကို အားထုတ်သင့်ပါတယ်။

**အာနာပါန တစ်ခုတည်းဖြင့်**

ကာယဂတာသတိ (၁၈)မျိုးတို့တွင် နှာသီးဖျားမှာ ထွက်သက် ဝင်သက်၊ ထွက်လေဝင်လေ ရှုရှိုက်ထုတ်မှုတ်မှု၊ အာနာပါနအလုပ် တစ်ခုတည်းနဲ့ ကာယဂတာသတိ ဘာဝနာကိစ္စ၊ အပ္ပနာစျာန် (၄)ပါးဆိုတဲ့ သမထဘာဝနာကိစ္စ၊ ဝိပဿနာဘာဝနာကိစ္စ၊ မဂ်ကို ပွားများခြင်း, ဖိုလ်ကို မျက်မှောက်ပြုခြင်း ကိစ္စများပြီးစီးကြောင်း အာနာပါနဿတိသုတ်၌ ဟောတော်မူပါတယ်။

မွေးဖွားလာချိန်မှ အသက်ရှင်နေသမျှ လူတိုင်းလူတိုင်း အသက်ရှုရှိုက် ထုတ်မှုတ်နေကြပါတယ်။ အိပ်တဲ့အခါပင် ထွက်သက် ဝင်သက်က မနားပါ။ တစ်နာရီဆိုလျှင် (၁၀၀၀)ခန့် ရှုကြရှိုက်ကြ ထုတ်ကြမှုတ်ကြ၍ ထွက်သက်ဝင်သက် ထွက်လေဝင်လေကို အသုံးချကြပါတယ်။ တစ်နေ့ တစ်ရက်ဆိုလျှင် အကြိမ်ပေါင်း နှစ်သောင်းကျော်လောက် ထုတ်ကြမှုတ်ကြပါတယ်။

ခပ်သိမ်းသော ဘုရားရှင်တို့ အာနာပါနသတိ၌ တည်ပြီးတော့ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူကြမြဲ ဓမ္မတာဖြစ်တယ် ဆိုတော့ အာနာပါနသတိ ကမ္မဋ္ဌာန်းက ဘုရားအလောင်းတော်ကို ဘုရားအဖြစ်သို့ အနီးကပ်ရောက်အောင် ပို့ဆောင်တဲ့ကမ္မဋ္ဌာန်းဆိုတာ သိသာပါတယ်။

ဘုရားရှင်တို့သည် ဘုရားအဖြစ်သို့ ရောက်ပြီးသောအခါမှာလဲ အာနာပါနသတိကို အသက်ထက်ဆုံး စွန့်တော်မမူကြပါ။

ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေ အာသဝက္ခယဉာဏ်ရဖို့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ကြပါတယ်။

ရဟန္တာအရှင်မြတ်ကြီးတို့ အနေနဲ့လဲ ချမ်းချမ်းသာသာ နေနိုင်ရန်နှင့် သတိသမ္ပဇဉ်အကျိုးငှာ အာနာပါနသတိကို လက်လွှတ်တော်မမူကြပါ။

**အလွယ်ဆုံး**

သမထအရာမှာ ကမ္မဋ္ဌာန်း (၄၀)ရှိရာ အာနာပါနကမ္မဋ္ဌာန်းသည် အစဉ်စွဲမြဲပွားများခြင်းငှာ အလွယ်ဆုံးဖြစ်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အခြားကမ္မဋ္ဌာန်းတို့ထက် လွန်မြတ်တဲ့ ဂုဏ်ပုဒ်တွေနဲ့ များစွာချီးမွမ်းတော်မူထားပါတယ်။ မဟာသတိပဋ္ဌာန်တရား ပေးရာမှာ ပထမဆုံးပေးခဲ့တဲ့ ကမ္မဋ္ဌာန်းလဲ ဖြစ်ပါတယ်။

အဋ္ဌကထာဆရာမြတ်တို့ကလဲ “မဟာပုရိသဘူမိ” လူသာမန်ရှင်သာမန်တို့နှင့် မထိုက်တန်၊ လူပညာရှိ ရဟန်းပညာရှိတို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းဖြစ်၍ ယောကျ်ားမြတ်ကြီးတို့၏ တည်ရာဘုံဟု မိန့်တော်မူကြပါတယ်။

**အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံ**

ဒီမြင့်မြတ်လွယ်ကူ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လိုတဲ့ ရဟန်းရှင်လူ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်-

- ဆိတ်ငြိမ်ရာနေရာယူပါ။
- အနန္တငါးပါး ရှိခိုးပါ။
- သရဏဂုံဆောက်တည် သီလယူပါ။
- မေတ္တာပို့ပါ။
- အမျှပေး၊ အမျှယူပါ။

**သတိမြဲရာ ပထမာ**

နွားဆိုးနွားမိုက်နဲ့တူတဲ့ စိတ်ကို ဆုံးမဖို့ သတိဆိုတဲ့ ကြိုးနဲ့ နှာသီးဖျားမှာ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်မြဲအောင် ရှုမှတ်ချည်နှောင်ထားပါ။

စိတ်ကိုအခြားမရောက်ပါစေနဲ့။ အသီးတစ်ရာ အညှာတစ်ခု ဆိုသလို လူတိုင်းမှာ စိတ်ကအညှာပါပဲ။ အညှာကောင်းမှ ခိုင်မှ အသီးများ တည်ရှိနိုင် ပါတယ်။ ဒါကြောင့် -

"အမြတ်ဦးကိုင် ထီးကိုပိုင်က
နန်းထိုင်ရဖို့ စိတ်ဟုမည်ငြား
ဤတစ်ပါးမျှ တရားကိုယ်ကြပ်
စောင့်စည်းကွပ်က လူနတ်နိဗ္ဗာန်
သုံးတန်ချမ်းသာ ရကြောင်းလာ၏" လို့ မိန့်ဆိုကြပါတယ်။

ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုန်းကြည့်ပါ။ ဒီစိတ်ကလေးဟာ နှာသီးဖျား ထွက်လေဝင်လေ ရှုရှိုက်ထုတ်မှုတ်မှု အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ ခိုင်ခိုင်ချည်ထားပေမယ့် ရှေးကတွေ့ဖူး

ကြံ့ဖူးဆုံဖူးတဲ့ အာရုံတွေဆီ လျှောက်ပြေးနေတတ်ပါတယ်။ လိုက်ဖမ်းရပါတယ်။ အဲဒီလို မိအောင်ဖမ်းလို့ အဖမ်းရခက်တဲ့ စိတ်။ လေကို ပိုက်ကွန်နဲ့ဖမ်းရတာမျိုး ပါပဲ၊ စိတ်ဆိုတာက -

အဝေးလဲ ပြေးသွားတတ်တယ်။ တစ်ဦးတည်းလှည့်လည်တတ်တယ်။ အထည်ကိုယ်လဲ မရှိဘူးဆိုတော့ အဖမ်းရခက်တော့တာပါပဲ။ ဒါပေမယ့် ဘုရားရှင် ပေးသနားခဲ့တဲ့နည်းနဲ့ ချည်တိုင်မှာ ချည်ထားပါ။ အားကုန်ရုန်းမှာပါပဲ။

အဲဒီလို ရုန်းကန်ပါသော်လဲ ရုန်းမရအောင် ထွက်လေဝင်လေ ထွက်သက်ဝင်သက် ဆိုတဲ့ အာရုံတိုင်မှာ ချည်ထားနိုင်လျှင်တော့ -

"ရုန်းမရပါ ချည်တိုင်မှာ မောခါငြိမ်သက်ပါ"

အဲဒီလို မောပမ်းပြီး ငြိမ်သက်တော့မှ စိတ်တည်ကြည်မှု ရပါလိမ့် မယ်။

"မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ"

အဲဒီလို တည်ကြည်ငြိမ်သက်လာပြီး မလှုပ်မယှက်ပြီဆိုတော့ သမာဓိ ရလာပြီလို့ ခေါ်ဆိုနိုင်ပါတယ်။

အခုပြောခဲ့တာက ထွက်လေဝင်လေ ရှုမှတ်တဲ့နည်းတွေက (၁၆)စုံ (၃၂)ပါး အခြင်းအရာတွေ ရှိပါတယ်။ (၄)မျိုး (၄)မျိုး (၄)စုံ ရှိရာမှ ပထမ (၄)မျိုး ပထမ စတုက္က (၄)နည်းထဲက "သတိမြဲရာ ပထမာ" ဆိုတဲ့ ပထမဆုံး အားထုတ်နည်း ဖြစ်ပါတယ်။

## ဒုမှာ ရှည်တိုသိ

"ဒုမှာရှည်တိုသိ" ဆိုတဲ့ ဒုတိယခန်းက အဲဒီထွက်လေဝင်လေ ရှုရှိုက်ထုတ်မှုတ်မှုတို့ရဲ့ အနှေးအမြန်ကို သိအောင်အားထုတ်ရပါမယ်။ လေကြော မြန်တာ၊ နှေးတာ၊ အတို၊ အရှည် သိအောင် အားထုတ်ပါ။

**လုံးစုံလင်းရာ တ,ဥ္ဓသာ**

“လုံးစုံလင်းရာ တ,ဥ္ဓသာ” ဆိုတဲ့စခန်းမှာ အဲဒီ ထွက်လေဝင်လေဆိုတဲ့ ခရီးစဉ် အစ၊ အလယ်၊ အဆုံးအားလုံးကို သိအောင်ထင်လင်းအောင် ရှုမှတ်ပါ။

ဝင်သက်ရဲ့ အစခရီးက နှာသီးဖျား၊ အလည်ခရီးက ရင်၊ အဆုံးခရီးစဉ်က ချက်တိုင် တို့ဖြစ်ပါတယ်။ ထွက်သက်ရဲ့ အစက ချက်၊ အလယ်က ရင်၊ အဆုံးက နှာသီးဖျား၊ အဲဒီ အစ၊ အလယ်၊ အဆုံးသုံးပါးလုံးထင်အောင် သိအောင်အားထုတ်ပါ။ တစ်ချို့က အစသာသိပြီး အလယ်အဆုံး ခရီးစဉ်တို့ကို မသိပါ။

**စ,မှာ ငြိမ်းစေဘိ**

“စ,မှာငြိမ်းစေဘိ” ဆိုတဲ့ စတုတ္ထစခန်းမှာ ရုန်းရင်းတဲ့ထွက်သက်ဝင်သက်တွေကို အစဉ်အတိုင်း ချုပ်ငြိမ်းစေပြီး သိမ်မွေ့သွားအောင် ရှုမှတ်ရပါတယ်။

သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ၊ သမာဓိရ တည်ကြည်က စိတ်က စင်ကြယ်လာဆိုတဲ့ စကားအတိုင်း သမာဓိရပြီး စိတ်တည်ကြည်လာပြီဆိုရင် စိတ်အညစ်အကြေး စင်ကြယ်ပါပြီ။

အထည်ကိုယ်မရှိတဲ့ စိတ်ကို ငြိမ်အောင်ထားဖို့ တရားအာရုံမှာ ထားနိုင်ဖို့ သမထကမ္မဋ္ဌာန်း အားထုတ်ကြရပါတယ်။

စိတ်ကို ထိန်းရာမှာ အတုယူဖွယ်ကောင်းတဲ့ မထေရ်မြတ်ကြီးသုံးပါး ရှိပါတယ်။

မထေရ်မြတ်ကြီးသုံးပါး ဝါတွင်းကာလ အတူတကွကျောင်းတိုက်တစ်တိုက်ထဲမှာ ဝါဆိုတော်မူကြပြီး ဝါကျွတ်တဲ့အခါတစ်ပါးနှင့်တစ်ပါး မေးကြမြန်းကြပါတယ်။

အငယ်ဆုံးမထေရ်ကို "ငါ့ရှင့်ရဲ့ စိတ်လေးကို အခုဝါတွင်း ဘယ် လောက်များ ထိန်းသိမ်းနိုင်ခဲ့ပါသလဲ" လို့မေးတော့ "ဘုရားတပည့်တော် ၏စိတ်ကို နေထိုင်ရာ ကျောင်းတိုက်ကြီး အာရမ်တွင်းမှ အပြင်မထွက် အောင် ထိန်းနိုင်ခဲ့ပါ တယ်ဘုရား"တဲ့။

အလတ်ဖြစ်တဲ့မထေရ်ကို မေးပြန်တော့ "တပည့်တော် သီတင်း သုံးရာကျောင်းမှ စိတ်အပြင်မထွက်ပါဘုရား"တဲ့။

မထေရ်ကြီးကို မေးတော့ "ငါ့ခန္ဓာကိုယ်ထဲမှ စိတ်အပြင်မထွက် ဘူး"တဲ့။

ဒီမထေရ်ကြီးသုံးပါးတို့သည် စိတ်ကိုထိန်းတဲ့နေရာမှာ အတုယူ ဖွယ် ကောင်းလှပါတယ်။

ဝိပဿနာသို့

စိတ်စင်ကြယ်အောင် အားထုတ်ပြီး ဝိပဿနာကူးရပါတယ်။ စိတ်စင်ကြယ်ပြီ ဆိုပါက ဝိပဿနာဉာဏ်အဆင့်ဆင့် တက်နိုင်ပါပြီ။

(က) ဈာန်မရမီ ဥပစာရဈာန်မှလည်း ဝိပဿနာကူးနိုင် ပါတယ်။

( ခ) ဈာန်ရအောင် သမထကမ္မဋ္ဌာန်း အားထုတ်ပြီးမှ လည်း ဝိပဿနာ ကူးနိုင်ပါတယ်။

သမထက စက္ကူအဖြူနှင့် တူပါတယ်။ ဝိပဿနာက ဆေးမင်နှင့် တူပါတယ်။ ဝိပဿနာကူးရာမှာ အနည်းဆုံး ခဏိက တစ်ခဏချင်း အားထုတ်လို့ ရရှိတဲ့ စိတ်တည်ကြည်မှု လိုအပ်ပါတယ်။

အဲဒီလို ဝိပဿနာတက်သောအခါမှာလဲ -

၁။ ဤအာနာပါနကမ္မဋ္ဌာန်း အာရုံ ထွက်လေဝင်လေ ရှုမှတ်မှုနှင့် ဖက်တွဲ၍ ဝိပဿနာတက်နည်း၊

၂။ ဤအာနာပါနရှုမှုကို ရှေးဦးလုပ်ငန်းထားပြီး ခန္ဓာငါးပါး စသည် ထဲက အလိုရှိတဲ့ ရုပ်နာမ်ဓမ္မကို ယူ၍ ဝိပဿနာသို့ တက်နည်းလို့ (၂)မျိုး ရှိပါတယ်။

ဤသုတ္တန်ပါဠိတော်၌

အနိစ္စာနုပဿီဝါ အဿသိဿာမီတိ သိက္ခတိ၊

အနိစ္စာနုပဿီဝါ ပဿသိဿမီတိ သိက္ခတိ ဟူ၍ အာနာပါန ထွက်လေ ဝင်လေ အာရုံနှင့်ဖက်တွဲ၍ ဝိပဿနာရှုနည်း လာပါတယ်။

ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က ထွက်သက်၊ ထွက်လေကို ထုတ်မှုတ် လွှတ်မည်ပြုသော် အမှတ်တမဲ့ မထုတ်မမှုတ် မလွှတ်ပဲ အနိစ္စမပြပုံ ထင်အောင်ရှု၍ ထုတ်မည် မှုတ်မည် လွှတ်မည်ဟု ထုတ်တိုင်း, ထုတ်တိုင်း၊ မှုတ်တိုင်း, မှုတ်တိုင်း၊ လွှတ်တိုင်း, လွှတ်တိုင်း အနိစ္စမပြပုံ၊ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရာ၏ဟု ဆိုလိုပါတယ်။

ဝင်သက်ဝင်လေကို ရှူရှိုက် သွင်းမည်ပြုသော် အမှတ်တမဲ့ မရှူ မရှိုက် မသွင်းပဲ အနိစ္စမပြပုံထင်အောင်ရှု၍ ရှူမည်၊ ရှိုက်မည်၊ လေသွင်းမည်ဟု ရှူတိုင်း, ရှူတိုင်း၊ ရှိုက်တိုင်း, ရှိုက်တိုင်း၊ လေသွင်းတိုင်း, လေသွင်းတိုင်း အနိစ္စမပြပုံ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရမည်ဟု ဆိုလိုပါတယ်။ ဒါက ပါဠိတော်လာ တိုက်ရိုက် ဝိပဿနာရှုပွားပုံပါပဲ။

လှုပ်ရှားနေတဲ့ ထွက်လေဝင်လေ ဝါယောရုပ်၊ ဝါယောရုပ် ဆိုတာ ရုပ်လား, နာမ်လား ဆိုတော့ ရုပ်၊ ရုပ်ဝါယော ဘယ်လို လက္ခဏာရှိသလဲ။ တွန်းကန်တတ်တယ်၊ လှုပ်ရှားတတ်တယ်။

ဝိပဿနာပိုင်းမှာ ထွက်လေဝင်လေလို့ မရှုမှတ်တော့ပဲ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘောကို ရှုမြင်ရမှာပါ။

**ဓာတ်ပေါ်မှု နာမ်ကရှု**

ခန္ဓာကိုယ်မှာ ဓာတ်ပေါ်မှုကို ဘာနဲ့ရှုရမှာလဲ။ နာမ်နဲ့ရှုမှတ်ရမှာပါ။ ဘာဓာတ်ပေါ်သလဲ ရုပ်ဓာတ်ဖြစ်ပေါ်တယ်။ ဘာရုပ်ဓာတ်လဲ၊ ဝါယောဆိုတဲ့ ရုပ်ဓာတ်၊ အဲဒီ ရုပ်ဓာတ်ကို စိတ်ဆိုတဲ့ နာမ်က ရှုမှတ်ရမယ်။

တစ်ကြိမ်, နှစ်ကြိမ် စသည်ဖြစ်ပေါ်တဲ့ ထွက်လေဝင်လေကို ဒါက ဝါယောရုပ်၊ ရှုမှတ်တဲ့စိတ်က နာမ်။ ကာယပဿာဒနဲ့ ဝါယောရုပ်တို့ ထိတာက ရုပ်ရဲ့အလုပ်၊ ထိတာကို သိတာက နာမ်ရဲ့အလုပ်။

ထွက်လေဝင်လေ တစ်စုံတစ်စုံရဲ့ အခိုက်မှာဖြစ်တာ ပျက်တာကို ရှုမြင်လိုက်တော့ မမြတဲ့သဘော ပေါ်လွင်ပြီ။ ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ် အသေးစိတ် ခွဲခြားနိုင်ပြီ။ ဒီခန္ဓာကိုယ်ကို နောက်ဆုံး ဓာတ်စု ဓာတ်ပုံ ဓာတ်ခဲ ကြီးအထိ မြင်အောင်ရှုရမှာကိုး။

ဓာတ်စု ဓာတ်ပုံ ဓာတ်ခဲကြီးထဲမှ ဝါယောဓာတ်ရဲ့ သဘောက တွန်းကန်လှုပ်ရှားတဲ့သဘော ရှိတယ်။ လေကြောထဲမှာ ခက်မာ နူးညံ့နေတဲ့ သဘောလဲ ပါရှိတယ်။

ဝါယောကာယလို့ ဆိုရလောက်အောင် ဖွဲ့စည်းထားတဲ့ သဘောလဲ ပါရှိတယ်။ တစ်ခါတစ်ရံ ပူတဲ့သဘော၊ နွေးတဲ့သဘော ရှိတယ်။

အဲဒီတော့ ဓာတ်ကြီးလေးပါးပဲ။ ဓာတ်ဆိုတာ ဘာလဲ၊ သဘော။ သဘော ဆိုတာ သုညပါပဲ။ သုညဆိုတာ သတ္တဝါမှ ကင်းဆိတ်တယ်။ အသက်မှ ကင်းတယ်။ အဲဒီလို သုညဆိုက်အောင် ရှုရမှာပါ။

ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းက ရုပ်ကမ္မဋ္ဌာန်း၊ ရုပ်ကမ္မဋ္ဌာန်း တွေထဲက ဝါယောရုပ်ကမ္မဋ္ဌာန်း ယနေ့ ဒီဓာတ်တစ်လုံးပဲ ထင်ရှားအောင် နည်းလမ်းပြောနေတာပါပဲ။

သတိပဋ္ဌာန်လေးပါးလုံး

ဒီဝါယောဓာတ် တစ်လုံးပိုင်လျှင် သတိပဋ္ဌာန်လေးပါးလုံး ရှုပွားပြီး သား ဖြစ်ပါတယ်။ ထွက်လေဝင်လေ ရှုမှတ်တဲ့ ဝါယောရုပ်ကမ္မဋ္ဌာန်းသည် ကာယာနုပဿနာ သတိပဋ္ဌာန်။

ဒီထွက်လေဝင်လေကို ရှုမှတ်နေတော့ ဝေဒနာခံစားချက်တွေ အမျိုးမျိုး ပေါ်လာတယ်။ အဲဒီ ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေ ရှုမှတ်တော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပါတယ်။

ဒီဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်တွေ ဖြစ်ပေါ်လာလို့ အဲဒီစိတ်တွေ ရှုမှတ်တော့ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်လာပါတယ်။

အဲဒီလို ရှုမှတ်ရင်းနဲ့ အဘိဇ္ဈာ= မတရားလိုချင်မှု၊ ဒေါမနဿ= စိတ်မသက်သာ နှလုံးနာမှုတွေ ပ,ထုတ်ပြီး လျစ်လျူရှုနေတဲ့အခါ ဓမ္မာနုပဿနာ။

ဝါယောရုပ်က ဒုက္ခသစ္စာ, ရူပက္ခန္ဓာ၊ ရှုမှတ်စိတ်က ဝိညာဏက္ခန္ဓာ, ဒုက္ခသစ္စာလို့ ရှုမြင်တော့ ဓမ္မာနုပဿနာ။

အဲဒီ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ စိတ်ကို ချည်နှောင်ထားနိုင်တာ သတိသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေကို ရှုမှတ်မှုက စ, ဖြစ်ပေါ်လာတဲ့ တရားတွေ ခွဲခြား ဝေဖန် ရှုမြင်ကြည့်ရှုနိုင်တော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေ မပြတ်မှတ်၊ ရှုရှိုက်ထုတ်မှုတ် သတိမပြတ် ကြိုးစား နေတော့ ဝီရိယသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေ ရှုမှတ်လို့ အသားကျပြီး ကျေနပ်နေတော့ ပီတိသမ္ဗောဇ္ဈင်။

ရှုမှတ်ရင်း ကိုယ်စိတ်နှစ်မျိုး ငြိမ်းချမ်းနေတော့ ပဿဒ္ဓိ သမ္ဗောဇ္ဈင်။

ငြိမ်းချမ်းတော့ စိတ်က တည်ကြည်လာတယ်။ သမာဓိ သမ္ဗောဇ္ဈင်။

စိတ်တည်ကြည်လာတော့ ဒီတရားတွေကို လျစ်လျူရှုနိုင်တာက ဥပေက္ခာသမ္ဗောဇ္ဈင်။

အဲဒီလို ဗောဇ္ဈင် (၇)ပါး ဖြစ်ပေါ်လာပြီဆိုလျှင် မဂ်ဉာဏ်လေးပါးဆိုတဲ့ ဝိဇ္ဇာဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးခေါ်တဲ့ ဝိမုတ္တိဉာဏ် ရရှိနိုင်ပြီး ဒုက္ခအားလုံးငြိမ်းတဲ့နိဗ္ဗာန် ရရှိနိုင်ပါတယ်။

နိဗ္ဗာန်ရဖို့ရန် မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးရှိမှ မဂ်ဖိုလ်ရဖို့ရန် ဗောဇ္ဈင် (၇)ပါး ရှိမှ ရနိုင်ပါတယ်။

ဗောဇ္ဈင် (၇)ပါးရဖို့က သတိပဋ္ဌာန်လေးပါး ရှိမှ ရနိုင်ပါတယ်။ သတိပဋ္ဌာန် လေးပါး ရဖို့ရာ အာနာပါနသတိ ထွက်လေဝင်လေ ရှုမှတ် လို့ရတဲ့ သမာဓိရရှိမှ ဖြစ်ပါတယ်။ ထွက်လေဝင်လေကို ရှုမှတ်လို့ရလာတဲ့ စိတ်တည်ကြည်မှု ရရှိကြရန် ဥပမာသုံးမျိုးနဲ့ စိတ်ကိုနိုင်နင်းအောင် ဆုံးမနိုင်ကြပါစေဟု နိဂုံးချုပ်အနေနဲ့ တိုက်တွန်းလိုပါတယ်။

**ဥပမာသုံးမျိုးနဲ့စိတ်ကိုဆုံးမ**

ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ ။

နေတ္တိကာ= သမ္မာအာဇီ သက်မွေးမှီလျက် ဝသီမူဟောင်း ရှေးသူတော် လမ်းကြောင်းဖြင့် မြောင်းကိုသွယ်စား လယ်သမားတို့သည်၊ ဥဒကံဟိ= အသက်မရှိတဲ့ ရေကိုပင်လျှင်၊ နယန္တိ= လိုရာသွယ်သွင်း လယ်အတွင်းသို့ ပို့သွင်းနိုင်ကြလေကုန်၏။

ဥသုကာရာ= ရဲစိတ်ရဲမာန် ခက်ထန်မာန်ကြွား မြှားသမားတို့သည်၊ တေဇနံ= အသက်မရှိတဲ့ မြှားကိုပင်လျှင်၊ နမယန္တိ= မီးတွင်ထိုးမြိုက် အလိုက်သင့်ပါအောင် ဆွဲဆောင်ဖြောင့်စင်း၍ ပေးနိုင်ကြကုန်၏။

တစ္ဆကာ= သစ်ရွေးသမား လက်သမားတို့သည်၊ ဒါရုံ= အလိုအလျောက် တောတွင်ပေါက်သည့် သစ်ကောက်သစ်ရိုင်းကို၊ နမယန္တိ= အဖြောင့်အကောက် လိုသလောက်ပင် ကိုယ်နောက်ပါအောင် ဆွဲဆောင် နိုင်ကြကုန်၏။

ပဏ္ဍိတာ= ပညာဉာဏ်ရှိ စံကဝိဟု ပဏ္ဍိတတွင်ခေါ် ပုဂ္ဂိုလ်ကျော်တို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ အတ္တာနံ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တိ= လယ်သမားကို စံထား, မြှားသမားကို ပုံယူ, သစ်ရွေးသူကို အားကျ ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုလ္လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေးအောင်ထုံးပြ၍ ဆုံးမသွန်သင် အလှဆုံးပြင်ဆင်နိုင်ကြပါကုန်၏။

တထာ= ထို့အတူ၊ တုမှေ= သင်တရားနာ သူတော်စင် အပေါင်းတို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ ဝါ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တု= လယ်သမားကို စံထား, မြားသမားကို ပုံယူ, သစ်ခွေးသူကို အားကျ ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုလ္လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေးအောင်ထုံးပြ၍ ဆုံးမသွင်သင် အလှဆုံးပြင်ဆင်နိုင်ကြပါစေ ကုန်သတည်း။

သာဓု - သာဓု - သာဓု

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်
## ကလေးဝတောရဆရာတော်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
## မြန်မာ့အသံမှ
## အသံလွှင့်ဟောကြားတော်မူသော
# ဗုဒ္ဓဘာသာ (၄)မျိုး တရားတော်

ဗုဒ္ဓဘာသာ (၄)မျိုးတရားတော်

ယနေ့ သာသနာတော်နှစ် ၂၅၅၀ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ တော်သလင်းလပြည့်ကျော် (၁၅)ရက်နေ့ (၂၁-၉-၂၀၀၆)။

ယနေ့ ပုထုဇ္ဇနဘူမိ၊ ပုထုဇ္ဇနဂတိ၊ ပုထုဇဉ်တို့၏နယ်မြေ၊ ပုထုဇဉ်တို့ဖြစ်တတ်တဲ့ သဘော၊ ပုထုဇဉ်တို့ရဲ့ ဓမ္မတာနိယာမ၊ ပုထုဇဉ်တို့ ရောက်အပ်တဲ့ဌာနတွေ ဦးစွာပြောလိုပါတယ်။ ပုထုဇ္ဇနဘူမိ၊ ပုထုဇ္ဇနဂတိ၊ ပုထုဇဉ်တို့ရဲ့နယ်မြေ၊ ပုထုဇဉ်တို့ဖြစ်တတ်တဲ့သဘော၊ ပုထုဇဉ်တို့ရောက်အပ်တဲ့ ဌာနတွေက ဘာတွေလဲလို့ဆိုတော့ အတ္တဒိဋ္ဌိ ခိုင်မြဲစွာယူလျှက်ရှိကြတဲ့အတွက် ကိလေသာတို့၏ ထက်သန်ခြင်း၊ ဒုစရိုက်ကံများ များပြားခြင်း၊ အပါယ်တံခါး ဟင်းလင်းပွင့်နေခြင်း၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါး တံခါးဟင်းလင်း ပွင့်နေခြင်း၊ ဒီချက်တွေဟာ ပုထုဇဉ်တို့ရဲ့ဘူမိ၊ ပုထုဇဉ်တို့ရဲ့နယ်မြေ၊ ပုထုဇဉ်တို့ရဲ့ဓမ္မတာနိယာမ ရောက်အပ်တဲ့နေရာတွေပါပဲ။ အတ္တဒိဋ္ဌိ

ခေါ်တဲ့ သက္ကာယဒိဋ္ဌိခိုင်မြဲစွာ ယူထားတဲ့အတွက် ကိလေသာ ထက်သန်တယ်၊ လောဘထက်သန်တယ်၊ ဒေါသစသည် ထက်သန်တယ်။

သက္ကာယဒိဋ္ဌိရှိနေတဲ့အတွက် အမိသတ်တဲ့ကံကြီး၊ အဖ သတ်တဲ့ကံကြီး၊ ရဟန္တာသတ်တဲ့ကံကြီး၊ သံဃာသင်းခွဲတဲ့ကံကြီး၊ မြတ်စွာဘုရား သွေးစိမ်းတည်အောင်ပြုတဲ့ကြီး၊ အဲဒီ အနန္တရိယကံ ကြီးတွေက ဘယ်လိုမှကုစားလို့မရနိုင်တဲ့ ကံကြီးတွေ၊ အဲဒီကံကြီး တွေက အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အယူပြင်းထန်တဲ့အတွက်ကြောင့်ပါပဲ။ လောဘ၊ ဒေါသ အစရှိတဲ့ ကိလေသာကြီးတွေ ပြင်းပြင်းထန်ထန် ဖြစ်တာ သက္ကာယဒိဋ္ဌိ မြဲမြဲယူထားလို့ပါပဲ။

ဒုစရိုက်ကံများ များပြားခြင်းဆိုတဲ့နေရာမှာ ပုထုဇဉ်များမှာ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝမှာလဲ ကာယဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါး၊ မနောဒုစရိုက် (၃)ပါး၊ ကိုယ်တိုင်ပြုတဲ့ဒုစရိုက် (၁၀)ပါး၊ သူတစ်ပါး ဒုစရိုက်ပြုဖို့တိုက်တွန်းတာက (၁၀)ပါး၊ သူတစ်ပါးဒုစရိုက် ပြုနေတာကို ချီးမွမ်းတာက (၁၀)ပါး၊ သူတစ်ပါး ဒုစရိုက်ပြုနေတာကို သဘောတူကြည်ဖြူတာက (၁၀)ပါး၊ ပေါင်းတော့ ဒုစရိုက် (၄၀)ပါး။ အဲဒီ (၄၀)နဲ့ ညစ်နွမ်းပြီးတော့နေတာ ပုထုဇဉ်တို့ရဲ့သဘာဝပဲ။ ကမ္ဘာ့လူထုကြီးအားလုံးဟာ ဒီဒုစရိုက်တွေနဲ့ ညစ်နွမ်းနေကြတာ များပါတယ်။

* သက်သတ်ခိုးမှု ကာမေသု သုံးခုကာယကံ။
* မုသားဆိုပြော ဂုံးချောရန်တိုက် အမိုက်အမဲ ဆဲရေး ခြောက်ခြိမ်း အပြိန်းစကား နေ့စဉ်ပွား လေးပါးဝစီကံ။

* သူ့ဥစ္စာကို ပိုင်ဆိုင်လိုမှု သူ့သက်ဇီဝ သေစေချင်ဟူ
အယူမှောက်မှား ဤသုံးပါး မှတ်သားမနောကံ။

**ဒုစရိုက်(၁၀)မျိုးက (၄၀)ပွားပုံကို ဆက်ဟောပါမယ်**

"ကိုယ်တိုင်တိုက်တွန်း ချီးမွမ်းစိတ်တူ ပွားပြန်မူ မှတ်ယူလေးဆယ်ကံ"

အဲဒီဒုစရိုက်ဆိုးကြီး(၄၀)ဟာ ပုထုဇဉ်တို့သန္တာန်မှာ အတုံးအခဲကြီးတွေဖြစ်ပြီး တည်ရှိပြီးနေတတ်ပါတယ်။ အဲဒီ ဒုစရိုက်တရားဆိုးတရားပျက်ကြီးတွေ ပုထုဇဉ်တို့သန္တာန်မှာ ဒုနဲ့ဒေး၊ တစ်ဘဝကြီးတစ်ဘဝ ပိုပြီးတော့ များများလာတတ်ပါတယ်။ အပါယ်လေးပါးတံခါးဟင်းလင်းပွင့်နေတာနဲ့ ပတ်သက်လို့ "စတ္တာရော အပါယာ သကဂေဟသဒိသာ" ပုထုဇဉ်များအတွက် အပါယ်လေးဘုံဟာ ကိုယ်ပိုင်အိမ်နဲ့တူတယ်။ လူ့ဘဝ, နတ်ဘဝ ကတော့ တဒင်္ဂရပြီးတော့ အိမ်ငှားနေလာကြသလိုပါပဲ။

**ပျော်မွေ့ဖွယ်နေရာ နည်းနည်းလေး**

မြတ်စွာဘုရားက ဥပမာတစ်ခုဟောတာက လောကကြီးမှာ ပျော်မွေ့စရာနယ်မြေဆိုတာ နည်းနည်းပါးပါးလေးပဲရှိတယ်။ အခု အပန်းဖြေစခန်းတွေ အပင်ပန်းခံပြီးတော့ သွားကြတယ်ဆိုတာ ပျော်မွေ့စရာနေရာ နည်းနည်းလေးရှိလို့ပါပဲ။ သတ္တဝါတွေဟာ လူ့ဘဝရောက်ပြီး ဘဝပြောင်းတဲ့အခါ လူကလူပြန်ဖြစ်တာ နည်းနည်းလေးပဲတဲ့။ လူက နတ်ဖြစ်တာလဲ နည်းနည်းလေးပဲ။

ဘယ်မှာများသလဲဆိုတော့ အပါယ်ဘုံမှာများပါတယ်။ အပါယ်လေးဘုံမှာလဲ တိရစ္ဆာန်က တိရစ္ဆာန် ပြန်ဖြစ်တာ ပိုပြီးတော့ များပါတယ်။ တိရစ္ဆာန်က လူ, နတ်ဖြစ်တာ နည်းနည်းလေးပါ။ ငရဲသူ ငရဲသားတွေဆိုလဲ ဒီအတိုင်းပဲ။ တစ်သိန်းမှဘစ်ယောက် ဦးခေါင်းမော် နိုင်တာပါ။

ဥပမာ- လောကန္တရိတ်ငရဲဆိုတာ ရှိတယ်။ စကြာဝဠာကြီး (၃)ခုရဲ့ အဆုံနေရာပါ။ သပိတ်(၃)လုံး ဆိုင်ထားတဲ့အခါ (၃)ခု ဆုံရာမှာ အကြားအပေါက်လေးလိုပဲ။ စကြာဝဠာကြီး (၃)ခုအဆုံမှာ လောကန္တရိတ်ငရဲ၊ အဲဒီမှာ လောကန္တရိတ်ငရဲသားတွေ နေကြတယ်။

မြတ်စွာဘုရားပွင့်တဲ့အခါ စသည်တို့မှာ အရောင်အလင်းတွေ ဖြစ်ပေါ်တယ်။ အဲဒီ အလင်းရောင်တွေ လောကန္တရိတ်ငရဲ ဖြတ်သန်း သွားတဲ့အခါ ငရဲသားအချင်းချင်း မြင်ကြတော့ အစာမှတ်ပြီးတော့ လိုက်ဟပ်ကြတယ်။ အဲဒီအချိန်လေးမှာတွင် လောဘ၊ ဒေါသတွေပဲ ဖြစ်ကြတယ်။ ဒါကြောင့် ငရဲက ငရဲဖြစ်တာ များပါတယ်။ ငရဲက လူ၊ နတ်ဖြစ်တာ နည်းပါတယ်။

ဒါကြောင့်မို့ ပုထုဇဉ်များဟာ အပါယ်လေးပါး တံခါးဟင်းလင်း ပွင့်နေတယ်။ အဲဒီတော့ ပုထုဇဉ်တို့ရဲ့ဂတိ၊ ပုဟုဇဉ်တို့ရဲ့ဘူမိ၊ ပုထုဇဉ်တို့ရဲ့လားရောက်ရာ၊ တစ်နည်းအားဖြင့် ပုထုဇဉ်တို့ရဲ့နိယာမ သဘောတရားကို လွန်မြောက်နိုင်အောင် သိက္ခာသုံးပါးကျင့်စဉ်၊ မဂ္ဂင်ကျင့်စဉ်နဲ့ တရားအားထုတ်ကြရတယ်။ အရိယာစခန်း တက်လှမ်းနိုင်အောင် တရားအားထုတ်ကြရပါတယ်။

**ဗုဒ္ဓဘာသာ**

ဗုဒ္ဓဘာသာဖြစ်ရုံနဲ့ စောစောကပြောတဲ့ ပုထုဇ္ဇနဘူမိ= ပုထုဇဉ်တို့ရဲ့နယ်မြေ၊ ပုထုဇ္ဇနဂတိ= ပုထုဇဉ်တို့ရဲ့ ရောက်ရာကို ကျော်လွန်သွားနိုင်သလား။

(ဗုဒ္ဓဘာသာဖြစ်ရုံနဲ့ ဟင်းလင်းပွင့်နေတဲ့ အပါယ်တံခါး ပိတ်နိုင်သလား။) ဗုဒ္ဓဘာသာဖြစ်ရုံနဲ့ တရားဆိုး တရားပျက်များဖြစ်တဲ့ (၄၀)သောဒုစရိုက်တွေကိုသန့်စင်ပြီး ဒုစရိုက်တွေမှ လွတ်ကင်းနိုင်သလား၊ မေးစရာ ရှိလာပါတယ်။

အဲဒီတော့ ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ် အကျယ်ပွားလိုက်တော့ ဒုစရိုက်(၄၀)။ အဲဒီ (၄၀)ကို ပြန်ချုံးလိုက်တော့ ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ်၊ ဒါတွေစင်ကြယ်ပါမှ အပါယ်တံခါး ပိတ်နိုင်ပါတယ်။

**ဗုဒ္ဓဘာသာ(၄)မျိုး**

ကိုယ်နှုတ်စင်ကြယ်ရုံမက စိတ်စင်ကြယ်ဖို့ လိုပါတယ်။ စိတ်စင်ကြယ်အောင် တရားအားထုတ်ကြရတာ ပါပဲ။ "ဗုဒ္ဓဘာသာ"။ ဗုဒ္ဓ= သစ္စာလေးပါးကို သိတော်မူတဲ့ သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စ အပိုင်ရတော်မူတဲ့ ဗုဒ္ဓဘုရားရဲ့ ဘာသာစကားတော်။ ဗုဒ္ဓဘာသာ သစ္စာလေးပါးကို အပိုင်ရရှိတော်မူတဲ့ မြတ်စွာဘုရားရှင်ရဲ့ စကားတော်။ အဲဒီစကားတော်ကို လေးစားကြည်ညိုသူဟာ ဗုဒ္ဓဘာသာ ဖြစ်ပါတယ်။ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက ဗုဒ္ဓဘာသာကို လေးမျိုးလောက်ခွဲပြီး ပြထားပါတယ်။

ဘယ်အမျိုးအစားထဲ ပါတယ်ဆိုတာ မိမိတို့ကိုယ်တိုင် စဉ်းစားကြည့်ကြဖို့ပါပဲ။

(၁) အငယ်စားဗုဒ္ဓဘာသာ

(၂) အလတ်စားဗုဒ္ဓဘာသာ

(၃) အကြီးစားဗုဒ္ဓဘာသာ

(၄) ပရမတ္ထဗုဒ္ဓဘာသာလို့ ဗုဒ္ဓဘာသာ (၄)မျိုး။

အငယ်စားဗုဒ္ဓဘာသာဆိုတာ "ဒသဝတ္ထုက သမ္မာဒိဋ္ဌိ" အမြင်မှန်ရှိမှ။ အဲဒီအမြင်မှန်ကလဲ (၁၀)ပါးသော အကြောင်းအချက်တွေအပေါ် မှန်ကန်တဲ့အမြင်ရှိမှ ဒါမှအငယ်စားဗုဒ္ဓဘာသာ ဖြစ်ပါတယ်။ အငယ်စားဗုဒ္ဓဘာသာ ဘုန်းကြီးတို့တတွေ ဖြစ်ခဲ့ကြပြီ။ ကမ္ဘာ့လူထုကြီးနဲ့ ကြည့်မယ်ဆိုရင် သမ္မာဒိဋ္ဌိအမြင်မှန် (၁၀)မျိုးကို အခြေခံပြီးတော့ အမြင်မှန်ရသူပင် ရှားပါတယ်။

အကြောင်းအားလျော်စွာ ဆရာသမားများစီမရောက်မီက တရားအားမထုတ်မီက မိကျောင်းဖကျောင်းမှာ အမိအဖတို့ရဲ့ရင်ခွင်မှာ အမိအဖတို့ရဲ့အရိပ်မှာနေစဉ်က ငရဲကြီးလိမ့်မယ်။ ကုသိုလ်ရတယ်၊ ဘုန်းကြီးတို့ ကလေးဘဝက ဘုန်းကြီးမယ်တော်ကြီးက သီတင်းဝါလကျွတ်တဲ့အခါ ဆေး၊ ကွမ်း၊ လက်ဘက် စသည်ပြင်ပေးပြီး လူကြီးများအား ကန်တော့ခိုင်းတယ်။ အိပ်ခါနီးရင် "ဘုရား ဘုရား"လို့ တ,ပြီးမှ အိပ်ပါတဲ့။ မတ,ပဲအိပ်ရင် ကိုယ်စောင့်နတ်က "သစ်ပင်ချောက်ကြီး လဲသွားပြီ"လို့ ပြောလိမ့်မယ်တဲ့ အစရှိသဖြင့် ဆုံးမလို့ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်တွေကို လက်ခံကျင့်သုံးပြီး လာခဲ့ကြတာ။ "ဒသဝတ္ထု သမ္မာဒိဋ္ဌိ" အငယ်စား ဗုဒ္ဓဘာသာဆိုတာ (၁၀)ပါးသော အကြောင်းအချက်တွေကို အခြေခံပြီးတော့

အယူမှန်ရှိတဲ့ ဗုဒ္ဓဘာသာ။ အဲဒါ ဘာတွေလဲဆိုတော့ -

၁။ အတ္ထိ ဒိန္နံ = စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဟာ အကျိုးရှိတယ်။

၂။ အတ္ထိ ယိဋ္ဌံ = စားဦးစားဖျားလေး လှူဒါန်းတာ အကျိုးရှိတယ်။

၃။ အတ္ထိ ဟုတံ= ကြီးကျယ်တဲ့ပူဇော်မှုတွေပြုတာ အကျိုးရှိတယ်။

၄။ အတ္ထိသုကဋ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော = ကောင်းစွာပြုအပ်တဲ့တရား အကျိုးတရားရှိတယ်။ မကောင်းသဖြင့် ပြုအပ်သော ကံရဲ့အပြစ်အနာအဆာရှိတယ်လို့ ဉာဏ်အမျှော်အမြင်ရှိတယ်။

၅။ အတ္ထိအယံ လောကော = ဤလောကရှိတယ်။

၆။ အတ္ထိပရော လောကော= နောင်ဘဝ တမလွန်ဘဝ ရှိတယ်။ နောက်လောက ရှိတယ်။

၇။ အတ္ထိမာတာ = အမိလုပ်ကျွေးရင် အကျိုးရှိတယ်။ အမိအပေါ် ချွတ်ချော်စော်ကားရင် အပြစ်ရှိတယ်။

၈။ အတ္ထိပိတာ = အဖကိုပြုစုလုပ်ကျွေးရင် အကျိုးရှိတယ်။ ချွတ်ချော်တိမ်းပါး စော်ကားရင်အပြစ်ရှိတယ်။

၉။ အတ္ထိသတ္တာ ဩပပါတိကာ = ဒီဘဝကနေ လွန်မြောက်ပြီးတော့ ထိုထိုဘုံဘဝ အထူးအားဖြင့် ကိုယ်ထင်ရှားဖြစ် နတ်ဘုံ၊ ပြဟ္မာဘုံရောက်ကြတဲ့ သတ္တဝါတွေရှိတယ်လို့ ဒီလိုဉာဏ်အမျှော်အမြင် အယူအဆ အယူမှန်ရှိတာ။

၁၀။ အတ္ထိ လောကေ သမဏာ ဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေဣမဉ္စလောကံ ပရဉ္စလောကံ သယံအဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ = ကောင်းကောင်းမွန်မွန် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တော်မူကြတဲ့ ဘုရားမြတ်စွာ ပစ္စေကာနှင့်အရိယာ အပေါင်း သူတော်ကောင်းကြီးတွေက ဤလောက၊ နောင်လောကကို သိပြီးတော့ ဒို့တတွေအား အသိဉာဏ်တွေ ပေးနေတာရှိတယ်။

အဲဒီ (၁၀)မျိုးကို ယုံကြည်တာ။ အရှိ (၁၀)မျိုး လှူဒါန်းတာ အကျိုးရှိတယ်။ စားဦးစားဖျားလေး ပေးကမ်းတာ အကျိုးရှိတယ်။ အကြီးအကျယ်ပူဇော်တာ။ နိုင်ငံတော်နှင့်ပြည်သူများ ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ သိမ်၊ ဇရပ် ဆောက်လုပ်လှူဒါန်း တည်ထား ကိုးကွယ်ပူဇော်မှု စသည်ပြုတာ အကျိုးရှိတယ်လို့ ယုံကြည်တာ။ ဒီအရှိ(၁၀)မျိုး၊ အသိ(၁၀)မျိုး “ဒသကဝတ္ထုက သမ္မာဒိဋ္ဌိ” အကြောင်းအချက် (၁၀)မျိုးကို အခြေခံပြီးတော့ အမြင်မှန်ရှိသူကို အငယ်စားဗုဒ္ဓဘာသာဆိုတော့ ဘုန်းကြီးတို့တတွေ ဝမ်းသာစရာ။ ကမ္ဘာ့လူထုကြီး သန်းပေါင်း(၆၃၀၀၀)ကျော်လောက်ရှိတာထဲက ထူးထူးခြားခြား ဗုဒ္ဓဘာသာဖြစ်နေရတာ။

ကံ,ကံ၏အကျိုးကို ယုံကြည်တယ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံ အခြေခံပြီးတော့ (၃၁)ဘုံမှာ ကျင်လည် ကျက်စား ပြေးသွားနေရတာ လက်ခံတယ်။ အဲဒီလိုလက်ခံတဲ့ အငယ်စားဗုဒ္ဓ ဘာသာဖြစ်တဲ့ ပုဂ္ဂိုလ်သန်းပေါင်း (၅၀၀)ခန့်ပဲရှိတယ်။ အကျဉ်းချုပ်ပြီး ပြောမယ်ဆိုရင် ကမ္မဿကဉာဏ်ရှိနေတဲ့သူတွေပါပဲ။

ကမ္မဿကတဉာဏ် ကုသိုလ်ကံသည် ကောင်းကျိုးပေးတယ်၊ အကုသိုလ်ကံသည် မကောင်းကျိုးပေးတယ်လို့ ဒီလိုလက်ခံတဲ့ သိရှိတဲ့

ကမ္မဿကတဉာဏ် ရှိလာခဲ့ကြတယ်။ အငယ်စားဗုဒ္ဓဘာသာဖြစ်ကြောင်း ကောင်းမြတ်တဲ့ ကမ္မဿကတဉာဏ်ဟာလဲ အလွန်အရေးကြီးတယ်။ ကမ္မဿကတဉာဏ၀ေဋ္ဌတွာ သဗ္ဗညုဗောဓိသတ္တာ စသည်ဖြင့် မဟာပဒါနသုတ် အဋ္ဌကထာမှာ ပြထားတဲ့အတိုင်း ဒီကမ္မဿကတဉာဏ်အပေါ် ခြေစုံရပ်ပြီးတော့မှ ဘုရားလောင်းကြီးများလဲ ပါရမီဖြည့်ကြတယ်။ အဂ္ဂသာဝက၊ မဟာသာဝက အလောင်းအလျာကြီးများ ပါရမီဖြည့်ကြတယ်။

ဒီဉာဏ်က သူတော်ကောင်းဖြစ်ရေးမှာ အင်မတန်အရေးကြီးပါတယ်။ ကိုယ့်တံခါးကိုယ်ဖွင့် ကိုယ့်သော့ကိုယ်ကိုင် ဆိုတာပါပဲ။ နတ်ဘုံ နတ်နန်း နတ်စခန်း တက်ချင်ရင်လဲ ကိုယ့်လှေခါးကိုယ်ထောင်ပြီးတော့ တက်ကြရတယ်။ အပါယ်လေးပါး သွားချင်ရင်လဲ ကိုယ့်ဖာသာကိုယ် ခါးတောင်းကျိုက်ပြီး ဆင်းသွားရုံပဲဆိုတဲ့ အသိဉာဏ်ပါပဲ။

**စေလို့မရ**

တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်က၊ အမိအဖက၊ ဆွေမျိုးက၊ ဆရာသမားက၊ အပေါင်းအသင်းတွေက နတ်ပြည်ရောက်စေသတည်း၊ ငရဲကျစေသတည်းလို့ စေလို့မရဘူး။ အဲလို စေလို့မရတာကို မရဘူးလို့ယုံကြည်ကြတဲ့ ဒီကမ္မဿကတဉာဏ်ဟာ အရေးကြီးပါတယ်။ အဲဒီဉာဏ်မရှိရင် အလှူမပေးဖြစ်ဘူး။ မိဘများရိုသေမှု အားနည်းငယ်။ ဘုရား, တရား, သံဃာအပေါ် ရိုသေမှုအားနည်းတယ်။ အဲဒီတော့ အငယ်စားဗုဒ္ဓဘာသာကတော့ ဖြစ်လာကြပြီ။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်ကို သိပြီးနားလည်လက်ခံပြီး အကုသိုလ်ဟာ ကြောက်စရာလို့ ရှောင်ကြဉ်ကြမယ်။

မြတ်စွာဘုရားက ကုသိုလ်ကံကိုလုပ်သင့်တဲ့လုပ်ငန်းပဲ ကုသိုလ် လောက် အားကိုးရတဲ့မိတ်ဆွေ မရှိဘူးလို့ ညွှန်ပြပါတယ်။

ကံသာအမိ၊ ကံသာအဖ ဆိုတဲ့နေရာမှာ ကုသိုလ်ကံသည် မိဘသဖွယ် အားကိုးထိုက်တယ်။ အကုသိုလ်ကံကတော့ ရန်သူကြီး စစ်စစ်ပဲ။ ကမ္မတသကတာဉာဏ်ကို လက်ခံပြီး ကျင့်သုံးမယ်ဆိုရင် ထိုက်တန်သလောက် အပါယ်တံခါးကို ကျဉ်းမြောင်းစေတယ်။ အလောင်းတော်ကြီးများလဲ တစ်ခါတစ်ရံ တိရစ္ဆာန်ဘဝမှာတောင် ဒီဉာဏ်ကိုလက်သုံးတော်ထားတော်မူကြရတယ်။

**အလတ်စားဗုဒ္ဓဘာသာ**

အလတ်စားဗုဒ္ဓဘာသာကတော့ ပဋိစ္စသမုပ္ပါဒ်တရားကို တတ်သိတဲ့ပုဂ္ဂိုလ်ပါ။ ဘုရားဖြစ်ပြီးခါစ အဝိဇ္ဇာ ပစ္စယာသင်္ခါရာ စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်တရားတော်များကို စတင်ပြီး ဉာဏ်ထူး ဉာဏ်မြတ်ဖြင့် ဆင်ခြင်သုံးသပ်တော်မူတယ်။ ကျေးဇူးတော်ရှင် ကမ္ဘာကျော်လယ်တီဆရာတော်ဘုရားကြီးကတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်ပြီး ဒကာ ဒကာမတွေ သိရှိနားလည်အောင် ပဋိစ္စသမုပ္ပါဒ် လင်္ကာကြီးတွေရေးပြီး ထားခဲ့တယ်။ ပဋိစ္စသမုပ္ပါဒ်အဖြေတွေလဲ ရေးထားခဲ့တယ်။ ပဋိစ္စသမုပ္ပါဒ် တတ်သိနားလည်လို့ရှိရင် အလတ်စား ဗုဒ္ဓဘာသာဖြစ်ပြီ။ ပဋိစ္စသမုပ္ပါဒ် သဘောတွေသိအောင် ကြိုးစားပါ။ အကြောင်းမဲ့ ဇာတိစသည် သူ့အလိုလိုဖြစ်နေတာ မဟုတ်ပါဘူး။

အဲဒီဇာတိကလဲ ကိုယ်တိုင်ပြုတာလား၊ သူတစ်ပါး ပြုတာလား၊ မိမိ, သူတစ်ပါးနှစ်ဦးသားတို့ ပြုတာလား၊ သူ့အလိုလို ဖြစ်တာလားလို့ မေးတော့ ငါ့ရှင်ပြောတာတွေ တစ်ခုမှမဟုတ်ဘူး။

ဘဝက အခြေခံတော့မှ ဇာတိဖြစ်တာပါပဲလို့ ဒီလိုဖြေတော်မူတယ်။ ဘဝဆိုတာကော ကိုယ်တိုင်ပြုသလား၊ သူတစ်ပါးပြုသလား၊ မိမိ, သူတစ်ပါး နှစ်ဦးသားတို့ ပြုသလား၊ အလိုလိုအကြောင်းမဲ့ ဖြစ်သလား လို့ အရှင်ကောဏ္ဍကမေးတော့ အရှင်သာရိပုတ္တရာက အမေးကိုပယ်ပြီး ဘဝဖြစ်ခြင်းရဲ့အကြောင်းကို ဥပါဒါန်လို့ဖြေကြားပါတယ်။ ဥပါဒါန် ကြောင့် ဘဝဖြစ်တာပါပဲ။

ဥပါဒါန်ကလဲ ကိုယ်တိုင်ပြုသလား၊ သူတစ်ပါးပြုသလား၊ မိမိ, သူတစ်ပါးနှစ်ဦးသားတို့ ပြုသလား၊ အလိုလိုဖြစ်တာလားလို့ မေးပါတယ်။ အဲဒီအကြောင်းအရာတွေ တစ်ခုမှမဟုတ်ဘူး။ တဏှာကို အခြေခံပြီးတော့ ဥပါဒါန်ဖြစ်တယ်လို့ ဖြေပါတယ်။ ပဋိစ္စသမုပ္ပါဒ် (၁၂)မျိုးကို အဲဒီလိုစုံလင်အောင် အရှင်ကောဏ္ဍက မထေရ်မြတ်ကြီးက မေးပြီး အရှင်သာရိပုတြာ မထေရ်မြတ်ကြီးက ဖြေတော်မူပါတယ်။ တစ်ခုချင်း တစ်ခုချင်းလေး ရှင်းအောင် ပြန်ပြီးဖြေကြားပါတယ်။ ပဋိဝေဓဉာဏ်နဲ့ သိတော်မူတာပါ။ အဲဒီ အဝိဇ္ဇာကစပြီးတော့ ဇရာ, မရဏ အဆုံး၊ ဇရာ, မရဏကစပြီး အပြန်အားဖြင့် အဝိဇ္ဇာတိုင်အောင် ပဋိစ္စသမုပ္ပါဒ် အချက်အလက်အင်္ဂါ (၁၂)မျိုးကို နာယူမှတ်သား တတ်သိနားလည်တဲ့ပုဂ္ဂိုလ်ကို ဗုဒ္ဓဘာသာအလတ်စားလို့ ခေါ်ရပါ တယ်။

"အင်္ဂါဆယ့်နှစ် သုံးဆစ်ကာလ၊ သုံးဝအစပ် လေးရပ်အလွှာ၊ ဝဋ်သုံးဖြာ မှတ်ပါမူလဒွေး" ဆိုတဲ့ ပရမတ္ထ သံခိပ်လင်္ကာအတိုင်း သိအောင်ကြိုးစားဖို့ လိုပါတယ်။

**ဗုဒ္ဓဘာသာအကြီးစား**

ဗုဒ္ဓဘာသာအကြီးစားဆိုတာ (၇)ပါးသော ဌာနတို့မှာ ကျွမ်းကျင်လိမ္မာသူကို ဗုဒ္ဓဘာသာအကြီးစားလို့ ခေါ်ပါတယ်။ (၇)ပါးသောဌာနတို့မှာ ကျွမ်းကျင်လိမ္မာတဲ့ အမျိုးသား၊ အမျိုးသမီးကို ဗုဒ္ဓဘာသာအကြီးစားလို့ ခေါ်ပါတယ်။

ခန္ဓာ (၅)ပါးထဲမှာ ရုပ်နဲ့ပတ်သက်ပြီး (၇)ဌာန၊ ဝေဒနာနဲ့ ပတ်သက်ပြီး (၇)ဌာန၊ သညာနဲ့ပတ်သက်ပြီး (၇)၊ သင်္ခါရနဲ့ပတ်သက်ပြီး (၇)ဌာန၊ ဝိညာဏ်နဲ့ပတ်သက်ပြီး (၇)ဌာန၊ ပေါင်း (၃၅)ဌာနတို့မှာ ကျွမ်းကျင်လိမ္မာတဲ့ အမျိုးကောင်းသား အမျိုးသမီးကောင်းကို ဗုဒ္ဓဘာသာအကြီးစားလို့ ခေါ်ပါတယ်။ တစ်ခုလောက်ပုံစံထုတ်ပြီး ပြရမယ်ဆိုရင် -

ရူပံ ပဇာနာတိ = ရုပ်ကိုသိတယ်။

ရူပသမုဒယံ ပဇာနာတိ = ရုပ်ရဲ့အကြောင်းကို သိတယ်။

ရူပနိရောဓံ ပဇာနာတိ = ရုပ်ရဲ့ချုပ်ငြိမ်းပုံကို သိတယ်။

ရူပနိရောဓဂါမိနိပဋိပဒံ ပဇာနာတိ = ရုပ်ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း၊ အကျင့်မဂ္ဂင်ရှစ်ဖြာ ချိန်ခွင်ညှာအကျင့်ကို သိတယ်။

ရူပဿ အဿာဒံ ပဇာနာတိ = ရုပ်ရဲ့သာယာဖွယ်ကို သိတယ်။

ရူပဿ အာဒီနဝံ ပဇာနာတိ = ရုပ်ရဲ့အပြစ်အနာအဆာကို သိတယ်။

ရူပဿနိဿရဏံ ပဇာနာတိ = ရုပ်ကနေ ထွက်မြောက်ခွင့်ကို သိတယ်။

ရုပ်နဲ့ပတ်သက်လို့ သိဖွယ်ရာ(၇)မျိုး၊ ဝေဒနာနဲ့ပတ်သက်လို့ (၇)မျိုး၊ သညာနဲ့ပတ်သက်လို့ သိဖွယ်ရာ(၇)မျိုး၊ သင်္ခါရနဲ့ပတ်သက်လို့ သိဖွယ်ရာ(၇)မျိုး၊ ဝိညာဏ်နဲ့ပတ်သက်လို့ သိဖွယ်ရာ (၇)မျိုး၊ အဲဒီ (၇)မျိုးစီကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ကို ဗုဒ္ဓဘာသာအကြီးစားလို့ ခေါ်ဆိုနိုင်ပါတယ်။ အမြတ်ခေါင်ဖျား ယောက်ျားအာဇာနည်၊ အမျိုးသမီးအာဇာနည်လို့ ခေါ်ဆိုနိုင်ပါတယ်။ “ရုပ်နဲ့ပတ်သက်ပြီး (၇)ဌာနသိတဲ့နေရာမှာ ပါးစပ်ကပြောတတ် ဟောတတ်တဲ့ အနေအထားကို အဟုတ်သိလို့ မဆိုရပါဘူး။ အမှတ် သိသာ ဆိုရပါတယ်။ ကိုယ်တွင်းမှာ ဉာဏ်တွင်းမှာ အလင်းပေါက် အောင်သိတဲ့ အသိကိုသာ အဟုတ်သိလို့ ဆိုရပါတယ်”။

ခန္ဓာကိုယ်တွင်းမှာ ရုပ်ရဲ့ဖြစ်ပုံ၊ ရုပ်ရဲ့ဖြစ်ကြောင်း၊ ရုပ်ရဲ့ချုပ်ပုံ၊ ရုပ်ရဲ့ချုပ်ရာသို့ရောက်ကြောင်းဖြစ်တဲ့ အကျင့်၊ ရုပ်ရဲ့သာယာဖွယ်၊ ရုပ်အပြစ်အနာအဆာ၊ ရုပ်မှကျွတ်လွတ်ခွင့်တွေဟာ ကိုယ်တိုင် အားထုတ်တဲ့အခါမှ သဘာဝအခြေအနေမှန်ကို သိပါလိမ့်မယ်။ ဒါကြောင့် တရားအားမထုတ်ပဲနဲ့ ဗုဒ္ဓဘာသာအကြီးစားဖြစ်ဖို့ မလွယ်ပါဘူး။ အခု တရားအားထုတ်နေကြတာဟာ ရုပ်နှင့်နာမ်ကို သိဖို့အားထုတ်နေကြတာပါပဲ။ ဝေဒနာနဲ့ ပတ်သက်ပြီးသိဖွယ် (၇)မျိုး၊ သညာနဲ့ပတ်သက်ပြီး (၇)မျိုး၊ သင်္ခါရနဲ့ပတ်သက်ပြီးတော့ သိဖွယ်(၇)မျိုး၊ ဝိညာဏ်နဲ့ ပတ်သက်ပြီး သိဖွယ်(၇)မျိုး သိအောင်အားထုတ်နေ ကြတာပါပဲ။ အားထုတ်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**ပရမတ္ထဗုဒ္ဓဘာသာ**

ပရမတ္ထဗုဒ္ဓဘာသာ သစ္စာသိမြင်တဲ့ သောတာပန်ပုဂ္ဂိုလ်ကို ပရမတ္ထဗုဒ္ဓဘာသာ၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ မြတ်ဗုဒ္ဓတို့ကို ပရမတ္ထဗုဒ္ဓဘာသာဖြစ်ပြီးကြပြီဆိုတာ ပြောစရာမလိုတော့ဘူး။ သစ္စာသိဖို့ ဆိုတာ အမှန်တရားကို သိဖို့ပါပဲ။ ဘာတွေသိရမှာလဲဆိုတော့ ပရမတ္ထတရားတွေ သိရမှာပါပဲ။ ပရမတ္ထတရားတွေကို ခြုံငုံကြည့်လိုက်တဲ့အခါ ရုပ်နဲ့နာမ်ပါပဲ။ အဲဒီရုပ်နဲ့နာမ်အမှန်တရားကို သိတဲ့ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကို ပရမတ္ထ ဗုဒ္ဓဘာသာလို့ ခေါ်ပါတယ်။

ရှေးက စာချိုးလေးတစ်ခု ရှိပါတယ်။ စာချိုးက "ဗုဒ္ဓဘာသာ ဆိုတာ ဘယ်လိုဟာ၊ ဘာလဲလို့ ဘာသာခြားတွေက မေးကြလိမ့်ဖုံဖုံ၊ သစ္စာလေးပါးနှင့် သဗ္ဗညုတဉာဏ်တော်အာရုံ ဘုရားဂုဏ်လဲယုံ၊ တရားဂုဏ်လဲယုံ၊ သံဃာဂုဏ်လဲယုံ၊ သုံးပါးသရဏဂုံ ငါးပါးသီလလုံ အပါယ်တံခါးပိတ်လို့ကုန် အဲဒါမှ ဗုဒ္ဓဘာသာအစစ် ဖြစ်တယ်လို့ယုံ"။

ဗုဒ္ဓဘာသာဆိုတာ ဘယ်လိုဟာလဲလို့ ဘာသာခြားတွေက မေးကြလိမ့်မည်။ ဗုဒ္ဓဘာသာဆိုတာ ဘယ်လိုဟာလဲလို့ မေးရင် အငယ်စားဗုဒ္ဓဘာသာ၊ အလတ်စားဗုဒ္ဓဘာသာ၊ အကြီးစားဗုဒ္ဓဘာသာ ပရမတ္ထဘာသာလို့ ခွဲခြားပြီးပြောခဲ့ပါပြီ။ တကယ့်ဗုဒ္ဓဘာသာ အစစ် ဆိုတာကတော့ သဗ္ဗညုတဉာဏ်တော်ရဲ့ အာရုံဖြစ်တဲ့ သစ္စာလေးပါး သိမြင်တဲ့သူ ဘုရား၊ တရား၊ သံဃာရဲ့ဂုဏ်ကို ဘယ်တော့မှမပျက်ပျယ်ပဲနဲ့ သက်ဝင် ယုံကြည်သူ၊ ငါးပါးသီလကိုလဲပဲ ဘယ်သောအခါမှ မကျိုးမပေါက် မပြောက်မကြားအောင် စောင့်ရှောက်သူ၊ အဲဒီပုဂ္ဂိုလ်မျိုးမှ အပါယ်တံခါးပိတ်နိုင်မှာ။ အဲဒါမှ ဗုဒ္ဓဘာသာအစစ် ပရမတ္ထဗုဒ္ဓဘာသာ ဖြစ်တယ်လို့ ပြောလိုပါတယ်။

ဒါကြောင့် သူတော်စင်အပေါင်းတို့ တရားအားထုတ်ကြတယ် ဆိုတာ အငယ်စားဗုဒ္ဓဘာသာမှ အလတ်စားဗုဒ္ဓဘာသာ၊ အကြီးစား ဗုဒ္ဓဘာသာ ပရမတ္ထဗုဒ္ဓဘာသာတွေဖြစ်အောင် အားထုတ်ကြရတာ ပါပဲ။ ကောင်းမြတ်တဲ့ မဂ္ဂင်ရှစ်ဖြာ တရားလမ်းစဉ်ဖြင့် သစ္စာတရား အမှန်တရားတွေကို သိ, ပယ်, ဆိုက်, ပွား လေးပါးကိစ္စအပိုင် ရစေနိုင်တဲ့ ဉာဏ်ထူးဉာဏ်မြတ်များ လက်ဝယ်ရောက်အောင် ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေသောဟု ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**တတိယအကြိမ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနစရိယ သင်တန်း ဖွင့်ပွဲ အခမ်းအနားတွင် လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနန်းနွယ်၏လျှောက်ထားလွှာ။**

သုပ္ပဋိပန္နစသည် ကျေးဇူးဂုဏ်တော်အထူးတို့နှင့် ပြည့်စုံတော်မူသော ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

ဘုရားတပည့်တော် "ဒကာနန်းနွယ်"ရိုသေလေးစား ဂရုဂါရဝ ထား၍ လျှောက်ထားပါသည်ဘုရား။

မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း(၁၀၀)ကျော် ရေးသားပြီး ဤကမ္ဘာကြီးအား ဝိဇ္ဇာဓါတ် အလင်းရောင် ဖြန့်ဝေတော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ပိဋကတ္တယ ပါရဂူ(ဒီလစ်) ဘွဲ့ တံဆိပ်တော်များ အင်္ဂလိပ်အစိုးရ၏ ဆက်ကပ်မှုကို ခံယူတော်မူသော အနန္တ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးသည် ၁၂၅၇-ခုနှစ်က တပည့်များနှင့်အတူ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ကြွပြီး သံဝေဇနိယ(၄)ဌာနကို ဖူးမြော်ပြီးအပြန် သတိသံဝေဂရရှိတော်မူလျှက် မုံရွာမြို့ လယ်တီတိုက်သို့ ပြန်မကြွတော့ဘဲ ရန်ကုန်မြို့၏တဖက်ကမ်း တွံတေး တောတန်းကြီး "ဆပငံ"တောသို့ ထွက်ကြွတော်မူခဲ့ပါသည်ဘုရား။

ကော့မှူးမြို့ ကသစ်ကုန်းရွာအနီး "ဆပငံ"တောမှာ ၁၂၅၈ခုနှစ် တန်ခူးလအခါမှာ ဩဒါတကသိုဏ်းကို ရှုပွားခဲ့ပါသည်ဘုရား။

၁၂၅၈ခုနှစ် ဝါဆိုလမှ သီတင်းကျွတ်လအထိ အာနာပါန ကမ္မဋ္ဌာန်းကို ရှုပွား ဝိပဿနာဘာဝနာသို့ ကူးပြောင်းအားထုတ်ပြီး အောက်ပါ အတိုင်း ဥဒါန်းကျူးရင့် မှတ်တမ်းတင်ခဲ့ပါသည်ဘုရား။

“သာသနာနောက်ဖျား
ပေါက်ဖွားကြသူအဆူဆူ
ယောကျ်ားပငါလိုသူ ဇမ္ဗူမှာရှာစမ်း
ဇွဲလုံ့လအလံထူတယ်
စံနမူထိုးတော့ ဥဒါန်း”ဟူ ကျူးရင့်မှတ်တမ်းတင်ခဲ့ပါသည်ဘုရား။

ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား၊ ဆရာတော်ဘုရားကြီးသည် “ဆပဂံတောရ”မှ တောအထပ်ထပ်၊ တောင်အသွယ်သွယ်တို့ ကြွရောက်ပြီး သမထဘာဝနာ ဝိပဿနာဘာဝနာ တရားများကို အားထုတ်ရေးသားဟောကြား ပြသခဲ့ပြီး---

၁၂၆၅-ခုနှစ်မှာ ရတနာပုံနေပြည်တော်---ကင်းဝန်မင်းကြီး၏ အိမ်ရှေ့ဝယ် ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်အပ်သော မဟာမဏ္ဍပ်ကြီးဝယ် ကြွလာသော ရဟန်းရှင်လူ ပရိသတ်အားလုံးတို့အား အာနပါနအခြေခံပြီး ဓါတ်သဘာဝပေါက်အောင် အတ္တဒိဋ္ဌိပြုတ်အောင် ဟောကြားဘိသကဲ့သို့ ---

ရန်ကုန်မြို့၏တောင်ဘက် ဒလမြို့၏တောင်ဘက် ပျော်ဘွယ်ကြီးကျေးရွာက ဦးဘိုးသက်ကိုလည်း အာနာပါနအခြေခံပြီး ဓာတ်သဘာဝပေါက်အောင် အတ္တဒိဋ္ဌိပြုတ်အောင် ဟောကြားပြသခဲ့ပါသည်ဘုရား။

ယခုအခါ မြန်မာနိုင်ငံ လယ်တီဝိပဿနာ ပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် ဩဝါဒစရိယ ဆရာတော်ကြီးများ၏ ဩဝါဒအရ၊

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁) နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကြီးများ၏ ဗဟိုအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဩဝါဒစရိယ၊ လယ်တီဝိပဿနာ ကမ္မဋ္ဌာနစရိယအဖွဲ့ဥက္ကဋ္ဌ၊ ဒွိပိဋကဓရ၊ ဒွိပိဋက ကောဝိဒ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ၏ ကြီးကြပ်မှုဖြင့်

ဘုရားတပည့်တော်တို့ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်က "လယ်တီဝိပဿနာ ကမ္မဋ္ဌာနစရိယသင်တန်း" ကို---

၁၃၆၅- ခုနှစ်က တစ်ကြိမ် သင်တန်းသား (၈၆)ပါး

၁၃၆၇- ခုနှစ်က တစ်ကြိမ် သင်တန်းသား (၁၂၈)ပါး

၁၃၆၉- ခုနှစ်က တစ်ကြိမ် သင်တန်းသား (၂၄၅)ပါးတို့အား စာတွေ့လက်တွေ့သင်ကြားပေးပါသည်ဘုရား။

မြန်မာနိုင်ငံ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်၏ အောက်ဝယ်

"မြန်မာပြည်အထက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် (မုံရွာသုဓမ္မစာရီဗိမာန်)"

"မြန်မာပြည်အလယ်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် (ပျဉ်းမနား မဟာလယ်တီစံကျောင်း)"

"မြန်မာပြည်အောက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် (ရန်ကုန်ပြည်လမ်းလယ်တီမူ)" တို့ကိုဖွဲ့စည်းပြီး "လယ်တီဝိပဿနာ ပြန့်ပွားရေးကို" ရှေးရှုပြီး ကြိုးစားဆောင်ရွက်သာသနာ ပြုကြသဖြင့် အောက်ဖော်ပြပါအတိုင်း အံ့မခန်း တိုးတက်မြင့်မားခဲ့ပါသည်ဘုရား။

## တိုးတက်မှုအခြေပြဇယား

| စဉ် | အဖွဲ့ချုပ် | ဌာန | အကြိမ် | ယောဂီ | ကုန်ကျငွေပေါင်း |
|---|---|---|---|---|---|
| ၁ | အထက် | ၄၇ | ၂၂၂ | ၃၃၃၀၀ | ၁၇၇၆ - သိန်း |
| ၂ | အလယ် | ၁၂ | ၆၁ | ၉၁၅၀ | ၄၈၈ - သိန်း |
| ၃ | အောက် | ၂၀ | ၂၂၀ | ၃၆၃၀၀ | ၂၀၆၆ - သိန်း |
| | | ၇၉ | ၅၀၃ | ၇၈၇၅၀ | ၄၃၃၀ - သိန်း |

ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော်တို့သည် အနန္တကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီး၏ မျိုးဆက်သစ်ဖြစ်တော်မူသော လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူလျှက် "လယ်တီဝိပဿနာ" မြန်မာမှ ကမ္ဘာသို့တိုင်အောင် ပြန့်ပွားရေးအတွက် ထာဝရ ကြိုးစားဆောင်ရွက်ကြပါမည်ဟု ကတိပြုရင်း တပည့်တော်၏လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည်ဘုရား။

နန်းနွယ်
ဒုတိယဥက္ကဋ္ဌ
လယ်တီဝိပဿနာ ပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်
မြန်မာနိုင်ငံ

**ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ**
**အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် (၁)**
**နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်**
**ဩဝါဒါစရိယ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဂုဏာဝိသိဋ္ဌပူဇာ**
**မင်္ဂလာထုတိဝေဒလ္လဂါထာ။**

၁။ ဘဒ္ဒန္တ - ဇာဂရာဘိဝံသော
ဇာဂရာ - ဘိသိရန္တရော
ဘိဝံ - သောဘဂျသမ္ပန္နော
သ - သီဝဘာတိဘာကရော ။

**ဇာဂရာ ဘိသိရိန္တရော** - အဝိဇ္ဇာမှောင်ခွင်းသတ် ဝိဇ္ဇာရောင် အလင်းဓာတ်ဖြင့် မပြတ်ကြိုးစား နိုးကြားတက်ကြွ ဖွဲ့လုံ့လတို့ကြောင့် သာသနာ့ဥသျှောင် သာသနာ့ကျက်သရေဆောင် ဖြစ်တော်မူပေသော **အဘိဝံသော** - ကမ္ဘာအစ ပြဟ္မာကလျှင် မဟာသမ္မတနွယ်ရိုး ကမ္ဘာစိုးခဲ့သည့် မဟာမျိုးမဟာနွယ် စင်ကြယ်မြင့်မြတ် အနွယ်ဇာတ်ရှိတော်မူပေသော၊ **အဘိဝံသော** - ပထမသင်္ဂါယနာတင် ဓုတင်တေရသဘင်၌ တေဒဂ်ထွင်၍ထီး အရှင်မဟာကဿပအရှင်မြတ်ကြီးမှစ၍ သာသနာ့အဆက်အနွယ် စင်ကြယ်မပျက် ဆင်းသက်၍လာသော ကျေးဇူးရှင်

မုံရွာမြို့ မဟာလယ်တီဆရာတော်၊ ပခုက္ကူဆရာတော်၊ ရွှေရေးဆောင် ဆရာတော်၊ သပြေပင်တောရဆရာတော်၊ ကလေးဝဆရာတော်၊ လားရှိုး ဆရာတော်၊ ကုန်းသာရွာ သီရိမင်္ဂလာကျောင်းဆရာတော် စသော သာ သနာ့အဆက်အနွယ် စင်ကြယ်မြင့်မြတ်ပေထသော၊ **အဘိဝံသော-** စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်ပိုင် ဂုဏ်လှိုင်ဝေဆာ ကုန်းသာရွာတွင် တေဇာ ထင်ပေါ် ခမည်းတော် ဦးပေါ်+မယ်တော် ဒေါ်အေးသန့် မိဘနှစ်ပါးတို့ မှ ပေါက်ဖွားဇာနည် ပါရမီဘုန်းဟုန်အမျိုးဂုဏ်မြင့်မြတ် အနွယ်ဇာတ် ရှိတော်မူပေသော၊ **ဘဂျသမ္ဗန္ဓော** - ရန်ကုန်မြို့ နာဂလိုဏ်ဂူ ကလေးဝ တောရစာသင်တိုက်အတွင်း၌ ဝင်းဝင်းထိန်တောက် ရွှေတောင်ပေါက် သလို မိုးဖောက်လုနီး ကျောင်းတိုက်ကြီးတို့ကို ဖန်တီးစီရင် ဘုန်းကံရှင် ဖြစ်တော်မူပေထသော၊ **ဘဒ္ဒန္တဇာဂရာဘိဝံသော** - ရန်ကုန်မြို့ နာဂ လိုဏ်ဂူ ကလေးဝတောရစာသင်တိုက်၊ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက် စသော အနွယ်တော်ဝင်တို့၏ အဓိပတိ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဒွိပိဋကဓရ ဒွိပိဋကကော ဝိဒ မူလအာဘိဓမ္မိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ သာသနာ့ အာဇာနည် မဟာထေရ် အရှင်မြတ်သည်၊

**သသီဝိယစ** - ကမ္ဘာသူ ကမ္ဘာသား ရှင်လူအများတို့ ရှုစားမဝ ရောင်အေးမြသည့် ကမ္ဘာ့တန်ဆာ လစန်းရတနာ ငွေစန္ဒာလမင်းကြီးကဲ့ သို့လည်းကောင်း -

**ဘာကရောဝိယစ** - ကမ္ဘာတိုက်ဘောင်မှ အမိုက်မှောင်ဟူသမျှ ကို မြူမျှမကျန် တွန်းလှန်ပယ်ခွင်း ရှင်နေမင်းကြီးကဲ့သို့လည်းကောင်း၊ **ဘာတိ** - ဤကမ္ဘာအထက်ဗွေမှာ ကြည်သဒ္ဓါ မက်မပြေအောင် ကျက် သရေအလင်းရောင်တို့ဖြင့် ပြောင်ဝင်းတောက်ပတော်မူပါပေ၏။ **ဘာတိ**

-သာသနာထက် ဝေဟင်မှာ တက်နေသွင်လ တစ်နှုန်းကဲ့သို့ တစ်ကမ္ဘာ လုံးထက်ဗွေ သမ္မာဘုန်းလက်ဝေ အသာဆုံးကျက်သရေ အညွှန့်အဖူးတို့ ဖြင့် ကွန့်မြူးစံပယ် တင့်တယ်ထွန်းလင်းတော်မူပါပေသတည်း။

၂။ **အဂ္ဂ** **= ပညော အဂ္ဂလညော၊**
**မဟာ** **= ထေရာ ဂုဏာကရော။**
**ပဏ္ဍိ** **= တော ဂုဏာသမ္ဗန္နော၊**
**တ** **= မင်္ဂေါ်သိ သိရိန္ဒရော။ ။**

**အဂ္ဂပညော** - ဘုရားရှင်ရွှေလက်ထက်က ပညာဘက်တွင် တေဒဂ်ထွင့်ထီး တရားဗိုလ်ချုပ်ကြီး အရှင်သာရိပုတ္တရာ၊ နွယ်လာဂိုဏ်း ဝင် ပညာရှင်ထိပ်သီး မဟာပဏ္ဍိတ်ကြီး ဖြစ်တော်မူပေသော **အဂ္ဂ လညော၊** နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ မင်းတို့က ဝပ်စင်းကော်ရော် ပူဇော်ဆက်သ ဘက်မရနိုင်သည့် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂ သုံးထပ် အမြတ်ခေါင်ထိပ် အောင်တံဆိပ်ရရှိတော်မူသော ဂုဏာကရော နိုင်ငံတော်အစိုးရမင်းတို့က ကျင်းပဆင်နွှဲ တိပိဋကဓရ စာမေးပွဲကြီးတွင် ဝိနည်း၊ သုတ္တန် အဘိဓမ္မာ ရှေ့ပိုင်းတို့၌ မေးလိုက်တိုင်း တွေးမနေဘဲ၊ မေးလေသမျှ ရေးဖြေပြသဖြင့် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ၊ မူလအာဘိ ဓမ္မိက သာသနာ့အာဇာနည် ဂုဏ်ရည်လျှံပ ဂုဏ်ထူးတွေအနန္တ အမှန် ရခဲ့သည့် စံပြထိပ်တင် ဂုဏ်ထူးရှင်ဖြစ်တော်မူသော၊ **ပဏ္ဍိတော** - မြေ ပြင်လောက နေအသွင် ကျော်ဇောလှပေသော သပြေပင်တောရဆရာ တော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိရေးပြောနည်းခေါ် ပါဠိဖတ်စာ (ပ၊ ဒု၊ တ)၊ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူဝိပဿနာ မြတ်

ကျမ်းစာတို့ကို ကမ္ဘာသူ ကမ္ဘာသားအကျိုးများဖို့ ရေးသားစီရင် (ဂန္ထကာရက) ကျမ်းပြုပညာရှင်ဖြစ်သော၊ **ဂုဏသမ္ဘန္နော** - သာသနာတော်အရှည်ခန့်၍ တည်တံ့သန့်ရှင်းပြန့်ပွားရေးဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးမှ ရွေးကောက်တင်မြှောက်သည့် ထွန်းတောက်ထွန်းပေါ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် သာသနာ့ဥဩှာင် ဂုဏ်ရောင်ဝင်းပ ဂုဏ်ပေါင်းခတော်မူပေသော **မဟာထေရော** - ရန်ကုန်မြို့ နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက်ကြီးနှင့်တကွ

၁။ မုံရွာသပြေပင်တောရ

၂။ ဟိုပန်မြို့ မြသိန်းတန်

၃။ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မင်္ဂလာရာမ

၄။ မန္တလေးရွှေရေးဆောင်တိုက်၊ သူဌေးကျောင်း

၅။ လှည်းကူးမြို့၊ မဟာဇေယျမင်း

၆။ ပဲခူးမြို့၊ မဟာဗောဓိ

၇။ မဟာပဒုမဝိနယဓရ

၈။ ချောင်းဦး၊ ကိုင်းဆယ်ရွာဇေယျာရန်နိုင်

၉။ ဗဟန်း၊ ယောဇနာရာမ

၁၀။ သီပေါမြို့၊ ခန္တီရာမ

၁၁။ တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်

၁၂။ ကန့်ဘလူ၊ မဟာရွှေစည်ကြီးစာသင်တိုက်

၁၃။ လှည်းကူးမြို့၊ ရွှေကြာရံ

၁၄။ ပြည်လမ်း၊ လယ်တီဝိပဿနာ

၁၅။ ပဲခူးတိုင်း၊ မဟာကြီးဘုရားကျောင်း

၁၆။ မုံရွာမြို့၊ သာသနာ့ဗိမာန်
၁၇။ မိုးဖြူ၊ လယ်တီရိပ်သာ

စသော ပရိယတ္တိစာသင်တိုက်ကြီးများနှင့် တရားရိပ်သာတို့ကို ဦးစီးရှေ့ဆောင် ဂုဏ်ရောင်ထင်ပေါ် ဆရာတော်ဘဒ္ဒန္တဇာဂရာဘိဝံသ သည်။ **သိရိန္ဓရော** - အာကာသထက်ဝေဟင်မှာ ပမာလတက်နေသွင် လို သာသနာ့ကျက်သရေအစဉ်ကို ဆောင်နိုင်သည်ဖြစ်၍။ **တမဂ္ဂါ** - ပရိယတ်မြင့်ဂုဏ်တွင် ပဋိပတ်ဆင့်ထုံ၍ အကျင့်ဂုဏ်ကမ္ဘာသိအောင် သမာဓိတည်ကြည် ပညာဂုဏ်ရည်ကဲမောက် ရဲရဲတောက်ပါရမီ ကမ္ဘာ ပြည်တစ်ရပ်လုံးတွင် အမြတ်ဆုံးအသာ ဆုံးဖြစ်တော်မူသည်။ **အာသိ**- ကမ္ဘာတိုင်းတခွင် သာသနာ့သမိုင်းအစဉ် ၌ နှိုင်းယှဉ်စရာ မကြုံဘူးအောင် ဂုဏ်ထူးရှင် ဖြစ်တော်မူပါပေသည်။

၃။ **အဂ္ဂ = ဝေဒေါ အဂ္ဂ တေဇော၊**
**မဟာ = လယ်တီနုပါလကော။**
**ကမ္မဋ္ဌာနာ = နုယောဂေါထေရော၊**
**စရိယ = ဂုဏောဟိ ပါကဋော။**

**အဂ္ဂဝေဒေါ** - နိကာယ်ငါးရပ် ပိဋကတ်အဏ္ဏဝါကို ဖန်ခါကူး ခတ် အထူးတတ်သည့် ပိဋကတ္တယဝိဒူ နိကာယပါရဂူ ဖြစ်တော်မူပေ သော။ **အဂ္ဂတေဇော** - လက်ဝဲတော်ရံ ဘွဲ့ထူးခံ၍ မိုးပျံမြေလျှိုး ဈာန် အဘိညာဉ်အမျိုးမျိုးတို့ဖြင့် တန်ခိုးတောက်လျှံ အရှင်မဟာမောဂ္ဂလာန် ၏ မျိုးဆက်မညှိုးပျက်ဘဲ တန်ခိုးထက်တိုးတက်အောင်မြင် မြတ်သော တန်ခိုးရှင်ဖြစ်သော။ **မဟာလယ်တီနုပါလကော** - ကမ္ဘာနယ်ပြည် မဟာလယ်တီဟူ၍ နာမည်ကျော်ဟီး မဟာလယ်တီနိကာယဂိုဏ်းတော်

ကြီး မပျက်စီးမကွယ်ပျောက်ရအောင် အစဉ်စောင့်ရှောက်တော်မူသော။ **ကမ္မဋ္ဌာနာနုယောဂေါ** - သီလ, သမာဓိ, ပညာ သာသနာ၀ယ် ကမ္ဘာ တုန်အောင် သမ္ဘာဂုဏ်ကျော်တည်း လယ်တီဆရာတော်ဘုရားကြီး၏ ကျင့်နည်းအမှန် အသိမြန်သည့် သတိပဋ္ဌာန် အမှတ်တရား မပြတ်ပွား ကာ လယ်တီဝိပဿနာ ဘာဝနာတရားအလုပ် အားထုတ်လေ့ရှိပေသော။ **ထေရော** - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး၏ ဗဟိုအုပ်ချုပ်ရေး အဖွဲ့ ဒု-ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ ဩ၀ါဒါစရိယ၊ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထ၀ါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ၊ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသဆရာတော် ဘုရားသည်။ **စရိယ ဂုဏောဟိ** - အလောင်းတော်မြတ် ဗောဓိသတ်တို့ ကျင့်အပ်စာဂီ အာဇာနည်မျိုးစုံ ပါရမီတန်ခိုးဂုဏ်တို့ကြောင့် **ပါကဋော**- နယူးဇီလန်၊ သီရိလင်္ကာ၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အမေရိကန်၊ ဂျပန်၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အင်္ဂလန်၊ ကိုးရီးယား နိုင်ငံခြားတိုင်းရောက် ထွန်းတောက်ထင်ရှား ကျော်ကြားတော်မူပါပေ သတည်း။

၄။ **ထေရောနေော အဂ္ဂုပါမီဟိ၊**
**ရဋ္ဌိဿရေဟိ ပူဇိတော။**
**မဟာမဟံ မယံ ကုမ္မ၊**
**သာသန ၀ုဒ္ဓိ ကာရဏံ။**

**နောထေရော** - သီလမှာအသာမရှိ သမာဓိမယှဉ်သာ ပညာ

မှာစံမရနိုင်သည့် အနန္တဂုဏ်သခင် တရားချစ်ခင်သူ သူတော်စင်ခေါ် တပည့်တော်တို့၏ ကျေးဇူးရှင် ဂုဏ်အင်ထင်ပေါ် ကမ္ဘာကျော်သည့် ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်ကြီးကို။ **ရဋ္ဌိသာရေဟိ** - တိုင်းရင်းသားညီနောင်စု တည်ထောင်ပြုသည့် ပြည်ထောင်စုသေဋ္ဌနင်း အစိုးရမင်းတို့သည်။

**အဂ္ဂုပါဓီဟိ** - အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂသုံးထပ် မဟာသုံးထပ် မြင့်မြတ်ထင်ပေါ် သာသနာတော်ခေါင်ထိပ် အောင်တံဆိပ်တို့ဖြင့်။ **ပူဇိတော** - ပြည်ထောင်စုတိုင်းရင်းသားအားလုံး ကြည်ညိုမဆုံးနိုင်အောင် ညွတ်ရုံးဦးခိုက် ပူဇော်ထိုက်သည့် မကိုဋ်မှထင်ပေါ် တစ်ဆူကျော်၍ ပူဇော်အပ်ခဲ့ပါပေ၏။ **တသ္မာ** - ထိုသို့လျှင် ကျေးဇူးရှင် နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသအား နိုင်ငံတော်အစိုးရမင်းတို့က ဝပ်စင်းကော်ရော် ပူဇော်ဆက်သ ဖက်မရနိုင်သည့် အဂ္ဂသုံးထပ် မဟာသုံးထပ် တံဆိပ်တော်မြတ် ဆက်ကပ်အပ်သည်ဖြစ်ပါသောကြောင့်။ **မယံ** - သာသနာစက်ရှိန် လက်လက်ထိန်၍ ဂုဏ်သိန်တင့်ရေး ပစ္စည်းလေးဖြင့် အားပေးစောင့်ရှောက် ချီးမြှောက်ရှင်ပျော် တပည့်တော်တို့သည်။ **သာသနဝုဍ္ဎိကာရဏံ**-သာသနာအကျိုးများ၍ တိုးပွားကြောင်းဖြစ်သော။ **မဟာမဟံ**-တစ်သက်မှတစ်ခါကြုံ ရတနာပုံအထူးဆိုက်ပြီမို့ ဖူးထိုက်သူအားလုံး ကြည်ညိုလို့မဆုံးနိုင်အောင် ညွတ်ရုံးဦးခိုက် ပူဇော်ထိုက်သည့် မကိုဋ်မှထွန်းကင် အဂ္ဂဂုဏဝိသိဋ္ဌပူဇော်ပွဲသဘင်နှင့် ဝိသေသနယ်စပ်ဒေသတောင်တန်းဒေသမှ (၅၂၈) ပါး ရှင်ပြုပွဲသဘင်ကြီးကို။ **ကုမ္မ**-ကျေးဇူးရှင်နာဂလိုဏ်ဂူ ကလေးဝဆရာတော် သက်တော်ရာကျော် ရှည်ပါစေကြောင်း အောင်ဆုတောင်းကာ စုပေါင်းကော်ရော် အတူပျော်ကာ ပူဇော်ပြုလုပ်

ကြပါကုန်သည် အရှင်ဘုရား။

**ကုမ္ဘ**-ထူးလှသည့် ဆရာရှင့်ဖူးမဝ ထာဝစဉ်, ဦးချ ပမာတင်, မြှုးကြွ သဒ္ဓါရွှင်, သဒ္ဓါရွှင်ရွှင်, ကြည်လျှံပြီး, ပြည်နိဗ္ဗာန် အတူမြန်းရဖို့, လှူဒါန်း ကျင်းပကြပါကုန်သည် အရှင်ဘုရား။

၅။ **သာသနံ ပါလယံ နိစ္စံ၊**
**ဌာတံ ပရောသတံ သမံ၊**
**ဘာသယံ ဝါစယံ ဓမ္မံ၊**
**ဇယတံ စက္ကမာဝဟံ။ ။**

မဟာထေရ၊ ပြိုင်စံမပေါ် နိုင်ငံတော်မှ ပူဇော်ဆက်သ ဘက်မရ နိုင်သည့် အဂ္ဂသုံးထပ် မဟာသုံးထပ် မြင့်မြတ်ထင်ပေါ် သာသနာတော် ခေါင်ထိပ် အောင်တံဆိပ်တို့ဖြင့် ဂုဏ်ဟိတ်ပါကဋ ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်ဘုရား။ **တုဝံ** - ကမ္ဘာတိုင်းတစ်ခွင် သာသနာသမိုင်းအစဉ်၌ နှိုင်းယှဉ်စရာ မကြုံဖူးအောင် ဂုဏ်ထူးတွေအနန္တ အမှန်ရခဲ့သည့် သံဃာ့ ဥသျှောင် သာသနာ့ကျက်သရေဆောင် ဂုဏ်ရောင်ထင်ရှား အရှင်ဘုရား သည်။ **သာသနံ**-ပထမသင်္ဂါယနာတင် အရှင်မဟာကဿပ မဟာထေရ်၏ အစတည်၍ ပြည်ပုဂံမှာ ထေရ်အရဟံ အခြေချခဲ့သည့် ထေရဝါဒ မြတ်ဗုဒ္ဓသာသနာကို။ **ပါလယံ ပါလယန္တော** - ကမ္ဘာမှာ သာသနာခရီး ရောက်အောင် ချီးမြှောက်စောင့်ရှောက်တော်မူလျှက်။ **ပရောသတံသမံ** - သက်တော် (၉၆) နှစ် ရွှယ်တော်ခေတ်တွင် ပျိုမျစ်နုနယ် ယခုအရွယ် မှ အံ့ဖွယ်တစ်ခေတ် တစ်ဖန်သစ်၍ အနှစ်တစ်ရာကျော် အခါတော်ပတ် လုံးသာလျှင်။ **နိစ္စံ** - အရွယ်တော်မအို နုပျိုသထက် နုပျိုပြီး ယခုလို အမြဲတမ်းသာလျှင်။

**ဠာတံ ဠာတု** - ကမ္ဘာ့လူထု သာသနာပြုကာ အနုဂ္ဂဟ်ဒ္ဓာ ထေရ်မဟာနှင့် အနာမဲ့သူ ရှင်ဗာကူတို့လို ရာပြုသက်တန်း ကျော်ကာလွန်မြီး အေးချမ်းရွှင်ပျော် သက်တော်ရာကျော် ရှည်ပါစေသတည်း။

**ဓမ္မံ** - နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အလုံးစုံကို။ **ဝါစယံ ဝါစယန္တော** - ပိဋကတ်နှစ်အဆီကို အသိဓာတ်သစ်ညီ၍ ခေတ်မီမီသဘောကျအောင် ဟောပြပို့ချတော်မူ၍။ **ဓမ္မံ** - ကမ္ဘာအလီလီ နယ်ပြည်ကျော်ကြား မဟာလယ်တီဆရာတော်ဘုရား ရေးသားပြုစု လယ်တီဒီပနီကျမ်းစာဟုခေါ် တရားဒေသနာတော်ကို။ **ဘာသယံ ဘာသယန္တော** - လယ်တီဝိပဿနာ ကမ္ဘာမှာအရှည်ခန့်၍ တည်တံ့သန့်ရှင်း ပြန့်ပွားခြင်းကို ပြည်တွင်းပြည်ပ မကျန်ရအောင် ဟောပြတော်မူပြီးလျှင်။ **စက္ကမာဝဟံ** - အမျိုးဘာသာ သာသနာနှင့် ကမ္ဘာသူ ကမ္ဘာသား အကျိုးများကို လိုလားနှစ်သက်ဆောင်ရွက်နိုင်သည်ဖြစ်၍။ **ဇာယတံ ဇာယတု** - လူနတ်နူမော်သာခုခေါ် လျှက် ရည်မျှော်သည့်တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြီးမြောက်သိဒ္ဓိပေါက် အောင်မြင်ပါစေသတည်း။ **ဇယတု** - သာသနာ့ဗိုလ်ချုပ်ခေါင်းဆောင်လုပ်၍ တိုက်ထုတ်ရန်သူ အောင်လံထူကာ ဇမ္ဗူခေါင်ထိပ်အောင်တံဆိပ်တို့ဖြင့် အောင်သိသိက်ပန်ဆင် အမှန်ပင် အောင်မြင်ပါစေသတည်း။ ။

ရေးသားဂုဏ်ပြုသူ
အရှင်ပညာသိရီဘိဝံသ
သကျသီဟ နှင့် အစိုးရဓမ္မာစရိယ
ပါဠိပါရဂူ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ စုဒ္ဒသမအကြိမ် အစည်းအဝေးတွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကလေးဝတောရဆရာတော် မိန့်ကြားသည့် အဖွင့်သြဝါဒကထာ

ယနေ့အစည်းအဝေးသို့ ပြည်နယ်/တိုင်းအသီးသီးက ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော်များ၊ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်းနဲ့ ဆက်နွယ်နေတဲ့ ဌာနဆိုင်ရာတာဝန်ရှိအကြီးအကဲများ စုံစုံညီညီ တက်ရောက်လာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို များပြားလှတဲ့ တာဝန်တွေကြားက အချိန်ပေးပြီး စည်းဝေးညီမူလာကြတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ကြီးကို ၁၉၉၅ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒီကနေ့ထိဆိုရင် အဖွဲ့ကြီးရဲ့သက်တမ်းဟာ (၁၂) နှစ်ရှိပါပြီ။ ဒီကာလအတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့ဟာ ပုံမှန်အစည်းအဝေး (၁၃)ကြိမ်နဲ့ အထူးအစည်းအဝေး (၁) ကြိမ် စုစုပေါင်း (၁၄) ကြိမ် ကျင်းပပြီးခဲ့ပါပြီ။ ဒီကနေ့ အစည်းအဝေးကြီးကတော့ (၁၅) ကြိမ်မြောက် ကျင်းပတာဖြစ်ပါတယ်။

ယခင် ကျင်းပပြီးစီးခဲ့တဲ့ အစည်းအဝေးကြီးများမှာ ဆရာတော်သံဃာတော်များ၊ သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိကြသူများ ပူးပေါင်းညှိနှိုင်းလို့၊ ဆွေးနွေးအကြံပြုလို့ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးလုပ်ငန်း ပိုမိုတိုးတက်လာအောင် စည်းမျဉ်းစည်းကမ်း မူဝါဒတွေ

နဲ့ ညီညွတ်မှုရှိအောင် လိမ္မာယဉ်ကျေးပြီး စာပေတတ်မြောက်ကျွမ်းကျင်တဲ့ ကျောင်းသား/ကျောင်းသူကလေးတွေ ထွက်ပေါ်လာအောင် ပညာရေးအဟောသိကံမဖြစ်စေဘဲ လူတိုင်း စာပေသင်ယူခွင့်ရရှိအောင် အစရှိတဲ့ ပရဟိတအများအကျိုးပြုရည်ရွယ်ချက်တွေနဲ့ ဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် (၁၂) နှစ်တာကာလအတွင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ စာပေသင်ယူတတ်မြောက်သွားကြတဲ့ နှစ်စဉ်အလိုက် တန်းစဉ်အလိုက် ကျောင်းသားကျောင်းသူပေါင်း (၁၆၆၅၂၄) တစ်သန်းခြောက်သိန်းခြောက်သောင်းငါးထောင်ငါးရာနှစ်ဆယ့်လေးယောက် ရှိခဲ့ပါပြီ။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ရောက်လာကြတဲ့ကလေးတွေဟာ အမှန်တကယ်ချို့တဲ့နွမ်းပါးကြသူကလေးတွေဖြစ်ပါတယ်။ အစားအသောက်၊ အဝတ်အထည်၊ စာရေးကိရိယာ မပြည့်စုံရှာကြတဲ့ ကလေးတွေများပါတယ်။ လွယ်အိတ်အဟောင်းအနွမ်းလေးတွေထဲမှာ ဗလာစာအုပ်နှစ်အုပ်သုံးအုပ်လောက် ခဲတံတစ်ချောင်းလောက်နဲ့ ကျောင်းလာတက်ကြတဲ့ကလေးတွေကို ဆရာဘုန်းတော်ကြီးက ဖတ်စာအုပ်တွေ ရေးစရာစာအုပ်တွေ ပေတံ၊ ခဲဖျက် စတဲ့ စာရေးကိရိယာလေးတွေ ဖြည့်ဆည်းပေးကြပါတယ်။ နေ့လည် မုန့်စားဆင်းတဲ့အခါ ထမင်းချိုင့်ပါမလာတဲ့ ကလေးတွေကိုလည်း ကျောင်းထမင်း၊ ကျောင်းဟင်း ကျွေးကြပါတယ်။ အဝတ်အထည်နွမ်းပါးသူတွေအတွက် အဝတ်အထည်လေးတွေကိုလည်း ပေးကြပါတယ်။ ဒါတွေဟာ ယခုကြုံတွေ့နေရတဲ့အခြေအနေတွေပါ။ ဒါ့ကြောင့်လည်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ဗလာစာအုပ်၊ သင်ထောက်ကူပစ္စည်းများ၊ အဝတ်အထည်များကို အလျဉ်းသင့်သလို လှူဒါန်းပေးနေတာတွေ့ရလို့ ဝမ်းသာရပါတယ်။

နိုင်ငံတော်အတွင်း ကျေးလက်ဒေသတိုင်းမှာ အခြေခံပညာကျောင်းတွေ မဖွင့်နိုင်သေးပါဘူး။ ကျေးရွာတိုင်းမှာ ဘုန်းတော်ကြီးကျောင်းတွေရှိပါတယ်။ ဘုန်းတော်ကြီးကျောင်းတွေက စာသင်ကြားပေးနိုင်ရင် အဲဒီရွာမှာရှိတဲ့ ကလေးတွေ စာပေသင်ယူခွင့်ရကြပြီး အသိဉာဏ်ဖွံ့ဖြိုးလာနိုင်မယ်။ ဗုဒ္ဓမြတ်စွာ သာသနာတော်ဆိုင်ရာ အဆုံးအမတွေကို သိရှိနားလည်ကြပြီး သာသနာတော်ကို ကြည်ညိုလာကြမယ်။ တိုင်းပြည်အတွက် သာသာနာတော်အတွက် အကျိုးရှိမယ်။ အဲဒီအခြေအနေတွေကြောင့် ခေတ်အဆက်ဆက်အစိုးရမင်းများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေကို ဖွင့်လှစ်ခွင့်ပြုခဲ့ကြပါတယ်။

ဆရာတော်များက ကလေးငယ်တွေရဲ့ အခြေအနေအရ ပညာရေးကိုသာမကဘဲ စားဝတ်နေရေးအထိ တတ်နိုင်သမျှ စောင့်ရှောက်ပေးနေကြတာကို တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီတဲ့အနေနဲ့ သတ်မှတ်စည်းကမ်းနဲ့ ညီညွတ်တဲ့ ကျောင်းတွေကို ပရဟိတကျောင်းများအဖြစ် အသိအမှတ်ပြုပေးခဲ့တဲ့ လူမှုဝန်ထမ်းဦးစီးဌာနကိုလည်း ကျောင်းအုပ်ဆရာတော်များကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျောင်းအုပ်ဘုန်းတော်ကြီးဟာ ကိုယ့်ရွာကိုယ့်ဒေသမှာနေကြတဲ့ ဒကာ၊ ဒကာမတွေ ကြည်ညိုလေးစားကြရတဲ့ ဘာသာရေးခေါင်းဆောင်တွေပါပဲ။ ဒကာ၊ ဒကာမတွေရဲ့ စီးပွားရေး၊ လူမှုရေး အခြေအနေတွေကို လက်တွေ့သိမြင်ကြသူတွေဖြစ်တဲ့အလျောက် ကလေးငယ်တွေအပေါ် မေတ္တာအပြည့်နဲ့ ကူညီစောင့်ရှောက်နေကြသလို ပညာရေးမှာလည်း မူလတန်းပြီးဆုံးလို့ အခြေခံပညာကျောင်းများသို့ ဆက်မသွားနိုင်တဲ့ ကျောင်းသားတွေကို ပညာဆက်လက်သင်ကြားပေးချင်တဲ့စေတနာနဲ့ အလယ်တန်းအဆင့်ထိ သင်ခွင့်တောင်းဆိုလာကြလာတဲ့အတွက် အခုဆို

ရင် နိုင်ငံတော်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို မူလတန်းလွန်အထိ တိုးပြီးခွင့်ပြုထားပြီးဖြစ်ပါတယ်။

ခေတ်စနစ်နဲ့အညီ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်အောင် ကြိုးစားနေတဲ့အချိန်မှာ အခြေအနေရ ခွင့်ပြုနိုင်သလောက် အတိုင်းအတာလေးကိုပဲ ကျေနပ်တော်မူကြပါ။ အကောင်းဆုံးသော အောင်မြင်မှုတွေရအောင် ဆောင်ရွက်တော်မူကြပါ။ အခြေအနေအရ ခွင့်မပြုနိုင်သေးတာကိုလည်း နားလည်သည်းခံကြပါလို့ ပြည်နယ်/တိုင်း ဗဟိုကြီးကြပ်ရေးဆရာတော်များကို တပည့်တော် မေတ္တာရပ်ခံပါတယ်။ ဆရာတော်များအနေနဲ့ မိမိကြီးကြပ်ရတဲ့ မြို့နယ်အသီးသီးက ကျောင်းအုပ်ဆရာတော်များကို လက်ရှိအခြေအနေအတိုင်း အောင်မြင်မှုအရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ကြဖို့ တိုက်တွန်းပေးကြပါလို့ လျှောက်ထားလိုပါတယ်ဘုရား။

ဒီကနေ့အစည်းအဝေးမှာလည်း ဘုန်းတော်ကြီးကျောင်းပညာရေးလုပ်ငန်း အကျိုးရှိမည့်၊ တိုးတက်မည့်၊ စိတ်ချမ်းချမ်းသာသာနဲ့ အဆင်ပြေပြေ လုပ်ငန်းဆောင်ရွက်နိုင်မည့် အခြေအနေမျိုး ပေါ်ထွက်လာအောင် ဂရုဏာစေတနာအပြည့်အဝနဲ့ ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်ဘုရား။

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ စုဒ္ဒသမအကြိမ်အစည်းအဝေးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌကလေးဝဆရာတော် မြွက်ကြားသည့် နိဂုံးချုပ် ဩဝါဒကထာ

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့၊ စုဒ္ဒသမအကြိမ် အစည်းအဝေးကြီး အောင်မြင်ပါပြီ။ ဘုန်းတော်ကြီးကျောင်းပညာရေးလုပ်ငန်းကို စိတ်ပါဝင်စားစွာ အားကြိုးမာန်တက် ဆောင်ရွက်နေကြတဲ့ကျောင်းအုပ်ဆရာတော်များ၊ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ပြေလည်အောင် တာဝန်ခံဆွေးနွေးကြတဲ့ပြည်နယ်၊ တိုင်းအသီးသီးက ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော်များ၊ ကိုယ်နဲ့ သက်ဆိုင်တဲ့အပိုင်းမှာ လိုအပ်တာတွေ ဖြည့်ဆည်းပံ့ပိုးပေးတဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူများကို အထူးပဲ ကျေးဇူးတင်ပါတယ်။ အဖွင့်တုန်းကပြောခဲ့သလို ဘ/က ပညာရေးလုပ်ငန်းဟာ သာသနာတော်အကျိုးပြု၊ နိုင်ငံအကျိုးပြုလုပ်ငန်းဖြစ်ပါတယ်။

ဒီတော့ သင်ကြားရေးကို ကူညီပံ့ပိုးတဲ့ ပညာရေးဝန်ကြီးဌာန၊ မိမိတို့မူလတာဝန်အပြင် မြို့နယ်သာသနာရေးမှူးများအဖြစ် ပူးတွဲတာဝန်ယူပေးတဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ နယ်စပ်နှင့် တောင်တန်းဒေသတွေမှာ ဗုဒ္ဓသာသနိက အဆောက်အဦးတွေ ပေါ်ထွန်းလာအောင် ကူညီပံ့ပိုးပေးနေတဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ မိဘမဲ့ ချို့တဲ့နွမ်းပါးသောကလေးများကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ကျောင်းတွေကို ပရဟိတကျောင်းများအဖြစ် အသိအမှတ်ပြုပြီး ထောက်ပံ့ကူညီနေတဲ့ လူမှုဝန်ထမ်းဌာန၊

အဲဒီဌာနတွေက တာဝန်ခံပုဂ္ဂိုလ်များကလည်း "တို့ဟာ မြတ်စွာဘုရား သာသနာတော်ကြီးထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ခွင့်ရကြတဲ့ အတွက် ကောင်းမှု၏အရာဖြစ်သော ပေးလှူခြင်း (ပုညဝိသယဒါန)၊ ကြီး မြတ်သူကယ်ရွယ်သူအား ချီးမြှောက်ခြင်း (အနုဂ္ဂဟဒါန)၊ ကုသိုလ်တွေကို နေ့စဉ်ရနေကြပါကလားလို့" သတိမှတ်ပြီး ကြည်နူးပီတိပွားကြဇေဖို့ တိုက်တွန်းလိုပါတယ်။

ဒီကနေ့ ညှိနှိုင်းဆွေးနွေးမှုတို့ကနေပြီးတော့ ထွက်ပေါ်လာတဲ့ ဆုံး ဖြတ်ချက်တွေကို အကောင်အထည်ဖော်တဲ့အခါ ဆရာဒကာ ညီညွတ်စွာ ဖြင့် စေတနာရှေ့ထားပြီး ဆောင်ရွက်ကြမယ်ဆိုရင် အခက်အခဲတွေ ပြေလည်သွားရမယ်လို့ ယုံကြည်ပါကြောင်းနဲ့ ရေများတဲ့အရပ်မှာ မထူး ခြားပေမယ့် ရေရှားတဲ့အရပ်မှာ ရွာတဲ့မိုးဟာ တန်ဖိုးအလွန်ကြီးပါကြောင်း ပြောကြားရင်း ဘုန်းတော်ကြီးကျောင်းပညာရေးလုပ်ငန်းကို မေတ္တာ စေတနာအရင်းခံလို့ သူတော်ကောင်းစိတ်အပြည့်နဲ့ စောင့်ရှောက်ကြတဲ့ သူတော်ကောင်းများအတွက်

**ပရတ္ထ သမ္ဘာ ဒနတော၊ ပုညေနာဝိ ဂတေနဟံ**

**ပရတ္ထ သမ္ဘာ ဒနတော၊ ဘဝေယျံ ဇာတိ ဇာတိယံ**

ဆိုတဲ့ ဆန်းကျမ်းဆရာတော်၏ နိဂုံးဆုတောင်းအတိုင်း ယခုဘဝ အမျိုးဘာသာ၊ သာသနာအကျိုး ပြည်ထောင်စုဖွားတိုင်းရင်းသားရင်သွေး ငယ်တို့၏ စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ တိုးပွားအောင် ဆောင်ရွက် ရသောကုသိုလ်ကြောင့် ဘဝဆက်တိုင်း အများကောင်းကျိုး တိုးပွား အောင် ဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေ၊ ဖြစ်ကြရပါလို၏ ဟု တောင်း ဆုပတ္တနာပြုရင်း နိဂုံးချုပ်ပါတယ်။

လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း

အောင်သပြေစွယ်တော် ကမ္မဋ္ဌာန်းကျောင်းတိုက်



# လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယသင်တန်း



အောင်သပြေခွယ်တော် ကမ္မဋ္ဌာန်းကျောင်းတိုက်(တောင်ကြီးမြို့)

# ရတနသုတ္တ ပဏာမ

**ဇာဂရာဘိ ဇာဂရန္တံ၊**
**ဇာဂရတ္တာယ ဝါစကံ။**
**ဇာဂရံ ဇာဂရာဘိဝံသံ၊**
**ဇာဂရတ္ထံ နမေ အဟံ။ ။**

အဟံ- ဆရာ့နှုတ်ဖွား ရှင်နိုးကြားဟု မှည့်ထားသမုတ် "ဇာဂရ" ဟူသော အကျွန်ုပ်သည်။ ဇာဂရတ္တာယ- မိုက်မဲစွာလှ မှောင်ကြီးကျ၍ မောဟပျော်မှိန်း တဖိန်းဖိန်းဖြင့် အိပ်ပျော်ခြင်းကင်း နိုးကြားစေခြင်းငှါ၊ ဝါ၊ နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားထုတ်စေခြင်းငှါ။ ဝါစကေ- သနားခြင်း ကရုဏာအရင်းခံ ဒေသနာတော် ဉာဏ်ကွန့်မြူးလျှက် အထူး သိမြင် ဟောကြားတော်မူတတ်ပါကုန်သော။ ဇာဂရာဘိ ဇာဂရန္တေ- အစိုးတရ ပိုင်သနိုင်နင်း ကျွန္ဒြေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်ကြသူတို့ထက် အလွန်အကြူး အထူးမြင့်မြတ် နိုးကြားတော်မူပြီး နိုးကြားစေတော်မူတတ်ကုန်သော ဘုရား ရှင်တို့ကိုလည်းကောင်း။ ဇာဂရံ- အစိုးတရ ပိုင်သနိုင်နင်း ကျွန္ဒြေငါးပါး ပွားများ၍ နိုးကြားစေကြောင်း ကောင်းမြတ်သော တရားတော်ကိုလည်း ကောင်း။ ဇာဂရာဘိဝံသံ- အသိအလိမ္မာ ဉာဏ်ပညာဟု ဝိဇ္ဇာဉာဏ် အလင်းရောင်ဖြင့် နိုးကြားတော်မူခဲ့ကုန်ပြီးသော ဘုရားမြတ်စွာ ပစ္စေကာ နှင့် အရိယာအပေါင်း သူတော်ကောင်းဟူသော မြင့်မြတ်ထင်ပေါ် မြတ်သော အနွယ်တော်ဝင် အရှင်သံဃာတော်ကိုလည်းကောင်း။ ဝါ၊ စံညာဂုနန် ဆင့်ရန်တတွေ့ သူဥ သုပဏ် ရှစ်တန်ထေရ်မော် ကျွန်းလုံးကျော်တို့ နွယ်တော်မပျက် ဆင်းသက်၍လာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်၊ ပခုက္ကူ ဆရာတော်၊ ရွှေရေးဆောင်ဆရာတော်၊ သပြေပင်တောရဆရာတော်၊ ကလေးဝဆရာတော်၊ လားရှိုးဆရာတော်၊ ကုန်းသာရွာသိရီမင်္ဂလာကျောင်း ဆရာတော် စသော မဟာထေရ်မြတ် အပေါင်းကိုလည်းကောင်း။ ဇာဂရတ္ထံ- ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ငြား ငါးပါးနီဝရဏ အိပ်မောကျ လွတ်ကင်း၍ အစိုးတရ ပိုင်သနိုင်နင်း ကျွန္ဒြေငါးပါး ပွားများခြင်း တို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်နိုင် ခြင်းကျိုးငှါ။ နမေ- ခြေလက်နဖူး တတောင်ဒူးဟု ငါးဦးတည်ရိုး ကော်ရော် မျိုးဖြင့် နှိမ်ချိုးဦးချ ကန်တော့ရှိခိုးပါ၏ ဘုရား။

"Wherever the Buddha's teachings have flourished,
either in cities or countrysides,
people would gain inconceivable benefits.
The land and people would be enveloped in peace.
The sun and moon will shine clear and bright.
Wind and rain would appear accordingly,
and there will be no disasters.
Nations would be prosperous
and there would be no use for soldiers or weapons.
People would abide by morality and accord with laws.
They would be courteous and humble,
and everyone would be content without injustices.
There would be no thefts or violence.
The strong would not dominate the weak
and everyone would get their fair share."

**※ THE BUDDHA SPEAKS OF
THE INFINITE LIFE SUTRA OF
ADORNMENT, PURITY, EQUALITY
AND ENLIGHTENMENT OF
THE MAHAYANA SCHOOL ※**

With bad advisors forever left behind,
From paths of evil he departs for eternity,
Soon to see the Buddha of Limitless Light
And perfect Samantabhadra's Supreme Vows.

The supreme and endless blessings
of Samantabhadra's deeds,
I now universally transfer.
May every living being, drowning and adrift,
Soon return to the Pure Land of Limitless Light!

**✻ The Vows of Samantabhadra ✻**

I vow that when my life approaches its end,
All obstructions will be swept away;
I will see Amitabha Buddha,
And be born in His Western Pure Land of
Ultimate Bliss and Peace.

When reborn in the Western Pure Land,
I will perfect and completely fulfill
Without exception these Great Vows,
To delight and benefit all beings.

**✻ The Vows of Samantabhadra Avatamsaka Sutra ✻**

# DEDICATION OF MERIT

May the merit and virtue
accrued from this work
adorn Amitabha Buddha's Pure Land,
repay the four great kindnesses above,
and relieve the suffering of
those on the three paths below.
May those who see or hear of these efforts
generate Bodhi-mind,
spend their lives devoted to the Buddha Dharma,
and finally be reborn together in
the Land of Ultimate Bliss.
Homage to Amita Buddha!

**NAMO AMITABHA**

**南無阿彌陀佛**

《緬甸文：LALTI VIPASSANA 內觀禪修 第八冊》

財團法人佛陀教育基金會 印贈

台北市杭州南路一段五十五號十一樓

Printed and donated for free distribution by

**The Corporate Body of the Buddha Educational Foundation**

11F., 55 Hang Chow South Road Sec 1, Taipei, Taiwan, R.O.C.

Tel: 886-2-23951198 , Fax: 886-2-23913415

Email: overseas@budaedu.org

Website:http://www.budaedu.org

**This book is strictly for free distribution, it is not for sale.**

ဓမ္မစာအုပ်များကိုအခမဲ့ ပေးလှူသည်ဖြစ်၍ရောင်း ဝယ်ခြင်းမပြုရ။

Printed in Taiwan

3,000 copies; June 2010

BU218 - 8618